ပညာရွှေတောင်

# ရင်ကိုအေးမြစေသား

| ၁၃၆၁ |

## ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)



၁၃၆၁-ခုနှစ်အတွင်း (၇) ရက်သားသမီးများအတွက်
ဆောင်ရန်၊ရှောင်ရန် အကြံပြုချက်များ

နှင့်

၁၃၆၁-ခုနှစ်အတွင်းမွေးဖွားလာမည့် သားသမီးရတနာများအတွက်
အကောင်းဆုံးနာမည်ရွေးချယ်ခြင်းများနှင့်
ဆင်ခြင်ဖွယ်ရာများ

ဒို့တာဝန်အရေးသုံးပါး -

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
ရပ်ရွာအေးချမ်းသာယာရေး ဝိုင်းဝန်းကူညီစောင့်ထိန်းပေး
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် ၅၉၁/၉၉(၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၂၈၉/၉၉(၆)

အုပ်ရေ ၁၀၀၀

ပထမအကြိမ် ၊ ၁၉၉၉ခု ဇွန်လ

မျက်နှာဖုံးနှင့်အတွင်းစာသားပုံနှိပ်

ဦးဝင်းအောင်

သန်းထိုက်ရတနာအော့ဖ်ဆက်

(၀၅၁၃၁)

၈၄၊ လမ်း၅၀၊ ပုဇွန်တောင်

ထုတ်ဝေသူ

ဦးကြည်ဝင်း(ဝင်းစာပေ)

(၀၁၀၂၉)

၂၁၊ ဒါနလမ်း၊ သာယာကုန်း

မင်္ဂလာတောင်ညွန့်၊ရန်ကုန်။

ကွန်ပျူတာ

ကိုတိုးရီ

ရွှေကွင်းဆက်

ဖလင်

ဖူဂျီကိုအော့ဖ်ဆက်ဖလင်

၁၃၅၊ ၄၈လမ်း(ထက်) ရန်ကုန်။

အဖုံးဒီဇိုင်း

ကိုအောင်သန်းဦး

စီစဉ်သူ

ကိုအောင်မြတ်

ဖြန့်ချိရေး

ပညာရွှေတောင်စာအုပ်တိုက်

၁၀၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်။

ဖုန်း–၀၁–၇၀၀၆၂၅

တန်ဖိုး ၄၅၀ကျပ်

# ကန်တော့ပန်း

အသက်ရှင်သမျှ ကာလပတ်လုံးမှသည် နောက်ဆုံး
ထွက်သက်အထိ မာတာမိခင် ကျေးဇူးရှင်ကြီး ဒေါ်ငွေသိန်း၏
ခြေအစုံကို ဦးခေါင်းဖြင့် ထာဝရ ရှိခိုးပါ၏။
၇-ရက် သားသမီးများအား ဤစာအုပ်ငယ်ဖြင့်
ပညာပါရမီဖြည့်လိုက်ရခြင်းသည်ဆပ်၍မကုန်နိုင်သောမိခင်ကြီး၏
မေတ္တာတော် ကျေးဇူးအနန္တတို့ကိုသမုဒ္ဒရာပြင်ထက် ရေတစ်ပွင့်မျှ
တုန့်ပြန်လိုက်ရသည် မည်ပါစေသတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

လူတို့သည်

လောဘကို ဆုပ်ကိုင်လိုက်သည့်အခါ
စည်းစိမ်ချမ်းသာတို့ လက်လွှတ်သွား၏။

ဒေါသကို ဆုပ်ကိုင်လိုက်သည့်အခါ
သစ္စာတရားတို့လက်လွှတ်သွား၏။

မောဟကို ဆုပ်ကိုင်လိုက်သည့်အခါ
အကျင့်သီလတို့ လက်လွှတ်သွား၏။

ထို့အခါ
မမြင်သော တရားတို့
မြင်လေတော့သတည်း။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေး မြစေသား)

ထူးထူးအောင်
၂၄/၉/၇၇
မန္တလေး

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
အမှတ် ၇၅၂၊ ကုန်းဘောင်၁၀လမ်း
၆ ရပ်ကွက်၊ တောင်ဥက္ကလာပ
ရန်ကုန်။

ဆရာဦးမောင်မောင်သန်း
( ရင်ကိုအေးမြစေသား )

# ရင်ကိုအေးမြစေသား ၁၃၆၁

ပညာရွှေတောင်စာပေ၊
အမှတ်(၉၀) ပန်းဆိုးတန်းလမ်း၊
ဗဟိုတရားရုံးရှေ့၊ ရန်ကုန်မြို့။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်းအဖွင့်စကား | |
| ၂။ | ဟောစာတန်းကြည့်နည်းလမ်းညွှန် | ၁ |
| ၃။ | ၁၃၆၁ ခုနှစ်ဖွား ကလေးများအတွက်ဟောစာတမ်း | ၇ |
| | (က) တနင်္ဂနွေသားသမီး | ၇ |
| | (ခ) တနင်္လာသားသမီး | ၉ |
| | (ဂ) အင်္ဂါသားသမီး | ၁၁ |
| | (ဃ) ဗုဒ္ဓဟူးသားသမီး | ၁၃ |
| | (င) ကြာသပတေးသားသမီး | ၁၅ |
| | (စ) သောကြာသားသမီး | ၁၇ |
| | (ဆ) စနေသားသမီး | ၁၉ |
| | (ဇ) ရာဟုသားသမီး | ၂၁ |
| ၄။ | ၁၃၆၁ ခုနှစ် တနင်္ဂနွေသားသမီးများအတွက် ဟောစာတမ်း | ၂၃ |
| | (က) ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈ ၁၃၃၆, ၁၃၄၄ ခုနှစ်မွေးဖွားသော တနင်္ဂနွေသားသမီးများအတွက် | ၂၃ |
| | (ခ) ၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉ ၁၃၃၇, ၁၃၄၅ ခုနှစ်မွေးဖွားသော တနင်္ဂနွေသားသမီးများအတွက် | ၂၉ |
| | (ဂ) ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀ ၁၃၃၈, ၁၃၄၆ ခုနှစ်မွေးဖွားသော တနင်္ဂနွေသားသမီးများအတွက် | ၃၅ |
| | (ဂ) ၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁ ၁၃၃၉, ၁၃၄၇ ခုနှစ်မွေးဖွားသော တနင်္ဂနွေသားသမီးများအတွက် | ၄၁ |
| | (ဃ) ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂ ၁၃၄၀, ၁၃၄၈ ခုနှစ်မွေးဖွားသော တနင်္ဂနွေသားသမီးများအတွက် | ၄၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (င) ၁၃၀၁. ၁၃၀၉. ၁၃၁၇. ၁၃၂၅. ၁၃၃၃ ၁၃၄၁. ၁၃၄၉ ခုနှစ်မွေးဖွားသော တနင်္ဂနွေသားသမီးများအတွက် | ၅၃ |
| | (စ) ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄ ၁၃၄၂, ၁၃၅၀ ခုနှစ်မွေးဖွားသော တနင်္ဂနွေသားသမီးများအတွက် | ၅၉ |
| | (ဆ) ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅ ၁၃၄၃, ၁၃၅၁ ခုနှစ်မွေးဖွားသော တနင်္ဂနွေသားသမီးများအတွက် | ၆၅ |
| ၂။ | ၁၃၆၁ ခုနှစ် တနင်္လာသားသမီးများအတွက် ဟောစာတမ်း | ၇၁ |
| | (က) ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈ ၁၃၃၆, ၁၃၄၄ ခုနှစ်မွေးဖွားသော တနင်္လာသားသမီးများအတွက် | ၇၁ |
| | (ခ) ၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉ ၁၃၃၇, ၁၃၄၅ ခုနှစ်မွေးဖွားသော တနင်္လာသားသမီးများအတွက် | ၇၇ |
| | (ဂ) ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀ ၁၃၃၈, ၁၃၄၆ ခုနှစ်မွေးဖွားသော တနင်္လာသားသမီးများအတွက် | ၈၃ |
| | (ဂ) ၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁ ၁၃၃၉, ၁၃၄၇ ခုနှစ်မွေးဖွားသော တနင်္လာသားသမီးများအတွက် | ၈၉ |
| | (ဃ) ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂ ၁၃၄၀, ၁၃၄၈ ခုနှစ်မွေးဖွားသော တနင်္လာသားသမီးများအတွက် | ၉၅ |
| | (င) ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃ ၁၃၄၁, ၁၃၄၉ ခုနှစ်မွေးဖွားသော တနင်္လာသားသမီးများအတွက် | ၁၀၁ |
| | (စ) ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄ ၁၃၄၂, ၁၃၅၀ ခုနှစ်မွေးဖွားသော တနင်္လာသားသမီးများအတွက် | ၁၀၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (ဆ) ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅ ၁၃၄၃, ၁၃၅၁ ခုနှစ်မွေးဖွားသော တနင်္လာသားသမီးများအတွက် | ၁၁၃ |
| ၆။ | ၁၃၆၁ ခုနှစ် အင်္ဂါသားသမီးများအတွက် ဟောစာတမ်း | ၁၁၉ |
| | (က) ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈ ၁၃၃၆, ၁၃၄၄ ခုနှစ်မွေးဖွားသော အင်္ဂါသားသမီးများအတွက် | ၁၁၉ |
| | (ခ) ၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉ ၁၃၃၇, ၁၃၄၅ ခုနှစ်မွေးဖွားသော အင်္ဂါသားသမီးများအတွက် | ၁၂၅ |
| | (ဂ) ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀ ၁၃၃၈, ၁၃၄၆ ခုနှစ်မွေးဖွားသော အင်္ဂါသားသမီးများအတွက် | ၁၃၁ |
| | (ဂ) ၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁ ၁၃၃၉, ၁၃၄၇ ခုနှစ်မွေးဖွားသော အင်္ဂါသားသမီးများအတွက် | ၁၃၇ |
| | (ဃ) ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂ ၁၃၄၀, ၁၃၄၈ ခုနှစ်မွေးဖွားသော အင်္ဂါသားသမီးများအတွက် | ၁၄၃ |
| | (င) ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃ ၁၃၄၁, ၁၃၄၉ ခုနှစ်မွေးဖွားသော အင်္ဂါသားသမီးများအတွက် | ၁၄၉ |
| | (စ) ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄ ၁၃၄၂, ၁၃၅၀ ခုနှစ်မွေးဖွားသော အင်္ဂါသားသမီးများအတွက် | ၁၅၅ |
| | (ဆ) ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅ ၁၃၄၃, ၁၃၅၁ ခုနှစ်မွေးဖွားသော အင်္ဂါသားသမီးများအတွက် | ၁၆၁ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | ၁၃၆၁ ခုနှစ် ဗုဒ္ဓဟူးသားသမီးများအတွက် ဟောစာတမ်း | ၁၆၇ |
| | (က) ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ်မွေးဖွားသော ဗုဒ္ဓဟူးသားသမီးများအတွက် | ၁၆၇ |
| | (ခ) ၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉, ၁၃၃၇, ၁၃၄၅ ခုနှစ်မွေးဖွားသော ဗုဒ္ဓဟူးသားသမီးများအတွက် | ၁၇၃ |
| | (ဂ) ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ်မွေးဖွားသော ဗုဒ္ဓဟူးသားသမီးများအတွက် | ၁၇၉ |
| | (ဂ) ၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁, ၁၃၃၉, ၁၃၄၇ ခုနှစ်မွေးဖွားသော ဗုဒ္ဓဟူးသားသမီးများအတွက် | ၁၈၁ |
| | (ဃ) ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ်မွေးဖွားသော ဗုဒ္ဓဟူးသားသမီးများအတွက် | ၁၉၁ |
| | (င) ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ်မွေးဖွားသော ဗုဒ္ဓဟူးသားသမီးများအတွက် | ၁၉၇ |
| | (စ) ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ်မွေးဖွားသော ဗုဒ္ဓဟူးသားသမီးများအတွက် | ၂၀၃ |
| | (ဆ) ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ်မွေးဖွားသော ဗုဒ္ဓဟူးသားသမီးများအတွက် | ~၁ |
| ၈။ | ၁၃၆၁ ခုနှစ် ကြာသပတေးသားသမီးများ ဟောစာတမ်း | |
| | (က) ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၃၆, ၁၃၄၄ ခုနှစ်မွေးဖွားသေ ကြာသပတေးသားသမီးများအ | |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ခ) ၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉ ၁၃၃၇, ၁၃၄၅ ခုနှစ်မွေးဖွားသော ကြာသပတေးသားသမီးများအတွက် | ၂၂၁ |
| | (ဂ) ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀ ၁၃၃၈, ၁၃၄၆ ခုနှစ်မွေးဖွားသော ကြာသပတေးသားသမီးများအတွက် | ၂၂၇ |
| | (ဂ) ၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁ ၁၃၃၉, ၁၃၄၇ ခုနှစ်မွေးဖွားသော ကြာသပတေးသားသမီးများအတွက် | ၂၃၃ |
| | (ဃ) ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂ ၁၃၄၀, ၁၃၄၈ ခုနှစ်မွေးဖွားသော ကြာသပတေးသားသမီးများအတွက် | ၂၃၉ |
| | (င) ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃ ၁၃၄၁, ၁၃၄၉ ခုနှစ်မွေးဖွားသော ကြာသပတေးသားသမီးများအတွက် | ၂၄၅ |
| | (စ) ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄ ၁၃၄၂, ၁၃၅၀ ခုနှစ်မွေးဖွားသော ကြာသပတေးသားသမီးများအတွက် | ၂၅၁ |
| | (ဆ) ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅ ၁၃၄၃, ၁၃၅၁ ခုနှစ်မွေးဖွားသော ကြာသပတေးသားသမီးများအတွက် | ၂၅၇ |
| ၉။ | ၁၃၆၁ ခုနှစ် သောကြာသားသမီးများအတွက် ဟောစာတမ်း | ၂၆၃ |
| | (က) ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈ ၁၃၃၆, ၁၃၄၄ ခုနှစ်မွေးဖွားသော သောကြာသားသမီးများအတွက် | ၂၆၃ |
| | (ခ) ၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉ ၁၃၃၇, ၁၃၄၅ ခုနှစ်မွေးဖွားသော သောကြာသားသမီးများအတွက် | ၂၆၉ |
| | (ဂ) ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀ ၁၃၃၈, ၁၃၄၆ ခုနှစ်မွေးဖွားသော သောကြာသားသမီးများအတွက် | ၂၇၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (ဂ) ၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁ ၁၃၃၉, ၁၃၄၇ ခုနှစ်မွေးဖွားသော သောကြာသားသမီးများအတွက် | ၂၈၁ |
| | (ဃ) ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂ ၁၃၄၀, ၁၃၄၈ ခုနှစ်မွေးဖွားသော သောကြာသားသမီးများအတွက် | ၂၈၇ |
| | (င) ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃ ၁၃၄၁, ၁၃၄၉ ခုနှစ်မွေးဖွားသော သောကြာသားသမီးများအတွက် | ၂၉၃ |
| | (စ) ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄ ၁၃၄၂, ၁၃၅၀ ခုနှစ်မွေးဖွားသော သောကြာသားသမီးများအတွက် | ၂၉၉ |
| | (ဆ) ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅ ၁၃၄၃, ၁၃၅၁ ခုနှစ်မွေးဖွားသော သောကြာသားသမီးများအတွက် | ၃၀၅ |
| ၁၀။ | ၁၃၆၁ ခုနှစ် စနေသားသမီးများအတွက် ဟောစာတမ်း | ၃၁၁ |
| | (က) ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈ ၁၃၃၆, ၁၃၄၄ ခုနှစ်မွေးဖွားသော စနေသားသမီးများအတွက် | ၃၁၁ |
| | (ခ) ၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉ ၁၃၃၇, ၁၃၄၅ ခုနှစ်မွေးဖွားသော စနေသားသမီးများအတွက် | ၃၁၇ |
| | (ဂ) ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀ ၁၃၃၈, ၁၃၄၆ ခုနှစ်မွေးဖွားသော စနေသားသမီးများအတွက် | ၃၂၃ |
| | (ဂ) ၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁ ၁၃၃၉, ၁၃၄၇ ခုနှစ်မွေးဖွားသော စနေသားသမီးများအတွက် | ၃၂၉ |
| | (ဃ) ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂ ၁၃၄၀, ၁၃၄၈ ခုနှစ်မွေးဖွားသော စနေသားသမီးများအတွက် | ၃၃၅ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (င) ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃ ၁၃၄၁, ၁၃၄၉ ခုနှစ်မွေးဖွားသော စနေသားသမီးများအတွက် | ၃၄၃ |
| | (စ) ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄ ၁၃၄၂, ၁၃၅၀ ခုနှစ်မွေးဖွားသော စနေသားသမီးများအတွက် | ၃၄၉ |
| | (ဆ) ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅ ၁၃၄၃, ၁၃၅၁ ခုနှစ်မွေးဖွားသော စနေသားသမီးများအတွက် | ၃၅၅ |
| ၁၁။ | ၁၃၆၁ ခုနှစ် ရာဟုသားသမီးများအတွက် ဟောစာတမ်း | ၃၆၁ |
| | (က) ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈ ၁၃၃၆, ၁၃၄၄ ခုနှစ်မွေးဖွားသော ရာဟုသားသမီးများအတွက် | ၃၆၁ |
| | (ခ) ၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉ ၁၃၃၇, ၁၃၄၅ ခုနှစ်မွေးဖွားသော ရာဟုသားသမီးများအတွက် | ၃၆၇ |
| | (ဂ) ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀ ၁၃၃၈, ၁၃၄၆ ခုနှစ်မွေးဖွားသော ရာဟုသားသမီးများအတွက် | ၃၇၃ |
| | (ဂ) ၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁ ၁၃၃၉, ၁၃၄၇ ခုနှစ်မွေးဖွားသော ရာဟုသားသမီးများအတွက် | ၃၇၉ |
| | (ဃ) ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂ ၁၃၄၀, ၁၃၄၈ ခုနှစ်မွေးဖွားသော ရာဟုသားသမီးများအတွက် | ၃၈၅ |
| | (င) ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃ ၁၃၄၁, ၁၃၄၉ ခုနှစ်မွေးဖွားသော ရာဟုသားသမီးများအတွက် | ၃၉၁ |
| | (စ) ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄ ၁၃၄၂, ၁၃၅၀ ခုနှစ်မွေးဖွားသော ရာဟုသားသမီးများအတွက် | ၃၉၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (ဆ) ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅ ၁၃၄၃, ၁၃၅၁ ခုနှစ်မွေးဖွားသော ရာဟုသားသမီးများအတွက် | ၄၀၅ |
| ၁၃။ | နေ့နံတို့၏ကိုယ်စားပြု အက္ခရာ၊ ဂဏန်း၊ အရပ်ထောင့်၊ ဂြိုဟ်သက်တို့ကို ပြဆိုခြင်း | ၄၁၁ |
| ၁၄။ | ခုနစ်ရက်သားသမီးတို့အတွက် ဆိုင်သစ်ဖွင့်ရန်၊ အလုပ်စတင်လုပ်ရန်၊ အကြံစည် စတင်ပြုရန် အကောင်းဆုံးအချိန်ကို ပြဆိုခြင်း | ၄၁၂ |
| ၁၅။ | ထပ်မံစကားဆိုခြင်း | ၄၁၃ |

## နိဒါန်းအဖွင့်စကား

၅ ဦး ပြည့်ပြီ ဖြစ်၏။

ထို့ကြောင့် စောစောက ကြိုရောက်နှင့်နေသော ညီလေးမောင် အောင်မြတ်နှင့် စကားစမြည်ပြောရန် အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာလိုက်၏။ သို့သော် နောက်ထပ် ဝင်လာသောလူရိပ်များကြောင့် အိမ်ရှေ့ဆီသို့ လှမ်းကြည့်လိုက်ရပြန်၏။

"ကျွန်မတို့...ဆရာနဲ့ တွေ့ချင်လို့ပါ"

"ဆရာနဲ့ တွေ့ချင်ရင် ဒီအချိန်လာလို့ မရဘူး။ (၁၂)နာရီ ထိုးပြီး နောက်တစ်နေ့ မနက်စောစော နာမည်စာရင်း လာပေး...အခုတော့ (၅)ဦး ပြည့်ပြီ..."

"ကျွန်မတို့ လာရတာ ဝေးလို့ပါ ဆရာ...အခုကြည့်ပေးလို့ ရရင်"

"မေးတိုင်း ပြောတဲ့နေရာ မတုတ်ဘူးလေ...လူဦးရေတောင် သတ်မှတ်ထားပါတယ်ဆိုမှ ခုချက်ချင်း ကိုယ်ကြိုက်တဲ့အချိန်လာ ချက်ချင်း ကြည့်ပေးရမယ်ဆိုလို့ မဖြစ်နိုင်တာဘဲ။ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒတစ်ခုတည်း မကြည့်ရဘူးလေ...ကျွန်တော်လည်း လူသားတစ်ဦးပဲ နားချိန်၊ လူမှုရေး အချိန်၊ ဧည့်ချိန်၊ စာဖတ်ချိန်၊ စာရေးချိန် ဆိုတာတွေ ရှိသေးတာပေါ့..."

"အရေးကြီးလို့ပါ ဆရာ..."

"နောက်နေ့မှသာ လာပါတော့ဗျာ။ ကျွန်တော် ပင်ပန်းနေပြီ..."

ကျွန်ုပ်သည် ထိုအမျိုးသမီးကိုပြောရင်း မောင်အောင်မြတ်ဘေး တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်တော့၏။ မျက်လုံးကို အသာမှိတ်၍ ငြိမ်သက်စွာ အကြောပြေလျော့နေလိုက်မိ၏။ (၁၀)မိနစ်ခန့်ကြာသော်...

"ပြန်သွားပြီလား ဟိုကလေးမလေးတွေ"

"ပြန်သွားပြီ အစ်ကို..."

"အေးအေး ငါလည်း ပင်ပန်းနေပြီကွာ။ သူတို့ကလည်း ခုမှ ငါနားချိန်ကျမှ လာတာကိုး...မင်း ထမင်းစားပြီးပြီလား"

"မစားရသေးဘူး အစ်ကို...သွားမယ်လေ အစ်ကို့ကို လာခေါ် တာ"

ကျွန်ုပ်သည် မောင်အောင်မြတ်ဘေးတွင် ဘုရားစာများ ရွတ်ရင်း ငြိမ်သက်စွာဖြင့် လိုက်ပါလာ၏။ မောင်အောင်မြတ်လည်း တိတ်ဆိတ်စွာဖြင့် ကားလေးကို မောင်းနေ၏။ သို့သော် တစ်ခုခုကို ပြောချင်ဟန်ရှိသော သူ၏ အမူအရာကို ကျွန်ုပ် မသိစိတ်မှ သိသလိုလို ဖြစ်နေ၏။

"အစ်ကို..."

"ဟေ...ဘာလဲ ညီလေး"

"ကျွန်တော် စကားနည်းနည်း ပြောချင်လို့"

"ငါ ထင်သားပဲ မင်းတစ်ခုခုပြောချင်နေသလိုလိုပဲလို့တောင် ငါ အကဲခတ်နေတာ...ကဲ ဆိုစမ်း ဘာလဲ..."

"ကျွန်တော် အစ်ကို့ဆီမှာ ထိုင်နေတဲ့ အချိန်ပိုင်းလေးအတွင်းမှာ တောင်မှ ပြန်သွားရတဲ့ ဧည့်သည်တွေ (၁၃)ဦးလောက် ဖြစ်နေတယ် အစ်ကို"

"အေးလေ ငါလည်း မတတ်နိုင်ဘူး။ ဘယ်လို လုပ်ရမှန်းကို မသိဘူး ဖြစ်နေတယ်"

"ကျွန်တော် အဲဒီကိစ္စကို အစ်ကို့ဆီလာတိုင်း စဉ်းစားခဲ့တာကြာ ပြီ။ ပြန်သွားရတဲ့လူတွေအတွက် ကျွန်တော် စိတ်မကောင်းဘူး။ တချို့ဆို မျက်စိ မျက်နှာပျက်နေတာပဲ။ တချို့ ငိုပြီး ပြန်ကြတယ်။ ကျွန်တော် မြင်ရတွေ့ရတာ စိတ်မချမ်းသာဘူး"

"အစ်ကိုလည်း မင်းမြင်တဲ့အတိုင်းပဲ။ လပြည့်နေ့နဲ့ တနင်္လာနေ့ ကလွဲရင် နေ့စဉ် ဒိုင်ခံလာသမျှလူတွေကို လုပ်ပေးနေတာပဲ။ ခက်တယ် ညီလေး လူ(၁၀၀)ကို ဝါး(၁၀၀)ဝေသလိုဖြစ်နေပြီ။ ကြာကြာဝါးမယ့်သွား အရိုးကြည့်ရှောင်ဆိုတာလို ငါလည်း ငါ့ကျန်းမာရေး ကြည့်ရသေးတာပေါ့ ကွာ"

"ဟုတ်ပါတယ် အစ်ကို"

"ငါက ပေးလိုက်ရတာကတော့ ဝါး(၁၀၀) ပဲ။ ဒါပေမဲ့ လူတွေ က တစ်ယောက်တစ်လုံးစီပဲ ရသလိုဆိုတော့ အချိန်နည်းတယ်၊ ကန့်သတ် မှုနည်းတယ်ဆိုတာမျိုး ဖြစ်နေတယ်။ အနည်းဆုံး (၁၀)ဦး၊ (၁၅)ဦးလောက် ပြောချေပ်ကြတာကွ။ ငါဟာ လူသားတစ်ယောက်ပါ ညီလေးရာ။ ငွေတွေ အများကြီး ဝင်တာကို မကြိုက်ဘဲ ဘယ်ရှိပါ့မလဲ။ ငါလည်း ချမ်းသာချင် တဲ့ လူထဲကလူပဲ။ တစ်နေ့တစ်နေ့ ပြန်လွှတ်ရတဲ့ငွေတွေဟာ မနည်းဘူးဆို တာ ငါသိတာပေါ့။ ဒါပေမဲ့ ငါတို့ပညာက အင်္ဂဝိဇ္ဇာအစီအရင်ခန်းတွေဆို တော့ လူတွေကို မှန်းရမ်းပြီးဖြန်းလို့ရတာ မဟုတ်ဘူး။ စကားလွှယ်လွှယ် တွေပြောပြီး နှစ်သိမ့်လို့ရတာမဟုတ်ဘူး။ သေသေချာချာ ချိန်ရတာ။ သာမန်ကာ ရှိကာ ပြောလို့ရတာမျိုးလည်း မဟုတ်ဘူး။ ဒါတွေကို မင်း လည်း အသိပဲ။ လူတစ်ယောက်ရဲ့ အပူကို ငြိမ်းအေးသက်သာအောင် အကြံပေးရပြီ ဆိုကတည်းက သူ့ရဲ့ ကံနေကံထား၊ ဟန်နေဟန်ထားတွေ ကို ချိန်ရပြီ။ ယုတ်စွအဆုံးကွာ ခွေးကျွေးခိုင်းပြီ ကောင်းပြီ ဘာခင်းမှာလဲ၊ ဘယ်နေ့ ကျွေးရမလဲ ဟုတ်တယ်မို့လား အဲဒီကအစ..."

"ဟုတ်တာပေါ့ အစ်ကို အမှန်ပဲ..."

"အေး...အဲဒီလို လူပေါင်းများစွာအတွက် တွေးရ၊ ခေါ်ရပြီဆိုတော့ ငါ့ခေါင်းဟာ သူ့နဲ့ တန်သလောက်ပဲ ခံနိုင်တော့မှာပေါ့ ညီလေးရာ မင်း နားလည်စမ်းပါ"

"အဲဒီလိုဆိုရင်..."

ကျွန်ုပ်သည် မောင်အောင်မြတ်စကားကြောင့် သူ့အား ခေါင်းငဲ့ ကြည့်လိုက်၏။ မောင်အောင်မြတ်သည် တစ်စုံတရာကို နက်နက်နဲနဲ စဉ်းစားထားဟန်၊ စဉ်းစားနေဟန်လည်း ရှိ၏။

"ဘာတုန်းတွ မင်းစကားက တန်းလန်းကြီးနဲ့..."

"ကျွန်တော် အစ်ကိုတို့ ပြောဖို့ စဉ်းစားနေတာ ကြာပြီ။ အစ်ကို့ဆီ လာကြတဲ့ ပရိသတ်တွေ ကြုံတွေ့နေရတဲ့ ဒုက္ခကို တစ်ဖက်တစ်လမ်းကနေ ဘယ်လိုကူညီပေးရမလဲဆိုတာ ကျွန်တော် စဉ်းစားခဲ့တာကြာပြီ။ အခု အစ်ကိုတို့ ပြောတော့မလို့..."

"အေး...ပြော"

"(၇)ရက် သားသမီးတွေအတွက် တစ်နှစ်စာ ဟောစာတမ်းကို အစ်ကို ရေးပါလား..."

"ဘယ်လို..."

"ဩော်...(၇)ရက် သားသမီးတွေအတွက် အလွယ်တကူ ကြည့်လို့ရတဲ့ ဟောစာတမ်းမျိုး သူတို့ရဲ့ အခက်အခဲတွေကို အလွယ်တကူ ဖြေရှင်းလို့ရမယ့် ဟောစာတမ်းမျိုး ရေးပါလားလို့"

"ဟောစာတမ်းတွေက လူတိုင်းလိုလို ရေးနေကြတာပဲကွာ။ သကြံန်စာ ဝယ်ဖတ်တောင်ရတယ်။ ဘာခက်တာလိုက်လို့"

"မတူတာဘူး အစ်ကို ကျွန်တော်ပြောတဲ့ ဟောစာတမ်းမျိုးက အဲဒီမျိုးတွေနဲ့ လုံးဝမတူဘူး..."

"ဟေ...ဘယ်လိုတာမျိုးတုန်း မင်းဟာ"

ဥပမာ ပြောရရင် အစ်ကိုရယ်...ဒီနှစ်ထဲမှာ ထူးထူးခြားခြား ကြုံရမယ့် ထူးခြားဖြစ်စဉ်အဟောတွေ ပါမယ်။ စီးပွားရေးတွေ... ကျန်းမာရေးတွေ ပါမယ်။ အိမ်ထောင်ရေးတွေ ပါမယ်။ နောက်ပြီး..."

"မပြီးသေးဘူးလားကွ...စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး စုံနေတာတောင်..."

"မပြီးဘူး အစ်ကို၊ အစ်ကို့ဆီလာတဲ့လူတွေကို အစ်ကို အဖြေတမ်းတွက်ပေးနေတဲ့ ကူညီပေးနေတဲ့အတိုင်း ဒီနှစ်အတွက် ဘယ်အရပ်မတည့်ဘူး။ ဘယ်ပစ္စည်း အဝင်မတော်ဘူး။ ဘယ်သူနဲ့ပေါင်းမှ စီးပွားဖြစ်မယ်၊ ဘာကို ရှုတ်ရမယ်ဆိုတဲ့ အသေးစိတ်တွေကအစ ပါတဲ့ ဟောစာတမ်းမျိုးအထိ ကျွန်တော် စဉ်းစားထားတာ အစ်ကို..."

"မင်းကတော့ ငါ့ကို ဘောလ်ပင်နဲ့ စာရွက် (၂၄)နာရီ တပ်ထားရ

အောင် လုပ်နေပြီနဲ့ တူတယ်"

"အဲဒီလို ဟောစာတမ်းမျိုးကြီးထုတ်လိုက်ရင် အစ်ကို့ပရိသတ်တွေ အရမ်းဝမ်းသာကြမှာ အစ်ကိုရဲ့။ တော်ရုံနဲ့ အစ်ကို့ဆီ အရောက်မလာနိုင်တဲ့ လူမျိုးတွေလည်း စိတ်ချမ်းသာသွားကြမှာပဲ။ အစ်ကို့ဆီကို လာပြီး ငါးခါ ခြောက်ခါလှည့်ပြန်ရတဲ့ လူမျိုးတွေအတွက်လည်း ဟန်ကျသွားပြီ။ အင်မတန်ဝေးလံတဲ့ ဒေသက အစ်ကို့ ပရိသတ်တွေ စိတ်ချမ်းသာကြမှာ။ ပြီးတော့ ကိုယ်သံယောဇဉ်ရှိကြတဲ့ မိတ်ဆွေချင်းလက်ဆောင်ပေးရင်တောင်မှ အင်မတန်တန်ဖိုးရှိတဲ့ စာအုပ်လက်ဆောင် ဖြစ်ကြမှာ။ တစ်ဦးဝယ်ရင် တစ်မိသားစုလုံးအတွက်ပါ ကြည့်လို့ရပြီပေါ့"

"မင်းပြောတဲ့အတိုင်းဆိုရင် မင်းပြောတဲ့ ဟောစာတမ်းစာအုပ်က ဘယ်သူမှ မထုတ်ဘူးသေးတဲ့ စာအုပ်မျိုးကြီးပဲ။ ငါဖြင့် ကြားတောင် မကြားဖူးသေးဘူး"

"အဲဒီမျိုး ကျွန်တော် လုပ်ချင်တာ အစ်ကိုရဲ့ ပြီးတော့..."

ကျွန်ုပ်သည် မောင်အောင်မြတ်၏ စကားလက်စကြောင့် ပျာပျာသလဲ လှည့်ကြည့်လိုက်မိပြန်၏။

"ဟာ...မပြီးသေးဘူးလား..."

"နေပါဦး အစ်ကိုရဲ့။ အစ်ကိုဟာ ကလေးလေးတွေဆိုရင် သိပ်ချစ်တတ်တာ၊ သိပ်သံယောဇဉ်ရှိတာ ကျွန်တော်သိတယ်။ ပြီးတော့ ကလေးလေးတွေကို မဟုတ်က ဟုတ်က မှည့်ပေးထားတဲ့ နာမည်ဆိုးတွေကို တွေ့ရင်လည်း မိဘတွေကို မညှာမတာ ခပ်ကြမ်းကြမ်းပြောတာ.... ကျွန်တော်တို့ အမြင်ပဲ"

"အဲဒီတော့..."

"အဲဒီတော့ အစ်ကိုသံယောဇဉ်ကြီးတဲ့ ကလေးပရိသတ်ကြီးအတွက် အန္တရာယ်ကင်းဖို့ ထူးချွန်ဖို့၊ ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာရှိဖို့ နာမည်မျိုးတွေ ပေးပုံ ပေးနည်းတွေကိုပါ အဲဒီစာအုပ်မှာ တစ်ခါတည်းထည့်ပေးလိုက်ရအောင် အစ်ကို။ ဟိုး ဝေးလံတဲ့ဒေသက အစ်ကို့ပရိသတ်တွေရဲ့ ကလေးလေးတွေအတွက်ပါ ဝမ်းသာစရာပေါ့။ အရမ်းစိတ်ချမ်းသာကြမှာ။ အစ်ကို ခဏခဏပြောသလို မိဘတွေ ရမ်းသန်း မှည့်ချင်မှည့်လို့

ကလေးလေးတွေရဲ့ ဘဝ အင်မတန် သနားဖို့ ကောင်းပါတယ်။ ဒါကြောင့် အပြစ်ကင်းစင်တဲ့ ကလေးလေးတွေရဲ့ ဘဝတွေကို ကျွန်တော်တို့ အရောင် တင်ပေးလိုက်ကြရအောင်..."

မောင်အောင်မြတ် တောက်လျှောက်ပြောသွားသော စကားများ ကို ကျွန်ုပ် ပြန်သုံးသပ်နေလိုက်မိ၏။ သူသည် ကျွန်ုပ်ထံသို့ ဝင်ရန် အခွင့် အရေးမရ၍ ပြန်သွားရသူများအတွက် အလွန်စိတ်မချမ်းသာကြောင်း မကြာခဏ ပြောဖူး၏။ ထိုပုဂ္ဂိုလ်ပေါင်းများစွာအတွက် မည်သို့ ကူညီ သင့်သည်ကိုလည်း အမြဲအခါနေပေးတိုင်း စဉ်းစားခဲ့သူဖြစ်၏။ ယခုအစ်ကို ဖြစ်သူအား ထိုပုဂ္ဂိုလ်များအတွက် ကိုယ်ချင်းစာစိတ်ဖြင့် မရမက တိုက် တွန်းလေပြီ။ အစီအစဉ်တစ်ခု ဆွဲလေပြီ။ ရပ်ဝေးပရိသတ်ကြီးအတွက် နားပူနားဆာ လုပ်လေပြီ။ သူ၏ အစီအစဉ်မှာ အခက်အခဲပေါင်းများစွာ ရင်ဆိုင်ပြီး လှည့်ပြန်သွားရလေ့ရှိသော (သို့) ဝေးလံသောဒေသမှ မလာ ရောက်နိုင်သော ကျွန်ုပ်၏ ပရိသတ်ကြီးအတွက် အချိန်ကုန် လူလည်း သက်သာပြီး အလွန်အကျိုးရှိတော့မည်သာမက အင်ဇိကွာနှင့် ဆန်းကျမ်း ပညာရပ်ကြီးများကို ချစ်ကြ မြတ်နိုးကြ၊ လေးစား အားကိုးကြသော (ရ)ရက် သားသမီးများ အတွက်ပါ တန်ဖိုးမဖြတ်နိုင်လောက်သည့် မကြုံဖူး၊ မကြားဖူးသေးသော အစီအစဉ်ဖြစ်ရကား...

"တစ်ခုတော့ ရှိတယ်ကွ။ အစ်ကိုက အားတာ မဟုတ်ဘူး။ မင်း ပြောသလိုမျိုး လူမှုရေးတွေ၊ အိမ်ထောင်ရေးတွေ၊ ကျန်းမာရေးတွေ အားလုံးကို အဘက်ဘက်က အောင်မြင်အောင် အကြံကောင်း၊ ဉာဏ် ကောင်း ပေးရမယ့် ဟောစာတမ်းမျိုးကို ငါ စဉ်းစားကြည့်တယ်။ ငါ့ဆီ မလာနိုင်တဲ့ လူတွေ၊ ငါ့ဆီကို ဝင်ရ၊ ထွက်ရခက်တဲ့လူတွေ၊ အချိန်မပေး နိုင်တဲ့ ငါ့ပရိသတ်တွေအတွက်ဆိုတော့ သူတို့တွေ ငါ့ရှေ့မှာ ထိုင်နားထောင် နေသလိုကို ဟောစာတမ်းဖြစ်မှကွ"

"ဒါပေါ့ အစ်ကို..."

"သမိုကာရုံက ဟောစာတမ်းဖြစ်လို့တော့ ပရိသတ်ကို စော် ကားရာ ရောက်မယ်။ ဒီတော့ တော်တော်အချိန်တွေ ပေးရမယ်။ မင်း ကလည်း ဘယ်လိုမှ အားတာမဟုတ်ဘူး။ အဲဒီ မအားတဲ့ လူနှစ်ယောက်

က ကြီးကျယ်ခမ်းနားတဲ့ ပဲ့ဟောစာတမ်းကြီးတွေ၊ ဒါမှမဟုတ် တစ်နှစ်အတွင်း ဆောင်ရွက်ရမှာတွေ ထုတ်ဝေကြေညာမယ် ဆိုတော့ သေချာစဉ်းစားဦး။ ဇယားတွေကျရင် မင်းဆွဲရမှာ။ ကွန်ပျူတာစီဖို့ ကိစ္စလည်း မင်းတာဝန်ယူရမှာ။ စာကြမ်းဖတ်တာတွေကအစ မင်းဖတ်ရမှာ။ အဲဒီအတွက် မင်း အချိန်တွေ အများကြီးပေးနိုင်မလား စဉ်းစား။ ဖြစ်မယ်ဆိုရင်တော့ (၇)ရက် သားသမီးတွေအပေါ်မှာထားတဲ့ မင်းရဲ့ မွန်မြတ်တဲ့ အစီအစဉ်ကြီးအတွက် အစ်ကိုက အစဖျိုးရတော့မှာ။ အချိန်တွေ အများကြီးပေးရတော့မှာ။ ဒါကြောင့် မစခင်မှာ စဉ်းစား။ ငါကတော့ မင်းသိတဲ့အတိုင်း ဘယ်လမ်း၊ ဘယ်ခရီးဖြစ်ပါစေ လျှောက်မိပြီဟေ့ဆိုရင် ခြေဦးက နောက်လှည့်ပြန်တတ်တဲ့ လူစားမျိုး မဟုတ်ဘူးနော်"

"အစ်ကိုလျှောက်ရင် ကျွန်တော် နောက်က ပါပြီးသား"

✻ ✻ ✻ ✻ ✻

## လမ်းသစ်ပေါက်၍ လျှောက်ကြခြင်း

ထိုနေ့ ထိုအချိန်မှစ၍ လိုအပ်သော စက္ကူထုပ်များဝယ်ခြင်း၊ စာကြမ်းများ ပြုစုခြင်း၊ ဇယားများဆွဲခြင်းဖြင့် ညီအစ်ကိုနှစ်ယောက် စတင်လေတော့၏။

ကျွန်ုပ် ကြိုတင်တွက်ဆထားသည့်အတိုင်း နှစ်ဦးလုံး မအားလပ်သည့်အတွက် ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက် တိုင်ပင်ရသည့်၊ ဆုံရသည့်အချိန်မှာ ည(၁၁)နာရီဖြစ်၏။ တစ်ရက်ခြား၊ နှစ်ရက်ခြား ည(၁၁)နာရီမှ (၁)နာရီထိုးပြီးသည့်အထိ တိုင်ပင်ကြ၊ ဆွေးနွေးကြ၊ မလိုသည်များကိုပယ်၍ လိုသည်များကို ဖြည့်ကြနှင့် ညီအစ်ကိုနှစ်ယောက်လုံး အားဆေးများ သောက်ယူရသည့်အထိ ကျန်းမာရေးပိုင်းပါ အတော်ထိန်းရလေတော့၏။ လက်ဖက်ရည်ဆိုင် မပိတ်မချင်း စဉ်းစားကြ၊ တိုင်ပင်ကြနှင့်အချိန်မကြည့်၊ အခါမကြည့် တွေးတောကြရပြီဖြစ်သောကြောင့် ကျွန်ုပ်တို့

ညီအစ်ကိုနှစ်ဦးသည် လက်ဖက်ရည်ဆိုင်ပိတ်လျှင် ကားပေါ်တက် တံခါးဖွင့်၍ တိုင်ပင်ကြ၏။ စဉ်းစားကြပြန်၏။ ဤသို့နှင့် အချိန်မရှိမှ ညီအစ်ကိုနှစ်ယောက် အသီးသီး အိမ်ပြန်ဖြစ်ကြ၏။ ပင်ပန်းလွန်းပါ၏။ သို့သော် (၇) ရက် သားသမီးပေါင်းများစွာအတွက်ဖြစ်သောကြောင့် ညီအစ်ကိုနှစ်ယောက် ပျော်နေကြ၏။ မနားတမ်းစီစဉ်နေကြရသည်ကိုပင် ဂုဏ်ယူနေကြမိ၏။ ဟောစာတမ်းရေးခြင်း၊ လိုတိုးပိုလျှော့ပြုခြင်းကို လပေါင်းများစွာ၊ ညပေါင်းများစွာ မနားမနေ ဆောင်ရွက်ခဲ့ကြရသောကြောင့် ပင်ပန်းခြင်းအတွက် ဝမ်းသာနေကြရ၏။ သို့သော် ဦးဆုံး စတင်ဖောက်၍ လျှောက်ခဲ့မိကြသော လမ်းသစ်တစ်ခု ဖြစ်နေ၍ ချို့ယွင်းချက်၊ လိုအပ်ချက်များ ရှိကောင်း ရှိနေပါလိမ့်ဦးမည်။ ကျွန်ုပ် မြင်သမျှသာ စီစဉ်ခဲ့ခြင်းဖြစ်ပြီး မမြင်၍ ကျန်ခဲ့စရာများလည်း ရှိကောင်းရှိ နေပါလိမ့်ဦးမည်။ အမှားအယွင်းနည်းနိုင်သမျှ နည်းအောင် ကြိုးစားထားပါ၏။ ထို့ကြောင့် ကျွန်ုပ်တို့ ညီအစ်ကိုနှစ်ယောက်၏ မေတ္တာ၊ စေတနာကို နားလည်စွာနှင့် ခွင့်လွှတ်ပြီး လိုအပ်သည်များကို ဖြည့်စွက်ကြည့်ကြရန် မေတ္တာဖြင့် နွေးထွေးစွာ ကြိုဆိုကြရန် အထူး မေတ္တာရပ်ခံလိုက်ပါသည်။

❊ ❊ ❊ ❊ ❊

## ခေါင်းစဉ် စဉ်းစားခြင်း

ကျွန်ုပ်တို့ စိတ်ကူးယဉ်ခဲ့သော အစီအစဉ်ကြီးတစ်ခု ထမြောက်အောင်မြင်ခဲ့ပြီဆိုသည်နှင့် ဝမ်းသာနေကြ၍ မပြီးသေးမှန်း ညီအစ်ကိုနှစ်ယောက် သိ၏။ အရေးကြီးသော အပိုင်းကဏ္ဍတစ်ခုကို မဖြစ်မနေ စဉ်းစားရပြီဖြစ်၏။ ဤသည်မှာ ခေါင်းစဉ်ဟု ခေါ်သော စာအုပ်အမည်ဖြစ်၏။ ထို့ကြောင့် စာအုပ်အမည်ပေးခြင်းကို ညပေါင်းများစွာ စဉ်းစားကြရပြန်၏။ တစ်နေ့ ကျွန်ုပ်တွေးမိ၏။ ကျွန်ုပ်ကို ချစ်ကြသော၊ ကျွန်ုပ်၏ပညာကို ချစ်မြတ်နိုးကြသော၊ လေးစားကြသော ပရိသတ်ကြီးနှင့် အလွန်ကျွမ်းဝင်သော စကားလေးတစ်ခု ရှိ၏။ ထိုစကားစုလေးသည် ကျွန်ုပ်စတင်ဟောပြောခဲ့သော လွန်ခဲ့သည့် ၁၉၇၉ ခုနှစ်ခန့်ကပင် ကျွန်ုပ်၏

ကျေးဇူးရှင် ဘဘတိုးမင်းခေါင် အိပ်မက်ဖြင့် ချီးမြှင့်ခဲ့သော စကားစုလေး ပင် ဖြစ်၏။ ထိုစကားစုလေးမှာ 'ရင်ကိုအေးမြစေသား' ပင် ဖြစ်၏။

ကျွန်ုပ်ကို ချစ်သော ပရိသတ်ကြီးအတွက် (ရင်ကိုအေးမြစေ သား)ဆိုလျှင် သိကြ၏။ ထိုစကားစုကို မြင်လျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏။ စိတ်ဝင်စားကြ၏။ ငါတို့ချစ်တဲ့ဆရာဟု အားရပါးရ ပြောကြလေ့ ရှိ၏။ ထို့ကြောင့်...

ကျွန်ုပ်ချစ်သော ပရိသတ်ကြီးအတွက် အတိတ်ကောင်း၊ နိမိတ် ကောင်းဖြစ်စေခြင်းအလို့ငှာ မေတ္တာပို့ စကားစုလေး ဖြစ်သော (ရင်ကို အေးမြစေသား) ၁၃၆၁ ဟုသာ ရိုးစင်းစွာဖြင့် မေတ္တာတရား ကြီးမားစွာ စာအုပ်အမည် ပညတ်လိုက်ရခြင်း ဖြစ်ပါကြောင်း...

**ရင်ကိုအေးမြစေသား**
**ဆရာဦးမောင်မောင်သန်း**

## ဟောစာတမ်းကြည့်နည်းလမ်းညွှန်

### (၁) မွေးလမတိုင်မီနှင့် မွေးလကျော်ပြီး ကြည့်နည်း

ခုနစ်ရက်သားသမီးတို့၏ နေ့သားအလိုက်ဆိုင်ရာ ဟောစာတမ်းများကို မိမိမွေးဖွားသော ခုနှစ်သက္ကရာဇ်ခေါင်းစဉ်အတိုင်း ကြည့်ရှုနိုင်ပါသည်။ အထူးသတိပြုရန်အချက်မှာ ဆန်းကျမ်းပညာရပ်တွင် ကောဇာ (၁၃၆၁)တစ်နှစ်တည်းအတွက် ဖြစ်သော်လည်း မွေးလမတိုင်မီ သက်ရောက်တိုင်နှင့် မွေးလကျော်ပြီးမှ ကြုံရမည့် သက်ရောက်တိုင်တို့မှာ မတူညီဘဲ ကွဲပြားခြားနားပါသောကြောင့် စာဖတ်သူတို့အနေဖြင့်. . .

မွေးလမတိုင်မီအထိ ဟောစာတမ်းကို မိမိ၏မွေးသက္ကရာဇ်ခေါင်းစဉ်အောက်တွင် ဖတ်ရှုပြီး မွေးလကျော် ဟောစာတမ်းကို မိမိမွေးသက္ကရာဇ် မတိုင်မီတစ်ခုကို ဖတ်ရှုမှသာလျှင် မှန်ကန်မှု ရှိပါလိမ့်မည်။

ဥပမာအားဖြင့်

၁၃၂၈ ခုဖွား တနင်္ဂနွေသားဆိုပါက

| | |
|---|---|
| * မိမိမွေးလမတိုင်မီ | ၁၃၂၈ ခုတွင် မွေးဖွားကြသော တနင်္ဂနွေသားများအတွက် ဟောစာတမ်းကို ဖတ်၍ |

* မိမိမွေးလကျော်ပါက
(သက်ရောက်ပြောင်းလဲခြင်းကြောင့်) ၁၃၂၇ခုတွင် မွေးဖွားကြသော တနင်္ဂနွေသားများအတွက် ဟောစာတမ်းကို ဖတ်ရှုရပါမည်။

## (၂) လအလိုက်ကောင်းဆိုးကြည့်နည်း

လအလိုက်ကောင်းဆိုးပြဇယားတွင် (မွေးနေ့မှ မွေးလအကုန်ထိ) ဟူသော ဦးဆုံးဇယားကွက်မှစ၍ မိမိတို့ မွေးလကို အစဉ်အတိုင်း ခေါင်းစဉ်တပ်ရမည်။

ဥပမာအားဖြင့် -
၁၃၂၈ ခု၊ ပြာသိုလတွင် မွေးသော တနင်္ဂနွေသားဆိုပါက
* မွေးလမတိုင်မီအထိ — ၁၃၂၈ တနင်္ဂနွေသားများအတွက် ကောင်းဆိုးပြဇယားတွင် မွေးလ (ပြာသိုလ) မှစ၍ အစဉ်လိုက်အတိုင်း ခေါင်းစဉ်လိုက်တပ်ရပါမည်။

၁၃၂၈ ခု တနင်္ဂနွေသားသမီးများအတွက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | (ပြာသို) မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ (ပြာသို) အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တပို့တွဲ ၁ | တပေါင်း ၂ | (တန်ခူး) ၃ | ကဆုန် ၄ | နယုန် ၅ | ဝါဆို ၆ | ဝါခေါင် ၇ | တော်သလင်း ၈ | သီတင်းကျွတ် ၉ | တန်ဆောင်မုန်း ၁၀ | နတ်တော် ၁၁ | |
| ၁၃၀၃ ၁၃၂၈ | * | ● | ※ | × | * | ● | ● | × | ** | × | ※ | × | ** |

၁၃၆၁ တန်ခူးလ
(ဤလမှစမည်)

| | |
|---|---|
| ● | အလွန်ကောင်း |
| ** | ကောင်း |
| * | ပုံမှန် |
| × | ညံ့ |
| ※ | အလွန်ညံ့ |

မွေးလကျော်ပြီး ၃လမြောက်ဇယားသည် ၁၃၆၁ တန်ခူးလအတွက် အကောင်းအဆိုးပင် ဖြစ်သည်။ ဇယားပါအတိုင်း ဆက်ကြည့်၍မွေးလ ရောက်ပြီး မွေးလကျော်ပါက ဆန်းပညာတွင် အသက်ပြောင်းလဲခြင်း ကြောင့် သက်ရောက်တိုင်ပြောင်းလဲ၍ မိမိမွေးသက္ကရာဇ်မတိုင်မီ တစ်ခုလျှော့ပြီး ၁၃၂၇ ခု တနင်္ဂနွေသားသမီးများအတွက် ဟောစာတမ်းကို ဖတ်ရပါမည်။ ထိုနောက် ၁၃၂၇ ခုဖွား တနင်္ဂနွေသားသမီးတို့အတွက် လအလိုက် ကောင်းဆိုးပြဇယားတွင် အထက်ပြဆိုခဲ့သည့်အတိုင်း မွေးလမှ စတင်ကာ အစဉ်အလိုက် ခေါင်းစဉ်လိုက်တပ်ရပါမည်။

## ၁၃၂၇ ခု တနင်္ဂနွေသားသမီးများအတွက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | (ပြာသို) မွေးနေ့မှ မွေးလအကုန်ထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ (ပြာသို) အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | တပို့တွဲ ၁ | (တပေါင်း) ၂ | တန်ခူး ၃ | ကဆုန် ၄ | နယုန် ၅ | ဝါဆို ၆ | ဝါခေါင် ၇ | တော်သလင်း ၈ | သီတင်းကျွတ် ၉ | တန်ဆောင်မုန်း ၁၀ | နတ်တော် ၁၁ | |
| ၁၃၀၀ ၁၃၂၈ | ** | ● | ※ | × | ** | × | × | × | ● | * | ※ | × | ** |

၁၃၆၁ တပေါင်းလ
(ဤနေရာတွင် ကုန်ဆုံးမည်)

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

မွေးလကျော်ပြီး ၂လမြောက်အချိန်သည် ၁၃၂၈ခုဖွား တနင်္ဂနွေသားတို့အတွက် ၁၃၆၁ ဟောစာတမ်းကုန်ဆုံးသောလပင် ဖြစ်သည်။ ထို့ကြောင့် လအလိုက်ကောင်းဆိုးကို အစဉ်တိုင်းရေးချပါက. . .

၁၃၂၈ ခု တနင်္ဂနွေနေ့သားများအတွက် လအလိုက် အကောင်းအဆိုးမှာ. . .

| | | |
|---|---|---|
| ၁၃၆၁- | တန်းခူးလ | - ညံ့သည်။ |
| | ကဆုန်လ | - ပုံမှန်ဖြစ်သည်။ |
| | နယုန်လ | - အလွန်ကောင်းသည်။ |
| | ဝါဆိုလ | - အလွန်ကောင်းသည်။ |
| | ဝါခေါင်လ | - ညံ့သည်။ |
| | တော်သလင်း | - ကောင်းသည်။ |
| | သီတင်းကျွတ် | - ညံ့သည်။ |
| | တန်ဆောင်မုန်း | - အလွန်ညံ့သည်။ |
| | နတ်တော် | - ညံ့သည်။ |

| | |
|---|---|
| (မွေးလ)ပြာသိုလအစမှ မွေးနေ့အထိ | - ကောင်းသည်။ |
| မွေးနေ့မှ ပြာသိုလကုန်အထိ | - ကောင်းသည်။ |
| တပို့တွဲ | - အလွန်ကောင်းသည်။ |
| တပေါင်း | - အလွန်ညံ့သည်။ |

အထက်ဖော်ပြပါ နမူနာပြ (၁၃၂၈ ခု တနင်္ဂနွေ)နေ့သားအတိုင်း ကျန်သော ပုဂ္ဂိုလ်တို့သည်လည်း လွယ်ကူစွာ ကြည့်ရှုနိုင်ကြလိမ့်မည်ဟု ယူဆပါသည်။

မိမိတို့၏ မကောင်းသော ညံ့သော လများတို့တွင် ကံမြင့် ကံပွင့် အစီအရင်ကို အထူးဂရုစိုက်၍ ပြုလုပ်ပေးခြင်းဖြင့် မကောင်းသော ကံတို့မှ ရှောင်လွှဲနိုင်ကြပါစေ။

လူတွင် ထင်ရှား ချမ်းသာများတော့မည်။

သင်၏

ရင်ကိုအေးမြစေသား

ဆရာဦးမောင်မောင်သန်း

## ၁၃၆၁ ခု သင်္ကြန်ဖွားသော ကလေးများအတွက်

### ၁၃၆၁ ခု တနင်္ဂနွေနေ့တွင် ဖွားမြင်သောကလေးများအတွက်

တစ်နှစ်တိတိ အနက်ရောင်ရှိသော အဝတ်အစားကို ဝတ်ဆင်ပေးခြင်း၊ စနေနာမည်ပါသော ရပ်ဝေးဒေသများသို့ ခေါ်သွားခြင်း၊ ရွှေတုံ ရွှေရည်စိမ်များ ဝတ်ဆင်ပေးခြင်း ရှောင်ပါ။ ဗိုက်အောင့်ခြင်းနှင့် ဦးခေါင်းအနာကလေးများ ဖြစ်ခြင်း ဖြစ်ပါက သောကြာ၊ တနင်္လာနာမည်ရှင် ဆရာဝန်များ၊ မြန်မာသမားတော်များနှင့် ကုသပါက လုံးဝကောင်းသွားလိမ့်မည်။ မိခင်နှင့် မိခင်ကဲ့သို့နေသူများကို ထူးထူးခြားခြား အကျိုးပေးမည့်ကလေး ဖြစ်သည်။ ထင်ရှားသောစီးပွားရေးလုပ်ငန်းရှင်၊ ပညာတတ်ကံမျိုး ဖြစ်၍ ဤကလေးကို ကောင်းစွာ ပြုစု စောင့်ရှောက်ထိန်းသိမ်းပါ။ ဤကလေးအား တစ်နှစ် မပြည့်မချင်း ရတနာများထဲမှ စိန်ဆင်ခြင်း၊ စိန်ခမည်းပေးခြင်း လုံးဝမပြုရ။ ဤကလေး၏ ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းများအတွက် သူတစ်ပါးရောင်းခြင်း မပြုရ။ ဤကလေးအား နာမည်ပေးလျှင် . .

(၁) အတက်ဆောင်ပန်းလှည့်ခွဲသော ကြာသပတေး၊ သောကြာလယ်၊ တနင်္လာပိတ် နည်းဖြစ်သည့် ဥပမာ- မင်းသိန်းကျော်၊ ဖြိုးသက်ခိုင်၊ ဖြူသင်းကြည် စသည့် နာမည်မျိုးများ။

(၂) အမြစ်၊ အညွန့် ပေးနည်း ဖြစ်သော စနေ၊ တနင်္ဂနွေလယ်၊ တနင်္လာပိတ်နည်းဖြစ်သည့် ဥပမာ - တင်အောင်ခိုင်၊ ထွန်းအောင်ကျော်၊ ခနွအင်ကြင်း စသည့် နာမည်မျိုးများ။

(၃) မူလမွေးနံမှ ပဥ္စပွတ်ဂြိုဟ်သို့ လှမ်းတွဲ၍ မှည့်သော ဥပမာ- အောင်မြတ်မင်း၊ အောင်ဘုန်းမြင့်၊ အိန္ဒြေမြတ်မွန် စသော နာမည်မျိုးများ။

(၄) မူလမွေးနံမှ အညွန့်ဂြိုဟ် တနင်္လာနှင့် တွဲမှည့်သော ဥပမာ- အောင်ခိုင်၊ အေးကျော်၊ အေးအေးခိုင် စသော နာမည်မျိုး မှည့်ရမည်။

အဆိုးဆုံးမှာ မိဘများ၏ နာမည်တွင် အင်္ဂါနံများပါ၍ ကလေး၏ နာမည်အား အင်္ဂါနှင့် ပိတ်မှည့်လိုက်ပါက ကလေးမှာ ရောဂါ ထူပြောပြီး ဒုက္ခရောက်တတ်သည်။ ဥပမာ - ဖခင်အမည် (ဦးစိုးကြည်)၊ ကလေး နာမည် (အောင်စိုး၊ အေးမိစိုး၊ ဥမ္မာစိုး)

❋ ❋ ❋ ❋ ❋

## ၁၃၆၁ ခု တနင်္လာနေ့တွင် ဖွားမြင်သော ကလေးများအတွက်

တစ်နှစ်တိတိ ရွှေဆင်ခြင်း၊ ရွှေရည်စိမ် ပစ္စည်းဆင်ခြင်း၊ အလွန်ဝေးလံသော ရေလမ်းခရီးသို့ ခေါ်သွားခြင်း၊ အလွန်ဝေးလံသော ဗုဒ္ဓဟူး နာမ်ပါသော အရပ်သို့ ခေါ်သွားခြင်း ရှောင်ပါ။ ဇေယျဖွားဖြစ်၍ ပြင်းထန်သော၊ ထက်မြက်သော၊ ဖွဲ့ကြီးသော၊ အမှတ်သည်းခြေကြီးသော၊ မဖြစ်ဖြစ်အောင် ကြိုးစားတတ်သော၊ သူတစ်ပါးကို ဦးဆောင်လမ်းပြနိုင်စွမ်းသော၊ စိတ်ဓာတ်ပိုင်ရှင်ဖြစ်လာမည့်ကလေးဖြစ်၍ ကလေးဘုန်းကံနိမ့်စေမည့် ကိစ္စမှန်သမျှ အားလုံးရှောင်ပါ။ ရတနာဥစ္စာ၊ ပစ္စည်းများစွာ ပိုင်နိုင်စွမ်းသော၊ ချမ်းသာကြွယ်ဝမည့် ပညာတတ်မျိုး ဖြစ်လာနိုင်သောကြောင့် ဤကလေးနှင့် သက်ဆိုင်သော အလှူကြီးများ မကြာခဏ ပြုလုပ်ပေးပါ။ လေအောင့်ခြင်း၊ လေခန္ဓာဖြစ်ခြင်း ကံရှိသည်။ ရွှေ ဥသဖရား ပေးခြင်း လုံးဝရှောင်ပါ။ စနေ၊ အင်္ဂါ နာမည်ရှင်ဆရာဝန်များ၊ မြန်မာသမားတော်ကြီးများနှင့် ကုသလျှင် ဘာမဆို ပျောက်ကင်းမည်။ သို့သော် အင်္ဂါ၊ တနင်္ဂနွေပိတ်သော နာမည်မျိုး လုံးဝရှောင်ပါ။ ဥပမာ - စိုးအောင်၊ ဇော်အောင်. . .

ဤကလေး၏ ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းအတွက် ကလေးကို နာမည်ပေးလျှင်. . .

(၁) ဇေယျဖွားဖြစ်၍ မူလမွေးနံနှင့်စပြီး မွေးနံနှင့် ပြန်ပိတ်သော နာမည်သည် အကောင်းဆုံး အကျိုးပေးသည်။ အလယ်တွင် မိဘနှစ်ပါး၏ နာမည်မှလွဲ၍ နှစ်သက်သော အက္ခရာစာလုံး ထည့်နိုင်သည်။ ဥပမာ-

ကျော်မျိုးခိုင်၊ ကျော်မြတ်ခိုင်၊ ခင်မောင်ကျော်၊ ခင်သင်းချို စသည့် နာမည်မျိုးများ. . .

(၂) မူလမွေးနမ္မစ၍ စနေနှင့် ပိတ်သော နာမည်မျိုးများ (အလယ်တွင် ကြိုက်ရာ စကားလုံးထည့်၍ ရသည်။) ဥပမာ- ကျော်မင်းထွန်း၊ ကျော်နန္ဒ၊ ခိုင်ရည်မွန်နွယ်၊ ခင်သီရိနွယ် စသည့် နာမည်မျိုး မှည့်ရမည်။

မိဘနာမည်တွင် ဗုဒ္ဓဟူး၊ ကြာသပတေးပိတ်သော ဥပမာ- ဦးဝင်းမြင့်၊ ဦးဝင်းမောင်၊ ဦးယဉ်မောင် စသည့် နာမည်များ ဖြစ်ခဲ့ပါက မူလမွေးနံနှင့် မိဘနာမည်အပြည့်အစုံ တွဲမှည့်သော နာမည်မျိုးများ လုံးဝရှောင်ပါ။ အသက်တိုတတ်ပါသည်။ ဥပမာ- ခိုင်ယဉ်မောင်၊ ခင်လှမြင့်၊ ကျော်ဝင်းမြင့်။

❋ ❋ ❋ ❋ ❋

## ၁၃၆၁ ခု အင်္ဂါနေ့တွင် ဖွားမြင်သော ကလေးများအတွက်

မွေးစမှစ၍ နှစ်နှစ်တိတိ ရွှေဆင်ခြင်း၊ ရွှေရောင်ရှိသော ပစ္စည်းများ ခမည်းပေးခြင်း မလိုလားအပ်သော ရွှေပစ္စည်းများ ဝတ်ဆင်ပေးခြင်း လုံးဝ မပြုရ။ အနီရောင်ရှိသော ကျောက်များ ဆင်ခြင်း၊ ခမည်းပေးခြင်း လုံးဝ မပြုလုပ်ရ။ ဗိုက်ခဏခဏ နာခြင်း၊ ဝမ်းခဏခဏ ပျက်ခြင်း၊ ဝက်သက် ဝမ်းကျဲ့သို့ ဝမ်းခဏခဏသွားခြင်း ဖြစ်လိမ့်မည်။ (၄ -လ)နှင့် (၇ - လ)တွင် ဖြစ်တတ်ပါသည်။ လုံးဝ မကြောက်ပါနှင့်။ အသားဝါ ပါလာလျှင်သော်မှ မကြောက်ပါနှင့်။ စနေ၊ တနင်္ဂနွေ၊ နာမည်ရှင် ဆရာဝန်များ၊ မြန်မာသမား တော်ကြီးများနှင့် ကုသပါ။ မိဘများကို အလွန်အကျိုးပေးမည့် ကလေး ဖြစ်ပါသည်။ သို့သော် မိဘများသည် ဤကလေး မွေးပြီးမှ စီးပွားဖြစ်လျှင် ဖြစ်လာသည့်စီးပွားထဲမှ ဆန္ဒရှိသလောက် အချိုးချပြီး ဖယ်ပါ။ ထိုဖယ်သော ငွေကို မကြာခဏ အလှူဒါနပြုပေးပါ။ ဤကလေး၏ ကြီးပွားရာကြီးပွား ကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းများအတွက် နာမည်ပေးလျှင်. . .

(၁) အင်္ဂဝိဇ္ဇာကောင်းကြီးမိအောင် ပေးနည်းဖြစ်သော တနင်္ဂနွေ၏ ကြာသပတေးပိတ်ဖြစ်သည်။ အလယ်တွင် ကြိုက်ရာထည့်၍ ရသည်။ အောင်မြတ်မင်း၊ အောင်ထက်ပိုင်၊ အိန္ဒြေမြတ်မွန် ကဲ့သို့ နာမည်မျိုးများ။

(၂) မူလမွေးနံမှစ၍ နဝင်းဖြစ်သော စနေနှင့် တွဲ၍မှည့်သည့် နာမည်မျိုး။ ဥပမာ - စန်းစန်းငွေး၊ စန္ဒီ၊ စိုးနိုင်၊ စည်သူထက်၊ စုမြတ်ထွေး စသည့် နာမည်မျိုးများ မှည့်ရမည်။ (သို့သော် - ဒုတိယနာမည် ဖြစ်သည့်

မွေးနံ့ အင်္ဂါမှစ၍ နဝင်းစနေဖြင့် ပိတ်မှည့်သော နာမည်မျိုးကို ဤနေ့ဖွား ဇာတာရှင်များအတွက် သိပ်မကောင်းပါ။)

* * * * *

## ၁၃၆၁ ခု ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်သော ကလေးများအတွက်

မွေးနေ့မှစ၍ တစ်နှစ်တိတိ ရွှေဆင်ခြင်း၊ ရွှေခမည်းပေးခြင်း၊ ပတ္တမြား၊ ကျောက်နီဆင်ခြင်း၊ ခမည်းပေးခြင်း၊ ကျန်းမာရေးအတွက် မလိုလားအပ်သော ရွှေရောင်၊ အနီရောင် အဆောင်များ ဆင်ပေးခြင်း လုံးဝရှောင်ပါ။ မင်္ဂလာမဲ့သော နေရာများသို့ ခေါ်သွားခြင်း ရှောင်ပါ။ ဤကလေး မွေးပြီးလျှင် ဖခင်၌ ခရီးရှည်ထွက်ခြင်းများ၊ လုပ်ငန်း အပြောင်းအရွှေ့ဖြစ်ခြင်းများ၊ အလုပ်နေရာ တစ်ခုမှတစ်ခုသို့ အပြောင်းအလဲဖြစ်သွားခြင်းများ ကြုံလိမ့်မည်။ အိမ်၌ရှိသော စက်ပစ္စည်းများ ထူးထူးခြားခြား ပျက်လိမ့်မည်။ ရင်နှင့် ဝမ်း အနည်းငယ် မကောင်း ဖြစ်တတ်သည်။ (လုံးဝ အန္တရာယ် မရှိပါ) ကြာသပတေး၊ သောကြာ နာမည်ရှင် ဆရာဝန်များ၊ မြန်မာသမားတော်ကြီးများနှင့် ကုသပါ။ သို့သော် သောကြာနှင့် တနင်္လာပူးသော နာမည်များကို လုံးဝရှောင်ပါ။ (ဥပမာ- သောင်းကြည်၊ သိန်းကြည်၊ သက်သက်ခိုင်) မိခင်ကို ပို၍အကျိုးပေးသန်မည့် ကလေးဖြစ်သောကြောင့် ကလေး၏ ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းများ အတွက် နာမည်ပေးလျှင်. . .

(၁) အထက်ဆောင်ပန်း လှည့်ခွေနည်းဖြစ်သော တနင်္ဂနွေအစ၊ တနင်္လာအလယ်၊ ကြာသပတေးပိတ်ဖြစ်သည့် အောင်ကျော်မင်း၊ အောင်ခိုင်မြင့်၊ ဣန္ဒြာကြည်ဖြူ ကဲ့သို့ နာမည်မျိုးများ။

(၂) မူလမွေးနံ ဗုဒ္ဓဟူးမှ တနင်္လာနှင့် တွဲမှည့်သော (အလယ်တွင်

ကြိုက်ရာ ထည့်မှည့်၍ရသည်။) ရည်မွန်ကျော်၊ ယဉ်မင်းခိုင်၊ ဝင်းအောင်ကျော် ကဲ့သို့ နာမည်မျိုးများ။

(၃) မူလမွေးနံ ဗုဒ္ဓဟူးမှ ကြာသပတေးပိတ် မှည့်သော လဲ့ယမင်းဖြူ၊ ရူပါ၊ ဝင်းကျော်မြင့် စသည့် နာမည်မျိုးများ။

(၄) မူလမွေးနံ ဗုဒ္ဓဟူးမှ တနင်္ဂနွေနှင့် ပိတ်၍မှည့်သော ရွှေရည်ဦး၊ ရူပါအောင်၊ ဝေမင်းဦး ကဲ့သို့ နာမည်မျိုးများ မှည့်ရမည်။

❋ ❋ ❋ ❋ ❋

## ၁၃၆၁ ခု ကြာသပတေးနေ့တွင် ဖွားမြင်သောကလေးများ အတွက်

မွေးနေ့မှစ၍ တစ်နှစ်တိတိ အနက်ရောင်လွှမ်းမိုးသော အဝတ်အစား ဝတ်ဆင်ခြင်း၊ မဟာ့ရာကျောက် ခမည်းပေးခြင်း၊ နီလာကျောက် ခမည်းပေးခြင်း လုံးဝရှောင်ပါ။ တစ်နှစ်မပြည့်မချင်း စနေနံ၊ ဗုဒ္ဓဟူးနံ ပါသော အရပ်များသို့ ခေါ်သွား၍ မရပါ။ ချူချာတတ်ပါသည်။ မိဘထက် ဖိုးအေ၊ ဖွားအေများကို ပို၍ အကျိုးပေးတတ်ပါသည်။ မွေးချင်းပေါက်ဖော်များကြားတွင် တစ်သွေးတစ်မွေးဖြစ်ပြီး ကျန်းမာခြင်း၊ ပညာချွန်ခြင်း၊ လူချစ်လူခင်ပေါခြင်း ဂုဏ်များဖြင့် ဝင့်ကြွားနေလိမ့်မည်။ ရင်ပြည့်၊ ရင်ကယ်ခြင်း၊ နံရိုးနားတစ်ဝိုက်တွင် လေအမြဲခိုနေခြင်း ဖြစ်တတ်၍ အင်္ဂါ၊ သောကြာ နာမည်ရှင် ဆရာဝန်များ၊ မြန်မာသမားတော်ကြီးများနှင့် တိုင်ပင် ကုသပါ။ အင်္ဂါစ၊ တနင်္ဂနွေ ဆုံးသော နာမည်များ (ဥပမာ - စိုးအောင်၊ စန်းဦး)၊ သောကြာစ၊ ဗုဒ္ဓဟူးပိတ်သော နာမည်များ (ဥပမာ - သိန်းဝင်း၊ သက်ရွှေ) ကဲ့သို့ နာမည်မျိုးများ ဖြစ်လျှင် လုံးဝ မကုရ။

ကလေး၏ ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းများအတွက် နာမည်ပေးလျှင်. . .

(၁) တနင်္လာစ၊ တနင်္ဂနွေပိတ်ပြီး အလယ်တွင် ကြိုက်ရာထည့်၍ ရသော ဥပမာ- ကျော်အောင်၊ ကျော်မင်းဦး၊ ခိုင်မေဦး စသည့် နာမည်မျိုးများ။

(၂) မူလမွေးနံ ကြာသပတေးမှ တနင်္လာပိတ်မှည့်သော နာမည်မျိုးဖြစ်သည့် မင်းကြည်၊ မြတ်ကျော်၊ မင်းအောင်ကျော်၊ ဖြူသန္တာကျော်၊ ဖြူဖြူခိုင် စသည့် နာမည်မျိုးများ မှည့်ရမည်။

ပညာပြည့်စုံရုံမက ချမ်းသာခြင်း အကြောင်းတရား ကံများနှင့်ပါ ပြည့်စုံကြွယ်ဝနေသော ဇာတာရှင်ကလေးမျိုးဖြစ်၍ နာမည်မှည့် မမှားရန်နှင့် သူတစ်ပါးကို ရောင်းမပစ်ရန် အလွန်အရေးကြီးပါသည်။

✲ ✲ ✲ ✲ ✲

## ၁၃၆၁ ခု သောကြာနေ့တွင် ဖွားမြင်သောကလေးများအတွက်

မွေးနေ့မှစ၍ တစ်နှစ်တိတိ ငွေထည်ဝတ်ဆင်ခြင်း၊ ကြေးဖြင့်ပြုလုပ်သော ယတြာအဆောင်ပစ္စည်းများ ဝတ်ဆင်ပေးခြင်း လုံးဝရှောင်ပါ။ ရွှေတုများ ဝတ်ဆင်၍ မရသောကြောင့် ရွှေရတနာ အစစ်များ၊ ပတ္တမြားကဲ့သို့ အဖိုးတန်ကျောက်အစစ်များသာ ဝတ်ဆင်ပေးရမည်။ ရွှေတု ဆင်လျှင် ကလေးကိုယ်ပေါ် ရောက်သည်နှင့် ချူချာတတ်သည်။ ငယ်စဉ်အခါမှာ ခြေထောက်မခိုင်ဘဲ ခဏခဏ လဲတတ်၊ ထိခိုက်တတ်၍ ကလေး၊ ကလေးချင်း လွှတ်ပေးမထားရန် အထူးလိုအပ်သည်။ ပညာရေးတွင် ထိပ်တန်းထူးချွန်ရုံမက ဉာဏ်ရည် အတွေးအခေါ် အလွန်ထက်မြက်သော ဇာတာရှင်မျိုး ဖြစ်၍ ဦးခေါင်းပိုင်းကို ခေါက်ခြင်း၊ ရိုက်ပုတ်ခြင်း လုံးဝရှောင်ပါ။ လေဆန်နာ ပါလာတတ်၍ မကြာခဏ ဗိုက်နာတတ်သောကြောင့် ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင် ဆရာဝန်များ၊ မြန်မာသမားတော်များနှင့် ကုသပါ။ ဗုဒ္ဓဟူး၊ စနေ ပူးသော နာမည်မျိုးများ လုံးဝရှောင်ပါ။ ဤကလေးကို မွေးပြီးသည်နှင့် ဖခင်၏ အောင်မြင်မှုများ စတင်ပြီဖြစ်သောကြောင့် ကလေး၏ ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းများအတွက် ကြာသပတေးစ၍ စနေပိတ်သော နာမည်မျိုးသာ မှည့်ရမည်။ အလယ်တွင် မွေးနံထည့်၍ ရသည်။

ဥပမာ- မင်းသိန်းထွန်း၊ မြတ်သက်နိုင်၊ ဖြူသီရိနွယ် စသော နာမည်မျိုးသာ မှည့်ရမည်။

မူလမွေးနံမှစ၍ စနေဖြင့် လှမ်းပိတ်သော သိန်းထက်၊ သန်းနိုင်၊ ဟန်နီကဲ့သို့ နာမည်များမှည့်၍ရသော်လည်း ဤဇာတာရှင်ကလေးများအတွက် ထိုသို့ တွဲနည်းကို မမှည့်စေချင်ပါ။

❋ ❋ ❋ ❋ ❋

## ၁၃၆၁ ခု စနေနေ့တွင် ဖွားမြင်သော ကလေးများအတွက်

မွေးနေ့မှစ၍ တစ်နှစ်တိတိ ကလေးကို မြကျောက် မဆင်ရ၊ ခမည်း မပေးရ၊ အခြားပစ္စည်းခမည်းပေးလျှင်လည်း မုဆိုးမပေးသော (ဖွားအေမှလွဲ၍) ခမည်း မဖြစ်စေရ။ လိမ္မော်ရောင် အဝတ်အစား မဆင်ရ။ 'အ'မင်္ဂလာနေရာများသို့ ကလေးကို ခေါ်မသွားရ။ ကလေးကို အတတ်နိုင်ဆုံး ကိုယ့်သဘောနှင့် ဆေးမထိုးသင့်ပါ။ လေနှင့်ဝမ်းနှင့် မကွဲခြင်း၊ နှုတ်ခမ်းကလေးများ၊ ပါးစပ်ကလေးများ၌ အပူနာပေါက်ခြင်းဖြစ်ပါက တနင်္ဂနွေ၊ တနင်္လာ နာမည်ရှင် ဆရာဝန်ကြီးများ၊ မြန်မာသမားတော်ကြီးများနှင့် ကုသပါ။ ဆီးနည်းနည်းဝါလျှင် မကြောက်ပါနှင့်။ မိခင် အစားမှား၍ ဖြစ်ပါသည်။ မိခင် အစားဆင်ခြင်ရန်သာ အရေးကြီးပါသည်။ ကလေးကို နောက်ထပ် မိဘ နှစ်ပါးထပ်ပေါ် လာဖို့ လိုပါသည်။ ဖအေ (၂)ဦး၊ မအေ (၂)ဦး ဖြစ်နေလျှင် ကလေး အလွန်ကျန်းမာ၊ ချမ်းသာခြင်းနှင့် ပြည့်စုံလိမ့်မည်။ (စာချုပ်နှင့် မွေးစားရန်၊ ပေးရန် မဟုတ်ပါ) မိဘနှစ်ပါး၏ ညီအစ်ကို မောင်နှမများနှင့် နားလည်မှုရှိလျှင် ကလေးတွင် ဖခင် (၂)ဦး၊ မိခင် (၂)ဦး ဖြစ်ပါပြီ။ ထူးထူးခြားခြား မိခင်ကို အကျိုးပေးပါလိမ့်မည်။ အထိအခိုက် မဆိုစလောက်ရှိ၍ ကလေး၊ ကလေးချင်း လွှတ်ပေးမထားဖို့ လိုပါသည်။ ယခု တစ်နှစ်တွင် ပတ္တမြားသည် အဆောင်၊ ခမည်း ဖြစ်သော်လည်း တစ်နှစ်ကျော်မှ စ၍ မြကျောက်သည် အကောင်းဆုံး ခမည်း ဖြစ်ပါပြီ။ ကလေး၏ ကြီးပွားရာ ကြီးပွားကြောင်း၊ တိုးတက်ရာ တိုးတက်ကြောင်းအတွက် နာမည်

ကို...

(၁) မွေးနံနှင့် မှည့်သည်ထက် ကြာသပတေးစ၍ တနင်္လာပိတ်သော မှည့်နည်းဖြင့် မှည့်လျှင် ကလေး၏ ပညာချွန်မှု၊ ကျန်းမာမှု၊ ချမ်းသာမှုတို့ကို မျက်ဝါးထင်ထင် မြင်ရမည် ဖြစ်၏။ ဥပမာ - မြတ်မင်းကို၊ မြင့်ထွန်းကျော်၊ ဖြူသင်းခိုင်၊ ဖြူရတနာခိုင်။

(၂) အချို့ပညာရှင်တို့သည် မွေးနံစနေမှ တနင်္လာလှမ်းပိတ်မှည့်တတ်ကြသည်။ ဥပမာ - ထွန်းကျော်၊ တင်ကြည် စသည့်နာမည်မျိုးများဖြစ်သည်။ သို့သော် အင်္ဂဝိဇ္ဇာပညာခန်းအရ တြိရန်းခိုက်သောကြောင့် မကြိုက်၍ ထိုနည်းကို အမိက မထားချင်ပါ။

* * * * *

## ၁၃၆၁ခု ရာဟု (ဗုဒ္ဓဟူး ညနေပိုင်း)နေ့တွင် ဖွားမြင်သော ကလေးများအတွက်

မွေးနေ့မှစ၍ တစ်နှစ်အတွင်း ပတ္တမြားဖြစ်စေ၊ အခြားကျောက်နီဖြစ်စေ၊ လုံးဝမဆင်ရ၊ ခမည်းမပေးရ၊ ကျန်းမာရေး ထိခိုက်သွားလိမ့်မည်။ မိခင်၊ ဖခင်များ အခက်အခဲဖြင့် မွေးလာရမည့် ကလေးဖြစ်သောကြောင့် ကလေး၏မွေးနေ့ တစ်လပြည့်လျှင် သံဃာတော် အရှင်သူမြတ်များကို ပင့်ဖိတ်ပြီး အိမ်တွင် အလှူတစ်ခုခု ပြုလုပ်လိုက်ပါ။ မိခင်၊ ဖခင်တို့သည် ဤကလေး မွေးပြီးချိန်မှစ၍ ဘာသာတရားကို အလွန်ကိုင်းရှိုင်းပါ။ ကလေးသည် အသားဝါတတ်သည်။ သည်းခြေနှင့်ဆိုင်သော ကျန်းမာရေးဖြစ်တတ်သည်။ လုံးဝမကြောက်ပါနှင့်။ အင်္ဂါ၊ စနေ နာမည်ရှင် ဆရာဝန်များ၊ မြန်မာသမားတော်များနှင့် ကုလျှင် အားလုံးကောင်းသွားမည် *ဖြစ်ပါသည်။* ကလေးကို ချီထားရင်း သရဏဂုံ (၃၀)ကို အမြဲရွတ်ပါ။ ကလေးအိပ်နေလျှင်လည်း ကလေးမျက်နှာကို ကြည့်၍ သရဏဂုံ (၃၀)ကို အမြဲရွတ်ပါ။ ကလေးသည် ချစ်သူခင်သူ အလွန်ပေါလိမ့်မည်။ ဤကလေးကို မွေးပြီးမှ အိမ်သို့ ဧည့်သည်များစွာ ရောက်တတ်သည်။

ဤကလေး၏ ကြီးပွားရာကြီးပွားကြောင်း၊ ချမ်းသာရာချမ်းသာကြောင်းအတွက် နာမည်ပေးလိုလျှင် ဗုဒ္ဓဟူးကဲ့သို့ တွဲပေးပါ။

(၁) တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး ပိတ်သော နာမည်မျိုးများ။ ဥပမာ - အောင်ခိုင်မင်း၊ အောင်ကျော်မြတ်။

(၂) မူလမွေးနံမှ တနင်္လာပိတ် မှည့်သောနာမည်မျိုးများ။

ဥပမာ - ရတနာကြည်၊ ရွှေယမင်းခိုင်။

(၃) မူလမွေးနံမှ ကြာသပတေး ပိတ်သော နာမည်မျိုးများ။

ဥပမာ - ရွှေယဉ်မင်း၊ ယဉ်သူဇာဖြူ။

(၄) မူလမွေးနံမှ တနင်္ဂနွေပိတ်မှည့်သော နာမည်မျိုးများ။

ဥပမာ - ရွှေရည်ဦး၊ လှဲ့ရတနာအောင်။

❊ ❊ ❊ ❊ ❊

## ၁၂၉၆၊ ၁၃၀၄၊ ၁၃၁၂၊ ၁၃၂၀၊ ၁၃၂၈၊ ၁၃၃၆၊ ၁၃၄၄ ခုနှစ် မွေးဖွားကြသော တနင်္ဂနွေသားသမီးတို့အတွက်

### (၁) ထူးခြားဖြစ်စဉ်

အမျိုးသားများ အလုပ်ထဲတွင် ပြဿနာဖြစ်တတ်သည်။ အထက် လူကြီးများ၏ ယုံကြည်မှုကိုမရဘဲ ရှိတတ်သည်။ ကြိမ်ဖန်များစွာ ထပ်ခါ တလဲလဲ လုပ်နေရတတ်သည်။ အမျိုးသမီးတို့ ဖခင်(သို့) ဖခင်ကဲ့သို့ ခန သောသူ၏ ကျန်းမာရေး အထူးပူပင်ရတတ်သည်။ အိမ်တွင်းရေးပြဿနာ များရှိမည်။ ယခုနှစ်အတွင်း အိမ်ပြင်ဆောက်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်း၊ အလုပ်အကိုင်ပြောင်းရွှေ့ခြင်းတို့ မပြုလုပ်သင့်သောကာလ ဖြစ်သည်။ အားကိုးရာ မရှိ ဖြစ်တတ်သည်။ ၁၃၀၄၊ ၁၃၂၀၊ ၁၃၂၈တို့ ပိုဖြစ်တတ် သည်။ အိမ်ထောင်မရှိသော အမျိုးသားများ အချစ်နယ်ကျွံ၍ အိမ်ထောင် ကျတတ်သည်။ အနုပညာနယ်မှ ပုဂ္ဂိုလ်များဖြစ်ပါက အောင်မြင်မှုရရှိမည့် အချိန်ကာလဖြစ်မည်။ စားသောက်ဆိုင်ပိုင်ရှင်များ၊ အနုပညာပစ္စည်းရောင်း ဝယ်သူများ၊ ခရီးသွားလုပ်ငန်း လုပ်ကိုင်သူများ အဆင်ပြေမည့်အချိန် ဖြစ် သည်။ သားကြီး သမီးကြီးများအတွက် စိတ်ချမ်းသာမှုရတတ်သည်။ အောင် မြင် မှုကို ကြုံတွေ့ရတတ်သည်။ အမျိုးသမီးများ ခရီးရှည်ထွက်ရတတ် သည်။ နိုင်ငံခြားခရီးသွားလိုသူများ အောင်မြင်စွာ သွားဖြစ်မည်။ ၁၃၂၀၊ ၁၃၂၈၊ ၁၃၄၄၊ ၁၂၉၆ ခုဖွားတို့ ပိုမိုဖြစ်တတ်သည်။ အကျင့် သီလတရားတို့ ကောင်းမွန်စွာ စောင့်ထိန်းနေထိုင်ခြင်းဖြင့် အောင်မြင်မှုပန်းတိုင် ရောက်ရှိ

မည်။ တီဗီကဲ့သို့သော အသံထွက် ပစ္စည်းကိရိယာတို့ ဝင်မည်။

အစုစပ်လုပ်ငန်း လုပ်ကိုင်နေသူများ အခြေအနေမကောင်းသလို လိုနှင့် မထင်မှတ်သော အောင်မြင်မှုများ ရတတ်သည်။ ဆရာကောင်းတွေ့ ရတတ်သည်။ အကြံအစည်တို့ အောင်မြင်တတ်သည်။ စက်ကိရိယာ အသစ်များ ဝင်တတ်သည်။ ဆေး၊ စက်ပစ္စည်းရောင်းဝယ်သူများ၊ စိန် ရောင်းဝယ်သူများ၊ အင်္ဂါနံ ရောင်းဝယ်သူတို့ အခြေအနေပြန်ကောင်းနိုင် သည်။ လုပ်ငန်းရှင်များ လက်အောက်ဝန်ထမ်းကောင်းများ ရရှိတတ်သည်။ အကျိုးပေးမည်။ အစုစပ် လုပ်ကိုင်လိုသူတို့ ပေါ်လာတတ်သည်။ ၁၃၂၀၊ ၁၃၂၈၊ ၁၃၃၆ ခု မွေးသူတို့ ပိုဖြစ်တတ်သည်။

ငယ်ရွယ်သူဖြစ်ပါက အချစ်ဟောင်းကိစ္စတို့ ပြန်ပေါ်တတ်သည်မှ လွဲ၍ အချစ်ရေးကောင်းသည်။ ယခင်နှစ်များက ငွေချေးငှားခြင်းတို့ ရှိပါ က အကြိမ်ကြိမ်ပြန်တောင်းမှ ရတတ်သည်။ မင်္ဂလာကိစ္စ အသင့်အတင့် သာ လုပ်ကိုင်သင့်သည်။ မိခင်(သို့)မိခင်ကဲ့သို့ နေသူထံမှ အကူအညီရ တတ်သည်။ အသုံးပြုပြီးကားများ ဝင်တတ်သည်။ ကား အရောင်းအဝယ်၊ ကျောက်အရောင်းအဝယ် လုပ်ကိုင်သူတို့ ပစ္စည်း အဟောင်း လက်ကျန်များ ဝင်မည်။ ငွေဝင်တတ်သော်လည်း ဝင်သလောက် ကုန်တတ်သည်။ ၁၃၂၀ ခုနှစ်ဖွားတို့ ပိုမို ဖြစ်မည်။

အဓိပ္ပါယ်မရှိသော ရွှေရောင်ပစ္စည်းများ မဝင်စေရ။ ရွှေရောင် ပစ္စည်းများ ပျက်စီးမည်။ ထွက်တတ်သည်။ အမျိုးသားတို့ တန်းဘူ ညီ အစ်ကိုမောင်နှမတို့နှင့် ရန်ဖြစ်ရတတ်သည်။ ညီအစ်ကိုမောင်နှမတို့အတွက် ပူပင်ရတတ်သည်။ လေရောဂါရှိသူတို့ ကျန်းမာရေးအထူး ဂရုစိုက်ရန် လို သည်။ ရင်၊ ဝမ်း၊ အစာအားမိခြင်း၊ ရေချိုးမှားတတ်ခြင်းတို့ ဖြစ်တတ်သည်။ သားငယ် သမီးငယ်တို့အတွက် ပူပင်ရတတ်သည်။ သင်္ချာနှင့်ဆိုင်သော ပညာများ နက္ခတ်ပညာနှင့်ဆိုင်သော ပညာများကို လိုက်စားသူတို့ အခက် အခဲဖြစ်တတ်သည်။ သူတစ်ပါးကိစ္စများကို ဝင်ရောက်ပါဝင်ပါက အရှက် ရတတ်သည်။ ရွှေဆိုင်ရောင်းဝယ်သူများ၊ စက်လှေထောင်ထားသော ရေ လုပ်ငန်းရှင်များ အခက်အခဲကြုံရတတ်သည်။ ၁၂၉၆၊ ၁၃၂၀ ခုဖွားသူတို့ ပိုမိုသတိထားရမည်။

ဤနှစ်အတွင်း ဥပဒေနှင့် မကင်းသော ကိစ္စများကို အတတ်နိုင်ဆုံး ရှောင်ရမည်။ ခရီးဝေးထွက်ခြင်းဖြင့် ကျန်းမာရေးညံ့တတ်သည်။ လူမျိုးကွဲ များနှင့် ဆက်စပ်လုပ်ကိုင်ရသော အလုပ်များ အကျိုးမပေးပါ။ အဝေးမှ ညှိသည်တို့၏ ပြဿနာအရှုပ်အရှင်းကိစ္စကြားထဲ ဝင်မပါရ။ သူများ

ပြဿနာ မိမိပြဿနာ ဖြစ်တတ်သည်။ အားကိုးရာမရှိသော ဘဝရောက်ရတတ်သည်။ အိမ်တွင်း အမှုထမ်းများကြောင့် ပြဿနာဖြေရှင်းရတတ်သည်။ ၁၃၄၄၊ ၁၃၂၀၊ ၁၃၁၂ ခုနှစ်ဖွားသူတို့ ပိုမိုသတိထားရမည်။

ငယ်ရွယ်သော ပညာသင်လူငယ်များ ပညာရေးတွင် ထပ်ကာ ထပ်ကာ ကြိုးစားရမည်။ ပညာရပ်နှင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေရသော ပုဂ္ဂိုလ်များ လုပ်ငန်းအနည်းငယ်တန့်မည်။

## (၂) စီးပွားရေး

သစ်လုပ်ငန်းများ၊ အနုပညာနှင့်ဆိုင်သော လုပ်ငန်းများ၊ ပန်းပုလုပ်ငန်းများ၊ အလှပြုပြင်ရေးလုပ်ငန်းများ စကားများစွာ ပြောဆိုရသော အလုပ်များ၊ ခရီးသွားလာရေးဆိုင်ရာအလုပ်များ အောင်မြင်မှုရမည်။ တိုးချဲ့သင့်သည်။ အစုစပ်လုပ်ငန်းများ လုပ်ကိုင်နိုင်သည်။ လူမျိုးကွဲ အကျိုးမပေးပါ။ အောက်လူအမှုထမ်းကောင်းများ ရမည်။ အဝင်အထွက်ရှိမည်။ စနေနံလုပ်ငန်းများဖြစ်သော ထီး၊ ဖိနပ်၊ အထည်အလိပ် လုပ်ငန်းများ တနင်္ဂနွေနံအလုပ်များ အခက်အခဲရှိတတ်သည်။ အလုပ်စတင်လုပ်ကိုင်လိုသူတို့ အခက်အခဲအမျိုးမျိုး ကြုံရတတ်သည်။ သောကြာ၊ တနင်္လာ အလုပ်တို့သာ ရွေးချယ်လုပ်ကိုင်သင့်သည်။

## (၃) ကျန်းမာရေး

ရင်၊ ဝမ်း၊ ဥဝဒ်ပေးတတ်သည်။ လေရောဂါရှိသူတို့ အထူးဂရုစိုက်ရမည်။ အကြောထိခိုက်တတ်သည်။ ရေချိုးမှားတတ်ခြင်း၊ အအေးပတ်ခြင်းတို့ ဖြစ်တတ်သည်။ သောကြာ၊ တနင်္လာ နာမည်ရှင် ဆရာဝန်များ၊ ဆေးဆရာများနှင့် ကုသမှုခံယူမှသာ ဆေးတိုးမည်။ ဗောဓိဖြုတ်သုတ်ရွတ်ပြီးမှ သုံးမင်းစားသင့်သည်။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကြောင့် ကံပွင့်လာတတ်သည်။ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းမှ ရှောင်ပါ။ |
| အမျိုးသမီးများ | ခင်ပွန်းသည်နှင့် ဆန့်ကျင်ဘက် ဖြစ်တတ်သည်။ ခင်ပွန်းသည် ခရီးဝေးထွက်ရန် အကြံအစည်ရှိပါက အောင်မြင်တတ်သည်။ |

သားသမီးများ ဆန့်ကျင်ဘက်ပြုမူတတ်သည်။ သားငယ် သမီးငယ်တို့ အပေါင်းအသင်းများ၍ ခိုက်ရန်ဖြစ်ပွားတတ်သည်။ ညင်သာစွာ ကိုင်တွယ်ပါ။

## (၅) ချစ်ရေးချစ်ရာ

အချစ်ဟောင်းကိစ္စများကြောင့် အနည်းငယ် စိတ်ညစ်ရသည်မှအပ အချစ်ရေး ကံကောင်းသည်။ ချစ်သူမရှိသေးသောသူများ သိက္ခမ်းဖူးသူများထဲမှ ချစ်ရေးဆိုတတ်သည်။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေးတွင် စိတ်လေနေတတ်၍ ဂရုစိုက်ကြိုးစားရန်လိုသည်။ သူတစ်ပါး အားမကိုးဘဲ မိမိဘာသာ အားကိုးမှသာ အောင်မြင်မှုရမည်။

**ဝန်ထမ်းရေးရာ** အကြီးအကဲတို့အား ကူညီမှုပြုရမည်။ အလုပ်အပြောင်းအလဲပြုလုပ်ပါက စိတ်ညစ်ရတတ်သည်။ ပြဿနာမဖြစ်စေရန် အမြဲသတိရှိပါ။

## (၇) နိုင်ငံခြားခရီး

ခရီးသွားရန် အခြေအနေ ပေးမည့်ကာလဖြစ်သည်။ သောကြာ၊ တနင်္လာ နာမည်ရှင်တို့နှင့် တိုင်ပင်၍ လုပ်ကိုင်ဆောင်ရွက်ပါ။ T.D.U.M.I အက္ခရာပါသော နိုင်ငံများသို့ သွားလိုသူများ အခက်အခဲဖြစ်တတ်သည်။

## (၈) နာမည်နှင့် ကြုံတွေ့မှုများ

တနင်္ဂနွေ၊ ကြာသပတေး အပြန်အလှန်ပူးသောနာမည်ရှင်များ (ဥပမာ- အောင်မြင့်၊ မျိုးဦး) ဖြစ်ပါက အခက်အခဲကြုံတွေ့ရတတ်သည်။ ရင်းနှံမည်ရှင်များကြောင့်လည်း စိတ်ဒုက္ခရောက်ရတတ်သည်။

## (၉) ဝင်သင့်၊ မဝင်သင့်သည်များ

အနီရောင်ပစ္စည်းများ၊ အင်း၊ လက်ဖွဲ့အမျိုးမျိုး မဝင်သင့်။ မဆောင်ဒိုင်ကယ် မဝင်သင့်(ရှိသူများ သတိထားစီးပါ)။ အဓိပ္ပါယ်မရှိသော င်ပစ္စည်းများ မဝင်သင့်။ တီဗီအစရှိသော အသံထွက် အလှအပ

သားသမီးများ ဆန့်ကျင်ဘက်ပြုမူတတ်သည်။ သားငယ် သမီးငယ်တို့ အပေါင်းအသင်းမှား၍ ခိုက်ရန်ဖြစ်ပွားတတ်သည်။ ညင်သာစွာ ကိုင်တွယ်ပါ။

## (၅) ချစ်ရေးချစ်ရာ

အချစ်ပဟောင်းကိစ္စများကြောင့် အနည်းငယ် စိတ်ညစ်ရသည်မှအပ အချစ်ရေး ကံကောင်းသည်။ ချစ်သူမရှိသေးသောသူများ သိက္ခာမ်းဖူးသူများထဲမှ ချစ်ရေးဆိုတတ်သည်။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေးတွင် စိတ်လေနေတတ်၍ ဂရုစိုက်ကြိုးစားရန်လိုသည်။ သူတစ်ပါး အားမကိုးဘဲ မိမိဘာသာ အားကိုးမှသာ အောင်မြင်မှုရမည်။

**ဝန်ထမ်းရေးရာ** အကြီးအကဲတို့အား ကူညီမှုပြုရမည်။ အလုပ်အပြောင်းအလဲပြုလုပ်ပါက စိတ်ညစ်ရတတ်သည်။ ပြဿနာမဖြစ်စေရန် အမြဲသတိရှိပါ။

## (၇) နိုင်ငံခြားခရီး

ခရီးသွားရန် အခြေအနေ ပေးမည့်ကာလဖြစ်သည်။ သောကြာ၊ တနင်္လာ နာမည်ရှင်တို့နှင့် တိုင်ပင်၍ လုပ်ကိုင်ဆောင်ရွက်ပါ။ T.D.U.M.I အက္ခရာပါသော နိုင်ငံများသို့ သွားလိုသူများ အခက်အခဲဖြစ်တတ်သည်။

## (၈) နာမည်နှင့် ကြုံတွေ့မှုများ

တနင်္ဂနွေ၊ ကြာသပတေး အပြန်အလှန်ပူးသောနာမည်ရှင်များ (ဥပမာ- အောင်မြင့်၊ မျိုးဦး) ဖြစ်ပါက အခက်အခဲကြုံတွေ့ရတတ်သည်။ ရင်းနှံမည်ရှင်များကြောင့်လည်း စိတ်ဒုက္ခရောက်ရတတ်သည်။

## (၉) ဝင်သင့်၊ မဝင်သင့်သည်များ

အနီရောင်ပစ္စည်းများ၊ အင်း၊ လက်ဖွဲ့အမျိုးမျိုး မဝင်သင့်။ မဆောင်သင့်။ ဆိုင်ကာယ် မဝင်သင့်(ရှိသူများ သတိထားစီးပါ)။ အဓိပ္ပါယ်မရှိသော ရွှေရောင်ပစ္စည်းများ မဝင်သင့်။ တီဗီအစရှိသော အသံထွက် အလှအပ

ပစ္စည်းများ ဝင်မည်။ ဝင်သင့်သည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

ခရီးဝေးသွားခြင်းနိမိတ်များ၊ သားသမီးရတနာထွန်းကားသော နိမိတ်များ တွေ့ပါက မိမိအတွက် အထူးအောင်မြင်တတ်သည်။

## (၁၁) ဆောင်ရန်

သောကြာ၊ တနင်္လာ၊ အင်္ဂါနာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးမည်။ ၎င်းနံသင့်ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းဖြင့် အကျိုးအမြတ်ရနိုင်သည်။ ၎င်းနံသင့် ပန်းများ ဘုရားလှူပါ။ ၁၊ ၂၊ ၃၊ ၉ ဂဏန်းများ အကျိုးပေးမည်။

## (၁၂) ရှောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပြုပါ။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းဝယ်ခြင်း ရှောင်ပါ။ ၁၊ ၄၊ ၀၊ ၈ ဂဏန်း အကျိုးမပေး။ ၎င်းနံသင့် အစားအစာများ အထူးသတိထား၍ စားပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

တန်ခိုးကြီးဘုရားများသို့ မကြာခဏသွား၍ သောကြာထောင့်တွင် ရွှက်လှလက်တစ်ဆုပ် မကြာခဏ လှူပေးပါ။ မုန့်လုံးရေပေါ် မကြာခဏ လှူပေးပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

သစ်သီး ၆မျိုး ဆွမ်းတော်ကပ်ခြင်းကို တစ်လတစ်ကြိမ် သောကြာနေ့ ရွေး၍ ပြုလုပ်ပါ။ ထိုနေ့တွင်ပင် ရှင်သီဝလိရဟန္တာကြီးကို သစ်သီးဆွမ်းကပ်လှူပူဇော်ပါ။ မြောက်ဘက်အရပ်သို့ မျက်နှာမူ၍ မဟာဝေဒပ္ပမန္တန် ၉ကြိမ် ရွတ်ခြင်းကို တစ်နှစ်လုံးပြုလုပ်ပါ။ သီးသားပုတီးနှင့် ဂုဏ်တော်ကွန်ချာ စိပ်ခြင်းကို တောက်လျှောက်ပြုလုပ်ပါ။ ထူးခြားစွာ အောင်မြင်လာလိမ့်မည်။

❋ ❋ ❋ ❋ ❋

၁၂၉၆၊ ၁၃၀၄၊ ၁၃၁၂၊ ၁၃၂၀၊ ၁၃၂၈၊ ၁၃၃၆၊ ၁၃၄၄ ခုနှစ် မွေးသော
တနင်္ဂနွေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၆ | ✱ | ● | ※ | × | ✱ | ● | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၀၄ | ✱ | ● | ※ | × | ✱ | ● | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၁၂ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၂၀ | ✱ | ● | ※ | × | ✱ | ● | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၂၈ | ✱ | ● | ※ | × | ✱ | ● | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၃၆ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |
| ၁၃၄၄ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၇၊ ၁၃၀၅၊ ၁၃၁၃၊ ၁၃၂၁၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၄၅ ခုနှစ် မွေးဖွားကြသော တနင်္ဂနွေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မိမိနှင့်မဆိုင်သော အလုပ်ကိစ္စများ ထူးထူးခြားခြား လုပ်ရတတ်သည်။ ထိုအလုပ်များဖြင့် နာမည်ရတတ်သည်။ သားငယ် သမီးငယ်တို့ ထူးထူးခြားခြား အောင်မြင်မှုကြုံရတတ်သည်။ ညီအစ်ကိုမောင်နှမများ ထူးခြားစွာ အကျိုးပေးမည်။ အမျိုးသမီးများ ရွှေဝင်မည်။ ရွှေဆိုင်ပိုင်ရှင်များ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ အကျိုးပေးမည့်အချိန် ဖြစ်သည်။ ၁၃၂၁၊ ၁၃၂၉ ခုနှစ် မွေးသူတို့ ပိုမို ဖြစ်တတ်သည်။ အမျိုးသားများ အလုပ်ထဲမှ ပိုက်ဆံကိုင်တွယ်ရပါက အထူးသတိထားကိုင်တွယ်ရမည့်နှစ် ဖြစ်သည်။ အထက်လူကြီးများက ကြည့်ရှုတတ်သည်။ ကိုယ်ပိုင်အလုပ် လုပ်ကိုင်ရန် ကြံစည်ထားသူများ လုပ်ငန်းစတင်သင့်သည့်နှစ် ဖြစ်သည်။ ငွေကြေးခက်ခဲမှု ရှိတတ်သည်။ ဖခင် (သို့)ဖခင်ကဲ့သို့ နေသူများထံမှ ကူညီထောက်ပံ့မှုများ ရရှိတတ်သည်။ အိမ်ငှားနေသူများ အိမ်ကောင်းရတတ်သည်။ အနီရောင်ရှိသော ပစ္စည်းများ ဝင်လာတတ်သည်။ အိမ်ရှိ ဘုရားစင်အား သန့်ရှင်း စင်ကြယ်စွာ ထား၍ ပူဇော်ရမည်။ ၁၃၂၉၊ ၁၂၉၇ ခုဖွားမြင်သူတို့ ပိုမို လုပ်သင့်သည်။ အလုပ်ဟောင်းကိစ္စများအတွက် ပူပင်ရတတ်သည်။ သိကျွမ်းခဲ့ဖူးသော လူမျိုးကွဲများက အလုပ်အကိုင်နှင့်ပတ်သက်၍ ကမ်းလှမ်းတတ်သည်။ အစုစပ်လုပ်ငန်းများ သောင်မတင် ရေမကျဖြစ်တတ်

သည်။ သူတစ်ပါးကိစ္စကူညီခြင်းဖြင့် လုပ်ငန်းများ အကြံအစည်များ အောင်မြင်တတ်သည်။ အနက်ရောင်ရှိသော တွင်းထွက်များ လက်ဆောင်ရတတ်သည်။ နာရီအသစ်မဝင်သင့်သောနှစ် ဖြစ်သည်။ အထည်အလိပ်လုပ်ငန်းရှင်များ၊ ထီအခရောင်းအဝယ်၊ ထီး၊ ဖိနပ် ထုတ်လုပ်ရေးလုပ်ငန်းများ အခြေအနေပြန်ကောင်းလာမည်။ ၎င်းနံ ရောင်းသူတို့ ဗုဒ္ဓဟူးသားနာမည်ရှင်တို့ကြောင့် စိတ်ညစ်ရတတ်သည်။ ရေလုပ်ငန်း၊ ရွှေဆိုင်များ၊ လူမျိုးကွဲ စနေသားသမီးတို့ကြောင့် ပြဿနာများ ရှင်းရတတ်သည်။

အဝေးမှလာသော ဆွေးမျိုးသားချင်းများ၏ ပြဿနာများ ရှင်းရတတ်သည်။ သီလမရှိသော သစ္စာမရှိသော သူများက ပြဿနာရှာတတ်သည်။ နိုင်ငံခြားခရီးထွက်လိုသူတို့ လူမျိုးကွဲများနှင့် ကြာသပတေးသားသမီးတို့ကြောင့် ငွေများ ဆုံးရှုံးတတ်သည်။ အိမ်ထောင်ရှိ အမျိုးသားတို့ ဇနီးသည်ကို အဝေးတစ်နေရာ ခရီးသွားခြင်းကို ခွင့်မပြုသင့်။ အနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်တို့ ပြဿနာမျိုးစုံ ရင်ဆိုင်ရဟုတတ်သည်။ နှလုံးသားရေးရာကိစ္စ အရှုပ်အရှင်းဖြစ်တတ်၍ အရှက်ကွဲရတတ်သည်။ အသံထွက် အလှအပပစ္စည်းများ ပျက်မည်။ အသစ်ဝယ်ယူခြင်း ပြုပါက နေရင်း ထိုင်ရင်း ပြဿနာထဖြစ်တတ်သည်။ စားသောက်ဆိုင်လုပ်ငန်းများ၊ အလှပြုပြင်ရေးလုပ်ငန်းများ၊ ခရီးသွားခြင်းဆိုင်ရာ အလုပ်များ ဆင်ဆင်ခြင်ခြင် သတိထား၍ လုပ်ကိုင်ရန် လိုအပ်သည်။ အကျိုးပေးနည်းတတ်သည်။

ချစ်သူရှိပြီးသူတို့ မိတ်ဆွေအပေါင်းအသင်းတို့၏ သွေးထိုးစကားကြောင့် လမ်းခွဲရတတ်သည်။ အထူးသတိထားရန် လိုသည်။ ကားမောင်းသူတို့ သတိထားမောင်းနှင်ရမည်။ မကြာခဏ ပျက်နေလိမ့်မည်။ မင်္ဂလာကိစ္စကြီးကျယ်စွာ မဆောင်ရွက်သင့်သော အချိန်အခါဖြစ်သည်။ အလုပ်နှင့်ပတ်သက်၍ ငွေကြေးများ ကိုင်တွယ်ရခြင်း ရှိပါက ကိုယ်ကျိုးအတွက် မသုံး[illegible] အထူးအရေးကြီးသည်။ ငွေကိစ္စအတွက် ပူပင်သောကရောက်ရတတ်သည်။ အကြွေးများရှိပါက ပြေလည်အောင် ပေးဆပ်နိုင်မည်မဟုတ်သေး၊ ပိုင်ဆိုင်မှုပစ္စည်းများစွာ လက်လွှတ်ရတတ်သည်။ ကား အရောင်းအဝယ်ပြုလုပ်သူများ၊ ငွေကြေးကစားသူများ၊ ကျောက်ရောင်းဝယ်သူတို့ အထူးညံ့သည်။ အပြိုင်အဆိုင် အတိုက်အခိုက် ရှိတတ်သည်။ ခွေးကလေးများကို မကြာခဏ အစာကျွေးရမည်။

မိမိဇနီးဃည်ဘက်မှ အမွေကိစ္စရှိပါက ပြဿနာနှင့် အဆုံးသတ်ရတတ်သည်။ ပညာရေးနှင့်ဆိုင်၍ လုပ်ကိုင်ဆောင်ရွက်နေရသော ပုဂ္ဂိုလ်များ အခက်အခဲဖြစ်ရတတ်သည်။ မုဆိုးမ၊ တစ်ခုလပ်တို့နှင့် နှလုံးသားရေး

ရာ ကိစ္စရှုပ်ထွေးခဲ့ပါက ဒုက္ခကောင်းကောင်းပေးတတ်သည်။ ကိုယ်ဝန် သည်တို့အတွက် များစွာ ပူပင်ရတတ်သည်။ စုဆောင်းငွေကြေးများ ကုန် ခမ်းရတတ်သည်။ ပညာသင်လူငယ်တို့ အထူးကြိုးစားရမည်။ ဘာသာရပ် အလိုက် ကြေညက်စွာ လေ့လာရန် လိုသည်။ မြေရောင်းဝယ်သူများ၊ သင် တန်း ဖွင့်ထားသူတို့ မိသားစုကြောင့် စိတ်ညစ်ရတတ်သည်။

## (၂) စီးပွားရေး

သိပ္ပံနှင့် နည်းပညာဆိုင်သောလုပ်ငန်းများ အောင်မြင်မှုရတတ် သည်။ ရွှေရောင်းဝယ်သူများ၊ စက်လှေပိုင်သော ရေလုပ်ငန်းရှင်များ၊ ရေ သန့်လုပ်ငန်းရှင်များ အကျိုးပေးသည်။ အိမ်ဆောက်ပစ္စည်းနှင့် ကုန်မာ ပစ္စည်းရောင်းသူတို့ အခြေအနေကောင်းမည်။ ငွေတိုးချေးသူများ၊ သစ်ကုန်သည်များ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ခရီးသွားဆိုင်ရာ အလုပ် များ၊ အလှအပပစ္စည်းရောင်းဝယ်သူများ၊ ကားရောင်းဝယ်သူများ၊ အထူးညံ့ သည်။ ဗုဒ္ဓဟူးနံ၊ တနင်္ဂနွေနံ အလုပ်များကိုသာ ရွေးချယ်လုပ်ကိုင်ရန် ကောင်းသည်။ အစုစပ်လုပ်ငန်းများ အသင့်အတင့်သာ ကောင်းသည်။ နိုင်ငံခြားနှင့် ဆက်သွယ်လုပ်ကိုင်ရသော အလုပ်များ စိတ်တိုင်းမကျဘဲ ရှိမည်။ ငွေကြေးဆိုင်ရာ တိတိကျကျ ဆောင်ရွက်ရန် လိုအပ်သည်။

## (၃) ကျန်းမာရေး

ကားမောင်းကြမ်းသူတို့ အထူးသတိထားပါ။ ခြေထောက်တွင် ထိ ခိုက်ဒဏ်ရာရတတ်သည်။ ဗိုက်အတွင်းပိုင်း ဒုက္ခပေးတတ်သည်။ အမျိုး သမီးဆိုင်ရာရောဂါများ ဖြစ်တတ်သည်။ ဗုဒ္ဓဟူး၊ အင်္ဂါ ဆေးဆရာ၊ ဆရာ ဝန်တို့နှင့် ကုသမှုခံယူပါမှ ဆေးတိုးနိုင်သည်။ ၂၄ပစ္စည်းရွတ်ပြီးမှ ထမင်း စားပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည် အနာပေါက်ခြင်း၊ ထိခိုက်ရှနာ ဖြစ်ခြင်းကြောင့် မိမိမပါဘဲ ခရီးဝေးသို့ မလွှတ်သင့်ပါ။ |
| အမျိုးသမီးများ | ခင်ပွန်းသည်နှင့် ကောင်းတစ်လှည့် ဆိုး တစ်လှည့် ဖြစ်နေတတ်သည်။ မိမိအပေါ် အလိုလိုက်မည်။ |

သားသမီးများ — သားငယ် သမီးငယ်တို့ ထူးထူးခြားခြား အောင်မြင်တတ်ပြီး သားကြီး သမီးကြီး တို့ အတွက် ပူပင်ရတတ်သည်။ ကျန်းမာရေး ညံ့သည်။

## (၅) ချစ်ရေးချစ်ရာ

ချစ်သူမရှိသေးသောသူများ ကမ်းလှမ်းလာခြင်းအပေါ် သေချာစွာ စိစစ်၍ ရွေးချယ်သင့်သည်။ ချစ်သူရှိသူတို့ တခြားသူတို့ကြောင့် အထင် အမြင်လွဲမှားခြင်း ကြုံရတတ်၍ ပွင့်လင်းစွာ ဆက်ဆံသင့်သည်။ မင်္ဂလာ ကိစ္စကြီးကျယ်စွာ မဆောင်ရွက်သင့်သောနှစ် ဖြစ်၍ ခိုကလေးများ ကို နေ့ တိုင်း ပဲကျွေးပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

အထူးကြိုးစားရန် လိုသည်။

**ဝန်ထမ်းရေးရာ** — အခက်အခဲများကြားမှ အောင်မြင်တတ်သည်။ အကြီးအကဲတို့ ကူညီကြည့်ရှုတတ်သည်။

## (၇) နိုင်ငံခြားခရီး

ခက်ခက်ခဲခဲ ကြိုးစားရတတ်သည်။ ပြဿနာမျိုးစုံဖြစ်ပြီးမှ ဟုတ် မလိုလို ရှိမည်။ ကျန်းမာရေးလည်း ထိခိုက်တတ်၍ မသွားပါက ပိုကောင်း မည်။ မဖြစ်မနေသွားလိုသူများ ဗုဒ္ဓဟူး၊ တနင်္ဂနွေနာမည်ရှင်တို့နှင့်သာ ချဉ်းကပ်တိုင်ပင် ပြုလုပ်သင့်သည်။ S. A. L U အက္ခရာပါသော နိုင်ငံများ သာ အခွင့်အရေးရှိသည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

ဗုဒ္ဓဟူး၊ စနေ ပူးသောနာမည်ရှင်များ (ဥပမာ-ဝေထွန်း၊ ငွေးလင်း) တနင်္လာ နာမည်ရှင်များ (ဥပမာ-ကိုကို)ဖြစ်ပါက အခက်အခဲကြုံရတတ် သည်။ ၎င်းနာမည်ရှင်များကြောင့် စိတ်ညစ်ရတတ်သည်။

## (၉) ဝင်သင့်၊ မဝင်သင့်ခြင်းများ

ကျောက်၊ လုံးဝ မဝင်စေရ။ ခွေး-ကြောင်၊ ကြက်-အလှငါးများ လုံးဝ မမွေးရ။ မျက်မှန်ကျိုးပဲ့များ အမြန်ထုတ်ပါ။ ဘုရားစင်ကို အထူးသန့်

ရှင်းပါ။ အပြာရောင် ဝတ်ဆင်ခြင်း ရှောင်ပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

ဘုရားပုံတော် ကြွလာသော နိမိတ်ထူးများ တွေ့ခြင်း၊ သားသမီးများ အထူးအောင်မြင်သော နိမိတ်များ တွေ့ခြင်း၊ ကြားခြင်းများ ကြုံပါက အထူးအောင်မြင်မှုများရမည်။

## (၁၁) ဆောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ အင်္ဂါနာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ရွာများ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံသင့် ပန်းများ ဘုရားလှူပါ။ ၁၊ ၄၊ ၃၊ ၈ ဂဏန်းများ အကျိုးပေးမည်။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းဖြင့် အကျိုးခံစားရတတ်သည်။

## (၁၂) ရှောင်ရန်

သောကြာ၊ တနင်္လာ၊ ကြာသပတေးနာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ရွာများ၊ အရပ်ထောင့်များ အကျိုးမပြု။ ၎င်းနံသင့် အစာများ စားပါက သတိထားပါ။ ၎င်းနံသင့် ကုန်ပစ္စည်းများ ရောင်းဝယ်သိုလှောင်ခြင်း ရှောင်ပါ။ ၆၊ ၂၊ ၅၊ ၉ ဂဏန်းများ ရှောင်ပါ။ အပြာရောင် အဖြူရောင် ဝတ်ခြင်း ရှောင်ပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

တန်ခိုးကြီး ဘုရားများကို မကြာခဏသွား၍ စေတီတစ်ဝန်းလုံး လျှပ်စစ်မီးများ စိန်ဖူးတော်မီးများ လှူရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တန်ခိုးကြီးဘုရားတစ်ဆူဆူသို့ သွားပါ။ ဂြိုဟ်တစ်ခွင်လုံးရှိ ရုပ်ပွားတော်များ၏ ရင်ဘတ်တော်တိုင်းကို ရွှေပြားကပ်လှူပါ။ တစ်လတစ်ကြိမ်ပြုလုပ်ပါ။ ထူးထူးခြားခြား အောင်မြင်ပါလိမ့်မည်။ နေ့စဉ် မဟာဝေဒဗ္ဗမန္တန် ၉ကြိမ် ရွတ်၍ ထမင်းစားပြီးတိုင်း လမ်းခွေးလေးများကို မမေ့မလျော့ အစာကျွေးပါ။

❊ ❊ ❊ ❊ ❊

၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉, ၁၃၃၇, ၁၃၄၅ ခုနှစ် မွေးသော
တနင်္ဂနွေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၇ | ** | * | ✳ | × | ** | × | ** | ** | * | ✳ | × | ** | × |
| ၁၃၀၅ | ** | * | ✳ | × | ** | × | * | * | ● | ✳ | × | * | ● |
| ၁၃၁၃ | ** | * | ✳ | × | ** | × | ● | × | ** | × | ✳ | * | ** |
| ၁၃၂၁ | ** | * | ✳ | × | ** | × | ** | ** | ** | × | * | ✳ | * |
| ၁၃၂၉ | ** | * | ✳ | × | ** | × | ** | ** | ● | ✳ | × | ** | × |
| ၁၃၃၇ | ** | * | ✳ | × | ** | × | × | × | ● | * | ✳ | × | ** |
| ၁၃၄၅ | ** | * | ✳ | × | ** | × | ● | × | ** | × | ** | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးဖွားကြသော တနင်္ဂနွေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

အမျိုးသားများ စီးပွားရေးနှင့်ယှဉ်၍ စိတ်ကိုစွ ရှုပ်ထွေးတတ်သည်။ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ စီးပွားရေး အားကောင်းလာတတ်သည်။ ငွေဝင်ကောင်းသလို ဧည့်များ လာတတ်သည်။ အနုပညာလုပ်ငန်း လုပ်ကိုင်သူများ၊ စားသောက်ဆိုင်၊ ခရီးသွားခြင်းဆိုင်ရာအလုပ်များ၊ အခက်အခဲများ ကြုံလေ အောင်မြင်လေ ဖြစ်တတ်သည်။ အလှအပ အသုံးထွက်ပစ္စည်းများ ဝင်လာတတ်သည်။ ခရီးရှည်၊ နိုင်ငံခြားခရီး၊ ဘုရားဖူးခရီးထွက်လိုသူများ သွားရလာရတတ်သည်။ အခက်အခဲနှင့် အဆင်မပြေမှုများ စိတ်ညစ်ရမှုများ ရှိသော်လည်း အောင်မြင်မှုရရှိမည်။ ၁၃၃၀၊ ၁၃၂၂ ခုဖွားသူတို့ ပို၍ ကြုံရတတ်သည်။ အမျိုးသားများ ရုတ်တရက် အိမ်ထောင်ကျတတ်သည်။

ကားအရောင်းအဝယ်၊ ကျောက်အရောင်းအဝယ်လုပ်ကိုင်သူတို့ အထူးအကျိုးကျေးဇူး ခံစားရတတ်သည်။ မိခင် (သို့) မိခင်ကဲ့သို့ နေသူများထံမှ လက်ဆောင်ပစ္စည်းများ ရတတ်သည်။ ငွေကြေးအကူအညီများ ရမည်။ ငွေဝင်မည်။ ကားဝင်တတ်သည်။ ချစ်သူ မရှိသေးသောသူတို့ မိတ်ဆွေတို့ကြောင့် ချစ်သူရတတ်သည်။ အားကိုးရမည့် ချစ်သူ ဖြစ်တတ်သည်။ မင်္ဂလာဂြိုဟ် ကောင်းသည်။ အလှူအတန်းများ ကြီးကြီးကျယ်ကျယ် လုပ် သင့်သည်။ ကျောင်းဆောက်၍ လှူဒါန်းသင့်သည်။ ၁၂၉၈၊ ၁၃၀၆၊ ၁၃၁၄ တို့ ပိုမို အကျိုးပေးသည်။

ပညာတော်သင်ခရီးများ သွားရတတ်သည်။ အဝေးတစ်နေရာမှ ပိုင်ဆိုင်မှုအတွက် အမွေရတတ်သည်။ စုဆောင်းငွေကြေး တိုးပွားမည့် ကာလ ဖြစ်သည်။ ယခင်ချေးငှားထားသော ငွေများ ရှိပါက အကြိမ်ကြိမ် အလီလီခွဲ၍ ပြန်ရတတ်သည်။ ရပ်ဝေးမှ မိတ်ဆွေသစ်များ ရတတ်သည်။ အကူအညီများ ပေးရတတ်သည်။ ပညာသင်လူငယ်များ ပညာရေးကောင်းသည်။ ၁၃၃၀ ခုမွေးသူတို့ နှလုံးသားရေးရာ မရှုပ်ထွေးပါက ပိုမိုအကျိုးပေးမည်။ အဝေးမှ ဆရာတော်များကို ဖူးရတတ်သည်။

အလုပ်အကိုင်များ ဖြစ်မလိုလိုနှင့် အဖျားရှူးသွားတတ်၍ သေချာလုပ်ကိုင်သင့်သည်။ ရန်အတိုက်အခိုက်ရှိသော်လည်း သည်းခံရမည်။ ထပ်ခါထပ်ခါ လုပ်ရသော်လည်း ကြိုးစားရမည်။ အလုပ် ၂ခု တွဲလုပ်နေရတတ်သည်။ ရွှေဆိုင်ပိုင်ရှင်တို့ သတိထားရောင်းဝယ်ရမည်။ ရင်၊ ဝမ်း၊ လေရောဂါတို့ ဖြစ်တတ်၍ ဂရုစိုက်ရမည်။ အအေးမိခြင်း၊ ရေချိုးမှားခြင်းတို့ ကြုံရတတ်သည်။ ညီအစ်ကိုမောင်နှမတို့နှင့် ပြဿနာဖြစ်ရတတ်သည်။ သားငယ်သမီးငယ်များ၏ ကျန်းမာရေး ဂရုစိုက်ပါ။ အဓိပ္ပါယ်မရှိသော ရွှေရောင်ပစ္စည်းများ လုံးဝမဝင်စေရ။ ရွှေထွက်တတ်သည်။ လောင်းကစားကိစ္စများ ရှောင်ပါ။ ၁၃၃၀၊ ၁၃၄၆ ခု ဖွားသူများ ပိုသတိထားရမည်။ စက်လှေထောင်ထားသော ရေလုပ်ငန်းရှင်များ၊ ရေသန့်လုပ်ငန်းရှင်များ၊ လျှပ်စစ်ပစ္စည်း ရောင်းဝယ်သူများ အခက်အခဲ ကြုံရတတ်သည် ။ လူမျိုးကွဲများနှင့် ပတ်သက်၍ အစုစပ်လုပ်ငန်းများရှိပါက လမ်းခွဲရတတ်သည်။ လူမျိုးကွဲများ ပြဿနာရှာတတ်သည်။ လူတိုင်းကို မယုံသင့်။ အပ်နှံပစ္စည်း အထုပ်အထည်တို့ အလွယ်တကူ လက်မခံသင့်။ သူများ ပြဿနာ မိမိဘက် ရောက်လာတတ်သည်။ ဥပဒေနှင့်မကင်းသော ကိစ္စရပ်များ ရှောင်၍ လုပ်ကိုင်ပါ။ တရားဥပဒေကို လေးစားပါ။ လုပ်ငန်း အပြိုင်အဆိုင်ရှိသူများကြောင့် မိမိစီးပွားရေး ထိခိုက်တတ်သည်။ အောက်ခြေသိမ်း လုပ်ကိုင်ရသော ဝန်ထမ်းတို့ကြောင့် စိတ်ညစ်နေတတ်သည်။ ၁၃၀၆၊ ၁၂၉၈၊ ၁၃၃၀ ခု ဖွားတို့ ပိုသတိထားရမည်။

နှလုံးသားရေးရာကိစ္စများတွင် အနေမထတ်ပါက အစွပ်အစွဲခံရတတ်သည်။ အစုရှယ်ယာလုပ်ကိုင်လိုသူတို့ လုံးဝအကျိုးမပေးပါ။ စက်ကိရိယာများ ပျက်မည်။ စက်ပစ္စည်းရောင်းချသူများ၊ ဆေး၊ ဆန်၊ ဆီရောင်းဝယ်သူများ အခက်အခဲရှိသည်။ ဆီးရောဂါရှိသူတို့ အထူးဂရုစိုက်နေရမည်။ လုပ်ငန်းရှင်များ လက်အောက်ငယ်သား ဝန်ထမ်းများ ဒုက္ခပေးတတ်သည်။ ဆရာယောင်များ တွေ့ရတတ်သည်။ ဆေးမှား၊ အစာမှား

တတ်၍ သတိထားရမည်။ အကြွဲအစည်တို့ ပျက်မည်။ စိတ်ဝေဒနာသည်များကို မကြာခဏသွား၍ အာဟာရများ ကျွေးမွေးသင့်သည်။

## (၂) စီးပွားရေး

လုပ်ငန်းစတင်လုပ်ကိုင်လိုသူတို့ ဇွဲကြီးကြီးဖြင့် ကြိုးစားရတတ်သည်။ လိုရင်းမရောက်ဘဲ ဖြစ်ဖြစ်နေတတ်သည်။ အစုစပ်လုပ်ကိုင်ရန် အချိန်မကောင်း။ အစုစပ်လုပ်ငန်းများ ပြိုကွဲမည်။ လက်အောက်ဝန်ထမ်းများ၏ အခက်အခဲကို ဖြေရှင်းပေးနေရတတ်သည်။ စိတ်ညစ်ရတတ်သည်။ ဖောက်သည် အသစ်များ ရရှိလာတတ်သည်။ သောကြာ၊ တနင်္လာနံပါ အလုပ်များသာ စတင်လုပ်ကိုင်သင့်သည်။ စားသောက်ဆိုင်၊ ကားအရောင်းအဝယ်၊ ကျောက်မျက်ရောင်းအဝယ်၊ အလှအပပစ္စည်းရောင်းသူများ အရောင်းအဝယ် ကောင်းမည်။ အနုပညာရှင်များ ခက်ခက်ခဲခဲ ပြိုင်ဆိုင်ပြီးမှ အောင်မြင်တတ်သည်။ စက်ကိရိယာ ဆန်၊ ဆီ၊ ဆေးရောင်းသူများ၊ စက်လှေရှိသော ရေလုပ်ငန်းရှင်များ၊ ရေသန့်လုပ်ငန်းရှင်များ၊ ရွှေဆိုင်ရှင်များ အခက်အခဲ ကြုံရတတ်သည်။ ဝန်ထမ်းများ ရွေးချယ်ခန့်ထားရာ၌ ယခုနှစ် အကျိုးပြုမည့် နေ့သားများကိုသာ ရွေးချယ်သင့်သည်။

## (၃) ကျန်းမာရေး

ရင်၊ ဝမ်း၊ လေ ရောဂါများ၊ ဆီး ဒုက္ခပေးတတ်သည်။ အအေးမိခြင်း၊ ရေချိုးမှားတတ်ခြင်းတို့ ဖြစ်တတ်သည်။ ဒူးနှင့်အကြောရောဂါများ ဖြစ်တတ်သည်။ တနင်္လာ၊ သောကြာ နာမည်ပါ ဆရာဝန်၊ ဆေးဆရာတို့နှင့် ကုသမှု ခံယူပါမှ ဆေးတိုးမည်။ နေ့စဉ် နေ့တိုင်း စာကလေးများကို အစာကျွေးပါ။ လွှတ်ပေးပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်အပေါ် ကိုယ်က အကောင်းမထင်သော်လည်း ဇနီးသည်ကြောင့် အကျိုးဖြစ်ထွန်းနေလိမ့်မည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည် သွားမှု လာမှုများနေသောကြောင့် စိတ်ညစ်ရတတ်သည်။ |
| သားသမီးများ | အန္တရာယ်ရှိသော ကိစ္စများကို စွန့်စားလိုသောကြောင့် သတိထား ကိုင်တွယ် |

ရမည်။ သားကြီး သမီးကြီးတို့ အောင်မြင်တတ်သည်။

### (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေးဖြိုဟ် သင့်ရုံသာရှိ၍ ကြိုးစားရမည့်နှစ် ဖြစ်သည်။

**ဝန်ထမ်းရေးရာ** မိမိနှင့်မဆိုင်သော အလုပ်များ လုပ်ကိုင်နေရတတ်သည်။ အတိုက်အခံများသောနှစ်ဖြစ်သော်လည်း သည်းခံခြင်းဖြင့် အားလုံးအောင်မြင်စေနိုင်ပါသည်။

### (၆) ချစ်ရေးချစ်ရာ

ချစ်သူမရသေးသူတို့ မိတ်ဆွေသူငယ်ချင်းတို့ကြောင့် ချစ်သူကောင်းရတတ်သည်။ လိုသည်ထက်ပို၍ စန်းပွင့်တတ်သောကြောင့် အချစ်ကို ပုံအပ်မိသော ပုဂ္ဂိုလ်များ တစ်ဦးမက ရှိနေတတ်သည်။ ချစ်သူရှိပြီးသူများ အချစ်ရေးကောင်းသည်။ ကြိုးကျယ်ခမ်းနားစွာ မင်္ဂလာကိစ္စဆောင်ရွက်နိုင်သည်။

### (၇) နိုင်ငံခြားခရီး

ပညာတော်သင်ခရီးများ ထွက်ရတတ်သည်။ နိုင်ငံခြား ထွက်လိုသူများ တနင်္လာ၊ သောကြာ နာမည်ပါသူတို့နှင့် အကူအညီတောင်း၍ လုပ်ကိုင် ဆောင်ရွက်ပါက အောင်မြင်မည်။ C. D. T. Z အက္ခရာပါ နိုင်ငံများသို့ သွားလိုသူများ အခက်အခဲ ကြုံရတတ်သည်။

### (၈) နာမည်နှင့်ကြုံတွေ့မှုများ

အင်္ဂါ၊ သောကြာ ပူးသောနာမည်ရှင်များ (ဥပမာ-စိုးသန်း၊ သိန်းစော)၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူးပူးသောနာမည်ရှင်များ (ဥပမာ-အောင်လင်း) အထူးဂရုစိုက်၍ ကောင်းမှုကုသိုလ်များစွာ ပြုလုပ်ပါ။ ၎င်းနံမည်ရှင်များကြောင့်လည်း စိတ်ညစ်ရတတ်သည်။

### (၉) ဝင်သင့်၊ မဝင်သင့်ခြင်းများ

အဖိုးတန်ကျောက်များဝင်တတ်သည်။ အနီရောင် အင်း၊ လက်ဖွဲ့များ လုံးဝမဝင်ရ။ မဆောင်ရ ထီးစုတ်၊ ဖိနပ်စုတ်များ မထားရ။ စက်ကိရိယာ အပျက်များ မရှိစေရ။ စက်ပစ္စည်းများ ထွက်မည်။ ရွှေထွက်မည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အလှူအကြီးအကျယ်ပြုလုပ်ခြင်းများ၊ မင်္ဂလာဆောင်နိမိတ်များ၊ ထီပေါက်ခြင်းနိမိတ်များ တွေ့ရ မြင်ရ ကြားရပါက မိမိကိုယ်တိုင် အောင်မြင်မှုရမည်။

## (၁၁) ဆောင်ရန်

သောကြာ၊ တနင်္လာ၊ ကြာသပတေးနာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံသင့်ကုန်ပစ္စည်းများ သိုလှောင်ရောင်းဝယ်ခြင်းဖြင့် အကျိုးကျေးဇူးခံစားရမည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။ ၆၊ ၂၊ ၅၊ ၉ ဂဏန်းဆောင်ပါ။

## (၁၂) ရှောင်ရန်

ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါ နာမည်ပါသူများ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ အကျိုးမပေး။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းဝယ်ခြင်းအကျိုးမရှိ။ ၎င်းနံသင့်အစာများ စားပါက အထူးသတိထားပါ။ အဝါနုရောင်များ အနက်ရောင်များ ဝတ်ခြင်း ရှောင်ပါ။ ၄၊ ၇၊ ၃၊ ၈ ဂဏန်းများ အကျိုးမပေး။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ယခုနှစ်အတွင်းတွင် တစ်နေ့တည်း ဘုရား ၅ဆူ လှည့်၍ ရာဟုထောင့်တွင် ကွမ်းကော်ညွန့် လက်တစ်ဆုပ်လှူခြင်း အစီအရင်ကို မကြာခဏ ပြုလုပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားရှင်အား တနင်္လာနံပန်းများဖြင့် တစ်နှစ်လုံးပူဇော်သင့်သည်။ တစ်နှစ်ပတ်လုံး ကွမ်းကော်သားပုတီးနှင့် ဂုဏ်တော်ကွန်ချာကို စိပ်ရမည်။ စာကလေးများ မကြာခဏ လွှတ်ရမည်။ မွေးနေ့တိုင်း တန်ခိုးကြီးဘုရား တစ်ဆူဆူသို့ သွား၍ ကြာသပတေးထောင့်တွင် ဖယောင်းတိုင်ထွန်းပြီး ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသနှင့် မေတ္တာကြာတွဲရွတ်ပါ။ ထူးခြားသော အောင်မြင်မှုများ ဆက်ခါဆက်ခါ ကြုံရလိမ့်မည်။

❊ ❊ ❊ ❊ ❊

၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးသော
တနင်္ဂနွေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၈ | ● | ** | × | ** | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၀၆ | ● | ** | × | ** | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၁၄ | ● | ** | × | ** | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၂၂ | ● | ** | × | ** | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၃၀ | ● | ** | × | ** | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၃၈ | ● | ** | × | ** | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၄၆ | ● | ** | × | ** | × | ** | * | * | ● | ※ | × | * | ● |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

# ၁၂၈၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးဖွားကြသော တနင်္ဂနွေသားသမီးများအတွက်

## (၁) ထူးခြားဖြစ်စဉ်

ငွေပြဿနာအကြီးအကျယ် ဖြစ်တတ်သောနှစ် ဖြစ်သည်။ ရစရာ ရှိသည် မရ။ ပေးစရာရှိသည်များ မပေးနိုင် ဖြစ်လိမ့်မည်။ အစုရှယ်ယာ ထည့်ဝင်သော လုပ်ငန်းများတွင် ငွေပြဿနာအကြီးအကျယ် ကြုံရမည်။ မည်မျှဝင်ငွေကောင်းစေကာမူ စု၍ဆောင်း၍မရသောနှစ် ဖြစ်သည်။ မိတ်သစ်၊ ဆွေသစ်များ တိုးတတ်သည်။ မိတ်ဆွေများ၏ ငွေကြေး အခက် အခဲကို ဝိုင်းဝန်းကူညီမိ၍ ကိုယ်က စိုက်ဆပ်ရသည့်အဖြစ်သို့ ရောက်လိမ့် မည်။ ခရီးသွားချင်စိတ် များပြားနေလိမ့်မည်။ ငွေကုန်ကြေးကျ အလွန်များ သောနှစ် ဖြစ်သည်။ လူငယ်များ အခြေအနေ အထိုင် အသွားအလာ မဆင်ခြင်ပါက နှလုံးသားရေးရာနှင့် ပတ်သက်၍ မဖုံးနိုင် မဖိနိုင် ဘဝသို့ ရောက်လိမ့်မည်။ ရပ်ဝေးမှ ညီအစ်ကိုမောင်နှမများကြောင့် သားသမီး များကြောင့် အောင်မြင်လိမ့်မည်။ ကိုယ်ဝန်ဆောင် မိခင်များ ဗိုက်ခွဲမွေး၍ လုံးဝအန္တရာယ်မရှိပါ။ ဖခင် (သို့) ဖခင်ကဲ့သို့နေသောသူများနှင့် ဆန့်ကျင် ဘက် များစွာ ဖြစ်လိမ့်မည်။ အိမ်သစ်ဆောက်လျှင် အိမ်အပြီး မသတ်တတ် သော နှစ်ဖြစ်မည်။ ရပ်ဝေးနေ ညီအစ်ကိုမောင်နှမများ၏ ကူညီမှုကို ရနိုင် သော်လည်း ကိုယ့်ကံကြောင့် ကြွေးတင်တတ်သည်။ ကြားဖူးသမျှ အလုပ်ကို အကုန်လုပ်ချင်လာလိမ့်မည်။ ယခုနှစ်သည် ကားရှိသူများ ကားမောင်း

ဆင်ခြင်ရန် အခါက အရေးကြီးသည်။ ရေယာဉ် ပိုင်ရှင်များ စီးပွားတက်မည်။ အဆောက်အဦဆောက်သူများ ထိခိုက် နစ်နာတတ်သည်။ ငွေချေးသူများ ပြဿနာရှင်းရမည်။ ကားဝယ်ရောင်းလုပ်သူများ ဆိုင်ရာနှင့် စကားပြောရလိမ့်မည်။

## (၂) စီးပွားရေး

အင်္ဂါနံလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်းများ အထူးအောင်မြင်မည်။ အိမ်မြေလုပ်ငန်းများ အလွန်ညံ့သည်။ ကားလုပ်ငန်းရှင်များ ကားမောင်းဆင်ခြင်ပါ။ အန္တရာယ်ရှိသည်။ ငွေချေးသူများ လူယုံသတ်တတ်သည်။ သူတစ်ပါးကို ငွေပေး၍ ကုန်လှောင်ခိုင်းသူများ အထင်နှင့်လက်တွေ့ တခြားစီဖြစ်လိမ့်မည်။ စပ်တူလုပ်ငန်းများ ဆက်လက်ရှင်သန်နေမည်ဖြစ်သော်လည်း ငွေကြေးခွဲဝေမှုအပိုင်း၌ စိတ်ဝမ်းကွဲမှုများ ဖြစ်လိမ့်မည်။ သောကြာနေ့ရောက်တိုင်း လမ်းခွေးများကို အစာအထူးကျွေးပါ။

## (၃) ကျန်းမာရေး

နံရိုးနားတစ်ဝိုက်တွင် ဖြစ်တတ်သော လေကျပ်ခြင်း၊ လေထိုးခြင်း၊ အကြောများနာခြင်း၊ အာရုံကြောများ ပင်ပန်းနွမ်းနယ်လွန်းခြင်း၊ ခါးနာခြင်း၊ ကျောက်ကပ်နာခြင်း၊ အစာအိမ်ရောဂါဟောင်း ပြန်ပေါ်ခြင်း စသည်တို့ ဖြစ်တတ်၍ ထမင်းစားတိုင်း သရဏဂုံ ၃၀ မန်းပြီးမှ စားပါ။ အင်္ဂါ၊ ဗုဒ္ဓဟူး နာမည်ပါသော ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသပါက ကောင်းသည်။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်နှင့် သင့်လိုက် မသင့်လိုက်ဖြစ်နေတတ်သည်။ နေရာပေး၊အခွင့်ရေးပေး၍ ဆက်ဆံပါ။ |
| အမျိုးသမီးများ | ယခုနှစ်တွင် ခင်ပွန်းသည် ထူးထူးခြားခြား အောင်မြင်ခြင်းကို ခံစားရလိမ့်မည်။ |
| သားသမီးများ | အလွန်ကံကောင်းမည်။ ရပ်ဝေးမှ သားသမီးများ ထူးထူးခြားခြား အောင်မြင်တတ်သည်။ |

(၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေးပြုပြင်ကောင်းသော်လည်း ကိုယ်တိုင် ကြိုးစားမှုအားနည်းခနေ၍ ဂရုစိုက်ပါ။ ဝန်ထမ်းများသည် ကြီးသူကို ဂါဝရတရားနှင့် ဘာမဆိုသည်းခံဆောင်ရွက်ပါ။ ၁၃၀၇ ခုဖွားတို့သည် ဘာမဆို သတိနှင့် ယှဉ်လုပ်ပါ။ ရတ်တရက် ကောင်း၍ ရုတ်တရက် ညံ့တတ်သည်။

(၆) ချစ်ရေးချစ်ရာ

စိတ်အလိုလိုက်၍ လျှို့ဝှက်စွာ တွေ့ဆုံခြင်း ရှောင်ပါ။ မရှုနိုင်မကယ်နိုင် မဖုံးနိုင် မဖိနိုင်ပြဿနာများ ပေါ်လိမ့်မည်။ ချစ်သူမရှိသေးသူများ သတိထားရွေးချယ်သင့်သည်။ ခွေးကလေးများကို မကြာခဏ အစာကျွေးပါ။

(၇) နိုင်ငံခြားခရီး

ခရီးစဉ်ပျက်မလိုဖြစ်ပြီးမှ ခရီးထွက်ရတတ်သည်။ အင်္ဂါ၊ ဗုဒ္ဓဟူးနာမည်ပါသူများကို အကူအညီတောင်းခြင်းဖြင့် အောင်မြင်မည်။

(၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္လာ၊ ကြာသပတေး ပူးသော နာမည်ရှင်များ၊ စနေ၊ ကြာသပတေးပူးသော နာမည်ရှင်များကြောင့် စိတ်သောက ရောက်ရတတ်သည်။

(၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

နာရီ၊ ရောဂါသည် မဝင်ရ။ အင်္ဂါနံပစ္စည်းများ၊ ရွှေရတနာများ ဝင်လျှင် ကောင်း၏။

(၁၀) ပတ်ဝန်းကျင်နိမိတ်

ငွေကြေးပြဿနာများ၊ ကြားရလျှင် ကိုယ်တိုင် ကျန်းမာရေး ချို့ချာတတ်သည်။ နိုင်ငံခြားမှ သားသမီးများ အောင်မြင်သော နိမိတ် ပြန်လာသော နိမိတ် မြင်ရ ကြားရလျှင် ကိုယ်တိုင်အောင်မြင်တတ်ပါသည်။

## (၁၁) ဆောင်ရန်

ဗုဒ္ဓဟူး၊ အင်္ဂါနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၄၊၃ ဂဏန်းများ အကျိုးပေးမည်။ လုပ်ငန်းသစ်များ ထူထောင်လျှင် တနင်္ဂနွေနေ့ ၉နာရီ စတင်ဆောင်ရွက်ပါ။

## (၁၂) ရှောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၂၊ ၅၊ ၁ ဂဏန်းများ အနီရောင်ဝတ်ဆင်ခြင်းများ ရှောင်ပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ဆီးသားပုတီး၊ သရဏဂုံ ၃၀ စိပ်ခြင်း၊ ရွှေဘွဲ့အမည်ရှိသော ဘုရားများတွင် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခြင်းများ ပြုလုပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တစ်နေ့တည်းဘုရား ၄ဆူပြည့်အောင် လှည့်၍ ဘုရားတိုင်း၏ အင်္ဂါထောင့်တွင် အုန်းညွန့် လက်တစ်ဆုပ်လှူပါ။ ၎င်းအစီအရင်ကို လစဉ်ပြုလုပ်နိုင်လျှင် ကောင်းသည်။ သောကြာနေ့ရောက်တိုင်း စက္ကူခြင်းထမင်းဟင်းထည့်၍ လမ်းခွေးများ အစာကျွေးပါ။ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်များကို စွန့်ကြဲခြင်း၊ ဒါနပြုပေးပါ။ ညနေ ဆည်းဆာရောက်တိုင်း မဟာဝေဒဗ္ဗမန္တန်ကို ကိုးကြိမ်ရွတ်ပါ။

❋ ❋ ❋ ❋ ❋

၁၂၉၉, ၁၃၀၇, ၁၃၁၆, ၁၃၂၃, ၁၃၃၁, ၁၃၃၉, ၁၃၄၇ ခုနှစ် မွေးသော
တနင်္ဂနွေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၉ | × | ● | * | ※ | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၀၇ | × | ● | * | ※ | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၁၆ | × | ● | * | ※ | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၂၃ | × | ● | * | ※ | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၃၁ | × | ● | * | ※ | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၃၉ | × | ● | * | ※ | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၄၇ | × | ● | * | ※ | × | ** | ** | ** | ** | × | * | ※ | * |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးဖွားကြသော တနင်္ဂနွေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

လူမျိုးကွဲများနှင့် ဆက်ဆံနေသော လုပ်ငန်းများ အောင်မြင်အကျိုးပေးမည်။ သမထကျင့်ကြံအားထုတ်ခြင်းဖြင့် ပိုအောင်မြင်မည်။ ခရီးသွားလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ အောင်မြင်အကျိုးပေးမည်။ စက်ပစ္စည်းလုပ်ငန်း၊ စက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်း အောင်မြင်သလိုနှင့် အကျိုးပေးနည်းမည်။ မြေကိစ္စများ၊ အမွေကိစ္စများ ဖြစ်ပေါ်တတ်သည်။ မြေအရောင်းအဝယ်လုပ်ငန်းများ ညံ့သည်။ ရွှေရောင်၊ ရွှေလုပ်ငန်းများ ညံ့သည်။ လုံးဝ မအောင်မြင်ပါ။ ပြင်ပစည့်သည်များ နားခိုခြင်း၊ ရွှေရောင်ပစ္စည်း လက်မခံသင့်ပါ။ အိမ်အတွင်းရေး ပဋိပက္ခဖြစ်မည်။ ပြင်ပအနှောင့်အယှက်များကြောင့် အတိုက်အခံ အငြင်းအခုံဖြစ်နေမည်။ မိမိခေါင်းဆောင် အထက်လူကြီးများနှင့် အမြင်မတူညီမှုများ ဖြစ်တတ်သည်။ ကိုယ်လက်အင်္ဂါ ထိခိုက်နေသော သူများနှင့် စီးပွားရေးလုပ်ငန်း တွဲဖက်လုပ်ကိုင်ခြင်းကို ရှောင်ကျဉ်ပါ။ ငွေကုန်ကြေးကျများသောနှစ် ဖြစ်သည်။ မူရင်းအလုပ်မှ လွဲ၍ အလုပ်ပိုလုပ်ငန်းမှန်သမျှ လုံးဝအကျိုးမပေးပါ။ ၁၃၀၈ ဖွား တို့သည် မမျှော်လင့်ဘဲ ထိထပေါက်တတ်သည်။ အလှူကြီးများ ပြုလုပ်ရန် အခွင့်အလမ်းများ ပေါ်မည်။ အစီအစဉ်မရှိ ရုတ်တရက် အိမ်ထောင်ကျတတ်၍ နှစ်ဦးတည်း လျှို့ဝှက်စွာ ခရီးဝေးသွားလာခြင်း

ရှောင်ပါ။ ဆုံးပြီးသား ငွေကြေးများ တအိအိ ပြန်ဝင်လာလိမ့်မည်။ ခရီးဝေးသွား၍ စီးပွားရှာခြင်း လုပ်ငန်းများ သင့်သည်။ မိခင်ကဲ့သို့နေသူများကြောင့် စိတ်သောက မကြာခဏဖြစ်ရလိမ့်မည်။ ယခုနှစ် အမွေကိစ္စများ လုံးဝမပြုလုပ်သင့်၊ နစ်နာမှုများစွာ ကြုံလေမည်။ ငွေကြေးနှင့် ပတ်သက်၍ ပြင်ပမိတ်ဆွေများနှင့် ပဋိပက္ခဖြစ်တတ်သည်။ အငယ်သားသမီး ထူးထူးခြားခြား ဒုက္ခပေးလိမ့်မည်။ ဆေးဝါးနှင့်သက်ဆိုင်သော မကောင်းမှု ဒုစရိုက်တွင် မွေ့လျော်သူများ ကံဆိုးမိုးမှောင်ကျမည့်နှစ် ဖြစ်သည်။ ယခုနှစ် အိမ်ဆောက်လျှင် အပြီး မသတ်ရ။ ကားဝယ်လျှင် ထိပ်တန်းကောင်းသောကား မဝယ်ရ။ မင်္ဂလာဆောင်လျှင် အလွန်ကြီးကျယ်ခမ်းနားစွာ မဆောင်ရ။

## (၂) စီးပွားရေး

ကားလုပ်ငန်းလုပ်ကိုင်သူများ ကောင်းတစ်ခါ ဆိုးတစ်လှည့်ဖြစ်လိမ့်မည်။ အနုပညာနှင့် ဆက်စပ်သော လုပ်ငန်းမှန်သမျှ အကျိုးပေးမည်။ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေ ကုန်မာလုပ်ငန်း လုံးဝအကျိုးမပေး။ နိုင်ငံခြားသားများနှင့် ဆက်စပ်နေသော လုပ်ငန်းများ၊ စနေနံလုပ်ငန်း၊ သောကြာနံလုပ်ငန်းများ အထူးအောင်မြင် အကျိုးပေးမည်။ ရေလုပ်ငန်း၊ ရတနာလုပ်ငန်း၊ အဆောက်အဦလုပ်ငန်းများ ညံ့သည်။

## (၃) ကျန်းမာရေး

ဆီးထိုးခြင်း၊ ဗိုက်နာခြင်း၊ မျက်စိမကြာမကြာနာခြင်း ဖြစ်တတ်၍ ဓာရဏာပရိတ်ရွတ်ပြီးမှ ထမင်းစားပါ။ စနေ၊ သောကြာ နာမည်ပါသော ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည် အကူအညီဖြင့် များစွာ စိတ်ချမ်းသာနေရတတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည် ကောင်းမလိုလိုနှင့် ဆိုးတတ်၍ သည်းခံပြီး အပြောအဆို ဆင်ခြင်ပါ။ |
| သားသမီးများ | အထူးကြပ်မတ်ပဲ့ပြင် ထိန်းကျောင်းပေးပါ။ မိမိမပါဘဲ ခရီးဝေးမလွှတ်ပါနဲ့။ |

### (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေးအထူးကြိုးစားပါ။ အချိန်နှင့်အမျှ စာကြိုးစားပါ။ ဝန်ထမ်းများ စာရင်းဇယားများကို ဂရုတစိုက်ကိုင်တွယ်ပါ။ ၁၃၂၄ ဖွားတို့သည် ကံဆိုး၊ ကံကောင်း မြန်နေ၍ ဘာသာရေးကို အချိန်ရသရွေ့ လုပ်ဆောင်ပါ။

### (၆) ချစ်ရေးချစ်ရာ

တစ်ဦးနှင့်တစ်ဦး စိတ်မချရာမှ ပြဿနာဖြစ်တတ်သောကြောင့် စကားအပြောအဆို ဆင်ခြင်ပါ။

### (၇) နိုင်ငံခြားခရီး

စနေ၊ သောကြာ နာမည်ပါသူများကြောင့် အထူးအောင်မြင်တတ်ပါသည်။

### (၈) နာမည်နှင့်ကြုံတွေ့မှုများ

စနေ၊ အင်္ဂါပူးသော နာမည်ရှင်များ၊ ကြာသပတေး၊ စနေပူးသော နာမည်ရှင်များကြောင့် စိတ်ဆင်းရဲရတတ်သည်။ တနင်္ဂနွေ၊ သောကြာ နာမည်ပူးပါက ကိုယ်တိုင် ကံနိမ့်နေတတ်သည်။

### (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

နတ်စွဲ၊ နတ်တိုက်ပြုသူများ၊ မုဆိုးမများ လက်မခံသင့်ပါ။ စနေနံ၊ သောကြာနံ ပစ္စည်းများ ဝင်လျှင် ကောင်းသည်။

### (၁၀) ပတ်ဝန်းကျင်နိမိတ်

ထီပေါက်သော နိမိတ်၊ ကိုယ်ဝန်ဆောင် မီးဖွားနေနိမိတ်များ မြင်လျှင် ကြားပါက ကိုယ်တိုင်အောင်မြင်မည်။

### (၁၁) ဆောင်ရန်

စနေ၊ သောကြာ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၇၊ ၆ ဂဏန်းများ။

## (၁၂) ရှောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၅၊ ၁၊ ၄ ဂဏန်းများ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ဒန်းကြီးသားပုတီး၊ ထိန်သားပုတီးတို့နှင့် နမော ၅ချက် စိပ်ခြင်း သံယာတော်များကို ထီးဝယ်လှူခြင်းတို့ ပြုလုပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ထီးနီ (၇)လက်ကို စနေထောင့်တွင် လှူခြင်း မကြာမကြာပြုလုပ်ပါ။ ထမင်းစားပြီးတိုင်း ခွေးများကို အစာကျွေးခြင်း၊ တန်ခိုးကြီး စေတီပုထိုးများကို သွား၍ တနင်္ဂနွေထောင့်တွင် သပြေလက်တစ်ဆုပ် လှူခြင်းတို့ ပြုလုပ်ဆောင်ရွက်သင့်သည်။

* * * * *

၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးသော
တနင်္ဂနွေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကူးရှိ အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၀ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၀၈ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၁၆ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၂၄ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ✱✱ | ✱✱ | ✱ | ✱✱ | ✱ | ※ | ✱ |
| ၁၃၃၂ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၄၀ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၄၈ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးဖွားကြသော တနင်္ဂနွေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

အတူနေသော ပုဂ္ဂိုလ်များ၊ အနီးဆုံးနေထိုင်သူများနှင့် စိတ်ဝမ်းကွဲခြင်း၊ ပဋိပက္ခဖြစ်ခြင်း ကြုံမည်။ မည်မျှ ကြိုးစားစေကာမူ မျက်နှာမရသော နှစ် ဖြစ်သည်။ မခံချင်စရာကောင်းသော စိတ်ခတ်များ တဖွားဖွားပေါ်လာမည်။ စိတ်လိုက်မာန်ပါ ပြောမိဆိုမိပါက ကိုယ်သာလျှင် အရှုံးနှင့်ရင်ဆိုင်ရတတ်သည်။ ထို့ကြောင့် ယခုနှစ်သည် လောကုတ္တရာတရားများကိုသာ စိတ်မြှုပ်နှံလျက် အရာရာကို ဥပက္ခာပြုခြင်း၊ သည်းခံ ခွင့်လွှတ်ခြင်း ပြုသင့်သည်။ မိတ်ဆွေစစ်များ အလွန်ရှားပါးပြီး မိတ်ဆွေ အတုအယောင်များသာ ဝိုင်းဝိုင်းလည်နေလိမ့်မည်။ ထို့ကြောင့် ကိုယ့်မှာ ငွေအခက်အခဲဖြစ်လျှင် မည်သူကိုမျှ အားကိုး၍ မရနိုင်။ ကိုယ်က ပေးရပြန်လျှင်လည်း ဆုံးရှုံးမှုများသာ ကြုံလိမ့်မည်။ အိမ်ထောင်ရေး ပဋိပက္ခများစွာဖြစ်တတ်သောနှစ် ဖြစ်သည်။ ညီအစ်ကိုမောင်နှမများ စိတ်ဝမ်းကွဲလိမ့်မည်။ မိခင် (သို့) မိခင်ကဲ့သို့နေသူများကြောင့် ပူပင်မှုများစွာ ဖြစ်လိမ့်မည်။ ထိုအခက်အခဲ များသာမက မျက်နှာငယ်ရသောနှစ်ဖြစ်နေ၍ နေ့စဉ်မိုးလင်းတိုင်း ပဋ္ဌာန်း ဥဒ္ဒေသ၊ နိဒ္ဒေသနှင့် မေတ္တသုတ်ကို မပျက်မကွက်ရွတ်သင့်သည်။ စနေနေ့ရောက်တိုင်း လမ်းခွဲလေးများကို မေတ္တာတရားရှေ့ထား၍ ထမင်း ဟင်းများ ကျွေးသင့်သည်။ ခွေး၊ ကြောင်များကို

ပြင်းထန်စွာ ရိုက်နှက်နှိပ်စက်ခြင်း ရှောင်ပါ။ အစိပ္ပါယ်ကင်းမဲ့သော ရွှေရောင်ပစ္စည်းများ အင်း၊ လက်ဖွဲ့၊ အဆောင်များ လုံးဝရှောင်ပါ။ ၎င်းပစ္စည်းများ ဝင်သည်နှင့် မိသားစုအတွင်း မွေပါလိမ့်မည်။ ယခုနှစ်တွင် အကောင်းဆုံး အကျိုးပေးခြင်းမှာ ပညာရေးဖြစ်သည်။ မသင်ရဘူးသေးသော ပညာရပ်များကို သင်ကြားရမည်။ မတက်ရဘူးသေးသော သင်တန်းများ တက်ရလိမ့်မည်။ ပညာတော်သင်ခရီးများ အမှတ်မထင် ပေါ်လာလိမ့်မည်။ ပေါ်လာလျှင် တနင်္ဂနွေ သို့မဟုတ် ဖခင်ကဲ့သို့ နေသူများကို ချဉ်းကပ်ပါ။ ထူးထူးခြားခြား အောင်မြင်သွားလိမ့်မည်။

## (၂) စီးပွားရေး

ကြာသပတေး၊ တနင်္ဂနွေ၊ စနေ နာမည်ပါသူများနှင့် ဘာမဆို တိုင်ပင် ပြုလုပ်ပါ။ စပ်တူရှယ်ယာလုပ်ငန်းများ လုံးဝအကျိုးမပေးပါ။ ခရီးသွားပို့ဆောင်မှု လုပ်ငန်းများ၊ ကားလုပ်ငန်းပြုလုပ်ခြင်းများ အနုပညာနှင့် ဆက်နွယ်နေသော လုပ်ငန်းများ လုံးဝအကျိုးမပေးပါ။ ငွေတိုးချေးခြင်း၊ နေ့ပြန်ပေးအပေါင်ခံခြင်းများ အခက်အခဲအမျိုးမျိုးနှင့် ကြုံရမည်။ ဖယောင်းတိုင်လုပ်ငန်းများ အကျိုးပေးမည်။ ပဲအမျိုးမျိုး အရောင်းအဝယ် ကောင်းမည်။ ပညာရပ်အမျိုးမျိုးသင်ကြားမှုနှင့် ဆိုင်သော စီးပွားရေး လုပ်ငန်းများ အကျိုးပေးမည်။ စီးပွားရေးအကျပ်အတည်း အခက်အခဲ ဖြစ်တတ်သောနှစ်ဖြစ်၍ မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ရန် အထူးလိုအပ်သည်။

## (၃) ကျန်းမာရေး

တန်ခိုးကြီးဘုရား အဆူဆူသို့ သွား၍ ဗုဒ္ဓဟူးထောင့်ရှိ ရုပ်ပွားတော်၏ ရင်ဘတ်တော်အား ရွှေသင်္ကန်းကပ်လှူခြင်းကို မကြာခဏ ပြုလုပ်ပေးပါ။ သွေးပေါင်ကျခြင်း၊ သွေးသား၊ သားအိမ်နှင့်ဆိုင်သော ရောဂါများ ဖြစ်ခြင်းတို့ကို ဂရုစိုက်ပါ။ ၂၄ပစ္စည်း ရွတ်ပြီးမှ ထမင်းစားပါ။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ   ဖိနှိပ်ချုပ်ချယ်လွန်းခြင်း၊ စကားပြောဆိုမှုသွားယွင်းခြင်းကြောင့် ဇနီးသည်အိမ်က ဆင်းတတ်၍ ဆင်ခြင်ပါ။

အမျိုးသမီးများ   ခင်ပွန်းသည်နှင့် စကားပြောဆိုမှု ဆန့်ကျင်

ဘက် ဖြစ်တတ်သည်။ နှိမ်သလို ခံစားနေရတတ်သည်။ သည်းခံပါ။

သားသမီးများ မိဘများနှင့် ခွဲခွာရန် တာစူနေကြသောကာလဖြစ်၍ အပြောအဆို ဆင်ခြင်ပါ။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

အထူးကောင်းမွန်သောနှစ် ဖြစ်သည်။ မသင်ရဘူးသေးသော ပညာများ သင်ကြားရမည်။ ပညာရေးအတွက် အားရစရာကောင်းသောနှစ်ဖြစ်သည်။ ဝန်ထမ်းများသည် အကြီးအကဲတို့၏ အခက်အခဲများကို ကူညီပါ။ ပဋ္ဌာန်းများများရွတ်ပါ။

## (၆) ချစ်ရေးချစ်ရာ

လျှို့ဝှက်သော နှလုံးသားရေးရာ ကိစ္စများပေါ်လာတတ်၍ အချစ်ရေးတွင် အဆင်မပြေမှုများစွာ ရှိမည်။ ဖုံးမရ ဖိမရသော နှလုံးရေးရာ ကိစ္စဟောင်းများ ပေါ်တတ်သည်။ စနေနေ့ရောက်တိုင်း ခိုကလေးများကို ပဲကျွေးပါ။ အချစ်ရေး အီလည်လည် ဖြစ်မည့်နှစ် ဖြစ်သည်။

## (၇) နိုင်ငံခြားခရီး

များစွာ အခက်အခဲရှိသောနှစ် ဖြစ်သည်။ မထွက်ခင်တွင် အခက်အခဲများစွာ ကြုံရမည်ဖြစ်သော်လည်း ထွက်ပြီး တိုင်းတစ်ပါးရောက်လျှင် အဆင်ပြေသွားပါလိမ့်မည်။ ကြာသပတေး၊ တနင်္ဂနွေနာမည်ပါသူများနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

သောကြာ၊ တနင်္လာ ပူးသော နာမည်များ၊ အင်္ဂါ၊ တနင်္လာပူးသော နာမည်၊ ဗုဒ္ဓဟူးနာမည်များကြောင့် စိတ်သောက ရောက်ရမည်။ တနင်္ဂနွေစ၍ တနင်္ဂနွေပိတ်သော နာမည်ရှင်များသည် လုပ်ငန်းများ ထူးထူးခြားခြား ပြန်လည်တည့်မတ်လာလိမ့်မည်။ အထူးသဖြင့် ၁၃၃၃ဖွား များ တနင်္ဂနွေဖြစ်လျှင် ပို၍အောင်မြင်မည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

ဘာသာရေးနှင့်ယှဉ်သော စာအုပ် စာတမ်းများ၊ ပုတီးများ ဝင်လျှင်

ကောင်းသည်။ ရတနာ သုံးပါးနှင့် သက်ဆိုင်သော ရုပ်ပုံတော်များ ခါတ်လုံးများ ဝင်လျှင် ကောင်းသည်။ အဓိပ္ပါယ်မရှိသော ရွှေရောင်ပစ္စည်းများ အင်း၊ လက်ဖွဲ့ဝင်လျှင် လုံးဝမကောင်း။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

သီလ၊ သမာဓိ အားကြီးသော ဆရာတော်ဘုရားကြီး ကြွလာသော နိမိတ်ကြုံလျှင် ကြားလျှင် ကိုယ်တိုင်အောင်မြင်မည်။ ကြက်တိုက်သော နိမိတ်ကို တွေ့လျှင် ငွေမှုဖြစ်လိမ့်မည်။ သစ်ခွပန်းများ ပွင့်နေရင်းမှ ရုတ်ချည်း ညှိုးကျသွားသော နိမိတ်မြင်လျှင် သူခိုးကိန်း မိတတ်သည်။

## (၁၁) ဆောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊အမွေနှင့်ဆိုင်သော ကိစ္စများ ၅၊ ၁ ဂဏန်းများ။

## (၁၂) ရှောင်ရန်

အင်္ဂါ၊ သောကြာ၊ တနလ်ာ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၃၊ ၆၊ ၂ ဂဏန်းများ ယခုနှစ်မှ ကားလုပ်ငန်းများ စတင်ခြင်းများ၊ ယခုနှစ်မှစ၍ အနုပညာလုပ်ငန်းလုပ်ဆောင်ခြင်းများ အနုပညာလောက ဝင်ရောက်ခြင်းများ၊ အဓိပ္ပါယ်ကင်းမဲ့သော ရွှေရောင်၊ အင်း၊ လက်ဖွဲ့ ဝင်ရောက်ခြင်းများ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ပိတောက်သား ပုတီးဖြင့် ပဋ္ဌာန်းစိပ်ခြင်း၊ နေ့စဉ်နှင့်အမျှ ပေါက်ပေါက်ပွင့်များဖြင့် ဘုရားလှူခြင်း။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

စနေနေ့ရောက်တိုင်း လမ်းခွေးကလေးများကို စက္ကူခင်း၍ ထမင်းဟင်းကျွေးပါ။ မနက်မိုးလင်းတိုင်း ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသနှင့် ခမ္မစကြာတွဲ ရွတ်ပါ။ ပိတောက်သား ပုတီးဖြင့် နှစ်သက်ရာ ဂုဏ်တော်ကို နေ့စဉ် တစ်နာရီစိပ်ပါ။

❋ ❋ ❋ ❋ ❋

၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးသော
တနင်္ဂနွေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၁ | ● | ** | × | ※ | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၀၉ | ● | ** | × | ※ | × | ** | ** | ** | ** | × | * | ※ | * |
| ၁၃၁၇ | ● | ** | × | ※ | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၂၅ | ● | ** | × | ※ | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၃၃ | ● | ** | × | ※ | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၄၁ | ● | ** | × | ※ | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၄၉ | ● | ** | × | ※ | × | ** | * | * | ● | ※ | × | × | ● |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးဖွားကြသော တနင်္ဂနွေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ရန်အလွန်များသောနှစ် ဖြစ်နေသည်။ ကိုယ်နှင့် ကိုယ့်ပတ်ဝန်းကျင်တွင် ရန်နှင့်ဆိုင်သော အသံဗလံများသာ ကြားနေရလိမ့်မည်။ အကြောင်းမဲ့ မနာလိုခံရမှုများ၊ ရန်ရှာခံရမှုများ ကြုံလိမ့်မည်။ အကောင်းဆုံး သည်းခံပါ။ ဤသည်ပင်လျှင် အကောင်းဆုံး ယတြာဖြစ်၏။ ဘာသာတရား အားထုတ်သူများအဖို့ အလွန်ထူးခြား အောင်မြင်မည့်နှစ် ဖြစ်သည်။ မရဘူးသေးသော တရားထူးတရားမြတ်များ ရလိမ့်မည်။ မဖူးဘူးသော သီလ သမာဓိ အားကြီးသည့် ဆရာတော်ဘုရားကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများကို ဖူးတွေ့ရလိမ့်မည်။ ပညာရေးဘက်တွင်လည်း အကောင်းဆုံးထူးချွန်မှုများ ကြုံတွေ့ရမည့်နှစ် ဖြစ်သည်။ မသင်ဘူးသေးသော ပညာရပ်များ သင်ကြားရမည်။ မတက်ဘူးသေးသော သင်တန်းများ တက်ရလိမ့်မည်။ ပညာတော်သင်သွားရန် လျာထားခံရသူဆိုလျှင် အပြိုင်အဆိုင်မည်မျှ ပေါ်ပါစေ သွားရတော့မည်ဟု မှတ်ပါ။ ထူးခြားသော ပညာရေးကံများ ပွင့်သည့်နှစ်ဟု မှတ်ပါ။ ပညာသင်ခြင်း၊ ပညာသင်ပေးခြင်း စသော မည်သည့်အလုပ်မဆို ပညာနှင့် သက်ဆိုင်လျှင် အားလုံး အောင်မြင်ပြီဟု မှတ်ပါ။ အိမ်ထောင်ရေး အနည်းငယ် ကသိကအောက်ဖြစ်လိမ့်မည်။။ အတူနေထိုင်သူ ညီအစ်ကို မောင်နှမများနှင့် ပဋိပက္ခများ ဖြစ်လိမ့်မည်။ ဆန့်ကျင်ဘက်များစွာ ကြုံတွေ့

ရမည့်နှစ် ဖြစ်၍ အလွန်မခံချင်စရာကောင်းသောနှစ် ဖြစ်နေမည်။ သို့သော် လောကုတ္တရာတရား ပွားများသင့်သောနှစ် ဖြစ်ပါသည်။ ယှဉ်ပြိုင်လိုက်လျှင် ကိုယ်သာလျှင် ကံနိမ့်တတ်ပါသည်။ သည်းခံခြင်းဖြင့် ဥပက္ခာစိတ်ထားပါ။ ဘုရားစင်တွင် မလိုလားအပ်သော ပစ္စည်းများ ဖယ်ရှားပစ်ပါ။ အဓိပ္ပါယ်မရှိသော ရွှေရောင်ပစ္စည်းများ၊ အဆောင်များ၊ အင်းများ၊ လက်ဖွဲ့များ လုံးဝရှောင်ပါ။ ရှိနေလျှင် ထုတ်ပစ်ရန် ပြင်ဆင်ပါ။ မနှမြောပါနှင့်။ ၎င်းပစ္စည်းများကြောင့် လာဘ်ပိတ်နေပါလိမ့်မည်။ ငွေတိုးချေးသူများ စိတ်ဆင်းရဲရမည်။ ဘာသာတရားမပေ့ါပါနှင့်။ သူတစ်ပါးက အာဘောင်အာရင်းသန်သန်နှင့် ပြော၍ပြုလုပ်ခိုင်းသော စီးပွားရေးလုပ်ငန်းများကို သတိထားပါ။ ရှယ်ယာ ထည့်ခိုင်းလျှင် ရှောင်ပါ။ စိတ်မယိုင်ပါနှင့်။ ကားထောင်ခိုင်းလျှင် မစဉ်းစားပါနှင့်။ ကျောက်လုပ်ငန်းလုပ်ခိုင်းလျှင် လိမ္မာစွာနှင့် ငြင်းလိုက်ပါ။ ကြီးကျယ် ခမ်းနားစွာ မင်္ဂလာဆောင်မည်ဟု ဆုံးဖြတ်ထားသူများဖြစ်လျှင် ယခုနှစ် ရှောင်လိုက်ပါ။ မည်မျှရှာရှာ ငွေမည်မျှဝင်ဝင် ဆိလိုအပေါက်ရှာပြီး ကုန်မည့်နှစ် ဖြစ်နေပါသည်။ လူငယ်များ အပေါင်းအသင်းကြည့်ပေါင်းပါ။ သစ္စာမရှိသော လူများနှင့် မိတ်ဆွေဖြစ်တတ်ပါသည်။ ထို့ကြောင့် အဟုတ်ကြီး မှတ်၍ မိဘပစ္စည်းများ တဖြည်းဖြည်း ကုန်တတ်ပါသည်။ လိမ္မာစွာနေတတ်ဖို့ အလွန်အရေးကြီးသောနှစ် ဖြစ်ပါသည်။

မသင်ရဘူးသေးသောပညာများ သင်ရခြင်း၊ မတက်ရဘူးသေးသော သင်တန်းများ တက်ရခြင်း၊ တန်ခိုးကြီးဘုရားများ၊ တန်ခိုးကြီးဆရာတော်ကြီးများကို ဖူးရ မျှော်ရခြင်း၊ အဆင့်အတန်းရှိသော မိတ်ဆွေများကို ရရှိခြင်း၊ တရားဘာဝနာပွားများ၍ တရားထူးတရားမြတ်များ တွေ့ရတတ်ခြင်း၊ အမွေကိစ္စ၊ အိမ်ကိစ္စများ အောင်မြင်လာခြင်း၊ မခံချင်စရာကောင်းသော အကြောင်းအရာများနှင့် ကြုံတွေ့ရခြင်း၊ အများနှင့် ယှဉ်လျှင် မျက်နှာငယ်သကဲ့သို့ ခံစားရတတ်သည်။ မည်သည့်အလုပ် မည်မျှ ကြိုးစား ကြိုးစား မထင်ပေါ်ခြင်း၊ ငွေကြေးပြဿနာပေါင်းများ ပေါ်တတ်ခြင်း၊ သူတစ်ပါး၏ ငွေကြေးပြဿနာများအား တန်ဆာဝင်ခံရတတ်ခြင်း၊ ရန်များခြင်း၊ ခိုက်တတ်သော အဆောင်ပစ္စည်းများ ဝင်တတ်ခြင်း၊ ဘာသာရေးနှင့် ယှဉ်သောကိစ္စများ ဆောင်ရွက်ရခြင်းတို့ ကြုံတွေ့ရတတ်သည်။

### (၂) စီးပွားရေး

ကြာသပတေး၊ တနင်္ဂနွေနံ ပစ္စည်းများ၊ လူများ အကျိုးပေးသည်။ ငွေချေးငှားခြင်း လုံးဝရှောင်ပါ။ ငွေရင်းမြှုပ်နှံသောအလုပ်များ သတိထား

ပါ။ ကားလုပ်ငန်းများ ညံ့သည်။ စီးပွားရေးကို ဘာသာရေးနှင့်ယှဉ်၍ ပြုလုပ်ပါမှ အစစအရာရာ ကောင်းမည်။ သောကြာနေ့တိုင်းလမ်းခွဲများကို ထမင်းဟင်းကျွေးပါ။ ဘုရားရှင်အား မနက်မိုးလင်းတိုင်း မျက်နှာသစ်တော်ရေကပ်၍ ပဋ္ဌာန်းရောင်တော်ပွင့် တစ်ခေါက်နှင့် မေတ္တာသုတ် (၉)ကြိမ်ရွတ်ဆိုပါ။

## (၃) ကျန်းမာရေး

ဗိုက်မကောင်း အကြိမ်ကြိမ်ဖြစ်တတ်သည်။ ကြီးကဲသူများ၏ ကျန်းမာရေး ဂရုစိုက်ရမည်။ ကြာသပတေးနံ၊ တနင်္ဂနွေနာမည်ရှင် ဆေးဆရာ၊ ဆရာဝန်များကိုသာ ကုပါ။ ထမင်းစားတိုင်း မဝခင် ချန်၍ လမ်းခွဲများ ကျွေးခြင်းကို သတိရတိုင်း မကြာခဏပြုပါ။ ထမင်းစားခါနီးတိုင်း (၂၄)ပစ္စည်းကို အာရုံစူးစိုက်ရွတ်ဆိုပြီးမှ စားပါ။ ကြီးကျယ်ခမ်းနားသော မင်္ဂလာဆောင်ကြီးများကို မသွားရ။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ — စကားများခြင်းကိုအကြောင်းပြု၍ ဇနီးသည် အိမ်မှ ဆင်းတတ်သည်။ ဆွေမျိုးအုပ်စုကြောင့် အိမ်ထောင်ရေး မသင့်ဖြစ်တတ်သည်။

အမျိုးသမီးများ — ခင်ပွန်းသည်၏ စကားပြောဆို မောက်မာမှုကြောင့် စိတ်ဆင်းရဲရတတ်သည်။ ကြမ်းတမ်းခက်ထန်သော ဆက်ဆံမှုမျိုးကြုံရတတ်သည်။ သည်းခံပါ။

သားသမီးများ — တစ်နှစ်လုံး မကြာခဏ ဆန့်ကျင်ဘက်ပြုနေတတ်သည်။ မည်သည့်လုပ်ငန်းမှ ရင်းနှီး ထူထောင်ပေး၍ မရသေးပါ။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေး အထူးကောင်းမွန်သောနှစ် ဖြစ်သည်။ မအောင်ဘူးသေးသော စာမေးပွဲများ အောင်မြင်တတ်၍ မသင်ရဘူးသေးသော ပညာရပ်များ သင်ကြားရမည်။ တစ်ဘွဲ့မှ နောက်တစ်ဘွဲ့ ဆက်တက်ရတတ်သည်။ ထူးချွန်သော ပညာရှင်ဖြစ်တတ်သည်။ ဝန်ထမ်းများတို့သည် မတက်ရသေး

သည့် သင်တန်းများ တက်ရတတ်သည်။ မည်မျှ အလုပ်ကြိုးစားစေကာမူ မျက်နှာငယ်သကဲ့သို့ ခံစားရတတ်သည်။ ရာထူးတိုးစာမေးပွဲများ ဖြေဆိုလျှင် အောင်မြင်လိမ့်မည်။ (၂၄)ပစ္စည်းကို နေ့စဉ်သက်စေ့ရွတ်ပါ။

## (၆) ချစ်ရေးချစ်ရာ

တစ်ဦးနှင့်တစ်ဦး အထင်လွဲလောက်အောင် ညံ့သောနှစ် ဖြစ်သည်။ အသိုင်းအဝိုင်းများကြောင့် စိတ်ဝမ်းများ ကွဲတတ်သည်။ ကျီး၊ ကြက်၊ ခို၊ ခွေးများကို ကြုံသလို အစာကျွေးပါ။

## (၇) နိုင်ငံခြားခရီး

ညံ့သည်။ G. H. J. K အက္ခရာနှင့်အစပြုသော နိုင်ငံများသို့သွားလျှင် အလွန်ညံ့သည်။ ကြာသပတေး၊ တနင်္ဂနွေနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်လုပ်မှ ခရီးဝေးကိစ္စများ အဆင်ပြေမည်။ ကိုးဦးအုပ်စုလိုက် ထွက်ခြင်း ရှောင်ပါ။ နေ့စဉ် ပဋ္ဌာန်းအကျယ်၊ ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသတစ်ခေါက်ရွတ်၍ ပိတောက်သားပုတီးနှင့် နမော (၅)ချက် စိပ်သင့်သောကာလ ဖြစ်သည်။ သောကြာနေ့တိုင်း ခွေးများကို အစာကျွေးသင့်သည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

သောကြာ၊ တနင်္လာ အပြန်အလှန်ပူးသော နာမည်ရှင်များ တနင်္လာ၊ အင်္ဂါ အပြန်အလှန်ပူးသော နာမည်ရှင်များ၊ ဗုဒ္ဓဟူးနာမည်ရှင်များကြောင့် ဘာမဆို စိတ်ညစ်ရကြုံတတ်သည်။ ကြာသပတေး၊ စနေဆုံးသော နာမည်ရှင်များ နှောင့်ယှက်တတ်သည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

ဘုရားစာအုပ်များ တန်ခိုးကြီးပုံတော်များ၊ ဘာသာရေး/ လောကီပညာရပ်များနှင့် ယှဉ်သော စာအုပ်များ၊ ပုတီးများ၊ ဓာတ်လုံးများ ဝင်လျှင်ကောင်းသည်။ အင်း၊ လက်ဖွဲ့၊ အဓိပ္ပါယ် ကင်းမဲ့သော အဆောင်များ၊ ကျောက်နီများဝင်လျှင် ဒုက္ခပေးတတ်သည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အသံမစဲ ပဋ္ဌာန်းပွဲကြီးများ ကြုံလျှင်၊ မြင်လျှင်၊ ကြားလျှင် တန်ခိုးကြီးဘုရားများ၊ ဓာတ်တော်များ ကြွလာသော နိမိတ်များကို မြင်လျှင်၊ ကြား

လျှင်၊ ကြုံလျှင်၊ များစွာ အောင်မြင်တတ်သည်။ ခွေး၊ ကြောင် စသော သတ္တဝါများကို နှိပ်စက် ညှင်းပမ်းသော နိမိတ်မြင်လျှင် ငွေကုန်များသော အကြောင်းများဖြစ်မည်။

## (၁၁) ဆောင်ရန်

ကြာသပတေး၊ တနင်္ဂနွေနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ ကောင်းသည်။ ဘာသာရေးနှင့်ယှဉ်သော စီးပွားရေးလုပ်ငန်းများ အထူးကောင်းမွန်မည်။ ၁၃၄၂ ခုဖွား ကလေးများ၏ဖခင်တို့သည် အထူးအောင်မြင်မည်။ ၁၃၅၀ ခုဖွား ကလေးများတို့သည် ဘက်စုံထူးချွန်ဆုများ၊ ပညာရည်ချွန်ဆုများ ရတတ်သည်။

## (၁၂) ရှောင်ရန်

အင်္ဂါ၊ သောကြာ၊ တနင်္လာနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ကားအသစ်စက်စက်ဝယ်ခြင်းများ၊ အလွန်အဖိုးတန်သော ပတ္တမြားဝယ်ခြင်းများ၊ ၊ ဆိုင်ကယ်အရှိန်ပြင်းစွာ စီးခြင်းများ၊ ကြီးကျယ်ခမ်းနားသော မင်္ဂလာဆောင်ကြီးများသို့ သွားခြင်းများ၊ ၃၊ ၆၊ ၂ ဂဏန်းများ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ပိတောက်သားပုတီးနှင့် ပဋ္ဌာန်းစိပ်ခြင်းကို ပြုလုပ်ရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

မနက်မိုးလင်းတိုင်း ဘုရားရှင်အား မျက်နှာသစ်တော်ရေ ကပ်၍ ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသတစ်ခေါက်နှင့် ဓမ္မစကြာတစ်ခေါက်ကို နေ့စဉ်ရွတ်ဖတ်ပါ။ မွေးနေ့ရောက်တိုင်း အသားစားရှောင်ကျဉ်၍ သတ္တဝါလေးများ ကို ကြင်နာစွာ အစာကျွေးပါ။ တန်ခိုးကြီးဘုရားများကို မကြာခဏသွား၍ ဆီမီးထွန်းညှိပူဇော်ခြင်းများ ပြုပါ။ မိဘမဲ့ကလေးများကို တတ်စွမ်းသမျှ ဒါနပြုပါ။ ယခုနှစ်သည် လောကုတ္တရာနှစ် ဖြစ်၍ ဘုရားများသို့ မကြာခဏ သွားပြီး ရောင်တော်ဖွင့်ရမည့်နှစ် ဖြစ်သည်။ (ဥပမာ–ရွှေချခြင်း၊ ဆီမီးထွန်းခြင်း၊ လျှပ်စစ်မီးပူဇော်ခြင်း)

❋ ❋ ❋ ❋ ❋

၁၃၀၂, ၁၃၁၁, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးသော
တနင်္ဂနွေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်ထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၂ | ● | ** | × | ※ | × | ** | ** | ** | ** | × | * | ※ | * |
| ၁၃၁၁ | ● | ** | × | ※ | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၁၈ | ● | ** | × | ※ | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၂၆ | ● | ** | × | ※ | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၃၄ | ● | ** | × | ※ | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၄၂ | ● | ** | × | ※ | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၅၀ | ● | ** | × | ※ | × | ** | ● | × | ** | × | ※ | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးဖွားကြသော တနင်္ဂနွေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မထင်မှတ်သောအကြောင်းတရားတို့သည် မဖိတ်ခေါ်ဘဲနှင့်ရောက်လာတတ်သောနှစ် ဖြစ်သည်။ သို့သော် ထင်ထားသော အကြောင်းတရားများ ကြိုတင်တွက်ဆထားသော အကြောင်းတရားများ မဖြစ်လာဘဲ ရှိနေလိမ့်မည်။ မည်သည့်အလုပ်ကိုမဆို တစ်ကြိမ်နှင့် မပြီးနိုင်သောနှစ် ဖြစ်သည်။ ဆက်ခါဆက်ခါကြုံရတတ်သည်။ သို့သော် ဝန်ထမ်းဖြစ်စေ၊ စီးပွားရေးလုပ်ငန်းသမားဖြစ်စေ၊ သူတစ်ပါး၏ ကြားညှပ်မသွားရန် အထူးသတိထားပါ။ သူများပြဿနာ ကိုယ်ပြဿနာ ဖြစ်သွားတတ်ပါသည်။ အမျိုးသားများသည် စီးပွားရေးကောင်းမည့်နှစ် ဖြစ်သော်လည်း အခြားမလိုလားအပ်သော ကိစ္စများ ဆက်ခါဆက်ခါဝင်လာတတ်၍ အထူးသတိထားပါ။ စီးပွားရေးကို ထိခိုက်သွားတတ်ပါသည်။ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များ အထူးအောင်မြင်မည့်နှစ် ဖြစ်နေပါသည်။ လုပ်ငန်းများ တစ်ခုပြီးတစ်ခု ထပ်မံတိုးချဲ့မှုများဖြင့် အောင်မြင်မှုများ ရပါလိမ့်မည်။ အညွန့်တလူလူဖြစ်နေကြမည့်နှစ် ဖြစ်ပါသည်။ မည်မျှ အခက်အခဲကြုံစေကာမူ မိတ်ဆွေများ၏ ထူးခြားသော ကူညီမှုများစွာကို ရရှိပိုင်ဆိုင်ပါလိမ့်မည်။ သို့သော် စပ်တူရှယ်ယာလုပ်ငန်းများ လုံးဝသည့်နေပါသည်။ အုပ်စုလိုက် ဘာသာတရားကိုင်းရှိုင်းပါ။ အိမ်ထောင်ရေးအနည်းငယ် ညှိနေပါသည်။ အခြေအတင်ရှောင်ပါ။

အခြေအတင်ဖြစ်လျှင် ဇနီးသည် အိမ်မှ ဆင်းပါလိမ့်မည်။ အိမ်တွင် လှပသော သစ်ပင်ပန်းမာန်လ်လေးများဖြင့် အလှဆင်နေသင့်သောနှစ် ဖြစ်နေပါသည်။ ကြီးကျယ်ခမ်းနားသော အလှူကြီးများ၊ မင်္ဂလာဆောင်ကြီးများ၏ ဖိတ်ကြားခြင်းခံရလိမ့်မည်။ သွားပါ။ အထူးကောင်းမည်။ ကိုယ်တိုင်လည်း လှူရမည့်နှစ် ဖြစ်ပါသည်။ ၁၃၄၃ ဖွားသူတို့ဖြစ်လျှင် စာမေးပွဲ အောင်မြင်မှုများအတွက် ကြီးကျယ်ခမ်းနားစွာ လှူမည့် အလှူကြီးမျိုး ပြုလုပ်ဖြစ်လိမ့်မည်။ ၁၃၁၉၊ ၁၃၃၅ ဖွားသူများသည် ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေရခြင်းကြောင့် အလှူကြီးများ ပေးဖြစ်လိမ့်မည်။

ဤနှစ်သည် မထင်မှတ်ထားသောအကြောင်းတရားများသာ ဖြစ်လာတတ်သောနှစ် ဖြစ်ပြီး ထင်ထားသည်များ ဖြစ်မလာတတ်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အကြိမ်ကြိမ်ကြုံရတတ်သည်။ မည်သည့်ကိစ္စမဆို တစ်ကြိမ်နှင့်မပြီးတတ် စိတ်ရောလူပါ မနားမနေလှုပ်ရှားနေရလိမ့်မည်။ သို့သော် သူများကိစ္စ ကိုယ့်ကိစ္စဖြစ်တတ်၍ ဘာမဆို ဆင်ခြင်ပါ။ ကြားညှပ်တတ်ပါသည်။ ရုတ်တရက် ကံများ ရှိနေ၍ ဘာမဆို ဆင်ခြင်ပါ။ အထူးသဖြင့် ဆိုင်ကယ်စီးသူများ အထူးဆင်ခြင်ပါ။ အမျိုးသားများ ရှင်းရခက်သောကိစ္စများ ဖြစ်လာတတ်ပါသည်။ အမျိုးသမီးများ ဝင်ငွေအားကောင်းလာမည်။ အနုပညာနှင့်ဆိုင်သော စက်ပစ္စည်းများ ပျက်တတ်သည်။ စပ်တူလုပ်ကိုင်များ အလွန်ညံ့ပါသည်။

## (၂) စီးပွားရေး

တနင်္လာ၊ တနင်္ဂနွေ၊ ကြာသပတေးနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။ ထိုနံပစ္စည်းများ အကျိုးပေးပါသည်။ သို့သော် စပ်တူမကောင်းပါ။ အင်္ဂါနံနှင့်ဆိုင်သော လုပ်ငန်းရှင်များ ထိခိုက်နစ်နာတတ်ပါသည်။ အနုပညာလုပ်ငန်းများ အခက်အခဲ ဖြစ်တတ်ပါသည်။ ဂုဏ်တော်ကွန်ချာကို နေ့စဉ် ၄၅မိနစ် ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်းပြုပါ။

## (၃) ကျန်းမာရေး

မကြာခဏ ထိခိုက်တတ်ပါသည်။ အသည်းနှင့် ဆီးရောဂါများ ဂရုစိုက်ပါ။ သွေးအား ရုတ်တရက် နည်းသွားတတ်ပါသည်။ တနင်္လာ၊ တနင်္ဂနွေ၊ ကြာသပတေးနာမည်ရှင်များနှင့် ကုပါ။ ထမင်းစားပြီးတိုင်း ရတနသုတ်တော်ကို ရွတ်ပါ။

(၄) **အိမ်ထောင်ရေး**

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်နှင့် သဟဇာတမတည့်မှုများ ယခုနှစ် မကြာခဏ ဖြစ်မည်။ အိမ်က မကြာခဏ ဆင်းသွားတတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ စကားအပြောအဆို ဆိုးရွားမှုကြောင့် မကြာခဏ စိတ်ဆင်းရဲရမည်။ |
| သားသမီးများ | ကံကောင်းရန် တာစူနေရသောနှစ် ဖြစ်၍ ဘာမဆို ဂရုစိုက်ပါ။ |

(၅) **ပညာရေး၊ ဝန်ထမ်းရေးရာ**

ပညာရေးကောင်းပါသည်။ တစ်ဘာသာမှ နှစ်ဘာသာ ကောင်းစွာ သင်ကြားအောင်မြင်လိမ့်မည်။ ဝန်ထမ်းများသည် သူတစ်ပါး၏ အလုပ်ကိုပါ ဝိုင်းဝန်းဆောင်ရွက်ပေးနေရလိမ့်မည်။ အောင်မြင်ချင်သော်လည်း အကြိမ်ကြိမ် ကြိုးစားနေရလိမ့်မည်။ အကြီးအကဲများ ကူညီစောင့်ရှောက်ပါလိမ့်မည်။

(၆) **ချစ်ရေးချစ်ရာ**

တစ်ဦးမှ နောက်တစ်ဦးပေါ် လာတတ်သောနှစ် ဖြစ်ပါသည်။ မထင်မှတ်ဘဲ ဖြစ်တတ်ပါသည်။ လူ ၃ဦး အသွားအလာ မလုပ်ပါနှင့်၊ တနင်္လာထောင့်တွင် တနင်္လာနံပန်းများ အသီးအရွက်များ ဘုရားလှူပါ။

(၇) **နိုင်ငံခြားခရီး**

တနင်္လာ၊ တနင်္ဂနွေ၊ ကြာသပတေးနံ့နာမည်ပါသူများနှင့်သာ တိုင်ပင်ကြံစည်ပြုပါ။ ခရီးဝေးကံအနည်းငယ် ညံ့နေပါသည်။ လူ ၃ဦး သွားမည့်ခရီးရှောင်ပါ။ သွားရတော့မလိုနှင့် ထစ်နေတတ်ပါသည်။ အခက်အခဲဖြစ်နေပါက နေ့စဉ် တစ်နာရီ ဂုဏ်တော်ကွန်ချာရွတ်ပါ။

(၈) **နာမည်နှင့်ကြုံတွေ့မှုများ**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး ပူးသော နာမည်များ၊ သောကြာနာမည်များ၊ ကြာသပတေး၊ ဗုဒ္ဓဟူး ပူးသောနာမည်များကြောင့် စိတ်ဆင်းရဲရတတ်သည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

အိမ်ဝယ်ခြင်းများ၊ အိမ်ဆောက်ခြင်းများ၊ မြေဝယ်ခြင်းများ အခမ္မ ကိစ္စပြုလုပ်ခြင်းများ ကောင်းပြီး အနုပညာနှင့်ဆိုင်သော စက်ပစ္စည်းများ မကြာခဏ ပျက်တတ်၊ ထွက်တတ်သည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အနီးအနားတွင် ဘုရားဇေဆူ ပူဇော်သောနိမိတ် ကြီးကျယ်ခမ်းနားသော အလှူကြီးများ ၊မင်္ဂလာဆောင်ကြီးများ တွေ့ရ၊ ကြုံရ၊ ကြားရပါက ငွေကြေးအလုံးအရင်း ဝင်လာလိမ့်မည်။

## (၁၁) ဆောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ နာမည်ရှင်များ ၂၊ ၉၊ ၅၊ ၁ ဂဏန်းများ အိမ်ခြံမြေကိစ္စ ဆောင်ရွက်မှုများ အလုပ် နောက်ထပ်တိုးချဲ့ လုပ်ကိုင်ခြင်းများ ကောင်းသည်။

## (၁၂) ရှောင်ရန်

စနေ၊ အင်္ဂါ၊ သောကြာ နာမည်ရှင်များ ၇၊ ၃၊ ၆ ဂဏန်းများ ဆေးဝါးထုတ်လုပ်မှုများ ၃ဦးမစပ်ရန် အနက်ရောင် လိမ္မော်ရောင်အကျီ ဝတ်ဆင်ခြင်းများ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ထိန်သားပုတီးနှင့် နမော ၅ချက် အပတ်ရေပေါင်းများစွာ စိပ်ခြင်း၊ ဂုဏ်တော်ကွန်ချာ စိပ်ခြင်းများ၊ စာကလေးများ မကြာခဏလွှတ်ခြင်းတို့ ပြုလုပ်ရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

မွေးနေ့မနက် ၉နာရီရောက်တိုင်း ဓမ္မစကြာရွတ်သင့်သောနှစ် ဖြစ်နေသည်။ စာကလေးများကို မကြာခဏ ဘေးမဲ့လွှတ်ပေးပါ။ ထိန်သားပုတီးနှင့် အမိဋ္ဌာန်ဝင်၍ ပုတီးစိပ်ပါ။ တနင်္လာနံပန်းများ အသီးအရွက်များ အညွန့်များဖြင့် ဘုရားရှင်အား မပြတ်တမ်းပူဇော်ပါ။

❊ ❊ ❊ ❊ ❊

၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးသော
တနင်္ဂနွေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၃ | ** | ● | ※ | × | ** | × | ● | × | ** | × | ※ | × | ** |
| ၁၃၁၁ | ** | ● | ※ | × | ** | × | ** | ** | ** | × | * | ※ | * |
| ၁၃၁၉ | ** | ● | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |
| ၁၃၂၇ | ** | ● | ※ | × | ** | × | × | × | ● | * | ※ | × | ** |
| ၁၃၃၅ | ** | ● | ※ | × | ** | × | ● | × | ** | × | ** | × | ** |
| ၁၃၄၃ | ** | ● | ※ | × | ** | × | ** | ** | * | ※ | × | ** | × |
| ၁၃၅၁ | ** | ● | ※ | × | ** | × | * | * | ● | ※ | × | * | ● |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးဖွားကြသော တနင်္လာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

အမျိုးသားများ စီးပွားရေးနှင့် မဆိုင်သောကိစ္စများ ဖြစ်ပေါ်လာတတ်သော်လည်း အမျိုးသမီး စီးပွားရေးလုပ်ငန်းရှင်များ အောင်မြင်တတ်သော နှစ်ဖြစ်သည်။ သို့သော် ယခုနှစ်တွင် ဗုဒ္ဓဟူးနာမည်ရှင်များ ဒုက္ခပေးလိမ့်မည်။ ချေးငှားထားသောပိုက်ဆံများ ရှုံးတတ်သည်။ သူတစ်ပါးအား ပိုက်ဆံချေးငှားခြင်း မပြုလုပ်ပါနှင့်။

၁၃၃၆၊ ၁၂၉၆၊ ၁၃၀၄၊ ၁၃၂၈ ဖွားတို့သည် စနေနံများ ထိပ်ဖြိုဟ်များ ထိပ်ဆုံးကောင်းသည်။ ကောင်းသောလ(မွေးလ)၌ ကောင်းသော နိမိတ်တွေ့ပါက မွေးနေ့မနက် ၉း၄၅ နာရီတိတိတွင် ၂ စ-၄ ဆုံး၊ ၄ စ-၆ ဆုံး၊ ၂ စ- ၁ ဆုံး၊ ၃ စ-၇ ဆုံး၊ ၄ စောင် ထိုးပါ။

၁၃၂၈၊ ၁၂၉၆ ဖွားတို့သည် ကိုယ်ပိုင်ပစ္စည်းများ မုချပြည့်စုံလာမည်။ အဝေးရှိ အင်္ဂါနံပါ လုပ်ငန်းများမှ အကျိုးအမြတ်များစွာရမည်။

၁၂၉၆၊ ၁၃၂၀၊ ၁၃၄၄ ဖွားတို့သည် အနုပညာနှင့်ဆိုင်သောပစ္စည်း ရတတ်ရက် ညံ့တတ်သည်။

၁၃၀၄၊ ၁၂၉၆၊ ၁၃၂၈ ဖွားတို့သည် ကျန်းမာရေး အထူးဂရုစိုက်ပါ။ ပိုက်ဆံချေးခြင်း မလုပ်ရ။ မြေမဝယ်ရ။ ပြဿနာရှိသည်။

၁၃၂၀၊ ၁၃၂၈၊ ၁၂၉၆ ဖွားတို့သည် အိမ်/အကြီးအကဲဂြိုဟ် ရှုတ်တရက် ညှဲ့မည်။ အလုပ်ထဲတွင် မပျော်ပိုက်၍ အလုပ်ပြောင်းလိုစိတ် ရှိမည်။

၁၂၉၆၊ ၁၃၄၄၊ ၁၃၂၀ ဖွားတို့သည် လူစုလူဝေး ရှုတ်တရက် ညှဲ့တတ်သည်။ အစုရှယ်ယာလုပ်ငန်းရှိပါက ပြဿနာပေါ်တတ်သည်။ အစုစပ်လုပ်ငန်းရှိသူများ အရှုံးနှင့် ရင်ဆိုင်ရခြင်း၊ စိတ်ညစ်ရခြင်းတို့ဖြစ်တတ်သည်။ ပြောဆို စိတ်ကူးထားသော အလုပ်အကိုင်များ ယခုနှစ်တွင် ဖြစ်လာဦးမည် မဟုတ်ပါ။ လက်အောက်ငယ်သားအကျိုးပေးမည်။ လူမျိုးကွဲ အကျိုးပေးမည်။ ဖခင် ကျန်းမာရေး ဂရုစိုက်ပါ။ အထက်လူကြီးများ၏ အထင်မြင်လွဲမှားခြင်း ခံရမည်။

### (၂) စီးပွားရေး

စနေနံ၊ တနင်္လာနံ၊ အင်္ဂါနံပါသော စီးပွားရေးလုပ်ငန်းများ၊ ကုန်များ အကျိုးပေးမည်။ အိမ်ပေါင် မြေပေါင် မခံရ။ ဗုဒ္ဓဟူးကို ငွေချေးပါက အလိမ်ခံရမည်။ နံသင့်သော ကုန်များ ရောင်း၍ အမြတ်ရမည်။

### (၃) အိမ်ထောင်ရေး

အမျိုးသားများ ဇနီးသည်သည် သူ၏ မိဘအကြီးအကဲများထံ သွားလာတတ်၍ ကိုယ်က ခွင့်လွှတ်ထားရမည်။ မချုပ်ချယ်ရ။

အမျိုးသမီးများ မိမိ၏ ခင်ပွန်းသည်သည် ရပ်ဝေးမှာ ရောက်နေပါက (သို့မဟုတ်) တခြားစီခွဲ၍ စီးပွားရှာနေပါက အထူးအောင်မြင်မည်။

သားသမီးများ သွားချင်လာချင်စိတ်များနေတတ်၍ စိတ်လေစေသော ဆုပ္ပမှုမျိုး ကြပ်ကြပ်ရှောင်ပါ။

### (၄) ချစ်ရေးချစ်ရာ

ညီအစ်ကိုမောင်နှမများကြောင့် ပဋိပက္ခဖြစ်တတ်သည်။ တွေဝေ သံသယစိတ်များ ဖြစ်တတ်သည်။ ခွေးလေးများကို မကြာမကြာ ထမင်းကျွေးပါ။

## (၅) ကျန်းမာရေး

စနေသား ဆရာဝန်(သို့မဟုတ်) ဆေးဆရာနှင့် ကုပါက ဘာမဆို ပျောက်မည်။ ထမင်းစာခါနီးတိုင်း ခရဏပရိတ်ကို ရွတ်ပြီးမှ စားပါ။ ကျောက်ကပ်၊ ခေါင်းမူး၊ ခေါင်းကိုက်၊ အာရုံကြောရောဂါများ ဖြစ်တတ်သည်။ ဆံ့အနေသူများကို အစာကျွေးပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

ထူးထူးခြားခြား ကြိုးစားရမည့် နှစ်ဖြစ်သည်။ မျောက်များကို အစာကျွေးပါ။

**ဝန်ထမ်းရေးရာ** လုပ်ငန်းတွင် အပြိုင်အဆိုင် ခံစားရပါက အရှုး အစာကျွေးပါ။

## (၇) နိုင်ငံခြားခရီး

မသွားရဘူးလိုလိုနှင့် ထွက်သွားရတတ်သည်။ သို့သော် စနေသားကိုသာ အကူအညီတောင်းပါမှ အားလုံးအောင်မြင်မည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္ဂနွေစ ဗုဒ္ဓဟူးပိတ်သောနာမည်ရှင်များ (ဥပမာ- အောင်လင်း၊ အေးအေးဝင်း)

ဗုဒ္ဓဟူးစ သောကြာပိတ်သော နာမည်ရှင်များ (ဥပမာ-ဝင်းသန်း၊ ဝေဝေဟန်)များကြောင့် သောကများစွာ ရောက်မည်။

## (၉) ပတ်ဝန်းကျင်နိမိတ်

ထီပေါက်ခြင်း နိမိတ်တစ်ခုခု မြင်လျှင်၊ ကြားလျှင် ကိုယ်တိုင်ထီ ထပေါက်မည်။

## (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

အဖိုးမတန်သော ကျောက်များ မဝင်ရ။

ရွှေရောင်ပစ္စည်းအဟောင်း မဝင်ရ။ ပျက်စီးနေသော ရွှေရောင်ပစ္စည်းဟောင်းများ အကုန်ထုတ်ရမည်။

## (၁၁) ဆောင်ရန်

စနေ၊ အင်္ဂါ နာမည်ပါသူများ၊ နေ့များ၊ ကုန်ပစ္စည်းများ၊ အရပ်ဒေသများ၊ ၇ -၃ ဂဏန်းများ၊

## (၁၂) ရှောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ ၎င်းနံ့သင့် မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၅-၁-၄-၈ ဂဏန်းများနှင့် အနီရောင် ရွှေအိုရောင်လွှမ်းသော အကျီများ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

အပတ်စဉ် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ သုံးနေ့ရောက်တိုင်း ဓမ္မစကြာသုတ်တော်ကြီးကို မပျက်မကွက် ရွတ်ရန်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရား၊စေတီ၊ ပုထိုးများသို့ မကြာခဏသွား၍ ကနက္ကဒန်ထီးဖြူများ၊ တံခွန်များကို တနင်္လာထောင့်တွင် လှူပေးပါ။ ထိန်သားပုတီးနှင့် နမော ၅ ချက် စိပ်ပါ။ စိတ်ဝေဒနာရှင်များအား မကြာခဏသွား၍ အစားအစာနှင့် ဆေးများ ပေးပါ။ ဝေငှပါ။

❊ ❊ ❊ ❊ ❊

၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးသော
တနင်္လာသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၆ | ● | ✱✱ | × | ✳ | × | ✱✱ | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၀၄ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၁၂ | ● | ✱✱ | × | ✳ | × | ✱✱ | ✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၂၀ | ● | ✱✱ | × | ✳ | × | ✱✱ | × | × | ● | ✱ | ✳ | × | ✱✱ |
| ၁၃၂၈ | ● | ✱✱ | × | ✳ | × | ✱✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၃၆ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၄၄ | ● | ✱✱ | × | ✳ | × | ✱✱ | ✱ | ✱ | ● | ✳ | × | ✱ | ● |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၉၇၊ ၁၃၀၅၊ ၁၃၁၃၊ ၁၃၂၁၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၄၅ ခုနှစ် မွေးဖွားကြသော တနင်္လာသားသမီးများအတွက်

### (၁) လူးခြားဖြစ်စဉ်

လုပ်ငန်းများ မထင်ဘဲ ရပ်ဆိုင်းသွားခြင်း၊ ရုတ်တရက် အပြောင်းအလဲ ဖြစ်ခြင်း၊ လူ့အစုအဝေးတွင် အကြီးအကဲ တက်ဖြစ်ခြင်းများ ကြုံလိမ့်မည်။ ငွေကုန်ကြေးကျများပြီး ဝင်ငွေ ထွက်ငွေ မညီမျှခြင်းများ ကြုံရလိမ့်မည်။ ခရီးသွားခြင်းများ၊ အိမ်ရာ ပြောင်းရွှေ့အိပ်ခြင်းများ ရှောင်ပါ။ မကျွမ်းကျင်သော အလုပ်ပြောင်းရွှေ့ရန် မကြံစည်ပါနှင့်။

၁၃၂၉၊ ၁၂၉၇ မွေးသူများသည် အလုပ်အကြီးအကဲ၊ အိုးအိမ်နှင့် ဆိုင်သော ကံများ ရုတ်တရက်ကောင်းမည်။

၁၂၉၇၊ ၁၃၂၉၊ ၁၃၂၁ မွေးသူများသည် မိတ်ဆွေဂြိုဟ်များ၊ သားသမီးဂြိုဟ်များ၊ နည်းပညာနှင့် ဆိုင်သောဂြိုဟ်များ အထူးအကျိုးပေးမည်။ ညီအစ်ကို မောင်နှမများ အစုစပ်လုပ်ငန်းများ အထူးအကျိုးပေးမည်။

၁၂၉၇၊ ၁၃၁၃-ဖွားသူများတို့သည် ကိုယ်ကျေးဇူးပြုခဲ့ဖူးသူများက အပြန်အလှန်အကျိုးပြု၍ အောင်မြင်မည်။ အောက်လူများ အပြောင်းအလဲရှိမည်။ အဝေးမှ လူမျိုးခြား အကျိုးပေးမည်။

၁၂၉၇၊ ၁၃၂၁၊ ၁၃၄၅၊ ၁၃၃၇ ဖွားသူတို့သည် ကျန်းမာရေး ရုတ်တရက်ညံ့သွားခြင်း၊ ရုတ်တရက်ငွေကုန်ကြေးကျများခြင်းမျိုး ကြုံရမည်။ ငွေကိစ္စအတွက် ပူပန်ရမည်။

၁၂၉၇ ခု ဖွားသူ တို့သည် ရုတ်တရက်ကောင်းပြီး ရုတ်တရက်ဆိုး တတ်သည်။

၁၃၄၅၊ ၁၃၂၂၊ ၁၃၂၉၊ ၁၂၉၇ ခု ဖွားတို့သည် မိခင်ကျန်းမာရေး ဂရုစိုက်ပါ။ မင်္ဂလာကိစ္စကြီးကျယ်စွာ မပြုလုပ်ရ။ ညအိပ်ချိန်သည် လာပါက အိမ်နောက်ဖေးဘက်တွင် တည်းခိုပါစေ။ မိမိပိုက်ဆံမဟုတ်ဘဲ တခြား တစ်ဦး တစ်ဖွဲ့ဖွဲ့၏ ပိုက်ဆံများ ကိုင်တွယ်ခြင်း၊ လာရောက်အပ်နှံခြင်းများ ကို လက်မခံရ။ ငွေကြေးကိစ္စ ပူပန်သောက ရောက်တတ်သည်။

## (၂) စီးပွားရေး

စနေနံ၊ ဗုဒ္ဓဟူးနံပါသော စီးပွားရေးလုပ်ငန်းရှင်များ၊ ကုန်များ၊ အကျိုးပေးမည်။ မြေကိစ္စ၊ မီးသွေးကိစ္စများ လုံးဝရှောင်ပါ။ ငွေမချေးရ။ လဲမှို့-ဝါ လုပ်ငန်းရှင်များ အထူးအောင်မြင်မည်။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်၏ စကားအပြောအဆိုမတတ်မှု ကြောင့် မကြာခဏပြဿနာရှင်းရမည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည် အခြေအနေတစ်ခုမှ တစ်ခုသို့ ပြောင်းလဲမည်။ |
| သားသမီးများ | အထူးအောင်မြင်တတ်သည်။ |

## (၄) ချစ်ရေးချစ်ရာ

အင်္ဂါနေ့ရောက်တိုင်း ခွေးလေးများကို ထမင်းကျွေးပါ။ အချစ်ကြောင့် စိတ်ဆင်းရဲရတတ်သောနှစ် ဖြစ်သည်။

အတိတ်က ရှိခဲ့ဖူးသော ကိစ္စများကြောင့် စိတ်ညစ်ရမည်။

## (၅) ကျန်းမာရေး

ဗုဒ္ဓဟူးနာမည်ရှင်- ဆေးဆရာ၊ ဆရာဝန်များနှင့်သာ ကုပါက ဘာမဆို ကောင်းသည်။ ထမင်းစားပြီးတိုင်း ခရဏပရိတ်တော်ကို ရွတ်၍ ဘုရား ဝတ်ပြုပါ။ အင်္ဂါနေ့တိုင်း ခွေးများကို အစာကျွေးပါ။ ဖျံကလေးများ ကို မကြာမကြာ အစာကျွေးပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

ကြိုးစားမှုနည်း၍ အလွန်ညံ့နေပါသည်။

**ဝန်ထမ်းရေးရာ** လုပ်ကိုင်နေရသော နေရာ၊ ဌာနအတွင်းတွင် အကြီးအကဲ တက်ဖြစ်တတ်သည်။

## (၇) နိုင်ငံခြားခရီး

အခက်အခဲများကြားမှ သွားရတတ်သည်။ သို့သော် ဗုဒ္ဓဟူး၊ စနေ နာမည်ပါသူများနှင့် တိုင်ပင်ပြုလုပ်ပါ။ ဘာမဆို အောင်မြင်မည် ဖြစ်သည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္ဂနွေ၊ ကြာသပတေးပူးသောနာမည်များ၊ တနင်္လာစ စနေပိတ်သောနာမည်များ၊ ဗုဒ္ဓဟူးစ အင်္ဂါပိတ်သောနာမည်များကြောင့် စိတ်ဆင်းရဲစရာများ ကြုံရမည်။

ဥပမာ။ ။ အောင်မိုး၊ ကျော်ထွန်း၊ ဝင်းဇော်။

## (၉) ပတ်ဝန်းကျင်နိမိတ်

အဝိစိတွင်းတူးသောနိမိတ်၊ ရေအိုးစင်ဆောက်သော နိမိတ်၊ ရေနှင့်ဆိုင်သော အလှူကြီးပေးသောနိမိတ်တို့ကို တွေ့လျှင် ကိုယ်တိုင်အောင်မြင်ပြီ။

## (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

ကျောက်များ မဝင်ရ။ ရွှေများဝင်လျှင် ကောင်းသည်။

## (၁၁) ဆောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ပါသူများ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၁-၄-၇ ဂဏန်းများ။ ၎င်းနံသင့်ကုန်ပစ္စည်းများ သို့လှောင်ရောင်းဝယ်ခြင်းဖြင့် အကျိုးရှိမည်။

## (၁၂) ရှောင်ရန်

သောကြာ၊ တနင်္လာ၊ ကြာသပတေး နာမည်ပါသူများ၊ မြို့ဒေသများ ကုန်ပစ္စည်းများ၊ အရောင်ဖျော့အင်္ကျီများ၊ ကြိုးကျယ်ခမ်းနားစွာ ခင်းသော

ဆောင်ခြင်းများ၊ ၆-၂-၅ ဂဏန်းများ။

**(၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်**

ရွက်လှအိုးတစ်လုံးသတ်သတ်ကို ဝေနေအောင် ပြု၍ ဘုရားရှင်အား ပူဇော်ထားပါ။

**(၁၄) ကံမြင့် ကံပွင့် အစီအရင်**

ဘုရားစေတီ ပုထိုးများသို့ မကြာခဏသွား၍ သောကြာထောင့်များတွင် ရေများစွာ သပ္ပာယ်ပါ။ အင်္ဂါနေ့ရောက်တိုင်း ခွေးလေးများကို ထမင်းကျွေးပါ။

❋ ❋ ❋ ❋ ❋

၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉, ၁၃၃၇, ၁၃၄၅ ခုနှစ် မွေးသော
တနင်္လာသားသမီးများ၏ ၁၃၆၁ ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၇ | ● | ** | × | ** | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၀၅ | ● | ** | × | ** | × | ** | ** | ** | * | ※ | × | × | × |
| ၁၃၁၃ | ● | ** | × | ** | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၂၁ | ● | ** | × | ** | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၂၉ | ● | ** | × | ** | × | ** | ** | ** | ** | × | * | ※ | * |
| ၁၃၃၇ | ● | ** | × | ** | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၄၅ | ● | ** | × | ** | × | ** | × | × | ● | * | ※ | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၈၊ ၁၃၀၆၊ ၁၃၁၄၊ ၁၃၂၂၊ ၁၃၃၀၊ ၁၃၃၈၊ ၁၃၄၆ ခုနှစ် မွေးဖွားကြသော တနင်္လာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ရပ်ဝေးမြေခြား ခရီးဝေးသွားရန် အခက်အခဲရှိနေသူများ၊ ယခုနှစ် အောင်မြင်စွာ ထွက်ခွာရတော့မည်။ အခြေအနေတစ်ခုမှ အခြေအနေ တစ်ခုသို့ မုချ ပြောင်းလဲမည့် နှစ်ဖြစ်သည်။ ငွေဝင်မည့်နှစ် ဖြစ်သော်လည်း မိမိထံမထားဘဲ တခြားတစ်နေရာတွင် စုဆောင်းထားပါမှ ကြာရှည်မြဲမည်။

၁၃၂၂၊ ၁၃၃၀ မွေးသူများသည် ခရီးဝေးကံများ၊ ရပ်ဝေးမှ သားသမီးကံများ ထိပ်တန်းကောင်းပြီး အောင်မြင်မည်။

၁၂၉၈၊ ၁၃၀၆၊ ၁၃၁၄၊ ၁၃၃၀ မွေးသူများ ကျောက်များ ဝင်လာမည်။ လက်ခံလိုက်သည်နှင့် လာဘ်ပိတ်မည်။

၁၂၉၈၊ ၁၃၀၆၊ ၁၃၂၂၊ ၁၃၃၀ မွေးသူများ တရားထူး၊ တရားမြတ်များ ရမည်။ မဖူးဘူးသေးသော ဆရာတော်ကြီးများ ဖူးရမည်။ ပညာအသစ်များ ဆည်းပူးရမည်။

ဆိုင်ကယ်ပြင်းစွာ စီးခြင်းကို ၁၃၃၀ ဖွားသူများ ကြပ်ကြပ် သတိထားပါ။ အောက်လူတော်လှန်ခြင်း၊ ဆေးမှားခြင်း၊ ရန်အတိုက်အခိုက်များ ကြုံရတတ်သည်။

၁၃၃၀ ဖွားတို့သည် ရှုတ်တရက်ကောင်းပြီး ရှုတ်တရက် ဆိုးတတ်ပါသည်။

အမွေရမည်။ ပညာအသစ်များ၊ နည်းပညာများ အထောက်အပံ့

ရမည်။ ဤနှစ်တွင် ဘုရား၊ တရားများနှင့် ကောင်းမှုကုသိုလ်အလှူဒါနများ ပြုလုပ်ရမည့်နှစ် ဖြစ်သည်။ လောင်းကစားလုပ်ခြင်းများကြောင့် ပြဿနာ ဖြစ်တတ်သည်။ ညီအစ်ကို မောင်နှမကဲ့သို့ နေသောမိတ်ဆွေများတွင် ပြဿနာများဖြစ်ပါက ဝင်ရောက် ကူညီဖြေရှင်းပေးရမည်။ အလုပ်အကိုင် များကြားတွင် သံသယစိတ်၊ ဒွိဟစိတ်များဖြင့် စိတ်တိုင်းမကျဘဲ ရှိမည်။ လက်အောက်ငယ်သား တော်လှန်မည်။ ဘုရားစင်တွင် ရှုပ်ထွေးသော ပစ္စည်းများ ရှိနေသဖြင့် ရှင်းရှင်းလင်းလင်းထားရန် လိုအပ်ပါသည်။ အနေ အထိုင် မတတ်ပါက အစွပ်အစွဲခံရတတ်သော နှစ်ဖြစ်၍ သတိထားရန် လိုပါမည်။

## (၂) စီးပွားရေး

ပညာရေးနှင့်ယှဉ်သော စီးပွားရေးများ၊ အနုပညာနှင့်ယှဉ်သော လုပ်ငန်းများ ကောင်းမည်။ အထည်ရောင်းသူများ၊ လက်ဖက်ရည်ဆိုင်ဖွင့် သူများ ညှံ့၍ ဘာသာရေး ကိုင်းရှိုင်းပါ။ စက်ပစ္စည်း၊ ဆေးဆိုင် အကျိုး မပေး။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကြောင့် အကျိုးဖြစ်ထွန်းမှုများ ပြန် ဖြစ်လာမည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ ဆိုးရွားလွန်းသောဒဏ်ကို မေတ္တာသုတ် ရွတ်၍ သည်းခံပါ။ |
| သားသမီးများ | အောင်မြင်မှု များစွာ ရှိပါသည်။ ဘာသာရေး ကျင့်စဉ်များ ပိုကျင့်ခိုင်းရန် ဩပါမည်။ |

## (၄) ချစ်ရေးချစ်ရာ

အဆင်ပြေပြီးမှ ရုတ်တရက် ခွဲခွာကြရခြင်း ဖြစ်တတ်ပါသည်။ ဆင်ခြင်ပါ။ ခွေးလေးများကို စနေနေ့တိုင်း အစာကျွေးပါ။

## (၅) ကျန်းမာရေး

လေနာ၊ ရင်နာနှင့် ဆီးထိုးခြင်းက ရှိနေသည်။ ကြာသပတေးနံ ပါသော ဆေးဆရာများ၊ ဆရာဝန်များနှင့် ကုသပါ။ ကောင်းသည်။ ထမင်း စားတိုင်း ရတနသုတ် ရွတ်ပေးပါ။

**(၆) ပညာရေး၊ ဝန်ထမ်းရေးရာ**

သင့်ရုံသာ ရှိပါသည်။ ဝက်ဝံများကို မကြာခဏအစာကျွေးပါ။

**ဝန်ထမ်းရေးရာ** မပျော်ပိုက်ဖြစ်နေသော အလုပ်ကို ပို၍ ဖိကြိုးစားလိုက်ပါ။ မေတ္တာသုတ် နေ့စဉ်ရွတ်ပါ။

**(၇) နိုင်ငံခြားခရီး**

ယခင်သွားဖူးသူများသည် မသွားရဘူးသူများထက် ပို၍ မြန်ဆန်၍ အောင်မြင်မည်။ ကြာသပတေး၊ သောကြာနာမည်ပါသူများနှင့် ဘာမဆို တိုင်ပင်ပါ။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

ဗုဒ္ဓဟူး၊ စနေပူးသောနာမည်များ၊ တနင်္လာ၊ တနင်္ဂနွေပိတ်သော နာမည်ရှင်များကြောင့် စိတ်ဆင်းရဲစရာများ ကြုံရမည်။ ဥပမာ. . . ဝင်းနိုင်၊ ကျော်ကျော်ဦး။

**(၉) ပတ်ဝန်းကျင်နိမိတ်**

လူငယ်များထဲမှ မိဘနှင့် ခွဲခွာ၍ ရပ်ဝေးခရီးကို သွားရောက်ခြင်း နိမိတ် တွေ့ရ ကြုံရ ကြားရလျှင် ကိုယ့်ကိစ္စများ ပြီးပြီ။

**(၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ**

ကျောက်များ၊ စက်ပစ္စည်းများ လုံးဝမဝင်ရ။ ထိုပစ္စည်းများသည် သူများအတွက်သာ ဖြစ်ရမည်။ ထီးအဟောင်းများ၊ ဖိနပ်အဟောင်းများ အိမ်တွင် လုံးဝမထားရ။

**(၁၁) ဆောင်ရန်**

သောကြာ၊ ကြာသပတေးနာမည်ပါသူများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ ကုန် ပစ္စည်းများ အကျိုးပေးမည်။ ၆-၅ ဂဏန်းများ။ ၎င်းနှံသင့်ကုန်ပစ္စည်းများ ရောင်းဝယ်သိုလှောင်ခြင်းကြောင့် အကျိုးအမြတ်များနိုင်သည်။

## (၁၂) ရှောင်ရန်

ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါနာမည်ပါသူများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ ကုန်ပစ္စည်းများ၊ အနက်ရောင်အဝတ်အစားများ၊ ၄-၇-၃ ဂဏန်းများ၊ ကျောက်ဝယ်ခြင်း။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

စာကလေးများ လွှတ်ခြင်း၊ ကျွေးခြင်း၊ ဘုရားများ၏ ကြာသပတေး ထောင့်များသို့ မကြာမကြာသွားပြီး ဆီမီးခွက်များ ထွန်းညှိ ပူဇော်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တစ်နေ့တည်း ဘုရား ၆ ဆူလှည့်၍ ဆီမီးခွက်များနှင့် ဆီမီးထွန်းညှိ ပူဇော်ခြင်းများကို မကြာခဏ ပြုပါ။ နေ့စဉ် မေတ္တာသုတ်ကို ဂြိုဟ်သက် အလိုက် ရွတ်ပါ။ စံပါယ်ပန်းကလေး မကြာမကြာ ဘုရားကပ်ပါ။

❋ ❋ ❋ ❋ ❋

၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးသော
တနင်္လာသားသမီးများ၏ ၁၃၆၁ ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၈ | × | ● | ✱ | ※ | × | ✱✱ | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၀၆ | × | ● | ✱ | ※ | × | ✱✱ | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၁၄ | × | ● | ✱ | ※ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |
| ၁၃၂၂ | × | ● | ✱ | ※ | × | ✱✱ | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၃၀ | × | ● | ✱ | ※ | × | ✱✱ | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၃၈ | × | ● | ✱ | ※ | × | ✱✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၄၆ | × | ● | ✱ | ※ | × | ✱✱ | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးဖွားကြသော တနင်္လာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

လူများစုနှင့် ပြုလုပ်ရသော လုပ်ငန်းများ၊ စပ်တူလုပ်ငန်းကြီးများ၊ သားသမီးများဦးဆောင်ပြုလုပ်ရသောလုပ်ငန်းကြီးများ အထူးအောင်မြင်မည်။

၁၃၀၇၊ ၁၃၃၉၊ ၁၃၁၅ မွေးသူများ ညီအစ်ကိုမောင်နှမများ၊ သားသမီးများကြောင့် အထူးကောင်းသည်။ ၁၃၀၇ ခုမွေးသူများ လူမျိုးကွဲများနှင့် အလွန်အကျိုးပေးမည်။

၁၂၉၉၊ ၁၃၀၇၊ ၁၃၃၁၊ ၁၃၂၃ မွေးသူများသည် လုပ်ငန်းအခြေယိုင်တတ်ပါသည်။ အပြောင်းအလဲ ဖြစ်ပါလိမ့်မည်။

၁၃၉၇ ဖွားသူတို့သည် ရုတ်တရက်ကောင်းပြီး ရုတ်တရက်ဆိုးတတ်ပါသည်။ တစ်နှစ်လုံး ဓမ္မစကြာ ရွတ်ပါ။

လူမျိုးကွဲများ အကျိုးပေးမည့်နှစ် ဖြစ်သည်။ ဆရာကောင်း၊ သမားကောင်း တွေ့မည်။ စက်ကိရိယာများ ဝင်မည်။ ရွှေနှင့် ကျောက်တွဲ၍ ဝင်မည်။ ကျောက်နီ မဝင်စေရ။ အလုပ်သစ်များ လုပ်ပါက အရှုံးနှင့် စတင်ရင်ဆိုင်ရမည့်နှစ်ဖြစ်သည်။ လက်ရှိအလုပ်တွင်လည်း အခက်အခဲများ ကြုံတွေ့နေရသည်။ ကြံစည် ပြောဆိုထားသောအလုပ်များ ပျက်ပြားမည်။ အထက်လူကြီးများ၏ အထင်အမြင် လွဲမှားခြင်းကို ကြုံရမည်။ ငွေကုန်ကြေးကျ များမည့်နှစ်လည်း ဖြစ်သည်။ ပိုက်ဆံချေးခြင်း၊ တခြားသူထံ အပ်နှံ

ထားခြင်းများ ယခုနှစ် ရှောင်ပါ။ ယခင်ပေးထားသော ငွေများ အတိုက်အခိုက် လုပ်မှ ခက်ခက်ခဲခဲရနိုင်သည်။ အပေါင်ခံခြင်း၊ မြေဝယ်ခြင်း ရှောင်ပါ။ အဝေးရောက်မိဘ (၂)ပါး၏ ကျန်းမာရေးညံ့တတ်သည်။

**(၂) စီးပွားရေး**

ဗုဒ္ဓဟူးနံ၊ အင်္ဂါနံပါသော စီးပွားရေးများ၊ လုပ်ငန်းရှင်များ၊ ကုန်များ အကျိုးပေးမည်။ အိမ်၊ ခြံ၊ မြေအကျိုးဆောင်များ လုပ်ငန်းများ အခက်အခဲ ဖြစ်တတ်သည်။

**(၃) အိမ်ထောင်ရေး**

အမျိုးသားများ — အမျိုးသမီးများ၏ စီးပွားရေးလုပ်ငန်းများကို ဝိုင်းဝန်းပေးပါ။ စကားဟောင်းများ ပြန်ပြောနေလျှင် သည်းခံလိုက်ပါ။

အမျိုးသမီးများ — ခင်ပွန်းသည်၏ အောင်မြင်မှုကြောင့် ဝမ်းသာရမည်။ သို့သော် မချုပ်ချယ်ပါနှင့်။ အခြားသူများအတွက် ဖြစ်သွားနိုင်ပါသည်။

သားသမီးများ — အထူးအောင်မြင်တတ်သည်။

**(၄) ချစ်ရေးချစ်ရာ**

မထင်ဘဲ ကတောက်ကဆ ဖြစ်တတ်၍ ကျီးစာ ခဏခဏ ကျွေးပါ။

**(၅) ကျန်းမာရေး**

ဦးခေါင်းရောဂါ မကြာခဏ ဖြစ်မည်။ အင်္ဂါ၊ ဗုဒ္ဓဟူးနာမည်ပါသူ ဆေးဆရာများ၊ ဆရာဝန်များနှင့် ကုရမည်။ ၂၄ ပစ္စည်း နေ့စဉ် သက်စေ့ ရွတ်ရမည်။

**(၆) ပညာရေး၊ ဝန်ထမ်းရေးရာ**

အလွန်ကောင်းသောနှစ် ဖြစ်သည်။

**ဝန်ထမ်းရေးရာ** — အလုပ်လုပ်နေရင်း တွေ့လာရသမျှ အခက်အခဲများကို နေ့စဉ် သရဏဂုံ ၃၀ အကြိမ်ပေါင်းများစွာ ပုတီးစိတ်၍ ဖြေရှင်းပါ။

## (၇) နိုင်ငံခြားခရီး

အခက်အခဲများနှင့် အလွန်ရင်ဆိုင်ရတတ်ပါသည်။ ဗုဒ္ဓဟူး၊ အင်္ဂါ၊ စနေနာမည်ပါသူများနှင့် အဖိက ပြုလုပ်ပါ။ အောင်မြင်ပါမည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

အင်္ဂါ၊ သောကြာပူးသောနာမည်များ၊ တနင်္ဂနွေ၊ သောကြာပူးသော နာမည်ပါသူများကြောင့် စိတ်ဆင်းရဲသောက ရောက်ရတတ်သည်။ ဥပမာ. . . ဇော်သိန်း၊ အောင်သူ။

## (၉) ပတ်ဝန်းကျင်နိမိတ်

တန်ခိုးကြီးဘုရားများ၊ ဒေသစာရိကြွချီတော်မူလာသော နိမိတ်များ တွေ့ရပါက အထူးအောင်မြင်ပြီဟု မှတ်ပါ။ ထီမုချပေါက်ပြီဟု မှတ်။

## (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

အနီရောင်မဝင်ရ။ အိမ်ရောင်းလိုသူများ အဆင်ပြေမည်။ ရွှေ ဘုရားရုပ်ပွားတော်များ ဝင်ရောက်တတ်၊ ကြွချီလာတတ်သည်။ အလွန် ကောင်းသည်။

## (၁၁) ဆောင်ရန်

ဗုဒ္ဓဟူး၊ အင်္ဂါ၊ စနေနာမည်ပါသူများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ ကုန်ပစ္စည်းများ၊ ၄-၃-၇ ဂဏန်းများ ကောင်းမည်။

## (၁၂) ရှောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေနာမည်ပါသူများ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၂-၅-၁ ဂဏန်းများနှင့် အနီရောင်။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ယခုနှစ် ကျိုက်ထီးရိုးဘုရားသို့ရောက်အောင် သွားဖူးပြီး ရွှေသင်္ကန်း များ ကပ်လှူပါ။ မသွားနိုင်သူများ ပုံတော်ရှေ့တွင် အဓိဋ္ဌာန် မကြာခဏ ဝင်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားများသို့ မကြာခဏသွား၍ ရာဟုထောင့်တွင် ကံ့ကော်ညွန့် လက်တစ်ဆုပ်လှူခြင်းကို မကြာခဏပြုပါ။ အင်္ဂါနေ့ရောက်တိုင်း လမ်းခွေးလေးများကို ထမင်းကျွေးပါ။

❋ ❋ ❋ ❋ ❋

၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၀, ၁၃၃၉, ၁၃၄၇ ခုနှစ် မွေးသော
တနင်္လာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၉ | ✱✱ | ● | ※ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |
| ၁၃၀၇ | ✱✱ | ● | ※ | × | ✱✱ | × | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၁၅ | ✱✱ | ● | ※ | × | ✱✱ | × | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၂၃ | ✱✱ | ● | ※ | × | ✱✱ | × | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၃၀ | ✱✱ | ● | ※ | × | ✱✱ | × | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၃၉ | ✱✱ | ● | ※ | × | ✱✱ | × | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၄၇ | ✱✱ | ● | ※ | × | ✱✱ | × | ● | | ✱✱ | × | ※ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးဖွားကြသော တနင်္လာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

အမျိုးသားများ ခြေနှစ်ချောင်းကိစ္စ အရှုပ်အထွေးများ ဖြစ်တတ်သော နှစ်ဖြစ်သော်လည်း အမျိုးသမီး စီးပွားရေး လုပ်ငန်းရှင်များ ဝင်ငွေအလွန်ကောင်းမည်။ ထီပေါက်သကဲ့သို့ ဝင်လိမ့်မည်။

၁၃၁၆၊ ၁၃၄၀၊ ၁၃၄၈၊ ၁၃၀၈ ခုဖွားများဖြစ်လျှင် ငွေအလုံးအရင်းများ မုချဝင်ပါလိမ့်မည်။

၁၃၁၆၊ ၁၃၄၀၊ ၁၃၄၈ ခုဖွားများသည် မမျှော်လင့်ဘဲအလုပ်အကိုင်ကောင်းများ ရရှိတတ်သည်။ အလုပ်အသစ်များ ထပ်မံတိုးချဲ့ရတတ်သည်။

၁၃၄၀ ခုဖွားတို့သည် ရုတ်တရက်ကောင်းပြီး ရုတ်တရက်ဆိုးတတ်ပါသည်။ တစ်နှစ်ပတ်လုံး ဂုဏ်တော်ကွန်ချာ အဆက်မပြတ် ရွတ်ပါ။

မမျှော်လင့်သော၊ မထင်မှတ်သော ကိစ္စများ ရုတ်တရက်ထဖြစ်တတ်သည်။ အလုပ်ကောင်းသော်လည်း အောက်လူများအတွင်း အချင်းချင်း ခိုက်ရန်ဖြစ်ခြင်း၊ မိမိအား တော်လှန်တတ်ခြင်းများ ကြုံရမည်။ ငွေကြေးကိစ္စအတွက် လက်အောက်ငယ်သားများအား စိတ်ချယုံကြည်စွာ အပ်နှံမထားသင့်။ ငွေချေးခြင်း၊ တစ်ပါးသူဆီ ခဏထားခြင်း မပြုလုပ်သင့်သောနှစ်ဖြစ်သည်။ ဆွေမျိုးများ၊ အဝေးမှ ညီအစ်ကိုမောင်နှမများ (၂) ဦးထက်မနည်း ညအိပ်ညနေ လာတတ်သည်။ သူများအမှု၊ အရှုပ်ထဲ ဝင်ရောက်

ဖြေရှင်းပေးတတ်သော စိတ်ကို ယခုနှစ်အတွင်း မပြုလုပ်ရ။ ကိုယ့်ကိစ္စအပူ ဖြစ်သွားတတ်သည်။ စေတနာ ဝေဒနာဖြစ်တတ်သည်။ မိမိ ပြောဆိုထားသော အထောက်အပံ့များ ရမည်။ အပေါင်းအသင်း မှားတတ်သည်။ ဆရာ အတုအယောင် တွေ့ရတတ်သည်။

၁၃၄၀၊ ၁၃၀၀ ခု မွေးသူများသည် ယခင်နှစ်များက ချေးထားသော ငွေကြေးများ ပြန်ရမည်။ ပြောထားသောကိစ္စဟောင်းများ အကျိုးပေးမည်။

၁၃၁၆၊ ၁၃၀၈၊ ၁၃၃၂၊ ၁၃၄၀ ခု ဖွားများသည် အသွားအလာ အစားအသောက် ဆင်ခြင်ရမည်။ အပေါင်းအသင်းများကြောင့် မကောင်းသောကိစ္စများ၌ သတိဖြင့် ထိန်းထိန်းသိမ်းသိမ်း နေရမည်။

၁၃၂၄၊ ၁၃၄၀ ခု ဖွားသူများသည် ခိုက်ရန်ဖြစ်ခြင်းများ ရှောင်ရမည်။ သူများ အစွပ်စွဲခံရတတ်သည်။ ကျန်းမာရေးညံ့၍ ဆီး၊ အစာအိမ် ဂရုစိုက်ပါ။

## (၂) စီးပွားရေး

တနင်္လာ၊ တနင်္ဂနွေ၊ ကြာသပတေးနံပစ္စည်းများ လျှောင်ကုန်များ အကျိုးပေးမည်။ အထည်လုပ်ငန်းများ ထိခိုက်တတ်သည်။ လုပ်ငန်း အပြောင်းအလဲဖြစ်မည်။ သစ်လုပ်ငန်းများ ထိခိုက်တတ်သည်။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကို လုပ်ငန်းကြီးများတွင် ဦးမဆောင်ပါစေနှင့်။ ချူချာတတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ ပင်ပန်းမှုကြောင့် ဖြစ်တတ်သော ကတောက်ကဆကို သည်းခံပါ။ ခင်ပွန်းသည် ကျန်းမာရေး ညံ့တတ်သည်။ |
| သားသမီးများ | အောင်မြင်မှု အသင့်အတင့်ရမည်။ |

## (၄) ချစ်ရေးချစ်ရာ

အကောင်းလွန်ပြီး နောက်ဆက်တွဲများပါ ထပ်ဖြစ်လာတတ်သည်။ လျှို့ဝှက်စွာ မကြာခဏ တွေ့ဆုံခြင်း မသင့်။ မင်္ဂလာ ကြီးကျယ်စွာ ဆောင်နိုင်သောနှစ် ဖြစ်သည်။

### (၅) ကျန်းမာရေး

ကျန်းမာရေး ညံ့သောနှစ်ဖြစ်သည်။ အကြောရောဂါများ ဖြစ်တတ်သည်။ အစား မကြာခဏပျက်မည်။ အစာအိမ်ရှိပါက ဂရုစိုက်ပါ၊ ဆေးစားမှားတတ်သည်။ ဝမ်းဗိုက်ရောဂါ သတိထား။ တနင်္လာ၊ တနင်္ဂနွေနာမည်ရှင်ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသပါ။

### (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

အခက်အခဲများကြားမှ အောင်မြင်တတ်သည်။

**ဝန်ထမ်းရေးရာ** အလွန်ကောင်းသောနှစ်ဖြစ်သော်လည်း သူများ၏ အလုပ်ကိုပါ တွဲ၍ လုပ်နေရတတ်သည်။

### (၇) နိုင်ငံခြားခရီး

အလွန် အခက်အခဲရှိမည်။ ဟုတ်တော့မလိုလိုနှင့် အဖျားရှူးသွားတတ်သည်။ တနင်္လာ၊ တနင်္ဂနွေ နာမည်ပါသူများနှင့်သာ တိုင်ပင်လုပ်ပါ။

### (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္လာ၊ ကြာသပတေး ပူးသောနာမည်ရှင်များ၊ စနေနာမည်ရှင်များကြောင့် စိတ်ဆင်းရဲရတတ်ပါသည်။ ၎င်းနာမည်ရှင်များ သတိထားပါ။ ဥပမာ - ကျော်မြင့်၊ နိုင်နိုင်ထွန်း။

### (၉) ပတ်ဝန်းကျင်နိမိတ်

ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ခြင်း(သို့မဟုတ်) ကြီးကျယ်သော အလှူကြီးများ ပြုလုပ်ခြင်းနိမိတ်များ တွေ့ရပါက ယခုနှစ်အလွန်အောင်မြင်ပါပြီ။

### (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

အနက်ရောင် မဝင်ရ။ အဖိုးတန်သော ကျောက်များ ဝင်လာတတ်သည်။ ဝင်လေကောင်းလေ ဖြစ်သည်။ မင်္ဂလာကိစ္စများ ဆောင်ရွက်၍ကောင်းသည်။ စက်ကိရိယာများ ပျက်မည်။

## (၁၁) ဆောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေနာမည်ပါသူများ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ ၂၊ ၉၊ ၅၊ ၁ ဂဏန်းများ၊ အလှူကြီးများ လှူဒါန်းခြင်း ခမ်းနားသော မင်္ဂလာဆောင်များ ပြုလုပ်ခြင်း။

## (၁၂) ရှောင်ရန်

စနေ၊ အင်္ဂါ၊ သောကြာနာမည်ပါသူများ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၇၊ ၃၊ ၆ ဂဏန်းများ၊ အနက်ရောင်အဝတ်အစားများ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

ဩဇာသားကို အိုးစည်ပုံ လုပ်စွာ ထု၍ ဘုရားစင်အောက်တွင် တွဲလောင်းဆွဲထားပါ။ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကို ပေါင်မုန့်၊ မုန့်ကြွပ် မကြာမကြာပေးပါ။ ဘုရားစင်ကို ရှင်းလင်းအောင်ထား၍ ပူဇော်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားရှင်အား အုန်းဆွမ်းများ၊ ဩဇာသီးများ မကြာခဏ ကပ်လှူခြင်း၊ တနင်္လာနံပန်းများ (ဥပမာ- ကံ့ကော်) အရွက်အခက်များ၊ အသီးအပွင့်များဖြင့် ပူဇော်ခြင်း၊ အလှူအတန်း မကြာခဏပြုလုပ်ခြင်း။

❊ ❊ ❊ ❊ ❊

၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးသော
တနင်္လာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၀ | ** | ** | × | * | ✳ | * | × | × | ● | * | ✳ | × | ** |
| ၁၃၀၈ | ** | ** | × | * | ✳ | * | ● | × | ** | × | ** | × | ** |
| ၁၃၁၆ | ** | ** | × | * | ✳ | * | ** | ** | * | ✳ | × | ** | × |
| ၁၃၂၄ | ** | ** | × | * | ✳ | * | * | * | ● | ✳ | × | * | ● |
| ၁၃၃၂ | ** | ** | × | * | ✳ | * | ● | × | ** | × | ✳ | × | ** |
| ၁၃၄၀ | ** | ** | × | * | ✳ | * | ** | ** | ** | × | * | ✳ | * |
| ၁၃၄၈ | ** | ** | × | * | ✳ | * | ** | ** | ● | ✳ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးဖွားကြသော တနင်္လာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ရရန် ခဲယဉ်းနေသော အလုပ်အကိုင်များ ရုတ်တရက်ရတတ်ခြင်း၊ အိုးပိုင် အိမ်ပိုင်များ ဝင်တတ်ခြင်း၊ အမြတ်မ်း ကျန်နေရစ်သော ရာထူး ယခုနှစ်မှ တက်ခြင်း ကြုံမည်။

၁၃၀၁၊ ၁၃၄၁ ဖွားသူများ ရုတ်တရက် အိမ်ထောင်ကျတတ်ပါသည်။ ညီအစ်ကိုမောင်နှမများ၏ အောင်မြင်မှုများ ကြုံရမည်။

၁၃၀၁၊ ၁၃၀၉၊ ၁၃၃၃ ဖွားသူများသည် ပညာအသစ်များ ဆည်းပူးရခြင်း၊ အမွေရခြင်း၊ မြေများ ဝင်တတ်သည်။ ငွေကြေး အထောက်အပံ့များ ရမည်။ တစ်ခုခု ဖြစ်လာပါက အင်္ဂါ၊ စနေနေ့များတွင် ခွေးများအား ထမင်းကျွေးခြင်း (သို့) ငါးစာကျွေးခြင်း (သို့) ငှက်ကြီးအရှင် လွှတ်ရန် မမေ့ပါနှင့်။

၁၃၀၁၊ ၁၃၂၅၊ ၁၃၃၃၊ ၁၃၄၉ ခု ဖွားသူများသည် ကောင်းသော အလုပ်ပြောင်း၊ အိမ်ပြောင်း ကြုံရမည်။

၁၃၀၁၊ ၁၃၁၇ ခု ဖွားသူတို့သည် အနုပညာဆိုင်ရာကိစ္စများ မအောင်မြင်၊ အသံထွက်ပစ္စည်းများ ပျက်၊ အစားအသောက်များတတ်၊ ခန္ဓာကိုယ်အောက်ပိုင်း ကျန်းမာရေး ဂရုစိုက်ပါ။ ခရီးရှည် မထွက်ရ။ သိမ်၊ တန်ဆောင်းများသို့သွား၍ တံမြက်စည်းလှည်းခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းများ ပြုလုပ်ပါ။

၁၃၀၁၊ ၁၃၀၉၊ ၁၃၃၃၊ ၁၃၂၅ ခု ဖွားတို့သည် အစ[illegible]အိမ်၊ ဆီး၊

ရောဂါဟောင်းများ ပြန်ဖြစ်တတ်သည်။ စက်ကိရိယာအဟောင်းများဝယ်ခြင်း မပြုလုပ်ရ။ စာကလေးများ လွှတ်ပါ။

၁၃၀၁ ခုဖွားတို့သည် ရုတ်တရက်ကောင်းပြီး ရုတ်တရက်ဆိုးတတ်ပါသည်။ တစ်နှစ်လုံး ဒိဝါတပတိဂါထာ မပြတ်စိပ်ပါ။

အလုပ်အမျိုးမျိုး ပြောင်းလုပ်နိုင်သော နှစ်ဖြစ်၍ ကြိုးစားရမည်။ ကိုယ်ပိုင်ဝင်ငွေများ အထူးကောင်းမည့်နှစ်ဖြစ်သည်။ မိမိနှင့် မဆိုင်သောငွေများ လက်မခံရ။ အကြွေးများရှိပါက ပြေလည်အောင် ဆပ်နိုင်မည့်နှစ်ဖြစ်သည်။ ကားစီး၍ ခရီးရှည်သွားခြင်း၊ ကိုယ်တိုင်ကားမောင်းခြင်းများကို အထူးသတိထားပါ။ ညအိပ်ချော့သည်လာပါက ကျန်းမာရေး ညံ့မည်။ ဆေးမှား၊ အစာမှားဖြစ်တတ်သည်။ အမည်မဖော်သော အလှူများသာ လုပ်ရမည်။ ယခုနှစ်အတွင်း အလုပ်မအားလပ်အောင် များမည်။ သန့်ပြန့်စွာနေပါ။ ဘုန်းတန်ခိုးနှင့် စည်းစိမ်များဖြင့် ပြည့်စုံလာနိုင်သော နှစ်ဖြစ်သည်။ စိတ်ထား မြင့်မြတ်စွာ ထားပါ။ မိခင်များကို အထူးဂရုစိုက်ပါ။ လက်အောက်ငယ်သားများ ကိုယ်တိုင်ပြဿနာဖြစ်နေပါက ထောက်ပံ့ကူညီလိုက်ပါ။ အထက်လူကြီးများ၏ အရေးပေးခြင်းကို ခံရမည်။

၁၃၀၉၊ ၁၃၀၁၊ ၁၃၂၅၊ ၁၃၄၉ ခု ဖွားတို့သည် အများပိုင်ငွေများအတွက် ပြဿနာရှိတတ်သောကြောင့် သူများငွေကို သတိထားကိုင်တွယ်ရမည်။ အခ ၁၂စ်ရေး ကံဆိုးသည်။ ကားအရောင်းအဝယ်၊ ကန်ထရိုက်လုပ်ငန်းများ မကောင်း။ ညအိပ်ချော့သည် အဆင်ပြေမည်ဆိုပါက လက်မခံပါနှင့်။ ငါးသက်စေ့ မကြာမကြာလွှတ်ပေးပါ။ မိခင် ကျန်းမာရေးညံ့သည်။

## (၂) စီးပွားရေး

တနင်္ဂနွေ၊ ဗုဒ္ဓဟူးနံပါသော စီးပွားရေးလုပ်ငန်းများ၊ ကုန်များအကျိုးပေးမည်။ ကားလုပ်ငန်းရှင်များ၊ သစ်လုပ်ငန်းရှင်များ သတိထား၍ ပြုလုပ်ပါ။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဒနီးသည်ကြောင့် ကသိကအောက်ဖြစ်ရတတ်သည်။ ချချာတတ်သည်။ ယုယစွာပြုစုပါ။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ ပြဿနာဟောင်းများ ပေါ်လာတတ်သည်။ စကားဟောင်းများ ကြားရတတ်သည်။ |

သားသမီးများ အထူးအောင်မြင်တတ်ပါသည်။

## (၄) ချစ်ရေးချစ်ရာ

အတော်ညံ့ပါသည်။ ထမင်းစားတိုင်း ချန်ပြီး ခွေးများကို ထမင်းကျွေးပါ။ ကြီးကျယ်ခမ်းနားစွာ မင်္ဂလာမဆောင်သင့်သော နှစ်ဖြစ်သည်။

## (၅) ကျန်းမာရေး

တနင်္ဂနွေနံ၊ ဗုဒ္ဓဟူးနံ၊ နာမည်ရှင်ဆရာဝန်များ၊ ဆေးဆရာများနှင့်ကုပါ။ ခန္ဓာကိုယ်အောက်ပိုင်း ဂရုစိုက်ပါ။ ထမင်းစားပြီးတိုင်း ဓာရဏာပရိတ်အမြဲရွတ်ပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

ကောင်းသောနှစ်ဖြစ်သည်။

**ဝန်ထမ်းရေးရာ** မထင်ဘဲ ရာထူးတက်တတ်သည်။ မဟာဝေဒဗ္ဗ မန္တန်ကို နေ့စဉ် ပုံမှန် (၉) ကြိမ်ရွတ်၍ အားလုံးကို ဖြေရှင်းပါ။

## (၇) နိုင်ငံခြားခရီး

အခက်အခဲများ အလွန်များပါသည်။ တနင်္ဂနွေ၊ ဗုဒ္ဓဟူးနာမည်ပါသူများနှင့် အတော်လေး အကူအညီတောင်းမှ အဆင်ပြေမည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

စနေ၊ အင်္ဂါပူးသော နာမည်ရှင်များ၊ ကြာသပတေး၊ တနင်္လာပူးသော နာမည်ရှင်များကြောင့် စိတ်သောက ရောက်ရတတ်သည်။
ဥပမာ - ထွန်းစိုး၊ မြင့်နိုင်

## (၉) ပတ်ဝန်းကျင်နိမိတ်

ကိုယ့်ပတ်ဝန်းကျင်တွင် အိမ်သစ်၊ အိုးသစ် ပြင်ဆောက်သောနိမိတ်များ တွေ့ရပါက ယခုနှစ် ကိုယ်တိုင်အောင်မြင်လိမ့်မည်။

## (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

ကားပွဲစားများ သတိထား၊ အောင် ဘွဲ့အမည်ရှိ ဘုရားများတွင် မကြာခဏ လှျပ်စစ်မီးလှူပါ။ မုဆိုးမနှင့် စီးပွားရေး မတိုင်ပင်ရ။ စက်ပျက်များ အပြင်ပို့ပါ။ အသံထွက်ပစ္စည်းများ မကြာမကြာ ပျက်မည်။

## (၁၁) ဆောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ ကုန်များ၊ မြို့ ဒေသများ။ ၅၊ ၁၊ ၄ ဂဏန်းများ။

## (၁၂) ရှောင်ရန်

အင်္ဂါ၊ သောကြာ၊ တနင်္လာ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်များ၊ ၃၊ ၆၊ ၂၊ ၉ ဂဏန်းများ ၊ မင်္ဂလာကြီးကျယ်စွာဆောင်ခြင်းများ၊

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

တန်ခိုးကြီးဘုရားများတွင် လျှပ်စစ်မီးများ ထွန်းညှိပူဇော်ခြင်း၊ ဘိုးဘွားရိပ်သာများသို့ မကြာခဏလှူပေးခြင်း၊ အင်္ဂါနေ့ရောက်တိုင်း ခွေးလေးများကို အစာဝအောင် ကျွေးခြင်း။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ထီးအနီ (၇) လက်၊ စနေထောင့်တွင် မကြာခဏလှူပါ။ အုန်းသား ပုတီးစိပ်ပါ။ ဘုရားစင် သန့်ရှင်းစင်ကြယ်စွာ ထားပါ။ မဆိုင်သော ပစ္စည်းများ ရှိမနေစေရ။

❋ ❋ ❋ ❋ ❋

၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၄, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးသော
တနင်္လာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၁ | * | ● | ※ | × | * | ● | * | * | ● | ※ | × | * | ● |
| ၁၃၀၉ | * | ● | ※ | × | * | ● | ● | × | ** | × | ※ | × | ** |
| ၁၃၁၇ | * | ● | ※ | × | * | ● | ** | ** | ** | × | * | ※ | * |
| ၁၃၂၄ | * | ● | ※ | × | * | ● | ** | ** | ● | ※ | × | ** | × |
| ၁၃၃၃ | * | ● | ※ | × | * | ● | × | × | ● | * | ※ | × | ** |
| ၁၃၄၁ | * | ● | ※ | × | * | ● | ● | × | ** | × | ** | × | ** |
| ၁၃၄၉ | * | ● | ※ | × | * | ● | ** | ** | * | ※ | × | ※ | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးဖွားကြသော တနင်္လာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ဘဝတွင် အနိုမ်ခံရဆုံး၊ မျက်နှာငယ်ရဆုံး၊ မခံချင်စရာ အဖြစ်ရဆုံး နှစ် ဖြစ်ပါသည်။ အားလုံးက ကိုယ့်ကို အကောင်းထင်တော့မည် မဟုတ်ပါ။ ငွေကြေးနှင့်ဆိုင်သောကိစ္စများ ရှိနေပါသည်။ သူတစ်ပါးတို့နှင့် ဆက်နွယ်နေသော ငွေကြေးကိစ္စမှန်သမျှ ရှောင်နိုင်လျှင် အကောင်းဆုံးအန္တရာယ်ကင်းပါမည်။

၁၃၃၄၊ ၁၃၅၀ဖွား ကလေးတို့သည် စာပေထူးချွန်ဆုများ၊ ဂုဏ်ထူးများ မုချရမည်။

၁၃၃၄၊ ၁၃၄၂ ဖွားသူတို့သည် ရုတ်တရက် အိမ်ထောင်ကျခြင်း၊ ခရီးဝေးများ ရုတ်တရက် ထွက်ရတတ်ခြင်းများ ကြုံမည်။

၁၃၀၂၊ ၁၃၃၄၊ ၁၃၁၀ ဖွားသူများတို့သည် ရုတ်တရက်ကောင်းခြင်း၊ ရုတ်တရက်ဆိုးခြင်း ကြုံရပါမည်။ ၎င်းခုနှစ်ဖွားသူများ ရွှေနှင့် ပတ္တမြားဝင်လာပါလိမ့်မည်။ ဝင်လာသည်နှင့် ကျန်းမာရေး အလွန်ထိခိုက်သွားပါလိမ့်မည်။

၁၃၁၀၊ ၁၃၀၂၊ ၁၃၃၄ ခု ဖွားတို့သည် ရွှေမဝယ်ရ၊ ညီအစ်ကိုမောင်နှမများ၏ ပြဿနာများ ရှင်းနေရမည်။ ရင်၊ ဝမ်း ဥပဒ်ပေးမည်။ ရွှေရောင်ပစ္စည်း အဝင်မခံရ။

ဘာသာရေးဖက် လုပ်ရမည့်နှစ်ဖြစ်သည်။ ပစ္စည်းများ လုံခြုံစွာ သိမ်းဆည်းပါ။ ချေးထားသော ငွေများရှိပါက အကြိမ်ကြိမ်တောင်းမှ ရမည်။ လုပ်ငန်းအတွင်း ပြဿနာများ ရှိသည်။ နိုင်ငံခြားနှင့် ဖက်စပ်လုပ်ထားသော လုပ်ငန်းများရှိပါက ပြဿနာဖြစ်ပြီး လမ်းခွဲရမည်။ အိမ်တွင်းရေးများအတွက် စိတ်ညစ်နေရတတ်သည်။ အတွင်းလူ သတိထားရမည်။ အလုပ်အတွက် ကြိုတင်ပြီး ပေးကမ်းခြင်းများ လက်လွှန်တတ်သည်။ အနည်းဆုံးတစ်ကြိမ်လောက် သွားဆရာဝန်နှင့် တိုင်ပင်သင့်သည်။ အာရုံစူးစိုက်စွာ အလုပ်လုပ်ခြင်းများ လျှော့ပါ။

## (၂) စီးပွားရေး

သောကြာ၊ အင်္ဂါနံပါသော စီးပွားရေးများ၊ အနုပညာဆိုင်ရာ လုပ်ငန်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စားသောက်ဆိုင်များ၊ ဆေးဝါးနှင့် ဆိုင်သောပစ္စည်းများ အလွန်အကျိုးပေးမည်။ စပ်တူငွေစုသူများ ပြဿနာဖြစ် မည်။ ငွေတိုးပေးသူများ အနည်းဆုံး (၂)ဦးထံမှ ဆုံးမည်။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကြောင့် အကျိုးပေးမည့်ကိစ္စများစွာ ကြုံရမည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်ကြောင့် စိတ်ချမ်းသာမှုများ ရလာလိမ့်မည်။ |
| သားသမီးများ | ကြီးလာမှ အဝေးမှခဏခေတ္တလာသော သားသမီးများ စိတ်ဝမ်းကွဲလိမ့်မည်။ |

## (၄) ချစ်ရေးချစ်ရာ

အချစ်ဟောင်းကိစ္စများကြောင့် ပြဿနာများ ပေါ်ပါလိမ့်မည်။ ထမင်းစားပြီးတိုင်း ခွေးများ အစာကျွေးပါ။

## (၅) ကျန်းမာရေး

သောကြာ၊ အင်္ဂါနာမည်ပါသူ ဆေးဆရာများ၊ ဆရာဝန်များနှင့် ကုပါ။ ရင်/ဝမ်း ဥပဒ်ပေးမည်။ ရေချိုးမှားတတ်သည်။ အကြောတက်ခြင်း၊ ဒူးဂရုစိုက်ပါ။ ၂၄ ပစ္စည်းရွတ်ပြီးမှ ထမင်းစားသော အကျင့်ကို ကျင့်ပါ။

တန်ခိုးကြီးဘုရားများသို့သွား၍ တန်ဆောင်းများတွင် တံမြက်စည်း လှည်းပါ။

### (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

အလွန်ကောင်းမည်။ မသင်ရဘူးသေးသော ပညာရပ်များ သင်ရမည်။

**ဝန်ထမ်းရေးရာ** မတက်ရဘူးသော သင်တန်းတက်ရမည်။ နေ့စဉ်ပဋ္ဌာန်း ဥဒ္ဒေသ နိဒ္ဒေသကို ရွတ်ပါ။

### (၇) နိုင်ငံခြားခရီး

အလွန်ကောင်းသည်။ မိသားစုနှင့် ခွဲခွာရသောအလုပ်မှန်သမျှ ကောင်းသည်။ အထူးသဖြင့် သောကြာ၊ အင်္ဂါနံပါသူများနှင့် ပြုလုပ်ပါ၊ အောင်မြင်မည်။

### (၈) နာမည်နှင့်ကြုံတွေ့မှုများ

သောကြာ၊ တနင်္လာပူးသော နာမည်ရှင်များဖြစ်ပါက အလွန်ဒုက္ခရောက်နိုင်ပါသည်။ ဘာသာရေး ဖိကျင့်ပါ။ ထိုနာမည်ရှင်များကြောင့်လည်း သောကရောက်ရပါလိမ့်မည်။
ဥပမာ - သိန်းကြည်

### (၉) ပတ်ဝန်းကျင်နိမိတ်

ကိုယ့်အနီးအနားတွင် အသံမစဲပဋ္ဌာန်းပွဲကြီးများ ပြုလုပ်သည့်နိမိတ်ကောင်းကို တွေ့သည်နှင့် ငွေအစုလိုက်၊ အပြုံလိုက် ဝင်ပြီမှတ်ပါ။

### (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

ရွှေနှင့် ကျောက်အနီများ၊ အင်း၊ လက်ဖွဲ့အဆောင်များ မဝင်သင့်။ ပုတီးများ ဝင်သင့်သည်။ အလှအပပစ္စည်းများ၊ အသံထွက်ပစ္စည်းများ ဝင်မည်။

### (၁၁) ဆောင်ရန်

အင်္ဂါ၊ သောကြာ နာမည်ရှင်များ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊

မြို့ဒေသများ အကျိုးပေးသည်။ ၃၊ ၆ ဂဏန်းများ ဆောင်ပါ။ ဝင်းနံ့သင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းဖြင့် အကျိုးများနိုင်သည်။

## (၁၂) ရှောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များ၊ နေ့ရက်များ၊ ကုန်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ ၁၊ ၄၊ ၈၊ ၇ ဂဏန်းများ၊ အနီရောင်၊ ရွှေရောင်များ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ပိတောက်သားပုတီး၊ ထိုပုတီးနှင့်ပင် ဘာမဆို စိပ်ရပါမည်။ ပစ်တိုင်းထောင်ပုံ ဆောင်ပါ၊ ပဌာန်းပွဲများကို ဦးစီး၍ ဆောင်ရွက်ပါ။ စေတီပုထိုးများရောက်လျှင် မွေးနံထောင့်ရှိ ရုပ်ပွားတော်၏ရင်ဘတ်တော်ကို ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

မနက်မိုးလင်းတိုင်း ဘုရားရှင်ကို မျက်နှာသစ်တော်ရေ ကပ်လှူ၍ ပဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ စားပြီးတိုင်း ခွေးများကို အစာကျွေးခြင်း၊ မွေးနေ့တိုင်း သားစားရှောင်ခြင်း။

❋ ❋ ❋ ❋ ❋

၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးသော
တနင်္လာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၂ | ✱✱ | ✱ | ※ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |
| ၁၃၁၀ | ✱✱ | ✱ | ※ | × | ✱✱ | × | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၁၈ | ✱✱ | ✱ | ※ | × | ✱✱ | × | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၂၆ | ✱✱ | ✱ | ※ | × | ✱✱ | × | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၃၄ | ✱✱ | ✱ | ※ | × | ✱✱ | × | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၄၂ | ✱✱ | ✱ | ※ | × | ✱✱ | × | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၅၀ | ✱✱ | ✱ | ※ | × | ✱✱ | × | ● | × | ✱✱ | × | ※ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၃၊ ၁၃၁၁၊ ၁၃၁၉၊ ၁၃၂၇၊ ၁၃၃၅၊ ၁၃၄၃၊ ၁၃၅၁ ခုနှစ် မွေးဖွားကြသော တနင်္လာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မိသားစုတွင်းဖြစ်စေ လုပ်ငန်းခွင်အတွင်းဖြစ်စေ၊ အလွန်မျက်နှာငယ်ရသော နှစ်ဖြစ်သည်။ အလိုလိုနေရင်း ဒေါသကြီးနေတတ်သည်။ ၁၃၂၇ ခု ဖွားများဖြစ်ပါက ရုတ်တရက်ဆိုးတတ်ပါသည်။ လူများစုနှင့်ဆိုင်သောငွေကြေးကို ကိုင်တွယ်ရသူဖြစ်ပါက ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိဟု မှတ်ပါ။

၁၃၁၉၊ ၁၃၄၃၊ ၁၃၂၇ ဖွားသူများတို့သည် စာပေထူးချွန်ဆု၊ ထင်ရှားမှုများ ဖြစ်လိမ့်မည်။ ခရီးဝေးထွက်ခြင်းများ ရုတ်တရက်ကြုံမည်။ ပညာတော်သင် ခရီးများ ရှိနေသည်။

၁၃၂၇ ခု ဖွားကို့သည် ယခုနှစ်တွင် ရုတ်တရက်ကောင်းပြီး ရုတ်တရက် ဆိုးတတ်သည်။

၁၃၄၃၊ ၁၃၀၃၊ ၁၃၂၇၊ ၁၃၅၁ ဖွားတို့သည် အနုပညာရှင်များဖြစ်ပါက ယခုနှစ်တွင် အောင်မြင်မှုရရှိမည်။ စားသောက်ကုန်ရောင်းသူများ၊ စားသောက်ဆိုင်များ၊ အလှအပ ပစ္စည်း ထုတ်လုပ်ရောင်းချသူများဖြစ်ပါက ယခုနှစ် အကျိုးပေးမည်။ နာမည်ကောင်းဖြင့် ကျော်ကြားမည်။ အကျင့်သီလ ကောင်းစွာ နေပါ။

အနုပညာသည်များဖြစ်ပါက အောင်မြင်ကျော်ကြားမည့်နှစ်ဖြစ်

သည်။ အိမ်တွင်းထား အလှအပပစ္စည်းများ ဝင်လာမည်။ ရွှေရောင်များ လက်မခံရ။ ဘာသာရေးကို လေးလေးစားစား လုပ်ရမည့်နှစ်ဖြစ်သည်။ သံဃာတော်များအား မကြာခဏ ဆွမ်းလောင်းပါ။ ညီအစ်ကိုမောင်နှမတို့၏ ကျန်းမာရေးညှိမည်။ အလုပ်အကိုင်ထဲတွင် ပြဿနာများမည်။ အားကိုးရာမဲ့ ဖြစ်မည်။ ရတနာသုံးပါးကို မပြတ်ဆည်းကပ်ပါ။ လူမျိုးကွဲများ အကျိုးမပေးသော နှစ်ဖြစ်သည်။ သူများအထုပ်အထည်ပစ္စည်း လက်မခံရ။ ကိုယ့်အမှုဖြစ်သွားတတ်သည်။ ၎င်းကိစ္စကို ၁၃၀၃ ~ ၁၃၃၅ ခုဖွားများ မွေးလမှ ၉ လမြောက်အချိန်တွင် အထူးညှိ၍ သတိပြုပါ။

၁၃၁၉၊ ၁၃၄၃ ခု ဖွားတို့သည် မွေးလမှ ရေတွက်သော် ၆ လမြောက်အချိန်တွင် ရွှေများ၊ ရွှေရောင်ပစ္စည်းများ ဝင်လာတတ်သည်။ ဝယ်ယူလက်ခံပါက ပြဿနာဖြစ်နိုင်၍ မပြုလုပ်ရ။ ဝင်လာခဲ့ပါမူ တခြားတစ်ဦးဦးထံ အပ်နှံ၊ ပြန်ပေးသင့်သည်။ ၎င်းလ ရေချိုးမှား၊ ရင်၊ ဝမ်း ဂရုစိုက်ပါ။ လေရောဂါ ဂရုစိုက်ပါ။

## (၂) စီးပွားရေး

သောကြာ၊ အင်္ဂါနံပါသော စီးပွားရေးများ၊ ကုန်ပစ္စည်းများ၊ ဆေးဝါးနှင့်ဆိုင်သောပစ္စည်းများ ကောင်း၊ ရှယ်ယာပြုလုပ်သူများ ညှိသည်။ အိမ်၊ မြေ အပေါင်ခံသူများညှိသည်။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကြောင့် စိတ်ချမ်းသာမှု များစွာရမည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏အောင်မြင်မှုများကို မြင်ရ တွေ့ရ ကြုံရမည်။ |
| သားသမီးများ | မိဘများနှင့် စိတ်ဝမ်းကွဲတတ်၍ သတိနှင့်ဆင်ခြင်ပါ။ |

## (၄) ချစ်ရေးချစ်ရာ

ထမင်းစားပြီးတိုင်း ခွေးများကို အစာကျွေးပါ။ အချစ်ရေးကိစ္စများ ညှိသည်။ မင်္ဂလာကြီးကျယ်ခမ်းနားစွာ မဆောင်သင့်သော နှစ်ဖြစ်သည်။

**(၅) ကျန်းမာရေး**

ဗိုက်မကောင်း ဖြစ်တတ်သည်။ အဆီအဆိမ့်နှင့် အုန်းစားခြင်း လုံးဝရှောင်ပါ။ ရေချိုးမှားတတ်သည်။

**(၆) ပညာရေး၊ ဝန်ထမ်းရေးရာ**

အလွန်ကောင်းသည်။ ပညာတော်သင် သွားရခြင်း၊ သင်တန်း တက်ရခြင်းများ ကြုံရမည်။

**ဝန်ထမ်းရေးရာ** သင်တန်းများ တက်ရမည်။ ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသ နေ့စဉ် ရွတ်ပါ။

**(၇) နိုင်ငံခြားခရီး**

ကောင်းသည်။ သောကြာ၊ အင်္ဂါနာမည်ပါသူများကြောင့် ခက်နေသော ခရီးများသွားရတတ်သည်။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

သောကြာ၊ တနင်္လာပူးသော နာမည်ရှင်များ၊ ဗုဒ္ဓဟူးနာမည်ရှင်များ ကြောင့် စိတ်ဆင်းရဲ သောကရောက်မည်။

ဥပမာ - သန်းခိုင်၊ လှိုင်လှိုင်လေး

**(၉) ပတ်ဝန်းကျင်နိမိတ်**

သားသမီးများ အထူးအောင်မြင်သောနိမိတ်၊ သာမန်လူစာစ်ဦးမှ အလွန်အဖိုးတန်သော ဇနီးကောင်း ရရှိသောနိမိတ်များ တွေ့ရပါက အောင်မြင်မည်။

**(၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ**

ရွှေ အနီရောင်ပစ္စည်းများ၊ အင်း၊ လက်ဖွဲ့အဆောင်များ မဝင်သင့်။ ပဋ္ဌာန်း အမြဲရွတ်ပွားသင့်သည်။

**(၁၁) ဆောင်ရန်**

သောကြာ၊ ကြာသပတေး၊ အင်္ဂါ နာမည်ရှင်များ၊ နေ့ရက်များ၊

မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးမည်။ ကုန်ပစ္စည်းများ၊ ၆၊၅၊၃ ဂဏန်းများ။ ရင်းနှံသင့်ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းဖြင့် အကျိုးများနိုင်သည်။

## (၁၂) ရှောင်ရန်

စနေ၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူးနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၇၊ ၁၊ ၄ ဂဏန်းများ၊ အနီရောင်၊ အနက်ရောင်၊ ရွှေရောင်များ။

၁၃၅၁ ခု ဖွား ကလေးများကို ယခုနှစ် ရွှေအသစ် မဆင်ပါနှင့်။

၁၃၀၃ ခု ဖွားတို့သည် အလုပ်အကိုင်များ ရုတ်တရက် ချော်တတ်ပါသည်။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ပိတောက်သားပုတီးနှင့် ပဋ္ဌာန်းစိပ်ခြင်း။ ပိတောက်ညွန့်များ ဘုရားတွင် မကြာခဏလှူပေးပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

မနက်မိုးလင်းတိုင်း ဘုရားရှင်ကို မျက်နှာသစ်တော်ရေ ကပ်လှူခြင်း ပဋ္ဌာန်းနှင့် မေတ္တာသုတ် ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းကြီးကုဋီများကို မကြာခဏ ရေဆေးခြင်း၊ သားစားရှောင်ခြင်း။

❋ ❋ ❋ ❋ ❋

၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၈, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးသော
တနင်္လာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၃ | ✱✱ | ✱ | ※ | × | ✱✱ | × | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၁၁ | ✱✱ | ✱ | ※ | × | ✱✱ | × | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၁၉ | ✱✱ | ✱ | ※ | × | ✱✱ | × | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၂၇ | ✱✱ | ✱ | ※ | × | ✱✱ | × | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၃၈ | ✱✱ | ✱ | ※ | × | ✱✱ | × | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၄၃ | ✱✱ | ✱ | ※ | × | ✱✱ | × | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၅၁ | ✱✱ | ✱ | ※ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၆၊ ၁၃၀၄၊ ၁၃၁၂၊ ၁၃၂၀၊ ၁၃၂၈၊ ၁၃၃၆၊ ၁၃၄၄ ခုနှစ် မွေးဖွားကြသော အင်္ဂါသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မရသေးသော အလုပ် ရတတ်သည်။ ရပ်ဝေးအကြီးအကဲ ကြည့်ရှုတတ်သည်။ ခက်ခဲနေသော အိုးအိမ်ကိစ္စများ အဆင်ပြေလာမည့်နှစ် ဖြစ်သည်။ ညီအစ်ကို မောင်နှမများ၏ စီးပွားရေး အောင်မြင်မှုများကို တွေ့ရကြုံရမည်။ မိမိနှင့် စပ်တူလက်တွဲရန် အခွင့်အခါကောင်း ရှိသည်။ လူမျိုးကွဲ အကျိုးပေးမည်။ အစုစပ်လုပ်ငန်းများ စတင်ရန် ကောင်းသော နှစ်ဖြစ်သည်။ ဝန်ထမ်းများဖြစ်ပါက ကိုယ်ပိုင်အလုပ်သို့ ပြောင်းချင်သော စိတ်ရှိသည်။ ရပ်ဝေးနယ်ခြားသို့ ကောင်းသောအလုပ် အပြောင်းအရွှေ့ရှိသည်။ စိတ်ကြီးဝင်၍ မော်ကြွား ပလွှားခြင်းကို ရှောင်ပါ။ ကျန်းမာရေးကောင်းမည့်နှစ် ဖြစ်သည်။

ယခင်နှစ်များက ချေးငှားထားသော ငွေကြေးများရှိပါက ဆုံးရှုံးနိုင်သည်။ ပြဿနာ ဖြစ်တတ်သည်။ ငွေကုန်ကြေးကျများမည့်နှစ် ဖြစ်သည်။ အလဟဿကုန်ခြင်းထက် လုပ်ငန်းတစ်ခုထဲ မြှုပ်နှံခြင်းဖြင့် ရှောင်တိမ်းနိုင်သည်။ ညအိပ်ဧည့်သည် လာရောက်ခြင်း ရှိခဲ့ပါက မနက်ခိုစာ ကျွေးပါ။ အိမ်ခြေရင်းဘက်တွင် တည်းခိုပါစေ။ ဘုရားစင်အားသန့်ရှင်းသပ်ရပ်စွာ ထားရမည်။ မဆိုင်သောပစ္စည်းများ မထားရ။ အနုပညာနယ်သို့ ဝင်ရောက်ရန် စိတ်ကူးရှိသူများ လူလိမ် ငွေလိမ် တွေ့ရှိပြီး

ပြဿနာတက်တတ်၍ သတိကြီးစွာထားရမည်။ ၎င်းဖြင့် အကျိုးပေးမည့်နှစ် မဟုတ်။ မြေယာအရောင်းအဝယ် အမွေကိစ္စ အရှုပ်အရှင်း ရှိသည်။ မွေးမိခင်အား အတတ်နိုင်ဆုံး ပြုစုယုယထောက်ပံ့ ကျွေးမွေးပါ။ ကျန်းမာရေး အနည်းငယ် ညံ့သည်။

၁၃၃၆ ခုဖွားတို့သည် ရုတ်တရက် အိုးအိမ်ဝင်ခြင်း၊ အလုပ်ကောင်းများ တွေ့ရှိလုပ်ကိုင်ရခြင်း၊ ရပ်ဝေးမြေခြား အလုပ်ရရှိတတ်ခြင်းတို့ ကြုံတွေ့ရမည်။

၁၂၉၆, ၁၃၂၈, ၁၃၃၆, ၁၃၂၀ ခုဖွားတို့သည် အနီးနေ လူမျိုးကွဲများ အကျိုးပေးမည်။

လုပ်ငန်းအတွက် ထောက်ပံ့ကူညီမှုများ ရရှိမည်။ မွေးနေ့တိုင်း ထီတစ်စောင် ထိုးပါ။

၁၃၄၄, ၁၃၀၄ ခုဖွားတို့သည် ငွေကုန်ကြေးကျ များမည်။ ပညာရေးတွင် အထူးကြိုးစားရမည့်နှစ်ဖြစ်သည်။ မိတ်ဆွေသူငယ်ချင်းများကြောင့် စိတ်အနှောင့်အယှက်ကြုံမည်။

၁၂၉၆, ၁၃၀၄, ၁၃၂၈, ၁၃၃၆ ခုဖွားတို့သည် ကားပြင်းစွာ မောင်းခြင်းရှောင်ရမည်။ လုပ်ငန်းနှင့်ဆိုင်သော ငွေကြေးများကြောင့် ပူပင်သောက ရောက်တတ်သည်။ အလှူမင်္ဂလာကြီးကျယ်စွာ လုပ်သင့်သော နှစ်မဟုတ်။

## (၂) စီးပွားရေး

အထည်အလိပ်လုပ်ငန်း၊ ထီအရောင်းအဝယ် စသော စနေနံ လုပ်ငန်းများ အိုး၊ အိမ်၊ အုန်း စသော တနင်္ဂနွေနံသင့် အလုပ်များ အထူးအဆင်အပြေမည့် နှစ်ဖြစ်သည်။ ရေနှင့် ဆိုင်သော လုပ်ငန်းများ အထူးအကျိုးပေးသည်။ မွေးမြူရေးလုပ်ငန်း၊ မြေယာရောင်းဝယ်ခြင်း ညံ့သည်။ တနင်္ဂနွေ၊ စနေ၊ ဗုဒ္ဓဟူး နေ့သားတို့နှင့် တိုင်ပင်ပါ။ စပ်တူလုပ်ပါ။ ငွေကြေးများကို သတိထား ကိုင်တွယ်ပါ။ လက်အောက်ငယ်သားများ ပျော်အောင်ထားရမည်။ အပြိုင်အဆိုင် ရှိမည်။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကြောင့် သူတစ်ပါးတို့နှင့် ပြဿနာဖြစ်တတ်သည်။ |
| အမျိုးသမီး | မနေမနား အလုပ်များသောခင်ပွန်းသည်အား ကြင်နာမှု၊ နားလည်မှု ပေးရန် လိုအပ်ပြီး ယခု |

နှစ် အထူးဂရုစိုက်ပါ။

သားသမီး မိဘများနှင့် အမြဲဆန့်ကျင်ဘက်ဖြစ်တတ်၍ ညင်သာစွာ ကိုင်တွယ်ပါ။

**(၄) ချစ်ရေးချစ်ရာ**

လျှို့ဝှက်ဖုံးကွယ်ထားသော စကားပေါင်း၊ ပြဿနာပေါင်းများ ပေါ်တတ်သည်။ တဆွေးဆွေး တမြေ့မြေ့လွမ်းရတတ်သည်။ နှလုံးသား ကံခေခြင်းကြောင့် ခိုကလေးများကို ပဲကျွေးပါ။ ယခုနှစ် မင်္ဂလာကိစ္စ ဆောင် ရွက်ရန် မသင့်။

**(၅) ကျန်းမာရေး**

ခန္ဓာကိုယ်အောက်ပိုင်းဝေဒနာများ၊ အမျိုးသမီးနှင့်ဆိုင်သောရောဂါ များ ဂရုစိုက်ရန် လိုအပ်သည်။ စနေ၊ တနင်္ဂနွေ နာမည်ပါသူ ဆေးဆရာ/ ဆရာဝန်များနှင့် ကုသပါက ဝေဒနာ သက်သာမည်။ (၂၄) ပစ္စည်းရွက်ပြီးမှ ထမင်းစားပါ။ ခိုစာ မကြာမကြာကျွေးပါ။

**(၆) ပညာရေး၊ ဝန်ထမ်းရေးရာ**

အထူးကောင်းသောနှစ်ဖြစ်သည်။ ပညာသစ်များရရှိခြင်းတို့ ရှိ သည်။

**ဝန်ထမ်းရေးရာ** ရုတ်တရက် ရာထူးတက်တတ်ခြင်း၊ အကြီး အကဲများ အကျိုးပေးခြင်း၊ သင်တန်းများ တက်ရောက်ရတတ်ခြင်းတို့ ရှိသည်။

**(၇) နိုင်ငံခြားခရီး**

စနေ၊ အင်္ဂါ၊ တနင်္ဂနွေ နာမည်ရှင်များကြောင့် နိုင်ငံခြားခရီးသွား လာရတတ်သည်။ လူများစုနှင့် သွားရပါက ပိုကောင်းသည်။ ရပ်ဝေးတွင် ဖခင် (သို့) အစ်ကိုရှိသူ ပိုအောင်မြင်သည်။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

တနင်္လာ၊ သောကြာ အပြန်အလှန်ပူးသော နာမည်များ ဥပမာ (ကျော်သိန်း၊ သိမ်းကို) ဗုဒ္ဓဟူး နာမည်ရှင်များ၊ (ဥပမာ လဲ့လဲ့ဝင်း)ကြောင့် စိတ်ဆင်းရဲစရာများ ကြုံရတတ်သည်။ ကောင်းမှုကုသိုလ်များစွာ လုပ်ပါ။

တနင်္ဂနွေနာမည်ရှင်များ ဒုက္ခရောက်နေရာမှ ပြန်ကောင်းတတ်သည်။

### (၉) ပတ်ဝန်းကျင်နိမိတ်

အိမ်ကို ကြီးကျယ်ခမ်းနားစွာ ပြင်ဆောင်နေသော နိမိတ်များ၊ တိုးချဲ့သော နိမိတ်များ မြင်တွေ့ရပါက အလွန်ကောင်းမည်ဟု မှတ်ပါ။

### (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

ရွှေထည်၊ ရွှေရောင်၊ ကျောက်နီ၊ အင်း၊ လက်ဖွဲ့ပတ္တမြား မဝင်စေရ။

### (၁၁) ဆောင်ရန်

စနေ၊ တနင်္ဂနွေနာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ စနေ၊ တနင်္ဂနွေနေ့များ ၇၊ ၁ ဂဏန်းများဆောင်ရန်။ ၎င်းနံသင့်ကုန်ပစ္စည်းများ ရောင်းဝယ်သိုလှောင်ခြင်းကြောင့် အကျိုးမြတ်ရမည်။

### (၁၂) ရှောင်ရန်

သောကြာ၊ တနင်္လာ၊ ကြာသပတေး သားသမီးများ နာမည်ရှင်များ ၎င်းနေ့များ၊ ၎င်းနံသင့်လုပ်ငန်း၊ ကုန်ပစ္စည်းများ၊ မြို့ဒေသများ ၆၊ ၂၊ ၅ ဂဏန်းများရှောင်ပါ။

### (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ပိတောက်သားပုတီးနှင့် ပဋ္ဌာန်းစိပ်ခြင်း၊ ဓမ္မစကြာရွတ်ဖတ်ခြင်း၊ မဟာမုနိပုံတော်၊ ဗိုလ်တထောင်ဘုရားရှေ့တွင် အဓိဋ္ဌာန်ဝင်ခြင်းများ။

### (၁၄) ကံမြင့် ကံပွင့် အစီအရင်

မနက်မိုးလင်းတိုင်း ဘုရားရှင်အား မျက်နှာသစ်တော်ရေ ကပ်လှူခြင်း၊ ပဋ္ဌာန်း ဥဒ္ဒေသနိဒ္ဒေသအကျယ် (သို့) ၂၄ ပစ္စည်းကို ရွတ်ပွားပူဇော်ခြင်းများ ပြုလုပ်သင့်သည်။ တန်ခိုးကြီးဘုရားများသို့ သွား၍ မေတ္တာသုတ်အား ဖြိုဟ်သက်အလိုက် ရွတ်ရမည်။ အရူးများကို အစာကျွေးခြင်းများ ပြုလုပ်ရမည်။

* * * * *

၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးသော
အင်္ဂါသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၆ | × | ● | * | ※ | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၀၄ | × | ● | * | ※ | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၁၂ | × | ● | * | ※ | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၂၀ | × | ● | * | ※ | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၂၈ | × | ● | * | ※ | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၃၆ | × | ● | * | ※ | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၄၄ | × | ● | * | ※ | × | ** | ** | ** | ● | × | * | ※ | * |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၇၊ ၁၃၀၅၊ ၁၃၁၃၊ ၁၃၂၁၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၄၅ ခုနှစ် မွေးဖွားကြသော အင်္ဂါသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ရုတ်တရက် အလုပ်ရတတ်သည်။ အမွေ၊ အိမ်၊ ပိုင်ဆိုင်ရခြင်း ရာထူးတက်ခြင်း၊ အကြီးအကဲများကြောင့် ဘဝတိုးတက်ပြောင်းလဲခြင်းများ ကြုံရမည့်နှစ် ဖြစ်သည်။ ယခုနှစ်များက ချေးထားသော ငွေကြေးများပြန်လည် ရရှိမည်။ ရွှေပေါင်ထားခြင်းများ ရှိခဲ့ပါက ပြန်ရွေးနိုင်မည်။ အလုပ်အပြောင်းအလဲ လုပ်ကိုင်နိုင်သော နှစ်ဖြစ်ပြီး အစုစပ်လုပ်ငန်းများ အကျိုးမပေးသေးပါ။ ညီအစ်ကိုမောင်နှမများထံမှ အကူအညီရမည်။ မိတ်သစ်ဆွေသစ်များ ရမည်။ အကျိုးပေးမည်။ ပညာများ၊ သင်တန်းများ အထူးအကျိုးပေးသည်။ အဝေးရောက် လက်အောက်ငယ်သား တော်လှန်မည်။ စက်ပစ္စည်းများ ပြဿနာရှိတတ်သည်။ အမျိုးသားများ အဝေးမှ နှလုံးသားကိစ္စဟောင်း ပြဿနာရှင်းရတတ်သည်။ ကားအရောင်းအဝယ်လုပ်ငန်းများ အထူးညံ့သော အကျိုးမပေးသော နှစ်ဖြစ်သည်။ အပူသည်ခြေနှစ်ချောင်း လက်မခံရ။ မင်္ဂလာ ကြီးကျယ်စွာ မဆောင်သင့်သော နှစ်ဖြစ်သည်။ သူတစ်ပါးငွေကြေးများ လက်မခံရ။ သူများအချစ်ကိစ္စထဲ ဝင် မပါရ။ မွေးမိခင်ကျန်းမာရေး ဂရုစိုက်ပေးပါ။ ကူညီ ထောက်ပံ့ပေးပါ။ ကြင်နာမှုများ ပေးပါ။ စည်းကမ်းမဲ့ ဆိုင်ကယ်စီးခြင်း ရှောင်ပါ။

၁၃၂၉ ခု မွေးသူများသည် အမွေ၊ ပညာအသစ်များ ရမည်။ မိတ်ဆွေ များ အကျိုးပေးမည့်နှစ်ဖြစ်သည်။

ကူညီထောက်ပံ့မှုများရမည်။ မိဘများ၏ ခြေသည်းဆောင်ပါ။

၁၃၂၁၊ ၁၃၀၅၊ ၁၃၂၉၊ ၁၂၉၇ ခု ဖွားသူများသည် ကောင်းသော

အလုပ်ပြောင်း၊ အိမ်ပြောင်း ကြုံရမည်။ အထက်လူကြီးများ၏ အထူး အခွင့်အရေးပေးခြင်း ခံရမည်။ ကောင်းမွန်စွာ ကျေးဇူးတုံ့ပြန်ပါ။

၁၃၂၉၊ ၁၃၁၃ ခု ဖွားသူများသည် ကိုယ့်အားကိုယ်ကိုးပြီး စီးပွား ရှာနိုင်သော နှစ်ဖြစ်သည်။ ညီအစ်ကိုမောင်နှမများ၊ ရင်းနှီးသူများထံမှ အကူ အညီရမည်။

၁၂၉၇၊ ၁၃၀၅၊ ၁၃၃၇၊ ၁၃၂၉ ခုဖွားတို့သည် အစွပ်အစွဲခံရတတ် ခြင်း၊ လက်အောက်ငယ်သား တော်လှန်ခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းများ ရှိ တတ်ခြင်း၊ အလုပ်ထဲ အတိုက်အခံကြုံရခြင်းတို့ ရှိသည်။

၁၂၉၇၊ ၁၃၀၅၊ ၁၃၂၉၊ ၁၃၄၅ ခုဖွားသူတို့သည် အလှအပ မွမ်းမံ ပြင်ဆင်သော၊ အလှထားသော ပစ္စည်းများ မဝင်သင့်။ ကက်ဆက် ရုပ်မြင် သံကြားကဲ့သို့သော အနုပညာနှင့် ဆိုင်သည့် စက်ပစ္စည်းများ ပျက်မည်။ စားသောက်ဆိုင်၊ အနုပညာသည်များ၊ အလှအပ ကုန်ပစ္စည်းရောင်းသူများ အခက်အခဲရှိသောနှစ် ဖြစ်သည်။ အိမ်ထောင်ပြုမည့် အမျိုးသားများ အခက်အခဲကြုံ၊ အတိုက်အခိုက်ကြုံရတတ်သည်။

၁၃၃၇၊ ၁၃၂၉ ဖွားသူတို့သည် ကားဖြင့် ခရီးဝေးသွားခြင်း၊ ကား မောင်းခြင်း၊ အထူးဂရုစိုက်ရမည့် နှစ်ဖြစ်သည်။ သူတစ်ပါးငွေကြေးကိစ္စများ ကြောင့် ဗျာပွားရတတ်သည်။ မင်္ဂလာကိစ္စများကို ဦးစီး ဦးဆောင် မလုပ် သင့်။

## (၂) စီးပွားရေး

ကားအရောင်းအဝယ်လုပ်ငန်းများ၊ ကျောက်၊ သယ်ယူပို့ဆောင်ရေး စားသောက်ဆိုင်များ၊ ဝန်ဆောင်မှု စသော တနင်္လာ၊ သောကြာ လုပ်ငန်း များ အကျိုးမပေး။ တနင်္ဂနွေ၊ ကြာသပတေးနံသင့် ကုန်ပစ္စည်းများ၊ သို လှောင်ရောင်းချခြင်း၊ ငွေ နံသင့်လုပ်ငန်းများ၊ ငွေ နာမည်ပါသူများနှင့် တိုင်ပင်ခြင်းများ ပြုလုပ်ရမည်။ အဆောက်အဦလုပ်ငန်းများ၊ မွေးမြူရေး လုပ်ငန်းများ၊ ပဲအမျိုးမျိုး၊ မြေအကျိုးပေးသည်။ တရားမဝင် သစ်လုပ်ငန်း များ၊ တရားမဝင် အနုပညာလုပ်ငန်းများ ညံ့သည်။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည် မကြာခဏ ချူချာတတ်သည်။ |
| | ဝန်ထမ်းဖြစ်ပါက အပြောင်းအရွှေ့ရှိသည်။ |
| အမျိုးသမီးများ | ရပ်ဝေးတွင်ရှိသော ခင်ပွန်းသည် အခက်အခဲ |

ဖြစ်တတ်သည်။ ထိခိုက်ဒဏ်ရာရတတ်သည်။

သားသမီးများ လျှို့ဝှက်သောကိစ္စများကြောင့် မိဘများ စိတ်ညစ်ရတတ်သည်။

## (၄) ချစ်ရေးချစ်ရာ

ချစ်ကံခေသော ပြဿနာများ မကြာမကြာ ဖြစ်ပေါ်တတ်သည်။ သူတစ်ပါးကြောင့် လမ်းခွဲရတတ်ခြင်းများ ဖြစ်တတ်၍ ဆင်ခြင်ရန် လိုသည်။ အိမ်ထောင်ပြုရန် မသင့်တော်သောနှစ်ဖြစ်သည်။ စနေနေ့တိုင်း ခွေးကလေးများကို အစာကျွေးပါ။

## (၅) ကျန်းမာရေး

လေအောင့်၊ ရင်အောင့်၊ ရောဂါဟောင်းများ ပေါ်တတ်သည်။ ဆီးတို၊ ဆီးကျင် ဖြစ်တတ်သည်။ တနင်္ဂနွေ၊ ကြာသပတေး နာမည်ရှင် ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသမှု ခံယူပါက အမြန်သက်သာမည်။ ထမင်းစားပြီးတိုင်း ဓာရဏပရိတ် ရွတ်ပါ။ အစားအသောက် မှားတတ်သည်။ ဂဏန်းအရှင် ကိုးကောင် ဝယ်လွှတ်ပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

ကံကောင်သောနှစ်ဖြစ်၍ အထူးကြိုးစားပြီး အခွင့်အရေးယူပါ။

**ဝန်ထမ်းရေးရာ** ရုတ်တရက်ရာထူးတက်ပြီး ပြောင်းရွှေ့ရခြင်း၊ အကြီးအကဲများ ကြည့်ရှုမစခြင်းများ ခံရမည်။

## (၇) နိုင်ငံခြားခရီး

တနင်္ဂနွေ၊ ကြာသပတေး နာမည်ပါသူများကြောင့် ခရီးဝေးကိစ္စများ အဆင်ပြေမည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္ဂနွေ၊ ဗုဒ္ဓဟူး ပူးသောနာမည်များ (ဥပမာ- အောင်လင်း၊ လင်းဦး) သောကြာနာမည်ရှင်များ (ဥပမာ- သိန်းသိန်း)ကြောင့် စိတ်ဆင်းရဲရတတ်သည်။

## (၉) ပတ်ဝန်းကျင်နိမိတ်

ပတ်ဝန်းကျင်တွင် ဈေးကောင်းကောင်းဖြင့် အိမ်အရောင်းအဝယ်ဖြစ်သွားခြင်း၊ အိမ်နီးနားဝန်းကျင်မှ အကြီးအကဲတစ်ဦးဦး ခေတ္တခဏ လာရောက်ခြင်းကြုံပါက အထူးအောင်မြင်မည်။

## (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

အလှအပနှင့်ဆိုင်သော ပစ္စည်းများ၊ အလှအပ မွမ်းမံခြင်းများ၊ တန်ဖိုးမရှိသော ကျောက်များ၊ ထိခိုက်ထားသော စက်ဘီးများ မဝင်စေရ။ ဖိနပ်(၁)ရံထက် ပို၍ မဆောင်ရ။ ထီးပျက်၊ ဖိနပ်စုတ်များ စွန့်ပစ်ပါ။ အိမ်မြေ ဆောက်လုပ်နိုင်သည်။ ဝယ်ယူနိုင်သည်။

## (၁၁) ဆောင်ရန်

ကြသာပတေး၊ တနင်္ဂနွေ နာမည်ရှင်များ၊ မြို့ဒေသများ၊ ၎င်းနေ့များ၊ ၎င်းနံသင့်ပစ္စည်းများ သို့လှောင်ခြင်း ရောင်းချခြင်းများ ပြုလုပ်သင့်သည်။ အကျိုးပေး ဂဏန်း ၅၊ ၁ ဂဏန်းများ။

## (၁၂) ရှောင်ရန်

အင်္ဂါ၊ သောကြာ၊ တနင်္လာနာမည်ရှင်များ၊ မြို့ဒေသများ၊ ၎င်းနံသင့်နေ့ရက်များ၊ ၎င်းနံသင့် ပစ္စည်းများ သိုလှောင်ခြင်း၊ ရောင်းချခြင်းကို ယခုနှစ်ရှောင်ပါ။ အကျိုးမပေးသော ဂဏန်း ၃၊ ၆၊ ၂။ အကျိုးမပေးသော အရောင်အဝါရောင်၊ ရွှေဝါရောင်များ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ဘုရားရှင်အားနေ့စဉ် ဖယောင်းတိုင်ဖြင့် ဆီမီးပူဇော်၍ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တန်ခိုးကြီးဘုရားများသို့ သွား၍ ညလုံးပေါက် လျှပ်စစ်မီး ပူဇော်ရပါမည်။ ဓမ္မစကြာ ရွတ်ဖတ်ပူဇော်ရပါမည်။ သီလရှင်များအား တစ်နှစ်ပတ်လုံး ဆန်လှူရပါမည်။ ခွေးကလေးများ၊ နို့၊ ကျိုးတို့ကို တစ်နှစ်ပတ်လုံး အစာကျွေးခြင်းများ ပြုလုပ်ဆောင်ရွက်ရပါမည်။

❋ ❋ ❋ ❋ ❋

၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉, ၁၃၃၇နှင့် ၁၃၄၅ ခုနှစ် မွေးသော
အင်္ဂါသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၇ | ** | * | ※ | × | ** | × | ** | ** | ** | × | * | ※ | * |
| ၁၃၀၅ | ** | * | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |
| ၁၃၁၃ | ** | * | ※ | × | ** | × | × | × | ● | * | ※ | × | ** |
| ၁၃၂၁ | ** | * | ※ | × | ** | × | ● | × | ** | × | ** | × | ** |
| ၁၃၂၉ | ** | * | ※ | × | ** | × | ** | ** | * | ※ | × | ** | × |
| ၁၃၃၇ | ** | * | ※ | × | ** | × | * | * | ● | ※ | × | * | ● |
| ၁၃၄၅ | ** | * | ※ | × | ** | × | ● | × | ** | × | ※ | × | ** |

● အလွန်ကောင်း၊
** ကောင်း၊
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးဖွားကြသော အင်္ဂါသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ခရီးဝေးများသို့ ရုတ်တရက် ထွက်ရတတ်သည်။ အဆင့်အတန်း မြင့်မားသော မိတ်ကောင်းဆွေကောင်းများ ရတတ်သည်။ အနုပညာနှင့် ဆိုင်သော လုပ်ငန်းများ ထူးထူးခြားခြား အောင်မြင်မှုရမည့်နှစ် ဖြစ်သည်။ ကြီးကျယ် ခမ်းနားစွာ မင်္ဂလာဆောင်ရသော အိမ်ထောင်ကျမှုများ ဖြစ်တတ်သည်။ ဇနီးကောင်းရမည်။ မကြုံဖူးသော ပုဂ္ဂိုလ်ထူးများ တွေ့ရမည်။ ဝင်ငွေ အထူးကောင်းမည့်နှစ်ဖြစ်သည်။ ကြွေးများရှိခဲ့ပါက ပြန်လည်ပေးဆပ်နိုင်မည်။ အကျင့်သီလ ကောင်းမွန်စွာ ကျင့်၍ နေထိုင်ရမည့်နှစ် ဖြစ်သည်။ သီလ သမာဓိရှိသူများ အထူးအောင်မြင်မည်။ ငွေအစုလိုက်၊ အပြုံလိုက် ဝင်မည်။ အလုပ်ပြောင်းရန် စိတ်ကူးထားသူများ အလုပ်ထဲတွင် ဒွိဟဖြစ်၍ မပျော်သူများ၊ အလုပ်အကိုင် ပြောင်းလုပ်ရန် မဆောင်ရွက်သင့်သော နှစ်ဖြစ်သည်။ လက်ရှိအလုပ်ထဲတွင် အဆင်ပြေအောင် အလိုက်အထိုက် နေထိုင် လုပ်ကိုင်သင့်သည်။ လက်အောက်ငယ်သားများ အပြောင်းအရွှေ့ အဝင်အထွက် အလွန်များမည့်နှစ်ဖြစ်ပြီး၊ အနေမတတ်သော အောက်လူများကြောင့် ဝန်ထမ်းအချင်းချင်း ပြဿနာ ဖြစ်တတ်သည်။ အဝေးမှလာရောက်သော လူမျိုးကွဲများ ဒုက္ခပေးမည်။ အိမ်ဖော်များ ကျန်းမာရေးညံ့မည်။ ထွက်ပြေးပြီး ပြဿနာရှာတတ်သည်။ အမျိုးသားများ နှလုံးသား

ရေးရာကိစ္စ မရှုပ်ထွေးရ။ ပြဿနာရှင်းရတတ်သည်။ လူမျိုးခြားအကျိုး မပေး။ ရွှေအတု မိတတ်သည်။ ရွှေဆိုင်ရှိသူများ ပြဿနာ ဖြစ်တတ်သည်။ ညီအစ်ကို မောင်နှမများ၏ ပြဿနာများကို လိုက်ရှင်းပေးရတတ်သည်။ လောင်းကစား မပြုလုပ်ပါနှင့်။ လူလိမ် မိတတ်သည်။ အဖေဖြစ်သူ ရောဂါဟောင်းများ ပြန်ဖြစ်တတ်၍ အထူးဂရုစိုက်ပါ။ အလှူအတန်း များစွာ လုပ်သင့်သည်။ ၁၃၂၂ ခုဖွားတို့သည် အနုပညာသည်များ ဖြစ်ပါက အထူး အောင်မြင်ကျော်ကြားမည့်နှစ် ဖြစ်သည်။ ဇနီးကောင်းရမည့်နှစ် ဖြစ်သည်။ ကောင်းမွန်မြင့်မြတ်သော ခရီးရှည် ထွက်ရတတ်သည်။ အကျင့်သီလ ကောင်းစွာ နေထိုင်ရမည်။

၁၃၀၆၊ ၁၂၉၈၊ ၁၃၂၂ ဖွားတို့သည် ငွေအစုလိုက် ဝင်တတ်သည်။ ပညာရေး အထူးကောင်းသည်။ စူးစမ်းလေ့လာသော ပညာရပ်များ လိုက်စားသင့်သည်။ မိတ်ကောင်းဆွေကောင်းများ ရတတ်သည်။

၁၃၀၄၊ ၁၃၃၁ ခုဖွားတို့သည် အချစ်ဟောင်းများနှင့် ပြန်တွေ့ရတတ်သည်။ ပြောဆိုကြံစည်ထားသော အတောက်အပံ့များ ရမည်။ အကြံအစည်အောင်မည်။

၁၃၄၆၊ ၁၃၃၀ ခု ဖွားတို့သည် ရွှေမဝယ်ရ၊ ရွှေတု မိတတ်သည်။ ညီအစ်ကိုမောင်နှမများအတွက် ပူပင်ရတတ်သည်။ အပျော်သွားသော ရေလမ်းခရီး သတိထားပါ။

၁၃၃၈၊ ၁၂၉၈၊ ၁၃၀၆၊ ၁၃၃၀ ခု ဖွားတို့သည် ရပ်ဝေးများ၊ လူမျိုးခြားများ အိမ်တွင် အကြောင်းမဲ့ ညအိပ်လက်မခံရ။ သူတစ်ပါး အပ်နှံပစ္စည်းများ လက်မခံရ။ စိတ်ညစ်ရတတ်သည်။ ဖိနပ်စုတ်၊ ထီးစုတ်၊ အဝတ်အစားအဟောင်း အစုတ်များအား စွန့်သင့်သည်။ လူမျိုးကွဲများနှင့် စပ်တူမလုပ်ရ။

၁၃၃၀၊ ၁၂၉၈၊ ၁၃၂၂ ခု ဖွားတို့သည် အစွပ်အစွဲ ခံရတတ်သဖြင့် သွားသတိ၊ စားသတိ၊ နေသတိ ရှိသင့်သည်။ စက်ကိရိယာအဟောင်းများ၊ ဆိုင်ကယ်စက်ဘီးအဟောင်းများ မဝင်စေရ။ ဆီး၊ မျက်စိ၊ အစာအိမ် အထူး ဂရုစိုက်ပါ။

## (၂) စီးပွားရေး

သောကြာနံသင့် အလုပ်များဖြစ်သော အနုပညာလုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ အလှအပပစ္စည်း ရောင်းဝယ်ခြင်းများ၊ ကြာသပတေးနံသင့်အလုပ်များဖြစ်သော မွေးမြူရေး၊ ပဲအမျိုးမျိုး၊ မြေရောင်းဝယ် အလုပ်များ၊ တနင်္လာနံသင့်အလုပ်များဖြစ်သော ကားအရောင်းအဝယ်၊ ကန်

ထရိုက်တာအလုပ်များ အကျိုးပေးသည်။ သောကြာ၊ ကြာသပတေး၊ တနင်္လာ နာမည်ပါသူများနှင့် တိုင်ပင်၍ လုပ်ကိုင်သင့်သည်။ ငွေးနံကုန်များ သိုလှောင်ရောင်းချနိုင်သည်။

အင်္ဂါ၊ စနေ နံသင့်အလုပ်များ အကျိုးမပေး၊ ငွေးနံ ရောင်းဝယ်သိုလှောင်ထားခြင်းများ ညံ့သည်။ စပ်တူ လုပ်ငန်းများ အခက်အခဲ ကြုံရတတ်သည်။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကြောင့် အကျိုးများစွာဖြစ်ထွန်းမည်။ ဇနီးသည်၏ အောင်မြင်မှုကို မြင်ရတွေ့ရမည်။ |
| အမျိုးသမီးများ | အင်္ဂါ၊ သောကြာတွဲ နာမည်ရှင်များ ဖြစ်ပါက ခြေလှမ်းမှားတတ်သည်။ မနားမနေ ပင်ပန်းကြီးစွာ အလုပ်များရတတ်သည်။ |
| သားသမီးများ | အန္တရာယ်များသော အလုပ်များတွင် ဝင်ရောက်လုပ်ကိုင်ရတတ်သည်။ ငယ်ရွယ်သူများအား ဆိုင်ကယ် မဝယ်ပေးသင့်။ |

## (၄) ချစ်ရေးချစ်ရာ

ကြီးသူများ နှောင့်ယှက်မှုကြောင့် အဆင်မပြေနေရာမှ ရုတ်တရက် အပြောင်းအလဲ ဖြစ်တတ်သည်။ ယခင်က အချစ်ဟောင်းများ ပြန်ပေါ်တတ်သည်။ မင်္ဂလာဆောင်နိုင်သည်။

## (၅) ကျန်းမာရေး

ဗိုက်အောင့်တတ်သည်။ ဒူး၊ အကြောရောဂါများ ဂရုစိုက်ပါ။ ဆီးချိုရောဂါများ ပိုမိုခံစားရတတ်သည်။ အစာအိမ်ရှိပါက အထူးဂရုစိုက်ပါ။ သောကြာ၊ တနင်္လာ နာမည်ပါသူ ဆေးဆရာ၊ ဆရာဝန်များနှင့် ဆေးဝါးကုသသင့်သည်။ (၂၄)ပစ္စည်းရွတ်ပြီးမှ ထမင်းစားပါ။ နွား အစာကျွေးပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

ရုတ်တရက် အောင်မြင်တတ်သော နှစ်ဖြစ်သည်။ ပညာတော်သင် ခရီးသွားရတတ်သည်။

**ဝန်ထမ်းရေးရာ** လုပ်ငန်း အပြောင်းအလဲ ကြုံမည်။ ကောင်း

သည်။ သူတစ်ပါး ဆောင်ရွက်ထားသော
အလုပ်ဟောင်းများ မပြတ်သည့်နေရာသို့
ရောက်တတ်သည်။

**(၇) နိုင်ငံခြားခရီး**

အထူးအောင်မြင်တတ်သည်။ စနေနံပါ နိုင်ငံများသို့ သွားလိုသူများ အဆင်မပြေ ဖြစ်မည်။ သောကြာ၊ ကြာသပတေး၊ တနင်္လာပါသူနှင့် အဓိက ထား ပြုလုပ်ပါ။ အောင်မြင်မည်။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

ကြာသာပတေး၊ တနင်္ဂနွေပူးသော နာမည် (ဥပမာ- မျိုးဦး)အင်္ဂါ နာမည်ရှင်များ (ဥပမာ-ကျော်ဇင်)ကြောင့် စိတ်ဆင်းရဲစရာ ကြုံတတ်သည်။

**(၉) ပတ်ဝန်းကျင်နိမိတ်**

အနီးအနားမှ ပုဂ္ဂိုလ် ခရီးဝေးသွားရသော နိမိတ်၊ မွေးနေ့ပွဲများ ကြီးကျယ်ခမ်းနားစွာ ပြုလုပ်သော နိမိတ်များ တွေ့ပါက အောင်မြင်မှု ဖြစ်လာမည်။

**(၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ**

အနုပညာနှင့် ဆိုင်သော အသုံးအဆောင် ပစ္စည်းများ၊ အလှအပ ပစ္စည်း များ ဝင်မည်။ ကောင်းမည်။ စက်ပစ္စည်း အပျက်များ မဝင်ရ။ ထီး၊ ဖိနပ် အစုတ်အပြတ် ရှင်းပါ။

**(၁၁) ဆောင်ရန်**

သောကြာ၊ တနင်္လာ နာမည်ရှင်များ၊ ၎င်းနေ့ရက်များ၊ မြို့ဒေသများ၊ ၎င်းနံသင့် ကုန်ပစ္စည်းများ သို့လျှောင် ရောင်းချခြင်းများ အထူးကောင်း သည်။ ၆၊ ၅၊ ၂၊ ၉ ဂဏန်းများ ဆောင်ရမည်။

**(၁၂) ရှောင်ရန်**

ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါ နာမည်ရှင်များ၊ ၎င်းနေ့ရက်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ သိုလှောင် ရောင်းချခြင်းများ ရှောင်ပါ။ ၄၊ ၇၊ ၃ ဂဏန်းများ

အကျိုးမပေး။ အနက်ရောင်၊ လိမ္မော်ရောင် ဝတ်ဆင်ခြင်းရှောင်ပါ။

**(၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်**

မေတ္တာသုတ် နေ့စဉ် ဖြိုဟ်သက်အလိုက် ရွတ်ဖတ်ခြင်း၊ ရွှေကြည်မုန့် သကြား၊ ပေါက်ပေါက် ဆွမ်းတော်ကပ်ခြင်းတို့ ပြုလုပ်သင့်သည်။

**(၁၄) ကံမြင့် ကံပွင့် အစီအရင်**

မကြာခဏ သီလဆောက်တည်ခြင်း၊ သက်သတ်လွတ်စားခြင်း၊ ဘုရားဖူး ခရီးသွားခြင်း၊ သောကြာထောင့်တွင် ရွက်လှပန်းကပ်လှူခြင်း၊ သောကြာနေ့တိုင်း ရှင်သီဝလိအား သစ်သီးဆွမ်း ကပ်လှူပူဇော်ခြင်းကို အထူးပြုလုပ်ရမည်။

❋ ❋ ❋ ❋ ❋

၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးသော
အင်္ဂါသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၈ | ** | ● | ※ | × | ** | × | ** | ** | * | ※ | × | ** | × |
| ၁၃၀၆ | ** | ● | ※ | × | ** | × | * | * | ● | ※ | × | * | ※ |
| ၁၃၁၄ | ** | ● | ※ | × | ** | × | ● | × | ** | × | ※ | × | ** |
| ၁၃၂၂ | ** | ● | ※ | × | ** | × | ** | ** | ** | × | * | ※ | * |
| ၁၃၃၀ | ** | ● | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |
| ၁၃၃၈ | ** | ● | ※ | × | ** | × | × | × | ● | * | ※ | × | ** |
| ၁၃၄၆ | ** | ● | ※ | × | ** | × | ● | × | ** | × | ** | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးဖွားကြသော အင်္ဂါသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ရွှေထည်ပစ္စည်းများ ရုတ်တရက် ဝင်တတ်သည်။ စက်ပစ္စည်းအသစ်များ ဝင်တတ်သည်။ သားသမီးများ ညီအစ်ကိုမောင်နှမများ အောင်မြင်မှု ရရှိသောနှစ်ဖြစ်သည်။ မြင့်မြတ်သောဘုရားဖူးကဲ့သို့ ရေလမ်းခရီးသွားရမည်။ လူမှုရေးလုပ်ငန်းများတွင် အကြီးအကဲဖြစ်မည်။ အလုပ်သစ်၊ အိမ်သစ် မပြောင်းသင့်သောနှစ် ဖြစ်သည်။ အလုပ်နှင့် ပတ်သက်၍ ပြောဆိုထားသောကိစ္စများ အောင်မြင်မည် မဟုတ်။ လုပ်ငန်းရှင်များ အောက်လူများ အကျိုးပေးမည်။ ဝန်ထမ်းများ အထက်လူကြီးများ၊ အကြီးအကဲများနှင့် ဆန့်ကျင်ဘက် မပြုသင့်။ အထင်မြင်လွဲခြင်း ခံရမည်။ဘုန်းကြီးကျောင်းများသို့ သွား၍ မကြာမကြာ သန့်ရှင်းရေး လုပ်သင့်သည်။ လူမျိုးကွဲ မိတ်ဆွေဟောင်းများ အကျိုးပေးမည်။ အနက်ရောင်ရှိသော ရတနာပစ္စည်း ဝင်တတ်သည်။ လျှို့ဝှက်ကူညီရသော ပြဿနာ အရှုပ်အရှင်းကြောင့် ငွေဝင်တတ်သည်။ သားသမီးများ၏ အကျိုးကျေးဇူး ခံစားရတတ်သည်။ ငွေကုန်ကြေးကျများမည့်နှစ် ဖြစ်သည်။ လက်ထဲတွင် ငွေကြာရှည်စွာ ရှိမနေတတ်။ အကြီးအကဲ ဆရာသမား၊ ပညာရှင်များ၏ ငြိုငြင်ခြင်း ခံရတတ်သည်။ အများနှင့်ဆိုင်သော ငွေကြေးများ ကိုင်တွယ်ရပါက အထူးသတိထားရမည့်နှစ် ဖြစ်သည်။ ငွေပူ ဖြစ်တတ်သည်။ လောင်းကစားလုပ်ပါက

အရှုံးနှင့်သာ ရင်ဆိုင်ရမည်။ အဝေးမှ ဆွေမျိုးများ အိမ်သို့ ယာယီလာနေတတ်သည်။ မိဘများ၏ ကျန်းမာရေး ဂရုစိုက်ပါ။ အိမ်ပြင်ခြင်း၊ အိမ်သစ်ဆောက်ခြင်းများ မပြုလုပ်သင့်သောနှစ်ဖြစ်သည်။

၁၃၁၅၊ ၁၃၀၇ ခု ဖွားတို့သည် ရွှေ ရတ်တရက်ဝင်မည်။ ဦးလေး၊ အဒေါ်များထံမှ အကူအညီရမည်။ ညီအစ်ကိုမောင်နှမများထံမှ အကူအညီရမည်။ အောင်မြင်မည်။ တန်ခိုးကြီးဘုရားများသို့သွား၍ ရွှေသက်န်းများ မကြာမကြာ ကပ်လှူပူဇော်သင့်သည်။

၁၃၀၇ခု ဖွားတို့သည် လူမျိုးကွဲအထူးအကျိုးပေးမည်။ အစုစပ်လုပ်ငန်းများ လုပ်ကိုင်ရန် လမ်းစရှိသည်။ သို့သော် ငွေကို လက်မလွှယ်စေသင့်။ သူများအမှုကိစ္စများ ဝိုင်းဝန်းကူညီ ဖြေရှင်းခြင်းဖြင့် လက်ဆောင်ငွေကြေးများ ဝင်လာလိမ့်မည်။

၁၂၉၉၊ ၁၃၀၇၊ ၁၃၃၁ ဖွားသူတို့သည် စက်ကိရိယာအသစ်များ ဝင်မည်။ လက်ဆောင်ရမည်။ သတင်းကောင်းများ ကြားရတတ်သည်။ ဆေးဆိုင်များ၊ ဆေးပစ္စည်းရောင်းသူများ အကျိုးပေးမည့်နှစ် ဖြစ်သည်။ လုပ်သားများ၊ အင်္ဂါသားသမီးများ အကျိုးပေးမည်။

၁၃၃၁၊ ၁၃၀၇ ခုဖွားတို့သည် ပညာရေးတွင် အထူးကြိုးစားရမည်။ လောကီပညာရှင် အတုအယောင်များနှင့် ကြုံရတတ်သည်။ ငွေများကို ထိန်းထိန်းသိမ်းသိမ်း ထားရှိရမည်။ အမွေကိစ္စကြောင့် အမှုဖြစ်ပါက ရှုံးမည်။ သွေးတိုးရောဂါရှိသူများ ကျန်းမာရေး ဂရုစိုက်ပါ။

၁၃၃၉၊ ၁၃၀၇၊ ၁၃၁၅ ခု ဖွားတို့သည် အိမ်သို့ ညအိပ်အပူသယ်လာလျှင် ငွေကြေးကိစ္စများ ပူပင်ရတတ်သည်။ ကြီးကျယ်ခမ်းနားသော မင်္ဂလာကိစ္စများ မဆောင်ရွက်သင့်ပေ။ လမ်းခွေးကလေးများကို ထမင်းများ မကြာခဏကျွေးပါ။

၁၃၂၃၊ ၁၃၀၇၊ ၁၃၃၁၊ ၁၂၉၉ ခု ဖွားတို့သည် အလုပ်သစ်ပြောင်းလုပ်ခြင်း၊ အိမ်သစ် ပြင်ဆောက်ခြင်းတို့ကို ယခုနှစ်တွင် မလုပ်ကိုင်သင့်။ အုန်း၊ ဥစားခြင်းကို သတိထားရမည်။ အထက်လူကြီးများ အထင်မြင်လွဲတတ်၍ စကားပြောဆင်ခြင်ပါ။ ဖခင် ကျန်းမာရေး ဂရုစိုက်ရမည်။

## (၂) **စီးပွားရေး**

ရေလုပ်ငန်း၊ ရွှေဆိုင်များ၊ တာယာရောင်းဝယ်ရေး၊ စက်ပစ္စည်းရောင်းသူများ၊ ကံကောင်းမည်။ ဗုဒ္ဓဟူး၊ အင်္ဂါနံသင့် လုပ်ငန်းများ အကျိုးပေးမည်။ ငှင်းနံသင့်ပစ္စည်းများ သိုလှောင်ရောင်းချနိုင်သည်။ အဆောက်

အဦလုပ်ငန်း၊ ကန်ထရိုက်လုပ်ငန်းများ၊ ကားအရောင်းအဝယ်များ၊ ခြံရောင်းဝယ်များ အခက်အခဲဖြစ်မည်။

## (၃) အိမ်ထောင်ရေး

အမျိုးသားများ - ဇနီးသည် မကြာခဏ အလည်အပတ်ထွက်တတ်သည်။ လုပ်ငန်းများ ဦးဆောင် မခိုင်းသင့်။ ရေမြေခြားသို့ တစ်ဦးတည်း မလွှတ်သင့်။

အမျိုးသမီးများ - ခင်ပွန်းသည် များစွာအောင်မြင်လိမ့်မည်။

သားသမီးများ - ထူးထူးခြားခြား အောင်မြင်သည်ကို ယခုနှစ်တွေ့ရမည်။

## (၄) ချစ်ရေးချစ်ရာ

အဆင်ပြေနေရာမှ ရုတ်တရက်ပြဿနာဖြစ်ပြီး လမ်းခွဲရတတ်သောကြောင့် အင်္ဂါ၊ သောကြာနေ့ ရောက်တိုင်း လမ်းပေါ်မှ ခွေးများကို မကြာမကြာ အစာကျွေးရမည်။ အချစ်ရေးတွင် ပူပင်သောကများဖြင့် ကြုံရတတ်သည်။ ၁၃၃၁ ဖွားများ ပိုသတိထားပါ။ မင်္ဂလာ ကြီးကျယ်စွာ မဆောင်သင့်သောနှစ် ဖြစ်သည်။

## (၅) ကျန်းမာရေး

ခါးနာခြင်း၊ ခြေထောက် အရိုးအတက်ထွက်ခြင်း၊ လေထိုးခြင်း၊ အာရုံကြောများ အားနည်းခြင်းများ ဖြစ်တတ်၍ ထမင်းစားပြီးတိုင်း ခွေးကလေးများကို အစာကျွေးပါ။ ရတနာသုတ် နေ့စဉ်ရွတ်ပါ။ မျောက်များကို အစာကျွေးပါ။ ဗုဒ္ဓဟူး၊ အင်္ဂါ ဆေးဆရာများ၊ ဆရာဝန်များနှင့် ကုသပါ။

## (၆) နိုင်ငံခြားခရီး

ဗုဒ္ဓဟူး-အင်္ဂါနာမည်ရှင်များကြောင့် ခရီးဝေး အောင်မြင်တတ်သော်လည်း အကြိမ်ကြိမ် ကြိုးစားရမည်။ A. E. I. O အက္ခရာ စသော နိုင်ငံများ အကျိုးမပေးပါ။

## (၇) ပညာရေး၊ ဝန်ထမ်းရေးရာ

အကျိုးပေးသောနှစ် ဖြစ်သည်။ ဂုဏ်ထူးအမှတ်များများရအောင် ဝီရိယစိုက်ရမည်။

**ဝန်ထမ်းရေးရာ** ဘာသာရေးကို နေ့စဉ် တစ်နာရီအချိန်ပေးပြီး ပြုလုပ်ပါ။ ထမင်းစားပြီးတိုင်း ခွေးများကို အစာကျွေးပါ။

## (၈) နာမည်နှင့်ကြုံတွေ့ရမှုများ

ဗုဒ္ဓဟူး-စနေ ပူးသောနာမည်ရှင်များ (ဥပမာ-ထွန်းနိုင်လင်း၊ ဝင်းနိုင်)၊ တနင်္လာနာမည်ရှင်များ (ကိုကို) ဖြစ်ပါက အလွန် အခက်အခဲတွေ့ရတတ်သည်။ ၎င်းနာမည်ရှင်များကြောင့် စိတ်ဆင်းရဲရတတ်သည်။

## (၉) ပတ်ဝန်းကျင်နိမိတ်

အိမ်အနီးအနားသို့ တန်ခိုးကြီးဘုရားများ ကြွလာခြင်း၊ နိမိတ်မြင်တွေ့ရလျှင် ထူးခြားစွာ အောင်မြင်မည်။

## (၁၀) ဝင်သင့်၊ မဝင်သင့်သည်များ

ဘုရားရုပ်ပွားတော်၊ စက်ပစ္စည်း၊ ရွှေထည်ပစ္စည်းများဝင်လျှင် ကောင်းသည်။ အဖိုးမတန်သော ကျောက်များ၊ အနီရောင်များ၊ အိုးကွဲ၊ မီးချောင်းပျက်များ မထားရ။ မရှိစေရ။

## (၁၁) ဆောင်ရန်

ဗုဒ္ဓဟူး၊ အင်္ဂါ နေ့သားများ၊ နာမည်ရှင်များ၊ ၎င်းနေ့ရက်များ၊ ၎င်းနံသင့်ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းများ၊ မြို့ဒေသများ၊ ၃၊ ၄ ဂဏန်းများ ဆောင်ထားရမည်။

## (၁၂) ရှောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေနေ့သားများ၊ နာမည်ရှင်များ၊ ၎င်းနေ့ရက်များ၊ ၎င်းနံသင့်ကုန်များကို သိုလှောင်ရောင်းချခြင်း၊ ၎င်းနံမြို့ဒေသများ၊ ၂၊ ၅၊ ၁ ဂဏန်းများ အထူးရှောင်ရှားရမည်။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

တစ်လတစ်ကြိမ် ဘုရား (၄)ဆူ လှည့်၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း (သို့မဟုတ်) တစ်လတစ်ကြိမ် ခေတ်ကြီး (၄)ပါး ဆွမ်းတော်ကပ်ခြင်းများ ပြုလုပ်သင့်သည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ရွှေပြား၊ ရွှေသက်န်းများ မကြာခဏ ကပ်လှူပူဇော်ရမည်။ တန်ခိုးကြီးဘုရားများတွင် ဆီမီးကပ်လှူခြင်း၊ စံပါယ်များ ကပ်လှူခြင်းများ ပြုလုပ်ရမည်။ အင်္ဂါနေ့ရောက်တိုင်း လမ်းပေါ်မှ ခွေးများကို ထမင်းကျွေးရမည်။ သတ်အံ့ဆဲဆဲ ငါး၊ ဂဏန်း၊ ကြက်များကို တစ်နိုင်ဝယ်၍ ဘေးမဲ့လွှတ်ပေးရမည်။

❊ ❊ ❊ ❊ ❊

၁၂၉၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးသော
အင်္ဂါသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအတွက် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၉ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၀၇ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |
| ၁၃၁၅ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၂၃ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၃၁ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၃၉ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၄၇ | ✱✱ | ✱✱ | × | ✱ | ※ | ✱ | ✱ | ✱ | ● | ※ | × | ✱ | ● |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးဖွားကြသော အင်္ဂါသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ငွေနံ့ အထူးအားကောင်းသောနှစ် ဖြစ်သည်။ မထင်မှတ်ဘဲ ငွေအစုလိုက် ဝင်မည်။ အမွေရမည်။ မထင်မှတ်သောကိစ္စများ ရုတ်တရက် ထဖြစ်တတ်သည်။ အလုပ်ကိစ္စ များ အဆင်မပြေလိုလိုနှင့် အဆင်ပြေတသည်။ မိခင်ကဲ့သို့ နေသူများထံမှ ငွေကြေးအကူအညီ အထောက်အပံ့ ရမည်။ အမျိုးသားများ နှလုံးသားအရှုပ်အရှင်းကိစ္စများကို ရှောင်နိုင်ပါက ထူးခြားစွာ စီးပွားဖြစ်ထွန်းမည့်နှစ် ဖြစ်သည်။ အလျှုမင်္ဂလာများ ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ဆောင်ရွက်ရတတ်သည်။ ပညာရပ်အသစ်များ ရရှိခြင်း၊ နည်းပညာအသစ်များ ရရှိခြင်းတို့ ကြုံမည်။ တစ်ဘွဲ့မှ နောက်တစ်ဘွဲ့အတွက် ကြိုးစားပါ။ မိခင် ဖခင် အကျိုးခံစားရမည်။ မိမိမျှော်လင့်ချက်များ အကောင်အထည် ဖော်နိုင်မည့်နှစ် ဖြစ်သည်။ လူမျိုးကွဲများ အကျိုးမပေးပါ။ သူတစ်ပါးကိစ္စ ပြဿနာအရှုပ်အရှင်းထဲ ဝင်ရောက်ခြင်း မပြုလုပ်ရ။ ကြားညှပ်တတ်သည်။ လူငယ်လူရွယ်များ စိတ်လေတတ်သောနှစ် ဖြစ်သည်။ နှလုံးသားရေးကိစ္စများနှင့် ပတ်သက်၍ အရှက်တကွဲဖြစ်တတ်သောကြောင့် အပျော်လွန်ခြင်းကို အထူး သတိထားသင့်သည်။ ကြံစည်ထားသော ခရီးသွားခြင်းများ ပျက်မည်။ ခိုက်ရန်ဖြစ်ပွားခြင်း၊ အတိုက်အခိုက်များ ကြုံတွေ့ရတတ်သည်။ ဆရာအတုအယောင်များနှင့် တွေ့ရတတ်

သည်။ လုပ်ငန်းရှင်များ အောက်လူ ဒုက္ခပေးမည်။ အလုပ်တစ်နေရာမှ တစ်နေရာသို့ ပြောင်းရမည်။ ဘုရားစင်အား သန့်ရှင်းစင်ကြယ် သပ္ပာယ်စွာထား၍ ပူဇော်ရမည်။

၁၃၀၈၊ ၁၃၄၀ ခုဖွားတို့သည် အလျှမင်္ဂလာကြီးကျယ်စွာ ပြုလုပ်ရတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် အထူးစန်းပွင့်မည်။ ငွေဝင်မည့်နှစ် ဖြစ်သည်။

၁၃၄၀ ခုဖွားတို့သည် ရပ်ခြားမြေခြားသို့ ပညာတော်သင်ခရီးများ သွားရတတ်သည်။ အမွေများ ရတတ်သည်။ စုဆောင်းငွေကြေးများဖြင့် စီးပွားရေးလုပ်ပါက အောင်မြင်မည့်နှစ် ဖြစ်သည်။ မိတ်သစ်ဆွေသစ်များ ရမည်။ ပညာရှင်များ ကူညီမစမည်။

၁၃၀၈၊ ၁၃၃၂ ခုဖွားတို့သည် အလုပ်အကိုင်များ ဆက်တိုက်အလုပ် ဖြစ်မည်။ ဝန်ထမ်းများ အထက်လူကြီး အပြောင်းအရွှေ့ကြုံမည်။ အကြီးအကဲ ဖခင်ထံမှ လက်ဆောင်ပစ္စည်းများ ရတတ်သည်။

၁၃၃၂၊ ၁၃၁၆၊ ၁၃၄၀၊၁၃၄၈ ခုဖွားတို့သည် သူတစ်ပါးပြဿနာများ ကြားထဲ မဝင်ရ။ မိမိပြဿနာ ဖြစ်သွားတတ်သည်။ အစုစပ်လုပ်ငန်းများ အဆင်မပြေ၊ လူမျိုးကွဲအကျိုးမပေး။ ပြဿနာဟောင်းများ ပြန်ပေါ်တတ်သည်။

၁၃၂၄၊ ၁၃၀၈၊ ၁၃၁၆၊ ၁၃၄၀ ခုဖွားတို့သည် အနေအစားမတတ်ပါက သူတစ်ပါး စွပ်စွဲပြောဆိုခြင်း ရှိတတ်သည်။ အတိုက်အခိုက် ကြုံရမည်။ အောက်လူ တော်လှန်မည်။ စက်ကိရိယာများ ပျက်မည်။ လေလွင့်ဆုံးရှုံးမည်။ အခြံအရံများ ဒုက္ခပေးမည်။

၁၃၁၆၊ ၁၃၀၈၊ ၁၃၃၂၊ ၁၃၄၀ ခုဖွားတို့သည် အနုပညာနယ်ပယ်ထမှဖြစ်ပါက အထူးကြီးစားသလောက် အောင်မြင်မှုနှင့် အလှမ်းဝေးနေမည်။ ကြိုးစားနေသူများ နှလုံးသားပြဿနာကြောင့် အရှက်တကွဲဖြစ်မည်။ ခရီးဝေးသွားရန် ကြံစည်ထားသူများ ပြဿနာမျိုးစုံဝင်မည်။ အပြောအဆိုအနေအထိုင် မတတ်သောဆွေမျိုးများကြောင့် သိက္ခာကျမည်။ သစ္စာမရှိသူတို့ကြောင့် ဒုက္ခရောက်တတ်သည်။

## (၂) စီးပွားရေး

ကားအရောင်းအဝယ်လုပ်ငန်း ပွဲရုံစသော တနင်္လာ၊ ကြာသပတေးနံသင့်အလုပ်များ အကျိုးပေးမည်။ ဇာတိနေ့သားများနှင့် ကြံစည်လုပ်ကိုင်သင့်သည်။ တရားမဝင် သစ်လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊

အဝတ်အထည်လုပ်ငန်းများ ညွှဲသည်။ စပ်တူရှယ်ယာလုပ်ငန်းများ အကျိုးပေးမည် မဟုတ်ပါ။

(၃) **အိမ်ထောင်ရေး**

အမျိုးသားများ — ဇနီးသည်၏ ရောဂါဟောင်းများ ပြန်ပေါ်တတ်သည်။ စကားဟောင်းများကို မကြာခဏ ပြောတတ်သောဇနီးသည်ကြောင့် စိတ်ဆင်းရဲရတတ်သည်။

အမျိုးသမီးများ — ခင်ပွန်းသည်အခက်အခဲများကြောင့် စိတ်ညစ်စရာများ ကြုံရတတ်သည်။ ခင်ပွန်းသည် ကျန်းမာရေးညွှဲသည်။

သားသမီးများ — ကောင်းတစ်ခါ၊ ဆိုးတစ်လှည့် ဖြစ်နေတတ်သည်။

(၄) **ချစ်ရေးချစ်ရာ**

စန်းပွင့်သောနှစ်ဖြစ်၍ သတိဖြင့် ထိန်းချုပ်ကာ နေသင့်သည်။ မိမိ ရည်မှန်းထားသူရှိပါက သတင်းကောင်း အဖြေကောင်းရတတ်သည်။ မင်္ဂလာ ကြီးကျယ်စွာ ဆောင်သင့်သောနှစ် ဖြစ်သည်။ စာကလေးများကို ဆန်ကျွေးပါ။

(၅) **ကျန်းမာရေး**

တစ်ခုပြီး တစ်ခု ချူချာတတ်သည်။ အနာများ ပေါက်တတ်သည်။ အစာအိမ်ရောဂါ၊ ဆီး ဂရုစိုက်ပါ။ ခန္ဓာကိုယ်အောက်ပိုင်း ရောဂါဟောင်း ပြန် ဖြစ်တတ်သည်။ တနင်္လာ၊ ကြာသပတေး နာမည်ပါသော ဆေးဆရာ၊ ဆရာဝန်များဖြင့် ကုသမှု ခံယူပါ။ သက်သာပျောက်ကင်းမည်။ ထမင်းစား ပြီးတိုင်း ရတနသုတ် ရွတ်ပါ။ စာကလေးများ လွှတ်ပါ။

(၆) **ပညာရေး၊ ဝန်ထမ်းရေးရာ**

နှစ်ကြိမ်ထက် မနည်း ကြိုးစားရတတ်သည်။

**ဝန်ထမ်းရေးရာ** — သူတစ်ပါး၏ အလုပ်များကို ဝိုင်းဝန်းပြုလုပ်ရတတ်သည်။ ကိုယ်နှင့် မဆိုင်သောတာဝန်များ

စွာကို မအားလပ်အောင် လုပ်ကိုင်ဆောင်ရွက်
နေရတတ်သည်။ အထက်လူကြီး၏ မျက်နှာ
သာပေးမှု ရမည်။

## (၇) နိုင်ငံခြားခရီး

အလွန်အခက်အခဲ ဖြစ်တတ်သောနှစ်ဖြစ်သည်။ တနင်္လာ၊ ကြာသပတေး နာမည်ပါသူများနှင့် ဆောင်ရွက်လျှင်ပင် အခက်အခဲများစွာ ကြုံရတတ်သည်။ နိုင်ငံခြားခရီး အလွန်ညံ့သောနှစ် ဖြစ်သည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

အင်္ဂါ-သောကြာပူးသော နာမည်ရှင်များ (ဥပမာ-ဇော်သိန်း၊ သက်ဦး)၊ တနင်္ဂနွေနာမည်ရှင်များ (ဥပမာ-အောင်အောင်)ကြောင့် စိတ်သောကရောက်ရတတ်သည်။

## (၉) ပတ်ဝန်းကျင်နိမိတ်

ကြီးကျယ်စွာ မင်္ဂလာဆောင်ခြင်းများ နိမိတ်၊ ခမ်းနားသော အလှူအတန်းကြီးများ၊ လှူဒါန်းသော နိမိတ်ကြီးများ တွေ့ကြုံရပါက အခက်အခဲဟူသမျှ အောင်မြင်ပြီဟု မှတ်ပါ။

## (၁၀) ဝင်သင့်၊ မဝင်သင့်သည်များ

အဖိုးတန်ကျောက်များ ဝင်မည်။ ရွှေစ၊ ရွှေနအနည်းငယ် ဝင်မည်။ ကားဝင်မည်။ အနီရောင်ပစ္စည်းများ၊ စက်ကိရိယာအပျက်များ မဝင်စေရ။ အသုံးထွက်အလှပစ္စည်းများ ပျက်မည်။ ထီး၊ ဖိနပ်အစုတ်များ အိမ်တွင်မထားရ။ အိမ်ရှေ့အဝင်ဝ သန့်ရှင်းစွာ ထားပါ။

## (၁၁) ဆောင်ရန်

တနင်္လာ၊ ကြာသပတေး နာမည်ရှင်များ၊ နေ့ရက်များ၊ အရပ်ဒေသများ၊ မြို့ရွာများ၊ ငှင်းနံ့သင့်ကုန်ပစ္စည်းများ သို့လှောင်ရောင်းချခြင်းများ ပြုလုပ်နိုင်သည်။ ကြီးကျယ်စွာ လှူဒါန်းခြင်းများ၊ အဖိုးတန်ကားများ ဝယ်ယူခြင်းဖြင့် အကျိုးများမည်။ ၂၊ ၉၊ ၅ ဂဏန်းများ အကျိုးပေးသည်။

(၁၂) ရှောင်ရန်

စနေ၊ အင်္ဂါ၊ သောကြာ နာမည်ရှင်များ၊ နေ့ရက်များ၊ အရပ်ဒေသများ၊ မြို့ရွာများ၊ ၎င်းနံသင့် ကုန်ပစ္စည်းများ၊ သို့လှောင်ရောင်းချခြင်းများ မပြုလုပ်ရ။ စပ်တူပြုလုပ်ခြင်းများ၊ တရားမဝင်သစ်လုပ်ငန်းများ၊ အနုပညာဆိုင်ရာလုပ်ငန်းများ၊ တရားမဝင် ဆေးဝါးကုသခြင်းများ အကျိုးမပေး။ ၇၊ ၃၊ ၆ ဂဏန်းများ ရှောင်ရမည်။

(၁၃) တစ်နှစ်ပတ်လုံး ပြုလုပ်သင့်သော အဆောင်

မိုးလင်းတိုင်း စာကလေးများကို အစာကျွေးပါ။ စာကလေးများ လွှတ်ပါ။ ဘုရား (၅)ဆူ လှည့်ဖူး၍ ဘုရားတိုင်း၏ ရာဟုထောင့်တွင် ကုံကော်ညွန့်များ မကြာခဏ လှူဒါန်းခြင်းကို ပြုလုပ်ပါ။

(၁၄) ကံမြင့်ကံပွင့် အစီအရင်

အလှူဒါနများ မကြာခဏပြုလုပ်ရမည်။ ကျိုက်ထီးရိုးဘုရားသို့ သွား၍ ရွှေသက်န်းကပ်လှူခြင်း၊ ရည်မှန်း၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ဂုဏ်တော် (၉)ပါးကို နေ့စဉ်ရွတ်ဖတ်၍ ပုတီးစိပ်ရမည်။ အိမ်ရှေ့ခေါင်းရင်းတွင် မွှေးနေ့နံနက် (၉း၄၅)နာရီ၌ ခရေပင် စတင် စိုက်ပျိုးရမည်။

❊ ❊ ❊ ❊ ❊

၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးသော
အင်္ဂါသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၀ | ● | ** | × | ✳ | × | ** | ** | ** | ● | ✳ | × | ** | × |
| ၁၃၀၈ | ● | ** | × | ✳ | × | ** | × | × | ● | * | ✳ | × | ** |
| ၁၃၁၆ | ● | ** | × | ✳ | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၂၄ | ● | ** | × | ✳ | × | ** | ** | ** | * | ✳ | × | ** | × |
| ၁၃၃၂ | ● | ** | × | ✳ | × | ** | * | * | ● | ✳ | × | * | ● |
| ၁၃၄၀ | ● | ** | × | ✳ | × | ** | ● | × | ** | × | ✳ | × | ** |
| ၁၃၄၈ | ● | ** | × | ✳ | × | ** | ** | ** | ** | × | * | ✳ | * |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးဖွားကြသော အင်္ဂါသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မိတ်ကောင်းဆွေကောင်းများ ရတတ်သောနှစ်ဖြစ်သည်။ လူငယ်လူရွယ်များ မထင်မှတ်ဘဲ အိမ်ထောင်ကျတတ်သည်။ ခရီးဝေးသွား၍ အလုပ်လုပ်ရန် ကြံစည်ထားသူများ၊ လမ်းစပေါ်လာပါလိမ့်မည်။ ယခုနှစ်တွင် ရစရာရှိသည်များ မရခြင်း၊ ပေးစရာရှိသည်များ မပေးနိုင်ခြင်းဟူသော ငွေကိစ္စပြဿနာ ကြုံရမည်။ ကြံစည်ထားသော အလုပ်ကိစ္စများ အောင်မြင်မည်။ သို့သော် အကောင်းကြီး မဟုတ်သေး။ ငွေကြေးအခက်အခဲများရှိမည်။ လူမျိုးကွဲများနှင့် ဆက်ဆံရမည်။ ဆေးပစ္စည်းရောင်းသူများ၊ စက်ကိရိယာရောင်းသူများ အထူးအကျိုးပေးမည်။ အနုပညာနယ်ပယ်မှ ပညာရှင်များ အောင်မြင်မှု လမ်းစမြင်ရမည်။ အောက်လူ ဝန်ထမ်းများထံမှ လုပ်ငန်းရှင်များအဖို့ အကူအညီများစွာ ရမည်။ အနုပညာနှင့်ဆိုင်သော အလှအပပစ္စည်းများ၊ အသံထွက်ပစ္စည်းများ ဝင်မည်။ သီလသမာဓိ အထူးကောင်းပါက သူတော်ကောင်းများ မစမည်။

မိမိကိုယ်ပိုင် ပိုက်ဆံများအား ငွေတိုးပေးခြင်း အထူးရှောင်ရမည့်နှစ် ဖြစ်သည်။ ငွေမှုဖြစ်၊ ဆုံးပါးတတ်သည်။ ကိုယ်ဝန်ဆောင် မုဆိုးမ၊ တစ်ခုလပ်များ အိမ်ရောက်လာတတ်သည်။ ၎င်းတို့အတွက် ပူပင်ရတတ်သည်။ မိဘများအတွက် ပူရတတ်သည်။ အိမ်ပြင်ဆောက်ရန်၊ အသစ်

ဆောက်ရန် မကောင်းသောနှစ်ဖြစ်သည်။ ဖခင်ကျန်းမာရေး အထူးညံ့သည်။ အုန်း၊ ဥ စားခြင်း ဆင်ခြင်ပါ။ ဝန်ထမ်းများ အထက်လူကြီး၏ အမြင်လွဲစရာ ဖြစ်တတ်သည်။ အလုပ်ထဲတွင် စိတ်ကျနေမည်။

အဝေးမှ ညီအစ်ကိုမောင်နှမများ အိမ်ရောက်လာတတ်သည်။ အမှုကိစ္စဖြစ်လာပါက ဝင်ရောက်ဖြေရှင်းပေးရတတ်သည်။ ရွှေရောင်ရှိသော အဆောင်လက်ဖွဲ့၊ အင်းများ လုံးဝ မဝင်ရ။ ခိုက်တတ်သည်။ ရွှေထွက်မည့်နှစ် ဖြစ်သည်။ လုပ်ငန်းရှင်များ ဖောက်သည်နည်းတတ်သောနှစ် ဖြစ်သည်။ ရေလမ်းခရီးသွားခြင်းကို အထူးရှောင်ပါ။

၁၃၀၁၊ ၁၃၂၅ ခုဖွားတို့သည် မွေးလကျော်ပြီး (၅)လမြောက် အချိန်၌ လူမျိုးကွဲများက လုပ်ငန်းအတွက် စကားကမ်းလှမ်းခြင်း ခံရတတ်သည်။ အလုပ်အကိုင်များ အထူးကောင်းမည်။ အထည်လုပ်ငန်းများ အထူးအကျိုးပေးမည်။ လျှို့ဝှက်ကူညီရသော လုပ်ငန်းများ၌ အထူးအောင်မြင်မည်။

၁၃၄၁ ခုဖွားတို့သည် ယခုနှစ်၌ အင်္ဂါနံအလုပ်များ စတင်လုပ်ကိုင်ရန် ကောင်းသောနှစ် ဖြစ်သည်။ စက်ကိရိယာများ ဝင်မည်။ အင်္ဂါသားသမီးများကြောင့် အကျိုးကျေးဇူးခံစားရမည်။ သတင်းကောင်းများ ကြားရတတ်သည်။

၁၃၄၁၊ ၁၃၁၇ ခုဖွားတို့သည် အနုပညာရှင်များ စတင်အောင်မြင်လာမည်။ ကိုယ်ပိုင်လုပ်ငန်းရှင်များ အထောက်အပံ့ရမည်။ ဘုန်းကံမြင့်လာမည်။ သူတော်ကောင်းများ မစမည်။ ဘုရားဖူးခရီးများ သွားရတတ်သည်။

၁၃၂၅၊ ၁၃၁၇၊ ၁၃၄၉ ခုဖွားတို့သည် ငွေတိုးချေးငှားသူဖြစ်ပါက ပြဿနာဖြစ်တတ်သည်။ ငွေကြေးကုန်ကျ များတတ်သည်။ မိမိပိုက်ဆံများကို တစ်ပါးသူဆီ လုံးဝမအပ်ရ။ အမွေကိစ္စရှိပါက စိတ်ညစ်ရမည်။ ပညာရေးညံ့သည်။

၁၃၁၇ ဖွားတို့သည် အဖေကျန်းမာရေး ဂရုစိုက်ရမည်။ အိမ်ထောင်ဦးစီးဖြစ်ပါက မိမိကိုယ်တိုင်လည်း ကျန်းမာရေး ညံ့တတ်သည်။ အိမ်ပြင်ဆောက်ခြင်းများ ယခုနှစ်တွင် မပြုလုပ်သင့်ပါ။ အုန်း၊ ဥ စားခြင်း ဆင်ခြင်ပါ။

၁၃၀၉၊ ၁၃၁၇၊ ၁၃၄၁ ခုဖွားတို့သည် ရေလမ်းခရီးသွားခြင်းတွင် အထူးဂရုစိုက်ပါ။ ရေလုပ်ငန်းလုပ်ကိုင်သူများ စီးပွားရေးညံ့မည်။ ရေတွင်းတူးမည့်သူများ အချိန်အခါကောင်းကောင်း ရွေးရမည်။ အဝေးရောက်

ညီအစ်ကိုမောင်နှမ ဒုက္ခရောက်မည်။ ရွှေထွက်မည်။ ရွှေရောင်ပစ္စည်း ဝင်ပါက အထူးဂရုစိုက်ပါ။ ခိုက်တတ်သည်။ ကိုယ်ပိုင်အလုပ်ရှိသူများ စိတ်လေမည်။

## (၂) စီးပွားရေး

အင်္ဂါ၊ တနင်္လာ၊ သောကြာနံပါသော ကုန်ပစ္စည်းရောင်းဝယ်နေသူများ ကောင်းသည်။ ၎င်းနံများ အကျိုးပေးမည်။ ကားအရောင်းအဝယ်ဆီ၊ စားသောက်ဆိုင်လုပ်ငန်းများ အကျိုးပေးမည်။ ရေလုပ်ငန်းများ အဆောက်အဦလုပ်ငန်းများ၊ မွေးမြူရေး ညံ့သည်။ ငွေဆုံးရှုံးတတ်သော ပြဿနာရှိ၍ အစုရှယ်ယာများ အကျိုးပေးမည် မဟုတ်ပါ။ သောကြာနေ့ရောက်တိုင်း ခွေးကလေးများကို ထမင်းကျွေးပါ။ ခို၊ ကျီးများကို ကြံ့တိုင်းအစာကျွေးပါ။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကြောင့် စိတ်ချမ်းသာမှုများရရှိလာပါလိမ့်မည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ အောင်မြင်မှုကို မထင်မှတ်ဘဲ တွေ့ရမြင်ရမည်။ |
| သားသမီးများ | အနည်းငယ် ကံနိမ့်နေသည်။ မိဘ မပါဘဲ ရပ်ဝေးခရီးသို့ မလွှတ်သင့်ပါ။ |

## (၄) ချစ်ရေးချစ်ရာ

ကိုယ့်ကိစ္စသည် သူများကိစ္စဖြစ်သွားတတ်သည်။ အထိန်းအကွပ်ရှိသင့်သောနှစ် ဖြစ်သည်။ နှစ်ဦးတည်းရေလမ်းခရီးသွားခြင်း ရှောင်ပါ။ အသင့်အတင့်သာ မင်္ဂလာဆောင်သင့်သည်။

## (၅) ကျန်းမာရေး

လေရောဂါကြောင့် ဖြစ်လာတတ်သော ဝိုက်ဝေဒနာကို ပြင်းထန်စွာခံစားရတတ်သည်။ အင်္ဂါ-တနင်္လာ-သောကြာ နာမည်ပါသော ဆေးဆရာများ၊ ဆရာဝန်များနှင့် ကုသမှု ခံယူရမည်။ ထမင်းစားပြီးတိုင်း ၂၄-ပစ္စည်း (၉)ကြိမ်ရွတ်ပါ။ အာရုံကြော အားနည်း၊ ရေချိုးမှား၊ ရင်၊ ဝမ်း ဥပဒ်ပေးတတ်သည်။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

အလွန်ညံ့နေသည်။ မပေါ့ဆပါနှင့်၊ သံဃာတော်များကို စာအုပ်များ ဝယ်လှူပါ။

**ဝန်ထမ်းရေးရာ** အနက်ရောင် အင်္ကျီမဝတ်သင့်ပါ။ ဗုဒ္ဓဟူးနံပါသော ရပ်ဝေးခရီး များသို့ သွားတိုင်း နေ့စဉ် ၂၄- ပစ္စည်း (၁၀၈)ခေါက် ရွတ်သွားပါ။ ငွေကိစ္စ ကြားမဝင်ပါနှင့်။

## (၇) နိုင်ငံခြားခရီး

အင်္ဂါ၊ သောကြာ နာမည်ပါသူများကို ချဉ်းကပ်ပါ။ အောင်မြင်မည်။ L.Y အက္ခရာနှင့်စသော နိုင်ငံများသို့ လုံးဝမသွားသင့်ပါ။ လူ ၄ ဦး သွားပါက အန္တရာယ်ရှိနိုင်သည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္လာ-ကြာသပတေး ပူးသော နာမည်ရှင်များ (ဥပမာ-ကျော်မြင့်၊ မျိုးခိုင်) စနေနာမည်ရှင်များ (ဥပမာ- နိုင်နိုင်) ကြောင့် စိတ်သောကရောက်တတ်သည်။

## (၉) ပတ်ဝန်းကျင်နိမိတ်

အိမ်အနီးတွင် ဆင်းရဲနွမ်းပါးသူတစ်ဦးဦးမှ ကလေးမီးဖွားခြင်းအကြောင်းကို မြင်ရ တွေ့ရလျှင် ကြုံနေရသည့် ငွေအခက်အခဲများ ပြေလည်ပြီဟု မှတ်ပါ။

## (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

နာရီပျက်များ မဝင်ရ၊ ရွှေပျက်များ မဝင်ရ။ ကောင်းသော စက်ပစ္စည်းများ ဝင်မည်။

## (၁၁) ဆောင်ရန်

အင်္ဂါ၊ သောကြာနာမည်ရှင်များ၊ ၎င်းနေ့ရက်များ၊ ၎င်းအရပ်ဒေသများ၊ မြို့ဒေသများ၊ ၎င်းနံသင့်ကုန်ပစ္စည်းများ သိုလှောင်ရောင်းချနိုင်သည်။ ၃-၆ ဂဏန်း များဆောင်ရမည်။

## (၁၂) ရှောင်ရန်

ကြာသပတေး-တနင်္ဂနွေ-ဗုဒ္ဓဟူး နာမည်ရှင်များ၊ နေ့ရက်များ၊ ကုန်ပစ္စည်းများ သို့လှောင်ရောင်းဝယ်ခြင်းကို ရှောင်ကြဉ်ရမည်။ ၅-၁-၄-၈ ဂဏန်းများ ရှောင်ရမည်။ ရွှေအိုရောင်-အနက်ရောင် အဝတ်အစားများ ရှောင်ရမည်။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ခရေသားကို ပုတီးပြုလုပ်၍ စိပ်ခြင်း၊ ဆောင်ခြင်း၊ ခရေညွန့်များဖြင့် မကြာခဏ ဘုရားပူဇော်ခြင်း၊ သရဏဂုံ (၃၀)ကို နေ့စဉ် ကြိမ်ဖန်များစွာ ပုတီးစိပ်ခြင်းတို့ ပြုလုပ်ရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားရှင်အား အုန်းဆွမ်းများ မကြာခဏ ကပ်လှူခြင်း၊ စေတီပုထိုးများတွင် ခေါင်းလောင်းများ လှူဒါန်းခြင်း၊ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်မိခင်များကို အစားအစာများ ပေးကမ်းစွန့်ကြဲခြင်းများ ပြုလုပ်ရမည်။ လိပ်များအား အစာကျွေးရမည်။

❋ ❋ ❋ ❋ ❋

၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးသော
အင်္ဂါသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၁ | ✱ | ● | ✳ | × | ✱ | ● | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၀၉ | ✱ | ● | ✳ | × | ✱ | ● | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၁၇ | ✱ | ● | ✳ | × | ✱ | ● | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၂၅ | ✱ | ● | ✳ | × | ✱ | ● | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၃၃ | ✱ | ● | ✳ | × | ✱ | ● | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၄၁ | ✱ | ● | ✳ | × | ✱ | ● | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၄၉ | ✱ | ● | ✳ | × | ✱ | ● | × | × | ● | ✱ | ✳ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးဖွားကြသော အင်္ဂါသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မိတ်ကောင်းဆွေကောင်းများ ရတတ်သောနှစ်ဖြစ်သည်။ ခရီးဝေးများသွားရန် အကြံအစည်ရှိပါက ထမြောက် အောင်မြင်မည့်နှစ် ဖြစ်သည်။ အိမ်ထောင်ပြုရန် အကြံအစည်ရှိသူများ အထမြောက်နိုင်သောနှစ်ဖြစ်သည်။ ရပ်ဝေးမှ ဧည့်သည်များ အိမ်ရောက်တတ်သည်။ မင်္ဂလာကိစ္စရှိပါက ရပ်ဝေးတွင်ပါ မင်္ဂလာဆောင်ရတတ်သည်။ အနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်များ အထူးအောင်မြင်မည့်နှစ် ဖြစ်သည်။ စာရေးဆရာများဖြစ်ပါက ကံကောင်းမည့်နှစ်ဖြစ်သည်။ ငွေဝင်သော်လည်း လက်ထဲ မြဲမည့်နှစ် မဟုတ်။ မိသားစုတွင်းပြဿနာရှိသည်။ အဖအတွက် ပူပင်ရတတ်သည်။ ကိုယ်ပိုင်အလုပ်ရှိသူများ အလုပ်ထဲတွင် ပြဿနာရှိသည်။ လက်အောက်ငယ်သား အကျိုးပေးမည်။ ဝန်ထမ်းဖြစ်ပါက အလုပ်ထဲတွင် အဆင်ပြေအောင် နေရမည်။ ညီအစ်ကိုမောင်နှမကြောင့် စိတ်ညစ်ရမည်။ ရွှေထွက်မည်။ သူတစ်ပါး အငြိုအငြင်ခံရမည်။ သူတစ်ပါး အမှုကိစ္စ၊ ကိုယ်ကိစ္စဖြစ်တတ်သောနှစ်ဖြစ်၍ အထူး သတိထားပါ။ လူမျိုးကွဲများက ဒုက္ခပေးမည်။ ဆေးတုသတိထားပါ။ အစုရှယ်၊ ရှယ်ယာလုပ်ငန်းများ အကျိုးမပေးပါ။ ကျန်းမာရေးညံ့သည်။ အနာဟောင်းများ ပြန်ပေါ်တတ်၍ ဆင်ခြင်စွာ နေထိုင်စားသောက်ပါ။

၁၃၅၀၊ ၁၃၃၄ခုဖွားတို့သည် စက်ပစ္စည်းကိရိယာများ ဝင်မည်။ စာရေးဆရာများဖြစ်ပါက အထူးအောင်မြင်မည့်နှစ် ဖြစ်သည်။ ပြောဆိုထား

သော ကိစ္စအဟောင်းများ အောင်မြင်မည့်နှစ် ဖြစ်သည်။ စိန်အရောင်းအဝယ် ကောင်းမည်။ လက်အောက်ငယ်သား အကျိုးပေးမည်။

၁၃၄၂၊ ၁၃၃၄ ခုဖွားတို့သည် အနုပညာသည်များ ဖြစ်ပါက အထူးအောင်မြင်မှုရမည့်နှစ် ဖြစ်သည်။ မွေးလအတွင်းနှင့် မွေးလကျော်ပြီး ၂လ မြောက်တို့တွင် ဖြစ်သည်။ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ အလှအပ ပစ္စည်း၊ အလှကုန်ရောင်းသူများ အထူးအကျိုးပေးမည့်နှစ် ဖြစ်သည်။ ဆွေမျိုးများ ပြဿနာကြုံပြီး အိမ်ရောက်လာတတ်သည်။

၁၃၃၄ ခုဖွားတို့သည် ရပ်ဝေးမှ ငွေကြေးများ ရရှိခံစားရမည်။ ပြောထားသော ငွေကြေးကိစ္စများ အဆင်ပြေမည်။ ကားဝယ်ရန် ကြံစည်ထားသူများ ဝင်မည်။

၁၃၁၈၊ ၁၃၃၄ ခုဖွားတို့သည် အိမ်တွင်းရေးကိစ္စများကြောင့် စိတ်ညစ်နေရမည်။ အလုပ်ထဲတွင် ပြဿနာရှိနေတတ်သည်။ အထက်လူကြီးများ အထင်မြင်လွဲမှားခြင်း ခံရမည်။ ၎င်းတို့တွင် စိတ်ညစ်စရာများ ရှိနေ၍ ဝိုင်းဝန်းကူညီမှု ပေးပါ။ အနီရောင် မဝင်စေရ။ အနက်ရောင် မဝင်စေရ။ ဖခင် ကျန်းမာရေး ဂရုစိုက်ပါ။

၁၃၁၀၊ ၁၃၀၂၊ ၁၃၃၄ ခုဖွားတို့သည် ညီအစ်ကိုမောင်နှမကဲ့သို့ နေသူများအား ငွေမချေးရ။ သူတို့၏အချစ်ရေးထဲ ဝင်ရောက်မစပ်စုရ၊ မိမိပြဿနာ ဖြစ်တတ်သည်။ ရင်၊ ဝမ်း၊ ရေချိုးများခြင်း၊ လေရောဂါဟောင်းများ အထူးဂရုစိုက်ပါ။ ရွှေထွက်မည်။ ရွှေရောင်ဝတ်ဆင်ခြင်း ထိန်းသိမ်းပါ။ ဝက်ဝံများကို မကြာခဏ အစာကျွေးသင့်သည်။

၁၃၀၂၊ ၁၃၂၆၊ ၁၃၃၄ ခုဖွားတို့သည် သူများ အမှုအခင်းများထဲ ဝင်မပါရ။ သူများ အရှုပ် ကိုယ့်ပြဿနာဖြစ်တတ်သည်။ သူများ ငွေကြေးများကို အပ်နှံလာပါက အထူးသတိထားပါ။ အစုရှယ်ယာလုပ်ငန်းများ မလုပ်သင့်သောနှစ် ဖြစ်သည်။ ငယ်သူများ/အောက်လူများ ဒုက္ခပေးမည်။ လူမျိုးကွဲ အထူး သတိထားပါ။ သို့သော် မွေးလကျော်ပြီး (၈)လကျော်ပါက ပြန်ကောင်းပါမည်။

## (၂) စီးပွားရေး

အနုပညာနှင့် ဆိုင်သောလုပ်ငန်းများ၊ ခရီးသွားလာခြင်းနှင့်ဆိုင်သော လုပ်ငန်းများ၊ စားသောက်ဆိုင်လုပ်ငန်းများ အထူးကောင်းမည်။ ကျောက်၊ ကားအရောင်းအဝယ်နှင့် စက်ပစ္စည်းများလည်း ကောင်းမည်။ သောကြာ၊ တနင်္လာနံသင့် ကုန်များ သိုလှောင်ရောင်းဝယ်ပါက အထူး

အကျိုးပေးမည်။ ၎င်းနံပါသူ နေ့သားတို့နှင့် တိုင်ပင်သင့်သည်။ တနင်္ဂနွေ-စနေ-ဗုဒ္ဓဟူး နံသင့်လုပ်ငန်းများ အကျိုးပေးညွှမည်။ သောကြာနေ့ ရောက်တိုင်း ခွေးများကို အစာကျွေးပါ။ ဂုဏ်တော်ကွန်ချာ အမြဲစိပ်ပါ။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်၏ အောင်မြင်တိုးတက်မှုများကို မြင်ရ တွေ့ရကြားရမည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်တွင် စကားဟောင်း ပြဿနာဟောင်းများ ကြုံတွေ့နေရမည် ဖြစ်သော်လည်း ခင်ပွန်းသည် အောင်မြင်လိမ့်မည်။ |
| သားသမီးများ | သူတို့၏ အောင်မြင်မှုအတွက် သူတို့ကိုယ်တိုင် ခက်ခက်ခဲခဲ ဆောင်ရွက်ရတတ်သည်။ |

## (၄) ချစ်ရေးချစ်ရာ

မကြာခဏ ပဋိပက္ခဖြစ်ပြီး မကြာခဏ ပြန်သင့်မြတ်ပါလိမ့်မည်။ အသစ်ထက်မံ တွေ့တတ်သည်။ ဒုက္ခိတများကို တွေ့တိုင်း ဒါနပြုပါ။

## (၅) ကျန်းမာရေး

ဆေးထိုးမှားတတ်သည်။ ဆီးတိုးတတ်သည်။ ရင်၊ ဝမ်း၊ လေရောဂါဟောင်း ပြန်ဖြစ်တတ်သည်။ အအေးမိတတ်၍ ဂရုစိုက်ပါ။ သောကြာ-တနင်္လာ နာမည်ရှင် ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသပါ။ ထမင်းစားပြီးတိုင်း သမ္ဗုဒ္ဓေဂါထာ (၉)ခေါက်ရွတ်ပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

သင့်ရုံသာ ရှိသည်။ မပေါ့ပါနှင့်၊ သံယာတော်များကို ဆေးဝါးများ ဝယ်လှူပါ။

| | |
|---|---|
| **ဝန်ထမ်းရေးရာ** | စာရင်းဇယားများ မကြာခဏမှားယွင်းတတ်သည်။ အခက်အခဲများနှင့် ကြုံရမည်။ ဂုဏ်တော်ကွန်ချာကိုနေ့စဉ် (၄၅)မိနစ် ရအောင် ရွတ်ပါ။ |

## (၇) နိုင်ငံခြားခရီး

အလွန်ကောင်းသည်။ သောကြာ၊ တနင်္လာ နာမည်ပါသူများနှင့် ဘာမဆို တိုင်ပင် ပြုလုပ်ပါက ထိရောက်အောင်မြင်မည်။ လူ (၇)ဦး မသွားရ။ အန္တရာယ်ရှိသည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

စနေ၊ အင်္ဂါပူးသော နာမည်ရှင်များ (ဥပမာ- ထွန်းထွန်းစိုး၊ စိုးတင့်) ကြာသပတေး နာမည်ရှင်များ (ဥပမာ- မော်မော်)ကြောင့် စိတ်သောက ရောက်ရတတ်သည်။

## (၉) ပတ်ဝန်းကျင်နိမိတ်

အိမ်အနီးအနားမှ ပုဂ္ဂိုလ်တစ်ဦးဦး ရပ်ဝေးသို့သွား၍ မင်္ဂလာဆောင်ခြင်း၊ အလှူကြီးကျယ်စွာ ပြုလုပ်ခြင်းများ ကြားရပါက ကိုယ်တိုင်အောင်မြင်ပြီဟု မှတ်ပါ။

## (၁၀) ဝင့်သင့်၊ မဝင်သင့်သည်များ

သူများတပ်ပြီးသား မျက်မှန်အဟောင်းများ မဝင်ရ။ ရွှေမဝင်ရ။ ထီးစုတ်၊ ဖိနပ်စုတ်များ ရှင်းပါ။ အနုပညာနှင့် ဆိုင်သော အသုံးအဆောင်ပစ္စည်းများ ဝင်ခြင်း၊ စက်များ ဝင်လာခြင်းတို့ ရှိပါက အထူးကောင်းသည်။

## (၁၁) ဆောင်ရန်

သောကြာ၊ တနင်္လာ နာမည်ရှင်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ၎င်းနေ့ရက်များ၊ ၎င်းနံသင့်ကုန်ပစ္စည်းများအား သိုလှောင်ရောင်းချခြင်းဖြင့် အကျိုးပေးမည်။ ၆-၂-၉ ဂဏန်းများ အထူးကောင်းသည်။

## (၁၂) ရှောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ၎င်းနေ့ရက်များ၊ ၎င်းနံသင့် ကုန်ပစ္စည်းများအား သိုလှောင်ရောင်းဝယ်ခြင်းများ အထူးညံ့သည်။ ၂-၄-၈-၇ ဂဏန်းများ ဝေးဝေးမှရှောင်သင့်သည်။ အဆောက်အဦလုပ်ငန်းများ၊ ရေလုပ်ငန်းများ၊ သူတစ်ပါး၏ အသက်နှင့် စီးပွားရှာရသောလုပ်ငန်းများ၊ အနက်ရောင်၊ ရွှေအိုရောင် ဝတ်ဆင်ခြင်း အထူးရှောင်ပါ။

**(၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်**

အရှက်တက်တွင် စီတန်းကြွလာသော သံဃာတော်အရှင်သူမြတ်များအား ဆွမ်းတော်ကပ်လှူခြင်း၊ ဒါနအဆောင်ကို တစ်နှစ်ပတ်လုံးပြုလုပ်ပါ။

**(၁၄) ကံမြင့် ကံပွင့် အစီအရင်**

တစ်နေ့တည်း ဘုရား (၉)ဆူ ပြည့်အောင် လှည့်၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းကို မကြာခဏပြုလုပ်ခြင်း၊ အရှေ့မြောက်ထောင့်အရပ်မှနေ၍ ဘုရားရှင်အား သစ်သီးဆွမ်းများ မကြာခဏ ကပ်လှူပူဇော်ခြင်းများကို ပြုလုပ်ရမည်။ ဂုဏ်တော်ကွန်ချာကို အမြဲစိပ်ပါ။

❊ ❊ ❊ ❊ ❊

၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးသော
အင်္ဂါသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၂ | ● | ✱✱ | × | ✱✱ | × | ✱✱ | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၁၀ | ● | ✱✱ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၁၈ | ● | ✱✱ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၂၆ | ● | ✱✱ | × | ✱✱ | × | ✱✱ | × | × | ● | ✱ | ✳ | × | ✱✱ |
| ၁၃၃၄ | ● | ✱✱ | × | ✱✱ | × | ✱✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၄၂ | ● | ✱✱ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၅၀ | ● | ✱✱ | × | ✱✱ | × | ✱✱ | ✱ | ✱ | ● | ✳ | × | ✱ | ● |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးဖွားကြသော အင်္ဂါသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မိသားစုနှင့် ခွဲနေရသူများ မိသားစုနှင့် ပြန်ဆုံမည်။ လူအများစုနှင့်ဆိုင်သော ရပ်ရေး၊ ရွာရေး၊ ဘာသာရေးတို့တွင် အကြီးအကဲ တက်ဖြစ်တတ်သည်။ အိုးအိမ်၊ အဆောက်အဦနှင့်ဆိုင်သော ကံများ ပြန်ကောင်းလာမည်။ အကြီးအကဲများ၏မေတ္တာကို ပြည့်ပြည့်ဝဝ ရရှိလာမည်။

၁၃၄၃ ခုဖွားတို့သည် ဖခင်ရုတ်တရက်အလုပ်ရခြင်း၊ ရာထူးတက်ခြင်းများ ဖြစ်မည်။ ၁၃၅၁ ခုနှစ်ဖွားသော ကလေးတို့သည် ဝမ်းဗိုက်ဝေဒနာကို ရုတ်တရက် ခံစားရတတ်သည်။ ရွှေများ ငှားရမ်းခြင်းကို လုံးဝမပြုလုပ်ရ။ ညီအစ်ကိုမောင်နှမများမှ လုပ်ငန်းစပ်တူလုပ်ရန် စကားကမ်းလှမ်းတတ်သည်။ ငွေကြေး လက်မလွှန်ပါစေနှင့်။ ငွေကုန်ကြေးကျ များမည့်နှစ်ဖြစ်သည်။ သူခိုး ခိုးခံရတတ်သည်။ လူမှုကွဲများ အကျိုးပေးမည်။ အထောက်အပံ့ရမည်။ မိခင် ကျန်းမာရေးကို ဂရုစိုက်ပါ။ ကိုယ်ပိုင်လုပ်ငန်းရှင်များ အောက်လူ ဝင်/ထွက် များ မည်။ ဝန်ထမ်းဖြစ်ပါက မိမိကိုယ်ပိုင်အလုပ်လုပ်ကိုင်ချင်သောဆန္ဒများ ဖြစ်လာမည်။ အထက်လူကြီးများနှင့် ဆက်ဆံရေး အထူးပြေလည်မည်။ အနုပညာနှင့် ပတ်သက်သောလုပ်ငန်းများ အတိုက်အခံရှိသည်။ ပြဿနာ များသည်။ အသံထွက်ပစ္စည်းများ ပျက်မည်။ ခရီးရှည်ထွက်မည့်သူများ စိတ်ညစ်ရမည်။ ကိုယ်ပိုင်ငွေကြေးများ

ဆုံးရှုံးတတ်သည်။ အမွေကိစ္စ ရှိပါက အနိုင်ရမည် မဟုတ်။ မင်္ဂလာ ကြီးကျယ် ခမ်းနားစွာ မလုပ်သင့်သော နှစ်ဖြစ်သည်။ စကားပြော ဆင်ခြင်ရမည့်နှစ် ဖြစ်သည်။ သူများအပြော ကိုယ့်အပြော ဖြစ်တတ်သည်။

၁၃၄၃ ခုဖွားတို့သည် အလုပ်အကိုင်ကောင်းများ ရရှိရန် အခွင့်အလမ်းသာသောနှစ် ဖြစ်သည်။ ၎င်းနှစ်မွေးသောသူအားလုံးတို့သည် မွေးလကျော်ပြီး (၈)လမြောက်တွင် အိမ်အဆောက်အဦလုပ်ငန်း အကြီးအကဲစသော ကံများကောင်းသည်။ လုပ်ငန်းအသစ်များ ၎င်းလတွင် စတင်ဖွင့်လှစ်သင့်သည်။ ရပ်ဝေးနေ ဖခင်(သို့) ဖခင်ကဲ့သို့နေသူ၏ ကူညီထောက်ပံ့မှုကို ရရှိမည့်အခြေအနေလည်း ဖြစ်သည်။

၁၃၃၅၊ ၁၃၁၁၊ ၁၃၄၃ ခုဖွားတို့သည် ရွှေဝင်ပြီး ရုတ်တရက် ပြန်ထွက်တတ်သည်။ ပျောက်ဆုံးတတ်သည်။ ညီအစ်ကိုမောင်နှမများနှင့် ငွေကြေးကိစ္စ စကားပြောရတတ်သည်။ ဦးလေး အဒေါ် ခမ်းကွဲများ၊ အိမ်ရောက်တတ်သည်။

၁၃၂၇၊ ၁၃၃၅ ခုဖွားတို့သည် သူ့အကျိုးဆောင် ကိုယ့်အကျိုးအောင်မည်။ လူမျိုးကွဲ မစမည်။ အနက်ရောင်ရှိသော ကျောက်မျက်ရတနာများ ဝင်တတ်သည်၊ အနုပညာနယ်ပယ်ဘက်မှ ပုဂ္ဂိုလ်တို့သည် မွေးလကျော်ပြီး ၆လမြောက်တွင် ၁၃၁၁ ခုဖွားမှအပ ကျန်သူများ ကောင်းသည်။ အခက်အခဲများကြားမှ အောင်မြင်မှု ရမည်။ အတိုက်အခံ ပေါ်သည်။ စားသောက်ဆိုင်ရှင်များ၊ ခရီးသွားအကျိုးဆောင်များ ပြဿနာများကြားမှ အောင်မြင်မည်။

၁၃၀၃၊ ၁၃၁၁၊ ၁၃၃၅၊ ၁၃၄၃ ခုဖွားတို့သည် မင်္ဂလာကိစ္စ ကြီးကျယ်စွာ ဆောင်ရွက်ရန် စိတ်ကူးထားရှိသူများ အဆင်မပြေ။ အချစ်ရေး မွေးလကျော်ပြီး ၁၀လတွင် အထူးညှိသည်။ သူ့ဘက် ကိုယ့်ဘက် ပြဿနာရှိသည်။ မိခင်ကျန်းမာရေး ဂရုစိုက်ပါ။ ကားရှိသူများ သတိထားမောင်းပါ။ ကားပစ္စည်းများ အခိုးခံရတတ်သည်။

၁၃၁၁ ခုဖွားတို့သည် မိမိပိုက်ဆံနှင့် မိမိ မျက်နှာငယ်ခံရမည်။ ငွေကြေးကိစ္စတွင် လက်မလွှယ်ပါနှင့်။ မုဆိုးမ၊ တစ်ခုလပ်များ အိမ်လာပါက အိမ်နောက်ဘက်တွင် တည်းခိုပါစေ။

ယခုနှစ်တွင် ၎င်းသက္ကရာဇ် အင်္ဂါသားသမီးများတို့သည် မိမိအိမ်ရှိ ဘုရားစင်အား အမြဲ သန့်ရှင်းစင်ကြယ်စွာ ထားရှိရမည်။ မဆိုင်သောပစ္စည်းများ မထားရှိရပါ။ ရေချမ်း၊ ဆီမီး၊ ပန်း၊ ဆွမ်းတို့ကို အမြဲမပြတ်ကပ်လှူ ပူဇော်ထားသင့်ပါသည်။ ဤသို့ ပြုလုပ်ခြင်းဖြင့် မကောင်းသော

ကြိုဟ်ဆိုးတို့၏ နှိပ်စက်ခြင်းမှ သက်သာရာ ရစေပါမည်။

## (၂) စီးပွားရေး

အဆောက်အဦလုပ်ငန်း၊ အီလက်ထရောနစ်လုပ်ငန်းများ အထူးကောင်းသည်။ တနင်္ဂနွေနေ့ စနေလုပ်ငန်းရှင်များ အထူးအကျိုးပေးမည်။ ငန်းကုန်များ သိုလှောင်ရောင်းချနိုင်သည်။ ထိုနံနာမည်ပါသူများနှင့် တိုင်ပင်ပြုလုပ်ခြင်းဖြင့် အကျိုးအမြတ်ရမည်။ ငွေချေးငှားသူများ၊ ပညာရေးနှင့်ဆိုင်သော စာအုပ်လုပ်ငန်းများ၊ ပုံနှိပ်လုပ်ငန်းများ၊ ကားအရောင်းအဝယ်၊ ကန်ထရိုက်လုပ်ငန်းများ ညံ့သည်။

## (၃) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဆွေမျိုး ညီအစ်ကိုမောင်နှမများထံ သွားချင်လာချင်လွန်းသော ဇနီးသည်ကြောင့် မကြာခဏသဘောထားခြင်း မတိုက်ဆိုင် ဖြစ်တတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏အလုပ်သည် မည်သည့်အလုပ်မှ မကောင်းသေးဘဲ အဖျားရှုးနေတတ်သည်။ |
| သားသမီးရေး | မိဘများကို ဆန့်ကျင်ဖက် လုပ်တတ်သည်။ |

## (၄) ချစ်ရေးချစ်ရာ

ညံ့သည်။ လျှို့ဝှက်ထားသောကိစ္စဟောင်းများကြောင့် မကြာခဏစိတ်ဆင်းရဲရတတ်သည်။ ခိုများကို မကြာခဏ အစာကျွေးပါ။ ကြီးကျယ်စွာမင်္ဂလာ မဆောင်သင့်သောနှစ် ဖြစ်သည်။

## (၅) ကျန်းမာရေး

ရင်၊ ဝမ်း၊ လေမကျွဲ၍ ဥပဒ်ပေးမည်။ ခန္ဓာကိုယ်အောက်ပိုင်း၊ ခြေ၊ ကျန်းမာရေး ညံ့သည်။ စနေ၊ တနင်္ဂနွေနာမည်ရှင် ဆရာဝန်များ၊ ဆေးဆရာများနှင့် ကုသပါက ပျောက်ကင်းချမ်းသာမည်။ ထမင်းစားပြီးတိုင်း ၂၄-ပစ္စည်း ၃-ခေါက်ရွတ်ပါ။

**(၆) နိုင်ငံခြားခရီး**

အခက်အခဲများစွာရှိသည်။ M.B.P.K.G နှင့်စသော နိုင်ငံများသို့ သွားမည်ဆိုလျှင် ပိုညံ့သည်။ စနေ-တနင်္ဂနွေနာမည်ရှင်များ၏ အကူအညီ ယူပါ။

**(၇) ပညာရေး၊ ဝန်ထမ်းရေးရာ**

ကောင်းသည်။ ကြိုးစားလေ ကောင်းလေဖြစ်သည်။

**ဝန်ထမ်းရေးရာ** မတက်ရဘူးသေးသော သင်တန်းများ တက်ရမည်။ ရာထူးတိုးတက်သည်။ အကြီးအကဲများ၏ ချီးမြှောက်ခြင်း၊ ဂရုစိုက်ခြင်းကို ခံရမည်။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

တနင်္လာ၊ သောကြာပူးသော နာမည်ရှင်များ (ဥပမာ-ကျော်သီ-သန်းကြည်)၊ ဗုဒ္ဓဟူးနာမည်ရှင်များ (ဥပမာ- ဝေဝေ) ကြောင့် စိတ်သောကရောက်တတ်သည်။

**(၉) ပတ်ဝန်းကျင်နိမိတ်**

အိမ်အနီးအနားတွင် ထိပေါက်သောနိမိတ်ကို ကြားလျှင်၊ မြင်လျှင် ကိုယ်တိုင်အောင်မြင်ပြီဟု မှတ်ပါ။

**(၁၀) ဝင်သင့်၊ မဝင်သင့်သည်များ**

ရွှေရောင်၊ အနီရောင်ကျောက်များ၊ လက်ဖွဲ့-အင်းများ လုံးဝမဝင်သင့် မဆောင်သင့်သောနှစ်ဖြစ်သည်။ အိမ်ပြင်ဆောက်နိုင်သည်။

**(၁၁) ဆောင်ရန်**

တနင်္ဂနွေ၊ စနေ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ရွာများ၊ ၎င်းနံသင့် ကုန်ပစ္စည်းများအား သိုလှောင် ရောင်းချခြင်းဖြင့် အမြတ်အစွန်းရနိုင်သည်။ ၁၊ ၇ ဂဏန်းများ အထူးကောင်းသည်။ ၎င်းနံသင့်ပန်းများ ဘုရားရှင်အား အမြဲကပ်လှူပါ။

(၁၂) **ရှောင်ရန်**

သောကြာ၊ တနင်္လာ၊ ကြာသပတေး နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ရွာများ၊ ၎င်းနှံသင့်ကုန်ပစ္စည်းများအား သိုလှောင်ရောင်းချခြင်းကို အထူးရှောင်သင့်သည်။ ၆၊ ၂၊ ၅ ဂဏန်းများ အကျိုးမပေး။ အဖြူရောင်၊ အပြာရောင်၊ ပုလဲပေါက် ဝတ်ဆင်ခြင်း မပြု သင့်။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

နေ့စဉ် နံနက်မိုးလင်းတိုင်း ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသတော်များကို ရွတ်ဖတ်ပူဇော်ခြင်း (သို့) ၂၄-ပစ္စည်းပဋ္ဌာန်းကို ရွတ်ဖတ်ပူဇော်ခြင်း၊ ဒိတောက်သားပုတီးနှင့် နမော ၅ ချက်စိပ်ခြင်းတို့ကို တစ်နှစ်ပတ်လုံးပြုလုပ် ရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားရှင်အား နေ့စဉ် မျက်နှာသစ်တော်ရေ ကပ်လှူ၍ ပဋ္ဌာန်း ဥဒ္ဒေသ နိဒ္ဒေသရွတ်ခြင်း၊ ထမင်းစားပြီးတိုင်း ချန်၍ ခွေးကလေးများကို အစားကျွေးခြင်း၊ ဘုရားရှင်၏ ရင်ဘတ်တော်ကို မကြာခဏ ရွှေသက်န်း ကပ်လှူခြင်း၊ ဘုန်းကြီးကုဋ္ဌိများကို မကြာခဏရေဆေးခြင်းတို့ ဆောင်ရွက်ရ မည်။

❊ ❊ ❊ ❊ ❊

၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးသော
အင်္ဂါသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၃ | × | ● | ✱ | ※ | × | ✱✱ | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၁၁ | × | ● | ✱ | ※ | × | ✱✱ | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၁၉ | × | ● | ✱ | ※ | × | ✱✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၂၇ | × | ● | ✱ | ※ | × | ✱✱ | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၃၅ | × | ● | ✱ | ※ | × | ✱✱ | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၄၃ | × | ● | ✱ | ※ | × | ✱✱ | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၅၁ | × | ● | ✱ | ※ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးဖွားကြသော ဗုဒ္ဓဟူးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ရောက်ရှိနေသော အသက်အပိုင်းအခြားအရ ဥပဒေနှင့် မကောင်းသောအရာမှန်သမျှ ရှောင်ပါ။ အနေအထားတစ်ခုမှ တစ်ခုသို့ ပြောင်းလဲတတ်သည်။ သူတစ်ပါး ငွေကြေးကိစ္စများထဲ မဝင်ရ။ ငွေဝင်မည့်နှစ် ဖြစ်သည်။ ယခင်နှစ်များက ချေးငှားထားသော ငွေကြေးများ ပြန်ရမည်။ ငွေကြေးအထောက်အပံ့များရမည်။ အနုပညာသည်များ လူစုလူဝေးဖြင့် အောင်မြင်မည့်နှစ် ဖြစ်သည်။ အသံထွက်အလှအပပစ္စည်းများ ဝင်မည်။ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ အနုပညာဖန်တီးသူများ အောင်မြင်မည့်နှစ်ဖြစ်သည်။ ခရီးရှည်ထွက်ရတတ်သည်။ လောကုတ္တရာပိုင်းတွင် ကျင့်ကြံအားထုတ်ရမည့်နှစ် ဖြစ်ပြီး သူတော်ကောင်းများနှင့် တွေ့တတ်သည်။ ပညာရပ်အသစ်များ သင်ကြားရတတ်သည်။ အမွေကိစ္စရှိပါက အကျိုးခံစားရမည့်နှစ်ဖြစ်သည်။ အစုရှယ်ယာလုပ်ငန်းများ အကျိုးပေးမည်။ လုပ်ငန်းရှင်များ ပူပင်သောကများနှင့် ကြုံတွေ့ရမည့်နှစ်ဖြစ်သည်။ ရွှေရောင်ပစ္စည်းများ လုံးဝမဝင်စေရ။ ပြဿနာများ ဖြစ်တတ်သည်။ ညီအစ်ကိုမောင်နှမများကြောင့် ပူပင်သောကရောက်မည်။ လူမျိုးကွဲများကြောင့် စိတ်ညစ်ရတတ်သည်။ မိမိပိုင်ပစ္စည်းများ သူခိုးခိုးခံရတတ်သည်။ သွားဒုက္ခပေးမည်။ အနီရောင်များဝင်ခြင်း ရှောင်ပါ။ စက်ပစ္စည်းများ ဝယ်ခြင်းရှောင်ပါ။ စက်ကိရိယာများရှိပါက ပျက်မည်။ ထွက်မည်။ သူတစ်ပါးကိစ္စကြားထဲဝင်ပါက ပြဿနာတက်တတ်သည်။ သူတစ်ပါး အစွပ်အစွဲ

ခံရတတ်သည်။

၁၂၉၆၊ ၁၃၂၀၊ ၁၃၄၄၊ ၁၃၃၆ ခုဖွားတို့သည် အလှအပပစ္စည်းများ ဝင်မည်။ အနုပညာနယ်များမှ လူများ အထူးအောင်မြင်မည်။ ၁၃၃၆ ခုဖွားတို့သည် အသွားအလာ မတော်၍ ရုတ်တရက် အိမ်ထောင်ကျတတ်သည်။ လုပ်ငန်းများအတွက် အကူအညီပေးမည့်သူများ တွေ့မည်။

၁၃၄၄၊ ၁၃၂၈ ခုဖွားတို့သည် ယခင်နှစ်များက ချေးငှားထားသော ငွေကြေးများ ပြန်ရတတ်သည်။ လုပ်ငန်းနှင့်ဆိုင်သော၊ အများနှင့်ဆိုင်သော ငွေကြေးများ ကိုင်တွယ်ပါက အထူးဂရုစိုက်ပါ။ မင်္ဂလာကိစ္စများ အထူးအဆင်ပြေမည့်နှစ် ဖြစ်သည်။ အကြံအစည်များ အောင်မြင်မည်။

၁၃၀၂၊ ၁၃၃၆၊ ၁၃၄၄၊ ၁၃၂၀ ခုဖွားတို့သည် ကိုယ်ပိုင်ငွေကြေးများ စုဆောင်းမိမည်။ ငွေဝင်မည်။ ပညာရေးဘက်တွင် ပညာအသစ်များ တက်ရောက်သင်ကြားရမည်။ အမွေကိစ္စများ ကြုံမည်။ အစုစပ်လုပ်ငန်းများရှိပါက အောင်မြင်မည်။

၁၃၀၂၊ ၁၃၃၆၊ ၁၃၄၄ ခုဖွားတို့သည် ဆေးမှား၊ အစားမှား ဖြစ်တတ်သည်။ သူတစ်ပါးကိစ္စကြောင့် အစွပ်အစွဲခံရတတ်သည်။ လူငယ်များ ရန်ဖြစ်ခြင်း အထူးရှောင်ပါ။ စက်ကိရိယာများ ပျက်မည်။ အိမ်ထောင်ရှိ အမျိုးသမီးများ မိမိအမျိုးသားအတွက် ပူပင်သောက ကြုံရတတ်သည်။ လူငယ်များ ဆိုင်ကယ်စီးခြင်း အထူးဆင်ခြင်ပါ။ လုပ်ငန်းရှင်များ လက်အောက်ငယ်သားနှင့် အစေအပါးများက ဒုက္ခပေးခြင်းကြောင့် စိတ်ဆင်းရဲရမည်။ အင်္ဂါနံသင့် လုပ်ငန်းလုပ်ကိုင်သူ လုပ်ငန်းရှင်များ အထူးညံ့သည်။

၁၃၄၄၊ ၁၂၉၆ ခုဖွားတို့သည် သူတစ်ပါး အမှုအခင်းကြားထဲ လုံးဝမဝင်ရ။ ဥပဒေနှင့် မကင်းသောကိစ္စများ မပြုလုပ်ရ။ စနေနာမည်ရှင်များကို အထူးသတိထား၍ ဆက်ဆံပါ။

## (၂) စီးပွားရေး

စားသောက်ဆိုင်လုပ်ငန်းများ၊ ခရီးသွားလာရေးလုပ်ငန်းများ၊ ပညာရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ကားအရောင်းအဝယ်လုပ်ငန်းများ ကောင်းသည်။ သောကြာ-ကြာသပတေးနံပါ ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရရှိမည်။ အစုစပ်လုပ်ငန်းများ လုပ်ကိုင်နိုင်သည်။ လူမျိုးကွဲ အကျိုးမပေး။ လက်အောက်ငယ်သားများကြောင့် စိတ်ညစ်ရတတ်သည်။ စက်ပစ္စည်း၊ အထည်အလိပ်၊ ရေသန့်၊ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များ ညံ့သည်။

(၃) **ကျန်းမာရေး**

ဝမ်းဗိုက်တွင် ဥပဒ်ဖြစ်တတ်သည်။ အုန်းနို့ခေါက်ဆွဲ မစားပါနှင့်။ ဆီးရောဂါရှိသူများ ဂရုစိုက်ပါ။ သောကြာ-ကြာသပတေးနာမည်ပါ ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသမှုခံယူပါမှ ဆေးတိုးမည်။ ထမင်းစားပြီးတိုင်း မာရဏပရိတ် ရွတ်ပါ။

(၄) **အိမ်ထောင်ရေး**

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်၏ အောင်မြင်မှုကြောင့် စိတ်ချမ်းသာရမည်။ သို့သော် သူတစ်ပါး၏ အလုပ်နှင့် အချိန်ကုန်နေတတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်တွင် ကြုံတွေ့ရသော အခက်အခဲများကြောင့် စိတ်ဆင်းရဲမှုများ ရောထွေးခံစားရမည်။ |
| သားသမီးရေး | မိဘများနှင့်ဆန့်ကျင်ဘက် ပြုလုပ်တတ်သည်။ |

(၅) **ချစ်ရေးချစ်ရာ**

လျှို့ဝှက်စွာတွေ့ဆုံခြင်းကြောင့် မဖြစ်သင့်သော အကြောင်းတရားများ ဖြစ်ပေါ်တတ်သည့်အတွက် အသွားအလာ အနေအထိုင် ဆင်ခြင်ရမည်။ မင်္ဂလာကိစ္စ ဆောင်ရွက်နိုင်သည်။

(၆) **ပညာရေး၊ ဝန်ထမ်းရေးရာ**

ကောင်းသည်။ အလွယ်တကူအောင်မြင်နိုင်သောနှစ်ဖြစ်၍ အဆင့်မြင့် အောင်မြင်ရန် ကြိုးစားရမည်။

**ဝန်ထမ်းရေးရာ** သင်တန်းများ တက်ရတတ်သည်။ သူတစ်ပါး၏ အလုပ်များနှင့် အချိန်ကုန်နေတတ်သည်။

(၇) **နိုင်ငံခြားခရီး**

အလွန်ကောင်းသော နှစ်ဖြစ်သည်။ S. Z L. Y အက္ခရာစသော နိုင်ငံဖြစ်လျှင် အခက်အခဲကြုံရတတ်သည်။ သောကြာ ကြာသပတေး နာမည်ရှင်များနှင့် ဆောင်ရွက်လုပ်ကိုင်ပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္လာ၊ သောကြာပူးသော နာမည်ရှင်များ (ဥပမာ-ကိုသိန်း၊ သိန်းကျော်)၊ စနေ-တနင်္ဂနွေ ပူးနာမည်ရှင်များ (ဥပမာ-ထွန်းအောင်)၊ ဗုဒ္ဓဟူး စနေပူးသောနာမည်ရှင်များ (ဥပမာ-ဝေထွန်း)ကြောင့် စိတ်ဆင်းရဲရတတ်သည်။

## (၉) ဝင်သင့်၊ မဝင်သင့်သည်များ

ရွှေရောင်၊ အနီရောင်၊ အင်း၊ လက်ဖွဲ့အဆောင်များ လုံးဝ မဝင်သင့်။ ခိုက်တတ်သည်။ ဘာသာရေးဆိုင်ရာ စာပေ၊ ပုတီး ဝင်လျှင်ကောင်းသည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

သီလစွမ်းအားကြီးမားသော ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးများ ကြွလာသော နိမိတ်မြင်ရ၊ ကြားရလျှင် ကိုယ်တိုင်အောင်မြင်မည်။

## (၁၁) ဆောင်ရန်

သောကြာ၊ တနင်္လာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။ ၎င်းနံသင့်ကုန်ပစ္စည်းများ ရောင်းဝယ်သိုလှောင်ခြင်းကြောင့် အကျိုးအမြတ်ရရှိမည်။ ၆၊ ၅ ဂဏန်းအကျိုးပေးသည်။

## (၁၂) ရှောင်ရန်

ဗုဒ္ဓဟူး၊ အင်္ဂါ၊ စနေ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပေး။ ၎င်းနံသင့် အစားအစာများကို သတိထား၍ စားသုံးပါ။ ၎င်းနံသင့် ကုန်ပစ္စည်းများ ရောင်းဝယ်သိုလှောင်ခြင်း အကျိုးမပေး။ ၄၊ ၈၊ ၃၊ ၇ ဂဏန်းများ ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံး ပြုလုပ်ရမည့်အဆောင်

နေ့စဉ်နံနက် မိုးလင်းတိုင်း ဘုရားရှင်အား မျက်နှာသစ်တော်ရေကပ်လှူပူဇော်၍ ပိတောက်သား ကိုးလုံးပုတီးကို သွားလေရာဆောင်၍ ဂုဏ်တော်များကို မပြတ်စိပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားရှင်အား နေ့စဉ် မျက်နှာသစ်တော်ရေ လှူပါ။ ပဒ္ဒာန်း အကျယ်တစ်ခေါက်၊ မေတ္တာစကြာတစ်ခေါက် ရွတ်ဖတ်ပူဇော်ပါ။ လမ်းပေါ်မှ ခွေးများကို အစာကျွေးပါ။ ဗုဒ္ဓဟူးထောင့်ရှိ ရုပ်ပွားတော်၏ ရင်ဘတ်တော်ကို မကြာခဏ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ မွေးနေ့တိုင်း အသားစားခြင်း အထူးရှောင်ကြဉ်ပါ။

❋ ❋ ❋ ❋ ❋

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၆ | ** | ** | × | * | ※ | * | ** | ** | ● | ※ | × | ** | × |
| ၁၃၀၄ | ** | ** | × | * | ※ | * | × | × | ● | * | ※ | × | ** |
| ၁၃၁၂ | ** | ** | × | * | ※ | * | ● | × | ** | × | ** | × | ** |
| ၁၃၂၀ | ** | ** | × | * | ※ | * | ** | ** | * | ※ | × | ** | × |
| ၁၃၂၈ | ** | ** | × | * | ※ | * | * | * | ● | ※ | × | * | ● |
| ၁၃၃၆ | ** | ** | × | * | ※ | * | ● | × | ** | × | ※ | × | ** |
| ၁၃၄၄ | ** | ** | × | * | ※ | * | ** | ** | ** | × | * | ※ | * |

၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးသော
ဗုဒ္ဓဟူးသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးပြဇယား

**၁၂၉၇၊ ၁၃၀၅၊ ၁၃၁၃၊ ၁၃၂၁၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၄၅ ခုနှစ် မွေးဖွားကြသော ဗုဒ္ဓဟူးသားသမီးများအတွက်**

**(၁) ထူးခြားဖြစ်စဉ်**

၁၃၂၉ ခုဖွားသူတို့သည် ရုတ်တရက် ငွေဝင်တတ်သည်။ လူပျို၊ သူလွတ်များ ရုတ်တရက် အိမ်ထောင်ကျတတ်သည်။ ငယ်ရွယ်သူများ နှလုံးသားရေးရာ နယ်ကျွံ၍ ရုတ်တရက် အိမ်ထောင်ကျတတ်သည်။ အနုပညာသမားများ ရုတ်တရက် အောင်မြင်တတ်သည်။ အခက်အခဲများကြားမှ မိတ်ကောင်း၊ ဆွေကောင်းများ ရတတ်သည်။ ဆီး၊ မျက်စိ၊ အစာအိမ်နှင့် ပတ်သက်သော ကျန်းမာရေး ချူချာတတ်သည်။ ဆိုင်ကယ်ရှိသူများ အထူးသတိထားရမည်။ ၁၃၄၅ ခုဖွားသော ကလေးများ အပေါင်းအသင်းမမှားစေရန် မိဘများ အထူးဂရုစိုက်ရမည်။ လောင်းကစားဝါသနာပါသူများ ပိုမို သတိထားရမည်။ အရှုံးများနှင့် ရင်ဆိုင်ရတတ်သည်။ စီးပွားရေးလုပ်ငန်းရှင်များ အခက်အခဲအမျိုးမျိုး ကြုံရတတ်သည်။ လူမျိုးကွဲ အကျိုးမပေးပါ။ အထင်အမြင် မှားတတ်သည်။ အစုရှယ်ယာအလုပ်များ လုပ်ကိုင်နိုင်သည်။ လက်အောက်ငယ်သားများကြား ပြဿနာဖြစ်တတ်သည်။ လုပ်ငန်းထဲတွင် ပြဿနာအမျိုးမျိုး ရှင်းနေရတတ်သည်။ အိမ်တွင်းရေး ပြဿနာများကြောင့် စိတ်ဆင်းရဲရတတ်သည်။ အမွေကိစ္စရှိသူများ အမွေရတတ်သည်။ ငွေဝင်တတ်သည်။ ရွှေရောင်ပစ္စည်းများဝင်ပါက ပြဿနာဖြစ်တတ်သည်။

၁၃၂၉၊ ၁၃၁၃၊ ၁၃၃၇၊ ၁၃၄၅ ခုဖွားသူတို့သည် အနုပညာနယ်မှ ပုဂ္ဂိုလ်များဖြစ်ပါက အောင်မြင်မှုကို ရရှိမည့်နှစ်ဖြစ်သည်။ စားသောက်ဆိုင် ပိုင်ရှင်များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ စသည့် သောကြာနံ အလုပ် အကိုင်ရှိသူများ အထူးအကျိုးပေးမည့်နှစ် ဖြစ်သည်။ အသံထွက်အလှအပ ပစ္စည်းများ ဝင်တတ်သည်။ ခရီးရှည်ထွက်ရန် ကြံစည်ထားသူများ သွားဖြစ် မည့်နှစ်လည်း ဖြစ်သည်။ သီလသမာဓိ အထူးကောင်းမွန်မှသာ အောင်မြင် မှု အကျိုးခံစားရမည်။

၁၃၂၁၊ ၁၃၃၇ ခုဖွားတို့သည် ငွေကြေး ချေးငှားခြင်းကိစ္စများ ရှိပါ က အဆင်ပြေအောင် ပြန်လည်ပေးဆပ်နိုင်လိမ့်မည်။ မိခင်(သို့) အစ်မ ဖြစ်သူထံမှ ကူညီထောက်ပံ့မှုများ ရတတ်သည်။ အလှူအတန်းများ ပြုလုပ်ရ တတ်သည်။ ငယ်ရွယ်သူအချစ်ရေး စန်းပွင့်မည့်ကာလ ဖြစ်သည်။

၁၃၀၅၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၁၃ ခုဖွားသူတို့သည် ငယ်ရွယ်သူဖြစ်ပါ က ပညာရေး အထူးကောင်းမွန်မည်။ အစုရှယ်ယာများလုပ်ငန်း လုပ်ကိုင် လိုသူများ အဆင်ပြေနိုင်သည်။ သင်တန်းများ တက်ရတတ်သည်။ အမွေ ကိစ္စ ရှိသူများ အမွေရရှိတတ်သည်။ ငွေဝင်မည်။ ကြာသပတေးသားသမီး များ ကူညီ မ,စမည်။

၁၃၁၃၊ ၁၃၃၇၊ ၁၃၄၅၊ ၁၂၉၇ ခုဖွားသူတို့သည် ရွှေရောင်ပစ္စည်း များ မဝင်သင့်ပါ။ ရွှေဆိုင်ပိုင်ရှင်၊ ရွှေကုန်သည်များ ဖြစ်ပါက ပစ္စည်းဝယ် ယူပါက အထူးသတိထားပါ။ တန်းတူ ညီအစ်ကိုမောင်နှမများကြား စကား များရတတ်သည်။ လေရောဂါရှိသူများ ကျန်းမာရေးကို ဂရုစိုက်ပါ။

၁၃၄၅၊ ၁၃၃၇ ခုဖွားသူတို့သည် သူတစ်ပါးပြဿနာအရှုပ်အရှင်း ကိစ္စများ ကြားဝင်မပါရ။ မိမိသာ ဒုက္ခရောက်တတ်သည်။ လူမျိုးကွဲများ ကြောင့် စိတ်ညစ်ရတတ်သည်။ နက်ပြာရောင် အရောင်ရှောင်ပါ။ အဝတ် အထည်များ ပျောက်ဆုံးတတ်သည်။ အခိုင်းအစေများကြောင့် စိတ်သောက ရောက်တတ်သည်။

၁၃၃၇၊ ၁၃၀၅၊ ၁၃၂၉ ခုဖွားသူတို့သည် အနေအထိုင် မတတ်ပါက အစွပ်အစွဲ ခံရတတ်သည်။ တိုက်ခိုက်ပြိုင်ဆိုင်သူများ ရှိသည်။ ဆေးမှား တတ်သည်။ စာကလေးများ မကြာခဏ လွှတ်ပါ။ အစာကျွေးပါ။

## (၂) စီးပွားရေး

အလှကုန်၊ လူသုံးကုန်ပစ္စည်းလုပ်ငန်းများ၊ စားသောက်ဆိုင်လုပ် ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ အနုပညာဆိုင်ရာလုပ်ငန်းများ အကျိုး

ပေးမည်။ ပညာရေးဆိုင်ရာအလုပ်များ၊ မွေးမြူရေးဆိုင်ရာအလုပ်များ အကျိုးရှိသည်။ လူမျိုးကွဲ အကျိုးမပေး။ အောက်လူများ၊ အခိုင်းအစေတို့ကြောင့် စိတ်ညစ်ရတတ်သည်။ အစုရှယ်ယာအလုပ်များ လုပ်ကိုင်နိုင်သည်။ ကြာသပတေး၊ သောကြာနာမည်ပါသူတို့နှင့် တိုင်ပင်၍ လုပ်ကိုင်ဆောင်ရွက်ပါ။ စက်ကိရိယာရောင်းဝယ်သော အလုပ်များ၊ အထည်အလိပ်အလုပ်များ၊ ရေလုပ်ငန်းဆိုင်ရာအလုပ်များ အကျိုးပေးမည့်နှစ်မဟုတ်ပါ။ လုပ်ငန်း စတင်လုပ်ကိုင်လိုသူများ အခက်အခဲများစွာ တွေ့ရတတ်သောနှစ် ဖြစ်သည်။ သောကြာ-ကြာသပတေးနံသင့် အလုပ်များ ရွေးချယ်လုပ်ကိုင်ပါ။

### (၃) ကျန်းမာရေး

ဆီး၊ အစာအိမ် အထူးဂရုစိုက်ရမည်။ အကြောရောဂါများ ဖြစ်တတ်သည်။ ကြာသပတေး၊ သောကြာ နာမည်ပါဆေးဆရာ၊ ဆရာဝန်များနှင့် ကုသမှု ခံယူပါမှ ဆေးတိုးမည်။ ၂၄-ပစ္စည်းရွတ်ပြီးမှ ထမင်းစားပါ။

### (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကြောင့် စိတ်ချမ်းသာမှုများ ဖြစ်လာမည်။ အိမ်ထောင်ရေးသာယာမည်။ |
| အမျိုးသမီးများ | မိတ်ဆွေတို့ကြောင့် ခင်ပွန်းသည် ပြဿနာဖြစ်တတ်သည်။ မကြာခဏ ပူပင်ရတတ်သည်။ |
| သားသမီးများ | အပြောင်းအလဲအမျိုးမျိုး ဖြစ်ကတ်သည်။ သားကြီး သမီးကြီးများ အောင်မြင်တတ်သည်။ |

### (၅) ချစ်ရေးချစ်ရာ

အကြောင်းမဲ့ အထင်မြင်လွဲမှားမှုများ ဖြစ်တတ်သည်။ လျှို့ဝှက်အချစ်ကိစ္စများ ရှိနေတတ်သည်။ အချစ်ဟောင်းပြဿနာများ ပေါ်တတ်သည်။ ခိုကလေးများကို မကြာခဏ ပဲကျွေးပါ။

### (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

ထူးထူးခြားခြား အောင်မြင်မှုများ ကြုံတတ်သည်။ မသင်ဘူးရသေးသော ပညာရပ်များ ဆက်လက်သင်ကြားရတတ်သည်။

**ဝန်ထမ်းရေးရာ** ဝန်ထမ်းများသည် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသနှင့် မေတ္တာသုတ်ကို တွဲ၍ ရွတ်ဖတ်ပူဇော်ခြင်းဖြင့် အဆင်ပြေအောင် မြင်လာတတ်သည်။ ရာထူး တိုးသင်တန်း တက်ရတတ်သည်။ စာမေးပွဲဖြေ ဆိုပါက အောင်မြင်မည်။ အလုပ်ထဲတွင် ပြဿနာရှိတတ်သည်။

## (၇) နိုင်ငံခြားရေး

ခရီးဖြိုက်ကောင်းသော ကာလဖြစ်သည်။ သောကြာ-ကြာသပတေး နာမည်ပါသူများနှင့် ကိစ္စကြီးငယ် ဆောင်ရွက်ပါ။ အောင်မြင်မှု ရမည်။ ၃ ဦးသွားရမည့်ခရီး ရှောင်ပါ။ T. D. U. Y. Z နိုင်ငံများကို သွားမည့်သူများ အခက်အခဲ ရှိတတ်သည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

သောကြာ-တနင်္လာ ပူးသောနာမည်ရှင်များ (သိန်းကြည်၊ ကျော်သိန်း)၊ ဗုဒ္ဓဟူးနာမည်ရှင်များ (ဝင်းလှိုင်)ကြောင့် စိတ်ညစ်ရတတ်သည်။ ၎င်းနာမည်ရှင်များနှင့် စီးပွားရေးကိစ္စများ မဆောင်ရွက်ရ။

## (၉) ဝင်သင့်၊ မဝင်သင့်သည်များ

ဘာသာရေးစာအုပ်များ၊ ပုတီး၊ ဘုရားပုံတော်များ ဝင်ပါက ကောင်းသည်။ ရွှေရောင်ပစ္စည်း၊ အနီရောင်ပစ္စည်းများ မဝင်စေရ။ အနက်ရောင်များ ဝတ်ဆင်ခြင်းမှ ရှောင်ပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

ညလုံးပေါက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ အသံမစဲမဟာပဋ္ဌာန်းပွဲများ ကြုံရခြင်းတို့ဖြစ်ပါက အောင်မြင်တတ်သည်။

## (၁၁) ဆောင်ရန်

သောကြာ-ကြာသပတေး နာမည်ပါသူများ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။ ၎င်းနံသင့်ကုန်ပစ္စည်းများ သိုလှောင်ရောင်းချ ဝယ်ယူပါက အကျိုးရှိမည်။ ၆၊ ၅ ဂဏန်းဆောင်ပါ။

## (၁၂) ရှောင်ရန်

စနေ၊ ဗုဒ္ဓဟူး၊ အင်္ဂါ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပေး။ ၎င်းနံ့သင့် အစားအစာများ စားသုံးခြင်းကို သတိထား၍ စားပါ။ ၎င်းနံ့သင့်ကုန်ပစ္စည်းများ သို့လှောင် ရောင်းဝယ်ခြင်း မပြုလုပ်သင့်။ ၇၊ ၄၊ ၃ ဂဏန်းများ ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

ပိတောက်သား ပုတီးနှင့် ပဌာန်းစိပ်ခြင်း၊ စာကလေးများ အစာကျွေးခြင်း၊ လွှတ်ခြင်းကို တစ်နှစ်ပတ်လုံး ပြုလုပ်ရမည်။

## ၁၄။ ကံမြင့် ကံပွင့် အစီအရင်

ဘုရားရှင်အား နံနက်မိုးလင်းတိုင်း မျက်နှာသစ်တော်ရေ ကပ်လှူ၍ ပဌာန်းအကျယ်တစ်ခေါက်နှင့် မေတ္တာသုတ်ကို ပြိုဟ်သက်အလိုက် ရွတ်ပါ။ စနေနေ့တိုင်း လမ်းခွေးများကို အစာကျွေးပါ။ တိုက်ဆိုင်မှု ကြုံကြိုက်မှုရှိတိုင်း အလှောင်ခံနေရသည့် စာကလေးများကို ဘေးမဲ့လွှတ်ပါ။

❊ ❊ ❊ ❊ ❊

၁၂၈၇၊ ၁၃၀၅၊ ၁၃၁၃၊ ၁၃၂၁၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၄၅ ခုနှစ် မွေးသော
ဗုဒ္ဓဟူးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၈၇ | ▪▪ | ▪▪ | × | ▪ | ✳ | ▪ | × | × | ● | ▪ | ✳ | × | ▪▪ |
| ၁၃၀၅ | ▪▪ | ▪▪ | × | ▪ | ✳ | ▪ | ● | × | ▪▪ | × | ▪▪ | × | ▪▪ |
| ၁၃၁၃ | ▪▪ | ▪▪ | × | ▪ | ✳ | ▪ | ▪▪ | ▪▪ | ▪ | ✳ | × | ▪▪ | × |
| ၁၃၂၁ | ▪▪ | ▪▪ | × | ▪ | ✳ | ▪ | ▪ | ▪ | ● | ✳ | × | ▪ | ● |
| ၁၃၂၉ | ▪▪ | ▪▪ | × | ▪ | ✳ | ▪ | ● | × | ▪▪ | × | ✳ | × | ▪▪ |
| ၁၃၃၇ | ▪▪ | ▪▪ | × | ▪ | ✳ | ▪ | ▪▪ | ▪▪ | ▪▪ | × | ▪ | ✳ | ▪ |
| ၁၃၄၅ | ▪▪ | ▪▪ | × | ▪ | ✳ | ▪ | ▪▪ | ▪▪ | ● | ✳ | × | ▪▪ | × |

● အလွန်ကောင်း
▪▪ ကောင်း
▪ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးဖွားကြသော ဗုဒ္ဓဟူးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ထီပေါက်သကဲ့သို့ ငွေများ အလုံးအရင်းဝင်တတ်သည်။ ကျောက်ဝင်လာခြင်း၊ နှလုံးသားရေးရာ အရှုပ်အထွေးဝင်လာခြင်း ဖြစ်ပါက လာဘ်ပိတ်လိမ့်မည်။ အဂ်ီနံကိစ္စများ မထင်မှတ်ဘဲ ပြန်အကျိုးပေးတတ်သည်။ အိမ်ထောင်ရေးပြဿနာများပေါ်တတ်သည်။ မလိုအပ်ဘဲ ငွေကြေးကုန်ကျမှုများစွာ ဖြစ်နေသည်။ အနေအထိုင်မတတ်သူများ၊ ကိုယ်ပိုင်ပစ္စည်းမှ သူများပိုင် ဖြစ်သွားတတ်သည်။ စကားဟောင်းများ၊ ပြဿနာဟောင်းများ၊ ရောဂါဟောင်းများ ပေါ်လာတတ်သည်။ စကားအပြောအဆို ခက်ထန်ကြမ်းတမ်းလာတတ်၍ မိတ်ဆွေစစ်များက ကြဉ်ဖယ်တတ်သည်။ အနီးဆုံးမိတ်ဆွေများ သဘောထားကွဲလွဲမည်။

၁၃၀၆, ၁၃၂၂ ခုနှစ်ဖွားသူတို့သည် အဝေးမှ စက်ကိရိယာများ ဝင်တတ်သည်။ မိမိလိုအင်ဆန္ဒများ ပြည့်ဝမည့် အချိန်ကာလဖြစ်သည်။ ဆေးဝါးလုပ်ကိုင်သူများ၊ စက္ကူလုပ်ငန်းရှင်များ၊ ရောင်းဝယ်သူများ အကျိုးအမြတ် ဖြစ်ထွန်းမည်။ လုပ်ငန်းအတွက် အောက်လူများ စိတ်ချရမည်။

၁၃၀၆, ၁၃၃၀, ၁၃၃၈, ၁၃၁၄ ခုဖွား အမျိုးသားတို့သည် အနုပညာလုပ်ငန်းနှင့် ဆက်နွယ်နေပါက အောင်မြင်မှုရပြီး တာရှည်ခိုင်မြဲအောင် ထိန်းသိမ်းထားသင့်သည်။ လူမှုရေး ခရီးများသွားရင်း အလုပ်ကိစ္စ

အတွက် အောင်မြင်မှုများ ရရှိတတ်သည်။ အမျိုးသမီးများ အလှအပ အသုံးအဆောင် ပစ္စည်းများ ဝင်မည်။ သီလနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုကြောင့် သူတော်ကောင်းများ အကူအညီပေးမည်။

၁၃၀၆, ၁၃၃၀, ၁၂၉၈ ခုဖွားသူတို့သည် အမျိုးသားများ ဖြစ်ပါက စန်းပွင့်မည်။ မိတ်သစ် ဆွေသစ် တွေ့ရမည်။ မိခင်ထံမှ လက်ဆောင်ပစ္စည်းများ အကူအညီများ ရတတ်သည်။ ကားဝင်တတ်သည်။ မမျှော်လင့်ဘဲ ငွေဝင်တတ်သည်။

၁၃၄၆, ၁၃၀၆, ၁၃၁၄, ၁၃၃၈ ခုဖွားသူတို့သည် အိမ်တွင်းရေးတွင် ပြဿနာများ ရှိနေသည်။ အလုပ်အကိုင်ရှိသူများ အလုပ်ထဲတွင် ပြဿနာ ရှိမည်။ အလုပ်အတွက် ကူညီထောက်ပံ့မည့်သူ မရှိသလောက် ဖြစ်တတ်သည်။ ဖခင်အတွက် ပူရတတ်သည်။ အထက်လူကြီးများနှင့် အဆင်မပြေတတ်။ အိမ်ပြင်မဆောင်သင့်သော ကာလဖြစ်သည်။

၁၃၃၈, ၁၃၀၆, ၁၃၃၀ ခုဖွားတို့သည် ရင်ဝမ်း၊ ရောဂါဟောင်းများ ပြန်ဖြစ်တတ်သည်။ လေ့အောင့်ရောဂါရှိသူများ အထူးဂရုစိုက်ပါ။ ရွှေရောင်ပစ္စည်း မဝင်စေရ။ ညအစ်ကိုမောင်နှမတို့အတွက် စိတ်ဆင်းရဲရတတ်သည်။ တိုက်ခိုက်မှုများကို ဖြေရှင်းပေးရတတ်သည်။ ရွှေဟောင်းများ ထွက်မည်။

၁၃၃၀, ၁၃၀၆ ခု မွေးသူတို့သည် သွေးတိုးရောဂါရှိသူတို့ အထူးသတိထားပါ။ သူများပြဿနာ ကိုယ့်ကိစ္စဖြစ်တတ်သည်။ ဥပဒေနှင့် မကင်းသော ကိစ္စများ ရှောင်ပါ။ လူမျိုးကွဲနှင့် အကျိုးမပေးပါ။ လက်အောက်ဝန်ထမ်းများကြောင့် စိတ်ညစ်ရတတ်သည်။

## (၂) စီးပွားရေး

အင်္ဂါနံပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ လျှောင်၍ရသည်။ အိမ်ခြံမြေကိစ္စများ ညံ့သည်။ လူမျိုးကွဲများနှင့် ဆက်သွယ်လုပ်ကိုင်ရသော အလုပ်မှန်သမျှ ညံ့သည်။ အထည်အလိပ်လုပ်ငန်းများ၊ ရေလုပ်ငန်းများ ညံ့သည်။ စပ်တူရှယ်ယာလုပ်ငန်းများ အခက်အခဲဖြစ်မည်။ စာပေစာနယ်ဇင်းလုပ်ငန်းများ အလွန်အကျိုးပေးမည်။ တနင်္လာ၊ အင်္ဂါနာမည်ပါသူများနှင့် တိုင်ပင်ပြီးမှ ဘာမဆိုပြုလုပ်ပါ။

အလုပ် စတင်လုပ်ကိုင်လိုသူများ ကူညီထောက်ပံ့သူ အခက်အခဲနှင့် တွေ့တတ်သည်။ လက်ရှိ အလုပ်ထဲတွင် လက်အောက်ဝန်ထမ်းများ ပြဿနာ ရှာတတ်သည်။ အရက်အလွန်အကျွံသောက်ခြင်း ရှောင်ပါ။

**(၃) ကျန်းမာရေး**

လေအောင့်၊ ရင်အောင့် တတ်သည်။ လေရောဂါဟောင်းပေါ် တတ်သည်။ တနင်္လာ၊ အင်္ဂါနာမည်ရှင်၊ ဆေးဆရာ၊ ဆရာဝန်များနှင့် ကုပါ။ အလျှော့ပါန မကြာခဏပြုပါ။ မွေးနေ့နှင့် လပြည့် လကွယ်ရောက်တိုင်း ဓမ္မစကြာရွတ်ပါ။

**(၄) အိမ်ထောင်ရေး**

အမျိုးသားများ — ဇနီးသည်များ၏ကံ ကောင်းနေပါသည်။ သို့သော် မကြာမကြာ ဆန့်ကျင့်ဘက် ထထဖြစ်တတ်သည်။

အမျိုးသမီးများ — ခင်ပွန်းသည်၏ ကံကောင်းနေသော်လည်း အသွားအလာ အပေါင်းအသင်းများတတ်၍ သတိထားရ မည်။

သားသမီးများ — ဆိုးဖူးသူများကို ပို၍ သတိချပ်ပါ။ ထင်ရာ လုပ်တတ်ပါသည်။

**(၅) ပညာရေး၊ ဝန်ထမ်းရေးရာ**

အထူးကြိုးစားရန်လိုအပ်သည်။ ပညာသင်ကြားရာတွင် ချို့တဲ့ ခက်ခဲတတ်သည်။

**ဝန်ထမ်းရေးရာ** — မလိုလားအပ်သော အဆောင်များ ဝင်တတ်ပါသည်။ ရှောင်ပါ။ ဓမ္မစကြာရွတ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်းဖြင့် အောင်မြင်မည်။ အထက်လူကြီးများ၏ ငြိုငြင်ခြင်း ခံရတတ်သည်။ အားကိုးရာမရှိ ဖြစ်တတ်သည်။

**(၆) ချစ်ရေးချစ်ရာ**

အကောင်းဆုံးစန်းပွင့်သောနှစ် ဖြစ်ပါသည်။ မျက်နှာပွင့်လွန်း၍ ကိုယ်ရှိန်သတ်ပါ။

**(၇) နိုင်ငံခြားခရီး**

ဟုတ်တော့မလိုလိုနှင့် အဖျားကျ ရှုံးသွားတတ်ပါသည်။ တနင်္လာ၊ အင်္ဂါနာမည်ပါသူများနှင့် ဘာမဆိုတိုင်ပင်ပြီးမှ နိုင်ငံခြားခရီးဆောင်ရွက်ပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္ဂနွေ၊ ဗုဒ္ဓဟူး အပြန်အလှန်ပူးသောနာမည်များ (ဥပမာ-အောင်လင်း၊ ဝင်းအောင်)၊ သောကြာနာမည်များ(ဥပမာ-သိန်းသန်း) လုံးဝညှဲပါသည်။ ထိုသူတို့ကြောင့်လည်း စိတ်ဆင်းရဲရတတ်ပါသည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

အဖိုးမတန်သောကျောက်များ၊ အိမ်မွေးရန် သတ္တဝါများ မဝင်သင့်၊ မင်္ဂလာနှင့်ဆိုင်သော အကြောင်းတရားမှန်သမျှ အကုန်ဝင်သင့်ပါသည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

မင်္ဂလာအကြီးအကျယ်ဆောင်ခြင်း၊ အလှူကြီးများ ပေးလှူခြင်း၊ ငွေအလုံးအရင်းများဝင်ခြင်း စသော နိမိတ်ကောင်းများနှင့် တွေ့ရ၊ ဆုံရ၊ မြင်ရ၊ ကြားရပါက အလွန်အောင်မြင်ပြီဟု ကိုယ့်ကိုယ်ကို မှတ်ပါ။

## (၁၁) ဆောင်ရန်

တနင်္လာ၊ အင်္ဂါနာမည်ရှင်များ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ ကုန်များ၊ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။ ၂၊ ၃၊ ၉ ဂဏန်းများ၊ ၎င်းနံသင့်ကုန်များကို သိုလှောင်ရောင်းချခြင်းဖြင့် အကျိုးအမြတ်ရမည်။ အလှူမကြာခဏ ပြုလုပ်ခြင်းများ၊ ၁၃၀၆ ခုဖွား ပုဂ္ဂိုလ်တို့သည် ဆုသေးသော်လည်း ထီပေါက်မည်။

## (၁၂) ရှောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များ၊ နေ့ရက်များ၊ လူများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပေး။ ၎င်းနံသင့်ကုန်များ သိုလှောင်ရောင်းချခြင်းဖြင့် စိတ်ညစ်ရတတ်သည်။ ၎င်းနံသင့် အစာများကို သတိထားစားပါ။ ၁၊ ၄၊ ၈၊ ၇ ဂဏန်းများ ရှောင်ပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ကံ့ကော်သားကို ပုတီးပြုလုပ်၍ ဂုဏ်တော်များစွာအပေါ် ယုံကြည်မှု ပြည့်ဝစွာဖြင့် စိပ်ပါ။ တနင်္လာနံအညွန့် အရွက် အခက်များ၊ ပန်းများ မပြတ် ဘုရားလှူထားပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

အချိန်ရသည်နှင့် တန်ခိုးကြီးစေတီပုထိုးများသို့ သွားပါ။ တနင်္လာထောင့်တွင် ဖယောင်းတိုင် ၁၇ တိုင်ထွန်း၍ မွေစကြာရွတ်ဖတ် ပူဇော်ခြင်းကို အခွင့်ရတိုင်း ပြုလုပ်ပါ။ ထိန်သား ပုတီး၊ ကံ့ကော်သားပုတီးများနှင့် ဂုဏ်တော်များ စိပ်ပါ။ အိုးအိမ်မဲ့သော အရှူးများကို မကြာခဏ အစာကျွေးပါ။ တစ်နှစ်လုံးအတွက် လမ်းနှင့်ဆိုင်သော ဒါနကုသိုလ်များစွာ ပြုလုပ်ပါ။

❊ ❊ ❊ ❊ ❊

၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးသော
ဗုဒ္ဓဟူးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၈ | × | ● | ✱ | ※ | × | ✱✱ | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၀၆ | × | ● | ✱ | ※ | × | ✱✱ | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၁၄ | × | ● | ✱ | ※ | × | ✱✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၂၂ | × | ● | ✱ | ※ | × | ✱✱ | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၃၀ | × | ● | ✱ | ※ | × | ✱✱ | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၃၈ | × | ● | ✱ | ※ | × | ✱✱ | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၄၆ | × | ● | ✱ | ※ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးဖွားကြသော ဗုဒ္ဓဟူးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

လုပ်ငန်းများ ရပ်ဆိုင်းသွားခြင်း၊ အပြောင်းအလဲဖြစ်ခြင်း၊ အိုးအိမ် နေရာ အပြောင်းအလဲဖြစ်ခြင်း၊ အမွေကိစ္စများဖြစ်ခြင်းတို့ ကြုံရမည်။ လူများစုနှင့်ဆိုင်သော နေရာများ၌ ခေါင်းဆောင်တက်ဖြစ်တတ်သည်။ ငွေလုံးခနဲ ကုန်တတ်သည်။ စပ်တူလုပ်ငန်းရှင်များ ထိခိုက်တတ်သည်။ အိမ်မြေကိစ္စများကြောင့် စိတ်သောကရှိနေသည်။ သားသမီးများ အောင်မြင်တတ်သည်။ လူမျိုးကွဲများနှင့် ဆက်ဆံဆောင်ရွက်ရသော လုပ်ငန်းများ အောင်မြင်တတ်သည်။ ခရီးဝေးထွက်မည့်သူများ ကောင်းသည်။ မိတ်ဟောင်း ဆွေဟောင်းများ၏ ကူညီမှုများရမည်။ လူ ၅ ဦး အလုပ်လုပ်ခြင်း ရှောင်ပါ။

၁၃၁၅၊ ၁၃၀၇၊ ၁၃၃၉ ခုဖွားသူတို့သည် ရွှေရောင်ပစ္စည်းများ ဝင်မည်။ ရွှေတိဂုံစေတီတော်တွင် ရွှေသက်န်းများ ကပ်လှူပူဇော်သင့်သည်။ ရွှေရောင်းဝယ်သူများ၊ ရွှေဆိုင်ပိုင်ရှင်များ၊ ရေသန့်လုပ်ငန်းရှင်များ ဖြစ်ပါက အကျိုးကျေးဇူးများစွာ ရရှိခံစားရတတ်သည်။ ရေလမ်းခရီးများ ထွက်ရတတ်သည်။ ရုပ်ပွားတော်များ အိမ်ကြွလာတတ်သည်။

၁၃၀၇ ခုဖွားသူတို့သည် အဝေးမှ လူမျိုးကွဲများနှင့် ဆက်ဆံရသော လုပ်ငန်းများ အောင်မြင်တတ်သည်။ အထည်အလိပ်လုပ်ငန်းများ အောင်

မြင်တတ်သည်။ လောကုတ္တရာ၊ ဘာဝနာပွားများရမည့်ချိန်ကာလဖြစ်သည်။

၁၂၉၉၊ ၁၃၀၇၊ ၁၃၃၁ ခုဖွားသူတို့သည် လက်အောက်ငယ်သားများ အဝင်/အထွက်များတတ်သည်။

ဆရာများထံမှ လက်ဆောင်ပစ္စည်းများ ရတတ်သည်။ အလုပ်နှင့်ပတ်သက်၍ အပြိုင်ရှိမည်။ စက်ကိရိယာများ ကောင်းလိုက် ပျက်လိုက်ရှိမည်။ မိမိမျှော်မှန်းထားသော ကိစ္စများအဖျားရှူးသွားတတ်သည်။

၁၃၀၇၊ ၁၃၁၅၊ ၁၃၃၉ ခုဖွားသူတို့သည် ယခင်ငွေချေးငှားထားခြင်းများ ရှိပါက ပြဿနာဖြစ်တတ်သည်။ ကြွေးကိစ္စရှိသူများ ပူပင်ရတတ်သည်။ မင်္ဂလာကိစ္စကြီးကျယ်စွာ မဆောင်သင့်။ ကားမောင်းသူများသတိထားပါ။ အများပိုင်ငွေများကို ကိုင်တွယ်ရသူတို့ အထူးသတိထားကိုင်တွယ်ရန် လိုအပ်ပါသည်။ ထမင်းစားပြီးတိုင်း ခွေးကလေးများကို အစာကျွေးပါ။

၁၃၃၁၊ ၁၃၀၇၊ ၁၃၃၉ ခုဖွားသူတို့သည် မုဆိုးမ၊ တစ်ခုလပ်များနှောင့်ယှက်တတ်သည်။ အစုစပ်လုပ်ငန်း လုပ်ကိုင်ထားသူတို့ ပြဿနာဖြစ်တတ်သည်။ မိမိပိုင်ငွေကြေးများ ဆုံးရှုံးတတ်သည်။ ပညာရေး ညံ့သည်။ ကိုယ်ဝန်ဆောင်များအတွက် ပူရတတ်သည်။ ဝမ်းဗိုက် ဒုက္ခပေးတတ်သည်။

၁၃၂၃၊ ၁၃၀၇၊ ၁၃၃၁၊ ၁၂၉၉ ခုဖွားသူတို့သည် အလုပ်ထဲတွင် စိတ်ပျက်နေတတ်သည်။ အထီးကျန်စွာ ရှိတတ်သည်။ အိမ်ထွက်တတ်သည်။ လုပ်ငန်းများ ရပ်ဆိုင်းတတ်သည်။ အထက်လူကြီးများ၏ ထင်မြင်လွဲမှားမှုကို ခံရတတ်သည်။ အလုပ်သစ်လုပ်ကိုင်လိုသူများ အကျိုးမပေး။ အလုပ် စတင် မပြုလုပ်သင့်သော အချိန်အခါဖြစ်၍ အခက်အခဲတွေ့ရတတ်သည်။

## (၂) စီးပွားရေး

ဗုဒ္ဓဟူးနံ၊ စနေနံ ကုန်ပစ္စည်းများ ကောင်းသည်။ အိမ်ခြံမြေအကျိုးဆောင်များ အခက်အခဲကြုံလိမ့်မည်။ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။ အောင်မြင်မည်။ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေသမားများ အခက်အခဲရှိသည်။ ရွှေရတနာလုပ်ငန်းများ ကောင်းသည်။ အနုပညာနှင့်ဆိုင်သော လုပ်ငန်းများ ကောင်းတစ်ဝက် ဆိုးတစ်ဝက်ရှိမည်။

အစုရှယ်ယာစပ်တူလုပ်ငန်းများ အကျိုးပေးမည် မဟုတ်။ အောက်လူအဝင်အထွက်များမည်။ အလုပ်သစ် မလုပ်ကိုင်သင့်သော ကာလဖြစ်သည်။

### (၃) ကျန်းမာရေး

လေအောင့်၊ ရင်အောင့်ခြင်း၊ ဦးခေါင်းလေရိုက်သလို မူးတတ်ခြင်း ကြောင့် ဗုဒ္ဓဟူး၊ စနေ နာမည်ရှင် ဆေးဆရာများ၊ ဆရာဝန်များနှင့်ကုသ ပါ။ ထမင်းစားပြီးတိုင်း ရတနသုတ်တော် ရွတ်ပါ။

### (၄) အိမ်ထောင်ရေး

အမျိုးသားများတို့သည် ဇနီးများကြောင့် စိတ်ချမ်းသာမှုရရှိခြင်း၊ ဇနီး၏ ကြိုးစား အားထုတ်မှုကို ဝမ်းသာရခြင်းဖြစ်သော်လည်း၊ အမျိုးသမီး များအနေနှင့် ခင်ပွန်းသည်၏ အလုပ်အပြောင်းအရွှေ့ဖြစ်ခြင်း အလုပ် ရပ်ဆိုင်းခြင်းကြောင့် စိတ်ညစ်ရတတ်သည်။ သားသမီးများ၏ ကံကောင်း ပါသည်။

### (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ကိုယ်တိုင်ကြိုးစားမှုပြုရန် များစွာလိုသည်။ မမျှော်လင့်ဘဲ ပညာရေး ညံ့နေသည်။ ဝန်ထမ်းများတို့သည် အကြီးအကဲ၏ အခက်အခဲကို ဝိုင်းဝန်း ဖြေရှင်းပေးရလိမ့်မည်။ နေရာအပြောင်းအလဲများ ဖြစ်လိမ့်မည်။

၁၃၂၃ ခုဖွားများဖြစ်ပါက ဝေးလံသော ဒေသများသို့ ပြောင်းရွှေ့ရ တတ်သည်။

### (၆) ချစ်ရေးချစ်ရာ

စကားပြော မှားလိုက်၊ ပြဿနာဖြစ်လိုက်၊ ပြန်တည့်လိုက်နှင့် ပြုံး လိုက် မဲ့လိုက် ဖြစ်နေတတ်သည်။

### (၇) နိုင်ငံခြားခရီး

ဗုဒ္ဓဟူးနှင့် စနေနာမည်ပါသောသူများကို ရှာပါ။ ထိုသူတို့၏ အကူ အညီနှင့် အားလုံး အဆင်ပြေသွားမည်။ A. E. I. O အက္ခရာနှင့် စ၍မှည့် ထားသော နိုင်ငံများကို သွားမည်ဆိုပါက အခက်အခဲပေါင်းများစွာ ကြုံ ရမည်။ ၅ဦး သွားမည့် ခရီးမအောင်မြင်တတ်ပါ။

### (၈) နာမည်နှင့်ကြုံတွေ့မှုများ

ကြာသပတေး၊ တနင်္ဂနွေ ပူးသော နာမည်ရှင်များ (ဥပမာ- မျိုးဦး၊

အောင်မျိုး)၊ အင်္ဂါနာမည်ရှင်များ (ဇော်ဇော်)၊ တနင်္လာ၊ စနေ ပူးသော နာမည်ရှင်များ (ဥပမာ-ကျော်ထွန်း)ကြောင့် စိတ်ဆင်းရဲစရာများ ကြုံမည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

ဘုရားပုံတော်၊ ရုပ်ပွားတော်များ ဝင်လိမ့်မည်။ ကောင်းသည်။ ရွှေ ရတနာများဝင်သည်။ ကောင်းသည်။ လက်ကောက်ဝင်လျှင် ပိုကောင်း သည်။ အိုးအိမ်အခက်အခဲ ရှိသည်။ အရောင်းခက်သော စက်ပစ္စည်းများ ထွက်မည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အိမ်အနီးအနားတွင် တန်ခိုးကြီးဘုရားများ ဒေသစာရီကြွလာသော နိမိတ်ကို ကြုံလိမ့်မည်။ ကြုံလျှင် ဗုဒ္ဓဟူးနံပါသောဆိုင်၌ ထီထိုးပါက ဆု သေးသည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ ပေါက်ပါပြီ။

## (၁၁) ဆောင်ရန်

ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသ များ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံသင့်ကုန်ပစ္စည်းများ ရောင်း ချခြင်းကြောင့် အကျိုးရှိမည်။ ၄၊ ၈၊ ၇ ဂဏန်းများ ရွှေရောင်ပစ္စည်းများ ဘုရားရောင်တော်ဖွင့်ခြင်းများ။

## (၁၂) ရှောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ နာမည်ရှင်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ အကျိုးမပေး။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းဝယ်ခြင်း မပြုရ။ ၂၊ ၅၊ ၁ ဂဏန်းများ၊ ၎င်းနံသင့်အစား အစာများ သတိထား စားပါ။ အနီရောင်အင်္ကျီများ၊ အိမ်တစ်ခုလုံး ပြင်ခြင်း များ၊ ၁၃၃၀ ခုဖွားများသည် အိမ်တွင်းရေးပြဿနာကြီးတစ်ခုနှင့် ကြုံရမည် ဖြစ်ပြီး၊ ၁၃၃၉ ဖွားတို့သည် ကားမောင်း အထူးဆင်ခြင်သင့်သည်။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ရွှက်လှများကို အိုးတစ်လုံးနှင့် ထည့်၍ ဘုရားရှင်အား တစ်နှစ်လုံး ပူဇော်ထားပါ။ အ,သောသူ၊ ဦးခေါင်းမကောင်းသူများကို မကြာခဏ ဒါန ပြုပါ။

(၁၄) ကံမြင့် ကံပွင့် အစီအရင်

လင်းလွန်းသားပုတီး(သို့) ဝါးပုတီးနှင့် ဒိဝါတပတိဂါထာကို အကြိမ်များစွာ စိပ်ပါ။ ဘုရားများသို့ မကြာခဏသွား၍ သောကြာထောင့်တိုင်းမှာ ရွှက်လှည္မနှံ့ လက်တစ်ဆုပ်စီ လှူပါ။

❊ ❊ ❊ ❊ ❊

၁၂၉၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးသော
ဗုဒ္ဓဟူးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၉ | ● | ✱✱ | × | ✳ | × | ✱✱ | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၀၇ | ● | ✱✱ | × | ✳ | × | ✱✱ | ● | × | ✱✱ | × | ● | × | ✱✱ |
| ၁၃၁၅ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၂၃ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၃၁ | ● | ✱✱ | × | ✳ | × | ✱✱ | × | × | ● | ✱ | ✳ | × | ✱✱ |
| ၁၃၃၉ | ● | ✱✱ | × | ✳ | × | ✱✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၄၇ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးဖွားကြသော ဗုဒ္ဓဟူးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ထင်ထားသောအရာများ မဖြစ်လာနိုင်ရှိမက၊ မထင်သောအရာများသာ ဖြစ်လာတတ်သောနှစ် ဖြစ်သည်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ အကြိမ်ကြိမ်ကြုံရတတ်သည်။ မည်သည့်ကိစ္စမဆို သူတစ်ပါးအတွက်လို ဖြစ်နေတတ်သည်။ အလုပ်နှစ်မျိုး နှစ်ခုလုပ်နေရတတ်သည်။ အရာရာတို့သည် ဒွိဟဖြစ်နေလိမ့်မည်။ ထွက်ခြင်း၊ သွားခြင်း၊ လာခြင်း၊ လှုပ်ရှားခြင်း များနေလိမ့်မည်။ မည်သည့်ကိစ္စမဆို ဖြစ်လာလျှင် ရုတ်တရက်ကြုံရတတ်သည့် အိမ်ထောင်ရေး အခက်အခဲများ ရင်ဆိုင်ရတတ်သည်။ ၁၃၁၆ ခုဖွားသူတို့သည် ရုတ်တရက် ကျန်းမာရေးညံ့ခြင်း၊ သဘောာလိုက်နေရာမှ ရုတ်တရက်ပြန်ရောက်လာတတ်ခြင်း ကြုံမည်။ ၁၃၂၄ ခုဖွားတို့သည် အခြေမခိုင်ဖြစ်တတ်၍ ဘာသာရေး ဖိကျင့်သင့်သည်။ ဗုဒ္ဓဟူးနှင့် စနေ ယှဉ်တွဲမှည့်ထားသော လှဒွေး၊ ဝင်းနိုင်၊ လွင်ထွန်း စသော နာမည်ရှင်များဖြစ်ပါက အလွန်ကံနိမ့်နေပါသည်။ ဘာမဆို သတိမလစ်ပါစေနှင့် ဘာသာရေး မမေ့ပါနှင့်။

၁၃၀၈, ၁၃၁၆, ၁၃၄၀, ၁၃၄၈ ခုဖွားတို့သည် ငယ်သူဖြစ်ပါက အထူးစန်းပွင့်တတ်သည်။ မိတ်ဆွေသူငယ်ချင်းများကြောင့် အောင်မြင်မှုရတတ်သည်။ အကြံအစည် အောင်မည်။ ကားရောင်းဝယ်သူများ အကျိုးပေး

မည်။ တန်လ်ာန်အလုပ်များ အောင်မြင်မှုရမည်။ ကျောက်အရောင်းအဝယ် လုပ်သူများ ကောင်းမည်။ မိခင် (သို့) အစ်မထံမှ အကူအညီရမည်။

၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၄၀ ခုဖွားသူတို့သည် အမွေကိစ္စများ ရှိပါက ရုတ်တရက် အနမွရတတ်သည်။ ရုတ်တရက် ငွေဝင်တတ်သည်။ မျှော်လင့်မထားသော သင်တန်းများ ပညာများ တက်ရတတ်သည်။ အစုစပ် အလုပ်လုပ်ကိုင်လိုသူများ ပေါ်လာတတ်သည်။ မဖူးရသေးသော ဆရာတော်ဘုရားကြီးများ ဖူးတွေ့ရတတ်သည်။ ဆရာတော်တစ်ပါးပါးကို ပိဋကတ်သုံးပုံ လှူဒါန်းခြင်းဖြင့် အရာရာအဆင်ပြေစေနိုင်သည်။

၁၃၄၀, ၁၃၄၈ ခုဖွားသူတို့သည် ယခင်လုပ်ခဲ့ဖူးသော အလုပ်များ ပြန်ရတတ်သည်။ အထက်လူကြီးများ၏ ကူညီမှုကို ရမည်။ မမျှော်လင့်ဘဲ အလုပ်ရတတ်သည်။ လုပ်ငန်းရှိသော ပုဂ္ဂိုလ်များ လုပ်ငန်းများ ပြန်ကောင်းလာမည်။

၁၃၃၂, ၁၃၁၆, ၁၃၄၀, ၁၃၄၈ ခုဖွားသူတို့သည် ပြဿနာဟောင်းများကြောင့် စိတ်ညစ်နေရတတ်သည်။ လူမျိုးကွဲနှင့် ပတ်သက်သော ကိစ္စများ အကျိုးမပေးပါ။ အနက်ရောင် တွင်းထွက်ပစ္စည်းများ မဝင်စေရ။ မီး အပူလောင်တတ်သည်။

၁၃၂၄, ၁၃၄၀ ခုဖွားသူတို့သည် နှလုံးသားရေးရာ အရှုပ်အရှင်း ကိစ္စများပြုလုပ်ပါက အရှက်တကွဲဖြစ်ရတတ်သည်။ သူတစ်ပါးအစွပ်အစွဲ ခံရတတ်သည်။ ဆီးရောဂါရှိသူများ အထူးသတိထားပါ။ စက်ပစ္စည်း အဟောင်းများ ဝင်လာတတ်သည်။ လုပ်ငန်းများတွင် ငယ်သူတို့ကြောင့် စိတ်ညစ်ရတတ်သည်။

၁၃၁၆, ၁၃၀၈, ၁၃၃၂, ၁၃၄၀ ခုဖွားသူတို့သည် ခရီးရှည်ထွက်ရန် စိတ်ကူးထားသူများ အကြံအစည်မအောင်ဘဲရှိမည်။ ကျန်းမာရေးညံ့သည်။ ကူညီထောက်ပံ့အားပေးသူများ မရှိဘဲ ဖြစ်တတ်သည်။ အနုပညာနယ်မှ ပညာရှင်များ အထူးညံ့သည်။ အသံထွက် အလှအပပစ္စည်းများ ပျက်မည်။ ကတိသစ္စာမရှိသူကြောင့် ဒုက္ခရောက်ရတတ်သည်။ အမျိုးသမီးဆိုင်ရာ ကျန်းမာရေးကိစ္စများ ညံ့သည်။

## (၂) စီးပွားရေး

ကြာပသတေးနံ၊ တနင်္ဂနွေနံပါသော ကုန်ပစ္စည်းများသာ အကျိုးပေးမည်။ အစုစပ်ရှယ်ယာလုပ်ငန်းများ အကျိုးပေးသည့်နှစ် ဖြစ်သည်။ ထိုနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။ သတိလွတ်လျှင် ကိုယ့်

စီးပွားသည် သူများစီးပွား ဖြစ်တတ်သည်။ သဘော်လိုက်မည့်သူများ အထူးဆင်ခြင်ပါ။ စားသောက်ကုန်လုပ်ငန်းများ၊ အနုပညာလုပ်ငန်းများ ညွှန်သည်။

## (၃) ကျန်းမာရေး

ရင်တုန်၊ လက်တုန်၊ လေထိုး၊ လေနာဖြစ်မည်။ သွေးနှင့် ယှဉ်သော ကျန်းမာရေး ဂရုစိုက်ပါ။ ကြာသပတေးနံ၊ တနင်္ဂနွေနံ နာမည်ရှင် ဆရာဝန်များ၊ ဆေးဆရာများနှင့် ကုပါ။ ၂၄ပုဒ်စွည်းရွတ်ပြီးမှ ဆမင်းအမြဲစားပါ။ ဆေးများ မကြာခဏ လှူပေးပါ။ စာကလေးများ မကြာခဏ လွှတ်ပါ။ ကျွေးပါ။ ဒုက္ခိတများ၊ သွေးသားမကောင်းသူများကို ရှာဖွေ၍ ဒါနပြုပါ။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ — ဇနီးသည်၏လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးများကြောင့် စိတ်ဆင်းရဲရတတ်ပါသည်။ ခဏခဏဖြစ်တတ်ပါသည်။

အမျိုးသမီးများ — ခင်ပွန်းသည် ဘာမဆို ညွှန်နေပါသည်။ လုပ်သမျှ ချော်နေတတ်၍ ဘာသာရေး သတိအမြဲပေးပါ။

သားသမီးရေး — မထင်မှတ်ဘဲသားသမီးများ ထူးချွန်တတ်ပါသည်။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

အခြေအနေကောင်းပါသည်။ စိတ်တူကိုယ်တူ သူငယ်ချင်းများနှင့် စုပေါင်းကြိုးစားပါက ပိုပြီးအောင်မြင်မည်။ ဘွဲ့ရပြီးသူများ၊ နောက်တစ်ဘွဲ့အတွက် လှမ်းပါ။ ဝန်ထမ်းများ သင့်ပါသည်။ သူများ၏အလုပ်များကိုပါ တွဲ၍ လုပ်ကိုင်နေရတတ်ပါသည်။ မနားမနေ လုပ်ရတတ်သည်။ အောက်လူများကို ကြင်နာပါ။

## (၆) ချစ်ရေးချစ်ရာ

ဟုတ်တော့မလိုလိုနှင့် အဖျားရှူးသွားတတ်ပါသည်။ ကျောက်ဝင်

လျှင် ပိုဆိုးပါသည်။ အပြိုင်များ ဒုတိယလူများ ပေါ်လာလိမ့်မည်။ လမ်းများနေတတ်သည်။ မဂ်လာဆောင်သင့်သောနှစ် ဖြစ်သည်။

## (၇) နိုင်ငံခြားခရီး

အလွန်ညံ့ပါသည်။ ဖြစ်နိုင်လျှင် ယခုနှစ် မသွားသင့်ပါ။ မဖြစ်မနေသွားချင်လျှင် ကြာသပတေး၊ တနင်္ဂနွေနာမည်ရှင်များ၏ ဦးဆောင်မှုကို ခံယူပြီးမှ စီစဉ်ပါ။ ၆ ဦးမသွားပါနှင့်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

ဗုဒ္ဓဟူး၊ စနေ အပြန်အလှန်ပူးသော နာမည်ရှင်များ (ဝင်းထိုက်၊ နေလင်း)၊ တနင်္လာ နာမည်ရှင်များ (ဥပမာ-ကျော်ကျော်)၊ အလွန်ညံ့နေပါသည်။ ထိုသူတို့ကြောင့် စိတ်ဆင်းရဲရသည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

ပုံတော်များ၊ ရုပ်ပွားတော်များ၊ ရွှေခေတ်လုံးများ ဝင်လာတတ်ပါသည်။ ကောင်းသည်။ ကျောက် မဝင်သင့်ပါ။ အနုပညာနှင့်ဆိုင်သော ပစ္စည်းများ ဝင်လျှင် ညံ့သည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

တန်ခိုးကြီးသော ရုပ်ပွားတော်မြတ်များ၊ ဆရာတော်အရှင်သူမြတ်များ ကြွလာသော နိမိတ်ကို မြင်ရ တွေ့ရ၊ ကြားရလျှင် ယခုနှစ် ကံအလွန်ကောင်းနေပါပြီ။ ဘာမဆို အောင်မြင်ပါတော့မည်။

## (၁၁) ဆောင်ရန်

ကြာသပတေး၊ တနင်္ဂနွေနာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးမည်။ ရင်းနှံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းဝယ်ခြင်းကြောင့် အကျိုးအမြတ်ရမည်။ ၅၊ ၁ ဂဏန်းများ၊ ၁၃၀၀ ပြည့် မွေးသူများသည် တန်ခိုးကြီးဆရာတော်ကြီးများနှင့် ဆုံမည်။ ဖူးရလိမ့်မည်။ တရားထူးများ ရတတ်သည်။ အမွေများရတတ်သည်။ ရင်းနှံသင့်ပန်းများ ဘုရားလှူပါ။

(၁၂) ရှောင်ရန်

စနေ၊ အင်္ဂါ၊ သောကြာ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပေး။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းဝယ်ခြင်း သတိထားပါ။ ၇၊ ၃၊ ၆ ဂဏန်းများ၊ ၎င်းနံသင့် အစားအစာများ သတိထား၍ စားပါ။ အနက်ရောင်များ၊ အနုပညာ လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်း စတင်ထောင်ခြင်းများ ရှောင်ပါ။

(၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

မွေးနေ့ရောက်တိုင်း ဘုရားရှင်အား ဆီမီးခွက်နှင့် ဆီမီးပူဇော်ပါ။ စံပါယ်ပွင့်များ မကြာမကြာ ဆပ်ပါ။ ဇီးဖြူသားကို ပုတီးလုပ်၍ စိပ်ပါ။

(၁၄) ကံမြင့် ကံပွင့် အစီအရင်

ပဋ္ဌာန်းကို နေ့စဉ် ၅ ပတ်ထက်မနည်း စိပ်ပါ။ စနေနေ့ရောက်တိုင်း လမ်းမှ ခွေးလေးများကို အစာကျွေးပါ။ စိတ်ရောဂါသည်များကို အစာကျွေးပါ။ ဘုရားစေတီများသို့ မကြာမကြာလှည့်၍ လျှပ်စစ်မီး ညလုံး ပေါက်ထွန်းညှိရန် လှူဒါန်းပါ။

၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးသော
ဗုဒ္ဓဟူးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၀ | * | ● | ※ | × | * | ● | ** | ** | ** | × | * | ※ | * |
| ၁၃၀၈ | * | ● | ※ | × | * | ● | ** | ** | ● | ※ | × | ** | × |
| ၁၃၁၆ | * | ● | ※ | × | * | ● | × | × | ● | * | ※ | × | ** |
| ၁၃၂၄ | * | ● | ※ | × | * | ● | ● | × | ** | × | ** | × | ** |
| ၁၃၃၂ | * | ● | ※ | × | * | ● | ** | ** | * | ※ | × | ** | × |
| ၁၃၄၀ | * | ● | ※ | × | * | ● | * | * | ● | ※ | × | * | ● |
| ၁၃၄၈ | * | ● | ※ | × | * | ● | ● | × | ** | * | ● | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးဖွားကြသော ဗုဒ္ဓဟူးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ယခုနှစ်တွင် သောကြာ သားသမီး နှောင့်ယှက်တတ်သည်။ အလုပ်ပိုလုပ်ငန်းများ ထိခိုက်တတ်သည်။ လူမျိုးကွဲများနှင့် ပတ်သက်သော ကိစ္စမှန်သမျှ အကျိုးပေးမည်။ အနီးဆုံး မိတ်ကောင်းဆွေကောင်း ရတတ်သည်။ လူငယ်များ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။ စက်ပစ္စည်းများ အကျိုးပေးလိမ့်မည်။ ဆန်စပါးရောင်းဝယ်သူများ အလွန်အကျိုးပေးလိမ့်မည်။ အိမ်ခြံမြေလုပ်ကိုင်သူများ အခက်အခဲဖြစ်လိမ့်မည်။ အပေါင်းအသင်းများ မျက်နှာပွင့်သော၊ ငွေများတတ်သော ကာလဖြစ်သည်။ လူငယ်များ နှလုံးသားရေးရာ အရှုပ်အထွေးဖြစ်တတ်သည်။ ရင်၊ ဝမ်း၊ ဥပဒ်ပေးတတ်သည်။

၁၃၀၁, ၁၃၁၇ ခုဖွားသူတို့သည် ထီအနည်းငယ် ကံစမ်းသင့်သည်။ အနက်ရောင်ရှိသော ရတနာပစ္စည်းများ ဝင်တတ်သည်။ လူမျိုးကွဲများ၏ ကူညီမှုကို ရရှိမည်။ သူတစ်ပါးကိစ္စပြဿနာများ ဝင်ရောက်ဖြေရှင်းခြင်းဖြင့် ငွေဝင်တတ်သည်။

၁၃၄၉, ၁၃၁၇, ၁၃၄၁ ခုဖွားသူတို့သည် မိတ်ဆွေသူငယ်ချင်းများကြောင့် မိမိဖြစ်ချင်သောကိစ္စများ၊ အောင်မြင်မှုရတတ်သည်။ စက်ကိရိယာအသစ်များ ဝင်မည်။ စီးပွားရေး စတင်လုပ်ကိုင်လိုသူများ ဆေး၊ ဆန်၊

ဆီ စသော အင်္ဂါနံအလုပ်များနှင့် စတင် လုပ်ကိုင်သင့်သည်။ ဆရာကောင်း သမားကောင်း တွေ့မည်။ အကူအညီများစွာ ရမည်။

၁၃၄၁, ၁၃၁၇ ခုဖွားသူတို့သည် စားသောက်ဆိုင်၊ အနုပညာ အလုပ်များ၊ ခရီးသွားလာရေးအလုပ်များ၊ အခက်အခဲမျိုးစုံကြားမှ နာမည်ရ တတ်သည်။ ရောဂါဟောင်းများ သက်သာရာရတတ်သည်။ ခရီးဟောင်း ထွက်ရတတ်သည်။ သီလသမာဓိရှိမှ သူတော်ကောင်းကြည့်ရှုမည်။

၁၃၂၅, ၁၃၁၇, ၁၃၄၉ ခုဖွားသူတို့သည် ငွေကြေးကစားခြင်း၊ ငွေတိုးပေးခြင်း လုံးဝမပြုလုပ်သင့်သောနှစ် ဖြစ်သည်။ မုဆိုးမ၊ တစ်ခုလပ် တို့၏ နှောင့်ယှက်ခြင်းကို ခံရတတ်သည်။ ပညာရေးတွင်လည်း အထူး ကြိုးစား၍ သင်ယူရတတ်သည်။ အမွေကိစ္စရှိသူများ ပြဿနာ တက်တတ် သည်။

၁၃၁၇, ၁၃၄၁, ၁၃၄၉ ခုဖွားသူတို့သည် အလုပ်အကိုင်များထဲတွင် အနှောင့်အယှက်များ ရှိတတ်သည်။ လူအများက အထင်အမြင် လွဲပြီး မကြည်မလင်ရှိတတ်သည်။ အိမ်တွင်းရေးပြဿနာများဖြစ်လည်း စိတ်ညစ် ရတတ်သည်။ အိမ်ပြင်ဆောက်ခြင်းများ မပြုလုပ်သင့်ပါ။

၁၃၀၉, ၁၃၁၇ ခုဖွားသူတို့သည် ရုတ်တရက် ကျန်းမာရေးညံ့တတ် သည်။ မင်္ဂလာကိစ္စနှင့် ပတ်သက်သော ရေကြောင်းခရီးထွက်ခြင်းများ သတိထားပါ။ လေရောဂါရှိသူများ သတိထားပါ။ ရွှေထွက်တတ်သည်။ တန်းတူ ညီအစ်ကိုမောင်နှမများအတွက် စိတ်ဆင်းရဲရတတ်သည်။

## (၂) စီးပွားရေး

အင်္ဂါနံ၊ စနေနံ ကုန်ပစ္စည်းများ အလွန်အကျိုးပေးမည်။ ၎င်း နာမည်ရှင်များနှင့် တိုင်ပင် ပြုလုပ်ပါ။ အကျိုးပေးမည်။ စပ်တူလုပ်ငန်းများ အခက်အခဲဖြစ်မည်။ အိမ်ခြံမြေလုပ်ငန်း အခက်အခဲရှိမည်။ ဆန်စပါး လုပ်ငန်းများ၊ နှမ်းကုန်သည်၊ ဆီကုန်သည်များ အကျိုးပေးမည်။

## (၃) ကျန်းမာရေး

သွေးသားနှင့်ဆိုင်သော ရောဂါများ၊ သားအိမ်နှင့်ဆိုင်သော ကျန်းမာရေးများ၊ အစာအိမ် ဖက်ခွက်နာကဲ့သို့ ရောဂါများ၊ အသည်းအောင့် ခြင်းများ၊ ရင်တုန်ခြင်းများ ဖြစ်တတ်၍ အင်္ဂါနံ၊ စနေနံ နာမည်ရှင်ဆရာဝန် များ၊ ဆေးဆရာများနှင့် ကုသပါ။ ထမင်းစာပြီးတိုင်း ဓာရဏာပရိတ် တစ် ခေါက် ရွတ်ပါ။ စာကလေး မကြာခဏ လွှတ်ပါ။ လူသောက်ရေအိုး မကြာ

ခဏ လှူပါ။ ရွှေပြား၊ ရွှေသက်န်းများ လှူပါ။

(၄) **အိမ်ထောင်ရေး**

| | |
|---|---|
| အမျိုးသားများ | အမျိုးသားများ ဇနီး၏ရောဂါဟောင်းများ၊ စကားဟောင်း၊ ငွေပြဿနာဟောင်းများကြောင့် စိတ်ညစ်ရတတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ အောင်မြင်မှုကြောင့် ဝမ်းသာကြည်နူးရမည်။ |
| သားသမီးများ | အသွားအလာ ဆင်ခြင်ခိုင်းပါ။ |

(၅) **ပညာရေး၊ ဝန်ထမ်းရေးရာ**

ပညာရေးညံ့သောနှစ် ဖြစ်၍ အထူးကြိုးစားရန် လိုအပ်သည်။ တက်ရောက်သော သင်တန်းများ တစ်ပိုင်းတစ ဖြစ်တတ်သည်။ ဝန်ထမ်းများသည် အောက်လူများကြောင့် အောင်မြင်မှုများ ဖြစ်တတ်သည်။ သရဏဂုံ(၃၀) ကို နေ့စဉ်မပျက် စိပ်ပါ။

(၆) **ချစ်ရေးချစ်ရာ**

စိတ်နှစ်မျိုး နှစ်ခွ မတင်မကျဖြစ်နေကြလိမ့်မည်။ ခိုများ၊ ကျီးများကို မကြာခဏ အစာကျွေးပါ။ အနီရောင်ပစ္စည်းများ အပြန်အလှန်ပေးခြင်း ရှောင်ရှားပါ။

(၇) **နိုင်ငံခြားခရီး**

အလွန်ညံ့၍ အခက်အခဲများစွာ တွေ့ရမည်။ ၅ ဦးသွားသောခရီး ဖြစ်လျှင် ပိုဆိုးမည်။ B. P စသော နိုင်ငံများဖြစ်လျှင် ပိုဆိုးမည်။ အင်္ဂါ၊ စနေ နာမည်ပါသူများနှင့် ချဉ်းကပ်ပြုလုပ်ပါ။

(၈) **နာမည်နှင့်ကြုံတွေ့မှုများ**

အင်္ဂါ၊ သောကြာပူးသော နာမည်များ (ဥပမာ-စိုးသန်း)၊ တနင်္ဂနွေ နာမည်များကြောင့် (ဥပမာ-အောင်အောင်)၊ စိတ်သောက ဖြစ်ရတတ်သည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

ငွေထည်ပစ္စည်းများ ဘုရားပုံများ၊ တန်ခိုးကြီးပုဂ္ဂိုလ်များ၊ ပုံတော်များ၊ ဓာတ်တော်များ၊ ကြွချီလာခြင်း ဝင်ရောက်ထားခြင်းဖြစ်ပါက ကောင်းသည်။ အိမ်တိုးချဲ့ဆောက်လုပ်ခြင်း ညွှံ့သည်။ လူလူချင်း ပေးသောအဆောင်များ၊ အင်းများ ရှောင်ပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

နှစ်ကိုပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ခြင်း၊ ဂမ္ဘီရဆေးပညာရှင်ကြီးများနှင့် တွေ့ဆုံခြင်းဖြစ်ပါက ကိုယ်တိုင် အောင်မြင်မှု ကြုံလိမ့်မည်။

## (၁၁) ဆောင်ရန်

စနေ၊ အင်္ဂါ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းဖြင့် အမြတ်ရတတ်သည်။ ၇၊ ၃ ဂဏန်းများ အကျိုးပေးမည်။ သမထ ဘာဝနာပွားများခြင်းများ ဆီမီး၊ စံပါယ်လှူခြင်းများ၊ ဆေးဆိုင်၊ ဆေးခန်း၊ တိုးချဲ့ခြင်း၊ ဆေးဝါးအသစ် ထုတ်လုပ်ခြင်းများ ၎င်းနံသင့်ပန်းများ ဘုရားသို့ မကြာခဏ လှူပါ။

## (၁၂) ရှောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူးနာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ အကျိုးပေးသည်။ မြို့ဒေသများ၊ ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းမပြုလုပ်သင့်။ ၎င်းနံသင့်အစားများ သတိထားစားပါ။ ၅၊ ၁၊ ၄၊ ၈ ဂဏန်းများ ရှောင်ပါ။ အိမ်ခြံမြေလုပ်ငန်း တိုးချဲ့ခြင်း၊ စပ်တူလုပ်ငန်းကြီးများ လုပ်ကိုင်ခြင်း၊ အနီရဲရဲ ဝတ်ဆင်ခြင်းများ ညွှံ့သည်။ ၁၃၀၉ ခု၊ ၁၃၁၇ ဖွားများသည် ကိုယ်တိုင်ကံနိမ့်တတ်၍ ဘုန်းကြီးကုဋီများ ရေဆေးပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

တန်ခိုးကြီးဘုရားရောက်တိုင်း ဖြိုဟ်ရှစ်ခွင်လှည့်၍ ရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်းများ၊ ကံ့ကော်ညွှန့်၊ ကြံညွှန့်လှူခြင်းများ။

(၁၄) **ကံမြင့် ကံပွင့် အစီအရင်**

ကျိုက်ထီးရိုးဘုရားသို့ မရောက်ရောက်အောင် သွားဖူးခြင်း၊ ကျိုက်ထီးရိုးဘုရားကြီးအား ရည်မှန်း၍ မနက်တိုင်း သောက်တော်ရေ ကပ်လှူခြင်း၊ သရဏဂုံ(၃၀) နေ့ရော ညပါ ပုတီးစိပ်ခြင်း၊ ကြုံသည့်နေရာတွင် လူသောက်ရေ လှူခြင်း၊ ၁၃၀၉ ဖွားတို့သည် နဝင်္ဂသီလ (သို့) အာဇီဝဋ္ဌမက သီလများကို မကြာမကြာ ထိမ်းချုပ်၍ အဓိဋ္ဌာန်ရက်ရှည်ဝင်ခြင်းများ ပြုပါ။

❋ ❋ ❋ ❋ ❋

၁၃၀၁၊ ၁၃၀၉၊ ၁၃၁၇၊ ၁၃၂၅၊ ၁၃၃၃၊ ၁၃၄၁၊ ၁၃၄၉ ခုနှစ် မွေးသော
ဗုဒ္ဓဟူးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၁ | ❖ | ■ | ✳ | × | ■■ | × | × | × | ● | ■ | ✳ | × | ■■ |
| ၁၃၀၉ | ❖ | ■ | ✳ | × | ■■ | × | ● | × | ■■ | × | ■■ | × | ■■ |
| ၁၃၁၇ | ❖ | ■ | ✳ | × | ■■ | × | ■■ | ■■ | ■ | ✳ | × | ■■ | × |
| ၁၃၂၅ | ❖ | ■ | ✳ | × | ■■ | × | ■ | ■ | ● | ✳ | × | ■ | ● |
| ၁၃၃၃ | ❖ | ■ | ✳ | × | ■■ | × | ● | × | ■■ | × | ✳ | × | ■■ |
| ၁၃၄၁ | ❖ | ■ | ✳ | × | ■■ | × | ■■ | ■■ | ■■ | × | ■ | ✳ | ■ |
| ၁၃၄၉ | ❖ | ■ | ✳ | × | ■■ | × | ■■ | ■■ | ● | ✳ | × | ■■ | × |

● အလွန်ကောင်း
■■ ကောင်း
■ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးဖွားကြသော ဗုဒ္ဓဟူးသားသမီးများ

### (၁) ထူးခြားဖြစ်စဉ်

ကြွေးဆုံးခြင်း၊ ငွေမှု ငွေပြဿနာဖြစ်ခြင်း၊ ရစရာရှိသည်များ မရ၍ ပေးစရာရှိသည်များ မပေးနိုင်ခြင်း အစုရှယ်ယာထည့်ဝင်သော လုပ်ငန်းများ မော်တော်ယာဉ် စပ်တူထောင်သောလုပ်ငန်းများတွင် ငွေကြေး ပြဿနာ ပေါ်တတ်သည်။ ၁၃၀၂ ခုဖွားဖြစ်ပါက ငွေကြေးဆုံးရှုံးမှုများစွာ ဖြစ်မည်။ မော်တော်ယာဉ် ပြဿနာကြုံမည်။ ကိုယ်ဝန်ဆောင်များ ဗိုက်ခွဲမွေးရတတ်သည်။ ငယ်ရွယ်သူများ အသွားအလာ၊ အနေအထိုင် မဆင်ခြင်ပါက အိမ်ထောင်ကျမည်။ ပြဿနာပေါ်မည်။ အိမ်ထောင်ရေးသည် အဆင်ပြေနေရာမှ ရုတ်တရက် အခက်အခဲဖြစ်တတ်သည်။ ကံဇာတာရှင်သည် အမျိုးသား ဖြစ်ပါက မိခင်များ၏ ကျန်းမာရေး ဂရုစိုက်ပါ။ အိမ်မြေ အမွေကိစ္စ မမျှော်လင့်ဘဲ ဝင်တတ်သည်။ ကောင်းသည်။

၁၃၅၀ ခုဖွားသူတို့သည် ပညာရေးတွင် အောင်မြင်မှုများ ရရှိတတ်သည်။

၁၃၄၂, ၁၃၁၈, ၁၃၂၆ ခုဖွားသူတို့သည် အလုပ်ပြောင်း၍ ပိုမို အဆင်ပြေရတတ်သည်။ ပိုကောင်းသော အိမ်သို့ ပြောင်းရွှေ့ရတတ်သည်။ ဖခင် (သို့) ဖခင်ကဲ့သို့ နေသူများထံမှ စီးပွားရေး အကူအညီများစွာ ရတတ်သည်။ အိမ်ပြင်ဆောက်နိုင်သည်။ မိမိအိမ်မှ ဘုရားခန်းကို သန့်ရှင်းစင်ကြယ်စွာ ထား၍ အထူးပူဇော်ပါ။ အလုပ်အကိုင်များ ပြန်ကောင်းလာတတ်

သည်။

၁၃၃၄၊ ၁၃၅၀ ခုဖွားသူတို့သည် အဝေးရောက် ညီအစ်ကိုမောင်နှမများထံမှ လက်ဆောင်ပစ္စည်းများ ရတတ်သည်။ ရွှေရောင်ပစ္စည်းများ ဝင်တတ်သည်။ သုတေသနပိုင်းဆိုင်ရာ ရေလမ်းခရီးများ သွားရတတ်သည်။

၁၃၁၈၊ ၁၃၅၀ ခုဖွားသူတို့သည် ခိုက်ရန်ဖြစ်ပွားမှုများ ရှိတတ်သည်။ နှလုံးသားကိစ္စများကြောင့် အရှက်ရတတ်သည်။ စွပ်စွဲပြောဆိုမှုများ ကြုံရတတ်သည်။ စက်ပစ္စည်းများ ပျက်မည်။ အင်္ဂါနံလုပ်ငန်းရှိသူများ ပြဿနာဖြစ်တတ်သည်။ အောက်လူ ငယ်သားများကြား ပြဿနာရှိတတ်သည်။ ထောက်ပံ့ကူညီပါ။

၁၃၁၀၊ ၁၃၁၈၊ ၁၃၂၆ ခုဖွားသူတို့သည် ခန္ဓာကိုယ်အောက်ပိုင်း (ရောဂါဟောင်း) ဂရုစိုက်ပါ။ ခရီးရှည်ထွက်ပါက နေထိုင်မကောင်းဖြစ်တတ်သည်။ သားသမီးအကြီးများအတွက် ပူပင်ရတတ်သည်။ အမျိုးသမီးများဆိုင်ရာ ကျမ်းမာရေးညံ့တတ်သည်။ သစ္စာမရှိသောသူများကြောင့် သောကပွားရတတ်သည်။

၁၃၀၂၊ ၁၃၁၈၊ ၁၃၄၂ ခုဖွားသူတို့သည် မိတ်ဆွေသူငယ်ချင်းများကြောင့် ကိုယ်ပါ ဒုက္ခရောက်ရတတ်သည်။ အချစ်ရေးတွင် အဆင်မပြေဘဲ ရှိမည်။ ငွေကြေးပြဿနာများ ဖြစ်ရတတ်သည်။ အများပိုင်ငွေကြေးများကြောင့် ဒုက္ခရောက်တတ်၍ အထူးသတိထားပါ။ မင်္ဂလာကိစ္စများ ကြီးကျယ်စွာ မဆောင်ရွက်သင့်ပါ။ မိခင်ဖြစ်သူ၏ ကျန်းမာရေး ဂရုစိုက်ပါ။ မိခင်ဖြစ်သူကို ကူညီထောက်ပံ့ပါ။

## (၂) စီးပွားရေး

တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ တိုင်ပင်ပြုလုပ်ပါ။ ၎င်းနာမ်များ အကျိုးပေးမည်။ ငွေချေးငှားသူများ ဆုံးရှုံးနစ်နာလိမ့်မည်။ ကားပွဲစားများ၊ အခက်အခဲဖြစ်မည်။ အခုပညာလုပ်ငန်းများ အခက်အခဲဖြစ်မည်။ မဟာဝေဒဗ္ဗမန္တန်ကို အကြိမ်များစွာ ရွတ်ပါ။ စနေ၊ အင်္ဂါနေ့ရောက်တိုင်း ခွေးများကို ထမင်းဟင်းကျွေးပါ။

## (၃) ကျန်းမာရေး

အကြောရောဂါများ၊ နံရိုးနားတစ်ဝိုက် လေခိုခြင်းများ၊ ခါးနာ၊ ခြေနာခြင်းများ၊ ဆီးထိုးခြင်းများ ဖြစ်တတ်၍ စားသော ထမင်းချန်ပြီး ခွေးများ ကျွေးပါ။ သတ်အံ့ဆဲဆဲ ကြက်၊ ငါးများ ကယ်ပါ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး

နာမည်ရှင် ဆေးဆရာ၊ ဆရာဝန်များနှင့် ကုပါ။ သရဏဂုံ(၃၀) ရွတ်ပြီး ထမင်းစားပါ။ (ဗိုက်ဝေဒနာ မဖြစ်အောင် အထူးဂရုစိုက်ပါ)

**(၄) အိမ်ထောင်ရေး**

| | |
|---|---|
| အမျိုးသားများ | ဇနီးသည် ကံနိမ့်နေ၍ ချူချာခြင်းများ ညံ့ခြင်းများ ကြုံလိမ့်မည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်နှင့် မကြာခဏ အတိုက်အခံ ဖြစ်လိမ့်မည်။ |
| သားသမီးများ | သားကြီး၊ သမီးကြီး ညံ့သော်လည်း သားငယ်၊ သမီးငယ်များ အောင်မြင်မှုများ ဖြစ်လာမည်။ |

**(၅) ပညာရေး၊ ဝန်ထမ်းရေးရာ**

အခက်အခဲများကြားမှ အောင်မြင်မှုများ ဖြစ်လိမ့်မည်။ နည်းပညာနှင့် ပတ်သက်သော သင်တန်းများ တက်ရတတ်သည်။ ကောင်းသည်။

**ဝန်ထမ်းရေးရာ** ယခုနှစ် ကံကောင်းသော်လည်း ငွေစာရင်းနှင့် ဆိုင်သော ပြဿနာ များ ရှိသည်။ အောက်လူများကို ငဲ့ညှာသနားပါ။

**(၆) ချစ်ရေးချစ်ရာ**

အလွန်ညံ့သောနှစ် ဖြစ်သည်။ ကိုယ်လူမှ သူလူဖြစ်သွားတတ်သည်။ ၁၃၁၀ ဖွားများ သီလကို လုံခြုံစွာ ထိန်းသိမ်းသင့်သည်။ ခိုများကို ပဲကျွေးခြင်း တစ်နှစ်လုံးပြုပါ။ သူတစ်ပါး၏ အနေအထိုင် မတတ်သော ကိစ္စများကို ကြားမဝင်ရ။

**(၇) နိုင်ငံခြားခရီး**

ညံ့သောနှစ် ဖြစ်သည်။ G. J. K နှင့်စသော နိုင်ငံများသွားလျှင် အခက်အခဲများ ကြုံမည်။ တနင်္လာသမီးများနှင့် သွားလျှင် မအောင်မြင်ပါ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ တိုင်ပင်ပြုလုပ်မှ အောင်မြင်မည်။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

တနင်္လာ၊ ကြာသပတေး အပြန်အလှန်ပူးသော နာမည်ရှင်များ (ဥပမာ- ကျော်မြင့်၊ မျိုးကြီး)၊ စနေနာမည်ရှင်များ (ဥပမာ- ထွန်းထွန်း)

ကြောင့် စိတ်သောကရောက်ရတတ်သည်။ ဗုဒ္ဓဟူးနံ တစ်မျိုးတည်း မှည့်သော နာမည်ရှင်များ (ဥပမာ-ဝေဝေ) ညှံ့ရာမှ အခြေအနေ ပြန်ကောင်းလာမည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

အိမ်ကိစ္စများ ပြုလုပ်သင့်၊ ဆရာတော်ကြီးများ ချီးမြှင့်သော အင်းအဆောင်ဝင်လျှင် ကောင်းသည်။ အိမ်တိုးချဲ့ဆောက်လုပ်ခြင်း၊ အိမ်ပြင်ခြင်း ကောင်းသည်။ နာရီဟောင်းများ ထုတ်ပစ်ပါ။ ကြေးနှင့်ပြုလုပ်သော ပစ္စည်းများ ရေဒီယို၊ ကက်ဆက်အပျက်များ မထားရ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

ဗိုက်ခွဲ၍ ကလေးမွေးခြင်း နိမိတ်၊ ကိုယ်ဝန်ထိခိုက်သော နိမိတ်မြင်ပါက ငွေမူ၊ ငွေပြဿနာဖြစ်တတ်သည်။ အိမ်တိုးချဲ့ဆောက်လုပ်သော နိမိတ်ကောင်း တွေ့ပါက အစစအရာရာ အဆင်ပြေမည်။

## (၁၁) ဆောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ နေ့ရက်များ၊ မြို့ဒေသ၊ အရပ်ထောင့်များ အကျိုးပေးမည်။ ငွေနှင့်သင့်ကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းဖြင့် အကျိုးအမြတ် ရမည်။ ၅၊ ၄၊ ၈၊ ၁ ဂဏန်းများ ကောင်းသည်။ ငွေနှင့်သင့် ပန်းများကို ဘုရားသို့ လှူပါ။ အိမ်ပြင်ဆောက်ခြင်း တိုးချဲ့ခြင်း ကောင်းသည်။ ၁၃၄၂ ဖွားများ မမျှော်လင့်ဘဲ အဖိုးအဖွား၏ အမွေရတတ်သည်။

## (၁၂) ရှောင်ရန်

အင်္ဂါ၊ သောကြာ၊ တနင်္လာ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ အကျိုးမပေး။ မြို့ဒေသ၊ ငွေနှင့်သင့် ကုန်ပစ္စည်းလုပ်ငန်းများ၊ ဆေးဝါးလုပ်ငန်းများ၊ ကြီးကျယ်ခမ်းနားစွာ မင်္ဂလာဆောင်ခြင်း ရှောင်ရမည်။ ၁၉၁၀ ခုဖွား ရုတ်တရက် ကျန်းမာရေး ညှံ့တတ်သည်။ အစားပျက်ခြင်း၊ ခန္ဓာကိုယ်အောက်ပိုင်း ထိခိုက်ခြင်း ဖြစ်သည်။ ငွေနှင့်သင့် အစားအစာများကို သတိထား၍ စားသုံးသင့်သည်။

## (၁၃) တစ်နှစ်အတွင်း ပြုလုပ်သင့်သောအဆောင်

သတ်အုံ့ဆဲဆဲ ငါး၊ ကြက်၊ ဂဏန်းများကို မကြာခဏ ဘေးမဲ့ပေးပါ။ နိုများကို တစ်နှစ်လုံး အစာကျွေးပါ။ ဘုရားများသို့ မကြာခဏ လှည့်၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း ပြုပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တစ်နေ့တည်း ဘုရား ၄ဆူ လှည့်၍ အုန်းညွန့်များ လှူခြင်း၊ အုန်းဆွမ်းများ ကပ်လှူခြင်း၊ အုန်းပန်း၊ အုန်းဖူးများ လှူခြင်း၊ အင်္ဂါနေ့၊ စနေနေ့ ရောက်တိုင်း ခွေးများ ထမင်းဟင်းကျွေးပါ။ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်များကို မကြာခဏ ထောက်ပံ့မှုပေးပါ။ နံနက် အရုဏ်တက်တိုင်း မဟာဝေဒ္ဓမန္တန်ကို ကိုးကြိမ်ရွတ်ပါ။ တစ်နှစ်လုံး စိန္တာမဏိဂါထာဖြင့် ဘုရားရှိခိုးပါ။

❋ ❋ ❋ ❋ ❋

၁၃၀၂၊ ၁၃၁၀၊ ၁၃၁၈၊ ၁၃၂၆၊ ၁၃၃၄၊ ၁၃၄၂၊ ၁၃၅၀ ခုနှစ် မွေးသော
ဗုဒ္ဓဟူးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၂ | * | ● | ※ | × | * | ● | ** | ** | * | ※ | × | ** | × |
| ၁၃၁၀ | * | ● | ※ | × | * | ● | * | * | ● | ※ | × | * | ● |
| ၁၃၁၈ | * | ● | ※ | × | * | ● | ● | × | ** | × | ● | × | ** |
| ၁၃၂၆ | * | ● | ※ | × | * | ● | ** | ** | ** | × | * | ※ | * |
| ၁၃၃၄ | * | ● | ※ | × | * | ● | ** | ** | ● | ※ | × | ** | × |
| ၁၃၄၂ | * | ● | ※ | × | * | ● | × | × | ● | * | ※ | × | ** |
| ၁၃၅၀ | * | ● | ※ | × | * | ● | ● | × | ** | × | ** | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးဖွားကြသော ဗုဒ္ဓဟူးသားသမီးများ

### (၁) ထူးခြားဖြစ်စဉ်

အနေအထိုင်မတတ်လျှင် ကိုယ်ပိုင်ပစ္စည်းမှ သူများပိုင်ပစ္စည်းဖြစ်တတ်သည်။ ဝန်ထမ်းများ ရာထူးအရှိန်အဝါ တိုးတက်မည်။ အကြီးအကဲများ ထူးခြားစွာ မ,စမည်။ အဆောက်အဦးကောင်း ရတတ်သည်။ ၁၃၄၃ ဖွားများဖြစ်ပါက ဖခင်၏အောင်မြင်ခြင်း ကြုံလိမ့်မည်။ မမျှော်လင့်ဘဲ အခြေမခိုင်သော အိမ်ထောင်ကျတတ်၍ သတိထားပါ။ ကိုယ့်လက်ထဲရောက်မှ ဇနီးဆိုး ဖြစ်နေတတ်သည်။ ဆေးထိုးမှားခြင်း ဖြစ်တတ်၍ အမြဲဂရုစိုက်ပါ။ လူငါးဦးခရီးဝေးသွားလာခြင်း ရှောင်ပါ။ ကြီးကျယ် ခမ်းနားသော ရပ်ဝေး မင်္ဂလာဆောင်သွားခြင်း ရှောင်ပါ။ ငွေစု၍ မမြတ်သော်လည်း ရွှေဝင်လျှင် မြမည်။ မုဆိုးမများ ၊ နတ်စွဲရှိသူများ၊ မျက်စိ တိမ်စွဲသူများ၊ ဒုက္ခပေးလိမ့်မည်။ မြေကွက်ဝယ်လျှင် ပြဿနာဖြစ်တတ်၍ အထူးသတိထားပါ။

၁၃၄၃, ၁၃၁၁, ၁၃၁၉ ခုဖွားသူတို့သည် ကိုယ်ပိုင်စီးပွားရေး အလုပ်အကိုင်ရှိသူများ အထူးကောင်းသောနှစ် ဖြစ်သည်။ ဖခင် (သို့) ဖခင်ကဲ့သို့နေသူများက အထူးကူညီတတ်သည်။ အလုပ်အကိုင်စတင် လုပ်ကိုင်ရန် ကြိုးစားသူများ အောင်မြင်မှုရမည့် အချိန်ကာလဖြစ်သည်။ မိမိအိမ်မှ ဘုရားစင်ကို မဆိုင်သောပစ္စည်းများ ဖယ်၍ သန့်ရှင်းစင်ကြယ်စွာ ထားရှိ ပူဇော်ရမည်။

၁၃၃၅၊ ၁၃၁၁ ခုဖွားသူတို့သည် ညီအစ်ကိုမောင်နှမတို့၏ အဆင်ပြေ အောင်မြင်မှုကို ကြုံရတတ်သည်။ မိမိအတွက် ဘာမှ အကျိုးရှိလာမည် မဟုတ်ပါ။ ရွှေရောင်ပစ္စည်းများ တစ်ပါးသူအတွက် လက်ဆောင်ဝယ်ပေး တတ်သည်။ ရောင်ပစ္စည်းများ ဝင်မည်။ ရွှေအကျိုးအပွဲများ မရှိစေရ။

၁၃၂၇၊ ၁၃၀၃၊ ၁၃၁၁၊ ၁၃၃၅ ခုဖွားသူတို့သည် လူမျိုးကွဲများ ကြောင့် လုပ်ငန်းများ အထူးအောင်မြင်တတ်သည်။ ကူညီထောက်ပံ့မှုများ ရရှိမည်။ အဝတ်အထည်လုပ်ငန်းကဲ့သို့သော စနေနံပါအလုပ်များ အထူး အောင်မြင်မည်။

၁၃၁၁ ခုဖွားသူတို့သည် အသံထွက် အလှအပပစ္စည်းများ ပျက်/ ထွက်တတ်သည်။ သားကြီး၊ သမီးကြီးအတွက် ပူပင်ရတတ်သည်။ ဆွေမျိုး များကြောင့် စိတ်အခန့်မသင့်စရာကိစ္စများ ကြုံမည်။ ခရီးထွက်ရန် ကြံစည် ကိစ္စ ပျက်မည်။ အနုပညာလုပ်ငန်း လုပ်ကိုင်သူများ ပြဿနာဖြစ်မည်။ အပြိုင်အဆိုင်ရှိမည်။

၁၃၀၃၊ ၁၃၁၁၊ ၁၃၃၅၊ ၁၃၄၃ ခုဖွားသူတို့သည် မိမိအိမ်သို့ အပူ သည်များ လာရောက်နေထိုင်တတ်သည်။ အကြောင်းမဲ့ ညအိပ်နေထိုင် ခြင်းမျိုးကို ခွင့်မပြုသင့်။ အချစ်ရေးတွင် ညီအစ်ကိုမောင်နှမတို့ကြောင့် အချစ်မပြေ ဖြစ်ရတတ်သည်။ မင်္ဂလာကိစ္စကြီးကျယ်စွာ မဆောင်ရွက်သင့်။ ပိုက်ဆံကို ကိုင်တွယ်နေရသူများ အထူးသတိထားပါ။ ငွေကိစ္စကြောင့် ပူရ တတ်သည်။ ကားသတိထားမောင်းပါ။ ရှောင်ပါ။

၁၃၀၃၊ ၁၃၁၁၊ ၁၃၃၅၊ ၁၃၅၁ ခုဖွားသူတို့သည် မိမိပိုင်ငွေကြေး ကိစ္စများကြောင့် စိတ်ဆင်းရဲရတတ်သည်။ ပေးစရာငွေကြေးကိစ္စများရှိပါက အခက်အခဲ ဖြစ်လိမ့်မည်။ မိမိပိုင်ငွေကြေးများကိုလည်း ချေးငှားခြင်း၊ ငွေ ကစားခြင်း စသောကိစ္စများ ကြပ်ကြပ်ရှောင်ပါ။ အမွေကိစ္စပြဿနာ တက် တတ်သည်။ ပညာရေးပိုင်း အထူးညံ့သည်။

**(၂) စီးပွားရေး**

တနင်္ဂနွေ၊ စနေ၊ ဗုဒ္ဓဟူး နာမည်ရှင်များနှင့် တိုင်ပင်လုပ်ပါ။ ရင်းနှီး ပစ္စည်းများ အကျိုးပေးမည်။ ပဲအရောင်းအဝယ်၊ ညံ့သည်။ မြင်းလှည်း ထောင်သူများ မြင်းများ၏ ကျန်းမာရေး ဂရုစိုက်ပေးပါ။ ဒိဝါကပတိဂါထာ ကို ထိန်သားပုတီးအကြိမ်များစွာ စိပ်ပါ။ အင်္ဂါနေ့ရောက်တိုင်း လမ်းခွေးများ ကို ထမင်းဟင်းကျွေးပါ။ အစုရှယ်ယာလုပ်ငန်းများ လုံးဝအကျိုးမပေးပါ။

(၃) **ကျန်းမာရေး**

ဆီးထိုးခြင်း၊ ဝမ်းပျက်ခြင်း၊ အစာအိမ်ဝေဒနာဟောင်း ထခြင်း၊ ၁၃၀၃ ခုံဖွားများ၊ ဆီးချို ဖြစ်ခြင်း၊ မျက်စိနာခြင်းများ ဖြစ်တတ်ခြင်းတို့ကြောင့် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေနာမည်ရှင် ဆရာဝန်များ၊ ဆေးဆရာများနှင့် ကုပါ။ ညမင်းစားပြီးတိုင်း နမောတဿ (၃)ကြိမ်ရွတ်ဆို၍ ဓာရဏ ပရိတ်ရွတ်ပါ။

(၄) **အိမ်ထောင်ရေး**

အမျိုးသားများ — ဇနီးသည်နှင့် ရိုင်းစိုင်း ကြမ်းတမ်းသော ပြဿနာ များ ဖြစ်တတ်၍ သွေးထွက်သံယို မဖြစ်အောင် ရှောင်ပါ။

အမျိုးသမီးများ — ခင်ပွန်းသည် ကံနိမ့်နေ၍ အိမ်ထောင်ရေး ကောင်း တစ်လှည့် ဆိုးတစ်လှည့် ဖြစ်နေတတ်သည်။

သားသမီးရေး — သားငယ် သမီးငယ်များ အောင်မြင်တတ်သည်။

(၅) **ပညာရေး၊ ဝန်ထမ်းရေးရာ**

ကိုယ်ပိုင်ကြိုးစားမှု အလွန်ညံ့သည်။ သူတစ်ပါး၏ အထောက်အပံ့ကြောင့်သာ စာမေးပွဲအောင်တတ်သည်။

**ဝန်ထမ်းရေးရာ** — ရာထူးတက်ရန် ကျန်ခဲ့သူများ ယခုနှစ် မုချ တက်မည်။ အကြီးအကဲဖြစ်မည်။ အကြီးအကဲများ၏ မြှောက်စားခြင်း ခံရမည်။ စာရင်းဇယားဟောင်း ပြဿနာရှိ၍ ဂရုစိုက်ပါ။

(၆) **ချစ်ရေးချစ်ရာ**

ညံ့ပြီးရင် ညံ့သောနှစ်ဖြစ်၍ အင်္ဂါနေ့တိုင်း လမ်းခွေးများကို ထမင်းဟင်းကျွေးပါ။ နှစ်ဦးဆုံ၍ ခရီးဝေးထွက်ခြင်း ရှောင်ပါ။ ချစ်သူများ အစုလိုက်၊ အဖွဲ့လိုက် ရှောင်ပါ။

## (၇) နိုင်ငံခြားခရီး

အခက်အခဲရှိတတ်၍ တနင်္ဂနွေ၊ စနေ၊ ဗုဒ္ဓဟူး နာမည်ပါသူများနှင့် တိုင်ပင်ပြုလုပ်ပါ။ P. M. B နှင့်စသော နိုင်ငံများသို့ သွားလျှင် အလွန်အခက်အခဲ ကြုံမည်။ ၅ဦးဆုံ၍ သွားသောခရီး လုံးဝမအောင်မြင်တတ်။ ဘုရားရှင်အား တစ်နှစ်ပတ်လုံး အကြော်များ မကြာခဏ ကပ်လှူပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

စနေ၊ အင်္ဂါ ပူးသော နာမည်များ (ဥပမာ-စိုးထွေး၊ ထွန်းစိုး)၊ ကြာသပတေးနာမည်များ (ဥပမာ-မြင့်မြင့်)၊ အင်္ဂါ၊ တနင်္လာပူးသောနာမည်များ (ဥပမာ-ဆွေကျော်၊ ခိုင်စိုး) တို့ကြောင့် စိတ်ညစ်ရတတ်သည်။တနင်္ဂနွေ တစ်မျိုးတည်း မှည့်သော နာမည်ရှင်များ (ဥပမာ-အောင်အောင်) အခြေအနေကောင်းသည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

အိမ်ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ဝယ်ယူခြင်းများ ကောင်းသည်။ ဆရာတော်ကြီးများ ချီးမြှင့်သော အင်းများ ဓာတ်လုံးများ ဝင်လျှင် ကောင်း၊ မှန်ကွဲ၊ မျက်မှန်ကွဲ စွန့်ပစ်သင့်သည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

မိမိအိမ်နီးမှ ပုဂ္ဂိုလ်ရာထူးတက်ခြင်း၊ အကြီးအကဲတက်ဖြစ်ခြင်း၊ ဓာတ်တော်များ ကြွလာခြင်း နိမိတ်တွေ့လျှင် အောင်မြင်မှုများစွာ ဖြစ်လိမ့်မည်။

## (၁၁) ဆောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံသင့်ကုန်ပစ္စည်းများ သိုလှောင်ရောင်းချနိုင်သည်။ ၁၊ ၄၊ ၈၊ ၇ ဂဏန်းများ အကျိုးပေးသည်။ အိမ်၊ ဇရပ်၊ တန်ဆောင်း ဆောက်ခြင်းများ ဘုရားထီးလှူခြင်းကောင်းသည်။

## (၁၂) ရှောင်ရန်

သောကြာ၊ တနင်္လာ၊ ကြာသပတေး နာမည်ရှင်များ၊ နေ့ရက်များ၊

နေ့သားများ၊ မြို့ဒေသ၊ အရပ်ထောင့်များ အကျိုးမပြု။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းချပါက အကျိုးအမြတ်မရတတ်။ ၆၊ ၂၊ ၅ ဂဏန်းများ ညံ့သည်။ ၅ဦး ဆုံ၍ ကြာသပတေးနံ အရပ်သွားခြင်း ရှောင်ပါ။ ၁၃၅၁ ခုဖွားများသည် ဗိုက်ဝေဒနာပြင်းထန်စွာ ခံစားရပြီး ၁၃၀၃ ခုဖွားများသည် ငွေပြဿနာ၊ ကားပြဿနာ ကြုံလိမ့်မည်။

## (၁၃) တစ်နှစ်အတွင်း ပြုလုပ်သင့်သောအဆောင်

တနင်္ဂနွေထောင့်တွင် သပြေလက်တစ်ဆုပ်လှူခြင်းများကို မကြာခဏ ပြုလုပ်ပါ။ လမ်းခွေးများကို အစာကျွေးခြင်း၊ ဂဏန်းလွှတ်ခြင်း စိတ်ရောဂါသည်များ အစားအစာကျွေးခြင်း မကြာခဏ ပြုလုပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ထီးနီ (ရ)လက်ကို စနေထောင့်တွင် တစ်လတစ်ကြိမ် ဒိဝါတပတိ ဂါထာ သက်စေ့ရွတ်၍ လှူပါ။ အင်္ဂါနေ့တိုင်း လမ်းခွေးများ စက္ကူခြင်း၍ ထမင်းဟင်းကျွေးပါ။ ထိန်သားပုတီးနှင့် နမော ၅ချက်ကို ကြိမ်ဖန်များစွာ စိပ်ပါ။ ကြိုဟ်ရှစ်ခွင် လှည့်၍ အကြော်များနှင့် ဆွမ်းတော်ကပ်ခြင်းကို မကြာခဏ ပြုလုပ်လှူဒါန်းပါ။

❋ ❋ ❋ ❋ ❋

၁၃၀၃၊ ၁၃၁၁၊ ၁၃၁၉၊ ၁၃၂၇၊ ၁၃၃၅၊ ၁၃၄၃၊ ၁၃၅၁ ခုနှစ် မွေးသော
ဗုဒ္ဓဟူးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၃ | ✱✱ | ● | ✳ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၁၁ | ✱✱ | ● | ✳ | × | ✱✱ | × | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၁၉ | ✱✱ | ● | ✳ | × | ✱✱ | × | × | × | ✱ | ✱ | ✳ | × | ✱✱ |
| ၁၃၂၇ | ✱✱ | ● | ✳ | × | ✱✱ | × | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၃၅ | ✱✱ | ● | ✳ | × | ✱✱ | × | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၄၃ | ✱✱ | ● | ✳ | × | ✱✱ | × | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၅၁ | ✱✱ | ● | ✳ | × | ✱✱ | × | ● | × | ✱✱ | × | ✳ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးဖွားကြသော ကြာသပတေးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

အနီးကပ်ဆုံး မိတ်ဆွေရတတ်သောနှစ် ဖြစ်သည်။ ရုတ်တရက် မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။ ငွေနံအားကောင်းသော်လည်း ငွေပြဿနာများ ဖြစ်တတ်သည်။ ပြင်ပမိတ်ဆွေများ အကျိုးပြုမလိုနှင့် ဆန့်ကျင်ဖက် ပြုတတ်သည်။ သူတစ်ပါးနှင့် သက်ဆိုင်သော ငွေများစွာ ကိုင်တွယ်ရတတ်သောနှစ် ဖြစ်သည်။ ငွေအပ်ခံခြင်းများကို ရှောင်ရှားပါ။ အောက်လူများ ကသိကအောက် ပြုတတ်သည်။ ၁၃၀၄ ခုဖွားများသည် လုပ်ငန်းထိုးရပ်ခြင်း မိတ်ပျက်ခြင်း ဖြစ်တတ်သည်။ ၁၃၉၆ခုဖွားများက မှီခိုနေရသော ပုဂ္ဂိုလ်များသည် ရုတ်တရက် လုပ်ငန်းများ ရပ်ဆိုင်းတတ်သည်။ အခြေမခိုင် ဖြစ်တတ်သည်။ အနေအထိုင် မတတ်သော လူငယ်များ ဖုံးမရ၊ ဖိမရ ပြဿနာနှင့် ကြုံမည်။

၁၂၉၆၊ ၁၃၃၆၊ ၁၃၂၀၊ ၁၃၂၈ မွေးသူတို့သည် ကြံစည်ထားသော အကြံအစည်များ အောင်မြင်တတ်သည်။ လက်အောက်ဝန်ထမ်းကောင်း ရတတ်သည်။ အင်္ဂါသားသမီးများ အကျိုးပေးမည်။ စက်ကိရိယာ၊ ဆေး၊ ဆန်၊ ဆီ ရောင်းဝယ်သူများ အထူးအကျိုးပေးမည်။ စက်ကိရိယာ အသစ်များ ဝင်မည်။ အမျိုးသားများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်သည်။

၁၃၂၀၊ ၁၃၂၈ ခုဖွားသူတို့သည် ကြံစည်ထားသော ခရီးများ ထွက်

ရတတ်သည်။ အစုစပ်တူလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းပေါ်လိမ့်မည်။ နှလုံးသားရေးရာကိစ္စများတွင် အချစ်ဟောင်းနှင့် ပြန်တွေ့ရတတ်သည်။ အနုပညာနယ်မှ အမျိုးသားများ အောင်မြင်မှုရမည်။ စားသောက်ဆိုင်နှင့် ခရီးသွားလုပ်ငန်းကဲ့သို့ လုပ်ငန်းများ အဆင်ပြေမည်။ သီလစင်ကြယ်မှ သူတော်ကောင်းနှင့်တွေ့မည်။

၁၃၁၂၊ ၁၃၂၀၊ ၁၃၄၄ ခုဖွားသူတို့သည် စန်းပွင့်မည့်အချိန်ကာလဖြစ်သည်။ အလျှမက်လာကြီးကျယ်စွာ လုပ်ဆောင်ရတတ်သည်။ အကူအညီထောက်ပံ့မှုများ ရရှိလာမည့်အချိန်ကာလ ဖြစ်သည်။ မိခင် (သို့) မိခင်ကဲ့သို့ နေသူများထံမှ ပံ့ပိုးမှုများ ရတတ်သည်။ ကား၊ ငွေဝင်မည်။ အများပိုင်ငွေများကို တစ်ဆင့်ပြန်လည် ချေးငှားခြင်းမျိုး မပြုလုပ်ရ။ ငွေချေးငှားခြင်းကို ယခုနှစ် အထူးသတိထားရမည်။ ငွေမှု ဖြစ်တတ်သည်။

၁၃၀၄၊ ၁၃၂၀ ခုဖွားသူတို့သည် အလုပ်ထဲ၌ မျက်နှာငယ်ရတတ်သည်။ ကိုယ်ပိုင်အလုပ်ရှိသူများ ဆွေမျိုးသားချင်းတို့ကြောင့် စိတ်ညစ်ရတတ်သည်။ အလုပ်လုပ်ပြီး ပိုက်ဆံများ အလီလီခွဲရတတ်သည်။ မိတ်သစ်များရှာရန် အခက်အခဲရှိတတ်သည်။ ဝန်ထမ်းများ အားကိုးရမည်။ အိမ်ပြင်ဆောက်ရန် မကောင်းသောအချိန်ကာလ ဖြစ်သည်။

၁၃၂၀၊ ၁၃၄၄၊ ၁၂၉၆ ခုဖွားသူတို့သည် ရွှေရောင်ပစ္စည်းများ ထွက်မည်။ ယခုနှစ် မဝင်စေရ။ အဝေးရောက် ညီအစ်ကိုမောင်နှမများအတွက် ပူပင်ရတတ်သည်။ မိသားစုအလိုက် ရေလမ်းကို ခရီးသွားခြင်းမျိုး သတိထားရမည်။ လေရောဂါရှိသူများအထူးသတိထားပါ။ ရေချိုးမှားတတ်သည်။ သားသမီးများကြောင့် စိတ်ညစ်ရတတ်သည်။ မိသားစုတွင် ဗုဒ္ဓဟူးသားသမီးများ ကျန်းမာရေး ညံ့တတ်သည်။

၁၃၄၄၊ ၁၃၁၂၊ ၁၃၂၀ ခုဖွားသူတို့သည် ပုံပြောကောင်းသောလူမျိုးခြားတို့ကြောင့် ဒုက္ခရောက်တတ်သည်။ ဉပဒေနှင့် မကင်းသော ကိစ္စများ ရှောင်ပါ။ မိသားစုတွင်း စကားများရတတ်သည်။ မိတ်ဆွေသူငယ်ချင်းများကို ယုံကြည်ပြီး ပစ္စည်းလက်ခံခြင်းမျိုး မပြုလုပ်ရ။ မိမိပြဿနာ ဖြစ်သွားနိုင်သည်။ အိမ်မွေးတိရစ္ဆာန်များ သေကြေတတ်သည်။ အနက်ရောင်ဝတ်ခြင်း ရှောင်ပါ။ သားကြီး၊ ငါးကြီးစားခြင်းရှောင်ပါ။

## (၂) စီးပွားရေး

အင်္ဂါ၊ သောကြာ၊ တနင်္လာနေ့ ပစ္စည်းများ၊ မြို့ဒေသများ ကောင်းသည်။ ထိုနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင် ပြုလုပ်ပါ။ လူသုံးကုန်၊

စားသုံးကုန်များ အဆင်ပြေမည်။ အထည်အလိပ် ရေလုပ်ငန်း ထိခိုက်နစ်နာမည်။ ကားထောင်ထားသူများ အလွန်ယုံကြည်စိတ်ချရသော ယာဉ်စည်းကမ်း လေးစားလိုက်နာသော ပုဂ္ဂိုလ်များကိုသာ ယာဉ်မောင်းခန့်ပါ။ လူမျိုးကွဲ အကျိုးမပေး။ အစုရှယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။

## (၃) ကျန်းမာရေး

အဂ်ီ၊ သောကြာ၊ တနင်္လာနာမည်ရှင် ဆရာဝန်၊ ဆေးဆရာများနှင့် ကုသပါ။ ဒူး၊ နှလုံး၊ အကြောထိခိုက်တတ်သည်။ အအေးခံလွန်းလျှင် အဆုတ် ထိခိုက်တတ်သည်။ ဗိုက်ဝေဒနာရှိသူများ အထူးဂရုစိုက်ပါ။ ထမင်းစားပြီးတိုင်း ဘုရားစင်ရှေ့တွင် သမ္ဗုဒ္ဓေ ကိုးကြိမ်ရွတ်ပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်နှင့် အစစ အရာရာအဆင်ပြေလိမ့်မည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်နှင့် အစစအရာရာ အဆင်ပြေပြီး၊ ခင်ပွန်းသည်၏ အောင်မြင်မှုကြောင့် စိတ်ချမ်းသာရမည်။ |
| သားသမီးများ | ညံ့သောနှစ် ဖြစ်သည်။ မိဘများနှင့် ကင်းကွာ၍ ခရီးဝေးသွားခြင်းကို ရှောင်ခိုင်းပါ။ |

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ကြိုးစားသည့်ကြားမှ ညံ့သောနှစ် ဖြစ်သည်။ သူတစ်ပါး၏ အထောက်အပံ့ ကင်းကွာသောကြောင့် ညံ့တတ်သည်။ ဝန်ထမ်းများသည် စကားဟောင်းများ ပြောရခြင်း၊ အလုပ်ဟောင်း ပြုလုပ်ရခြင်း ပြဿနာဟောင်း ပြန်ပေါ်ခြင်း ကံရှိသည်။

## (၆) ချစ်ရေး ချစ်ရာ

သစ္စာမဲ့သော အကြောင်းတရားများနှင့် ကြုံရမည်။ ကိုယ်မေတ္တာမှ သူ့မေတ္တာ ဖြစ်တတ်သည်။ အနေအထိုင် မဆင်ခြင်ပါက ဖုံးမရ၊ ဖိမရ ပြဿနာများ ပေါ်မည်။

## (၇) နိုင်ငံခြားခရီး

အင်္ဂါ၊ သောကြာ၊ တနင်္လာနာမည်ရှင်များနှင့် ပြုလုပ်ပါက အစစ အရာရာအောင်မြင်မည်။ ၄ ဦး၊ ၇ဦးဆုံ၍ ထွက်သောခရီး လုံးဝမကောင်းပါ။ T. D. M နှင့် စသော နိုင်ငံများဖြစ်လျှင် အခက်အခဲ အလွန်ကြုံရမည်။ သရဏဂုံ (၃၀) ကို နေ့ရော ညပါ မပြတ်စိပ်ပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္လာ၊ ကြာသပတေး အပြန်အလှန်ပူးသော နာမည်ရှင်များ၊ (ဥပမာ- ကျော်ပီ)၊ စနေနာမည်ရှင် (ဥပမာ-ထွန်းထွန်း)ကြောင့် စိတ်ဆင်းရဲစရာ ကြုံလိမ့်မည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

စက်ပစ္စည်းများ၊ အနုပညာနှင့်ဆိုင်သော ပစ္စည်းများ ဝင်လာလိမ့်မည်။ ကောင်းသည်။ အလှူကြီးများ၊ မင်္ဂလာအခမ်းအနား ပြုလုပ်ရတတ်သည်။ ကောင်းသည်။ နာရီဟောင်း၊ နာရီပျက်များ လုံးဝ မဝင်သင့်ပါ။ ယခုနှစ်မှ စတင်၍ လူမျိုးကွဲများနှင့် အလုပ်မလုပ်သင့်ပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အိမ်အနီးသို့ ဆေးကုသနိုင်စွမ်းသော ဆေးပညာရှင်များ ရောက်ရှိလာခြင်း၊ ခမ်းနားစွာ မင်္ဂလာဆောင်ခြင်း နိမိတ်များ တွေ့ပါက မိမိကိုယ်တိုင် အောင်မြင်မှုများရမည်။

## (၁၁) ဆောင်ရန်

အင်္ဂါ၊ သောကြာ၊ တနင်္လာ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးမည်။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းဝယ်ခြင်းဖြင့် အကျိုးများမည်။ ၁၃၃၆ ဖွားများသည်အများ သူငှာထက် ပို၍ ထင်ရှားစွာ အောင်မြင်မည်။ မိန်းခလေးဖြစ်ပါက ထူးမြတ်သော ခင်ပွန်းသည်ကို ရရှိလိမ့်မည်။ ၃၊ ၆၊ ၂၊ ၉ ဂဏန်းကောင်းသည်။ ဆေးဆိုင်ဖွင့်ခြင်း၊ တိုးချဲ့ပြုလုပ်ခြင်း အလွန်ကောင်းသည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။

**(၁၂) ရှောင်ရန်**

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ အရပ်ထောင့်များ၊ မြို့ဒေသများ အကျိုးမပြုပါ။ ၎င်းနံသင့် ကုန်ပစ္စည်းများ၊ ရောင်းဝယ်ခြင်း မပြုလုပ်သင့်။ ၁၊ ၄၊ ၈၊ ၇ ဂဏန်းများ ရှောင်ပါ။ အိမ်တိုးချဲ့ဆောက်လုပ်ခြင်း ညံ့သည်။ တရားမဝင်ပြုလုပ်သော လုပ်ငန်း၊ ရွှေရည်စိမ်လုပ်ငန်းများ၊ ရွှေပေါင်ခံလုပ်ငန်းများ ညံ့သည်။ လူမျိုးခြားများ သတိပြု ဆက်ဆံရမည်။ ၎င်းနံသင့် အစာများ စားခြင်းကို သတိထားပါ။

**(၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်**

ဘုရားရှင်အား မကြာခဏအုန်းဆွမ်းကပ်လှူခြင်း၊ ဩဇာသီး၊ ဩဇာညွှန့်ကပ်လှူခြင်း၊ သရဏဂုံ (၃၀)ကို နေ့ရော ညပါ အမိဋ္ဌာန်ပုတီးစိပ်ခြင်း။

**(၁၄) ကံမြင့် ကံပွင့် အစီအရင်**

တန်းခိုကြီးဘုရားများသို့ မကြာခဏသွား၍ အင်္ဂါထောင့်တွင် အုန်းညွန့်လက်တစ်ဆုပ်လှူခြင်းကို မကြာခဏပြုပါ။ အုန်းဆွမ်း မကြာခဏ ကပ်လှူပါ။ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်များကို မကြာခဏ ဒါနပြုပါ။ သရဏဂုံ(၃၀)နှင့် ဂုဏ်တော်ကွန်ချာကို နေ့ညမပြတ် ပုတီးစိပ်ပါ။

❋ ❋ ❋ ❋ ❋

၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးသော ကြာသပတေးသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၆ | ** | ● | ※ | × | ** | × | * | * | ● | ※ | × | * | ● |
| ၁၃၀၄ | ** | ● | ※ | × | ** | × | ● | × | ** | × | ※ | × | ** |
| ၁၃၁၂ | ** | ● | ※ | × | ** | × | ** | ** | ** | × | * | ※ | * |
| ၁၃၂၀ | ** | ● | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |
| ၁၃၂၈ | ** | ● | ※ | × | ** | × | × | × | ● | * | ※ | × | ** |
| ၁၃၃၆ | ** | ● | ※ | × | ** | × | ● | × | ** | × | ** | × | ** |
| ၁၃၄၄ | ** | ● | ※ | × | ** | × | ** | ** | * | ※ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၇၊ ၁၃၀၅၊ ၁၃၁၃၊ ၁၃၂၁၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၄၅ ခုနှစ် မွေးဖွားကြသော ကြာသပတေးသားသမီးများအတွက်

**(၁) ထူးခြားဖြစ်စဉ်**

လူငယ်များ ရုတ်တရက် အိမ်ထောင်ကျတတ်သည်၊ အနုပညာရှင်များ အထူးအောင်မြင်တတ်သည်။ ခရီးသွားခြင်းနှင့်ဆိုင်သော လုပ်ငန်းကို ဆောင်ရွက်သူများ အထူးအောင်မြင်မည်။ စက်ပစ္စည်းနှင့်ဆိုင်သောလုပ်ငန်းများ ဆေးဝါးထုတ်လုပ်သောလုပ်ငန်းများ ညံ့မည်။ ဘုရားဖူးခြင်းနှင့်ဆိုင်သော ခရီးသည် ပို့ဆောင်ရေးလုပ်ငန်းများ အထူးအောင်မြင်မည်။ ခွဲခွာနေရသော မိသားစုများ ပြန်လည်ပေါင်းဆုံမည်။ ဆုံးရှုံးထားသော ငွေများ အနည်းငယ်ပြန်ဝင်မည်။ အလှူကြီးများ ပြုလုပ်ရတတ်သည်။ ပန်းချီပန်းပုကဲ့သို့ အနုပညာနှင့်ဆိုင်သော လုပ်ငန်းများ အောင်မြင်မည်။

၁၃၂၉၊ ၁၃၁၃၊ ၁၃၃၇၊ ၁၃၄၅ ခုဖွားမြင်သူတို့သည် ရုပ်မြင်သံကြားကဲ့သို့သော အနုပညာအလှအပ,ပစ္စည်းအသစ်များ ဝင်မည်။ မဖူးမြင်ရသော ဘုရားများ ဖူးတွေ့ရတတ်သည်။ ခရီးရှည်ထွက်ရန် ကြံရွယ်ထားသူများ အောင်မြင်မည်။ အစုရှယ်ယာလုပ်ငန်း လုပ်ကိုင်လိုသူများ အခွင့်အလမ်းများစွာ ရမည်။ ရှယ်ယာလုပ်ငန်းရှိသူများ အထူးကောင်းမည့်ကာလဖြစ်သည်။ အနုပညာရှင်များဖြစ်ပါက အောင်မြင်မှုကြီးကျယ်စွာရမည်။ ပရိသတ်များ၏ ချစ်ခင်မှုကို အထူးရမည်။ စားသောက်ဆိုင်လုပ်ငန်းလုပ်ကိုင်သူများ ဝင်ငွေ အထူးကောင်းမည်။ စီးပွားရေးလုပ်ငန်းရှိသူများ တိုးတက်မည်။

၁၃၂၁၊ ၁၃၃၇ ခုဖွားသူတို့သည် အဝေးရောက် မိခင် (သို့) မိခင်ကဲ့သို့ နေသူများထံမှ အကူအညီများ ရရှိတတ်သည်။ မင်္ဂလာကိစ္စများကို ရပ်ဝေးမြေတွင် ဆောင်ရွက်ရတတ်သည်။ ငွေဝင်မည်။ ကားဝင်တတ်သည်။ အကြံအစည်အောင်မြင်မည်။ ကူညီမစမည့်သူများ ပေါ်မည်။ ပစ္စည်းဥစ္စာများ စုဆောင်းမိမည်။ ချစ်သူမရှိသေးသော သူများ ဝေးရပ်မြေမှ ချစ်သူရတတ်သည်။ အချစ်ရေးတွင် စန်းပွင့်မည်။

၁၃၁၃၊ ၁၃၀၅၊ ၁၃၂၉၊ ၁၃၃၇ ခုဖွားသူတို့သည် ငွေဝင်မည်။ သို့သော် ရသလောက် ကုန်မည်။ အမွေကိစ္စရှိသူများ ပြည့်ပြည့်ဝဝ မခံစားရသေး။ ပညာရပ်နှင့် အသက်မွေးဝမ်းကျောင်းပြုသူများ ကောင်းမလိုလိုနှင့် အဖျားရှူးသွားတတ်သည်။ ပညာသင်သူများ အစကောင်းပြီး အနှောင်းသေချာရန် လိုသည်။ မုဆိုးမ၊ တစ်ခုလပ်များက စိတ်လေလွင့်အောင် လုပ်တတ်သည်။ မြေယာ ရောင်းဝယ်ခြင်း ပညာရပ်ဆိုင်ရာအလုပ်များ ထင်သလောက် မကောင်း။

၁၃၀၅၊ ၁၃၂၉၊ ၁၃၃၇ ခုဖွားသူတို့သည် ရွှေရောင်ရှိသောပစ္စည်းများ အဝင်မခံရ။ စကားဟောင်း၊ ဖြစ်ရပ်ဟောင်းတို့ကြောင့် စိတ်ညစ်ရတတ်သည်။ တန်းတူညီအစ်ကိုမောင်နှမအတွက် ပူပန်ရတတ်သည်။ ရွှေဆိုင်ရှိသူများ သတိရှိ၍ ရောင်းဝယ်သင့်သည်။ ရင်၊ ဝမ်း ဥပဒ်ပေးတတ်သည်။ ရေချိုးမှားတတ်သည်။ သင်္ချာတွက်ချက်မှုပိုင်းဆိုင်ရာ ဘာသာများ မှားယွင်းမှု များတတ်သည်။

၁၃၄၅၊ ၁၃၀၅၊ ၁၃၃၇၊ ၁၃၁၃ ခုဖွားသူတို့သည် အိမ်တွင်းရေး ပြဿနာများ ကြုံရတတ်သည်။ လူမျိုးကွဲများ လုံးဝ အကျိုးမပေးပါ။ ဥပဒေနှင့် မကင်းသော ကိစ္စများ လုံးဝမပြုလုပ်ရ။ လက်အောက်ငယ်သူတို့ကြောင့် ပြဿနာဖြစ်ရတတ်သည်။ အကြောတက်၊ ဒူးရောဂါများ ဖြစ်တတ်သည်။ သူတစ်ပါးကိစ္စထဲ ဝင်ပါက ကိုယ့်ကိစ္စဖြစ်တတ်သည်။ အနက်ရောင် ဝတ်ခြင်း ရှောင်ပါ။

၁၃၃၇၊ ၁၃၀၅၊ ၁၃၂၉ ခုဖွားသူတို့သည် အိမ်တွင်းရေး မသာယာဘဲ ရှိမည်။ အနေအထိုင် မတတ်ပါက စွပ်စွဲပြောဆိုမှုများ ခံရတတ်သည်။ လုပ်ငန်းရှင်များ လက်အောက်ငယ်သားတို့ ဒုက္ခပေးတတ်သည်။ နှလုံးသားရေးရာကိစ္စ၌ အရှုပ်အရှင်းရှိပါက အရှက်ရတတ်သည်။ အပြိုင်အဆိုင် တိုက်ခိုက်ရမှုများ တွေ့ကြုံရတတ်သည်။ စက်ကိရိယာများ ပျက်မည်။ ဆန်၊ ဆီ၊ ဆေးပစ္စည်းရောင်းဝယ်သူများ စက္ကူစာအုပ်လုပ်ငန်းရှင်များ ညံ့သည်။ စာကလေးများကို မကြာခဏ လွှတ်ပေးပါ။

(၂) **စီးပွားရေး**

လူများစွာနှင့်ပြုလုပ်ရသော လုပ်ငန်းကြီးများ၊ အနုပညာနှင့်ဆိုင်သော လုပ်ငန်းကြီးများ၊ ခရီးသွားလာဝန်ဆောင်မှု လုပ်ငန်းကြီးများ အထူးကောင်းသည်။ သောကြာ၊ တနင်္လာနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်လုပ်ပါ။ အဆင်ပြေမည်။ ထိုနံကုန်ပစ္စည်းများ ကောင်းသည်။ လူမျိုးခြားများ ဆက်သွယ်ရသောလုပ်ငန်းများ အခက်အခဲဖြစ်မည်။ ဆေးဝါးထုတ်လုပ်မှုနှင့် ဆိုင်သောလုပ်ငန်းများ အလွန်ညံ့သည်။ လုပ်ငန်း ၂ခုတွဲလုပ်ရတတ်သည်။

(၃) **ကျန်းမာရေး**

သောကြာ၊ တနင်္လာ နာမည်ရှင် ဆေးဆရာ၊ ဆရာဝန်များ ကုသပါ။ ဆီး၊ မျက်စိ၊ အစာအိမ်ရောဂါဟောင်းများ ပေါ်လိမ့်မည်။ ပေါ်တတ်သည်။ မမျှော်လင့်ဘဲ ဆေးမှားတတ်သည်။ ထမင်းစားပြီးတိုင်း သမ္ဗုဒ္ဓေ (၆)ခေါက် ရွတ်ပါ။

(၄) **အိမ်ထောင်ရေး**

အမျိုးသားများ ဇနီးသည်၏ အလွန်အလိုက်သိတတ်မှု ဂရုစိုက်မှုကြောင့် စိတ်ချမ်းသာရမည်။

အမျိုးသမီးများ ပြဿနာဟောင်းများ မကြာခဏပြန်ပေါ်တတ်သော ၊ ရောဂါဟောင်း မကြာခဏပြန်ပေါ်တတ်သော ခင်ပွန်းသည်ကြောင့် စိတ်ဆင်းရဲရမည်။

သားသမီးများ သူတစ်ပါး၏ပြဿနာကို မကြာခဏသယ်ဆောင်လာတတ်၍ စိတ်ဆင်းရဲရတတ်သည်။

(၅) **ပညာရေး၊ ဝန်ထမ်းရေးရာ**

အလွန်ညံ့သည်။ ကြိုးစားသည့်ကြားမှ ညံ့တတ်သည်။ ဝန်ထမ်းများသည် အခြေအနေတစ်ခုမှ နောက်အခြေအနေတစ်ခုသို့ ပြောင်းတတ်သည်။ အလုပ်နှစ်ခုပြုလုပ်ရတတ်သည်။ ဂုဏ်တော်ကွန်ချာကို နေ့ရောညပါ ပုတီးစိပ်ပါ။

## (၆) ချစ်ရေး ချစ်ရာ

အဆင်ပြေလိုက်၊ မပြေလိုက် ဖြစ်နေတတ်သည်။ ထမင်းစားပြီးတိုင်း ခွေးများကို အစာကျွေးပါ။ ယခုနှစ်မှစ၍ လူမျိုးကွဲများနှင့် စတင်မေတ္တာမျှခြင်း၊ နှလုံးသားရေးရာကို လျှို့ဝှက်စွာ ဖန်တီးခြင်း ရှောင်ပါ။

## (၇) နိုင်ငံခြားခရီး

အလွန်ကောင်းသောနှစ် ဖြစ်သည်။ သို့သော် ၇ဦး သွားလာခြင်း အထူးရှောင်ပါ။ S. D. T. Z အက္ခရာနှင့်စသော နိုင်ငံများ သွားလာလျှင် အခက်အခဲများစွာ တွေ့ရမည်။ သောကြာနာမည်ရှင်များနှင့် အစီက ပြုလုပ်ပါ အောင်မြင်မည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

စနေ၊ အင်္ဂါ အပြန်အလှန်ပူးသော နာမည်ရှင်များ (ဥပမာ-ထွန်းစိုး၊ ဉာဏ်စိန်)၊ ဗုဒ္ဓဟူး၊ အင်္ဂါပူးသော နာမည်ရှင်များ (ဥပမာ-လင်းစိန်)၊ ကြာသပတေးနာမည်ရှင်များ (ဥပမာ-ပြည့်ပြည့်)ကြောင့် စိတ်ဆင်းရဲရတတ်သည်။ သောကြာနာမည်ရှင်များ၏ အကျိုးပေးခြင်းကို ရလိမ့်မည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

အနုပညာနှင့်ဆိုင်သော ပစ္စည်းများ၊ အိမ်တွင်း အလှအပနှင့်ဆိုင်သောပစ္စည်းများ ဝင်မည်။ ကောင်းသည်။ စက်ပစ္စည်းဟောင်းများ သူတစ်ပါး၏ စက်ပစ္စည်းများ၊ ရွှေရောင်ရှိသော အဆောင်၊ လက်ဖွဲ့ အဆောင် ပစ္စည်းများ ရှောင်ရှားပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

ကွဲကွာနေသော မိသားစုပြန်ဆုံသော နိမိတ်ကို တွေ့လျှင် လုပ်ငန်းများ အထူးအောင်မြင်တတ်သည်။ ဆေးထိုးမှားခြင်း၊ စက်ပစ္စည်းထိခိုက်ခြင်း နိမိတ်တွေ့ပါက ငွေကုန်ကြေးကျများတတ်သည်။

## (၁၁) ဆောင်ရန်

သောကြာ၊ တနင်္လာနာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ အကျိုးပေးမည်။ ၎င်းနံသင့်ကုန်ပစ္စည်း

များ ရောင်းဝယ်သိုလှောင်ခြင်းဖြင့် အကျိုးအမြတ်ရမည်။ ၆၊ ၂၊ ၉ ဂဏန်း ကောင်းသည်။ အနုပညာနှင့်ဆိုင်သော လုပ်ငန်းမှန်သမျှ အလွန်ကောင်းသည်။ ခရီးဝေးသွားရ၍ ပြုလုပ်ရသော လုပ်ငန်း အထူးကောင်းမွန်မည်။ ၁၃၂၉ ဖွားသူများ မြင့်မြတ်သော ဇနီးသည် ရလိမ့်မည်။ ၎င်းနှစ်မွေးသော အနုပညာရှင်ဖြစ်ပါက ထူးခြားသော အောင်မြင်မှု ရလိမ့်မည်။ ၎င်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား ပူဇော်ပါ။

## (၁၂) ရှောင်ရန်

ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပေး။ ၄၊ ၈၊ ၇၊ ၃ ဂဏန်းများ အလွန်ညံ့သည်။ ဆေးဝါးလုပ်ငန်း စတင်လုပ်ကိုင်ခြင်း၊ ဆေးဆိုင်တိုးချဲ့ခြင်း စနေ၊ အင်္ဂါနံပစ္စည်း စတင်ပြုလုပ်ခြင်း ရှောင်ပါ။ ၁၃၃၇ ခုဖွားသူများသည် ရုတ်တရက် ဆေးမှားတတ်သည်။ ရုတ်တရက် သောကရောက်ရတတ်သည်။ ၎င်းနံသင့် အစာများ သတိထားစားပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

တန်ခိုးကြီးဘုရားများသို့ မကြာခဏသွား၍ တနင်္ဂနွေထောင့်တွင် သပြေညွန့်လက်တစ်ဆုပ်လှူခြင်း၊ ထီးနီ (၇)လက် စနေထောင့်တွင် လှူခြင်း ပြုလုပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

သီးသားပုတီးနှင့် သုဂတောဂါထာကို နေ့စဉ်ကြိမ်ဖန်များစွာ ပုတီးစိပ်ခြင်း၊ တန်ဆောင်းများသို့ မကြာခဏသွား၍ ကံမြက်စည်းလှည်းခြင်း၊ လှူ ခြင်း စိတ်ဝေဒနာသည်များကို မကြာခဏ အစားအစာကျွေးခြင်းတို့ ပြုလုပ်ရမည်။

❊ ❊ ❊ ❊ ❊

၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉, ၁၃၃၇, ၁၃၄၅ ခုနှစ် မွေးသော
ကြာသပတေးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၇ | ● | ** | × | ※ | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၀၅ | ● | ** | × | ※ | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၁၃ | ● | ** | × | ※ | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၂၁ | ● | ** | × | ※ | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၂၉ | ● | ** | × | ※ | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၃၇ | ● | ** | × | ※ | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၄၅ | ● | ** | × | ※ | × | ** | ** | ** | ** | × | * | ※ | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးဖွားကြသော ကြာသပတေးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

နေရာထိုင်ခင်း အိုးအိမ်ကိစ္စများ ပေါ်တတ်သောနှစ် ဖြစ်သည်။ ပေါ်လာလျှင် ကိုယ့်ဘက်က ကံနိမ့်တတ်၍ ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသနှင့် မေ့မစကြာကို တွဲပြီး ယခုကတည်းက ရွတ်ပါ။ အိမ်ကိစ္စ၊ အမွေကိစ္စများမှာ ကံ အလွန်နိမ့်နေပါသည်။ ညီအစ်ကိုမောင်နှမများ၏ ဝိုင်းဝန်းအထင်လွဲမှုများ ကြုံရမည်။ ကိုယ့်ဘက်မှ လူသည် သူ့လူဖြစ်သွားတတ်သည်။ လုပ်ငန်းများတွင် ပြိုင်ဘက်များပေါ်လိမ့်မည်။ မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ခြင်းဖြင့် မေတ္တာနှင့် အနိုင်ယူပါ။ အလုပ်၊ နေရာ အပြောင်းအလဲများ ဖြစ်လိမ့်မည်။ အထက်လူကြီးများကို ချဉ်းကပ်၍ မရပါ။ တာဝန်အတိုင်း ကျေပွန်စွာ ထမ်းရွက်ပါ။ ပြောင်းပါ။ ဤသည်ပင်လျှင် ယတြာဖြစ်ပါသည်။ ရွှေများ ဝင်လာလျှင် ပြန်ထွက်တတ်သည်။ အကြီးအကဲများ ချူချာတတ်သည်။ ဘာသာရေးနှင့်ယှဉ်သောကိစ္စများ အလွန်အောင်မြင်လိမ့်မည်။ ရပ်ကျိုး ရွာကျိုး ဆောင်ရွက်ပါ။ ယခုနှစ်သည် နောက်လိုက်လုပ်လေ အောင်မြင်လေဖြစ်ပါသည်။ တရားအားထုတ်သူများ၊ တရားထူးတရားမြတ် တွေ့ရမည်။ သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာနှစ်မျိုးလုံး ပွားများပါ။ ထူးခြားစွာ အောင်မြင်မှုများ ရလာပါလိမ့်မည်။

၁၃၂၂၊ ၁၃၁၄၊ ၁၃၄၆ ခုဖွားသူတို့သည် ညီအစ်ကို မောင်နှမ

တို့၏ အောင်မြင်မှုကို ကြုံတွေ့ရမည်။ မိမိအတွက် အကျိုး မပေးတတ်ပါ။ ရွှေရောင်ပစ္စည်းများ ဝင်ပါက အချစ်ရေးပြဿနာတက်တတ်သည်။ မိခင်အတွက် ပူပင်ရတတ်သည်။ ရေသန့် ရေထွက်ပစ္စည်းဆိုင်ရာ အလုပ်များ၊ လျှပ်စစ်ပစ္စည်း၊ ရာဘာလုပ်ငန်းများ၊ ရွှေဆိုင်များ အခြေအနေကောင်းမလိုလိုနှင့် အခက်အခဲရှိတတ်သည်။ လုပ်ငန်းများတွင် သူတစ်ပါး လောင်းရိပ်မိတတ်သည်။

၁၃၁၄၊ ၁၃၃၈၊ ၁၃၄၆ ခုဖွားသူတို့သည် လူမျိုးကွဲများက ကူညီမစခြင်းများ ရှိတတ်သည်။ ပြောဆိုထားသော ဖြစ်ချင်သော ကိစ္စများ အောင်မြင်တတ်သည်။ အနက်ရောင်ရှိသော တွင်းထွက်ရတနာပစ္စည်းများ ဝင်လာတတ်သည်။ သူတစ်ပါးကိစ္စများကို ကူညီခြင်းကြောင့် ငွေဝင်တတ်သည်။ အထည်အလိပ်၊ ပုဆိုး၊ ဖိနပ်လုပ်ငန်း၊ ထီးလုပ်ငန်းရှင်များ အထူးအကျိုးပေးမည့်နှစ် ဖြစ်သည်။ လက်အောက်ငယ်သားကောင်းများ ရတတ်သည်။

၁၃၁၄၊ ၁၃၀၆ ခုဖွားသူတို့သည် အင်္ဂါနံပစ္စည်းများ လက်ဆောင်ရတတ်သည်။ အိမ်ထောင်ဖက်၏ အကူအညီရတတ်သည်။ စက်ကိရိယာများ ဝင်တတ်သည်။ စက္ကူစာရေးကိရိယာ၊ စာအုပ်ဆိုင်များ၊ ဆေးဆိုင်များ အခြေအနေပြန်ကောင်းလာတတ်သည်။

၁၃၁၄၊ ၁၃၂၂၊ ၁၃၄၆ ခုဖွားသူတို့သည် ငယ်ရွယ်သူများ အချစ်ရေးတွင် ပြဿနာဖြစ်တတ်သည်။ ငွေကြေးကိုင်တွယ်ရသူများ ပူပင်ရတတ်သည်။ မင်္ဂလာကိစ္စကြီးကျယ်စွာ ဆောင်ရွက်ရန် မသင့်သောကာလလည်း ဖြစ်သည်။ အမျိုးသားများ မိခင်ကျန်းမာရေးကို ဂရုစိုက်ပါ။ သူခိုး ခိုးခံရတတ်သည်။ လမ်းပေါ်မှ ခွေးကလေးများကို မကြာခဏ အစာကျွေးပါ။ ကျန်းမာရေး ဂရုစိုက်ပါ။ အကြွေးများရှိပါက ပူပင်ရတတ်သည်။

၁၃၁၄၊ ၁၃၃၈ ခုဖွားသူတို့သည် မိမိပိုင်ငွေကြေးကိစ္စ၊ အမွေကိစ္စများအတွက် အတိုက်အခံ လုပ်ရတတ်သည်။ ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေသူများ ညံ့သည်။ မုဆိုးမ တစ်ခုလပ်များက အနှောင့်အယှက်ပြု၍ စိတ်ညစ်ရတတ်သည်။ ငွေချေးငှားခြင်း လုံးဝမပြုလုပ်သင့်ပါ။ ဗိုက်ဒုက္ခပေးတတ်သည်။ ပညာသင်ကြားနေသူများ ပညာရေးတွင် အထူးကြိုးစားရတတ်သည်။

၁၃၀၆၊ ၁၃၁၄၊ ၁၃၃၈၊ ၁၃၃၀ ခုဖွားသူတို့သည် အလုပ်သစ်များ လုပ်ကိုင်ဆောင်ရွက်ရန်ရှိပါက အခက်အခဲပြဿနာတို့နှင့် ကြုံတွေ့ရတတ်သည်။ အိမ်သစ်ဆောက်ရန် အိမ်ပြင်ဆောက်ရန် မကောင်းသောကာလ

ဖြစ်သည်။ ဖခင်ကျန်းမာရေးကို ဂရုစိုက်ရန် လိုအပ်ပါလိမ့်မည်။ အဝေးရောက် မိသားစု၊ အိမ်ထောင်ဦးစီးအတွက် ပူပင်ရတတ်သည်။ ခရီးရှည်ခရီးဝေး မသွားသင့်သောကာလလည်း ဖြစ်သည်။

**(၂) စီးပွားရေး**

ကားမောင်းသူများ ဆင်ခြင်မောင်းပါ။ ကားထောင်သူများ အထိအခိုက်များတတ်၍ ဘာသာရေးဖိလုပ်ပါ။ ပလပ်စတစ်၊ ကော်နှင့်ဆိုင်သောလုပ်ငန်းများ အခက်အခဲတွေ့ရမည်။ ရွှေဆိုင်များ သူခိုးကိန်း ရှိနေသည်။ အိမ်မြေပွဲစားများ ငုတ်တုပ်ဖြစ်နေမည်။ စီးပွားရေးကို စနေ၊ အင်္ဂါနာမည်ရှင်များနှင့်သာ တိုင်ပင်ပါ။ လိုအပ်ပါက ထမင်းစားပြီးတိုင်း ခွေးကျွေးပါ။

**(၃) ကျန်းမာရေး**

အဆောက်အဦကိစ္စကြောင့် ဦးခေါင်းမကောင်းခြင်း ဖြစ်မည်။ ကုစ၍မရပါ။ ကိုယ့်စိတ်ကို အနားပေး ကုမှရပါမည်။ မခံချင်စိတ်၊ စိတ်မကောင်းစိတ်များကြောင့် ရင်တွင်းရောဂါရမည်။ ဝမ်းချုပ်ခြင်း ဖြစ်မည်။ စနေ၊ အင်္ဂါ နာမည်ရှင် ဆေးဆရာများ၊ ဆရာဝန်များနှင့်ကုပါ။ ၂၄ ပစ္စည်းရွတ်ပြီးမှ ထမင်း အမြဲစားပါ။

**(၄) အိမ်ထောင်ရေး**

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်နှင့် အဆင်ပြေလိုက်၊ မပြေလိုက် ဖြစ်နေရမည်။ အကောင်းသားနေရင်းမှ ထထဖောက်တတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ လုပ်ဆောင်မှုများသည် ကိုယ့်အတွက် အေးမြချမ်းသာမှုများ အကြိမ်ကြိမ် ရရှိလာနိုင်ပါလိမ့်မည်။ စိတ်ချမ်းသာပါလိမ့်မည်။ |
| သားသမီးများ | မိဘနှင့် အမြဲ ဆန့်ကျင်ဘက်ဖြစ်နေတတ်သည်။ ကိုင်တွယ်မှု တတ်ပါစေ။ |

**(၅) ပညာရေး၊ ဝန်ထမ်းရေးရာ**

သင့်သည်။ သို့သော် မမျှော်လင့်ဘဲ စာမေးပွဲတွင် အောင်တတ်သည်။ ပညာရေးအတွက် အထောက်အကူများစွာ ရမည်။

**ဝန်ထမ်းရေးရာ** မတက်ရသေးသောသင်တန်း တက်ရလိမ့်မည်။ ထိုသင်တန်းသည် ရာထူးအတွက် အဓိကအထောက်အကူဖြစ်၍ကောင်းသည်။ လုပ်ငန်းခွင်တွင် ကြုံတွေ့ရသော အခက်အခဲ အသေးအမွှားလေးများကို မေတ္တာသုတ် ရွတ်၍ ဖြေရှင်းပါ။

## (၆) ချစ်ရေး ချစ်ရာ

အလွန်ပြင်းထန်သော စကားလုံးများနှင့် ပေါက်ကွဲကြတတ်သည်။ သည်းခံ၍ မရနိုင်တော့သော အခြေအနေအထိ ဖြစ်လာတတ်၍ ထမင်းစားပြီးတိုင်း ခွေးလေးများကို အစာကျွေးပါ။

## (၇) နိုင်ငံခြားစရီး

အနည်းငယ်ညှံ့နေသည်။ အင်္ဂါနာမည်ပါသူများ၏ ကူညီမှုကို ရယူပါ။ သို့မှသာ အောင်မြင်ပါလိမ့်မည်။ A. E. I. O အက္ခရာနှင့်စသော နိုင်ငံများဖြစ်လျှင် အထူးသတိထား၍သွားပါ။

## (၈) နာမည်နှင့် ကြုံတွေ့မှုများ

သောကြာ၊ တနင်္လာ အပြန်အလှန်ပူးသော နာမည်များ(ဥပမာ-သားကြီး၊ ကျော်သိန်း)၊ အင်္ဂါ၊ တနင်္လာပူးသောနာမည်များ (ဥပမာ-စိုးကျော်)၊ ဗုဒ္ဓဟူးနာမည်များ (ဥပမာ-ဝေဝေ)ကြောင့် စိတ်ဆင်းရဲရတတ်သည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

ဘာသာရေးနှင့်ဆိုင်သော စာအုပ်စာပေများ၊ ပုတီးများ ဝင်လျှင်ကောင်းသည်။ လက်ဖွဲ့များ၊ အင်းများ၊ အဆောင်များ ဝင်လာရင် လုံးဝလက်မခံပါနှင့် ရှောင်ပါ။ တစ်မိသားစုလုံးကို ဒုက္ခပေးလိမ့်မည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အခြေအနေအလွန်ဆိုးရွားသော ရောဂါသည်တစ်ဦး ဆေးကုသခံရပြီး အလွန်ကျန်းမာသွားသော နိမိတ်ကို မြင်လျှင် ထီထပေါက်လိမ့်မည်။

အိမ်နားတွင် အခြားသူတစ်ဦးဦးထီပေါက်ပါက ကိုယ်ပါပေါက်မည်။

## (၁၁) ဆောင်ရန်

စနေ၊ အင်္ဂါ နာမည်ရှင်များနှင့် တိုင်ပင်ခြင်း၊ ၎င်းကုန်ပစ္စည်းများသို့လှောင်ရောင်းချခြင်း၊ ၎င်းအရပ်ဒေသများသို့ သွားခြင်း၊ ၇၊ ၃ ဂဏန်းများ ကောင်းခြင်းများ ရှိမည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။

## (၁၂) ရှောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ အကျိုးမပေး။ အိမ်တိုးချဲ့ခြင်းများ ပြင်ဆောက်ခြင်းများ အမင်္ဂလာကိစ္စပြုလုပ်ခြင်းများ၊ ၂၊ ၅၊ ၁ ဂဏန်းများ မင်္ဂလာအကြီးအကျယ်ဆောင်ခြင်းများ ခြေနှစ်ချောင်း မွေးစားခြင်းများ အထူးရှောင်ကြဉ်ပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ပိတောက်သားပုတီးနှင့် ပဋ္ဌာန်းစိပ်ခြင်း၊ မျက်နှာသစ်တော်ရေ ကပ်လှူခြင်းတို့ ပြုလုပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

မိုးလင်းတိုင်း ဘုရားရှင်အား မျက်နှာသစ်တော်ရေ ကပ်လှူ၍ ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသတစ်ခေါက်နှင့် မေတ္တာသုတ် ၉ကြိမ် ရွတ်ဆိုပါ။ထမင်းစားပြီးတိုင်း လမ်းခွေးများကို အစာကျွေးပါ။ မွေးနေ့တိုင်း အသားစားရှောင်ကြဉ်ပါ။

❋ ❋ ❋ ❋ ❋

၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးသော
ကြာသပတေးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၈ | ✱ | ● | ※ | × | ✱ | ● | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၀၆ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၁၄ | ✱ | ● | ※ | × | ✱ | ● | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၂၂ | ✱ | ● | ※ | × | ✱ | ● | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၃၀ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |
| ၁၃၃၈ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၄၆ | ✱ | ● | ※ | × | ✱ | ● | × | × | ● | ✱ | ※ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးဖွားကြသော ကြာသပတေးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

လောကုတ္တရာနှစ်ဖြစ်၍ သီလအထူးကောင်းရမည့်နှစ် ဖြစ်သည်။ မည်သူနှင့်မဆို တွေ့ရကြုံရတိုင်း ကိုယ့်မှာ မျက်နှာငယ်သကဲ့သို့ ခံစားရတတ်သည်။ အလွန်မခံချင်စရာ ကောင်းသောနှစ် ဖြစ်သည်။ ပြောသမျှ ဆိုသမျှ မအောင်မြင်သောနှစ် ဖြစ်သည်။ မိတ်ဆွေများ ရှောင်ခွာတတ်ရုံမက ကိုယ်အကျိုးပြုခဲ့ဖူးသူများကပါ လစ်လျူရှုတတ်သောနှစ် ဖြစ်သည်။ မိတ်ကောင်း၊ ဆွေကောင်း ကင်းကွာတတ်၍ ရန်များလာတတ်သည်။ သူတစ်ပါး၏ ငွေကိစ္စများအား ကြားဝင်ခြင်း၊ အာမခံခြင်းများ ပြုလုပ်မိ၍ ကိုယ်စိုက်ဆပ်ရတတ်သည်။ မျက်နှာပျက်ရတတ်သည်။ အဆောင်များ၊ အင်းများ၊ လက်ဖွဲ့များ ဝင်လာလိမ့်မည်။ ဝင်လာပြီးလျှင် ခိုက်လိမ့်မည်။ အိမ်ကိစ္စ၊ အမွေကိစ္စများ အကျိုးမပေးသောနှစ် ဖြစ်သည်။ ဤနှစ်သည် လောကုတ္တရာနှစ်ဖြစ်၍ ဘုန်းတန်ခိုးကြီးသော ဆရာတော်ကြီးများအား ဖူးရတတ်ခြင်း၊ တရားထူး တရားမြတ်များ တွေ့တတ်ခြင်း၊ ပုဂ္ဂိုလ်ထူးများနှင့် တွေ့တတ်ခြင်း၊ မသင်ဘူးသေးသော လောကီ၊ လောကုတ္တရာ ပညာများ ရတတ်ခြင်း၊ မတက်ဘူးသေးသော သင်တန်းများ တက်ရတတ်ခြင်း၊ အိမ်သို့ လူမမာ၊ ရောဂါသည်များ ဝင်လာတတ်ခြင်း၊ စီးပွားရေး ထိခိုက်မှုများလာခြင်းတို့ ကြုံရမည်။

၁၃၁၅၊ ၁၃၀၇၊ ၁၃၃၉ ခုဖွားသူတို့သည် ရွှေရောင်ပစ္စည်းများ ဝင်လာတတ်သည်။ ဝင်ပါက ငွေကြေး၊ အချစ်ကိစ္စများတွင် ပြဿနာရှိတတ်သည်။ မိခင်ကျန်းမာရေး ညံ့သွားတတ်သည်။ လမ်းပေါ်မှ ခွေးကလေးများကို အင်္ဂါနေ့တိုင်း အစာကျွေးသင့်သည်။ သင်္ချာတွက်ချက်ပိုင်းဆိုင်ရာ၊ နက္ခတ်ပိုင်းဆိုင်ရာ ပညာလိုက်စားသူများ ဆရာကောင်းများ တွေ့ရတတ်သည်။

၁၃၀၇၊ ၁၃၃၁၊ ၁၃၃၉ ခုဖွားသူတို့သည် လူမျိုးကွဲများက အကျိုးပြုတတ်သည်။ သူတစ်ပါးကိစ္စကူညီဖြေရှင်းခြင်းဖြင့် အကျိုးကျေးဇူးခံစားရတတ်သည်။ မိမိရချင်သော၊ ဖြစ်ချင်သော ပိုင်ဆိုင်ပစ္စည်း၊ ဆန္ဒများ ပြည့်ဝမည့်ကာလ ဖြစ်သည်။

၁၃၀၇၊ ၁၂၉၉ ခုဖွားသူတို့သည် လူချစ်လူခင် ပေါများမည်။ အိမ်ထောင်ရှိ အမျိုးသမီးများ မိမိခင်ပွန်းသည်ကို ယခင်ကထက် ပိုမိုဂရုစိုက်၊ ပိုမိုကြင်နာရန် လိုအပ်သည်။ ဆန်၊ ဆေးပစ္စည်း၊ စက်ကိရိယာရောင်းဝယ်သောလုပ်ငန်းများ ပြန်လည် အခြေအနေကောင်းလာတတ်သည်။

၁၃၃၉၊ ၁၃၀၇၊ ၁၃၁၅ ခုဖွားသူတို့သည် ငွေကြေးပြဿနာများ ရှိသည်။ ကြွေးဟောင်းကိစ္စများအတွက် စိတ်သောကရောက်ရတတ်သည်။ အများပိုင် ငွေကြေးကိုင်တွယ်သူတို့ အထူးသတိရှိရန် လိုအပ်လှသည်။ မင်္ဂလာကိစ္စဆောင်ရွက်ရန်ရှိသောသူများ ထမင်းစားပြီးတိုင်း ခွေးကလေးများကို အစာကျွေးရမည်။ အမျိုးသားများ မိခင်ဖြစ်သူ၏ ကျန်းမာရေးကို အထူးဂရုစိုက်ရန် လိုအပ်သည်။ မိခင်ဖြစ်သူကို ကူညီထောက်ပံ့ရမည်။

၁၃၃၁၊ ၁၃၀၇ ခုဖွားသူတို့သည် မိမိပိုင်ငွေကြေးများ ဆုံးရှုံးတတ်သည်။ အမွေကိစ္စရှိသူများ ရပိုင်ခွင့် လက်လွှတ်ရတတ်သည်။ မျောက်ကလေးများကို အစာကျွေးပါ။ ကိုယ်ဝန်ဆောင်၊ မုဆိုးမတို့အတွက် ပူပင်ရတတ်သည်။ ပညာသင်ကြားသူများ အထူးကြိုးစားရမည်။ ပညာဖြင့် အသက်မွေးဝမ်းကျောင်းသူများ ညံ့သည်။

၁၃၂၃၊ ၁၃၀၇၊ ၁၃၃၁၊ ၁၂၉၉ ခုဖွားသူတို့သည် အလုပ်ထဲတွင် စိတ်ညစ်စရာများဖြင့် ကြုံမည်။ အိမ်သစ်ဝယ်ခြင်း ပြင်ဆောက်ခြင်းတို့ မပြုလုပ်သင့်သောကာလ ဖြစ်သည်။ ကိုယ့်အလုပ်သည် သူ့အလုပ်ဖြစ်သွားတတ်သည်။ မျှော်လင့်ချက်တို့ ပျောက်ဆုံးရတတ်သည်။ မိတ်ဆွေသူငယ်ချင်းများ၏ ရှောင်ဖယ်ခြင်း ခံရတတ်သည်။ အလုပ်သစ် လုပ်ကိုင်ရန် မကောင်းသောအချိန် ဖြစ်သည်။ အလုပ်စတင်လုပ်ကိုင်လိုသူများ အဆင်မပြေသောကာလ ဖြစ်သည်။ ဖခင်ဖြစ်သူအတွက် ပူပင်ရတတ်သည်။

(၂) **စီးပွားရေး**

စနေ၊ အင်္ဂါနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ခြင်း၊ ငှင်းနံကုန်ပစ္စည်းများ အကျိုးပေးခြင်းဖြစ်မည်။ သို့သော် စပ်တူလုပ်ငန်းများ လုံးဝ မအောင်မြင်တတ်ပါ။ ယခုနှစ်တွင် ရွှေဆိုင်ဖွင့်ခြင်း၊ ကားထောင်ခြင်းပြုသောသူများ အခက်အခဲများကို ရင်ဆိုင်ရလိမ့်မည်။ ငွေတိုးပေးခြင်း၊ အပေါင်ခံခြင်းပြုသူများ ဆုံးရှုံးတတ်သည်။ ယခုနှစ်မှ ငွေချေးလျှင် ဆုံးတတ်သည်။ အိမ်ခြံမြေ ပွဲစားများ လုပ်ငန်းရပ်ဆိုင်းသွားတတ်သည်။ နိဗ္ဗာန်ကုန်ရောင်းဝယ်သူများ အကျိုးပေးမည်။

(၃) **ကျန်းမာရေး**

ဝမ်းဗိုက်နှင့် ရင်ခေါင်းတွင်ဖြစ်သော ဝေဒနာများ အာရုံကြောနှင့်ဆိုင်သော ဝေဒနာများ၊ အစားအသောက်ပျက်သော ဝေဒနာများ ခံစားရတတ်သည်။ စနေ၊ အင်္ဂါ နာမည်ရှင် ဆရာဝန်များ၊ ဆေးဆရာများနှင့်ကုသပါ။ ထမင်းမစားခင် (၂၄)ပစ္စည်းကို အာရုံပြု ရွတ်ဆိုပြီးမှ အမြဲစားပါ။

(၄) **အိမ်ထောင်ရေး**

အမျိုးသားများ ဇနီးသည် စိတ်နှစ်ခွဖြစ်နေ၍ မည်သည့်ကိစ္စမဆို အသောမတတ်ဖြစ်နေတတ်သည်။

အမျိုးသမီးများ ခင်ပွန်းသည်နှင့် မကြာခဏ ကတောက်ကဆဖြစ်တတ်သော်လည်း ပြန်လည်သင့်မြတ်အဆင်ပြေနေလိမ့်မည်။ ခင်ပွန်းသည်၏ ဂရုစိုက်ခြင်း ခံရလိမ့်မည်။

သားသမီးများ ကောင်းနေရာမှ အဆိုးထဖောက်တတ်သည်။ ဆန့်ကျင်ဘက်များ ပြုလိမ့်မည်။

(၅) **ပညာရေး၊ ဝန်ထမ်းရေးရာ**

အခက်အခဲများကြားမှ ပညာရေးကောင်းမွန်လိမ့်မည်။ အထူးကြိုးစားရန် လိုသည်။ ဝန်ထမ်းများသည် ရာထူးကို မမျှော်လင့်ဘဲ ကျရာတာဝန်ကို ထမ်းရွက်သင့်သောနှစ် ဖြစ်သည်။ အလုပ်ဟောင်းများကြောင့် စိတ်ညစ်ရတတ်သည်။ သူတစ်ပါး၏ ငွေစာရင်းဇယားများကို တာဝန်မယူပါနှင့်။

**(၆) ချစ်ရေး ချစ်ရာ**

မကြာခဏ ပြဿနာဟောင်းများ ပေါ်တတ်၍ သတိပြုပါ။ ထမင်းစားပြီးတိုင်း ချန်၍ ခွေးများကို ကျွေးပါ။

**(၇) နိုင်ငံခြားခရီး**

စနေ၊ အင်္ဂါ နာမည်ရှင်များနှင့်သာ တိုင်ပင်ပြုလုပ်ရမည်။ ခရီးဗြိုဟ်များ အလွန်ညံ့သောနှစ် ဖြစ်သည်။ ပညာတော်သင်ခရီးဖြစ်ပါက အောင်မြင်စွာ သွားရလိမ့်မည်။ လေးဦးဆုံ၍ သွားရမည့်ခရီးဖြစ်လျှင် မကြာခဏ ပျက်တတ်သည်။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

သောကြာ၊ တနင်္လာ အပြန်အလှန်ပူးသော နာမည်များ (ဥပမာ-သိန်းကြွယ်၊ ချိုသိန်း)၊ အင်္ဂါ၊ တနင်္လာပူးသော နာမည်များ (ဥပမာ-စိုးကြီး)၊ ဗုဒ္ဓဟူးနာမည်များ (ဥပမာ-ဝေဝေ) ကြောင့် စိတ်ညစ်စရာ ကြုံတတ်သည်။

**(၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ**

ဘာသာရေးနှင့်ဆိုင်သော စာအုပ်စာပေများ၊ ပုတီးများ ဝင်လျှင် ကောင်းသည်။ သဘာဝမကျသော အဆောင်၊ အင်း၊ လက်ဖွဲ့များ ဝင်လျှင် ထိခိုက်တတ်သည်။

**(၁၀) ပတ်ဝန်းကျင်နိမိတ်**

အသံမစဲ ပဌာန်းပွဲများ ကြုံရခြင်း၊ တန်ခိုးကြီးရုပ်ပွားတော်များ ဒေသစာရီ ကြွလာခြင်း၊ ပုဂ္ဂိုလ်ထူးများနှင့် ဆုံရခြင်းဖြစ်ပါက အလွန်အကျိုးပေးလိမ့်မည်။ မျက်စိရှေ့တွင် အိမ်ဖျက်နေခြင်းများ တွေ့ပါက ငွေကုန်ကြေးကျ များလိမ့်မည်။

**(၁၁) ဆောင်ရန်**

စနေ၊ အင်္ဂါနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၇၊ ၃၊ ဂဏန်းများ လူမျိုးခြားများနှင့် ဆက်သွယ်ရခြင်းများ၊ ထူးခြားသော ဘုရားဖူးခရီးများ၊ ဆေးဆိုင်၊ စတိုးဆိုင်ဖွင့်ခြင်းများ ကောင်း၏။ ငှင်းနံ့သင့်ပန်းများ ဘုရားလှူပါ။

(၁၂) ရှောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေနာမည်ရှင်များ၊ မြို့ဒေသ၊ ကုန်ပစ္စည်းများ၊ ၂၊ ၅၊ ၁ ဂဏန်းများ ညံ့သည်။ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်လုပ်ငန်းများ စတင်ပြုလုပ်ခြင်း၊ မူမမှန်သော၊ လက်ဖွဲ့၊ အင်း၊ အဆောင်များ ဆောင်ခြင်း ရှောင်ပါ။ ၁၃၂၃ မွေးသူများသည် ရုတ်တရက် အခြေအနေမဲ့တတ်သည်။ ငှင်းနံသင့် အစာများ သတိထား၍ စားသုံးပါ။

(၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ဝိတောက်သား ပုတီးစိပ်ခြင်း၊ ပဋ္ဌာန်းရွတ်ခြင်း၊ ထမင်းစားပြီးတိုင်း ခွေးစာကျွေးခြင်း တို့ ပြုလုပ်ရမည်။

(၁၄) ကံမြင့် ကံပွင့် အစီအရင်

မနက်မိုးလင်းတိုင်း ဘုရားရှင်အား မျက်နှာသစ်တော်ရေ ကပ်၍ ပဋ္ဌာန်းရွတ်ခြင်း၊ ဓမ္မစကြာရွတ်ခြင်း ပြုပါ။ မွေးနေ့တိုင်း အသားစားရှောင်ကြဉ်၍ မေတ္တာသုတ်ကို ဂြိုဟ်သက်အလိုက် ရွတ်ပါ။

❋ ❋ ❋ ❋ ❋

၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁, ၁၃၃၉, ၁၃၄၇ ခုနှစ် မွေးသော
ကြာသပတေးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၉ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၀၇ | ✱ | ● | ※ | × | ✱ | ● | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၁၅ | ✱ | ● | ※ | × | ✱ | ● | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၂၃ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |
| ၁၃၃၁ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၃၉ | ✱ | ● | ※ | × | ✱ | ● | × | × | ● | ✱ | ※ | × | ✱✱ |
| ၁၃၄၇ | ✱ | ● | ※ | × | ✱ | ● | ● | × | ✱✱ | × | ✱✱ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးဖွားကြသော ကြာသပတေးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

အကြီးအကဲများ မစတတ်သည်။ မိတ်ကောင်း ဆွေကောင်းများ တွေ့တတ်သည်။ ဝန်ထမ်းများ မမျှော်လင့်ဘဲ ရာထူးတက်တတ်သည်။ အိမ်သစ်ဝင်ခြင်း၊ အိမ်တိုးချဲ့ဆောက်လုပ်ခြင်းများ ကြုံမည်။ ငယ်ရွယ်သူဖြစ်ပါက ဖခင် အောင်မြင်မှု ရှိမည်။ ကျန်းမာရေး ဂရုစိုက်ရမည်။ အပူနာပေါက်တတ်သည်။ ဆွေမျိုးရင်းခြာလိုနေသော မိတ်ဆွေပေါင်းများ၏ ပြန်လည် ကူညီမှု ရလိမ့်မည်။ စပ်တူလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေသလိုနှင့် အဖျားရှုံးသွားလိမ့်မည်။ ငွေဝင်သော်လည်း စုမရ၊ ဆောင်းမရလောက်အောင် အကုန်အကျများသောနှစ် ဖြစ်သည်။ သူတစ်ပါး ငွေများအပ်နှံခြင်း ခံရတတ်သည်။ ယခုနှစ် ကားဝယ်လျှင် မကြာခဏ ပျက်တတ်သောကား ဖြစ်မည်။ ဘဝ၏ အထောက်အပံ့တစ်ခုကို ရတတ်သောနှစ် ဖြစ်သည်။ မိခင်(သို့) မိခင်ကဲ့သို့ နေသူများကို လွှမ်းမိုးမှုရှိသည်။ မိတ်ကောင်း ဆွေကောင်းများနှင့် အောင်မြင်မှုများ ဖြစ်လာတတ်သောကြောင့် စကားပြောရင့်သီးလာတတ်သည်။ အနုပညာနှင့် ပတ်သက်သော လုပ်ငန်းရှင်များ အခက်အခဲများစွာ ရင်ဆိုင်ရလိမ့်မည်။

၁၃၀၈၊ ၁၃၃၂၊ ၁၃၄၀ ခုဖွားတို့သည် ကိုယ်ပိုင်အလုပ် လုပ်ကိုင်လိုသူတို့ အခွင့်အလမ်းပွင့်မည့်ကာလ ဖြစ်သည်။ မိတ်ကောင်း ဆွေကောင်း

များက ကူညီတတ်သည်။ ဖခင် (သို့) ဖခင်ကဲ့သို့ နေသူများထံမှ အကူအညီများစွာရတတ်သည်။ အထက်လူကြီးတို့၏ ကူညီမှုများစွာ ရရှိတတ်သည်။

၁၃၀၀၊ ၁၃၀၂ ခုဖွားသူတို့သည် ရွှေဟောင်းများ ပြန်ဝင်တတ်သည်။ ညီအစ်ကိုမောင်နှမတို့၏ အောင်မြင်မှုကို ကြုံတွေ့ရသော်လည်း မိမိအတွက် အားကိုးရာမရှိ ဖြစ်တတ်သည်။ ဆွေမျိုးများစွာ အိမ်ရောက်လာတတ်သည်။ မိတ်ဆွေများ၊ မိသားစုဖြင့် ရေလမ်းခရီး သွားရတတ်သည်။ ရွှေဆိုင်ရောင်းသူများ၊ ရေလုပ်ငန်းပိုင်ရှင်များ၊ လဲ၊ ဝါ စိုက်သူတို့ အခြေအနေ ပြန်ကောင်းလာတတ်သည်။

၁၃၀၀၊ ၁၃၂၄၊ ၁၃၃၂ ခုဖွားသူတို့သည် လူမျိုးကွဲများက ကူညီထောက်ပံ့တတ်သည်။ အနက်ရောင်ရှိသော ရတနာပစ္စည်းများ ဝင်လာမည်။ စနေသားတို့ကြောင့် အကျိုးကျေးဇူးခံစားရမည်။ အဝတ်အထည်ရောင်းဝယ်သူများ ထီး၊ ဖိနပ်လုပ်ငန်းရှင်များ အခြေအနေကောင်းမည်။

၁၃၃၂၊ ၁၃၀၈၊ ၁၃၄၀ ခုဖွားသူတို့သည် အလှအပပစ္စည်းကလေးများ ဝင်လာတတ်သည်။ ဝင်ပါက ပြဿနာဖြစ်တတ်သည်။ အိမ်ထောင်ရေးပြဿနာ ဖြစ်တတ်သည်။ အမျိုးသားဖြစ်ပါက နှလုံးသားရေးရာ အရှုပ်အရှင်းကြောင့် အရှုက်ရတတ်သည်။ ဆွေးမျိုးသားချင်း ပြဿနာများ ဖြေရှင်းရတတ်သည်။ အစုရှယ်ယာလုပ်ငန်းများရှိပါက ပြဿနာဖြစ်ပြီး လမ်းခွဲရတတ်သည်။ စားသောက်ဆိုင်လုပ်ငန်းများ၊ အနုပညာပိုင်းဆိုင်ရာ လုပ်ငန်းများ ညံ့သည်။

၁၃၂၄၊ ၁၃၃၂ ခုဖွားသူတို့သည် ငယ်ရွယ်သူဖြစ်ပါက အချစ်ရေးတွင် အတိုက်အခံကြုံရမည်။ မင်္ဂလာကိစ္စများ ကြီးကျယ်စွာ မပြုလုပ်သင့်သောနှစ် ဖြစ်သည်။ အများပိုင် ငွေကြေးကိုင်တွယ်ရသူတို့ သတိကြီးစွာကိုင်တွယ်ရမည်။ အကိုင်အတွယ် မတတ်ပါက လျော်ရတတ်သည်။ ကားဝယ်ရန် မကောင်းသောအချိန် ဖြစ်သည်။ မိခင်ဖြစ်သူ၏ ကျန်းမာရေးဂရုစိုက်ပေးပါ။

၁၃၀၀၊ ၁၃၁၆၊ ၁၃၂၄၊ ၁၃၃၂ ခုဖွားသူတို့သည် ငွေကုန်ကြေးကျများမည်။ အဝင်နည်းပြီး ထွက်ငွေများမည်။ တစ်ပါးသူတို့ ငွေချေးငှားခြင်းများ ရှိပါက ပြဿနာဖြစ်မည်။ ကြွေးတင်ထားခြင်း ရှိပါက ပြေလည်အောင်ပေးဆပ်နိုင်မည့်ကာလ မဟုတ်။ မုဆိုးမ၊ တစ်ခုလပ်တို့က ပြဿနာရှာတတ်သည်။ အမွေကိစ္စများ ပြဿနာဖြစ်ပါက ပိုင်ဆိုင်မှု စွန့်လွှတ်ရတတ်သည်။

(၂) **စီးပွားရေး**

အဆောက်အဦနှင့် သက်ဆိုင်သောပုဂ္ဂိုလ်များ၊ လူမျိုးခြားများနှင့် ဆက်သွယ် လုပ်ကိုင်ရသော ပုဂ္ဂိုလ်များ အဆင်ပြေမည်။ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်သူများ အကျိုးပေးမည်။ တနင်္ဂနွေနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ ငှင်းကုန်ပစ္စည်း အကျိုးပေးမည်။ စပ်တူလုပ်ငန်းများ ပြုလုပ်သူ အခက်အခဲများစွာ ရင်ဆိုင်ရလိမ့်မည်။

(၃) **ကျန်းမာရေး**

ခန္ဓာကိုယ်အောက်ပိုင်းနှင့်ဆိုင်သော ကျန်းမာရေး ဂရုစိုက်ပါ။ ကိုယ်ဝန်ဆောင်မိခင်များ ဖြေးညင်းသက်သာစွာ သွားလာ လှုပ်ရှားမှုပြုပါ။ လေအောင့် ရင်အောင့် ဖြစ်တတ်သည်။ ဦးခေါင်း လေရိုက်တတ်သည်။ တနင်္ဂနွေ၊ စနေနာမည်ပါသူ ဆေးဆရာ၊ ဆရာဝန် ကုသပါ။ ထမင်းစားပြီးတိုင်း ဓာရဏပရိတ် တစ်ခေါက်ရွတ်ပါ။

(၄) **အိမ်ထောင်ရေး**

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်နှင့် အဆင်ပြေနေရာမှ ရုတ်တရက် ပြဿနာ ထပ်ဖြစ်တတ်သည်။ ဇနီးသည်သွားချင်၊ လာချင်စိတ် များနေ၍ စိတ်ဆင်းရဲရတတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ နှကောင်းလိုက် မကောင်းလိုက် စိတ်ကြောင့် အနေအထိုင် ခက်ခဲတတ်သည်။ နားလည်မှုများ ရရန် ကြိုးစားရမည်။ |
| သားသမီးများ | အခက်အခဲများ ကြားမှ ကလေးများ၏ အောင်မြင်မှုကြောင့် ဝမ်းသာရမည်။ |

(၅) **ပညာရေး၊ ဝန်ထမ်းရေးရာ**

ကိုယ်တိုင်ကြိုးစားမှု ခါးပြတ်တတ်သောနှစ် ဖြစ်သည်။ ပညာရေးအတွက် အထူးကြိုးစားရန်လိုသည်။

| | |
|---|---|
| **ဝန်ထမ်းရေးရာ** | ဝန်ထမ်းများ မမျှော်လင့်ဘဲ ရုတ်တရက်ရာထူးတက်တတ်သည်။ အကြီးအကဲများ နေရာပေးလိမ့်မည်။ အကြီးအကဲများနှင့် အနီးကပ်ဆုံးတာဝန်ထမ်းဆောင်ရတတ်သည်။ မိမိတာဝန်ယူရသောလုပ်ငန်း အောင်မြင်လိမ့်မည်။ |

**ပညာရွှေတောင်စာပေ**

## (၆) ချစ်ရေး ချစ်ရာ

ညှံ့သောနှစ် ဖြစ်၍ တစ်ဦးနှင့် တစ်ဦး စကားအပြောအဆို ဆင်ခြင်ပါ။ အခြားသူများ၏ စကားများကို အကြားနှင့်ယုံလျှင် ဝေးတတ်ပါသည်။

## (၇) နိုင်ငံခြားခရီး

ဟုတ်တော့ မလိုလိုနှင့် အဖျားရှူးသွားသောနှစ် ဖြစ်သည်။ တနင်္ဂနွေ၊ စနေနာမည်ရှင်များကို ချဉ်းကပ်အကူအညီတောင်းမှ အောင်မြင်မည်။ B. M. P စသော နိုင်ငံများသို့သွားလျှင် အခက်အခဲပေါင်းများစွာ ရင်ဆိုင်ရမည်။ ၅ဦး သွားရခြင်း ရှောင်ပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္လာအစ၊ စနေပိတ်သော နာမည်များ (ဥပမာ-ကျော်ထွန်း)၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး အပြန်အလှန်ပူးသော နာမည်များ (ဥပမာ-အောင်လင်း)၊ ကြာသပတေး၊ ဗုဒ္ဓဟူးပူးသောနာမည်များ (ဥပမာ-မျိုးဝေ)၊ သောကြာ နာမည်များ (ဥပမာ-သင်းသင်း)ကြောင့် စိတ်သောက ရောက်ရတတ်သည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

သီလအားကြီးသော ဆရာတော်ကြီးများ ချီးမြှင့်သည့် အင်း၊ အဆောင်၊ လက်ဖွဲ့ဝင်မည်။ ကောင်းသည်။ လူမျိုးကွဲများနှင့် ဆက်နွယ်ရသော အလုပ်များ ဝင်လာမည်။ ကောင်းသည်။ အနုပညာနှင့် ပတ်သက်သော စက်ပစ္စည်း အကျိုးအပဲ့ မထားသင့်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

ရာထူးတိုးတက်ခြင်း၊ ထီပေါက်ခြင်း၊ အိမ်ပြင်ဆောက်ခြင်း၊ အိမ်သစ်ဝယ်ခြင်း နိမိတ်များ တွေ့ရပါက ကိုယ်တိုင်အောင်မြင်တတ်သည်။ စိတ်ရောဂါသည်များနှင့် မျက်နှာချင်းဆိုင် စကားပြောရပါက ငွေကုန်ကြေးကျ အလွန်များမည်။

## (၁၁) ဆောင်ရန်

တနင်္ဂနွေ၊ စနေ နာမည်ရှင်၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသ အရပ်ထောင့်များ၊ အကျိုး မပေး။ရင်းနံ့သင့်ကုန်ပစ္စည်းများ သို့လျောင်

ရောင်းချခြင်းဖြင့် အကျိုးအမြတ်ရမည်။ ၁၊ ၇ ဂဏန်းများ အကျိုးပေးသည်။ အိမ်သစ်ဆောက်ခြင်း၊ အိမ်တက်မင်္ဂလာပြုခြင်း ကောင်းသည်။ ၎င်းနံသင့် ပန်းများ ဘုရားလှူပါ။

## (၁၂) ရှောင်ရန်

မြေအရောင်းအဝယ်လုပ်ခြင်း၊ စားသောက်ဆိုင်လုပ်ငန်း စတင်ဖွင့်လှစ်ခြင်း၊ ရှောင်ရန် လိုအပ်သည်။ ၆၊ ၂ ၅ ဂဏန်းများ ကြီးကျယ်ခမ်းနားသော မင်္ဂလာဆောင်သွားခြင်း၊ အမွေကိစ္စ ဆောင်ရွက်ခြင်း ရှောင်ရမည်။ သောကြာ၊ ကြာသပတေး နေ့ရက်များ၊ နေ့သားများ၊ နာမည်ရှင်များ၊ မြို့ရွာများ၊ အရပ်ထောင့်များ အကျိုးမပေး။ ၎င်းနံသင့် အစာများ သတိထား၍ စားပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ထိန်သားပုတီးနှင့် နမော ၅ချက် စိပ်ခြင်း၊ ဓမ္မစကြာ မကြာခဏ ရွတ်ဖတ်ပူဇော်ခြင်းတို့ ပြုလုပ်ရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

အင်္ဂါနေ့ရောက်တိုင်း လမ်းခွေးများကို အစာကျွေးခြင်း၊ နေ့စဉ် ဓမ္မစကြာတစ်ခေါက် ပူဇော်ခြင်း၊ တန်ခိုးကြီးဘုရားများသို့ မကြာမကြာ သွား၍ တနင်္လာထောင့်များတွင် ကနက္ကဒန် ထီးတစ်လက်လှူခြင်း၊ တန်ခိုးကြီးဘုရားများသို့ သွား၍ ညလုံးပေါက် လျှပ်စစ်မီး ထွန်းညှိပူဇော်ခြင်းတို့ ပြုလုပ်ဆောင်ရွက်ရမည်။

❋ ❋ ❋ ❋ ❋

၁၇၀၀, ၁၇၀၈, ၁၇၁၆, ၁၇၂၄, ၁၇၃၂, ၁၇၄၀, ၁၇၄၈ ခုနှစ် မွေးသော
ကြာသပတေးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၇၀၀ | ** | ** | × | * | ※ | * | ● | × | ** | × | ** | × | ** |
| ၁၇၀၈ | ** | ** | × | * | ※ | * | ** | ** | * | ※ | × | ** | × |
| ၁၇၁၆ | ** | ** | × | * | ※ | * | * | * | ● | ※ | × | * | ● |
| ၁၇၂၄ | ** | ** | × | * | ※ | * | ● | × | ** | × | ※ | × | ** |
| ၁၇၃၂ | ** | ** | × | * | ※ | * | ** | ** | ** | × | * | ※ | * |
| ၁၇၄၀ | ** | ** | × | * | ※ | * | ** | ** | ● | ※ | × | ** | × |
| ၁၇၄၈ | ** | ** | × | * | ※ | * | × | × | ● | * | ※ | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးဖွားကြသော ကြာသပတေးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ဘဝတွင် မျက်လှည့်ပြဘိသကဲ့သို့ အလွန်ထူးဆန်းအံ့ဩဖွယ်ရာ အဖြစ်အပျက်များကိုသာ မထင်မှတ်ဘဲ တွေ့နေ ကြုံနေ မြင်နေရမည်။ ကြိုတင်စီစဉ်ထားမှု မှန်သမျှ အကုန်ပျက်မည်။ လွဲချော်ပြီးမှ ပြန်ကောင်းမည်။ အများအတွက် အသက်ရှင်နေရသောသူကဲ့သို့ ဖြစ်နေမည်။ လှုပ်ရှားသွားလာမှုများမည့်နှစ် ဖြစ်သည်။ တစ်ကြိမ်မက တစ်ကြိမ်ဆက်၍ လုပ်ဆောင်ရတတ်သည်။ ကံကောင်းသော်လည်း ငွေကြေးကိစ္စများ သူများကြားညှပ်တတ်၍ သတိထားပါ။ အသွားအလာ ဆင်ခြင်ပါ။ သူများကိစ္စ ကိုယ့်ကိစ္စ ဖြစ်တတ်သည်။ အမွေကိစ္စများရှိလျှင် ဆောင်ရွက်ပါ။ ကြံ့ရမည်။ မမျှော်လင့်ဘဲ ငွေများဝင်ပြီး၊ မမျှော်လင့်ဘဲ ပြန်ကုန်လိမ့်မည်။ အနုပညာလုပ်ငန်းရှင်များ အထူးသတိထားပြီး ပြုလုပ်ပါ။ အမျိုးသားများ အိမ်ထောင်ရေးပြဿနာများရှိနေသည်။ ငယ်ရွယ်သူများ ဘာမဆို အပြိုင်ပေါ် လာလိမ့်မည်။ ၁၃၄၉ ခုဖွား ကလေးများ ပညာရည်ချွန်ဆုများ ရလိမ့်မည်။

၁၃၃၃၊ ၁၃၀၁ ခုဖွားတို့သည် မမျှော်လင့်ဘဲ ငွေကြေးများ ဝင်လာတတ်သည်။ လူငယ်များ အချစ်ရေးကိစ္စ စန်းပွင့်မည်။ ကားရောင်းဝယ်လုပ်ငန်းများ၊ ငွေကြေးဆိုင်ရာလုပ်ငန်းများ အကျိုးခံစားရမည်။ ကူညီထောက်ပံ့မည့်သူ ပေါ်လာတတ်သည်။ အများပိုင်ငွေကြေးများ ကိုင်တွယ်နေရတတ်

သည်။ ကြီးကျယ်စွာ မင်္ဂလာဆောင်ခြင်းများ အလှူအတန်း ပြုလုပ်ရခြင်းများ ကြုံရတတ်သည်။ မိခင်ဖြစ်သူ (သို့) အစ်မဖြစ်သူတို့ထံမှ ကူညီမှု ရရှိတတ်သည်။

၁၃၀၁၊ ၁၃၀၉၊ ၁၃၃၃ ခုဖွားသူတို့သည် အမွေကိစ္စများ ကြုံပြီး အကျိုးခံစားရတတ်သည်။ ရုတ်တရက် ငွေဝင်မည်။ မဖူးရသေးသော ဆရာတော်များ ဖူးတွေ့ရတတ်သည်။ မိတ်ဆွေသူငယ်ချင်းများ ဝိုင်းရံနေတတ်သောကာလ ဖြစ်သည်။

၁၃၄၁၊ ၁၃၃၃ ခုဖွားသူတို့သည် အလုပ်ထဲတွင် အကြီးအကဲတို့က ကြည့်ရှုတတ်သည်။ မမျှော်လင့်ဘဲ အလုပ်ရတတ်သည်။ ဖခင်ဖြစ်သူ၏ အောင်မြင်မှုကို ကြုံတွေ့ရမည်။ အိမ်ပြောင်းရွှေ့ရမှုများ ကြုံမည်။

၁၃၂၅၊ ၁၃၀၉၊ ၁၃၃၃၊ ၁၃၄၁ ခုဖွားတို့သည် မိမိကြံရွယ်ထားသမျှ ဖြစ်ချင်သောအရာများ မအောင်မြင်ဘဲ ရှိတတ်သည်။ အဝေးမှ လူမျိုးကွဲများ အကျိုးမပေးပါ။ တခြားသူတို့၏ ကိစ္စကြားထဲ ဝင်ပါပါက မိမိကိစ္စဖြစ်သွားတတ်သည်။ ဥပဒေနှင့် မကင်းသောအရာ မှန်သမျှ ရှောင်ပါ။ အနက်ရောင် တွင်းထွက်ပစ္စည်းများ လက်မခံရ။

၁၃၀၁၊ ၁၃၀၉၊ ၁၃၁၇၊ ၁၃၃၃ ခုဖွားသော လုပ်ငန်းရှင်တို့သည် လက်အောက်ဝန်ထမ်းများ အဝင်အထွက်များတတ်သည်။ အတိုက်အခိုက် အပြိုင်အဆိုင် ရှိသည်။ အိမ်ထောင်သည်အမျိုးသမီးများ မိမိခင်ပွန်းသည်၏ အဆင်မပြေမှုကို သည်းခံရန် လိုအပ်သောအချိန်ဖြစ်သည်။ စက်ပျက်၊ စက်ဟောင်းများ မဝယ်ရ။ မဝင်စေရ။အသွားအလာ မဆင်ခြင်ပါက သူတစ်ပါး စွပ်စွဲပြောဆိုခြင်း ခံရတတ်သည်။

၁၃၀၉၊ ၁၃၃၃ ခုဖွားသူတို့သည် ခရီးရှည်ထွက်ရန် ကြံစည်ထားသူတို့ အကြံအစည် ပျက်တတ်သည်။ လုပ်ငန်းရှင်များ အစုစပ်လုပ်ငန်းများ မပြုလုပ်သင့်ပါ။ အမျိုးသားများ နှလုံးသားကိစ္စ ရှုပ်ထွေးပါက ပြဿနာရှိတတ်သည်။ အနုပညာလုပ်ငန်းမှ ပညာရှင်များ အလုပ်အကိုင် အခက်အခဲရှိမည်။ အနုပညာလုပ်ငန်းများ အချိန်ယူရမည်။ စားသောက်ဆိုင်လုပ်ငန်းများ ညံ့သည်။ အလှအပပစ္စည်းများ ထွက်မည်။ အသစ်ဝယ်ယူခြင်း မပြုလုပ်ရ။ သားကြီး သမီးကြီးတို့အတွက် စိတ်သောကရောက်ရတတ်သည်။ သိလမရှိသူတို့ကြောင့် စိတ်ညစ်ရတတ်သည်။

**(၂) စီးပွားရေး**

ပထမပိုင်းတွင် အလုပ်ရပ်သွားခြင်း၊ အလုပ်ပြောင်းရခြင်းများ ကြုံ

ဖြိုးမှ နောက်ပိုင်း အောင်မြင်လိမ့်မည်။ သို့သော် စပ်တူလုပ်ငန်းများ ရှောင်ပါ။ ကားလုပ်ငန်းရှင်များ ကောင်းမည်။ ဆေးဝါး၊ စက်ပစ္စည်း၊ ဆေးဆိုးပန်းရိုက်လုပ်ငန်းများ အိမ်တွင်းအလှဆင်လုပ်ငန်းများ ညံ့သည်။ အလှဖန်တီးရှင်များတွင် အတွင်းပြဿနာများ ပေါ်လိမ့်မည်။ ၁၃၁၇ ခု ဖွားများသည် ခင်ပွန်းသည်နှင့် ခွဲခွာတတ်ရ၍ စကားပြောဆို ဆင်ခြင်ပါ။ မူးတတ်သူများ အသက်အန္တရာယ် သတိထားပါ။

### (၃) ကျန်းမာရေး

၁၃၁၇ ခုဖွားနှင့် ၁၃၃၃ ဖွားသူတို့သည် မူးယစ်သောက်စားမှု လွန်ကဲပါက အသက်အန္တရာယ် ထိခိုက်မည့်နှစ် ဖြစ်နေ၍ ရှောင်ပါ။ ဆီးရောဂါများ အကြောရောဂါများ ဂရုစိုက်ပါ။ ဆိုင်ကယ်စီး ဆင်ခြင်ပါ။ လူအုပ်စုနှင့် အပျော်လွန်ကာ သွားသော ခရီးများ ကြပ်ကြပ်သတိထားပါ။ သမား ရိုးကျ ကျန်းမာရေးညံ့သူများ၊ ကြာသပတေး၊တနင်္လာနာမည်ရှင် ဆရာဝန်များ၊ ဆေးဆရာများနှင့် ကုပါ။

### (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်၏ဆက်ဆံရေးသည် အိမ်ထောင်ရေးကို ရုတ်တရက် ပြောင်းလဲသွားစေနိုင်ပါ၍ အထူး သည်းခံခွင့်လွှတ်ပါ။ |
| အမျိုးသမီးများ | ခင်ပွန်းသည်နှင့် တည့်ခဏ ဖြစ်နေတတ်သည်။ အကြိမ်ကြိမ်ဖြစ်မည်။ |
| သားသမီးများ | ကောင်းတစ်ခါ ဆိုးတစ်လှည့်နှင့် ဖြစ်နေလိမ့်မည်။ |

### (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

အလွန်ကောင်းမည်။ တစ်ဘွဲ့မှ နောက်တစ်ဘွဲ့ထပ်ယူရမည်။ ကိုယ်က ပညာပြန်သင်ပေးရလိမ့်မည်။ အလွန်ကောင်းသည်။

| | |
|---|---|
| **ဝန်ထမ်းရေးရာ** | အခြားသူများ၏အလုပ်များကိုပါ တွဲလုပ်ပေးနေရလိမ့်မည်။ ပင်ပန်းမည်။ သို့သော် ကောင်းသည်။ အလုပ်တစ်ခုနှင့်တစ်ခု ဆက်နေလိမ့်မည်။ အောက်လူများကို ကြင်နာပါ။ |

### (၆) ချစ်ရေး ချစ်ရာ

တစ်ဦးမှ နောက်တစ်ဦး ဆက်သွားတတ်ပါသည်။ အပြိုင်ပေါ်တတ်ပါသည်။ ဖောက်ပြန်မှုများကို မကြာခဏ စဉ်းစားနေတတ်ပါသည်။ ရှောင်ပါ။ သို့သော် အရမ်းမခံစားမိအောင် နေတတ်ပါစေ။ စာကလေးများကို နေ့စဉ် ဆန်ကျွေးပါ။

### (၇) နိုင်ငံခြားခရီး

အလွန်ညံ့သောနှစ် ဖြစ်ပါသည်။ သို့သော် မထင်ဘဲနှင့် သွားရတတ်ပါသည်။ မထင်ဘဲနှင့် ပြန်ရောက်လာတတ်ပါသည်။ ၆ဦးသွားခြင်း ရှောင်ပါ။ H နှင့်စသော နိုင်ငံများ သွားခြင်း ရှောင်ပါ။ ၁၃၀၉ ခုဖွားများသည် မသွားသင့်တော့ပါ။ အခက်အခဲရှိရင် ကြာသပတေး၊ တနင်္လာနာမည်ရှင်များနှင့် အကူအညီတောင်းပါ။

### (၈) နာမည်နှင့်ကြုံတွေ့မှုများ

ကြာသပတေး၊ တနင်္ဂနွေ အပြန်အလှန်ပူးသော နာမည်ရှင်များ၊ (ဥပမာ-မြင့်ဦး၊ အောင်မျိုး) အင်္ဂါနာမည်များ (ဥပမာ-စောစော)၊ သောကြာ၊ စနေပူးသောနာမည်များ (ဥပမာ-သိန်းဌေး)ကြောင့် စိတ်သောကရောက်ရတတ်သည်။

### (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

အမွေကိစ္စများ၊ မြေကိစ္စများ၊ မင်္ဂလာကိစ္စများ ကြီးမားသော အလှူကြီးများ ဆောင်ရွက်သင့်ပါသည်။ စက်ပစ္စည်းအဟောင်းများ ဝယ်ခြင်း လူမျိုးခြားများနှင့် စပ်တူပြုလုပ်ခြင်း ရှောင်ပါ။

### (၁၀) ပတ်ဝန်းကျင်နိမိတ်

အမွေရသည်ကို မြင်ခြင်း၊ ကြားခြင်း၊ မိမိအနီးမှ ဘုန်းတော်ကြီးတစ်ပါးပါး ဘွဲ့ထူး ဂုဏ်ထူး ဆက်ကပ်ခံရခြင်း၊ ကြီးကျယ်သော အလှူပြုလုပ်ခြင်းများ ကြုံရ ကြားရပါက ကိုယ်တိုင်ငွေအ လုံးအရင်းဝင်မည်။

### (၁၁) ဆောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေနာမည်ရှင်များ၊ နေ့ရက်များ၊

နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံကုန်ပစ္စည်းများ ရောင်းဝယ်ခြင်းဖြင့် အကျိုးအမြတ်ရမည်။ ၂၊ ၉၊ ၅၊ ၁ ဂဏန်းများ အကျိုးပေးသည်။ အမွေကိစ္စများ ဆောင်ရွက်ခြင်း၊ မင်္ဂလာဆောင်ခြင်း၊ အလှူကြီးများ ပြုလုပ်ခြင်း၊ အရောင်နု၊ အရောင်ဖျော့များ ဝတ်ဆင်ခြင်း ပြုလုပ်သင့်ပါသည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။

## (၁၂) ရှောင်ရန်

စနေ၊ အင်္ဂါ၊ သောကြာနာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပေး။၎င်းနံသင့်ကုန်ပစ္စည်းများ ရောင်းချသို လှောင်ရန် မသင့်။ ဆေးဝါးလုပ်ငန်း တိုးချဲ့ခြင်းများ၊ လူ ၃ဦး ခရီးသွားခြင်းများ၊ ခိုက်ရန်ကို လို၍ သွားသော ခရီးဝေးများ၊ ၇၊ ၃၊ ၆ ဂဏန်းများ၊ မင်္ဂလာအခမ်းအနားတွင် ဝတ်ဆင်သော အနက်ရောင်များ ရှောင်ပါ။ ၎င်းနံသင့် အစာများ သတိထား စားပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

မကြာခဏ မုန့်လုံးရေပေါ် ကပ်လှူခြင်း၊ ရွက်လှကို မညှိုးအောင် ဘုရားလှူထားခြင်း၊ ပထဝီဇယမန္တန်ကို မပြတ်ရွတ်ခြင်းတို့ ပြုလုပ်ရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားရှင်နှင့် ရှင်သီဝလိရဟန္တာမထေရ်ကြီးအား သစ်သီးဆွမ်းများ မကြာခဏကပ်လှူခြင်း၊ ပဋ္ဌာန်းပါဠိကို ယခုတစ်နှစ်အတွင်း (၈၄၀၀၀) ပြည့်အောင် ရွတ်ဆိုခြင်း၊ မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဆိုခြင်း၊ အရဟတ်တက် ကြွသော သံဃာတော်အရှင်သူမြတ်များအား ဆွမ်းလောင်းလှူခြင်းတို့ ပြုလုပ်ရမည်။

❋ ❋ ❋ ❋ ❋

၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးသော
ကြာသပတေးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၁ | ** | * | ※ | × | ** | × | ** | ** | ** | × | * | ※ | * |
| ၁၃၀၉ | ** | * | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |
| ၁၃၁၇ | ** | * | ※ | × | ** | × | × | × | ● | * | ※ | × | ** |
| ၁၃၂၅ | ** | * | ※ | × | ** | × | ● | × | ** | × | ** | × | ** |
| ၁၃၃၃ | ** | * | ※ | × | ** | × | ** | ** | * | ※ | × | ** | × |
| ၁၃၄၁ | ** | * | ※ | × | ** | × | * | * | ● | ※ | × | * | ● |
| ၁၃၄၉ | ** | * | ※ | × | ** | × | ● | × | ** | × | ※ | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂,၁၃၅၀ ခုနှစ် မွေးဖွားကြသော ကြာသပတေးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

လူအများစုနှင့် ပြုလုပ်ရသော လုပ်ငန်းရှင်များအတွက် အကျိုးပေးမည့်နှစ် ဖြစ်သောကြောင့် အနုပညာသမားဟောင်းများ ပြန်လည် စန်းပွင့်လာခြင်း၊ အနုပညာလုပ်ငန်း ရပ်ဆိုင်းနေသူများ ပြန်လည် လှုပ်ရှားလာရတတ်သည်။ နိုင်ငံရပ်ခြား ခရီးထွေသွားရန် အကြိမ်ကြိမ်ပျက်ကွက်နေသူများ ယခုနှစ် အောင်မြင်မည်။ ၁၃၄၂ ခုဖွား မိန်းကလေးများ ရုတ်တရက် အိမ်ထောင်ကျတတ်၍ အထူးဆင်ခြင်ပါ။ ငွေကုန်ကြေးကျအလွန်များတတ်၍ အဖိုးမတန်သော ကျောက်များ မဝင်မိစေရန် အထူးဂရုစိုက်ပါ။ ကြီးမားသောလုပ်ငန်း အခြေချမည့်သူများ ဆင်ခြင်ပါ။ အခြေအနေအပြောင်းအလဲများ ရှိတတ်သည်။ ညီအစ်ကိုမောင်နှမများ၏ အထင်မြင်လွဲမှားမှုကို ခါးစည်းခံရတတ်သည်။ မိတ်ကောင်း ဆွေကောင်းများ ဖယ်ခွာတတ်သောနှစ်ဖြစ်သည်။ စုံနေသားသမီးများနှင့် အဓိက ပဋိပက္ခဖြစ်တတ်သောနှစ် ဖြစ်သည်။ အိမ်တိုးချဲ့ဆောက်ခြင်း၊ ရေလုပ်ငန်းများ ပြုလုပ်ခြင်း ဂရုစိုက်ပါ။ စားသောက်ဆိုင်ဖွင့်သောသူများ အကျိုးပေးလိမ့်မည်။ မိခင် (သို့) မိခင်ကဲ့သို့နေသူများ ကျန်းမာရေး အလွန်ညံ့တတ်သောနှစ် ဖြစ်သည်။

၁၃၅၀၊ ၁၃၁၀ ခုဖွားသူတို့သည် လူမျိုးကွဲများက အကူအညီပေးတတ်သည်။ သူတစ်ပါးကို ကူညီခြင်းကြောင့် အကျိုးကျေးဇူးခံစားရမည်။ ထီးထိုးသင့်သည်။ အနက်ရောင်ရှိသော တွင်းထွက်ပစ္စည်းများ ဝင်လာတတ်သည်။ မိမိထံ မြားဦးလှည့်နေသော ပြဿနာများကို အောင်မြင်စွာ ရှောင်ရှားနိုင်မည်။ ၁၃၄၂၊ ၁၃၁၀၊ ၁၃၃၄ ဖွားသူတို့သည် ငယ်ရွယ်သူဖြစ်ပါက

အိမ်ထောင်ဖက် တွေ့ရတတ်သည်။ စက်အသစ်များ ဝင်မည်။ ဆေး၊ စက်ကိရိယာရောင်းဝယ်ရေး၊ ဆန်၊ ဆီ ရောင်းဝယ်ခြင်း စသော လုပ်ငန်းများ ဝင်ငွေကောင်းမည်။ အလုပ် ကောင်းမည်။ အပြိုင်အဆိုင်များကို အောင်မြင်မည်။ လုပ်ငန်းရှင်များ လက်အောက်ဝန်ထမ်းများကြောင့် အကျိုးခံစားရမည်။ ဝန်ထမ်းကောင်း ရမည်။ အရှိန်အဝါ ရှိလာတတ်သည်။ သတင်းကောင်း ကြားရတတ်ပြီး၊ လူချစ်လူခင် ပေါလာမည်။

၁၃၃၄၊ ၁၃၁၀ ခုဖွားသူတို့သည် ခရီးရှည်ထွက်ရန် ကြံစည်စိတ်ကူးထားသူများ အောင်မြင်မည်။ အဝေးရောက် ဆွေမျိုးများ အိမ်ရောက်တတ်သည်။ ရောက်ပါက အိမ်တွင် အတိုက်အခံ ရန်ဖြစ်ရတတ်သည်။ အနုပညာအလုပ်များ ခရီးသွားလာရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များ အခြေအနေ ပြန်ကောင်းလာမည်။ အစုရှယ်ယာလုပ်ငန်းများ ပျက်မလိုလို ဖြစ်ပြီးမှ ပြန်လည် အခြေအနေကောင်းမည်။

၁၃၁၈၊ ၁၃၁၀ ခုဖွားသူတို့သည် မိမိပိုင်ငွေကြေးနှင့် စိတ်ဆင်းရဲရတတ်သည်။ အလွယ်တကူငွေချေးခြင်းကိစ္စများ ရှောင်ပါ။ အမွေကိစ္စ ပြဿနာရှိသည်။ ပညာရပ်ဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများ ပြဿနာရှိသည်။ မုဆိုးမ၊ တစ်ခုလပ်တို့နှင့် ပတ်သက်သော အဆင်မပြေမှုများ ရှိမည်။ ဝမ်းဗိုက် ကျန်းမာရေး ညံ့သည်။

၁၃၁၀၊ ၁၃၃၄၊ ၁၃၄၂ ခုဖွားသူတို့သည် အိမ်ပြင်ဆောက်ခြင်း၊ အသစ်ပြန်ပြင်ခြင်းများ မပြုလုပ်သင့်သောအချိန်ကာလ ဖြစ်သည်။ လုပ်ငန်းရှင်များ၊ လုပ်ငန်းအခက်အခဲဖြစ်တတ်ခြင်း၊ အပြိုင်အဆိုင်ရှိခြင်း၊ မအောင်မြင်တတ်ခြင်းတို့ ကြုံရတတ်သည်။ အလုပ်စတင်လုပ်ကိုင်လိုသူများ မပြုလုပ်သင့်သောအချိန်ကာလ ဖြစ်ပြီး အခက်အခဲအမျိုးမျိုး ကြုံတွေ့ရတတ်သည်။ အနီရောင်ပစ္စည်းများ၊ အင်း၊ အဆောင်များ မဝင်သင့်သောကာလဖြစ်သည်။ အိမ်ထောင်ဦးစီးဖြစ်သူ၏ ကျန်းမာရေး ညံ့တတ်သည်။ တခြားသူတို့၏ အလုပ်များဖြင့် အချိန်ကုန်နေရတတ်သည်။

၁၃၀၂၊ ၁၃၁၀၊ ၁၃၃၄ ခုဖွားသူတို့သည် အမျိုးသမီးများဖြစ်ပါက အဖော်လိုက်ရသော ရေလမ်းခရီးသွားခြင်းမျိုး ရှောင်ပါ။ လေရောဂါရှိသူများ အထူးဂရုပြုပါ။ မိမိကျက်စားရာနေရာ၊ နေထိုင်ရာနေရာမှ လူများက မိမိအပေါ် အမြင်စောင်းလာတတ်သည်။ တန်းတူ ညီအစ်ကိုမောင်နှမများနှင့် ပြဿနာကြုံရတတ်သည်။ ရွှေဆိုင်ဖွင့်သူများ ရေသန့်လုပ်ငန်းရှင်များ အထူးညံ့သည်။ ရွှေထွက်တတ်သည်။ စကားပြောမှား၍ ပြဿနာကြုံရတတ်သည်။ လိပ်ကလေးများကို မကြာခဏ အစာကျွေးပါ။

(၂) **စီးပွားရေး**

အနုပညာနှင့်ဆက်နွယ်သော လုပ်ငန်းများ၊ အလှအပနှင့်ဆိုင်သော ပစ္စည်းများ၊ အလှဖန်တီးသော လုပ်ငန်းများ၊ စားသုံးကုန်များ အလွန် အကျိုးပေးမည်။ လူအများနှင့် ပြုလုပ်ရသော လုပ်ငန်းများ ကောင်းသည်။ အိမ်ခြံမြေပွဲစားများ၊ အကျိုးဆောင်များ အလွန်ညံ့သည်။ ငွေကြေး ကစားသူ များ အခက်အခဲဖြစ်မည်။ ရွှေရတနာအစစ်ထက် ရွှေစိမ်ရောင်းသူများသာ အလုပ်ပိုဖြစ်မည်။ ဆန်စပါး အကျိုးပေးမည်။ ရော်ဘာ၊ လဲမွှို့၊ ပဲအမျိုးမျိုး လုပ်ငန်းများ ညံ့မည်။ အင်္ဂါ၊ သောကြာနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင် လုပ်ပါ။ ယခုတစ်နှစ်လုံး သောကြာနေ့ရောက်တိုင်း လမ်းခွေးများကို ထမင်း ဟင်းကျွေးပါ။

(၃) **ကျန်းမာရေး**

ရင်တုန်၊ လက်တုန်၊ လေထိုး၊ လေနာရောဂါများ၊ အကြောရောဂါ ဟောင်းများ၊ ခါးကိုက်သော ဝေဒနာများ၊ အအေးမိခြင်းများ၊ နှလုံးကြပ် ခြင်းများ ဖြစ်တတ်၍ သရဏဂုံ (၃၀) ရွတ်ပြီးမှ ထမင်း အမြဲစားပါ။ အင်္ဂါ၊ သောကြာနာမည်ပါသော ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသပါ။ အထိ အခိုက်များလွန်းလာလျှင် တစ်နေ့တည်း ဘုရား(၆)ဆူ လှည့်၍ဖူးပါ။

(၄) **အိမ်ထောင်ရေး**

အမျိုးသားများ — အမြဲတန်း ဆက်ဆံရခက်သော ဇနီးသည်နှင့် စကားပြောဆိုခြင်း အဆင်ပြေလာမည်။ စိတ်ချမ်းသာလာမည်။ ဇနီးသည်နှင့် ကွဲကွာနေရလျှင် ပြန်ဆုံရမည်။ လူငယ်အမျိုးသားများ၊ အလည်လွန်ပါက မမျှော်လင့်ဘဲ အိမ်ထောင်ကျလိမ့်မည်။

အမျိုးသမီးများ — ခင်ပွန်းသည်ကြောင့် များစွာ စိတ်ချမ်းသာရမည်။ ၁၃၄၂ ခုဖွား မိန်းကလေးများ နေတတ်ထိုင်တတ်အောင် အထူးဆင်ခြင်ပါ။

သားသမီးများ — ညံ့တတ်သောနှစ်ဖြစ်၍ နူးညံ့သိမ်မွေ့စွာ ဆက်ဆံပါ။ အသွားအလာ များနေလိမ့်မည်။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ညံ့သောနှစ် ဖြစ်သည်။ အခြားသူများထက် နှစ်ဆကြိုးစားရသော နှစ် ဖြစ်သည်။ ဘုရားရှင်၏ ဉာဏ်တော်အနန္တကို နေ့စဉ်နှင့်အမျှ ကြည်ညို ပူဇော်ပါ။

**ဝန်ထမ်းရေးရာ** - အကြီးအကဲများတွင် ကြုံတွေ့ရသော အခက်အခဲများကို ကူညီလိုက်ပါ။ လုပ်ဖော်ကိုင်ဖက်များ အပြောင်းအလဲ ကြုံလိမ့်မည်။ သရဏဂုံ (၃၀)ကို နေ့ရော ညပါ ရွတ်သင့်သည်။

## (၆) ချစ်ရေး ချစ်ရာ

အဆင်မပြေမှုများ ရုတ်တရက်များလာတတ်၍ အခြားသူနှင့် နှိုင်းယှဉ်အစားထိုးပြောခြင်း ရှောင်ပါ။ သောကြာနေ့တိုင်း ခွေးလေးများ၊ ခိုလေးများကို အစာကျွေးပါ။

## (၇) နိုင်ငံခြားခရီး

ခရီးဝေးသွားရန် အမျိုးမျိုးအခက်အခဲကြုံနေသူများ ယခုနှစ် ကျိန်းသေ သွားရမည်။ Z. Y. R အက္ခရာနှင့်စသော နိုင်ငံများဖြစ်ပါက အခက်အခဲများစွာ ရင်ဆိုင်ရမည်။ (၄)ဦး (၈)ဦးသွားခြင်း၊ ဗုဒ္ဓဟူးနေ့ ခရီးထွက်ခြင်း လုံးဝရှောင်ပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

ဗုဒ္ဓဟူး၊ စနေအပြန်အလှန်ပူးသော နာမည်များ (ဥပမာ-လွင်ထွန်း)၊ တနင်္ဂနွေ၊ စနေ ပူးသော နာမည်များ (ဥပမာ-အောင်ထွန်း)၊ တနင်္လာ နာမည်များ(ဥပမာ-ကျော်ကျော်) ကြောင့် စိတ်သောက ရောက်တတ်သည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

မိဘများ၏ ခွင့်ပြုချက်ရရှိပါက အိမ်ထောင်ပြုရန် ကောင်းသည်။ စက်ပစ္စည်းများ ဝင်လျှင် ကောင်းသည်။ ဆေးဆိုင်များ၊ ဆေးဝါးထုတ်လုပ်သော လုပ်ငန်းများ တိုးချဲ့သင့်သည်။ အလှကုန်များ အလှပြုပြင်လုပ်ငန်းများ၊ အနုပညာနှင့် ဆက်နွယ်နေသော လုပ်ငန်းများ စတင်သင့်သည်။ အဆောင်၊ အင်း၊ လက်ဖွဲ့၊ အဟောင်းများ စွန့်ပစ်ရန်။

(၁၀) ပတ်ဝန်းကျင်နိမိတ်

အိမ်အနီးအနားသို့ ဆွမ်းဆန်အလှူခံသော တန်းစီကြွလာသည့် ဆရာတော်များကို ဖူးရပါက နီးရာဆိုင်တွင် ထီပြေးထိုးပါ။

(၁၁) ဆောင်ရန်

အင်္ဂါ၊ သောကြာ၊ စနေ နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ အကျိုးပေးသည်။ ၎င်းနံသင့်ကုန်ပစ္စည်းများ ရောင်းဝယ်သို လှောင်ခြင်းဖြင့် အကျိုးအမြတ်ရမည်။ ဆေးထုတ်လုပ်ခြင်းလုပ်ငန်းများ နိုင်ငံကုန်ပစ္စည်းဆိုင်များ၊ အလှဖန်တီးသော ဆိုင်များ၊ စားသောက်ဆိုင် ကြီးများ ကောင်းသည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။

(၁၂) ရှောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ အကျိုးမပေး။ ၎င်းနံသင့် ကုန်ပစ္စည်းများ သို လှောင်ရောင်းချခြင်း ရှောင်ပါ။ ၅၊ ၁၊ ၄၊ ၈ ဂဏန်းများ လက်ဖက်ရည်ဆိုင် ဖွင့်ခြင်း၊ ရေလုပ်ငန်းရှင်များ ညံ့သည်။ ၁၃၃၄ ခုဖွားများသည် ရုတ်တရက် အခြေပြုတ်သည်အထိ ကံနိမ့်နေသည်။ ဘာသာတရား ကိုင်းရှိုင်းပါ။

(၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ရေသတ္တဝါများကို ကြုံတိုင်း အစာကျွေးခြင်း၊ ထမင်းစားပြီးတိုင်း ခွေးများကို အစာကျွေးခြင်း၊ တန်ဆောင်းများကို မကြာခဏသွားပြီး တံမြက် စည်းလှည်းခြင်းတို့ ပြုရမည်။

(၁၄) ကံမြင့် ကံပွင့် အစီအရင်

သောကြာနေ့တိုင်း လမ်းခွေးများကို ထမင်းကျွေးပါ။ အသက် အရွယ်ကြီးသော မိခင်အရွယ် နွမ်းပါးသူများအား လစဉ် ဒါနကုသိုလ်ပြု ပါ။ မကြာခဏ ဘုရား (၆)ဆူ လှည့်၍ သရဏဂုံ (၃၀) အမိဋ္ဌာန်ပုတီးစိပ် ခြင်း၊ ဆီမီးထွန်းညှိခြင်း၊ အုတ်ကြားတွင် ပေါက်နေသော မြက်များအား နှုတ်ပေးခြင်းတို့ ပြုလုပ်ရမည်။

❊ ❊ ❊ ❊ ❊

၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးသော ကြာသပတေးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၂ | ● | ✱✱ | × | ✱✱ | × | ✱✱ | × | × | ● | ✱ | ✳ | × | ✱✱ |
| ၁၃၁၀ | ● | ✱✱ | × | ✱✱ | × | ✱✱ | [illegible] | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၁၈ | ● | ✱✱ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၂၆ | ● | ✱✱ | × | ✱✱ | × | ✱✱ | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၃၄ | ● | ✱✱ | × | ✱✱ | × | ✱✱ | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၄၂ | ● | ✱✱ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၅၀ | ● | ✱✱ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃,၁၃၅၁ ခုနှစ် မွေးဖွားကြသော ကြာသပတေးသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မအောင်မြင်ခဲ့သေးသော လုပ်ငန်းများ အောင်မြင်မည့်နှစ် ဖြစ်သည်။ ကံနိမ့်နေရာမှ ကံဇာတာတက်လာမည့်နှစ် ဖြစ်သည်။ ရပ်ဆိုင်းနေသောလုပ်ငန်းများ ပြန်၍ လည်ပတ်လာမည်။ မိတ်ကောင်း ဆွေကောင်းများနှင့် အဆင်ပြေပြီး ရုတ်တရက် ဆန့်ကျင်ဖက် ဖြစ်တတ်သည်။ သို့သော် ပြန်လည် အဆင်ပြေမည်။ အနီးဆုံး မိတ်ဆွေများသည် သစ္စာမဲ့လာတတ်သည်။ ထို့ကြောင့် စပ်တူလုပ်ငန်းများ ရှယ်ယာခွဲသင့်သောနှစ် ဖြစ်သည်။ အိမ်တိုးချဲ့ခြင်း မပြုရ။ ဧည့်သည်အလွန်များလာတတ်သည်။ ငွေဝင်သလောက် ကုန်ပြီး၊ ကုန်သလောက် ဝင်တတ်သည်။ အမျိုးသမီးများ အိမ်ထောင်ဖက်ကို တင်းကျပ်ချုပ်ချယ်ခြင်းမှ ရှောင်ရမည့်နှစ် ဖြစ်သည်။ လုပ်ငန်းနှင့်ယှဉ်သော မျက်နှာပွင့်ခြင်းမျိုး ဖြစ်လာမည်။ အကျင့်သီလအားနည်းသောနှစ် ဖြစ်၍ မျက်နှာပွင့်သော်လည်း ဘုန်းကံ မှိန်တတ်သည်။ ညီအစ်ကိုမောင်နှမများ၏ အထောက်အပံ့ကို မမျှော်လင့်ဘဲ ရတတ်သည်။ မိခင်(သို့) မိခင်ကဲ့သို့ နေသူများ၏ ကျန်းမာရေးကြောင့် စိတ်ပူရတတ်သည်။

၁၃၄၃ ခုဖွားတို့သည် အဝေးမှ ငွေကြေးထောက်ပံ့သူတို့ကြောင့် ငွေဝင်တတ်သည်။ အမွေကိစ္စများ ကြုံမည်။ ပညာရေးတွင် အဝေးတစ်နေရာသို့ သွား၍ သင်ကြားရတတ်သည်။ အောင်မြင်သော ပညာရေးဖြစ်

မည်။ ထူးထူးချွန်ချွန် စာမေးပွဲ အောင်တတ်သည်။ သင်တန်းအသစ်များ ပညာအသစ်များ ရရှိတတ်သည်။

၁၃၃၅၊ ၁၃၁၁၊ ၁၃၁၉၊ ၁၃၄၃ ခုဖွားသူတို့သည် ကောင်းသော အလုပ်ပြောင်း၊ အိမ်ပြောင်းကြုံရတတ်သည်။ ရာထူး တက်တတ်သည်။ အထက်လူကြီးများ၏ ကြည့်ရှုမှု ခံရတတ်သည်။ လုပ်ငန်း စတင်လုပ်ကိုင်လိုသူများ ပြုလုပ်ဆောင်ရွက်သင့်သော အချိန်ကာလ ဖြစ်သည်။ အနီရောင် ပစ္စည်းများ ဝင်လာတတ်သည်။ ဖခင်ဖြစ်သူ၏ အောင်မြင်မှုကို ကြုံရတတ်သည်။ မိတ်ကောင်း ဆွေကောင်းများ ရရှိလာတတ်သည်။

၁၃၂၇၊ ၁၃၁၁၊ ၁၃၃၅ ခုဖွားသူတို့သည် ရွှေရောင်ပစ္စည်းများ ဝင်မည်။ ရွှေဆိုင်ပိုင်ရှင်များ၊ ရေသန့်လုပ်ငန်းပိုင်ရှင်များ၊ ရေလုပ်ငန်းဆိုင်ရာ ပိုင်ရှင်များ စီးပွားရေးကောင်းမည်။ ရေလမ်းခရီးများ ထွက်ရတတ်သည်။ သားငယ် သမီးငယ်တို့၏ အောင်မြင်မှုကို ကြုံတွေ့ရတတ်သည်။ ညီအစ်ကို မောင်နှမများထံမှ လက်ဆောင်ပစ္စည်းများ ဝင်မည်။

၁၃၁၁၊ ၁၃၁၉၊ ၁၃၄၃ ခုဖွားသူတို့သည် အချစ်ရေး၊ နှလုံးသားရေးရာကိစ္စများတွင် ရှုပ်ထွေးပါက အစွပ်အစွဲခံရတတ်သည်။ ငယ်ရွယ်သူတို့ ခိုက်ရန်ဖြစ်ပွားတတ်၍ အထူးသတိထားပါ။ ဆေးမှား၊ အစာမှား ဖြစ်တတ်သည်။ ဆရာအတုအယောင်များနှင့် ကြုံတွေ့ရတတ်သည်။ စက်ပစ္စည်းအဟောင်းများ အဝင်မခံရ။ လုပ်ငန်းရှင်များဖြစ်ပါက လက်အောက်ဝန်ထမ်းများကြောင့် ပြဿနာဖြစ်ရတတ်သည်။ အိမ်ထောင်သည် အမျိုးသမီးများ မိမိခင်ပွန်းသည်အတွက် ပူပန်နေရတတ်သည်။

၁၃၀၃၊ ၁၃၁၁၊ ၁၃၁၉၊ ၁၃၄၃ ခုဖွားသူတို့သည် ခန္ဓာကိုယ်အောက်ပိုင်း၊ အမျိုးသမီးဆိုင်ရာရောဂါဟောင်းရှိသူများ သတိထားဂရုစိုက်ရမည်။ အစုရှယ်ယာလုပ်ကိုင်နေသူများ အခက်အခဲတွေ့ပြီး လမ်းခွဲရတတ်သည်။ အိမ်ထောင်ရှိ အမျိုးသားများ ဇနီးသည်၏ ကျန်းမာရေး ညံ့တတ်၍ အထူးဂရုစိုက်ပါ။ ဇနီးသည်နှင့်အတိုက်အခံ ပြောရတတ်သည်။ တီဗီကဲ့သို့သော အလှအပအနုပညာပစ္စည်းများ ပျက်မည်။ အသစ် မဝယ်ရ။ အနုပညာလုပ်ငန်းမှ ပညာရှင်များ ဖြစ်ပါက ပြိုင်ဆိုင်သူတို့နှင့် တိုက်ခိုက်ရမှုများ ပြည့်နှက်နေတတ်သည်။ ခရီးရှည်ထွက်ရန် ကြံစည်ထားသူတို့ အောင်မြင်မည် မဟုတ်။

၁၃၄၃၊ ၁၃၅၁ ခုဖွားသူတို့သည် မိခင်ဖြစ်သူ၏ ကျန်းမာရေးကို အထူးဂရုစိုက်ရမည်။ အချစ်ရေးတွင် ကံခေသောနှစ် ဖြစ်ပြီး၊ ချစ်သူရှိသူတို့ မကြာခဏ စိတ်ဝမ်းကွဲနေရတတ်သည်။ မင်္ဂလာကိစ္စကြီးကျယ်စွာ ဆောင်

ရွှက်ရန် မသင့်သောကာလ ဖြစ်သည်။ အများပိုင် ငွေကြေးများကို ကိုင်တွယ်ရသူတို့ ပြဿနာဖြစ်တတ်၍ အထူးသတိထားရမည်။ ငွေကုန်ကျမှုများမည်။ အကြွေးရှိပါက ပူပင်ရတတ်သည်။ ချစ်သူနှစ်ဦး ခရီးထွက်ခြင်းများ ရှောင်ပါ။ ငါးကလေးများကို မကြာခဏ သက်စေ့လွှတ်သင့်သည်။

## (၂) စီးပွားရေး

ဗုဒ္ဓဟူး၊ ကြာသပတေးနံသင့်ပစ္စည်းများ အကျိုးပေးမည်။ ဆေးကုသူများ၊ ဆေးမှားတတ်၍ အထူးဂရုစိုက်ပါ။ တရားမဝင်သစ်များ ပြဿနာရှိသည်။ အနုပညာလုပ်ငန်းရှင်များ၊ အနုပညာပစ္စည်း ထုတ်လုပ်မှုများ အခက်အခဲများ ကြုံမည်။ သောက်ရေအိုးများ လှူပေးပါ။ အင်္ဂါနံပါသော အရပ်ဒေသတွင် ပြင်းထန်စွာ ဆိုင်ကယ်စီးခြင်း ရှောင်ပါ။

## (၃) ကျန်းမာရေး

ရင်၊ ဝမ်း ဥပဒ်ပေးမည်။ ဆီးထိုးတတ်သည်။ခန္ဓာကိုယ်အောက်ပိုင်း လေးနေတတ်သည်။ အစာအိမ်၊ အသည်းနှင့်ဆိုင်သော ရောဂါဟောင်းပေါ်မည်၊ ဗုဒ္ဓဟူး၊ ကြာသပတေး နာမည်ရှင် ဆရာဝန်၊ ဆေးဆရာများနှင့် ကုပါ။ အင်္ဂါနေ့တိုင်း ခွေးကို ထမင်းကျွေးပါ။ ဗောဓိချက်သုတ်ရွတ်ပြီးမှ အမြဲ ထမင်းစားပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | စကားဟောင်းများ ပြဿနာဟောင်းများ ပြောဆိုတတ်သော ဇနီးသည်ကြောင့် စိတ်ဆင်းရဲရတတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ သွားလာလှုပ်ရှားမှုအား စိတ်ငြိမ်းချမ်းစွာဖြင့် ဖြေရှင်းပါ။ သို့မှသာ အဆင်ပြေမည်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ပြုရန် မသင့်သေးသောနှစ် ဖြစ်သည်။ |
| သားသမီးများ | မမျှော်လင့်ဘဲ အောင်မြင်မှုရတတ်သည်။ |

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရွှေတောင်စာပေ

ပညာရေးအထူးကောင်းမွန်သောနှစ် ဖြစ်သည်။ မအောင်ဘူးသော စာမေးပွဲအောင်လိမ့်မည်။ မသင်ရသေးဘူးသော ပညာထပ်မံ သင်ရမည်။ ဝန်ထမ်းများ အပြောင်းအလဲ ဖြစ်မည်။ အကြီးအကဲ အပြောင်းအလဲ ရှိသည်။ အဆောင်ပစ္စည်းများ မဝင်သင့်။ စကားပြောမှား၊ ဆိုမှားရှိတတ်၍ ဆင်ခြင်ပါ။ ငွေစာရင်း ပြဿနာရှိသည်။

## (၆) ချစ်ရေး ချစ်ရာ

မလိုလားအပ်သော ပြဿနာဟောင်းများ မကြာခဏပြောတတ်၍ အလွန်စိတ်ညစ်ရတတ်သည်။ အခြေအနေတစ်ခုမှ အခြေအနေတစ်ခုသို့ အကြိမ်ကြိမ် စိတ်ကူးတတ်သည်။ အင်္ဂါနေ့တိုင်း ခွေး၊ နို့အစာကျွေးပါ။

## (၇) နိုင်ငံခြားခရီး

အလွန်ညံ့သောနှစ် ဖြစ်သည်။ ဗုဒ္ဓဟူး၊ ကြာသပတေးနာမည်ပါသူများနှင့် အကူအညီတောင်းမှ ဘာမဆို အကျိုးပေးမည်။ H နှင့်စသော နိုင်ငံများသို့ လုံးဝမသွားသင့်ပါ။ ၆ဦး ဆုံ၍ လုံးဝမသွားသင့်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

အင်္ဂါ၊ သောကြာတွဲသော နာမည်ရှင်များ၊ (ဥပမာ-စိုးသင်း)၊ စနေ၊ သောကြာတွဲသော နာမည်ရှင်များ (ဥပမာ-ထွန်းသန်း)၊ တနင်္ဂနွေနာမည်ရှင်များ (ဥပမာ-အောင်အောင်)ကြောင့် စိတ်ဆင်းရဲရတတ်သည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

ရွှေရတနာများ ဝင်လျှင် ကောင်းသည်။ အခြေချရန် မြေကွက်ဝယ်ခြင်းများ ကောင်းသည်။ တတ်နိုင်ပါက အိမ်ထောင်ပြုရန် မသင့်သောနှစ်ဖြစ်သည်။ အနုပညာလုပ်ငန်းများ စတင်ခြင်း၊ အနုပညာနှင့်ဆိုင်သော ပစ္စည်းများ၊ အရောင်းအဝယ် စတင်ခြင်း ညံ့သည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

တန်ခိုးကြီးဘုရားများ ဒေသစာရီကြွချီလာခြင်း၊ ဘုန်းကံကြီးမားသော ဆရာတော်ကြီးများ ကြွလာခြင်းတို့ကို မြင်ရ တွေ့ရပါက အလွန်အောင်မြင်မည်။

(၁၁) **ဆောင်ရန်**

ကြာသပတေး၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ အရပ်ထောင့်များ၊ မြို့ဒေသများ အကျိုးပေးသည်။ ၎င်းနံသင့် ကုန်ပစ္စည်းများ ရောင်းဝယ်သို လှောင်၍ အကျိုးအမြတ်များမည်။ ၅၊ ၄ ဂဏန်းများ၊ ဘုရားဖူးခရီးဝေးသွားခြင်းများ ကောင်းသည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။

(၁၂) **ရှောင်ရန်**

အင်္ဂါ၊ သောကြာ၊ တနင်္လာ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ အရပ်ထောင့်များ၊ မြို့ဒေသများ အကျိုးမပြု။ ၎င်းနံသင့် ကုန်ပစ္စည်းများ ရောင်းဝယ်ရန် မသင့်။ ၃၊ ၆၊ ၂ ဂဏန်းများ အကျိုးမပေး။ ယခုနှစ်မှစ၍ ဆေးဝါးထုတ်လုပ်ခြင်း၊ အနုပညာလုပ်ငန်း လုပ်ကိုင်ခြင်းများ၊ အင်း၊ အဆောင် ဆောင်ခြင်းများ မလုပ်သင့်။ ၁၃၁၁ ခုဖွားများသည် ဆိုင်ကယ်စီး အထူးဆင်ခြင်ပါ။

(၁၃) **တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်**

ကျိုက်ထီးရိုးဘုရားသို့ရောက်အောင် သွားဖူးခြင်း (သို့) ကျိုက်ထီးရိုးဘုရားအား ရည်မှန်း၍ အမြဲကပ်လှူခြင်း ထမင်းစားပြီးတိုင်း ခွေးစာကျွေးခြင်းတို့ ပြုလုပ်ရမည်။

(၁၄) **ကံမြင့် ကံပွင့် အစီအရင်**

နံနက်မိုးလင်းတိုင်း ကျိုက်ထီးရိုးဘုရားကြီးအား ရည်မှန်း၍ သောက်တော်ရေ ကပ်လှူပါ။ ရောင်တော်ပွင့် ဘုရားရှိခိုးခြင်းဖြင့် ရွတ်ဖတ်ပူဇော်ပါ။ ရွှေဘွဲ့မည်ရှိသောစေတီပုထိုးများသို့ လှည့်၍ အဓိဋ္ဌာန် ပုတီးစိပ်ပါ။ အင်္ဂါနေ့နှင့် စနေရောက်တိုင်း အင်ဖက်ခင်း၍ လမ်းခွေးများကို ထမင်းဟင်း ကျွေးပါ။

❋ ❋ ❋ ❋ ❋

၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးသော
ကြာသပတေးသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၃ | × | ● | ✱ | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၁၁ | × | ● | ✱ | ✳ | × | ✱✱ | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၁၉ | × | ● | ✱ | ✳ | × | ✱✱ | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၂၇ | × | ● | ✱ | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၃၅ | × | ● | ✱ | ✳ | × | ✱✱ | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၄၃ | × | ● | ✱ | ✳ | × | ✱✱ | × | × | ● | ✱ | ✳ | × | ✱✱ |
| ၁၃၅၁ | × | ● | ✱ | ✳ | × | ✱✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးဖွားကြသော သောကြာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

အခြေချနေထိုင်ရန် မြေ၊ အိမ်ကောင်းများ ဝင်တက်သည့်နှစ် ဖြစ်သည်။ မိတ်ကောင်း ဆွေကောင်း ကြည့်ရှုတတ်သည်။ မည်သည့်နည်းနှင့်မဆို စီးပွားရေးသော်လည်းကောင်း၊ လူမှုရေးသော်လည်းကောင်း၊ အိမ်ထောင်ရေးအရသော်လည်းကောင်း၊ အခြေခံကောင်းရတတ်သောနှစ် ဖြစ်သည်။ ညီအစ်ကိုမောင်နှမများ သားသမီးများ၏ အောင်မြင်မှုကြောင့် ဂုဏ်ယူရလိမ့်မည်။ အဖိုးမတန်သော ကျောက်များ လုံးဝမဝင်ရ။ ပညာရေးဘက်တွင် ထူးထူးခြားခြား အောင်မြင်တတ်သည်။ နောက်ထပ်တစ်ဘွဲ့အတွက် ထပ်မံ ကြိုးစားသင့်သည်။ ထူးခြားသောပညာများ ရရှိခြင်း၊ တရားထူး တရားမြတ်များ ရရှိခြင်းဖြင့် အောင်မြင်တတ်သည်။ ဖခင် (သို့) ဖခင်ကဲ့သို့ နေသူများ၏ အောင်မြင်မှုကို တွေ့ရမည်။ ၁၃၂၈ ခုဖွားများသည် ဖခင်ကဲ့သို့နေသူများ၏ ကူညီမစစောင့်ရှောက်မှုကို ခံရမည်။

### (၂) စီးပွားရေး

ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူးနံသင့် ကုန်ပစ္စည်းများ အကျိုးပေးမည်။ ထိုနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။ ငွေတိုးချေးသူများ ယခုနှစ်အတွင်း နစ်နာတတ်သည်။ တရားမဝင်သစ်ရောင်းဝယ်သူများ၊

လူသုံးကုန်ပစ္စည်းထုတ်လုပ်သူများ အခက်အခဲများ ကြုံရမည်။ ခရီးသွားပို့ဆောင်မှုလုပ်ငန်းများ အခက်အခဲများ ဖြစ်မည်။ စပ်တူလုပ်ငန်းများရှယ်ယာဝင်ထားသော လုပ်ငန်းများ အခြေအနေအလွန်ဆိုးသည်။

## (၃) ကျန်းမာရေး

ရင်တုန်ခြင်း၊ လေထိုးလေနာဖြစ်ခြင်း၊ နှလုံးရောဂါဖြစ်ခြင်း၊ ခြေခါးအောင့်ခြင်း၊ နာခြင်း၊ အကြောညှပ်ခြင်းဖြစ်တတ်၍ ၂၄ပစ္စည်းရှုတ်ပြီးမှ ထမင်းစားပါ။ ကြာသပတေး၊ ဗုဒ္ဓဟူး၊ တနင်္ဂနွေ နာမည်ရှင်ဆေးဆရာ ဆရာဝန်များနှင့် ကုသပါ။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ ဖနီးသည်ကျန်းမာရေး ချူချာတတ်သည်။ အတွေးအခေါ် အယူအဆများ လွဲတတ်သည်။ သူ၏အစီအစဉ်ဖြင့် ခရီးဝေးမသွားရ။

အမျိုးသမီးများ ခင်ပွန်းသည်နှင့် မကြာမကြာ ကတောက်ကဆများ ဖြစ်တတ်သည်။ ကိုယ်ထိလက်ရောက်များအထိ ဖြစ်မလာအောင် အပြောအဆို ဆင်ခြင်ပါ။

သားသမီးများ မမျှော်လင့်ဘဲ အောင်မြင်တတ်သည်။ တိုးတက်စွာ ပြောင်းလဲခြင်း ဖြစ်လိမ့်မည်။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေး အလွန်ကောင်းမွန်သောနှစ် ဖြစ်သည်။ ကြိုးစားသလောက် ခရီးပေါက်မည်။ တွက်ချက်ရသော အတတ်ပညာများ၊ သိပ္ပံနှင့်ဆိုင်သော နည်းပညာများ၊ နက္ခတ်ဗေဒင်ပညာများ၊ အလွန်အကျိုးပေးသောနှစ် ဖြစ်သည်။ ပညာရေးတွင် နှလုံးသားရေးရာ ရောထွေးလာပါကရောက်ရှိသည့်နေရာတွင် တန့်သွားမည်။ ဝန်ထမ်းများသည် ခရီးထွက်ရခြင်း သို့မဟုတ် အကြီးအကဲအပြောင်းအလဲဖြစ်ခြင်း ကြုံမည်။ အကြီးအကဲများ ၏ မစောင့်ရှောက်ခြင်းကို ခံရမည်။ အကြီးအကဲသည် အမျိုးသမီးဖြစ်ပါက သူ၏ ကျန်းမာရေးကြောင့် ကိုယ်ပါ စိတ်ညစ်ရမည်။

**(၆) ချစ်ရေး ချစ်ရာ**

စကားကြောင့် မကြာခဏ အမှားပါတတ်သောနှစ် ဖြစ်သည်။ အခြေအနေတစ်ခုမှ တစ်ခုသို့ ပြောင်းလဲတတ်သည်။ နှလုံးသားရေးရာ အရှုပ်အထွေးများ ဖြစ်လာတတ်သည်။ အသက်ကြီးသော အမျိုးသမီးများ စောင့်ယှက် ... ... မှ ကြုံရမည်။ အင်္ဂါနေ့ရောက်တိုင်း ခွေးများကို အစာကျွေးပါ။

**(၇) နိုင်ငံခြားခရီး**

အလွန်ညံ့သည်။ H. J. K နှင့်စသော နိုင်ငံများသို့ သွားရန် ကြံစည်ပါက ပိုဆိုးမည်။ ဧဦးသွား ခရီးဖြစ်လျှင် လုံးဝမအောင်မြင်တတ်ပါ။ ခက်ခဲသော ခရီးများအတွက် ကြာသပတေး၊ ဗုဒ္ဓဟူး တနင်္ဂနွေနာမည်ရှင်များကို ချဉ်းကပ်၍ အကူအညီရယူပါ။ ထမင်းစားပြီးတိုင်း ချန်၍ ခွေးများကို အစာကျွေးပါ။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

ဗုဒ္ဓဟူး၊ စနေ အပြန်အလှန်ပူးသော နာမည်များ၊ တနင်္ဂနွေ၊ စနေပူးသော နာမည်များ၊ တနင်္လာနာမည်များကြောင့် စိတ်ညစ်မှုများစွာ ကြုံရမည်။ ထိုနာမည်မျိုးများကို ရှောင်ပါ။ ဗုဒ္ဓဟူးတစ်လုံးထဲမှည့်ထားသော နာမည်များ အောင်မြင်လိမ့်မည်။

**(၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ**

ရုပ်ပွားတော်များ ဆရာတော်ကြီးများမှ ချီးမြှင့်သော အဆောင်များ၊ ရေတွင်းတူးခြင်းများ၊ အိမ်ပြင်ဆောက်ခြင်း၊ တိုးချဲ့ခြင်းများ၊ အမွေကိစ္စ ပြုလုပ်ခြင်းများ ကောင်း၏။ အဖိုးမတန်သော ကျောက်များ သိမ်းထားပါက ထုတ်ပစ်ပါ။ ငွေထည်ပစ္စည်းအကျိုးအပဲ့များ၊ ငွေနှင့်ပြုလုပ်သော အဆောင်လက်ဖွဲ့အပျက်များ ထုတ်ရန် လိုသည်။

**(၁၀) ပတ်ဝန်းကျင်နိမိတ်**

အိမ်အနီးသို့ တန်ခိုးကြီးဘုရားများ ဒေသစာရီကြွချီတော်မူလာခြင်း၊ တန်ခိုးကြီးဆရာတော်ကြီးများ ကြွလာတော်မူခြင်း၊ အမွေများရရှိခြင်းသည့် နိမိတ်များ တွေ့ပါက ငွေအလုံးအရင်း ဝင်တတ်သည်။ အိမ်ရှေ့

တွင် လာ၍ ကားပျက်သော နိမိတ်များ ထူးထူးခြားခြားကြုံပါက ငွေကုန်ကြေးကျ အလွန်များ လိမ့်မည်။

## (၁၁) ဆောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ နေ့သားများ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံ ပစ္စည်းများ သိုလှောင်ရောင်းချနိုင်သည်။ အိမ်တိုးချဲ့ခြင်း၊ အိမ်ဆောက်ခြင်းများ၊ အမွေကိစ္စ ပြုလုပ်ခြင်းများ၊ မြေ၊ အိမ်ဝယ်ခြင်းများ၊ ရုပ်ပွားတော် ထုလုပ်ပူဇော်ခြင်းများ၊ အဝီစိတွင်းတူးခြင်းများ အလွန်ကောင်းသည်။

## (၁၂) ရှောင်ရန်

အင်္ဂါ၊ သောကြာ၊ တနင်္လာ နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ အရပ်ထောင့်များ၊ မြို့ဒေသများ အကျိုးမပေး။ ၎င်းနံသင့်ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းများ ရှောင်ပါ။ ယခုနှစ်မှ ကားဝယ်ခြင်းများ ကျောက်လုပ်ငန်း စတင်ခြင်းများ၊ အနုပညာလုပ်ငန်း စတင်ခြင်းများ ကြီးကျယ်ခမ်းနားသော မင်္ဂလာဆောင်ကြီးများသို့ သွားခြင်းများ၊ ကိုယ်တိုင် အကြီးအကျယ် မင်္ဂလာဆောင်ခြင်းများ ရှောင်ပါ။ ၁၂၉၆ ဖွားသူများ ၁၃၄၄ ဖွားသူများ ကျန်းမာရေး အထူးဂရုစိုက်ရမည်။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ဘုရားရှင်အား စံပယ်ကပ်လှူခြင်း၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ မဟာဝေဒပ္ပ မန္တန် နေ့စဉ် ရွတ်ဖတ်ပူဇော်ခြင်းတို့ ပြုလုပ်ရမည်။။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

အင်္ဂါနေ့နှင့် စနေနေ့ရောက်တိုင်း လမ်းခွေးများကို ထမင်းဟင်းများ ကျွေးပါ။ ဆီမီးခွက်နှင့် ထွန်းရသော ဆီမီးကို မွေးနေ့ရောက်တိုင်း ပူဇော်ပါ။ စံပယ်ပွင့်များ မကြာခဏကပ်လှူပါ။ ယခုနှစ်မှစ၍ 'ကျောက်'ဆောင်ခြင်း လုံးဝရှောင်ပါ။ ပထမံဂါထာကို နေ့ စဉ် အကြိမ်ပေါင်းများစွာ အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ပါ။ ရွှေဘွဲ့အမည်ရှိသော တန်ခိုးကြီးစေတီပုထိုးများသို့ မကြာခဏ သွား၍ ရွှေပြား၊ ရွှေသက်န်းကပ်လှူခြင်း၊ အဓိဋ္ဌာန်ပုတီးများ စိပ်ခြင်းပြုပါ။

✲ ✲ ✲ ✲ ✲

၁၂၉၆၊ ၁၃၀၄၊ ၁၃၁၂၊ ၁၃၂၀၊ ၁၃၂၈၊ ၁၃၃၆၊ ၁၃၄၄ ခုနှစ် မွေးသော
သောကြာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၆ | ✱✱ | ● | ✳ | × | ✱✱ | × | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၀၄ | ✱✱ | ● | ✳ | × | ✱✱ | × | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၁၂ | ✱✱ | ● | ✳ | × | ✱✱ | × | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၂၀ | ✱✱ | ● | ✳ | × | ✱✱ | × | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၂၈ | ✱✱ | ● | ✳ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၃၆ | ✱✱ | ● | ✳ | × | ✱✱ | × | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၄၄ | ✱✱ | ● | ✳ | × | ✱✱ | × | × | × | ● | ✱ | ✳ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ မုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၉၇၊ ၁၃၀၅၊ ၁၃၁၃၊ ၁၃၂၁၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၄၅ ခုနှစ် မွေးဖွားကြသော သောကြာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ဝင်သမျှ ကုန်ပြီး၊ ကုန်သမျှ ပြန်ဝင်မည့်နှစ်ဖြစ်သောကြောင့် စီးပွား ရေး အသင့်အတင့်ကောင်းမွန်မည်။ ငယ်ရွယ်သူ မိန်ကလေးများ နှလုံးသား ရေးရာကိစ္စများတွင် နေတတ် ထိုင်တတ်ရန် လိုသည်။ ရုတ်တရက် ဘဝ၏ အပြောင်းအလဲများ ကြုံတတ်သည်။ ၁၃၂၉ ခုဖွား မိန်းကလေးများ အိမ် ထောင်ပြုလျှင် ဖြင့်မြတ်ချမ်းသာသော ခင်ပွန်းကောင်းရမည်။ အိမ်ထောင် ပြုရန် အစီအစဉ်မရှိပါက ချစ်သူ၏စကားကို ယဉ်ကျေးသိမ်မွေ့စွာ စဉ်းစား ပြီးမှ ယုံပါ။ အမျိုးသားလုပ်ငန်းရှင်များ မိတ်ကောင်း ဆွေကောင်း ရတတ် သောနှစ် ဖြစ်သည်။ အဂ္ဂိနံ၊ တနင်္လာနံ လုပ်ငန်းရှင်များ အလွန် ကြီးပွား အောင်မြင်မည်။ ညွှသည်အလွန်များလာတတ်၍ တင်ကျွေးရမည့် သူ များ ပေါ်များ နေတတ်သည်။ စာပေပညာရှင်များ၊ ထင်ရှားကျော်ကြားသော စာပေပညာဆုများ ရလိမ့်မည်။ စာနယ်ဇင်းလုပ်ငန်းရှင် အထူး အောင်မြင် မည်။ ဆေးပညာရှင်များ ထူးခြားသော သမိုင်းမှတ်တိုင်များ စိုက်ထူနိုင် လိမ့်မည်။ လူငယ်များ ဆိုင်ကယ်လက်ဆောင်ရခြင်း၊ ဝယ်ဖြစ်ခြင်း ကြုံလိမ့် မည်။ စိုးမိုးကျော်ကဲ့သို့ အဂ္ဂိနှင့် တနင်္လာပူးသော ထိဆိုင်ကြီးများမှ ထိ ကြီးများ ဝင်လိမ့်မည်။ စာသင်ကျောင်းဆောက်လုပ်လှူမည့် ပုဂ္ဂိုလ်များ ထမြောက်မည်။ ဆေးခန်းဖွင့်လှစ်မည့်လူများ အောင်မြင်မည်။ ဆန်စပါး

လုပ်ငန်းလုပ်ကိုင်မည့်သူများ၊ ဆီကုန်သည်ကြီးများ အထူးအကျိုးပေးမည်။ လူမျိုးကွဲကို အားကိုးရသော စီးပွားရေးလုပ်ငန်းများ အခက်အခဲဖြစ်မည်။ သားသမီးများ အမူအကျင့် ရိုင်းလာတတ်၍ မိဘမှ ညင်သာစွာ ကိုင်တွယ်ပါ။

## (၂) စီးပွားရေး

အင်္ဂါ၊ တနင်္လာနံသင့် ကုန်ပစ္စည်းများ အကျိုးပေးသည်။ ဆန်စပါး၊ ဆီ၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ အလွန်ကောင်းသည်။ ကောက်ပဲသီးနှံ ကုန်ခြောက် အရောင်းအဝယ်သမားများ၊ စားသောက်ဆိုင်လုပ်ငန်း ပြုလုပ်သူများ ကောင်းသည်။ အထည်နှင့် ဖိနပ်လုပ်ငန်းရှင်များ၊ နာရီလုပ်ငန်းများ အခက်အခဲဖြစ်မည်။ အင်္ဂါ၊ တနင်္လာနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။ အဆောင်များ၊ အင်းများ ဝင်လာလျှင် လာဘ်ပိတ်သွားမည်။ ရွှေရည်စိမ်ပစ္စည်းများကို စီးပွားရေးအတွက် အဆောင်ပြုခြင်း ရှောင်ရှားပါ။

## (၃) ကျန်းမာရေး

ရင်တွင်းရောဂါများ အဆုပ်ပွခြင်း၊ လေပွခြင်းများ၊ ခြေလက်ထုံခြင်းများ၊ ဦးခေါင်းမရှင်းခြင်းများ၊ နံရိုးနားတစ်ဝိုက်နှင့် ဒူးနာခြင်းများ ရုတ်တရက် သွေးအားနည်းသွားခြင်းများ ချွေးထွက်လွန်၍ မူးခြင်းများ မကြာခဏ ဖြစ်တတ်၍ မိဘမဲ့ကလေးများကို တတ်အားသမျှ လှူဒါန်းပါ။ ဒုက္ခိတများကို မကြာခဏ လှူဒါန်းပါ။ သရဏဂုံ (၃၀)ရွတ်ပြီးမှ ထမင်းစားသော အကျင့်ကို ကျင့်ပါ။ အင်္ဂါ၊ တနင်္လာနာမည်ရှင်၊ ဆရာဝန်များ၊ ဆေးဆရာများနှင့် တိုင်ပင် ကုသပါ။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ စကားဟောင်းများ၊ ပြဿနာဟောင်းများ ပြောတတ်သော ဇနီးသည်ကို သည်းခံလိုက်ပါက (သို့) ဘုရားစေတီ ပုထိုးဟောင်းများသို့ (ရှေးဟောင်း ဘုရားများသို့) သွားလိုသော ဇနီးသည်၏ ပါရမီကို ဖြည့်လိုက်ပါက အလွန်ပျော်ရွှင်ဖွယ်ကောင်းသောနှစ် ဖြစ်သည်။

အမျိုးသမီးများ ခင်ပွန်းသည်ကြောင့် အလွန်စိတ်ချမ်းသာရမည်။ ယခုနှစ်မှ အိမ်ထောင်ပြုမည့်သူများ၊ ခင်ပွန်းကောင်းရမည်။ အလုပ်တာဝန်များသော ခင်ပွန်းရမည်။

သားသမီးများ ပြင်းထန်သောဆန့်ကျင်ဘက်ပြုခြင်း မဟုတ်သော်လည်း ဆုံးမမှုပြုခြင်းတွင် ခက်ခဲနေတတ်သည်။ အကြမ်းမဖက်ရန် သတိပြုပါ။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေး အနည်းငယ်ညံ့သည်။ သို့သော် အေးချမ်းစွာနှင့် အောင်မြင်တတ်သည်။ စိတ်လေမှုများ နေတတ်သည်။ ဝန်ထမ်းများ လုပ်ငန်းတွင် အပြောင်းအလဲရှိသည်။ လုပ်ဖော်ကိုင်ဖက်များကြောင့် စိတ်ဆင်းရဲရလျှင် မေတ္တာသုတ်ကို နေ့ဂြိုဟ်သက်အလိုက် ရွတ်ပါ။ အတိုက်အခံ၊ အပြိုင်အဆိုင် ပေါ်တတ်၍ (၂၄)ပစ္စည်းကို နေ့စဉ် အဓိဋ္ဌာန်နှင့် ရွတ်ပါ။

## (၆) ချစ်ရေး ချစ်ရာ

စန်းပွင့် လွန်သွားတတ်သောနှစ် ဖြစ်သည်။ စည်းထားရန် လို၏။ လုပ်ငန်းခွင်နှင့် နှလုံးသားရေးရာ ယှဉ်တတ်သည်။ ရေလှုခြင်းကို မကြာခဏပြုပါ။

## (၇) နိုင်ငံခြားခရီး

အခက်အခဲများကြားမှ သွားရတတ်သည်။ အင်္ဂါ၊ တနင်္လာနာမည်ရှင်များနှင့် အကူအညီတောင်းမှ ခရီးဝေးကိစ္စများ အောင်မြင်မည်။ D.N.T နှင့် စသော နိုင်ငံများဖြစ်ပါက အခက်အခဲများ ကြုံရမည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

အင်္ဂါ၊ သောကြာပူးသောနာမည်များ၊ စနေ၊ သောကြာပူးသောနာမည်များ၊ တနင်္ဂနွေနာမည်များကြောင့် စိတ်ဆင်းရဲရတတ်သည်။ အင်္ဂါတစ်လုံးတည်း မှည့်သူများ အလွန်အကျိုးပေးမည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

စက်ပစ္စည်းများ ဝင်လေ ကောင်းလေ ဖြစ်သည်။ ရုပ်ပွားတော်များ၊ ပုံတော်များ ဝင်လျှင်ကောင်းသည်။ ကျောက်နီများ၊ အင်းများ၊ လက်ဖွဲ့များ ဝင်လျှင် ခိုက်မည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

စိန်ဖူးတော်တင်လှူခြင်း နိမိတ်များကြားရခြင်း၊ မြင်ရခြင်း အင်္ဂါနံဘွဲ့အမည်ရှိသော တန်ခိုးကြီးရုပ်ပွားတော်ကြွလာခြင်း ကြုံပါက ထူးခြားသော အောင်မြင်မှုဖြစ်လိမ့်မည်။

## (၁၁) ဆောင်ရန်

အင်္ဂါ၊ သောကြာ၊ တနင်္လာနာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်းရောင်းချနိုင်သည်။ ကျောင်းဆောက်ခြင်း၊ စာသင်ကျောင်းတိုးချဲ့ခြင်း၊ အလှူဒါနပြုခြင်းများ၊ မင်္ဂလာပြုခြင်းများ ကောင်းသည်။ စက်ပစ္စည်းများ ဝင်လျှင်ကောင်းသည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။

## (၁၂) ရှောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ စနေနာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပေး။ ၎င်းနံသင့် ကုန်ပစ္စည်းများ ညံ့သည်။ အိမ်ဆောက်ခြင်း၊ အိမ်ဝယ်ခြင်း၊ လူမျိုးခြားများနှင့်လုပ်ငန်းစတင်ထူထောင်ခြင်းများ ရှောင်ပါ။ ၁၊ ၄၊ ၈၊ ၇ ဂဏန်းများ အနက်ရောင်အင်္ကျီများ ရှောင်ရန်။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ကြိုဟ်ရှစ်ခွင်လှည့်၍ ရုပ်ပွားတော်များအား ရေသက်စေ့လောင်းလှူခြင်း၊ ကြိုဟ်ရှစ်ခွင်လုံးတွင် ကံ့ကော်ညွန့်များ လှူဒါန်းခြင်းတို့ ပြုလုပ်ရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ကျိုက်ထီးရိုး ဘုရားဖူးသွားပါ။ မသွားနိုင်သူများ နံနက်တိုင်း ကျိုက်ထီးရိုးဘုရားကြီးကို ရည်မှန်း၍ သောက်တော်ရေကပ်လှူပါ။ ရောင်တော်

ဖွင့် ဘုရားရှိခိုးများဖြင့် ပူဇော်ပါ။ ရာဟုထောင့်တွင် ရွှေ ရေ ယပ်လှူခြင်းများ မကြာခဏပြုပါ။ သံဃာတော်အရှင်သူမြတ်များအား ယပ်တောင်များ၊ သင်္ကန်းများ လှူခြင်း မကြာခဏပြုပါ။ သရဏဂုံ (၃၀)ကို နေ့ရော ညပါ အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ပါ။

❋ ❋ ❋ ❋ ❋

၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉, ၁၃၃၇, ၁၃၄၅ ခုနှစ် မွေးသော
သောကြာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၇ | ** | ** | × | * | ✳ | * | * | * | ● | ✳ | × | * | ● |
| ၁၃၀၅ | ** | ** | × | * | ✳ | * | ● | × | ** | × | ✳ | × | ** |
| ၁၃၁၃ | ** | ** | × | * | ✳ | * | ** | ** | ** | × | * | ✳ | * |
| ၁၃၂၁ | ** | ** | × | * | ✳ | * | ** | ** | ● | ✳ | × | ** | × |
| ၁၃၂၉ | ** | ** | × | * | ✳ | * | × | × | ● | * | ✳ | × | ** |
| ၁၃၃၇ | ** | ** | × | * | ✳ | * | ● | × | ** | × | ** | × | ** |
| ၁၃၄၅ | ** | ** | × | * | ✳ | * | ** | ** | * | ✳ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးဖွားကြသော သောကြာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ရစရာရှိသည်များ မရ။ ပေးစရာရှိသည်များ မပေးနိုင်သောနှစ်ဖြစ်၍ ငွေပြဿနာများ ထူးထူးခြားခြား ကြုံလိမ့်မည်။ ငွေကြေးချမ်းသာသူများအကြောင်း အမျိုးမျိုးနှင့် ငွေလှည့်စားမှု ခံရခြင်းမျိုးများ ကြုံတတ်၍ ရန်သူထက် ကြောက်စရာကောင်းသော မိတ်ဆွေတုကို သတိထားပါ။ လက္ခဏာရှားပါးသူတို့သည် သူတစ်ပါး၏ ငွေကြေးဝါးမျိုးခြင်း ခံရလိမ့်မည်။ တဖြည်းဖြည်း အတိုးပိ၍ မလှုပ်သာမယှက်သာ ဘဝသို့ ရောက်သွားတတ်ပါသည်။ အထူး သတိထားပါ။ နှလုံးသားရေးရာကို ဦးစားပေးခြင်း မလွန်သွားပါစေနှင့်။ မရှုနိုင် မကယ်နိုင် ဖြစ်သွားတတ်ပါသည်။ မိခင်ကဲ့သို့ နေသူများကြောင့် ကသိကအောက်များစွာ ဖြစ်လိမ့်မည်။ ကိုယ်ဝန်ဆောင်များ ရာနှုန်း ၉၀ ဗိုက်ခွဲ၍ မွေးဖွားရလိမ့်မည်။ စပ်တူရှယ်ယာလုပ်ငန်း လုပ်ကိုင်သူများ အခက်အခဲများစွာ ရင်ဆိုင်ရမည်။ ငွေကြေးအပေးအယူ မတည့်သော အချေအတင်များ ဖြစ်မည်။ လူများစွာနှင့် လုပ်ရသော လုပ်ငန်းကြီးများ အခက်အခဲ ကြုံလိမ့်မည်။ ဝန်ထမ်းများ ရာထူးတိုးခြင်း၊ အကြီးအကဲများ မြှောက်စားခြင်း ကြုံလိမ့်မည်။ အိမ်၊ အိမ်ခန်း အခက်အခဲရှိသူများ ယခုနှစ် အဆင်ပြေပြီး အလုပ်လက်မဲ့နှင့် စိတ်သောကရောက်နေသူများ အလုပ်ရမည်။ ငယ်ရွယ်သူများ ဖခင်၏အောင်မြင်မှုဂုဏ်ကို တွေ့ကြုံ

စံစားရမည်။ မိမိစိတ်တွင် အားမရသော သားသမီးများ ယခုနှစ် ထူးထူးခြားခြား အောင်မြင်လိမ့်မည်။ ညီအစ်ကိုမောင်နှမများ ပြန်လည် အကျိုးပြုလိမ့်မည်။ ရပ်ဝေးရောက်နေသော ညီအစ်ကိုမောင် နှမများ၊ သားသမီးများ ထူးထူးခြားခြား အောင်မြင်လိမ့်မည်။ ချူချာနေသူများ ကျန်းမာရေးပြန်ကောင်းလာမည်။ မိခင်၏ ကျန်းမာရေးကို ထူးထူးခြားခြား ဂရုစိုက်ပါ။

## (၂) စီးပွားရေး

စပ်တူလုပ်ငန်းများ ထိတတ်သည်။ ငွေတိုးချေးသူများ ယခုနှစ် ပြဿနာပေါ်မည်။ အပေါင်ခံသူများ သတိထားပါ။ အိမ်ခန်း ဝယ်ရောင်းသမားများ အရောင်းအဝယ်အဆင်ပြေမည် ဖြစ်သော်လည်း ငွေအလီလီ ခွဲရတတ်သည်။ ပလပ်စတစ် လုပ်ငန်းရှင်များ နစ်နာတတ်သည်။ အင်္ဂါနေ့ ရောက်တိုင်း လမ်းခွေးများကို ထမင်းဟင်းပုံ၍ ကျွေးပါ။ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များနှင့် ဘာမဆိုတိုင်ပင် ပြုလုပ်ပါ။

## (၃) ကျန်းမာရေး

ဗိုက်ဝေဒနာဟောင်းပြန်ပေါ်တတ်သည်။ ခါးဆစ်နာတတ်သည်။ (ကျောက်ကပ် မဖြစ်နိုင်ပါ)သွေးတိုးရှိသူများ အစားကြောင့် ဒုက္ခဖြစ်လိမ့်မည်။ ကားမောင်းသူများ ကားမောင်းအထူးဆင်ခြင်ပါ။ ထမင်းစားပြီးတိုင်း လမ်းခွေးများကို အစာကျွေးပါ။ နံနက်မိုးလင်းတိုင်း ရတနာသုတ်တော်ကို အမြဲရွတ်ပါ။ အကြော်ဖြင့် ဆွမ်းတော်ကပ်ပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးနှင့်အတူ တွဲ၍ စီးပွားရေးလုပ်ငန်းတစ်ခုကို ယခုနှစ် အခြေမချသင့် ( ကိုယ်ကသာ ဦးဆောင်ပါ) စကားပြော မဆင်ခြင်သော ဇနီးကြောင့် စိတ်သောကရောက်နေလိမ့်မည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ ဆက်ဆံမှုမှာ ပျော်ရွှင်မှုတစ်ဖက် ဝမ်းနည်းမှုတစ်ဖက် ခံစားမှုများနှင့် ရင်ဆိုင်နေရမည်။ |
| သားသမီးများ | ထူးထူးခြားခြား လိမ္မာရေးခြားရှိလာမည့်နှစ် ဖြစ်သည်။ |

**(၅) ပညာရေး၊ ဝန်ထမ်းရေးရာ**

ပညာရေး ဖြိုဟ်ကောင်းနေပါသည်။ သို့သော် ကျက်မှတ်မှုများ အားနည်း၍ မထင်မှတ်သော အကြောင်းများဖြစ်လာတတ်သောကြောင့် ကြိုးစားရန် လိုပါသည်။ ဝန်ထမ်းများ ငွေကိစ္စကြုံတတ်သည်မှ လွဲ၍ ကံ အလွန်ကောင်းပါသည်။ အကြီးအကဲများ၏ ချစ်ခင်မှုကို ခံစားရမည်။

**(၆) ချစ်ရေး ချစ်ရာ**

စကားပြော မဆင်ခြင်ပါက နှလုံးသားကို ရင်းပစ်ရတတ်သော ကိစ္စများ ပေါ်ပါလိမ့်မည်။ ကိုယ့်အချစ်မှ သူများ အချစ်သို့ ကူးပြောင်းသွားပါလိမ့်မည်။ ၁၃၃၈ ဖွားသူများဖြစ်လျှင် သစ္စာမဲ့သူများနှင့် ကြုံရတတ်ပါသည်။ ထို့ကြောင့် အင်္ဂါနေ့တိုင်း ခွေများ၊ ခိုးများကို အစာကျွေးပါ။ အနေအထိုင်ဆင်ခြင်ပါ။

**(၇) နိုင်ငံခြားခရီး**

အခက်အခဲများစွာ ရင်ဆိုင်ရတတ်ပါသည်။ သို့သော် တနင်္ဂနွေ၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် ဘာမဆိုချဉ်းကပ်ပြုလုပ်ပါ။ အောင်မြင်ပါလိမ့်မည်။ ၅ဦးသွားမည့်ခရီးဖြစ်လျှင် မအောင်မြင်နိုင်ပါ။ P. M. B အက္ခရာနှင့်စသောနိုင်ငံများဖြစ်ပါက အလွန်အခက်အခဲများ ကြုံလိမ့်မည်။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

တနင်္လာ၊ ကြာသပတေး အပြန်အလှန်ပူးသောနာမည်များ၊ သောကြာ၊ ကြာသပတေးပူးသောနာမည်များ၊ စနေနာမည်များကြောင့် စိတ်သောကများ ရောက်ရတတ်ပါသည်။ သောကြာသားဖြစ်ပြီး ထိုနာမည်များမှည့်ထားပါက ယခုနှစ် အလွန်ဆိုးရွားနိုင်၍ ဘာသာတရား ကိုင်းရှိုင်းပါ။ တနင်္ဂနွေစ၊ တနင်္ဂနွေပိတ် တစ်လုံးတည်းမှည့်သူများ အောင်မြင်လိမ့်မည်။

**(၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ**

အိမ်ပြင်ခြင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ဝယ်ခြင်းများ၊ လုပ်ငန်းရာထူးတိုးမြှင့်ခြင်းများ၊ အလုပ်စတင်ရန် ကြိုးစားခြင်းများ အလွန်ကောင်းသည်။ မြေဝယ်ရောင်းလုပ်သူများ ညံ့သည်။ ၅ဦး စပ်တူပြုလုပ်သူများ သတိထားပါ။ မုန့်ကွဲများ၊ ကျောင်းဆောင်ကွဲများ၊ ပုံတော်အကျိုးအပဲ့များ စွန့်ပစ်ပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အိမ်နီးနားချင်း တစ်ဦးဦးရာထူးတိုးခြင်း၊ နိမိတ်ကို မြင်ရ ကြားရပါက ကိုယ့်မှာ ကံတက်ပြီဟု မှတ်ပါ။ ကောင်းရမ်းစားသောကိုယ်ဝန်ဆောင်နိမိတ်များ အိမ်ရှေ့တည့်တည့်တွင် ခွေးလိုက်ကိုက်သော နိမိတ်များကို မြင်ရ တွေ့ရပါက ငွေမှု၊ ငွေပြဿနာများ ကြုံလိမ့်မည်။

## (၁၁) ဆောင်ရန်

တနင်္ဂနွေ၊ ဗုဒ္ဓဟူးနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၁၊ ၄၊ ဂဏန်းများ၊ အိမ်ဝယ်ခြင်းများ၊ ရွှေဝယ်စုခြင်းများ ကောင်းသည်။ ၎င်းနံသင့်ပန်းများ လှူပါ။ ၁၃၂၂ ခုဖွားတို့သည် ရုတ်တရက် မထင်မှတ်ဘဲ ရာထူးတက်ခြင်း၊ လုပ်ငန်းအကြီးအကျယ် အောင်မြင်သွားခြင်း ကြုံလိမ့်မည်။

## (၁၂) ရှောင်ရန်

သောကြာ၊ တနင်္လာ၊ ကြာသပတေး နာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ ကုန်ပစ္စည်းများ အကျိုးမပေးပါ။ ၆၊ ၂၊ ၅ ဂဏန်းများ မြေဝယ်ရောင်းလုပ်ခြင်းများ၊ အမွေခွဲခြင်းများ လုံးဝညံ့သည်။ ယခုနှစ်မှ စ၍ ကားလုပ်ငန်းပြုလုပ်မည့် ပုဂ္ဂိုလ်များ ဆင်ခြင်ပါ။ ယခုနှစ်မှစ၍ ငွေချေးခြင်းများ ရပ်ဆိုင်းပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ဘုရားစင်အား ရှင်းနေအောင် ပူဇော်ထားခြင်း၊ အကြော်ဖြင့် ဆွမ်းတော် ကပ်လှူခြင်း၊ ထမင်းစားပြီးတိုင်း ခွေးများကို အစာကျွေးခြင်းတို့ ပြုလုပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တစ်နေ့တည်းဘုရား ၄ဆူ လှည့်၍ အင်္ဂါထောင့်တိုင်းတွင် အုန်းညွန့် လက်တစ်ဆုပ်စီ လှူပါ။ မကြာခဏ လစဉ်ပြုလုပ်ပါ။ ဘုရားများသို့ သွား၍ အကြော်၊ အင်ကြင်းများ လှူဒါန်းပါ။ သောကြာနေ့နှင့် အင်္ဂါနေ့ ရောက်တိုင်း စားသောထမင်းကို ချန်၍ ခွေးများကို အစာဝအောင် ကျွေးပါ။ သရဏဂုံ (၃၀)ကို အထူးအဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ပါ။ ရတနာကုန်သည်များ၊ ထီဆိုင်များ၊ မဟာဝေဒဗ္ဗမန္တန်ကို အထူးအဓိဋ္ဌာန်ဖြင့် ရွတ်ပါ။

၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးသော
သောကြာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၈ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၀၆ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၁၄ | ● | ✱✱ | × | ✳ | × | ✱✱ | × | × | ● | ✱ | ✳ | × | ✱✱ |
| ၁၃၂၂ | ● | ✱✱ | × | ✳ | × | ✱✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၃၀ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၃၈ | ● | ✱✱ | × | ✳ | × | ✱✱ | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၄၆ | ● | ✱✱ | × | ✳ | × | ✱✱ | ● | × | ✱✱ | × | ✳ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၈၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးဖွားကြသော သောကြာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

အပြင်ရန် အတိုက်အခံပေါ်များမည့်နှစ် ဖြစ်သည်။ သူများ ပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သောနှစ် ဖြစ်သည်။ မိတ်ဆွေပေါင်းသင်းခြင်းများ စိစစ်ဆင်ခြင်ပါ။ ရန်များသူများနှင့် အတူသွား အတူလာခြင်း ဆင်ခြင်ပါ။ ငွေကြေးအခက်အခဲများ ဖြစ်တတ်သော်လည်း ကူညီမည့်သူများ ကြုံဖန်ပေါ် နေတတ်သည်။ လူမျိုးခြားများနှင့် လုပ်ငန်းပြုလုပ်သူများ အကျိုးပေးလိမ့် မည်။ စပ်တူလုပ်ငန်းရှင်များ အတိုက်အခံများ ဖြစ်ကြလိမ့်မည်။ အိမ်ခြံမြေ ဆောက်လုပ်ငန်း ပြုလုပ်သူများ၊ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့ရ မည်။ အိမ်ဆောက်ပစ္စည်း ရောင်းဝယ်သူများ လုပ်ငန်းအေးနေလိမ့်မည် ။ အခြားလုပ်ငန်းကူးပြောင်းရန်လည်း မသင့်၍ လက်ရှိလုပ်ငန်းကို တစ်မျိုး ထိုးစားပါ။ မျက်မှန်လုပ်ငန်းရှင်များ တွေဝေနေရလိမ့်မည်။ ပညာရေးနှင့် ဆက်ဆိုင်သော စီးပွားရေးလုပ်ငန်းရှင် ဖြစ်လျှင် ရုတ်တရက် အပြောင်း အလဲ ကြုံရမည်။ မွေးမြူရေးလုပ်ငန်းသမားများ ကျန်းမာရေးထိခိုက်လိမ့် မည်။ အဝိစိတွင်းတူးသောလုပ်ငန်းရှင်များနှင့် သင်္ဘောသမ္ဘန်ထောင်ထား သော ရေလုပ်ငန်းရှင်များ မမျှော်လင့်ဘဲ အောင်မြင်လိမ့်မည်။ စားသောက် ဆိုင်လုပ်ငန်းများ အကျိုးပေးမည်။ အမျိုးသမီးများ အိမ်ထောင်ဦးစီး၏ အလုပ်အခက်အခဲကို ဝိုင်းဝန်း ဖြေရှင်းပေးနေရလိမ့်မည်။

## (၂) စီးပွားရေး

စနေ၊ သောကြာ၊ ဗုဒ္ဓဟူး နာမည်ရှင်များနှင့် တိုင်ပင်ပြီး ဘာမဆို ပြုလုပ်ပါ။ ရတနာလုပ်ငန်းရှင်များ အကျိုးပေးမည်။ လူမျိုးကွဲများနှင့် ဆက်သွယ်လုပ်ကိုင်သော လုပ်ငန်းကောင်းသည်။ လက်ဖက်ရည်ဆိုင်၊ စားသောက်ဆိုင်ဖွင့်ခြင်း အကျိုးပေးမည်။ မီးဖိုချောင်သုံး ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ကောင်းကျိုးပေးမည်။ အင်္ဂါနေ့ရောက်တိုင်း လမ်းခွေးများ ထမင်းကျွေးပါ။

## (၃) ကျန်းမာရေး

ဆီးထိုးခြင်း၊ မျက်စိနာခြင်း၊ ခါးနာခြင်း၊ ဦးခေါင်းနှင့်ဆိုင်သော ရောဂါဖြစ်ခြင်းတို့ကြောင့် ထမင်းစားပြီးတိုင်း ဓာရဏပရိတ်ရွတ်သင့်သည်။ တန်ဆောင်းများသို့ မကြာခဏသွား၍ တံမြက်စည်းလှူပါ။ စနေ၊ ဗုဒ္ဓဟူး နာမည်ရှင် ဆေးဆရာ ဆရာဝန်များနှင့် ကုသပါ။ ယာဉ်မောင်းသူ အထူး ဆင်ခြင်ပါ။ ကိုယ်ဝန်ဆောင်များ အမြင့်၊ အနိမ့်၊ အတက်အဆင်း သတိထားပါ။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ ဇနီးသည်နှင့် သင့်လိုက်၊ မသင့်လိုက်ဖြစ်နေသော်လည်း စိတ်ချမ်းသာမှုရှိသောနှစ် ဖြစ်သည်။

အမျိုးသမီးများ အချိန်ပြည့် မဟုတ်သော်လည်း မကြာခဏ ဂရုစိုက်တတ်သော ခင်ပွန်းသည်ကြောင့် စိတ်ချမ်းသာရမည်။

သားသမီးများ အလွန်ကံကောင်းသောနှစ် ဖြစ်သည်။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေးဖြိုဟ်ကောင်းသော်လည်း ကိုယ်တိုင်ကျက်မှတ်မှုများတွင် အဖျားရှူးတတ်၍ ထိရောက်စွာ ကြိုးစားပါ။ ဝန်ထမ်းများ မနားမနေ ဆောင်ရွက်ရတတ်သည်။ အလုပ်သစ် နေရာသစ် ရွှေ့ပြောင်းရတတ်သည်။ အလုပ်နှင့်ယှဉ်သော ခရီးထွက်ခြင်းမျိုး ကြုံမည်။ ထိန်သားပုတီးဖြင့် နမော ၅ ချက် စိပ်ပါ။

## (၆) ချစ်ရေး ချစ်ရာ

ကတောက်ကဆ များတတ်သောနှစ် ဖြစ်သည်။ ခို၊ ခွေးများကို အစာဝအောင် ကျွေးပါ။ ကြီးကျယ်ခမ်းနားသော မင်္ဂလာဆောင်များသို့ မသွားသင့်။

## (၇) နိုင်ငံခြားခရီး

ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ဖြစ်နေသည်။ စနေ၊ သောကြာ၊ ဗုဒ္ဓဟူး နာမည်ပါသူများနှင့် တိုင်ပင်ပြုလုပ်ပါ အောင်မြင်မည်။ ၅ဦး ဆုံ၍ သွားသောခရီးရှောင်ပါ။ A. E. I. O. P. B. M အက္ခရာများနှင့်စသော နိုင်ငံများသို့သွားလျှင် အခက်အခဲများစွာ ကြုံမည်။ သွားမည့်ခရီးကို မုဆိုးမ၊ ကိုယ်ဝန်ဆောင်အမျိုးသမီး ဖျက်တတ်သည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

စနေ၊ အင်္ဂါပူးသောနာမည်များ၊ ဗုဒ္ဓဟူး အင်္ဂါပူးသော နာမည်များ၊ တနင်္ဂနွေ၊ သောကြာ ပူးသောနာမည်များ၊ ကြာသပတေးနာမည်များကြောင့် စိတ်ညစ်စရာ၊ စိတ်သောကရောက်စရာ ကြုံမည်။ စနေစ၊ စနေပိတ်မှည့်ထားသော နာမည်ရှင်များ အကျိုးပေးမည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

ဘုရားပုံတော်များ၊ သိဒ္ဓိရှင်များ၏ပုံတော်များ ဝင်လျှင် ကောင်း၊ လူမျိုးကွဲများနှင့် ပြုလုပ်ရသော လုပ်ငန်းများ ကောင်း၊ ပျက်စီး ယိုယွင်းနေသော အင်း၊ အဆောင်၊ မီးစက်အပျက်များ လုံးဝမထားသင့်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

မဟာဂန္ဓာရီလိုင်းနှင့်ဆိုင်သော ပုဂ္ဂိုလ်ထူးများ ကြွလာခြင်း၊ ဘုရားရုပ်ပွားတော်များ ဒေသစာရီကြွချီတော်မူခြင်း၊ ရှင်လောင်းများ လှည့်လည်ခြင်း၊ နိမိတ်များတွေ့ပါက ကြုံပါက ကိုယ်တိုင်အောင်မြင်မှု ဖြစ်လိမ့်မည်။ ခွေးကိုက်ခြင်း နိမိတ်ကို မြင်ရကြားရပါက ငွေကုန်ကြေးကျများသော ကိစ္စများပေါ်လိမ့်မည်။

## (၁၁) ဆောင်ရန်

စနေ၊ သောကြာ၊ ဗုဒ္ဓဟူးနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၇၊ ၆၊ ၄ ဂဏန်းများကောင်း။ ၁၃၀၇ ခုဖွားများ ဘာသာရေးနှင့်ယှဉ်သော ခရီးဝေးသွားရတတ်သည်။ ၁၃၁၅ ခုဖွားများသည် အလွန်ကံကောင်း၍ အထောက်အပံ့များစွာ ရတတ်သည်။ ရတနာပစ္စည်းများ ဝင်လေ၊ ကောင်းလေ ဖြစ်၏။ တန်ခိုးကြီးဘုရားများသို့ လှည့်လည်၍ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ထီးတင်ပွဲများတွင် ကုသိုလ်များစွာပြုခြင်း၊ ဗုဒ္ဓနုဿတိ ကမ္မဋ္ဌာန်းနှင့် အာနာပနာကမ္မဋ္ဌာန်းတွဲ၍ ကျင့်ကြံအားထုတ်ခြင်း ပြုအပ်၏။

## (၁၂) ရှောင်ရန်

တနင်္ဂနွေ၊ ကြာသပတေး၊ တနင်္လာ နာမည်ရှင်၊ မြို့ဒေသ၊ ကုန်ပစ္စည်းများ၊ ၁၊ ၅၊ ၂ ဂဏန်းများ၊ အိမ်သစ်ဝယ်ခြင်း၊ ပြင်ဆောက်ခြင်း၊ မြေဝယ်ရောင်းပြုလုပ်ခြင်း၊ ကားလုပ်ငန်း စတင်ခြင်းများ၊ စပ်တူလုပ်ငန်းများ စတင်ထောင်ခြင်းများ ရှောင်ရမည်။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ထီးနီ (၇)လက်ကို စနေထောင့်တွင် မကြာခဏလှူပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တန်ခိုးကြီးဘုရားများရောက်တိုင်း တနင်္ဂနွေထောင့်တွင် သပြေလက်တစ်ဆုပ် အမြဲလှူပါ။ ထီးနီ ၇ လက်ကို စနေထောင့်တွင် အမြဲလှူပါ။ အင်္ဂါနေ့ရောက်တိုင်း ခွေးလေးများကို အစာကျွေးပါ။ ဒိဝါတပတိ ဂါထာကို နေ့စဉ် ၁၀၈ခေါက် မပျက်ရွတ်ပါ။

❋ ❋ ❋ ❋ ❋

၁၂၉၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးသော
သောကြာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၉ | ** | * | ※ | × | ** | × | ● | × | ** | × | ** | × | ** |
| ၁၃၀၇ | ** | * | ※ | × | ** | × | ** | ** | * | ※ | × | ** | × |
| ၁၃၁၅ | ** | * | ※ | × | ** | × | * | * | ● | ※ | × | * | ● |
| ၁၃၂၃ | ** | * | ※ | × | ** | × | ● | × | ** | × | ※ | × | ** |
| ၁၃၃၁ | ** | * | ※ | × | ** | × | ** | ** | ** | × | * | ※ | * |
| ၁၃၃၉ | ** | * | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |
| ၁၃၄၇ | ** | * | ※ | × | ** | × | × | × | ● | × | ※ | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးဖွားကြသော သောကြာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မထင်မှတ်သော အကြောင်းတရားတို့သည် မထင်မှတ်သည့်အချိန်တွင် ဆက်ခါဆက်ခါ ဖြစ်လာတတ်ပါသည်။ ထင်သမျှ လွဲချော်နေတတ်သည်။ သူများကိစ္စ ကိုယ့်ကိစ္စ ဖြစ်တတ်ပါသည်။ သူတစ်ပါးအတွက် အသက်ရှင်သန်နေသကဲ့သို့ ခံစားရမည်။ လူမအား စိတ်မနား ကြုံရမည့်နှစ် ဖြစ်သည်။ အနေမတတ်လျှင် လူမှုရေးတွင် လည်းကောင်း၊ စီးပွားရေးလည်းကောင်း ကြားညှပ်တတ်သည်။ သွားမည်ကြံသည့်ခရီးများ ပျက်တတ်သည်။ မထင်သော ခရီးများ သွားရတတ်သည်။ ထွက်ချင် သွားချင်စိတ်များ များပြားနေတတ်သည်။ အနာများ ပေါက်တတ်သည်။ မကြာခဏ ပြောမှားဆိုမှား ဖြစ်တတ်သည်။ သူတစ်ပါး၏ ငွေကိစ္စအား အာမခံမိလျှင် နံလန်မထုအောင် စိုက်ဆပ်ရတတ်သည်။ အမှုအခင်းများ ဖြစ်ပွားတတ်သည်။ နိုင်ငံရပ်ခြားခရီး အလွန် ညံ့သည်။ ယခု တစ်နှစ်လုံး မည်သည့်ကိစ္စမှ ပြီး မလုပ်ရ။ မည်သူနှင့်မဆို ကိုယ်က မျက်နှာငယ်ဘိသကဲ့သို့ ခံစားရတတ်သည်။ ပညာရေးနှင့် ပတ်သက်လျှင် အလွန်ကောင်းသောနှစ် ဖြစ်သည်။ ကဲ့တစ်ကွဲ့မှ နောက်တစ်ဘွဲ့ထပ်ရတတ်သည်။ လောကုတ္တရာအားကောင်းသောနှစ် ဖြစ်၍ နေ့စဉ် အနည်းဆုံး (၁)နာရီခန့် ရွတ်ဖတ် ကျင့်ကြံအားထုတ်ပွင့်မည်။ စနေနေ့တိုင်း ခွေးများကို အစာကျွေးခြင်းဖြင့် ဘာမဆို အောင်မြင်မှုရမည်။ အနုပညာနှင့်ဆိုင်သော လုပ်ငန်းများ၊ ခရီးဝေးသွားရသော လုပ်ငန်းများ အလွန်အခက်အခဲ ဖြစ်မည်။ လူအများစုနှင့် ပြုလုပ်

ရသော စက်နှင့်ဆိုင်သည့်လုပ်ငန်းများ၊ သစ်နှင့်ဆိုင်သည့်လုပ်ငန်းများ၊ လူသုံးကုန်လုပ်ငန်းများ အလွန်ညံ့မည်။ စားသောက်ဆိုင်လုပ်ငန်းများ မမျှော်လင့်ဘဲ ပြဿနာအကြီးအကျယ် ဝင်တတ်သည်။ မိသားစုအတွင်း မခံချင်သော ပြဿနာများနှင့် စိတ်ဝမ်းကွဲတတ်သော ကိစ္စများ မကြာခဏ ဖြစ်လိမ့်မည်။ အောက်လူများ တော်လှန်တတ်သည်။

## (၂) စီးပွားရေး

ကြာသပတေး၊ တနင်္ဂနွေနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။ အကျိုးပေးမည်။ ပညာရေးနှင့်ယှဉ်သော စီးပွားရေးလုပ်ငန်းကောင်းသည်။ ဘာသာရေးနှင့်ဆိုင်သော နိဗ္ဗာန်ကုန်၊ စာအုပ်စာတမ်းများ အကျိုးပေးမည်။ ဖယောင်းတိုင်လုပ်ငန်းကြီးပွားတတ်သည်။ စားသောက်ဆိုင်လုပ်ငန်းများ ရပ်ဆိုင်းခြင်း၊ ပြောင်းရွှေ့ခြင်း၊ သူတစ်ပါးကို ထိုးအပ်ရခြင်း ဖြစ်မည်။ လူသုံးကုန်ပစ္စည်းများ ညံ့တတ်သည်။ အလှအပ မွမ်းမံမှု ခြယ်လှယ်သောလုပ်ငန်းများ ညံ့သည်။ ဘာသာရေးအားထုတ်မှုများမှ စီးပွားဖြစ်မည့်နှစ် ဖြစ်သည်။

## (၃) ကျန်းမာရေး

သွားနှင့်ဆိုင်သော ဝေဒနာ၊ သားအိမ်နှင့်ဆိုင်သော ဝေဒနာများ၊ အစာအိမ်နှင့်ဆိုင်သော ဝေဒနာများ၊ ရင်တလှပ်လှပ်ဖြစ်သော ဝေဒနာများ၊ သွေးအား အလွန်နည်းသော ဝေဒနာများ ဖြစ်တတ်၍ (၂၄)ပစ္စည်းရွတ်ပြီးမှ အမြဲတမ်း ထမင်းစားပါ။ ကြာသပတေး၊ တနင်္ဂနွေ နာမည်ပါသူ ဆရာဝန်၊ ဆေးဆရာများနှင့် ကုသပါ။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ ဇနီးသည် ကံအလွန်နိမ့်သောကြောင့် မကြာခဏ ချုချာတတ်သည်။ လပြည့် လကွယ် ခွဲအိပ်ပါ။ ဘာသာတရား မမေ့ရန် အလွန်အရေးကြီးသည်။

အမျိုးသမီးများ ခင်ပွန်းသည်နှင့် မကြာခဏ ကတောက်ကဆ ဖြစ်တတ်သည်။ လမ်းခွဲစကား ကြားနေရတတ်သည်။

သားသမီးများ မိဘနှင့်သားသမီးကြားတွင် နားလည်မှု လွဲသော ကွာဟမှုများကြောင့် ရိုသေခြင်း၊ ကြင်နာခြင်း၊ ပျော်ရွှင်ခြင်းများ ဆိတ်သုန်းနေလိမ့်မည်။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ထူးထူးခြားခြား အောင်မြင်တတ်သောနှစ် ဖြစ်သည်။ ဆက်ကာဆက်ကာ အောင်မြင်တတ်သည်။ ကြိုးစားတိုင်း ပေါက်မြောက် အောင်မြင်နိုင်သည်။ ဝန်ထမ်းများသည် ထူးထူးခြားခြား ပင်ပန်းတတ်သည်။ အကြီးများ၏ ကူညီမှုကြောင့် ဘာသာရေးနှင့်ယှဉ်သော ခရီးသွားရခြင်း၊ မြတ်သော ပုဂ္ဂိုလ်ထူး ဖူးတွေ့ရခြင်း၊ ထူးခြားဆန်းကြယ်သော စေတီပုထိုး၊ ရုပ်ပွားတော်များ၊ ဓာတ်တော်များကို ဖူးတွေ့ရခြင်း၊ ရာထူးအတွက် သင်တန်းတက်ရခြင်း ဖြစ်မည်။

## (၆) ချစ်ရေး ချစ်ရာ

အမျိုးသားများအနေနှင့် စိတ်ကူးလွယ်ခြင်းများ ရှောင်ရှားပြီး သစ္စာတရားကို ထိမ်းချုပ်သင့်သည်။ နှလုံးသားရေးရာ အပြိုင်ပေါ်လိမ့်မည်။ လျှို့ဝှက်သော ကိစ္စဟောင်းများ ပေါ်လိမ့်မည်။ နှလုံးသားနှင့်ယှဉ်၍ မခံချင်စရာ အကြောင်း ပေါ်လိမ့်မည်။ အလျှောင်ခံနေရသော စာကလေးများ မကြာခဏ လွှတ်ပေးပါ။

## (၇) နိုင်ငံခြားခရီး

အလွန်ညံ့သောနှစ် ဖြစ်၍ ကြာသပတေး၊ တနင်္ဂနွေနာမည်ရှင်များနှင့် ပြုလုပ်ပါမှ အောင်မြင်မည်။ ၆ ဦးသွားခြင်း ရှောင်ပါ။ H. S စသော နိုင်ငံများ လုံးဝ အကျိုးမပေးပါ။ နေ့စဉ် တစ်နာရီ ဘာသာတရားကိုင်းရှိုင်းပါမှ နိုင်ငံခြားခရီး အကျိုးပေးမည်။ ၁၃၄၀ ဖွားများသည် လည်းကောင်း၊ ၁၃၁၆ ခုဖွားများသည်လည်းကောင်း၊ ရုတ်ရက် ထိခိုက်တတ်သော ကံရှိနေ၍ ခရီးရှည် လုံးဝ မထွက်သင့်သောနှစ် ဖြစ်သည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

သောကြာစ၊ သောကြာပိတ်သော နာမည်ရှင်များ၊ သောကြာစ၊ တနင်္လာပိတ်သော နာမည်ရှင်များ၊ ဗုဒ္ဓဟူးနာမည်ရှင်များကြောင့် စိတ်ညစ်ရာ ကြုံတတ်သည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

အမွေကိစ္စများ၊ မြေကိစ္စများ၊ ပညာရေးနှင့်ယှဉ်သော စီးပွားရေးလုပ်ငန်းများ၊ ပညာဆက်လက်သင်ကြားခြင်းများ အကျိုးပေးမည်။

အဆောင်၊ အင်း၊ လက်ဖွဲ့ ရွှေရောင်ပစ္စည်းများ လုံးဝမဝင်ရ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

သီလဂုဏ်၊ သာမာဓိဂုဏ်နှင့် ပြည့်စုံသော ဆရာတော်ကြီးများ ကြွလာသော နိမိတ်မြင်လျှင် ကြားလျှင် လုံးဝတိုးတက်မှု ပညာရေး အကျိုးပေးမည်။ စိတ်မနှံ့သူများကို ဝိုင်းဝန်းဖမ်းဆီးသော နိမိတ်၊ စိတ်မနှံ့သူ အိမ်ထဲဝင်လာသော နိမိတ်မြင်လျှင် ကြားလျှင် ကြုံလျှင် ငွေကုန်ကြေးကျမှု အလွန်များမည်။

## (၁၁) ဆောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၅၊ ၁ ဂဏန်းများ ပညာရေးနှင့်ဆိုင်သော လုပ်ငန်းများ ကောင်းသည်။ ၁၃၃၂ ခုဖွားများသည် ပညာရေးတွင် ထူးထူးခြားခြား အောင်မြင်ခြင်း မြေအဆောက်အဦ ရရှိခြင်း၊ အမွေများရရှိခြင်း ကြုံမည်။

## (၁၂) ရှောင်ရန်

စနေ၊ အင်္ဂါ၊ သောကြာနာမည်ရှင်၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၇၊ ૩၊ ၆ ဂဏန်းများ တရားမဝင်သစ်လုပ်ငန်းများ၊ တရားမဝင်ဆေးဝါးလုပ်ငန်းများ၊ ၁၃၁၆ ဖွား၊ ၁၃၂၄ ဖွားတို့သည် ခရီးဝေးသွားခြင်း ရှောင်ပါ။ ဆေးဝါးထုတ်လုပ်မှုများ သတိထားပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

အသံမစဲ ပဋ္ဌာန်းပွဲများတွင် ဆွမ်းကပ်လှူခြင်း၊ အတောင်ပါသော သတ္တဝါများအား အနှောင်အဖွဲ့မှ လွှတ်ပေးခြင်းတို့ ပြုလုပ်ရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

နေ့စဉ် ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသနှင့် ဓမ္မစကြာကို တွဲရွတ်ပါ။ စနေနေ့တိုင်း လမ်းခွေးများကို အစာကျွေးပါ။ ခန္ဓာကိုယ်အောက်ပိုင်း မကောင်းသူများနှင့် စိတ်ရောဂါသည်များအား တွေ့တိုင်း ကြုံတိုင်း အစာကျွေးပါ။

❋ ❋ ❋ ❋ ❋

၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးသော သောကြာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၀ | ● | ** | × | ** | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၀၈ | ● | ** | × | ** | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၁၆ | ● | ** | × | ** | × | ** | ** | ** | ** | × | * | ※ | * |
| ၁၃၂၄ | ● | ** | × | ** | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၃၂ | ● | ** | × | ** | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၄၀ | ● | ** | × | ** | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၄၈ | ● | ** | × | ** | × | ** | ** | ** | * | ※ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးဖွားကြသော သောကြာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မသင်ဘူးသေး ပညာများ သင်ရခြင်း၊ မတက်ရသေးဘူးသော သင်တန်းများ တက်ရမည် ဖြစ်သည်။ ပညာရေးပိုင်းတွင် အောင်မြင်လိမ့်မည်။ ပညာရေးတွင် တစ်ခုပြီး တစ်ခုဆက်တတ်သည်။ ကောင်းသည်။ အခက်အခဲများကြား ငွေနံကောင်းမည်။ အမွေကိစ္စ၊ မြေကိစ္စပြုလုပ်ရန် အချိန်အခါ ကောင်းသောနှစ် ဖြစ်သည်။ အိမ်ထောင်ပရိဘောဂလုပ်ငန်း၊ အိမ်အလှဆင်လုပ်ငန်း၊ အနုပညာနှင့်ဆိုင်သော လုပ်ငန်း၊ တရားမဝင်သစ်လုပ်ငန်းများ ညံ့မည်။ ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများ ကသိကအောင့်ဖြစ်လိမ့်မည်။ ခရီးသွားလာမှု ဝန်ဆောင်လုပ်ငန်းများ၊ လူမျိုးခြားများနှင့် ဆက်သွယ်သော လုပ်ငန်းများ ငွေကုန်ကြေးကျများပြီး အခက်အခဲ ဖြစ်နေမည်။ ရပ်ဝေးခရီးများသို့ (၆)ဦး လုံးဝမသွားရ။ အဓိပ္ပါယ်မရှိသော ရွှေရောင်ပစ္စည်းများ၊ အဆောင်၊ အင်း၊ လက်ဖွဲ့ပစ္စည်းများ လုံးဝမဝင်ရသောနှစ် ဖြစ်သည်။ အလုပ်အပိုလုပ်ငန်းများကြောင့် မိတ်ဆွေအပေါင်းအသင်းများ ပျက်ပြားတတ်သည်။ ယခုနှစ်သည်ငွေကြေး ကိစ္စပြဿနာပေါင်းများ ပေါ်တတ်၍ သူတစ်ပါး၏ ငွေကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း အာမခံပေးခြင်း လုံးဝမပြုလုပ်ရ။ ဥပဒေနှင့်မကင်းသော မည်သည့်ငွေကြေးကိစ္စမဆို ရှောင်ရှားပါ။ တစ်ကြိမ်မက တစ်ကြိမ်ဆက်တိုက်

ဖြစ်တတ်သော ကံရှိ၍ မည်သည့် ပြဿနာမဆို မဖြစ်အောင် ထိန်းသိမ်းခြင်းသည် အကောင်းဆုံးဖြစ်သည်။ လောကုတ္တရာနှစ်ဖြစ်၍ ဘာသာတရားကင်းစွာဖြင့် လောဘတကြီး စီးပွားရှာခြင်းမျိုး ရှောင်ပါ။

## (၂) စီးပွားရေး

ကြာသပတေးနံပစ္စည်းများ သိုလှောင်ခြင်း အကျိုးပေးမည်။ ကြာသပတေး၊ တနင်္ဂနွေ နာမည်ရှင်များ ဘာမဆိုတိုင်ပင် ပြုလုပ်ပါ။ ခရီးသွားလုပ်ငန်းများ၊ အနုပညာနှင့်ဆိုင်သော လုပ်ငန်းများ၊ အလှအပနှင့် ဆိုင်သော ပစ္စည်းရောင်းဝယ်ထုတ်လုပ်မှု လုပ်ငန်းများ၊ ခြင်နိုင်ဆေးကဲ့သို့ ဆေးအမျိုးမျိုးလုပ်ငန်း ညွှန်းသည်။ စနေနေ့တိုင်း လမ်းခွေးများကို အစာကျွေးပါ။

## (၃) ကျန်းမာရေး

အကြောနှင့် ဝေဒနာများ၊ ရင်၊ ဝမ်းနှင့်ဆိုင်သော ဝေဒနာများ သွားကိုက်၊ သွားနာဝေဒနာများ တစ်ခုပြီးတစ်ခု မကြာခဏ ဆက်ဖြစ်တတ်၍ ထမင်းမစားမီ ၂၄ ပစ္စည်း ရွတ်ပြီး စားသော အကျင့်ကို ကျင့်ပါ။ ကြာသပတေး၊ တနင်္ဂနွေ နာမည် ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသပါ။ အဆောင်၊ လက်ဖွဲ့၊ အင်းများ မလိုလားအပ်သော ရွှေရောင်ပစ္စည်းများ ဝင်လာလျှင် အလွန်ချူချာမည်။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ ဇနီးသည်များ၏ အသွားအခေါ် အယူအဆများမှုကြောင့် လည်းကောင်း။ အမြင်မတူမှုကြောင့်လည်းကောင်း၊ ဆိုးဝါးသော ပြောဆိုဆက်ဆံမှုကြောင့် စိတ်ဆင်းရဲရတတ်သည်။ သည်းခံပါ။

အမျိုးသမီးများ ခင်ပွန်းသည်၏ အပေါင်းအသင်းများမှုကြောင့် စီးပွားရေး အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရတတ်သည်။

သားသမီးများ ထိန်းသိမ်းရခက်သောနှစ် ဖြစ်သည်။

## (၅). ပညာရေး၊ ဝန်ထမ်းရေးရာ

မသင်ဘူးသေးသော ပညာများ သင်ရခြင်း၊ မတက်ရသေးသော သင်တန်းများ တက်ရမည့်နှစ် ဖြစ်မည်။ ပညာရေးပိုင်းတွင် အောင်မြင်မည်။ ဝန်ထမ်းများ ငွေကြေးစာရင်းဇယားများတွင် အထူးဂရုစိုက်ရမည့်နှစ် ဖြစ်သည်။

## (၆) ချစ်ရေး ချစ်ရာ

အလွန်ညံ့သောနှစ် ဖြစ်သည်။ စကားဟောင်း၊ ပြဿနာများ ပြန်ပေါ်လာပြီး အခက်အခဲများစွာ ကြားထဲမှ ချစ်နေရမည့်သူများ ဖြစ်မည်။ ခွေးများကို သောကြာနေ့တိုင်း စားနေသော ထမင်းကို ချန်၍ ကျွေးပါ။

## (၇) နိုင်ငံခြားခရီး

သွားရန် မသင့်သောနှစ် ဖြစ်သည်။ ငွေကုန်လူပမ်းခြင်းသာ ဖြစ်နေမည်။ ဖြီးဆုံမှ သွားသော ခရီးမှာ အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရမည်မလွဲ ဖြစ်မည်။ D. T. H. Y စသောစကားလုံးများဖြင့် ကုမ္ပဏီများ၊ နိုင်ငံများ ရှောင်ပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

ကြာသပတေးစ၊ ကြာသပတေးပိတ်၊ တနင်္ဂနွေစ၊ တနင်္ဂနွေပိတ် နာမည်ရှင်၊ ကုန်ပစ္စည်းများ၊ မြို့ဒေသများ၊ အကျိုးပေး အောင်မြင်မည်။ တနင်္လာစ၊ သောကြာပိတ်၊ စနေပူးသော နာမည်၊ ဗုဒ္ဓဟူးပူးသောနာမည်၊ သောကြာပူးသောနာမည်များ သတိပြု၍ ရှောင်ပါ။ ၅၊ ၁ ဂဏန်းများ အကျိုးပေးမည်။ ပညာရေးနှင့်ဆိုင်သော လုပ်ငန်းများ အကျိုးပေးမည်။

## (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

ပွဲရုံလုပ်ငန်းများ၊ ပဲအမျိုးမျိုး အရောင်းအဝယ်လုပ်ငန်းများ၊ အမွေကိစ္စဆောင်ရွက်မှုများ ပြုလုပ်သင့်သည်။ အနုပညာနှင့်ဆိုင်သော ပစ္စည်း အကျိုးအပဲ့၊ အသံထွက်ပစ္စည်း အကျိုးအပဲ့များ၊ ရွှေရောင်၊ အင်း၊ လက်ဖွဲ့ အဖျက်များ စွန့်ပစ်ရမည်။ ခိုက်တတ်သည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများ၊ သီလသမာဓိအားကြီးသော ကန်တော့ခံ ဆရာတော်ကြီးများ ကြွလာသော နိမိတ်များကို မြင်ရ တွေ့ရ ပါက ယခုနှစ်အတွက် အောင်မြင်မည်။ သူခိုးခိုးခံရသော နိမိတ်တွေ့လျှင် ငွေကုန်ကြေးကျများမည်။

## (၁၁) ဆောင်ရန်

ကြသာပတေး၊ တနင်္ဂနွေ နာမည်ရှင်များ၊ နေ့ရက်များ၊ ကုန်ပစ္စည်း များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ ၅၊ ၁ ဂဏန်းများ အကျိုးပေးမည်။ မြေဝယ်ခြင်း၊ အိမ်ဝယ်ခြင်း ကောင်း ၏။

## (၁၂) ရှောင်ရန်

စနေ၊ သောကြာ၊ ဗုဒ္ဓဟူး၊ အင်္ဂါနံများ၊ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၇၊ ၆၊ ၄၊ ၃ ဂဏန်းများ ညံ့သည်။ တရားမဝင် ခရီးသွား လုပ်ငန်း၊ ရွှေပေါင်ခံခြင်း၊ စက်အဟောင်းဝယ်ခြင်း၊ ရောင်းခြင်း ညံ့သည်။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

တစ်နှစ်ပတ်လုံး ပဋ္ဌာန်းနိဒ္ဒေသ၊ ဥဒ္ဒေသ အကျယ်ရွတ်ပူဇော်ပါ။ ပိတောက်သားပုတီးဖြင့် ၂၄ပစ္စည်း ပဋ္ဌာန်းအား ပုတီးစိပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

မနက်မိုးလင်းတိုင်း ဘုရားရှင်အား မျက်နှာသစ်တော်ရေကပ်၍ ပဋ္ဌာန်းအကျယ်တစ်ခေါက်နှင့် မေတ္တာသုတ်ဂြိုဟ်သက်အလိုက် ရွတ်ပါ။ ဘုန်း ကြီးကုဋီများကို မကြာမကြာ ရေဆေးပါ။ အကျဉ်းကျသော သတ္တဝါများ ကယ်ခြင်း၊ ခွေးများ၊ ခိုများ၊ ကျီးများကို သတိရတိုင်း အစာကျွေးခြင်း၊ မွေးနေ့တိုင်း သားစားရှောင်ကြဉ်ခြင်းတို့ ပြုလုပ်ရပါမည်။

❊ ❊ ❊ ❊ ❊

၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးသော သောကြာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၁ | ● | ** | × | ** | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၀၉ | ● | ** | × | ** | × | ** | ** | ** | ** | × | * | ※ | * |
| ၁၃၁၇ | ● | ** | × | ** | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၂၅ | ● | ** | × | ** | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၃၃ | ● | ** | × | ** | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၄၁ | ● | ** | × | ** | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၄၉ | ● | ** | × | ** | × | ** | * | * | ● | ※ | × | * | ● |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

ပညာရှေ့ဆောင်စာပေ

## ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးဖွားကြသော သောကြာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ငွေအလုံးအရင်း ဝင်တတ်သော၊ စီးပွားဖြစ်တတ်သော၊ ထီပေါက်ခြင်း၊ ထီပေါက်သကဲ့သို့ ငွေဝင်ခြင်းများ ဖြစ်တတ်သောနှစ် ဖြစ်သည်။ အမျိုးသားများ အထူးသဖြင့် ၁၃၂၆ ဖွားများ နှလုံးသားရေးရာ အရှုပ်အထွေးဖြစ်တတ်သည်။ စီးပွားကို ဥပက္ခာပြု၍ မလိုလားအပ်သောကိစ္စများ ဖြစ်တတ်သည်။ လူငယ်များ နှလုံးသားရေးရာ အားကောင်းသောနှစ် ဖြစ်သည်။ အလှူကြီးများ ပေးရတတ်သည်။ မင်္ဂလာဆောင်မည့်သူများ ကြီးကျယ်ခမ်းနားသော မင်္ဂလာကြီးများ ပြုရတတ်သည်။ အခြေအနေတစ်ခုမှ အခြေအနေတစ်ခုသို့ ပြောင်းတတ်သောနှစ်ဖြစ်၍ အိမ်ထောင်ရှင်များ အထူးသတိထားပါ။ ငွေများစွာ ကိုင်တွယ်ရသော လုပ်ငန်းများရတတ်သည်။ ဥပမာ ဘဏ်ကဲ့သို့ နေရာမျိုးတွင် အလုပ်လျှောက်ပါက အလုပ်ရတတ်မည်။ ကားလုပ်ငန်းရှင်များ၊ ကားဝယ်ရောင်းသမားများ အကျိုးပေးမည်။ လူများစွာနှင့် ပြုလုပ်ရသော လုပ်ငန်းကြီးများ အကျိုးပေးလိမ့်မည်။ ဆေးထိုး မှားတတ်သည်။ အနီးကပ်ဆုံး အတူနေ မိသားစုအတွင်းတွင် စိတ်ဝမ်းကွဲသောပြဿနာ ကြုံလိမ့်မည်။ စပ်တူ ရှယ်ယာပြုလုပ်သူများ အုပ်စုပြန်ကွဲလိမ့်မည်။ သားကြီး၊ သမီးကြီးများ အိမ်ထောင်ကျတတ်သည်။ ရပ်ဝေးခရီးများ ထွက်ရတတ်သည်။ အလှူ မကြာခဏ ပြုလုပ်ခြင်းဖြင့်

အောင်မြင်မည့်နှစ် ဖြစ်သည်။ ဆိုင်ကယ်ရှိသူများ ဆိုင်ကယ်စီးအထူး ဆင်ခြင်ပါ။ ယခုနှစ်မှစ၍ ဆေးခန်းဖွင့်မည့်သူများ အထူးဆင်ခြင်ပါ။ အတွင်း အတူနေ အချင်းချင်း ရန်များခြင်း၊ မိသားစုအတွင်း မကျေမလည် ဖြစ်ခြင်း၊ စိတ်ဝမ်းကွဲခြင်း၊ အသေးစားငွေချေးလုပ်ငန်း လုပ်ကိုင်ပါက အောင်မြင်ခြင်းများ ကြုံလိမ့်မည်။

## (၂) စီးပွားရေး

အမျိုးသမီးများအတွက် ငွေနံကောင်းသောနှစ် ဖြစ်၍ စီးပွားရေး လုပ်ငန်းများတွင် အကျိုးပေးမည်။ အမျိုးသားများသည် စီးပွားရေးလုပ်ငန်း များထက် လူမှုရေးကိစ္စ ပိုမိုများပြားလာတတ်သောနှစ် ဖြစ်၍ စီးပွားရေး မှာ ထင်သလောက် မပေါက် ဖြစ်နေလိမ့်မည်။ ညှော်သည်များခြင်း၊ လူပိုများ လာရောက်နေထိုင်ခြင်း ကြုံလိမ့်မည်။ တနင်္လာ၊ ကြာသပတေး နာမည်ရှင် များနှင့် တိုင်ပင်ပြုလုပ်ပါ။ ငှင်းနံများနှင့် အကျိုးပေးမည်။ ကောက်ပဲသီးနှံ လုပ်ငန်းများ၊ အလှူမင်္ဂလာခန်းဝင်ပစ္စည်းများနှင့် သက်ဆိုင်သော လုပ်ငန်း များ၊ ကားလုပ်ငန်းရှင်ကြီးများ အကျိုးပေးမည်။ တနင်္လာထောင့်တွင် ကနက္ကဒန် ထီးဖြူတစ်လက်ကို မကြာခဏလှူဒါန်းပါ။

## (၃) ကျန်းမာရေး

လေအောင့်ခြင်း၊ ဦးခေါင်းလေရိုက်ခြင်း၊ ဆီးရောဂါဟောင်း ပြန် ပေါ်ခြင်း၊ သွေးပေါင်ကျခြင်းတို့ မကြာခဏဖြစ်တတ်၍ တနင်္လာ၊ ကြာသ ပတေး နာမည်ရှင် ဆေးဆရာများ၊ ဆရာဝန်များနှင့် ကုသပါ။ ဂုဏ်တော် ကွန်ချာ ရွတ်ပြီးမှ ထမင်းစားပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ယခုတစ်နှစ်လုံး အိမ်ထောင်ဖက်နှင့် သင့်မလိုလို ဖြစ်ပြီးရင်း မသင့်ရင်း ဖြစ်နေလိမ့်မည်။ |
| အမျိုးသမီးများ | ကိုယ့်ကို ခင်ပွန်းသည်က ကျေနပ်လောက်အောင် မည်မျှလိုက်လျောစေကာမူ မကျေနပ်နိုင်ဖြစ်နေ လိမ့်မည်။ |
| သားသမီးများ | မကြာခဏ အထိအခိုက်များတတ်၍ ဆိုင်ကယ်စီး ခြင်းကို တားမြစ်ပါ။ အခြားမိတ်ဆွေများနှင့် အပျော်ခရီးထွက်ခြင်းကို အားမပေးပါနှင့်။ |

နိုင်ငံခြားသွားရာမှ ချက်ချင်းပြန်လာရသောနိမိတ်ကိုမြင်လျှင် ငွေကုန်ကြေးကျ အလွန်များတတ်သည်။

## (၁၁) ဆောင်ရန်

တနင်္လာ၊ ကြာသပတေး နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ကိုင်းထွက်သီးနှံလုပ်ငန်းအမျိုးမျိုး၊ မင်္ဂလာပန်း အလှဆင်သောလုပ်ငန်းများ၊ ၂၊ ၉၊ ၅ ဂဏန်းများ အလှူမင်္ဂလာအကြီးအကျယ် ပြုလုပ်ခြင်းများ၊ ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် အကျိုးများမည်။

## (၁၂) ရှောင်ရန်

ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ စပ်တူလုပ်ငန်း စတင်ပြုလုပ်ခြင်းများ၊ ဆေးဆိုင် စဖွင့်ခြင်းများ၊ ၄၊ ၈၊ ၇၊ ၃ ဂဏန်းများ အနက်ရောင် ဝတ်ဆင်၍ စီးပွားရေးလုပ်ကိုင်ခြင်းများ ရှောင်ပါ။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

ဝင်ငွေထဲမှ နည်းနည်းချင်း စုပါ။ လစဉ် နေ့တစ်နေ့သတ်မှတ်ပြီး၊ တစ်နေ့တည်း ဘုရား ၉ ဆူ လှည့်၍ လျှပ်စစ်မီးနှင့်ဆိုင်သော အလှူကို လှူပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

စိတ်ရောဂါသည်များကို ကြုံတိုင်း အစာကျွေးပါ။ တနင်္လာဘွဲ့ အမည်ရှိသောဘုရားသို့ မကြာခဏသွား၍ ကနက္ကဒန်ထီးဖြူများ လှူဒါန်းပါ။ အခက်အခဲရှိပါက ဘုရားတစ်ဆူဆူ၏ တနင်္လာထောင့်သို့သွား၍ လှူပါ ယခုတစ်နှစ်လုံး မေတ္တာသုတ်ကို နေ့စဉ် ဖြိုဟ်သက်အလိုက် ရွတ်ခြင်းဖြင့် အားလုံးအောင်မြင်ပါပြီ။

❊ ❊ ❊ ❊ ❊

၁၇၀၂, ၁၇၁၀, ၁၇၁၈, ၁၇၂၆, ၁၇၃၄, ၁၇၄၂, ၁၇၅၀ ခုနှစ် မွေးသော
သောကြာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်ထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၇၀၂ | * | ● | ※ | × | * | ● | * | * | ● | ※ | × | * | ● |
| ၁၇၁၀ | * | ● | ※ | × | * | ● | ● | × | ** | × | ※ | × | ** |
| ၁၇၁၈ | * | ● | ※ | × | * | ● | ** | ** | ** | × | * | ※ | * |
| ၁၇၂၆ | * | ● | ※ | × | * | ● | ** | ** | ● | ※ | × | ** | × |
| ၁၇၃၄ | * | ● | ※ | × | * | ● | × | × | ● | * | ※ | × | ** |
| ၁၇၄၂ | * | ● | ※ | × | * | ● | ● | × | ** | × | ** | × | ** |
| ၁၇၅၀ | * | ● | ※ | × | * | ● | ** | ** | * | ※ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးသော
သောကြာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၂ | * | ● | ※ | × | * | ● | * | * | ● | ※ | × | * | ● |
| ၁၃၁၀ | * | ● | ※ | × | * | ● | ● | × | ** | × | ※ | × | ** |
| ၁၃၁၈ | * | ● | ※ | × | * | ● | ** | ** | ** | × | * | ※ | * |
| ၁၃၂၆ | * | ● | ※ | × | * | ● | ** | ** | ● | ※ | × | ** | × |
| ၁၃၃၄ | * | ● | ※ | × | * | ● | × | × | ● | * | ※ | × | ** |
| ၁၃၄၂ | * | ● | ※ | × | * | ● | ● | × | ** | × | ** | × | ** |
| ၁၃၅၀ | * | ● | ※ | × | * | ● | ** | ** | * | ※ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးဖွားကြသော သောကြာသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ကိုယ်ပိုင်အခွင့်အရေး၊ ကိုယ်ပိုင်အောင်မြင်မှုများ ရမည့်နှစ် ဖြစ်သည်။ အညွန့်ကျိုးဘိသကဲ့သို့ အခက်အခဲဖြစ်နေသူများ အညွန့်တလူလူနှင့် ပြန်လည်ရှင်သန်လာမည့်နှစ် ဖြစ်သည်။ ဘုန်းကံနှင့်ဆိုင်သော ဂြိုဟ်များ ပွင့်လန်းအားကောင်းသည့်နှစ် ဖြစ်လာပြီ။ သို့သော် ငယ်ရွယ်သူများ အိမ်ထောင်မကျအောင် ဆင်ခြင်သင့်ပါသည်။ ညီအစ်ကိုမောင်နှမများနှင့် ဆန့်ကျင်ဘက် ဖြစ်လိမ့်မည်။ နိုင်ငံရပ်ခြား၊ လူမျိုးခြားများနှင့် အကျိုးပေးမည့်နှစ် ဖြစ်ပါသည်။ ဘာမဆိုလုပ်တိုင်း ဖြစ်နေမည့်နှစ် ဖြစ်လာတတ်၍ စိတ်ကြီးမဝင်မိဖို့ အလွန်အရေးကြီးပါသည်။ ရတနာလုပ်ငန်းလုပ်ကိုင်သူများ အခက်အခဲကြုံလိမ့်မည်။ အဆောက်အဦ ဆောက်လုပ်သူများ၊ အကျိုးဆောင်များ၊ အိမ်ပွဲစားများ၊ အခက်အခဲများစွာ ဖြစ်လိမ့်မည်။ ကုန်လှောင်သူများ အခက်အခဲဖြစ်တတ်၍ အကျိုးပေးမည့်နာမည်ရှင်များနှင့် သာတိုင်ပင်ပြုလုပ်ပါ။ ဘာသာတရားကိုင်းရှိုင်းလေ အောင်မြင်လေ ဖြစ်မည့်နှစ် ဖြစ်နေပါသည်။ ခရီးသွားချင် လာချင်စိတ် များစွာ ဖြစ်လိမ့်မည်။ နိုင်ငံခြားသွားမည့်သူများ သင်္ဘောလိုက်မည့်သူများ ဖြစ်ပါက ယခုနှစ်သည် အခက်အခဲမရှိ အောင်မြင်မည့်နှစ် ဖြစ်လာပါပြီ။ အမွေကိစ္စ၊ အိမ်ကိစ္စများကို ကိုယ်တိုင်စကား မပြောသင့်ပါ။ ညံ့ပါသည်။ အလုပ်၊ နေရာ အပြောင်း

အလဲ ဖြစ်ခြင်း၊ ခဏရပ်ခြင်းများ ကြုံလိမ့်မည်။ အကြီးအကဲ အပြောင်း အလဲများနှင့်လည်း ကြုံလိမ့်မည်။ ဌာနဆိုင်ရာလုပ်ငန်းခွင်အတွင်း (သို့) လူမှုရေးလုပ်ငန်းများ၊ ဘာသာရေးလုပ်ငန်းများအတွင်းရှိ အစုအဖွဲ့များ အတွင်း အကြီးအကဲတက်ဖြစ်ပါလိမ့်မည်။

## (၂) စီးပွားရေး

သောကြာ၊ စနေ၊ တနင်္လာနာမည်ပါသူ မိတ်ဆွေများ ဘာမဆို တိုင်ပင်ပြုလုပ်ပါ အောင်မြင်မည်။ ဝင်းနှံသင့် ပစ္စည်းများ အကျိုးပေးမည်။ စပ်တူလုပ်ငန်းများ လုံးဝမသင့်၊ ဆီသိုလှောင်မှုလုပ်ငန်းများ လုံးဝ မကောင်း။ အိမ်မြေပွဲစားများ အခက်အခဲဖြစ်မည်။ အဆောက်အဦး လုပ်ငန်း ပြုလုပ်သူများ လုပ်ငန်းရပ်ဆိုင်းနေတတ်သည်။ စားပြီးသော ထမင်းကို ချန်၍ ခွေးအမြဲကျွေးသင့်သည်။ အခက်အခဲဖြစ်ပါက တစ်နေတည်း ဘုရား (၇)ဆူ လှည့်၍ ဘုရားဖူးပါ။

## (၃) ကျန်းမာရေး

ဗိုက်အောင့်ခြင်း၊ ဦးခေါင်းမူးဝေခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ရင် ဘက်နာခြင်း ဖြစ်တတ်၍ ပဌာန်း ၂၄ ပစ္စည်းရွတ်ပြီးမှ ထမင်းစားပါ။ မွေးနေ့ရောက်တိုင်း ပဌာန်းအကျယ် ရွတ်၍ ပူဇော်ပါ။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ ဇနီးသည်နှင့် ပျော်ရွှင်ချမ်းမြေ့မှု ရရှိမည်ဖြစ်သော် လည်း ဇနီးသည်ဘက်မှ အကြီးအကဲတစ်ဦးဦး ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတတ်သည်။

အမျိုးသမီးများ ခင်ပွန်းသည်နှင့် မကြာခဏ မသင့်မတင်ဖြစ်မည်။ မတင့်မသင့်ဖြစ်တိုင်း ငွေဝင်တတ်သည်။

သားသမီးများ အခက်အခဲများကြားမှ သားသမီးကံ အလွန် ကောင်းမည်။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေးအခြေအနေ ညံ့သော်လည်း ကံကောင်းနေလိမ့်မည်။ ဝန် ထမ်းများသည် အလုပ် အပြောင်းအရွှေ့၊ နေရာအပြောင်းအရွှေ့ရှိသည်။

ဌာနအတွင်း လုပ်ငန်းအစုအဖွဲ့လေးများထဲတွင် ကြီးကြပ်သော ခေါင်းဆောင် ဖြစ်တတ်သည်။ သူတစ်ပါး၏ မြေကိစ္စ၊ အိမ်ကိစ္စများတွင် ဝင်မပါရ။

### (၆) ချစ်ရေး ချစ်ရာ

အဆင်ပြေတစ်လှည့်၊ မပြေတစ်လှည့် ဖြစ်နေလိမ့်မည်။ မွေးနေ့ရောက်တိုင်း စားသောထမင်းများ ချန်၍ ခွေးကလေးများကို အစာကျွေးပါ။

### (၇) နိုင်ငံခြားခရီး

အလွန်ကောင်းသောနှစ် ဖြစ်သည်။ A. E. I. O. L. Y အက္ခရာနှင့်စသော နိုင်ငံများ သို့သွားရန် အစီအစဉ်ရှိလျှင် သောကြာ၊ စနေ နာမည်ပါသူများနှင့် ချဉ်းကပ် တိုင်ပင် ပြုလုပ်ပါ။ ၄ဦး၊ ၈ဦး သွားမည့်ခရီး လုံးဝ ညွှံသည်။

### (၈) နာမည်နှင့်ကြုံတွေ့မှုများ

ကြာသပတေး၊ တနင်္ဂနွေ ပူးသောနာမည်၊ တနင်္လာ၊ တနင်္ဂနွေ ပူးသော နာမည်များ၊ အင်္ဂါနာမည်များကြောင့် စိတ်ဆင်းရဲတတ်သည်။

### (၉) ဝင်သင့်၊ ထွက်သင့်ခြင်းများ

အနုပညာနှင့်ဆိုင်သော လုပ်ငန်းများ အကျိုးပေးမည်။ သင်္ဘောသားလုပ်ငန်းများ၊ နိုင်ငံခြားများနှင့် ထိတွေ့ဆက်ဆံသောလုပ်ငန်းများ အကျိုးပေးမည်။ အိမ်သစ်ဆောက်ခြင်း၊ အိမ်ပြင်ဆောက်ခြင်း၊ အိမ်တိုးချဲ့ခြင်း၊ အမွေကိစ္စပြုလုပ်ခြင်း ရှောင်ရမည်။

### (၁၀) ပတ်ဝန်းကျင်နိမိတ်

နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသာစာရီ လှည့်လည်အပူဇော်ခံကြွလာသော နိမိတ်ထူးများ တွေ့လျှင် ထူးထူးခြားခြားအောင်မြင်တတ်သည်။

### (၁၁) ဆောင်ရန်

သောကြာ၊ စနေ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၆၊ ၇ ဂဏန်းများ၊ နိုင်ငံခြားသားများနှင့် ဆက်သွယ်ရသောလုပ်ငန်း၊ လုပ်ကိုင်ခြင်းများ၊ ရပ်ဝေးမြေခရီးဝေးသွားခြင်းများ အကျိုးပေးမည်။

## (၁၂) ရှောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၅၊ ၄၊ ၁ ဂဏန်းများ၊ အိမ်ပြင်ဆောက်ခြင်း၊ အိမ်တိုးချဲ့ခြင်း၊ အိမ်သစ်ဆောက်လုပ်ခြင်း ရှောင်ရမည်။ အမွေခွဲခြင်း ကိစ္စများ ရှောင်ရမည်။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

မွေးနေ့တိုင်း သစ်သီး (၆)မျိုး ဆွမ်းတော်ကပ်ခြင်း၊ ပိတောက်သားပုတီးဖြင့် ပဋ္ဌာန်းစိပ်ခြင်းကို ပြုလုပ်ရမည်။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တစ်နေ့တည်း ဘုရား (၇)ဆူ လှည့်၍ ဘုရားတိုင်း၏ သောကြာထောင့်တွင် ရွှက်လှ လက်တစ်ဆုပ်လှူခြင်းကို လစဉ်ပြုလုပ်ပါ။ စနေနေ့တိုင်း ခွေးများကို အစာကျွေးပါ။

* * * * *

၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးသော
သောကြာသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၃ | × | ● | * | ※ | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၁၁ | × | ● | * | ※ | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၁၉ | × | ● | * | ※ | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၂၇ | × | ● | * | ※ | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၃၅ | × | ● | * | ※ | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၄၃ | × | ● | * | ※ | × | ** | ** | ** | ** | × | * | ※ | * |
| ၁၃၅၁ | × | ● | * | ※ | × | ** | ** | ** | ● | ※ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ်တွင် မွေးဖွားကြသော စနေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မမျှော်လင့်ဘဲ အလုပ်အကိုင်ရတတ်သည်။ ရပြန်လည်း ၂ခုဖြစ်နေတတ်သည်။ သူများပြဿနာကိုယ့်ပြဿနာဖြစ်တတ်၍ သွားသတိ၊ လာသတိ၊ စားသတိအမြဲရှိနေရန် အထူးလိုအပ်သောနှစ် ဖြစ်သည်။ တစ်ပါးသူများက သူတို့၏ အမှုအခင်းတွင် မထင်မှတ်ဘဲ ဆွဲထည့်လိမ့်မည်။ ရှောင်ပါ။ အထိအခိုက်များတတ်သောနှစ် ဖြစ်၍ ဘာကိုမဆို သတိဖြင့် ဆင်ခြင်နေထိုင်ပါ။ အနာပေါက်ခြင်း၊ ဓာတ်လိုက်တတ်ခြင်း၊ ကံများ ရှိခနေ၍ ဘာကိုမဆို ဆင်ခြင်ရမည်။ ကြွေးဆုံးထားသူများ လုံးခနဲပြန်မဝင်သော်လည်း တဖြည်းဖြည်းခြင်း ပြန်ဝင်လာမည်။ နှလုံးသားရေးရာ အခက်အခဲကြုံတွေ့ခဲ့သူများ ပြန်လည်အဆင်ပြေလာမည်။ ငွေကြေးအခက်အခဲရှိသူများ စီးပွားရေး ပြန်လည်ဦးမော့လာမည်။ ရပ်ဝေးမှ ကြီးကျယ်သော အလှူကြီးများ၊ မင်္ဂလာဆောင်ကြီးများသို့ တစ်ကြိမ်မက သွားရတတ်သည်။ ကားလုပ်ငန်းရှင်များ အလွန်အကျိုးပေးမည်။ အခြေချနေထိုင်ရန် မြေဝယ်ခြင်းများမသင့်၊ တရားမဝင်သစ်လုပ်ငန်းများ၊ နိုင်ငံခြားခရီးဝန်ဆောင်မှုလုပ်ငန်းများ ကြပ်ကြပ် ရှောင်ပါ။ ထင်ထားသမျှ ဖြစ်မလာဘဲ မထင်မှတ်သည်များသာ ဖြစ်နေလိမ့်မည်။ ဆိုးခြင်းဖြစ်စေ၊ ကောင်းခြင်းဖြစ်စေ တစ်ကြိမ်နှင့် မပြီးဘဲ အကြိမ်ကြိမ်ဖြစ်တတ်သော နှစ် ဖြစ်သည်။ စကားများလျှင် အမှားပါတတ်သောနှစ်

ဖြစ်သကဲ့သို့ အသွားများလျှင်လည်း အမှားပါတတ်သောနှစ် ဖြစ်သည်။ သူတစ်ပါးကို အာမ မခံပါနှင့် အာမခံသောကိစ္စဟူသမျှသည် ကိုယ့်လည်ပင်း ကိုယ် ကြိုးကွင်းစွပ်သည်များသာ ကြုံရပါလိမ့်မည်။ ရန်မီးရန်စရှိသောသူများနှင့် အတူသွားလာမိခြင်း ဖြစ်တတ်ပါသည်။ သတိထားပါ။ ရန်လုံးဝမဖြစ်ခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။ ရန်ဖြစ်သည်နှင့် ကိုယ်ရှုံးရတော့မည်ဟုသာ ကံအရ သိထားပါ။ ဘဝ၏နှစ်နာမှု ဆုံးရှုံးမှုများကင်းဝေးအောင် ရန်ရှောင်ပါ။ ဆေးမှားတတ်သည်။ ဆေးထိုးခြင်း၊ အတတ်နိုင်ဆုံး ရှောင်ပါ။ အိမ်ကို အရှူးဝင်လျှင် (သို့) ကိုယ့်ကားကို အရှူးတစ်ခုခုလာလုပ်လျှင် မထင်မှတ်သော ပြဿနာကြီးများ ဖြစ်တတ်၍ ရှောင်ပါ။ ငွေနံ့အားကောင်းလာအောင် မင်္ဂလာရှိသောနေရာများသို့သာ သွားလာပါ။ ဝန်မလေးသောအလှူ မကြာခဏပြုပါ။ အပြောင်းအရွှေ့ဆန္ဒရှိသူများတို့သည် အကြီးအကဲ၏ ကူညီပံ့ပိုးမှုဖြင့် ပြောင်းလဲတာဝန်ထမ်းဆောင်ရခြင်းမျိုးများ ဝမ်းမြောက်ဖွယ် ကြုံနေရလိမ့်မည်။ သို့သော် သူတစ်ပါး၏ အလုပ်တာဝန်များကိုပါ တာဝန်ယူနေရလိမ့်မည်။ လူတစ်ကိုယ်နှင့် အလုပ်နှစ်မျိုးလုပ်ရတတ်သောနှစ်ဖြစ်၍ ပင်ပန်းမည်။ ပင်ပန်းခြင်းသည် ယတြာဟု မှတ်ပါ။

## (၂) စီးပွားရေး

တနင်္ဂနွေ၊ တနင်္လာ နာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။ အစစအောင်မြင်ပါမည်။ ငွေချေးသူများ အနည်းအကျဉ်းပြန်လည် လုပ်ကိုင်၍ရပါပြီ။ စပ်တူလုပ်ငန်းများ ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက်သာ ကံရှိ၍ လွန်မင်းစွာ မြှုပ်နှံခြင်း ရှောင်ပါ။ စားသောက်ဆိုင်များ ပြဿနာမကြာခဏ ဖြစ်တတ်၍ သတိနှင့် ယှဉ်ပြီး ပြုလုပ်ပါ။ လုပ်ငန်းမှရသောငွေကြေးများထဲမှ လစဉ် ဆွမ်းလောင်းသော အလှူတစ်ခုကို အမြဲပြုပါ။ အောင်မြင်လာပါလိမ့်မည်။

## (၃) ကျန်းမာရေး

ဆေးထိုး၊ ဆေးစား မှားတတ်ပါသည်။ မနှိပ်တတ်သော သူများနှင့် နင်းကန် နှိပ်ခြင်း မပြုလုပ်ပါနှင့်။ အကြောညှပ်ခြင်း၊ အကြောကပ်ခြင်းများ ခံစားရပါလိမ့်မည်။ ဆီး ထိုးတတ်သည်။ ခန္ဓာကိုယ်အောက်ပိုင်းနှင့်ဆိုင်သော ကျန်းမာရေးများ ဂရုစိုက်ပါ။ တနင်္ဂနွေ တနင်္လာ နာမည်ရှင် ဆရာဝန်များ ဆေးဆရာများနှင့် ကုသပါ။ ထမင်းစားပြီးတိုင်း ဓာရဏာပရိတ် အမြဲရွတ်ပါ။

**(၄) အိမ်ထောင်ရေး**

အမျိုးသားများ — ဇနီးသည်၏ကျန်းမာရေး ညံ့တတ်သည်။ ဇနီးသည်ကို အထူးဂရုစိုက်ကြင်နာရန်လို အပ်သည်။ မပြေလည်မှုများ ရှိပါက သည်းခံ၍ ညှိနှိုင်း ဖြေရှင်းရမည်။

အမျိုးသမီးများ — ခင်ပွန်းသည်၏ ကိစ္စအဟောင်းများ ပြန်ပေါ်တတ်သည်။ နားလည်မှုရှိစွာဖြင့် ယုယကြင်နာရန် လိုအပ်ပါမည်။ ခင်ပွန်းသည် ကျန်းမာရေး ညံ့သည်။ ခင်ပွန်းသည် ပြဿနာတို့ကြောင့် စိတ်ညစ်ရတတ်သည်။

သားသမီးများ — သားကြီး သမီးကြီးတို့ အိမ်မကပ်ဘဲ ရှိမည်။ စိတ်ပူပင်ရတတ်သည်။ သားငယ်သမီးငယ်တို့ လိုချင်တာ ထပ်ခါတလဲလဲ ပူဆာတတ်သည်။

**(၅) ပညာရေး၊ ဝန်ထမ်းရေးရာ**

ပညာရေးတွင် ဟုတ်မလိုလိုနှင့် အဖျားရှူးတတ်၍ အထူးဂရုစိုက်ကြိုးစားရမည်။ အောင်မြင်မှုများရမည်။

**ဝန်ထမ်းရေးရာ** — ဝန်ထမ်းများအထက်လူကြီးများ၏ ကြည့်ရှုမှု ခံရတတ်သည်။ မျက်နှာသာ ရမည်။ မထင်မှတ်ဘဲ ရာထူးတက် တတ်သည်။ ထောက်ပံ့ကူညီသူ များမည်။

**(၆) ချစ်ရေးချစ်ရာ**

ချစ်သူမရှိသေးသောသူများ မမျှော်လင့်ဘဲ အဝေးတစ်နေရာမှ ချစ်သူရတတ်သည်။ အထူးစန်းပွင့်သောကာလ ဖြစ်သည်။ ချစ်သူရှိပြီးသူများ မင်္ဂလာဆောင်ရန် အခွင့်အလမ်းကောင်းသည်။ အဝေးရောက်ချစ်သူ၏ အောင်မြင်မှုကို ကြုံတွေ့ခံစားရမည်။

**(၇) နိုင်ငံခြားခရီး**

နိုင်ငံခြားခရီး မသွားသင့်သောကာလ ဖြစ်သည်။ အချိန်ကုန် ငွေကုန် ဖြစ်ရတတ်သည်။ သောကြာ၊ အင်္ဂါ သားသမီးများ လူမျိုးကွဲများနှင့်

စိစဉ်ဆောင်ရွက်ပါက ပိုဆိုးမည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

အင်္ဂါ၊ စနေပူးသော နာမည်ရှင်များ (ဥပမာ-စိုးထွန်း၊ ထွန်းစိုး)၊ ကြာသပတေး သပ်သပ်မှည့်ထားသောနာမည်ရှင်များ (ဥပမာ-မာမာ)ဖြစ်ပါက ကံဇာတာညှံ့သည်။ ၎င်းနာမည်ရှင်များကြောင့်လည်း စိတ်သောက ရောက်ရတတ်သည်။

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

တစ်ပတ်ရစ်အသုံးထွက်ပစ္စည်းအဟောင်းများ မဝယ်မိစေရန် ဂရုစိုက်ပါ။ စက်ကိရိယာအဟောင်းများ မဝင်စေရန် ဂရုစိုက်ပါ။ ဆေးဝါးများကို ရက်လွန်ဟုတ် မဟုတ် သေချာစွာ ကြည့်၍ဝယ်ရမည်။ ဖိနပ်စုတ်၊ ထီးစုတ်တို့ကို မင်္ဂလာရှိသော နေရာ (ဥပမာ-ဘုရားခန်း၊ အိမ်ရှေ့ဧည့်ခန်း၊ ဖိနပ်ချွတ်) တို့တွင် မထားရ။ စွန့်ပစ်ပါ။အနက်ရောင်ရှိသော သတ္တုများ၊ တွင်းထွက်များ မဆောင်ရ။ အနီရောင် ဆောင်ပါ။ ဘုရားခန်းကို အထူးသန့်ရှင်းစွာ ထားပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အလွန်ကြီးကျယ်ခမ်းနားသော ရပ်ဝေးမှအလှူကြီးများ၊ မင်္ဂလာဆောင်ကြီးများကို ကြုံရ ကြားရလျှင် ငွေအလုံးအရင်းဝင်လာလိမ့်မည်။ ဆရာတု၊ ဆရာယောင်များနှင့် အနီးကပ်ဆုံးတွေ့ကြုံနေရပါက ငွေအလုံးအရင်း ကုန်လိမ့်မည်။

## (၁၁) ဆောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ နေ့ရက်များ၊ နေ့သားများ၊ နာမည်ရှင်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ အကျိုးပြုသည်။ ၎င်းနံသင့်ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းကြောင့် အကျိုးအမြတ် ရတတ်သည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။ ၂ ၅၊ ၁၊ ၉ ဂဏန်း ဆောင်ပါ။

## (၁၂) ရှောင်ရန်

သောကြာ၊ အင်္ဂါ၊ စနေ နေ့ရက်များ၊ နေ့သားများ၊ နာမည်ရှင်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ ရှောင်ပါ။ ၎င်းနံသင့်ကုန်ပစ္စည်းများ

သို့လျှောင် ရောင်းဝယ်ခြင်း မပြုလုပ်ရ။ ဂရုနံသင့် အစားအစာများ အထူး သတိထား၍ စားသုံးပါ။ အနက်ရောင်၊ အဝါနုရောင်၊ ပုလဲပေါက်အရောင် များ ဝတ်ဆင်ခြင်း ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ယခုနှစ်တွင် အပတ်စဉ်လိုလို နံနက်စောစော တန်းစီကြွလာသော သံဃာတော်အရှင်သူမြတ်များအား ဆွမ်းလောင်းလှူပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

နံနက်အာရုံတက်တွင် တန်းစီကြွလာသော သံဃာတော်အရှင်သူ မြတ်များကို ဆွမ်းလောင်းပါ။ မကြာခဏ အလှူလုပ်ပါ။ လှူတိုင်း ကြာဆံ ကြော် ကြာဆံချက် ကပ်လှူပါ။ ယခုတစ်နှစ်လုံး ဂုဏ်တော်ကွန်ခြာကို နေ့ ရော ညပါ အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ပါ။ ဘုရားစေတီ ၉ဆူ ပြည့်အောင် တစ်နေ့တည်း လှည့်ပါ။ စေတီတိုင်း၏ တနင်္ဂနွေထောင့်တွင် သပြေလက် တစ်ဆုပ်လှူ၍ ဂုဏ်တော် ၉ပါးကို အနည်းဆုံး ၁၀ မိနစ်ခန့်ကြာအောင်ရွတ် ဆိုပါ။ မိုးလင်းလာတိုင်း စာကလေးများကို ဆန်ပက်ကျွေးပါ။

❋ ❋ ❋ ❋ ❋

၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးသော
စနေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန် အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစ မွေးနေ့ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၀လ | |
| ၁၂၉၆ | × | ⬤ | • | ✳ | × | ●● | ●● | ●● | ●● | × | • | ✳ | • |
| ၁၃၀၄ | × | ⬤ | • | ✳ | × | ●● | ●● | ●● | ⬤ | ✳ | × | ●● | × |
| ၁၃၁၂ | × | ⬤ | • | ✳ | × | ●● | × | × | ⬤ | • | ✳ | × | ●● |
| ၁၃၂၀ | × | ⬤ | • | ✳ | × | ●● | ⬤ | × | ●● | × | ●● | × | ●● |
| ၁၃၂၈ | × | ⬤ | • | ✳ | × | ●● | ●● | ●● | • | ✳ | × | ●● | × |
| ၁၃၃၆ | × | ⬤ | • | ✳ | × | ●● | • | • | ⬤ | ✳ | × | • | ⬤ |
| ၁၃၄၄ | × | ⬤ | • | ✳ | × | ●● | ⬤ | × | ●● | × | ✳ | × | ●● |

⬤ အလွန်ကောင်း
●● ကောင်း
• ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၉၇၊ ၁၃၀၅၊ ၁၃၁၃၊ ၁၃၂၁၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၄၅ ခုနှစ်တွင် မွေးဖွားကြသော စနေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မိတ်ဆွေအပေါင်းအသင်းများနှင့် စိတ်ဝမ်းကွဲတတ်သောနှစ် ဖြစ်သည်။ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းများ ကြဉ်ဖယ်လိမ့်မည်။ မိတ်ဆွေအတုအယောင်များ ဝန်းရံနေလိမ့်မည်။ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ငွေပြဿနာဖြစ်မည့်နှစ် ဖြစ်သည်။ နှလုံးသားရေးရာကိစ္စဟောင်းများ ပေါ်လိမ့်မည်။ ၎င်းအရှုပ်အရှင်းများကြောင့် မိသားစုအတွင်းတွင်လည်းကောင်း၊ လုပ်ငန်းခွင်အတွင်းတွင် လည်းကောင်း၊ မမျှော်လင့်သော ပြဿနာများပေါ်လိမ့်မည်။ အကြီးအကဲနှင့်ဆိုင်သော ဂြိုဟ်များ ညှံသောကြောင့် မိမိအသက်မွေးဝမ်းကြောင်းပြုရာလုပ်ငန်းခွင်အတွင်း စိတ်ညစ်စရာ ပေါ်လိမ့်မည်။ မည်မျှကြိုးစားစေကာမူ လုပ်ငန်းရှင်များ အကြီးအကဲများ၏ လစ်လျူရှုခြင်း ခံရမည့်နှစ် ဖြစ်သည်။ ဆင့်ကဲတိုးတက်မှု အနေအထား ရပ်တန့်နေလိမ့်မည်။ မခံချင်စရာကောင်းသောနှစ် ဖြစ်၍ ပတ်ဝန်းကျင်ရှိ လူများနှင့် မသင့်မတင့် ဖြစ်နေလိမ့်မည်။ ကိုယ့်ကို နှိမ်ဘိသကဲ့သို့ ခံစားနေရလိမ့်မည်။ ညီအစ်ကိုမောင်နှမများနှင့် ယှဉ်လျှင် ကိုယ့်မှာ မျက်နှာငယ်တတ်သည်။ အဓိပ္ပါယ်မရှိသော ရွှေရောင်ပစ္စည်းများ၊ လက်ဖွဲ့အင်း၊ အဆောင်များ ဝင်လာပါက ရှိနေသော ဘဝအခြေအနေတစ်ခုမှ အခြားအခြေအနေတစ်ခုသို့ ပြောင်းလဲသွားခြင်း ရပ်ဆိုင်းခံလိုက်ရခြင်းများ

ဖြစ်လိမ့်မည်။ အများပိုင် ငွေကြေးကိစ္စများကို အတတ်နိုင်ဆုံး ရှောင်ပါ။ အန္တရာယ်ကြီးများ ရှိနေသည်။ ယခုနှစ်သည် လောကုတ္တရာနှစ်ဖြစ်၍ သမထဘာဝနာများကို ထိရောက်စွာ ပွားများအားထုတ်လျှင် ပေါက်မြောက် အောင်မြင်လိမ့်မည်။ အထူးသဖြင့် ကသိုဏ်းကြည့်သော အကျင့်များ၊ ကျင့် သင့်သည်။ မွေးနေ့တိုင်း အသားစား ရှောင်သင့်သည်။ မရဘူးသေးသော ပညာရပ်များ ရရှိခြင်း၊ မသင်ရဘူးသေးသော ပညာရပ်များ သင်ရခြင်းကြုံ မည်။ ဝန်ထမ်းများ မမျှော်လင့်ဘဲ သင်တန်းတက်ရလိမ့်မည်။ ညီအစ်ကို မောင်နှမများ၏ အခက်အခဲကို ကူညီရ၍ ငွေအခက်အခဲဖြစ်လိမ့်မည်။ ယခုနှစ်တွင် ထူးထူး ခြားခြား တနင်္လာနာမည်ရှင်များ နှောင့်ယှက်လိမ့်မည်။ ရာထူးဆင့်ကဲ တိုးတက်မှုများအတွက် ပဌာန်းဥဒ္ဒေသ နိဒ္ဒေသနှင့် ဓမ္မစကြာ ကို အဓိဋ္ဌာန်ဝင် ရွတ်ပါ။ စနေနေ့တွင် ပေါက်ပေါက်တင်လှူခြင်းကို မပျက် မကွက်ပြုလုပ်ပါ။

## (၂) စီးပွားရေး

စနေ၊ သောကြာ၊ အင်္ဂါ နာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါ။ လူမျိုး ကွဲများနှင့် ဆက်သွယ်ရသော လုပ်ငန်းများ၊ နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ သွားလာရသော လုပ်ငန်းများ၊ အနုပညာနှင့် ဆက်နွယ်ရသောလုပ်ငန်း၊ စက်ပစ္စည်းများစွာ အသုံးချရသော လုပ်ငန်း၊ ဆေးဝါးနှင့်သက်ဆိုင်သော လုပ်ငန်းများ အလွန်အကျိုးပေးမည်။ အဆောက်အဦ ဆောက်လုပ်သော လုပ်ငန်းများ၊ အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းများ၊ ကားဝယ်ရောင်း လုပ်ငန်း၊ ကားဆေးဆောင်ခြင်းလုပ်ငန်းများ၊ ယခုနှစ်မှ ရတနာဆိုင်စဖွင့်ခြင်း များ၊ လက်ဖက်ရည်ဆိုင်ဖွင့်ခြင်းများ လုံးဝအကျိုးမပေးပါ။ ဘာသာရေးနှင့် ယှဉ်သော စီးပွားရေးမဖြစ်လျှင် လက်ရှိအနေအထားမှ တဖြည်းဖြည်းကုန် လိမ့်မည်။

## (၃) ကျန်းမာရေး

ရင်၊ ဝမ်း ဥပဒ်ပေးလိမ့်မည်။ အစာအိမ်မကောင်း၍ ဦးခေါင်းမူးဝေ ခြင်းကို မကြာခဏ ခံစားရလိမ့်မည်။ စနေ၊ သောကြာ၊ အင်္ဂါနာမည်ရှင် ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသပါ။ ၂၄ပစ္စည်းရွတ်ပြီးမှ ထမင်းစားသော အကျင့်ကို ကျင့်ပါ။ ထမင်းစားပြီးတိုင်း အာနာပါန ဗုဒ္ဓနုဿတိကမ္မဋ္ဌာန်း နာရီဝက်ခန့် အနည်းဆုံး စီးဖြန်းပါ။ ထမင်းစားပြီးတိုင်း လမ်းခွေးကလေး များကို ကြင်နာစွာ အစာကျွေးပါ။

(၄) အိမ်ထောင်ရေး

အမျိုးသားများ — ဇနီးသည်ကြောင့်များစွာ စိတ်ချမ်းသာရမည်။ ဇနီးသည်ကြောင့် မိတ်ဆွေအပေါင်းအသင်း ပိုတိုးပွားလာမည်။

အမျိုးသမီးများ — ခင်ပွန်းသည်၏ အခက်အခဲများကြားမှ အောင်မြင်မှုကို ဂုဏ်ယူမဆုံးဖြစ်ရလိမ့်မည်။ နားလည်မှုများစွာ ပေးလိမ့်မည်။

သားသမီးများ — မိဘကို ဆန့်ကျင်ဘက်ပြု၍ အခက်အခဲအရှုပ်အရှင်းပေါင်းများစွာ ကြုံနိုင်သောကြောင့် အခိပ္ပါယ်ကင်းမဲ့စွာ အလိုလိုက်ခြင်း လုံးဝရှောင်ပါ။

(၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ထူးထူးခြားခြားကောင်းသောနှစ် ဖြစ်သည်။ ပညာသင်ခြင်း၊ သင်ပေးခြင်းကို ထူးခြားအောင်မြင်စွာ ဆောင်ရွက်နိုင်လိမ့်မည်။ ပညာရပ်နှင့်ဆိုင်သော သင်တန်းတက်ရောက်ခြင်းကို မတွေမဝေပြုလုပ်ပါ။

**ဝန်ထမ်းရေးရာ** — ဝန်ထမ်းများသည် လုပ်ငန်းခွင်တွင်း မပျော်ပိုက်တတ်ခြင်းကြောင့် အစစအရာရာသည်းခံခွင့်လွှတ်ပါ။ ဝန်ထမ်းများ ပဋ္ဌာန်း ဥဒ္ဒေသ နိဒ္ဒေသနေ့စဉ် ရွတ်ပါ။

(၆) ချစ်ရေးချစ်ရာ

လျှို့ဝှက်သော နှလုံးသားရေးရာကိစ္စများ ဖုံးမရ ဖိမရပေါ်လာတတ်သောနှစ် ဖြစ်သည်။ လွန်ခဲ့သော ၃၊ ၄ နှစ်ခန့်က နှလုံးသားရေးရာ ရှုပ်ထွေးခဲ့မှုဖြစ်လျှင် ယခုနှစ် အရှက်တကွဲ အကျိုးနည်း ဖြစ်မည်။ သောကြာနေ့ရောက်တိုင်း ခွေးများ ထမင်းဟင်းကျွေးပါ။

(၇) နိုင်ငံခြားခရီး

နိုင်ငံရပ်ခြား တိုင်းတစ်ပါးခရီးထွက်ခွာခြင်း၊ အလွန်ကောင်းသောနှစ် ဖြစ်သည်။ ၄ဦး၊ ၈ဦး ဆုံထွက်သောခရီး လုံးဝမကောင်း။ စနေ၊ သောကြာ၊ အင်္ဂါနာမည်ပါသူများနှင့် တိုင်ပင်ပြုလုပ်ပါ။ L. Y စသော စကားလုံးပါသော တိုင်းပြည်နိုင်ငံများသို့ မသွားသင့်။ နိုင်ငံခြားတိုင်းတစ်ပါးသို့ သွား

ရောက်ရန် နေ့စဉ် ပဌာန်းဥဒ္ဒေသ နိဒ္ဒေသကို နေ့စဉ်မပျက်ရွတ်ပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္လာ၊ သောကြာ ပူးသော နာမည်များ၊ ဗုဒ္ဓဟူး၊ သောကြာ ပူး သောနာမည်များ၊ တနင်္လာ၊ အင်္ဂါ ပူးသောနာမည်များ၊ မြို့ဒေသများ၊ လုပ်ငန်းများကို ရှောင်ပါ။

## (၉) ဝင်သင့်၊ ထွက်သင့်သည်များ

အိမ်ဧည့်ခန်းအတွင်း အလှအပနှင့်ဆိုင်သော ပစ္စည်းများ၊ အသံထွက်ပစ္စည်းများ၊ စက်ပစ္စည်းများ ဝင်လျှင်ကောင်း၊ အဓိပ္ပါယ်ကင်းမဲ့သော ရှေးဟောင်းပစ္စည်း၊ အင်း၊ လက်ဖွဲ့များ ဝင်လျှင် မကောင်း၊ အိမ်ဆောက်ခြင်း၊ အိမ်ပြင်တိုးချဲ့ခြင်း မပြုလုပ်သင့်ပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

တန်ခိုးကြီး သီလ သမာဓိကောင်းသော ဆရာတော်ကြီးများ ကြွလာသောနိမိတ်မြင်လျှင်၊ ကြားလျှင် လည်းကောင်း၊ အသံမစဲပဌာန်းရွတ်ပူဇော်ခြင်း ကြားလျှင်၊ မြင်လျှင်လည်းကောင်း၊ အောင်မြင်အကျိုးပေးမည်။

## (၁၁) ဆောင်ရန်

သောကြာ၊ အင်္ဂါ၊ စနေ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ အိမ်ဧည့်ခန်းအလှအပ တပ်ဆင်ခြင်း၊ အသံထွက်ပစ္စည်းများ၊ အနုပညာနှင့်ဆိုင်သော ပစ္စည်းများ ဝယ်ခြင်း ကောင်း၏။ စက်ပစ္စည်း၊ စိန်များဝယ်ခြင်း ကောင်းသည်။ ၆၊ ၃၊ ၇ ဂဏန်းများ။

## (၁၂) ရှောင်ရန်

အမွေခွဲဝေခြင်း၊ အဓိပ္ပါယ်ကင်းမဲ့သော ရှေးဟောင်းပစ္စည်းများ၊ အင်း၊ လက်ဖွဲ့များ ရှောင်ပါ။ ဗုဒ္ဓဟူး၊ တနင်္ဂနွေ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၄၊ ၈၊ ၁ ဂဏန်းများ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

သောကုဋ္ဌာရာနှစ်ဖြစ်၍ အာနာပါနဗုဒ္ဓနုဿတိကမ္မဋ္ဌာန်းနေ့စဉ်

မီးဖြန်းခြင်း၊ ပဌာန်းဥဒ္ဒေသ နိဒ္ဒေသ ရွတ်ဖတ်ခြင်း၊ ပိတောက်သားပုတီးဖြင့် ၂၄ပစ္စည်းစိပ်ခြင်း၊ သောကြာနေ့တိုင်း ခွေးကျွေးပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

မနက်မိုးလင်းတိုင်းဘုရားရှင်ကို မျက်နှာသစ်တော်ရေ ကပ်၍ ၂၄ပစ္စည်းကို နေ့စဉ်ဖြိုဟ်သက်အလိုက် ရွတ်ပါ။ လပြည့်လကွယ်ရောက်တိုင်း ပဌာန်းဥဒ္ဒေသ နိဒ္ဒေသနှင့် ဓမ္မစကြာကို မပျက်မကွက် ရွတ်ပါ။ သောကြာနေ့ရောက်တိုင်း လမ်းခွေးကလေးများကို အစာကျွေးပါ။

❊ ❊ ❊ ❊ ❊

၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉, ၁၃၃၇, ၁၃၄၅ ခုနှစ် မွေးသော
စနေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၇ | ** | ● | ※ | × | ** | × | × | × | ● | * | ※ | × | ** |
| ၁၃၀၅ | ** | ● | ※ | × | ** | × | ● | × | ** | × | ** | × | ** |
| ၁၃၁၃ | ** | ● | ※ | × | ** | × | ** | ** | * | ※ | × | ** | × |
| ၁၃၂၁ | ** | ● | ※ | × | ** | × | * | * | ● | ※ | × | * | ● |
| ၁၃၂၉ | ** | ● | ※ | × | ** | × | ● | × | ** | × | ※ | × | ** |
| ၁၃၃၇ | ** | ● | ※ | × | ** | × | ** | ** | ** | × | * | ※ | * |
| ၁၃၄၅ | ** | ● | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၀၊ ၁၃၀၆၊ ၁၃၁၄၊ ၁၃၂၂၊ ၁၃၃၀၊ ၁၃၃၈၊ ၁၃၄၆ ခုနှစ်တွင် မွေးဖွားကြသော စနေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ငွေကြေးအခက်အခဲ အကြပ်အတည်းများစွာ ရင်ဆိုင်ရမည့်နှစ်ဖြစ်သည်။ လုပ်သမျှကိုင်သမျှများ အခက်အခဲများစွာဖြင့် ရင်ဆိုင်ရတတ်၍ အထက်လူကြီး၊ အကြီးအကဲများ၏ ငြိုငြင်မှုများကို ခံရခြင်း၊ အလုပ်များစွာကြိုးစားသော်လည်း ထင်ပေါ်မှုမရှိရုံမက အနှိမ်ခံနေရတတ်ခြင်း၊ လုပ်ငန်းတွင်း နေရာမရခြင်း၊ အောက်ခြေသိမ်း အလုပ်မှန်သမျှ မျက်နှာငယ်စွာ ပြုလုပ်ရခြင်း၊ ငွေကြေးနှင့်သက်ဆိုင်သော မည်သည့်ကိစ္စကိုမဆို အတတ်ဆုံးရှောင်ရှားပါ။ သူများပြဿနာ ကိုယ့်ပြဿနာ ဖြစ်တတ်သည်။ စပ်တူရှယ်ယာလုပ်ငန်းများ၊ လူအများစုနှင့် ဆိုင်သော အဆောက်အဦဆောက်လုပ်ခြင်းလုပ်ငန်းများ လုံးဝအကျိုးမပေး။ မသင်ယူဘူးသေးသော ပညာများ သင်ယူရခြင်း၊ မတတ်ဘူးသေးသော သင်တန်းများ တက်ရခြင်း၊ ကြုံလိမ့်မည်။ မရဘူးသေးသော တရားထူး တရားမြတ်များ ရတတ်သည်။ သို့သော် ဝိပဿနာထက် သမထအားက ပိုများနေလိမ့်မည်။ လောကုတ္တရာနှစ်ဖြစ်၍ ဘာသာတရားကို ကိုင်းရှိုင်းနိုင်မှု လူမှုရေး၊ စီးပွား ရေးများတွင် ခံသာမည်။ မိတ်ကောင်းဆွေကောင်းများ ကြဉ်ဖယ်တတ် သည့်နှစ်ဖြစ်၍ မိတ်တွေအတုအယောင်များသာ ဝိုင်းနေတတ်သည်။

ငွေကြေးပြဿနာဟောင်းများ ငွေကြေးနှင့်ပတ်သက်သော စကား

ဟောင်းများ နှလုံးသားရေးရာကိစ္စပြဿနာဟောင်းများ ရှုပ်ထွေးနေလိမ့်မည်။ တရားဘာဝနာ ပွဲများအားထုတ်ခြင်း၊ ဘာသာတရားနှင့်ဆိုင်သော အဆောက်အဦများ ဆောက်လုပ်ခြင်း၊ သာသနာရေးရာကိစ္စများ ဆောင်ရွက်ခြင်းများသာ ကောင်း၍ လောကုတ္တရာကောင်းကျိုးများသာ ဆောင်ရွက်သင့်သော နှစ်ဖြစ်သည်။ ဗိုက်နှင့်ဆိုင်သော ဝေဒနာဖြစ်တတ်သော နှစ်ဖြစ်၍ အသားစားခြင်းကို အတတ်နိုင်ဆုံး ရှောင်သင့်သည်။ အင်း၊ အဆောင်၊ လက်ဖွဲ့၊ ရွှေရောင်ပစ္စည်းများ ရွှေတုများဝင်ပါက အလွန်ခိုက်တတ်သော နှစ်ဖြစ်၍ ၎င်းပစ္စည်းများကို ရှောင်ပါ။

## (၂) စီးပွားရေး

စနေ၊ အင်္ဂါ၊ သောကြာ အမည်ရှင်များနှင့် စီးပွားရေးကို တိုင်ပင်ပြုလုပ်ပါ။ လူမျိုးခြားများနှင့် ဆက်သွယ်ရသောလုပ်ငန်းများ၊ နိုင်ငံရပ်ခြားခရီးဝေး သွားလာသော လုပ်ငန်းများ၊ သင်္ဘောလိုက်ခြင်းများ၊ အနုပညာနှင့်ဆိုင်သောလုပ်ငန်းလုပ်ကိုင်ခြင်းများ၊ အနုပညာနှင့်ဆိုင်သော၊ အလှအပနှင့်ဆိုင်သောပစ္စည်းများ ရောင်းဝယ်ခြင်းများ၊ စားသောက်ကုန်အမျိုးမျိုး လုပ်ငန်းများ စားသောက်ဆိုင်ဖွင့်လှစ်ခြင်းများ အကျိုးပေးသည်။ သို့သော် မည်သည့်လုပ်ငန်းမှ စပ်တူအကျိုးမပေးပါ။ ရတနာရောင်းဝယ်ခြင်းများ၊ ကားလုပ်ငန်းရှင်များ၊ အဆောက်အဦလုပ်ငန်းရှင်များ အခက်အခဲဖြစ်တတ်သည်။

## (၃) ကျန်းမာရေး

ရင်၊ ဝမ်း ဥပဒ်ပေးတတ်သောနှစ် ဖြစ်သည်။ စနေ၊ သောကြာ၊ အင်္ဂါ အမည်ရှင် ဆရာဝန်များ၊ ဖြန်မာသမားတော်များနှင့် ကုသပါ။ နှစ်ဆယ့်လေးပစ္စည်းရွှတ်ပြီးမှ ထမင်းစားသော အကျင့်ကို လုပ်ပေးပါ။ တည်ဆောက်ပြုပြင်ဆဲဖြစ်သော ဘုရားစေတီပုထိုးများတွင် အုတ်လှူခြင်းများ မကြာခဏ ပြုလုပ်ပါ။

## (၄) အိမ်ထောင်ရေး

အမျိုးသားများ ဇနီးသည်ကြောင့် စိတ်ချမ်းသာမှု များစွာဖြစ်လိမ့်မည်။ ဘာမဆို ဇနီးသည်ထံမှ အကြံဉာဏ်တောင်းခြင်း ဦးဆောင်နိုင်ခြင်းဖြင့် အစစအရာရာ စိတ်ချမ်းသာလိမ့်မည်။

အမျိုးသမီးများ — အခက်အခဲများကြားမှ၊ မအားလပ်သည့်ကြားမှ ခင်ပွန်းသည်၏ ယုယမြတ်နိုးမှုကို ရရှိမည်။

သားသမီးများ — ဆန္ဒကျင်ဘက်များစွာ ပြုတတ်၍ မိန္ဒိပ်ချုပ်ချယ်မှုကို အတတ်နိုင်ဆုံးလျှော့ပါ။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

အခက်အခဲများကြားမှ ပညာရေးနှင့် သက်ဆိုင်သောကံ ကောင်းနေလိမ့်မည်။

**ဝန်ထမ်းရေးရာ** — ဝန်ထမ်းများသည် စိတ်ညစ်စရာ အခက်အခဲများကို ကျော်လွှား၍ မေတ္တာဖြင့် သည်းခံသော အကျင့်ကို ကျင့်ရမည်။ ငွေစာရင်းဇယား ပြဿနာဟောင်းများ ပေါ်တတ်သည်။ ပဋ္ဌာန်းဥဒ္ဒေသနိဒ္ဒေသနှင့် မေတ္တာသုတ်ကို တစ်နှစ်လုံးရွတ်ပြီး သောကြာနေ့တိုင်း ခွေးကျွေးသင့်သည်။

## (၆) ချစ်ရေးချစ်ရာ

အခက်အခဲများစွာ ရင်ဆိုင်ရတတ်သော နှစ်ဖြစ်၍ သောကြာနေ့တိုင်း လမ်းခွေးများကို ထမင်းဟင်းကျွေးသင့်သည်။ နှလုံးသားရေးရာ ပြဿနာဟောင်းများ ပေါ်တတ်သည်။

## (၇) နိုင်ငံခြားခရီး

အလွန်ကောင်းသောနှစ် ဖြစ်သည်။ အကြိမ်ကြိမ်ပျက်ကွက်ခဲ့သူများ ဖင်လျှင် ယခုနှစ်အောင်မြင်စွာ ထွက်ရပြီဟု မှတ်ပါ။ အခက်အခဲရှိသူများ စနေ၊ သောကြာ၊ အင်္ဂါ နာမည်ရှင်များနှင့် ချဉ်းကပ် တိုင်ပင်ပြုလုပ်ပါ။ အောင်မြင်သွားပါလိမ့်မည်။ L. Y အက္ခရာနှင့်စသော နိုင်ငံများဖြစ်လျှင် အခက်အခဲများစွာနှင့် ထွက်ရပါလိမ့်မည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

သောကြာ၊ တနင်္လာ အပြန်အလှန်ပူးသော နာမည်များ စနေစ ကြာသပတေးပိတ်သော နာမည်များ၊ ဗုဒ္ဓဟူးနာမည်များ၊ တနင်္လာနာမည် ရှင်များကြောင့် စိတ်ညစ်စရာများ ကြုံတတ်ပါသည်။ ထိုပုဂ္ဂိုလ်များကိုယ် တိုင် ကံခေနေတတ်ပါသည်။ ဘာသာတရားကို ပိုမိုအားထုတ်သင့်ပါသည်။

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

အနုပညာနှင့် သက်ဆိုင်သော စက်ပစ္စည်းမှန်သမျှ အားလုံးဝင်သင့် သောနှစ် ဖြစ်သည်။ အနုပညာနှင့်ဆိုင်သော လုပ်ငန်းကြီးများ စရန် ကောင်းပါပြီ။ ရွှေရောင်ပစ္စည်းဟောင်းများ၊ မလိုလားအပ်သောရွှေများ၊ အင်း၊ လက်ဖွဲ့၊ အဆောင်များ လုံးဝရှောင်ပါ။ ဒုက္ခဖြစ်တတ်ပါသည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

ဘုန်းတန်ခိုးကြီးသော ဆရာတော်ကြီး တစ်ပါးပါးကြွလာသည့် နိမိတ် (သို့) ဆရာတော်ကြီးကို ပူဇော်နေသည့် နိမိတ်မြင်လျှင်၊ ကြုံလျှင် ကြားလျှင် အားလုံးအောင်မြင်ပြီ မှတ်ပါ။ ရွှေ လက်ဝတ်ရတနာ တစ်ခုခု ပျောက်ဆုံးသော အသံကိုကြားလျှင် ငွေကုန်ကြေးကျအလွန်များခြင်း ကြုံရ လိမ့်မည်။

## (၁၁) ဆောင်ရန်

စနေ၊ သောကြာ၊ အင်္ဂါနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်း များ၊ အကျိုးပေးသည်။ ၇၊ ၆၊ ၃ ဂဏန်းများ အလွန်အကျိုးပေးမည်။ ၎င်းနံသင့်များနှင့်သက်ဆိုင်သော မည်သည့် စီးပွားရေးလုပ်ငန်းမဆို ပြုလုပ်၍ အောင်မြင်မည်။

## (၁၂) ရှောင်ရန်

ကြာသပတေး၊ တနင်္ဂနွေ၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ လုံးဝ ညံ့သည်။ ၅၊ ၁၊ ၄၊ ၈ ဂဏန်းများ ညံ့သည်။ ယခုနှစ်မှ ရွှေဆိုင်ဖွင့်မည့်သူများ၊ လက်ဖက်ရည်ဆိုင်ဖွင့်မည့်သူများ ညံ့သည်။ ၁၃၃၀ နှင့် ၁၃၃၈ ဖွားသူတို့ ကံခေနေ၍ ဘာသာတရား ပိုမိုအားထုတ်သင့်သည်။

**(၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်**

ပိတောက်သားပုတီးနှင့် ပဋ္ဌာန်းစိပ်ခြင်း၊ သောကြာနေ့ရောက်တိုင်း ခွေးကျွေးခြင်းများကို ကျနစွာပြုပါ။

**(၁၄) ကံမြင့် ကံပွင့် အစီအရင်**

မိုးလင်းတိုင်း ဘုရားရှင်ကို မျက်နှာသစ်တော်ရေ ကပ်လှူပါ။ ပြီးလျှင် ပဋ္ဌာန်းဥဒ္ဒေသ၊ နိဒ္ဒေသနှင့် ခမ္မစကြာကိုတွဲ၍ နေ့စဉ်ရွတ်ပါ။ ထမင်းစားပြီးတိုင်း လမ်းခွေးလေးများကို ထမင်းဟင်းကျွေးပါ။ ဘုန်းကံအရှိန်အဝါ တရိပ်ရိပ်တက်လာသည်ကို ကိုယ်တိုင်ခံစားရပါလိမ့်မည်။

❊ ❊ ❊ ❊ ❊

၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးသော
စနေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၈ | ** | ● | ※ | × | ** | × | ● | × | ** | × | ** | × | ** |
| ၁၃၀၆ | ** | ● | ※ | × | ** | × | ** | ** | * | ※ | × | ** | × |
| ၁၃၁၄ | ** | ● | ※ | × | ** | × | * | * | ● | ※ | × | * | ● |
| ၁၃၂၂ | ** | ● | ※ | × | ** | × | ● | × | ** | × | ※ | × | ** |
| ၁၃၃၀ | ** | ● | ※ | × | ** | × | ** | ** | ** | × | * | ※ | * |
| ၁၃၃၈ | ** | ● | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |
| ၁၃၄၆ | ** | ● | ※ | × | ** | × | × | × | ● | * | ※ | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁, ၁၃၃၉, ၁၃၄၇ ခုနှစ်တွင်မွေးဖွားကြသော စနေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်ရပ်စဉ်

လှုပ်ရှားမှုများသောနှစ် ဖြစ်သည်။ ငွေဝင်အားကောင်းသည့်နှစ် ဖြစ်သော်လည်း အတိုက်အခံ ရန်များနှင့် ယှဉ်နေလိမ့်မည်။ သူတစ်ပါး၏ ငွေကြေးများကိုင်တွယ်ရခြင်း၊ အစုအသင်းအဖွဲ့ပိုင် ငွေကြေးများအပ်နှံခံရခြင်း၊ ကြုံလိမ့်မည်။ လုပ်ငန်းမတည်ငြိမ်မှုများရှိနေသည်။ ကားလုပ်ငန်းပြုလုပ်သူများ အထိအခိုက် အထစ်အငေါ့များတတ်သောနှစ် ဖြစ်သည်။ မိခင် (သို့) မိခင်ကဲ့သို့ နေသူများ၏ ကြီးစိုးမှုကို ခံရမည့်နှစ် ဖြစ်သည်။ ဖခင်သည် အငြိမ်မနေရခြင်း၊ အပြောင်းအလဲများဖြစ်ခြင်း၊ အကြီးအကဲများသည် အငြိမ်မနေရခြင်း၊ အပြောင်းအလဲများဖြစ်ခြင်း ကြုံမည်။ အိုးသစ်၊ အိမ်သစ်ဆောက်လုပ်သူများ အခက်အခဲများစွာ ရင်ဆိုင်နေရမည်။ သူတစ်ပါး၏ ငွေကြေးကိစ္စအရှုပ်အရှင်းတွင် မပါဝင်ရန် အထူးသတိထားပါ။ သူတစ်ပါး၏ ငွေပြဿနာသည် ကိုယ်ရှင်းရမည့်ငွေပြဿနာ ဖြစ်လာတတ်သည်။ အမွေနှင့်သက်ဆိုင်သော မည်သည့်ဆောင်ရွက်မှုမှ မကောင်းပါ။ အကြီးအကဲများနှင့် ဆန့်ကျင်ဘက် ဖြစ်တတ်သည်။ သားငယ် သမီးငယ် ညီအစ်ကိုမောင်နှမများ အခက်အခဲကြားမှ အောင်မြင်မှု ရလိမ့်မည်။ ဖခင် (သို့) အိမ်ထောင်ဦးစီးတွင် အခက်အခဲ များစွာကြုံလိမ့်မည်။ အိမ်ခြံ၊ မြေ အကျိုးဆောင်များ၊ ပွဲစားများ အခက်အခဲ ဖြစ်လိမ့်မည်။ ၁၃၀၇ ဖွားများတို့

သည် မထင်မှတ်ဘဲ ကံထကောင်းမည်။ ထီပေါက်မည့်နှစ် ဖြစ်သည်။ ထီဝါသနာပါသူများ ယခုနှစ်တွင် မမျှော်လင့်ဘဲ ထီပေါက်လိမ့်မည်။ သူတစ်ပါးထီပေါက်သည်ဟု အသံကြားလျှင် ကိုယ်တိုင် ထပ်ဆင့်ပေါက်ပါလိမ့်မည်။ ငွေဝင်အားကောင်းသော်လည်း ငွေစုမရသောနှစ် ဖြစ်နေလိမ့်မည်။ ဝင်ငွေကောင်းလာသည်နှင့်အမျှ အပြောအဆို သွေးကြီးလာတတ်သည်။ နှလုံးသားရေးရာ အရှုပ်အရှင်းများ ရှင်းရလိမ့်မည်။ လူငယ်များ ချစ်သူများနှင့် စကားအနိုင်အထက် လုရာမှ စိတ်ဝမ်းကွဲမှု မကြာခဏပေါ် လိမ့်မည်။ အထူးဆင်ခြင်ပါ။

## (၂) စီးပွားရေး

စနေ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနာမည်ရှင်များနှင့် ဘာမဆို တိုင်ပင် ပြုလုပ်ပါ အောင်မြင်မည်။ လူမျိုးခြားနှင့် ဆက်သွယ်ရသောလုပ်ငန်းများ၊ ရေလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ စက်ပစ္စည်း ဆေးဝါးနှင့် သက်ဆိုင်သောလုပ်ငန်းများ ရတနာရောင်းဝယ်သောလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်း အကျိုးပေးမည်။ ယခုနှစ်မှ စတင်၍ ကားလုပ်ငန်း ထူထောင်ပါက အထိအခိုက် အပျက်အစီး များမည်။ ငွေတိုးချေးခြင်း၊ အပေါင်ခံခြင်း စသော အသေးစား အိမ်တွင်းမှုလုပ်ငန်းများ အကျိုးမပေး။ အဆောက်အဦ ဆောက်လုပ်သော လုပ်ငန်းများ လုံးဝညံ့သည်။ အိမ်ဖျက်ဝယ်ခြင်း၊ အိမ်ဖျက်ရောင်းခြင်း လုပ်ငန်းများ သယ်ယူပို့ဆောင်ရေး အခက်အခဲတွေ့မည်။

## (၃) ကျန်းမာရေး

ကျန်းမာရေး ဂရုစိုက်ရမည့်နှစ် ဖြစ်သည်။ ဦးခေါင်းလေရိုက်သကဲ့သို့ မူးခြင်း၊ လေအောင့်ခြင်း၊ ရင်လှပ်ခြင်း၊ လေရောဂါဟောင်းပေါ်ခြင်း၊ အတွေး လွန်ကဲခြင်းများ ဖြစ်တတ်၍ စနေ၊ အင်္ဂါနာမည်ရှင် ဆရာဝန်များ ဆေးဆရာများနှင့် ကုသပါ။ တစ်လတစ်ကြိမ် အရှူးများကို အစားအစာ ကျွေးပါ။ ထမင်းစားပြီးတိုင်း ဓာရဏပရိတ် ရွတ်ပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်နှင့် အဆင်ပြေသလို ဖြစ်ပြီးမှ ပဋိပက္ခဖြစ်ခြင်းကို အကြိမ်ကြိမ်ကြုံလိမ့်မည်။ ကျန်းမာရေး ညံ့တတ်သည်။ |
| အမျိုးသမီးများ | မပြေလည်မှုများသော ခင်ပွန်းသည်နှင့်ပြန် |

လည်းအဆင်ပြေလာမည့်နှစ် ဖြစ်သည်။

**သားသမီးများ** — အခက်အခဲများကြားမှ အောင်မြင်ရမည့် သားသမီးများအတွက် ဝမ်းသာဂုဏ်ယူရမည့်နှစ် ဖြစ်သည်။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေး ကံကောင်းသော်လည်း ကိုယ်တိုင် ကြိုးစားမှု အားနည်းနေမည်။ အခြားလုပ်ငန်းများနှင့် စိတ်လေနေသောကြောင့် ပညာရေးဘက်တွင် အားနည်းနေမည်။

**ဝန်ထမ်းရေးရာ** — ဝန်ထမ်းများသည် လုပ်ငန်းခွင်အတွင်း မဆင်မခြင် ပြောမှား ဆိုမှားဖြစ်၍ အများသူငှာ မုန်းတတ်သည်။ ခေတ္တယာယီ တာဝန်ထွက်ရခြင်း၊ ယာယီ တာဝန်ယူရခြင်းများ ကြုံရလိမ့်မည်။

## (၆) ချစ်ရေးချစ်ရာ

အချစ်ကြောင့် စိတ်လိုက်မာန်ပါ ပြောမှားဆိုမှား ဖြစ်တတ်သောနှစ် ဖြစ်၍ အထူးဆင်ခြင်ပါ။ နှလုံးသား ပူလောင်ရသော အချစ်မျိုးများ ဝင်လာတတ်သည်။ နှလုံးသားရေးရာကိစ္စကို အိမ်ထောင်ဦးစီး အကြီးအကဲ ဖျက်လိမ့်မည်။ ဘုရားများသို့ ရောက်တိုင်း တနင်္လာထောင့်တွင် ထီးဖြူများစွာ မကြာခဏလှူပါ။

## (၇) နိုင်ငံခြားခရီး

ကောင်းမလိုလိုနှင့် အဖျားရှူးတတ်သောနှစ် ဖြစ်၍ စနေ၊ အင်္ဂါ နာမည်ရှင်များ၏ အကူအညီရမှ အစစအရာရာ အကုန် အဆင်ပြေမည်။ ၁၃၁၅ ဖွားတို့သည် အခြားသူများထက် ပို၍ အဆင်ပြေမည်။ A. E. I. O. M. B. P အက္ခရာ စသော နိုင်ငံများသွားလျှင် အခက်အခဲများစွာ ကြုံမည်။ တစ်နေ့တည်း ဘုရား ၃ ဆူ လှည့်၍ ထီးဖြူများ လှူခြင်းကို လစဉ်မပျက် ပြုလုပ်သွားပါ။

## (၈) နာမည်နှင့် ကြုံတွေ့မှုများ

တနင်္ဂနွေ၊ ဗုဒ္ဓဟူး ပူးသောနာမည်များ၊ ကြာသပတေး၊ ဗုဒ္ဓဟူး ပူးသောနာမည်များ၊ သောကြာနာမည် အလွန်ညံ့သည်။ ထိုနာမည်ရှင်များ ကြောင့် စိတ်ညစ်စရာကြုံရတတ်သည်။ စနေစ စနေပိတ်နာမည်ရှင်များ ဖြစ်ပါက အလွန်အကျိုးပေးမည့်နှစ် ဖြစ်သည်။

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

သမထ၊ ဘာဝနာနှင့် သက်ဆိုင်သော စာအုပ် စာတန်းများ၊ ရတနာ ဟောင်းများ ဝင်ခြင်း ကောင်း၊ မြေကိစ္စ၊ အမွေကိစ္စ ဆောင်ရွက်ခြင်း မပြု သင့်ပါ။ အိမ်ဖျက်ရောင်းသော ပစ္စည်းများ၊ အိမ်ထောင်ရေး အပူသည်များ လက်ခံခြင်း မလုပ်ရ။ ကားဝယ်ခြင်း၊ ကားလုပ်ငန်းစတင်ခြင်းများကို ရှောင် ရှားရမည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

ထီပေါက်ခြင်း နိမိတ်ကို ကြားရ၊ မြင်ရလျှင်လည်းကောင်း၊ သား သမီးရတနာရရှိခြင်း နိမိတ်ကြားရ၊ မြင်ရလျှင် လည်းကောင်း၊ အောင်မြင် မည်။ ကားတိုက်ခြင်း၊ အိမ်ဖျက်ခြင်း၊ အမွေလုခြင်း နိမိတ်ကြားရလျှင် ငွေ မှု၊ ငွေပြဿနာများ ပေါ်မည်။

## (၁၁) ဆောင်ရန်

ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါနာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်း များ၊ ၄၊ ၇၊ ၃ ဂဏန်းများ လူမျိုးခြားနှင့် ဆက်သွယ်ရသောလုပ်ငန်းများ ထီနှင့် ဆိုင်သော စီးပွားရေးလုပ်ငန်းများ အကျိုးပေးမည်။

## (၁၂) ရှောင်ရန်

တနင်္လာ၊ ကြာသပတေး၊ တနင်္ဂနွေ၊ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၂၊ ၅၊ ၁ ဂဏန်းများ အိမ်မြေအကျိုးဆောင်လုပ်ငန်းများ၊ အနုပညာနှင့်သက်ဆိုင်သော လုပ်ငန်း၊ အိမ်ဆောက်ပစ္စည်းလုပ်ငန်းများ အခက်အခဲဖြစ်မည်။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ဘုရားများရောက်တိုင်း တနင်္လာထောင့်တွင် ထီးဖြူများ လှူပါ။ ထိန်သားပုတီးဖြင့် နမော ၅ချက် စိပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တစ်နေ့တည်း ဘုရား ၃ ဆူ လှည့်၍ ဘုရားတိုင်း၏ တနင်္လာ ထောင့်တွင် ကနက္ကဒန် ထီးဖြူလှူခြင်းကို လစဉ်ပြုလုပ်ပါ။ အင်္ဂါနေ့ရောက် တိုင်း လမ်းခွေးများကို အစာကျွေးပါ။ မွေးနေ့ရောက်တိုင်း ဓမ္မစကြာ ရွတ် ပါ။ ထိန်သားပုတီးဖြင့် နမော ၅ချက် စိပ်ခြင်း၊ သရဏဂုံ ၃၀စိပ်ခြင်းကို တစ်နှစ်လုံး ဝတ်မပျက်ပြုလုပ်ပါ။

❋ ❋ ❋ ❋ ❋

၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁, ၁၃၃၉, ၁၃၄၇ ခုနှစ် မွေးသော
စနေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၉ | ● | ** | × | ** | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၀၇ | ● | ** | × | ** | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၁၅ | ● | ** | × | ** | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၂၃ | ● | ** | × | ** | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၃၁ | ● | ** | × | ** | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၃၉ | ● | ** | × | ** | × | ** | ** | ** | ** | × | * | ※ | * |
| ၁၃၄၇ | ● | ** | × | ** | × | ** | ** | ** | ● | ※ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ်တွင် မွေးဖွားကြသော စနေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

အမျိုးသားများ ငွေဝင်တတ်သည်။ အမွေကဲ့သို့ ငွေကြေးများရရှိခံစားရတတ်သည်။ ထောက်ပံ့ကူညီမည့်သူများနှင့် ကြုံရတတ်သည်။ မြေယာရောင်းဝယ်သူများ အခြေအနေကောင်းမည်။ မြေဝင်လာတတ်သည်။ မုဆိုးမကဲ့သို့သော အမျိုးသမီးများ၏ ကူညီထောက်ပံ့မှုများကို ရရှိခံစားရတတ်သည်။ ငယ်ရွယ်သူတို့ ပညာရေးတွင် အထူးအောင်မြင်မှု ကြုံရတတ်သည်။ ၁၃၀၈၊ ၁၃၁၆၊ ၁၃၄၀ ခုနှစ်မွေးသူတို့ ပိုအကျိုးများမည်။

ယခုနှစ်အတွင်း ရွှေဝင်တတ်သည်။ ဖိတ်ခေါ်၍ မိသားစုလိုက်ရေလမ်းခရီးသွားရတတ်သည်။ ရွှေဆိုင်ပိုင်ရှင်များ၊ ရေလုပ်ငန်းများ ကံကောင်းမည်။ ဘုရားဆင်းတုတော်များ အိမ်ကြွလာတတ်သည်။ ညီအစ်ကိုမောင်နှမများ၏ အကူအညီကို ရရှိတတ်သည်။ သံဃာတော်များကို ယပ်တောင် လှူပါ။ သင်္ချာ၊ နက္ခတ်ပိုင်းဆိုင်ရာ ပညာရပ်များ သင်ကြားရရှိတတ်သည်။ ၁၃၀၀၊ ၁၃၁၈ ခုဖွားတို့ ပိုကောင်းမည်။

အလုပ်ပြောင်း၊ အိမ်ပြောင်းခြင်းတို့ ကြုံရတတ်သော်လည်း အခက်အခဲများကြားမှ ကြုံတွေ့ရင်ဆိုင်ရတတ်သည်။ အလုပ်အကိုင်များ အခက်အခဲ ကြုံရလေ အောင်မြင်ရလေ ဖြစ်ရတတ်သည်။ အကြီးအကဲများ၏ အရေးပေးခြင်း ခံရတတ်သည်။ လုပ်ငန်းသစ် စတင်လုပ်ကိုင်လိုသူတို့

စတင်ရန် ကောင်းသော်လည်း အခက်အခဲများ အနည်းငယ်တွေ့ရတတ်သည်။ ၁၃၀၀၊ ၁၃၀၈ ခုဖွားတို့ ပိုထူးမည်။

အဝေးတစ်နေရာလူမျိုးကွဲတို့နှင့် ဆက်ဆံရသော အလုပ်များ သောင်မတင် ရေမကျ ဖြစ်တတ်သည်။ အကြိမ်ကြိမ်ကြိုးစားရတတ်ပြီး ဟုတ်နိုး ဟုတ်နိုးဖြင့် ရှိတတ်သည်။

၁၃၃၂၊ ၁၃၀၈၊ ၁၃၁၆၊ ၁၃၄၀ခုဖွားတို့သည် ဆေးမှား၊ အစာမှား ဖြစ်တတ်သည်။ နှလုံးသားရေးရာ ကိစ္စများ ရှုပ်ထွေးပါက သူတစ်ပါး အစွပ်အစွဲခံရတတ်သည်။ လုပ်ငန်းရှင်များ လက်အောက်ဝန်ထမ်းများ အဝင်အထွက်များမည်။ စိတ်ဆင်းရဲရတတ်သည်။ အတိုက်အခိုက်များ ကြုံရတတ်သည်။ ငယ်ရွယ်သူတို့ ခိုက်ရန်ဖြစ်ပွားခြင်း အထူးရှောင်ပါ။ မဆုံးနိုင်ဘဲ ဖြစ်တတ်သည်။ ဆရာတု၊ ဆရာယောင်များကြောင့် ဒုက္ခရောက်ရတတ်သည်။ စာကလေးများကို မကြာခဏအစာကျွေးပါ။ လွှတ်ပါ။ စက်ကိရိယာ တစ်ပတ်ရစ်များ မဝယ်ရ။

အနုပညာနယ်ပယ်မှပုဂ္ဂိုလ်များ၊ လုပ်ငန်းရှင်များ၊ မိတ်ဆွေများကြောင့် သိက္ခာကျခြင်း၊ အတိုက်အခိုက်ကြုံရခြင်းတို့ ရှိတတ်သည်။ မိမိနှင့် မဆိုင်သော ကိစ္စများတွင် ကြားဝင်မိခြင်းကြောင့် နာမည်ပျက်တတ်သည်။ စားသောက်ဆိုင်လုပ်ငန်းများ၊ ခရီးသွားလာရေးဆိုင်ရာ အလုပ်များ။ အခြေအနေအကြောင်းမလှတဲ့ ရှိတတ်သည်။ အသံထွက်အလှအပပစ္စည်းများ ဝင်ပါက ခိုက်မည်။ ၁၃၂၄ ခု၊ ၁၃၀၈ခုဖွားသူတို့ ပိုသတိထားရမည်။ ခရီးရှည်သွားခြင်းကြောင့် ကျန်းမာရေးညံ့တတ်သည်။ မိမိအပေါ် သစ္စာမရှိသူတို့ကြောင့် ဒုက္ခရောက်တတ်၍ အထူးသတိထားရန် လိုအပ်ပါသည်။

၁၃၁၆၊ ၁၃၀၀၊ ၁၃၀၈၊ ၁၃၃၂ ခု ဖွားသူတို့သည် အများပိုင် ငွေကြေးများ သူခိုးခိုးခံရတတ်ခြင်း ပြဿနာကြုံရတတ်ခြင်းတို့ ဖြစ်တတ်သည်။ မင်္ဂလာကိစ္စ ကြီးကျယ်စွာ ဦးစီးဆောင်ရွက်ခြင်းများကြောင့် စိတ်ညစ်ရတတ်သည်။ ရန်ပွားရတတ်သည်။ ကားရှိသူများ၊ မောင်းသူများ အထူးသတိထားမောင်းရန်လိုသည်။ ခန္ဓာကိုယ်အောက်ပိုင်း၊ ခြေထိခိုက်တတ်သည်။ ချစ်သူများ အတွင်း အုပ်စုများကြောင့် စိတ်ညစ်ရခြင်း လမ်းခွဲရခြင်းတို့ ကြုံတတ်သည်။ အကြောင်းမဲ့ ညအိပ်ဧည့်သည် လက်ခံခြင်းမျိုးကို ရှောင်ပါ။ မိခင်ဖြစ်သူ၏ ကျန်းမာရေးညံ့တတ်၍ ငါးသက်စေ့လွှတ်သင့်သည်။ မိခင်ဖြစ်သူကို ကူညီထောက်ပံ့ပါ။ အမြင့်မှ ကျတတ်၍ သတိထားပါ။

## (၂) စီးပွားရေး

မြေယာရောင်းဝယ်ခြင်း၊ မြေပဲ၊ ပဲ အမျိုးမျိုးရောင်းဝယ်ခြင်းကောင်းသည်။ ရွှေဆိုင်များ၊ ရတနာဆိုင်များ၊ ရေလမ်းခရီးဆိုင်ရာလုပ်ငန်းများ၊ ရေသန့်လုပ်ငန်းများ အခြေအနေကောင်းသည်။ အလှအပပစ္စည်းရောင်းဝယ်သူများ၊ အသံထွက်ပစ္စည်းရောင်းဝယ်သူများ၊ ကားရောင်းဝယ်သူများ၊ စက်ကိရိယာရောင်းဝယ်သူတို့ ညံ့သည်။ ဆေးပစ္စည်းများ အဘုမိတတ်သည်။ လူမျိုးကွဲများ အကျိုးမပေးပါ။ လက်အောက်ဝန်ထမ်းများ အပြောင်းအလဲပြဿနာရှာမည်။ အပြိုင်အဆိုင်တိုက်ခိုက်မှုများ ကြုံရတတ်သည်။ အလုပ်ပြောင်းခြင်းများ ခက်ခဲမှုများစွာ ကြုံပြီးမှ အောင်မြင်တတ်သည်။ အလုပ် စတင်လုပ်ကိုင်လိုသူတို့ အခြေအနေကောင်းမည်။ အခက်အခဲအနည်းငယ်ကြုံမည်။ ကြာသပတေး၊ ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများကိုသာ ရွေးချယ်လုပ်ကိုင်သင့်သည်။

## (၃) ကျန်းမာရေး

ခန္ဓာကိုယ်အောက်ပိုင်း၊ ခြေ၊ ဆီးရောဂါများ ဖြစ်တတ်သည်။ ဆေးထိုး၊ ဆေးစား မှားတတ်သည်။ ကြာသပတေး၊ ဗုဒ္ဓဟူးနာမည်ပါ ဆရာဝန်၊ သမားတော်တို့နှင့်သာ ကုသမှုခံယူပါမှ ဆေးတိုးမည်။ အမျိုးသမီးပိုင်းဆိုင်ရာ ရောဂါများ ဖြစ်တတ်သည်။ ယတြာ-ထမင်းစားပြီးတိုင်း ရတနာသုတ်ရွတ်ပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်ကျန်းမာရေးညံ့တတ်သည်။ အိမ်ထောင်ရေးတွင် စိတ်သဘောထား မတိုက်ဆိုင်မှုများ ကြုံရတတ်၍ သည်းခံရန်လိုသည်။ |
| အမျိုးသမီးများ | အချို့ခင်ပွန်းသည်၏ အပျော်လွန်မှုကြောင့် စိတ်ဆင်းရဲရတတ်သည်။ အလည်လွန်မှုများလည်း ဖြစ်တတ်ပါသည်။ ခင်ပွန်းသည် ပြဿနာများ မကြာခဏ ကြုံရတတ်၍ စာကလေးများကို မကြာခဏ လွှတ်ပေးပါ။ |
| သားသမီးများ | သားငယ် သမီးငယ်တို့၏ အောင်မြင်မှုကို |

ခံစားရတတ်ပြီး၊ သားကြီး သမီးကြီးတို့
အတွက် ပူပင်ရတတ်သည်။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေးအထူးကောင်း၍ အောင်မြင်မှုများ ထူးကဲစွာ ရရှိတတ်သည်။

**ဝန်ထမ်းရေးရာ** ဝန်ထမ်းများ အကြီးအကဲတို့၏ အရေးပေးခြင်းခံရတတ်သော်လည်း နေရာပြောင်းရွှေ့၍ တာဝန်ထမ်းခြင်းမျိုးရှိပါက အဆင်မပြေဖြစ်တတ်သည်များရှိသည်မှအပ ကောင်းသည်။

## (၆) ချစ်ရေးချစ်ရာ

ချစ်သူမရှိသေးသောသူများ လူရွေးများတတ်သည်။ ချစ်သူရှိပြီးသူများ အတွင်းအုပ်စုများကြောင့် လမ်းခွဲရခြင်း၊ ပြဿနာဖြစ်ရတတ်ခြင်းတို့ကြုံရတတ်သည်။ မင်္ဂလာဆောင်ကြီးကျယ်စွာ မပြုလုပ်သင့်သောနှစ် ဖြစ်သည်။ ငါးကလေးများကို မကြာခဏလွှတ်ပါ။ ခွေးကလေးများကို ထမင်းစားပြီးတိုင်း ချန်၍ကျွေးပါ။

## (၇) နိုင်ငံခြားခရီး

ကြိုးစားသမျှ မအောင်မြင်ဘဲ ရှိတတ်သည်။ လူမျိုးကွဲများ တနင်္လာ၊ သောကြာ နာမည်ရှင်များကြောင့် ငွေကြေးဆုံးရှုံးတတ်သည်။ မသွားသင့်သောနှစ် ဖြစ်သည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္ဂနွေ၊ ကြာသပတေး အပြန်အလှန်ပူးသော နာမည်ရှင်များ (ဥပမာ-အောင်မျိုး၊ မြင့်ဦး)၊ အင်္ဂါ၊ စနေဆုံး အမည်များ (ဥပမာ-စိုးထွန်း) နာမည်ရှင်များဖြစ်ပါက ကံမကောင်းဘဲ ရှိတတ်သည်။ ၎င်းနာမည်ရှင်တို့ကြောင့် စိတ်ညစ်ရတတ်သည်။

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

အိမ်ဦးခန်း၊ ဘုရားခန်းကို စင်ကြယ်သန့်ရှင်းစွာထားပါ၊ အဖြူရောင်

ရှောင်ပါ။ ကားမဝယ်သင့်၊ စက်ပစ္စည်းများ မဝယ်သင့်၊ အလှအပအသုံး ထွက်ပစ္စည်းများ ဝင်ပါက ခိုက်မည်။ ရွှေဝတ်ဆင်ခြင်းဖြင့် အဆောင်ဖြစ်မည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အနီးအနားတွင် အသံမစဲပဋ္ဌာန်းပွဲကြီးများ ကျင်းပသောနိမိတ်ကို မြင်လျှင်၊ တွေ့လျှင် ဘာမဆို အထူးအောင်မြင်ပြီဟု မှတ်ပါ။ အဆိပ်မိသော နိမိတ် မြင်လျှင်၊ အလုပ်ပြောင်းခြင်း အလုပ်ပြုတ်ခြင်း ဖြစ်မည်။

## (၁၁) ဆောင်ရန်

ကြာသပတေး၊ ဗုဒ္ဓဟူး နာမည်ရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ အကျိုးပေးမည်။ ၎င်းနံသင့် ကုန် ပစ္စည်းများ ရောင်းဝယ်ခြင်းကြောင့် အကျိုးကျေးဇူးခံစားရမည်။ ၎င်းနံသင့် ပန်းများ ဘုရားလှူပါ။ ၅၊ ၄၊ ၈ ဂဏန်းဆောင်ပါ။

## (၁၂) ရှောင်ရန်

တနင်္လာ၊ သောကြာ၊ အင်္ဂါ နေ့ရက်များ၊ နေ့သားများ၊ နာမည်ရှင်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ အကျိုးမပေး။ ၎င်းနံသင့်ကုန်ပစ္စည်းများကြောင့် စိတ်ညစ်ရတတ်သည်။ ၎င်းနံသင့် အစားအစာများ စားပါက သတိထားပါ။ ၂၊ ၆၊ ၃၊ ၉ ဂဏန်း ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

တစ်နှစ်ပတ်လုံးဘုရားရှင်အား ရွှတ်လှများ ဝေနေအောင် ပူဇော်ထားပါ။ မုန့်လုံးရေပေါ် မကြာခဏ ဆွမ်းတော်ကပ်လှူပါ။ ခွေးများကို အစာကျွေးပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

သောကြာနေ့ရောက်တိုင်း ဘုရားရှင်နှင့်တကွ ရှင်သီဝလိရဟန္တာ မထေရ်ကြီးအား သောက်တော်ရေ အထူးကပ်လှူခြင်းနှင့် သစ်သီးဆွမ်းများ ကပ်လှူခြင်းကို မပျက်မကွက်ပြုပါ။ ကပ်လှူသည့်အခါ မဟာဝေဒဗ္ဗမန္တန်တော်နှင့် ရှင်သီဝလိဂါထာရွတ်၍ လှူပါ။

လပြည့်နေ့နှင့် လကွယ်နေ့ရောက်တိုင်း မုန့်လုံးရေပေါ် ကို ထမင်းစားပန်းကန်ကြီးနှင့် ကပ်လှူပါ။ ရှက်လှမျာကို အိုးတစ်လုံးသတ်သတ်နှင့် မညှိုးအောင် ထိုးလှူပါ။ ယခုနှစ်-ပဋ္ဌမံဂါထာကို နေ့စဉ် ၅ပတ် မပြတ်စိပ်လျှင် လိုရာပြီးပါပြီ။

❊ ❊ ❊ ❊ ❊

၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးသော
စနေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၀ | ** | ** | × | * | ※ | * | ● | × | ** | × | ※ | × | ** |
| ၁၃၀၈ | ** | ** | × | * | ※ | * | ** | ** | ** | × | * | ※ | * |
| ၁၃၁၆ | ** | ** | × | * | ※ | * | ** | ** | ● | ※ | × | ** | × |
| ၁၃၂၄ | ** | ** | × | * | ※ | * | × | × | ● | * | ※ | × | ** |
| ၁၃၃၂ | ** | ** | × | * | ※ | * | ● | × | ** | × | ** | × | ** |
| ၁၃၄၀ | ** | ** | × | * | ※ | * | ** | ** | * | ※ | × | ** | × |
| ၁၃၄၈ | ** | ** | × | * | ※ | * | * | * | ● | ※ | × | * | ● |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၁၊ ၁၃၀၉၊ ၁၃၁၇၊ ၁၃၂၅၊ ၁၃၃၃၊ ၁၃၄၁၊ ၁၃၄၉ ခုနှစ်တွင် မွေးဖွားကြသော စနေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

စက်ကိရိယာအသစ်များ၊ ဆိုင်ကယ်အသစ်များ ဝင်လာတတ်သည်။ လက်အောက်ငယ်သားများကြောင့် အကျိုးကျေးဇူးရရှိခံစားရတတ်သည်။ အင်္ဂါသားသမီးများကြောင့် အကျိုးဖြစ်ထွန်းတတ်သည်။ ဆေးဆိုင်များ၊ စက်ကိရိယာအရောင်းအဝယ်လုပ်ကိုင်သူများ၊ ဆေးခန်းများ၊ စာအုပ်ထုတ်ဝေရေးလုပ်ငန်းများ ကောင်းမည်။ ၁၃၀၁၊ ၁၃၄၁ ခုဖွားတို့ ပိုအကျိုးပေးမည်။ အမျိုးသမီးများ ခင်ပွန်းဖြစ်သူ၏ အောင်မြင်မှု၊ ယုယကြင်နာမှုတို့ ရရှိမည်။

အဝေးမှ ဆွေမျိုးသားချင်းတို့ ရောက်လာတတ်သည်။ အသုံးအဆောင်အလှအပပစ္စည်းများ ရရှိလာတတ်သည်။ နိုင်ငံရပ်ခြားခရီးဝေးလုပ်ကိုင်ဆောင်ရွက်နေကြသူများ အောင်မြင်မည်။ နိုင်ငံခြားခရီးရှိသည်။ အကျင့်သီလကောင်းမွန်စွာနေထိုင်၍ ကျင့်ကြံအားထုတ်ရမည်။ အနုပညာလုပ်ငန်းမှ ပုဂ္ဂိုလ်များ၊ ရပ်ဝေးနယ်ခြားသို့သွားခြင်းဖြင့် အောင်မြင်မှုထပ်ကာ ရရှိတတ်သည်။ စားသောက်ဆိုင်ပိုင်ရှင်များ၊ ခရီးသွားလုပ်ငန်းနှင့် အလှအပပစ္စည်းရောင်းဝယ်သော လုပ်ငန်းတို့ အောင်မြင်မည်။ ၁၃၄၁ ခုဖွားတို့ ပိုဖြစ်တတ်သည်။ ဘုရားဖူးခရီးရှည်များ ထွက်ရတတ်သည်။ နှလုံးသားရေးရာကိစ္စများ ရှင်းရတတ်သည်။

၁၃၀၉၊ ၁၃၃၃၊ ၁၃၄၁ ခုဖွားတို့သည် အလုပ်နှင့်ပတ်သက်သော အိမ်နှင့်ပတ်သက်သော ငွေကြေးကိစ္စများ ကိုင်တွယ်ရတတ်သည်။ အထူး သတိထားရန် လိုသည်။ မင်္ဂလာကိစ္စများ ဖြစ်မလိုလိုနှင့် မဖြစ်သေးဘဲ ရှိ တတ်သည်။ အလှူအတန်းများ ပြုလုပ်ရတတ်သည်။ အကြောင်းမဲ့ ညအိပ် ဧည့်သည်လာရောက်ခြင်းကို လက်ခံပါက အလုပ်ထဲတွင် လည်းကောင်း၊ အိမ်တွင်လည်းကောင်း ပြဿနာပေါ် တတ်သည်။ အကြံအစည်များ အဖျား ရှူးတတ်သည်။ ကားလုပ်ငန်းစတင်လုပ်လိုသူများ မပြုလုပ်သင့်သေးသော ကာလ ဖြစ်သည်။ ငွေကြေး မမြဲဘဲ ရှိတတ်သည်။

သူတစ်ပါးသို့ ချေးငှားထားသော ငွေကြေးများရှိပါက အကြိမ်ကြိမ် တောင်းမှ ရတတ်သည်။ မိမိ၌ အကြွေးရှိပါက ပြေလည်အောင် ပေးဆပ် နိုင်ခြင်း မရှိသေးဘဲ ဖြစ်မည်။ ငယ်ရွယ်သူတို့ ပညာရေးပိုင်းတွင် ထပ်ခါ တလဲလဲ ကြိုးစားအားထုတ်ရမည်။

အလုပ်အကိုင်ထဲတွင် ပြဿနာ ဖြစ်တတ်သည်။ အိမ်တွင်းရေး ပြဿနာများကြောင့် စိတ်ညစ်ရတတ်သည်။ အလုပ်ထဲတွင် ကူညီထောက် ပံ့သူမရှိဘဲ ဖြစ်တတ်သည်။ အမျိုးသမီးများ ဖခင်ဖြစ်သူ၏ ကျန်းမာရေး အတွက် လည်းကောင်း၊ အိမ်ထောင်ဦးစီးအတွက် လည်းကောင်း၊ ပူပင်ရ တတ်သည်။ ၁၃၁၇၊ ၁၃၄၁၊ ၁၃၂၅ ခုဖွားသူတို့ ပိုသတိထားရမည်။ အိမ် ပြင်ဆောက်ခြင်း၊ အသစ်ဝယ်ခြင်းတို့ မပြုလုပ်သင့်သော ချိန်ခါ ဖြစ်သည်။ အနီရောင်ရှိသော ပစ္စည်း မဝင်စေရ။ အလုပ်အကိုင်စတင်လုပ်ကိုင်လိုသူ တို့ ပြဿနာမျိုးစုံနှင့် ကြုံတွေ့ရတတ်သည်။ အကြောင်းမဲ့ ညအိပ်ဧည့်သည်၊ ကား မဝင်မိစေရန် ဂရုစိုက်ရမည်။ အင်း မဝင်စေရ။

၁၃၁၇၊ ၁၃၀၉၊ ၁၃၄၁ ခုဖွားတို့သည် လေရောဂါရှိသူများ ရင်၊ ဝမ်း၊ ဥပဒ်ပေးတတ်သည်။ ဖြစ်ချင်သောကိစ္စ၊ အကြံအစည်များ ဖြစ်မလာ ဘဲ ရှိတတ်သည်။ ရွှေရောင်ပစ္စည်းများ မဝင်မိစေရန် အထူးဂရုစိုက်ရမည်။ ညီအစ်ကိုမောင်နှမတို့နှင့် စကားများရတတ်သည်။ အမျိုးသမီးများ အဖော် အဖြစ် လိုက်ရသော ရေလမ်းခရီးမျိုး ရှောင်ပါ။ ရေချိုးမှားပြီး အအေးမိ တတ်သည်။ ရွှေဆိုင်ရောင်းသူများ ရတနာပစ္စည်းရောင်းဝယ်သူများ၊ ရေလုပ်ငန်းပိုင်ရှင်များ၊ အရည်အမျိုးမျိုး ရောင်းသူများ စီးပွားရေး ညံ့သည်။ အပြိုင်အဆိုင် ပေါ်မည်။

သိမ့်ဖူးသော လူမျိုးကွဲများ လုံးဝအကျိုးမပေးပါ။ လုပ်ငန်းများ ရုတ် တရက် ရပ်ဆိုင်းသွားတတ်သည်။ သူများပြဿနာ ကိုယ့်ပြဿနာ ဖြစ်တတ် သည်။ ပစ္စည်းအထုပ်အထည် အလွယ်တကူ လက်မခံရ။ ဥပဒေနှင့်

မကောင်းသော ကိစ္စရပ်များ ရှောင်ပါ။ ၁၃၀၉၊ ၁၃၁၇၊ ၁၃၄၁ ခုဖွားသူတို့ ပိုသတိထားရမည်။ အနက်ရောင် ဝတ်ဆင်ခြင်း ရှောင်ပါ။ တခြားသူတို့၏ ပြဿနာကြားထဲဝင်မပါရ။ အနက်ရောင်ရှိသော ကျောက်မျက်ရတနာများ မဝင်စေရ။ မီးအပူလောင်တတ်သည်။ အောက်ခြေသိမ်းဝန်ထမ်းတို့ကြောင့် စိတ်ဒုက္ခရောက်ရတတ်သည်။

## (၂) စီးပွားရေး

စက်ကိရိယာရောင်းဝယ်သော လုပ်ငန်းများ၊ ဆန်၊ ဆီ၊ ဆေးအမျိုးမျိုးရောင်းဝယ်ခြင်း အလုပ်များ အကျိုးပေးမည်။ စားသောက်ဆိုင်များ၊ အလှအပ ပစ္စည်းရောင်းသူများ၊ ခရီးဝေးသွားလုပ်ငန်းများ အောင်မြင်မည်။ အလုပ်ထဲတွင် စိတ်ညစ်ရတတ်သည်။ အဝတ်အထည်လုပ်ငန်း၊ ထီး၊ ဖိနပ်လုပ်ငန်းများ၊ ရေလုပ်ငန်းဆိုင်ရာအလုပ်များ၊ ရတနာပစ္စည်းရောင်းဝယ်သူများ အကျိုးပေး ညံ့သည်။ အစုရှယ်ယာအလုပ်များ ပြိုကွဲရတတ်သည်။ အစုစပ်လုပ်ငန်း မကောင်း၊ လူမျိုးကွဲ အကျိုးမပေး။ လက်အောက်ဝန်ထမ်းကောင်း ရတတ်သည်။ အလုပ်စတင်လုပ်ကိုင်လိုသူ တို့ အခက်အခဲများနှင့်ကြုံတွေ့ရတတ်သည်။

## (၃) ကျန်းမာရေး

လေရောဂါ၊ ရင်၊ ဝမ်း ဥပဒ်ပေးတတ်သည်။ အကြောရောဂါ၊ ဒူး၊ ဦးခေါင်းပိုင်းဆိုင်ရာ အကြောတက်ခြင်းတို့ ဖြစ်တတ်သည်။ ရေချိုးမှား အအေးမိတတ်သည်။ အင်္ဂါ၊ သောကြာနေ့ အမည်ပါ ဆရာဝန်၊ ဆေးဆရာတို့နှင့် ကုသမှုခံယူပါမှ ဆေးတိုးမည်။ ထမင်းစားပြီးတိုင်း ခါရဏပရိတ်အမြဲရွတ်ပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်၏ထင်ပေါ်ကျော်ကြားမှုကို ကြုံရမည်။ ဇနီးသည်ထံမှ အကူအညီများစွာ ရတတ်သည်။ ခရီးဝေးသွားသော ဇနီးသည်ထံမှ အဆင်မပြေစရာကိစ္စများ ကြုံရတတ်သည်။ |
| အမျိုးသမီးများ | ခင်ပွန်းဖြစ်သူ၏ အောင်မြင်မှုများကို ကြည်နူးမှုအပြည့်ဖြင့် ခံစားရမည်။ ကတောက် |

ကဆဖြစ်ရပြီး ပြန်တည့်တတ်သည်။

**သားသမီးများ** — သားငယ်သမီးငယ်တို့၏ ကျန်းမာရေးနှင့် ခိုက်ရန်ဖြစ်ပွားခြင်းတို့အတွက် သတိထားရမည်။ အငေးရောက် သားကြီး သမီးကြီးတို့၏ အောင်မြင်မှုကို ကြုံရ ကြားရမည်။

## (၅) ပညာရေး၊ ဝန်ထမ်းရေးရာ

ပညာရေးတွင် အကြိမ်ကြိမ်ကြိုးစားပြီး အောင်မြင်မှုကို ရရှိခံစားရတတ်သည်။ မိမိကိုယ်ကိုသာ အားကိုးရမည်။

**ဝန်ထမ်းရေးရာ** — ဝန်ထမ်းများ အကြီးအကဲတို့၏ အရေးပေးခြင်း မခံရတတ်။ လစ်လျူရှုခြင်း ခံရမည်။ ပြဿနာမဖြစ်စေရန် ဂရုစိုက်ရမည်။ ကူညီထောက်ပံ့မှု နည်းပါးမည်။

## (၆) ချစ်ရေးချစ်ရာ

ချစ်သူမရှိသေးသောသူများ တကယ်ချစ် မချစ် သေချာစွာ စိစစ်သင့်သည်။ ကြာရှည် မမြဲတတ်။ ချစ်သူရှိပြီးသူတို့ ကံကောင်းသော်လည်း စိတ်ကစားတတ်သည်။ အနည်းအကျဉ်း မင်္ဂလာပြုသင့်သည်။ ခွေးကလေးများကို ထမင်းစားပြီးတိုင်း အစာကျွေးပါ။

## (၇) နိုင်ငံခြားခရီး

သွားဖြစ်တတ်သည်။ အင်္ဂါ၊ သောကြာ နေ့သားတို့၏ ကူညီမှုကို ယူပါ။ D. T. V. Y အက္ခရာပါသော နိုင်ငံများဖြစ်ပါက အနည်းငယ် ခက်ခဲတတ်သည်။ ၄ယောက်သွားခြင်း ရှောင်ပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

ခနေ၊ ဗုဒ္ဓဟူးပူးသော နာမည်များ (ဥပမာ-ထွန်းလင်း၊ လင်းထွန်း) တနင်္လာ နာမည်ရှင်များ (ဥပမာ-ကျော်ကြား) ဖြစ်ပါက ကံဆိုးတတ်သည်။ ၎င်းနာမည်ရှင်တို့ကြောင့်လည်း စိတ်ညစ်ရတတ်သည်။

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

ခရွှေရောင်ပစ္စည်းများ၊ အင်း၊ လက်ဖွဲ့မဝင်စေရ။ မဆောင်ရ။ ရွှေ

ရောင် ခါတ်လုံး မဆောင်ရ။ ဖိနပ်ချွတ်ရှိ ဖိနပ်စုတ်၊ ထီးစုတ်များ လွှင့်ပစ်ပါ။ နာရီပျက်များ တစ်ပတ်ရစ်များ မဝင်စေရ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

မည်သည့် စေတီပုထိုးဖြစ်ဖြစ်၊ စိန်ဖူးတော် တင်လှူသော နိမိတ်ကို မြင်လျှင် ကိုယ်တိုင်အောင်မြင်မှုများ ရောက်ရှိလာပြီ မှတ်ပါ။

## (၁၁) ဆောင်ရန်

အင်္ဂါ၊ သောကြာ၊ တနင်္လာ နာမည်ရှင်များ၊ မြို့ဒေသများ၊ နေ့ရက်များ၊ နေ့သားများ၊ အရပ်ထောင့်များ အကျိုးရမည်။ ၎င်းနံသင့်ကုန်စည်များ ရောင်းဝယ်ခြင်းကြောင့် အကျိုးကျေးဇူးခံစားရမည်။ ၎င်းနံသင့် ပန်းများ ဘုရားလှူပါ။ ၃၊ ၆၊ ၂၊ ၉ ဂဏန်းများ ဆောင်ပါ။

## (၁၂) ရှောင်ရန်

စနေ၊ ဗုဒ္ဓဟူး၊ တနင်္ဂနွေနာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ အကျိုးမပေး။ ၎င်းနံသင့်ကုန်စည်များ ရောင်းဝယ်ခြင်းဖြင့် အကျိုးကျေးဇူးမရှိ ဖြစ်တတ်သည်။ ၎င်းနံသင့် အစာများ စားခြင်း သတိထားပါ။ ၇၊ ၄၊ ၈၊ ၁ ဂဏန်း ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ဘုရားရှင်အား ယခု တစ်လလုံး အင်္ဂါနံပန်းများဖြင့် ဝေနေအောင် ပူဇော်ထားပါ။ သရဏဂုံ ၃၀ ကို နေ့ရော ညပါ ပုတီးစိပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

သောကြာနေ့ရောက်တိုင်း ခွေးလေးများကို ထမင်းဟင်းကျွေးပါ။ တစ်နေ့တည်း ဘုရားဖြူ ပြည့်အောင် လှည့်ပါ။ ဘုရားတိုင်း၏ ကြာသပတေးထောင့်တိုင်းတွင် ဆီမီးခွက် ၁၀ခွက်စီ ထွန်းညှိပူဇော်ပါ။ အနည်းဆုံး ၂လ တစ်ခါ ပြုလုပ်ပါ။ သရဏဂုံ ၃၀ကို နေ့စဉ် ပုတီး ၁၀ပတ် စိပ်ခြင်းဖြင့် အရာရာအားလုံး ပြီးပါသည်။

❋ ❋ ❋ ❋ ❋

၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးသော
စနေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၁ | ● | ** | × | ● | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၀၉ | ● | ** | × | ● | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၁၇ | ● | ** | × | ● | × | ** | ● | × | ** | × | ** | × | ** |
| ၁၃၂၅ | ● | ** | × | ● | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၃၃ | ● | ** | × | ● | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၄၁ | ● | ** | × | ● | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၄၉ | ● | ** | × | ● | × | ** | ** | ** | ** | × | * | ※ | * |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၂, ၁၃၁၁, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ်တွင် မွေးဖွားကြသော စနေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ယခုနှစ်တွင် ညီအစ်ကိုမောင်နှမများ၊ သားသမီးများ၏ အကျိုးပေးမှု၊ အောင်မြင်မှု အထောက်အကူပြုမှုတို့ကို ဝမ်းသာအားရ တွေ့ရ၊ ဆုံရ၊ ကြုံရမည့်နှစ်ဖြစ်သည်။ မိတ်ကောင်းဆွေကောင်းများ အလွန်ပေါလာမည့် နှစ်ဖြစ်သည်။ သို့သော် သတိထားပါ။ မိတ်ဆွေများ၏ အလိုကို ထိန်းချုပ်၍ လိုက်ပါ။ ကိုယ်တိုင် စိတ်လေတတ်ပါသည်။ မျက်နှာ အလွန်ပွင့်တတ်သော နှစ်လည်း ဖြစ်၏။ ထို့ကြောင့် စိတ်လေမှုများပြီး စီးပွားရေးကို စိတ်ဝင်စားမှု နည်းလာတတ်ပါသည်။ ဤသည်မှစ၍ စီးပွားရေးထိခိုက်မှုများ ဖြစ်လာတတ်ပါသည်။ သတိရှိပါ။ အိမ်ကိုလည်း ဧည့်သည်အလာများလာတတ်ပါသည်။ လူများစွာကို မကြာခဏ ထမင်းကျွေးနေရမည့်နှစ်ဟု မှတ်ပါ။ နောက်ထပ် ဆင့်ပွား နှလုံးသားရေးရာကိစ္စများ ရှုပ်ထွေးလာတတ်သောကြောင့် အိမ်ထောင်ရေး ကသိကအောက်ဖြစ်လာမည့်နှစ် ဖြစ်ပါသည်။ သူ့ကို အပြစ်ရှာခြင်းထက် ကိုယ်ချို့ယွင်းချက်ကို ဦးဆုံးသုံးသပ်ဆင်ခြင်ဖို့ လိုပါသည်။ ငွေကြေးမှာ ဝင်သလောက် လုံးဝမစုမိဘဲ ကုန်ပါလိမ့်မည်။ မြှောက်ထိုးပင့်ကော် ဝိုင်းစားသော ပုဂ္ဂိုလ်များ ဝိုင်းဝိုင်းလည်လာပါလိမ့်မည်။ သတိရှိပါ။ စကားပြော မှားတတ်ပါသည်။ ဒေါသ အလွန်ကြီး

တတ်ပါသည်။ လုပ်ငန်းတွင်း အကြီးအကဲ (သို့) ဖခင်၊ ဖခင်ကဲ့သို့ နေသူများ အပြောင်းအလဲဖြစ်ပါလိမ့်မည်။ စက်နှင့်ဆိုင်သော လုပ်ငန်းများသူများ လက်ဝယ်ရောက်သွားတတ်ပါသည်။ ကားလုပ်ငန်းရှင်များ အကုန်အကျ များပါလိမ့်မည်။ မည်သည့်နည်းနှင့်မဆို ယခုနှစ် ငါးဦးတွဲ၍ လုပ်ဆောင်မှု မှန်သမျှ ရှောင်ရှားပါ။ ၁၃၁၈ ခု ဖွားသူများ တစ်နည်းမဟုတ်တစ်နည်း စိတ်ချမ်းသာပြီး ရွှေဝင်ခြင်း၊ ရွှေပွားခြင်း၊ ဘုရားရုပ်ပွားတော်များဝင်ခြင်း ဖြစ်မည့်နှစ်ဖြစ်သည်။ အကောင်းလွန်၍ မြင်းကောင်းခွာလိပ်မဖြစ်သွားရန် ဂရုစိုက်ရမည့် နှစ်ဖြစ်ပါသည်။

## (၂) စီးပွားရေး

ရတနာလုပ်ငန်းရှင်များ အလွန်အကျိုးပေးပါလိမ့်မည်။ လူမျိုးခြားများနှင့် ဆက်သွယ်ရသော လုပ်ငန်းများ အကျိုးပေးမည်။ သားသမီးများဦးဆောင်သော လုပ်ငန်းများ အကျိုးပေးမည်။ အတတ်ပညာ၊ နည်းပညာနှင့် ဆိုင်သော လုပ်ငန်း အကျိုးပေးမည်။ မြေနှင့်ဆိုင်သော လုပ်ငန်းများလုံးဝ ညံ့သည်။ အဆောက်အဦ ဆောက်လုပ်သော အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေလုပ်ငန်းများ အကျိုးမပေး။ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။ အင်္ဂါနေ့တိုင်း ခွေးများကို အစာကျွေးပါ။ မဟာဝေဒဗ္ဗမန္တာန်ကို နေ့စဉ်ကိုးကြိမ်ရွတ်ပါ။

## (၃) ကျန်းမာရေး

ယခင်ဖြစ်ဖူးသော ဗိုက်ဝေဒနာဟောင်းများ ပြန်ပေါ်တတ်သည်။ နှုတ်ခမ်းတွင် အပူနာပေါက်ခြင်း၊ ဝမ်းချုပ်ခြင်းများ၊ အစာအိမ်အချဉ်ပေါက်ခြင်း ဖြစ်တတ်၍ ဗုဒ္ဓဟူး၊ စနေ နာမည်ရှင် ၊ ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသပါ။ ထမင်းစားပြီးတိုင်း ခေါရဏပရိတ် တစ်ခေါက်ရွတ်ပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ပြီးခဲ့သော စကားဟောင်းများ၊ ပြဿနာဟောင်းများကို မူတည်၍ ဇနီးသည်နှင့် မကြာခဏ ကတောက်ကဆဖြစ်မည်။ ရိုင်းစိုင်းသော စကားများ နားမခံနိုင်အောင် ဖြစ်လိမ့်မည်။ သည်းခံပါ။ |
| အမျိုးသမီးများ | ခင်ပွန်းသည်နှင့် သင့်လိုက် မသင့်လိုက် |

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

ရွှေ ရွှေရောင်ပစ္စည်းများ၊ ဘုရားရုပ်ပွားတော်များ၊ ရဟန္တာရုပ်ပွားတော်များ၊ ရတနာနှင့် ဆိုင်သော အလှဆင်ပစ္စည်းများ ကောင်းသည်။ အနီရောင်ကျောက်များ၊ ပတ္တမြားနှင့် အင်း၊ လက်ဖွဲ့ အဆောင်များ လုံးဝ မဝင်သင့်ပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

နှစ်ကျိပ်ရှစ်ဆူ ဘုရားများ ဒေသစာရီကြွချီလာခြင်း၊ တန်ခိုးကြီးရုပ်ပွားတော်ကြွချီလာခြင်း နိမိတ်များကို တွေ့ပါက အစစအရာရာအောင်မြင်မည်ဟု မှတ်ပါ။ ကိုယ့်မျက်စိရှေ့တွင် ကားဘီးပေါက်သွားသော နိမိတ်ဖြစ်ပါက ငွေကြေးကုန်ကျ အလွန်များ၏။

## (၁၁) ဆောင်ရန်

ဗုဒ္ဓဟူး၊ စနေနာမည်ရှင်၊ မြို့ဒေသ၊ ကုန်ပစ္စည်းများ ၄၊ ၇ ဂဏန်းများ ရွှေ ရတနာဆိုင်ဖွင့်ခြင်းများ၊ ကွန်ပျူတာသင်တန်းဖွင့်ခြင်း လုပ်ငန်းတည်ထောင်ခြင်း အကျိုးပေးသည်။

## (၁၂) ရှောင်ရန်

သောကြာ၊ တနင်္လာ၊ ကြာသပတေး နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၆၊ ၂ ၅ ဂဏန်းများ ယခုနှစ်မှစ၍ ကားလုပ်ငန်းထောင်ခြင်း၊ ကျောက်လုပ်ငန်းများ စတင်ခြင်းများ ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ကျိုက်ထီးရိုးဘုရားကြီးကို ရည်မှန်း၍ မနက်တိုင်း သောက်တော်ရေကပ်ပါ။ အင်္ဂါနေ့တိုင်း လမ်းခွေးများကို ထမင်းဟင်းကျွေးပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ကျိုက်ထီးရိုးဘုရားဖူး သွားပါ။ မသွားနိုင်သူများ ဘုရားကြီးအားရည်မှန်း၍ ခေါင်းလောင်းကပ်လှူခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ မနက်တိုင်း သောက်တော်ရေကပ်လှူခြင်း၊ အင်္ဂါနေ့တိုင်း လမ်းခွေးများ ထမင်းဟင်း ထည့်ကျွေးပါ။ ခိုကလေးများ မကြာခဏ ပဲကျွေးပါ။ တန်ခိုးကြီးဘုရား

များသို့ မကြာခဏသွားရောက်ပြီး ရာဟုထောင့်တွင် ရေသက်စေ့လှူ၍ ကံ့ကော်ညွှန့်သက်စေ့လှူခြင်းကို အချိန်ရတိုင်း သတိရတိုင်း ပြုလုပ်ပါ။

မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ပါ။

❊ ❊ ❊ ❊ ❊

၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးသော
စနေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၂ | ✱ | ● | ※ | × | ✱ | ● | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၁၀ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ✱ | ※ | × | ✱✱ | × |
| ၁၃၁၈ | ✱ | ● | ※ | × | ✱ | ● | ✱ | ✱ | ● | ※ | × | ✱ | ● |
| ၁၃၂၆ | ✱ | ● | ※ | × | ✱ | ● | ● | × | ✱✱ | × | ※ | × | ✱✱ |
| ၁၃၃၄ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ✱✱ | × | ✱ | ※ | ✱ |
| ၁၃၄၂ | ✱ | ● | ※ | × | ✱ | ● | ✱✱ | ✱✱ | ● | ※ | × | ✱✱ | × |
| ၁၃၅၀ | ✱ | ● | ※ | × | ✱ | ● | × | × | ● | ✱ | ※ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ်တွင် မွေးဖွားကြသော စနေသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မိသားစုတွင်း အတူနေ ပုဂ္ဂိုလ်များနှင့် ပဋိပက္ခဖြစ်ခြင်း၊ အိမ်မှ တစ်ဦးဦးထွက်ခြင်း၊ လုပ်ငန်းတွင်း လုပ်ဖော်ကိုင်ဖက်များနှင့် မကြေလည်ခြင်း၊ အပြောင်းအလဲ အပြောင်းအရွှေ့များဖြစ်ခြင်း၊ အခြေအနေတစ်ခုမှ အခြေအနေတစ်ခုသို့ ပြောင်းလဲခြင်းများ ကြုံရမည့်နှစ် ဖြစ်ပါသည်။ အတွင်းရန် များနေသော နှစ်ဖြစ်ပါသည်။ အနီးကပ်ဆုံးနေသူဖြစ်လျှင် မည်သူနှင့်မှ မသင့်တတ်တော့ပါ။ ယခုနှစ်သည် ငွေနံအားကောင်းသော်လည်း ငွေပြဿနာ ဖြစ်မည့်နှစ် ဖြစ်သည်။ ကိုယ့်ငွေကို ပြန်မဆပ်ကြသောကြောင့် စိတ်ဆင်းရဲရခြင်း၊ ကိုယ်က ပြန်မဆပ်နိုင်သောကြောင့် စိတ်ဆင်းရဲရခြင်း ဟူသော ငွေပေးငွေယူ ပြဿနာနှစ်ခုထဲမှ တစ်ခုသော်လည်းကောင်း၊ နှစ်ခုလုံးသော် လည်းကောင်း ကြုံကြရမည့်နှစ် ဖြစ်ပါသည်။ ထို့ကြောင့် ရင်းနှီးသောမိတ်ဆွေများနှင့် မုန်းတတ်ပါသည်။ ဤနှစ်သည် နိုင်ငံခြားခရီးဝေးသွားရန်အကြံ အစည်ရှိသူများ၊ သင်္ဘောလိုက်ရန် အကြံအစည်ရှိသူများ၊ ဝေးလံသောဒေသတွင် ပြောင်းရွှေ့၍ အလုပ်သွားလုပ်လိုသူများအတွက် အထူးကံကောင်းသည့်နှစ် ဖြစ်ပါသည်။ ထိုသူမျိုးများ အလွန်အကျိုးပေးမည့်နှစ် ဖြစ်ပါသည်။ အဆောက်အအုံကြီးကြီးမားမား မဆောက်သင့်သောနှစ် ဖြစ်ပါသည်။ ရွှေထည်များ ဝတ်ဆင်

လျှင် လေနာရောဂါဖြစ်တတ်၍ အစဉ် သတိရှိပါ။ အနုပညာနှင့် ဆက်နွယ်သော လုပ်ငန်းလုပ်ကိုင်နေသူမှန်သမျှ အတိုက်အခံများနှင့် အောင်မြင်လိမ့်မည်။ အောင်မြင်လျှင် ငွေကြောင့် ပြန်ကျတတ်၍ အစဉ်သတိရှိပါ။ နှလုံးသားရေးရာနှင့် ပတ်သက်သူ မည်သူမဆို အသွားအလာ အနေအထိုင် ဆင်ခြင်ပါ။ မဖုံးနိုင်၊ မဖိနိုင် ပြဿနာ ကြုံရပါလိမ့်မည်။

## (၂) စီးပွားရေး

ငွေနံ့အားကောင်းသော်လည်း သူများက လှည့်ဖျားလိမ့်မည်ဖြစ်သောကြောင့် ငွေပြဿနာရှိပါသည်။ စပ်တူ ဘာမှအကျိုးမပေးပါ။ အင်္ဂါနံ၊ စနေနံ လုပ်ကိုင်သူများ ထိတတ်ပါသည်။ ဘာမဆို တနင်္လာ၊ သောကြာနာမည်ရှင်များနှင့် တိုင်ပင်ပြုလုပ်ပါမှ အကျိုးပေးပါမည်။ အိမ်တွင် ဘုရားရှင်အား အုန်းဆွမ်းမကြာခဏ ကပ်လှူပူဇော်ပါ။ ဩဇာသီးပေါ်လျှင် မပြတ်အောင် တင်ပါ။

## (၃) ကျန်းမာရေး

အကြောရောဂါ၊ လေထိုး၊ လေနာရောဂါဖြစ်တတ်ပါသည်။ အစာအိမ်မှလေများကို နှင်ပါ။ (ဗိုက်ရောဂါလုံးဝမဖြစ်ပါစေနှင့်) တနင်္လာ၊ သောကြာ နာမည်ရှင်ဆရာဝန်များ၊ ဆေးဆရာများနှင့် ကုသပါ။ ထမင်းစားပြီးတိုင်း သမ္ဗုဒ္ဓေ သုံးခေါက်အမြဲရွတ်ပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | မကြာခဏ ကတောက်ကဆဖြစ်တတ်ကြသော်လည်း မကြာခင်မှာ အဆင်ပြေသွားတတ်သောကြောင့် ဇနီးသည်နှင့် စိတ်ချမ်းသာနေပါလိမ့်မည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည် အသွားအလာများနေတတ်၍ စိတ်ဆင်းရဲနေရတတ်ပါသည်။ |
| သားသမီးများ | မိဘမပါသော ခရီးဝေးသို့ မလွှတ်သင့်။ ထိခိုက်တတ်သည်။ |

(၅) ပညာရေး၊ ဝန်ထမ်းရေးရာ

အခက်အခဲများကြားမှ ပညာရေးအကျိုးပေးမည်။ ပညာရေးအတွက် စွန့်လွှတ်ရမှုများရှိမည်။

**ဝန်ထမ်းရေးရာ** - ဝန်ထမ်းများသည် အကြီးအကဲများ၏ အခက်အခဲကို အကြိမ်ကြိမ် အကူအညီပေးရလိမ့်မည်။ နေရာတစ်ခုမှ နေရာတစ်ခုသို့ အပြောင်းအလဲ ဖြစ်လိမ့်မည်။ လုပ်ဖော်ကိုင်ဖက်များနှင့် ခွဲခွာ၍ အလုပ်လုပ်ရတတ်သည်။ အနီးဆုံးပုဂ္ဂိုလ်များနှင့် ဝေးတတ်သည်။ ကိုယ့်အတွက် အောင်မြင်မှု မှန်သမျှသည် အဖျားရှူးသွားတတ်သည်။

(၆) ချစ်ရေးချစ်ရာ

နှလုံးသားရေးကိစ္စတွင် ကိုယ်ပိုင်ဆိုင်မှုသည် သူတစ်ပါး၏ ပိုင်ဆိုင်မှုသို့ ရောက်သွားတတ်သည်။ လျှို့ဝှက်သောကိစ္စများ မကြာမကြာဝင်လာတတ်သည်။

(၇) နိုင်ငံခြားခရီး

အလွန်ကောင်းသောနှစ်ဖြစ်၍ ထိထိရောက်ရောက် ကြိုးစားသင့်သည်။ အခက်အခဲမည်မျှကြုံစေကာမူ ခရီးရှည်ထွက်ရမည် သေချာသည်။ တနင်္လာ၊ သောကြာ နာမည်ရှင်များနှင့် ဘာမဆို တိုင်ပင်ပြုလုပ်ပါ။ အောင်မြင်မည်။ သဘော်လိုက်ခြင်း၊ ခေတ္တခဏ စီးပွားရှာ၍ နေထိုင်ခြင်းများ အကျိုးပေးသည်။ ပညာတော်သင်ခရီးများဖြစ်ပါက အနည်းဆုံး နှစ်ကြိမ် ကြိုးစားရမည်။

(၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္လာ၊ ကြာသပတေး အပြန်အလှန်ပူးသော နာမည်များ၊ ကြာသပတေး၊ သောကြာ ပူးသော နာမည်များ၊ စနေနံများ လုံးဝရှောင်ပါ။

(၉) ဝင့်သင့်၊ ထွက်သင့်သည်များ

ရတနာနှင့်ဆိုင်သော ကျောက်အမျိုးမျိုး ဝင်လျှင်ကောင်းသည်။

ငွေနှင့်ပြုလုပ်သော အဆောင်များဝင်လျှင် ကောင်းသည်။ ကြီးကျယ်ခမ်းနားသော မင်္ဂလာကြီး၊ အလှူကြီးများ ကျင်းပခြင်း၊ သွားရောက်ခြင်း ကောင်းသည်။ အိမ်ထောင်ပျက်၍ လာရောက်သော အပျိုသည်များ ဘုရားခန်းတွင် မသိပ်မိရန် သတိထားပါ။ အနက်ရောင်ရှိသော အဆောင်ပစ္စည်းများ လုံးဝမဝင်ရ။ ပဥ္စလက်ဆန်ဆန် ပြုလုပ်ပြသော ပညာသည်များ အိမ်သို့ အဝင်အထွက်လက်ခံခြင်း လုံးဝရှောင်ပါ။ သမီးပျိုရှိသူများ ပို၍ရှောင်ပါ။ ရှိသမျှ စည်းစိမ် ကုန်သွားနိုင်သည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အလှူအကြီးအကျယ်လှူသော နိမိတ်၊ ကြီးကျယ်ခမ်းနားသော မင်္ဂလာနိမိတ်တွေ့လျှင် ငွေအလုံးအရင်း ဝင်လိမ့်မည်။ ဆရာတု၊ ဆရာယောင် နိမိတ်များ တွေ့ပါက ငွေကုန်ကြေးကျ အလွန်များလိမ့်မည်။

## (၁၁) ဆောင်ရန်

တနင်္လာ၊ သောကြာ နံမည်ရှင်များ၊ မြို့ဒေသ၊ ကုန်ပစ္စည်းများ၊ ၂၊ ၉၊ ၆ ဂဏန်းများ ကြီးကျယ်ခမ်းနားသော အလှပြင်ဆိုင် စားသောက်ဆိုင်ဖွင့်ခြင်းများ အနုပညာနှင့်သက်ဆိုင်သော လုပ်ငန်း လုပ်ကိုင်ခြင်း ကောင်းသည်။

## (၁၂) ရှောင်ရန်

ဗုဒ္ဓဟူး၊ စနေ၊ အင်္ဂါ နံမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ ၄၊ ၈၊ ၇၊ ၃ ဂဏန်းများ ဆရာတု၊ ဆရာယောင်များ နိုင်ငံခြားသားများနှင့် ဖက်စပ်လုပ်ကိုင်ခြင်း ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

အုန်းဆွမ်း မကြာခဏ ကပ်လှူခြင်း၊ ဘုရားစေတီပုထိုးများသို့ မကြာမကြာ အလှူဒါနတစ်နိုင် ပြုလုပ်ခြင်း၊ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်များအား အတတ်နိုင်ဆုံး ကူညီထောက်ပံ့ခြင်း ကောင်း၏။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တစ်လလျှင်တစ်ကြိမ် အိမ်က ဘုရားတွင် အုန်းဆွမ်းကပ်လှူပူဇော်

ပါ။ နွားစာကျွေးရန် လွယ်သူများ နွားစာကျွေးပါ။ ခက်ခဲသော ဒေသများတွင် တန်ဆောင်းများသို့ တံမြက်စည်းဝယ်သွား၍ တံမြက်စည်းလှည်းခြင်း လှူခြင်းပြုပါ။ ဒုက္ခိတများကို အတတ်နိုင်ဆုံး ကျွေးမွေးဒါနပြုပါ။ စိတ်ဝေဒနာသည်များ အာဟာရဒါန မကြာမကြာ ပြုပါ။ အနှောင်ခံ တာကလေးများအား မကြာမကြာ ဘေးမဲ့လွှတ်ပေးပါ။

❊ ❊ ❊ ❊ ❊

၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးသော
စနေသားသမီးများ၏ လအလိုက် အကောင်းအဆိုးပြဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၃ | ** | * | ※ | × | ** | × | * | * | ● | ※ | × | * | ● |
| ၁၃၁၁ | ** | * | ※ | × | ** | × | ● | × | ** | × | ※ | × | ** |
| ၁၃၁၉ | ** | * | ※ | × | ** | × | ** | ** | ** | × | * | ※ | * |
| ၁၃၂၇ | ** | * | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |
| ၁၃၃၅ | ** | * | ※ | × | ** | × | × | × | ● | * | ※ | × | ** |
| ၁၃၄၃ | ** | * | ※ | × | ** | × | ● | × | ** | × | ** | × | ** |
| ၁၃၅၁ | ** | * | ※ | × | ** | × | ** | ** | * | ※ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ်တွင် မွေးဖွားကြသော ရာဟုသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

စက်ပစ္စည်းကိရိယာများ ဝင်သောနှစ် ဖြစ်သည်။ လုပ်ငန်းများ အလုပ်ပိုများ လုပ်ကိုင်ရန် ငွေကြေးအကူအညီ ထောက်ပံ့မည့်သူများ ပေါ်လာတတ်သည်။ လုံးဝ မဝင်ပါစေနှင့်။ အိမ်ပြင်ဆောက်ခြင်း၊ အိမ်အသစ်ဆောက်ခြင်းကို ယခုနှစ်တွင် မပြုလုပ်သင့်ပါ။ လုပ်ငန်းရှင်များ မိတ်ဆွေပေါ်များမည်။ စက်ကိရိယာရောင်းဝယ်သူများ၊ အင်္ဂါနံပစ္စည်း သို့လှောင်ရောင်းချသူများ အထူးအကျိုးပေးမည်။ မိတ်ဆွေအပေါင်းအသင်းများထံမှ ကူညီထောက်ပံ့မှုများ ရမည်။ စာပေလုပ်ငန်း၊ စက္ကူရောင်းဝယ်ရေးများ၊ ဆေးဝါးရောင်းဝယ်ရေးများ ကံကောင်းမည်။ အကျိုးပေးမည်။ အဝေးမှ အမွေကိစ္စ၊ ငွေကြေးကိစ္စ ပြဿနာတက်နေသူများ၊ အိမ်သို့ ရောက်လာတတ်သည်။ မျောက်များကို အစာကျွေးပါ။ ပညာသင်နေသူများ ခက်ခက်ခဲခဲ အထူးကြိုးစားရမည်။ မိမိဖြစ်ချင်သောကိစ္စများ ဖြစ်မလာခြင်းအတွက် သည်းခံပါ။ မိမိပိုင်ငွေကြေးများ ချေးငှားခြင်း မပြုလုပ်သင့်သောနှစ် ဖြစ်ပါသည်။ ဖခင် ကျန်းမာရေးကို ဂရုစိုက်ပါ။ အလုပ်ထဲတွင် အတိုက်အခံရှိတတ်သည်။ အမျိုးသားများ အိမ်ရောင်းပါက ငွေကိစ္စ ပြဿနာ အနည်းငယ် ရှိတတ်သည်။ အိမ်ရောင်းချင်သူများ ဆန္ဒပြည့်ဝမည်။ ဝန်ထမ်း အမျိုးသားများ အလုပ်ထဲမှ ထွက်ချင်မည်။ အမျိုးသမီးများ သိက္ခာမဲ့မိတ်ပေါင်း

သားသမီးအကြီးများနှင့်
လူမျိုးကွဲများကြောင့် အကျိုးကျေးဇူး ခံစားရမည်။ ကိုယ်တိုင် ပါဝင်
ပတ်သက်၍ သတင်းကောင်းများ ကြားရတတ်သည်။ လောကုတ္တရာ
လုပ်ရှားရသော အနုပညာလုပ်ငန်းများ အကျိုးပေးမည်။ သူတော်
ဘာဝနာတရားများဖြင့် ကျင့်ကြံအားထုတ်ရမည့် နှစ်ဖြစ်သည်။ မိတ်ဆွေများ အိမ်သို့ လာရောက်တည်းခိုတတ်
ကောင်းများက ကူညီမည်။ ညီအစ်ကို
သည်။ မိခင်(သို့)အစ်မများနှင့် ပတ်သက်၍ အကျိုးခံစားရမည်။ မိမိကောင်း
မောင်နှမများအတွက် အမျိုးသားများသည် ပူပင်ရတတ်သည်။ အမျိုးသမီးများ
သလောက် ပြန်မကောင်းဘဲ ထင်ရာစိုင်းတတ်သည်။
ရေလမ်းခရီးသွားခြင်း၊ မလိုလားအပ်သော ရွှေရောင်ပစ္စည်းများ ဝယ်ခြင်းကို
သတိထားကာ ရှောင်ကြဉ်ရမည်။ ရွှေထည်ပစ္စည်းများ ပျက်စီးတတ်သည်။
လေရောဂါရှိသူများ ဂရုစိုက်ပါ။

၁၃၃၆၊ ၁၂၉၆ ခု ဖွားတို့သည် အနက်ရောင်ရှိသော ရတနာပစ္စည်း
များ ဝင်တတ်သည်။ လူမျိုးကွဲများ အကျိုးပေးမည်။

၁၂၉၆၊ ၁၃၂၀၊ ၁၃၂၈၊ ခုဖွား လုပ်ငန်းရှင်များသည် အင်္ဂါနံ
ကုန်ပစ္စည်းများ ဝယ်ရောင်းပြုလုပ်သင့်သောနှစ် ဖြစ်သည်။ လက်အောက်
ငယ်သားများ အကျိုးပြုမည်။ စက်ကိရိယာအသစ်များ ဝင်မည်။

၁၂၉၆၊ ၁၃၄၄ ခုဖွား အမျိုးသားတို့သည် ဝမ်း၊ ရင် ဥပဒ်ပေးမည်။
ညီအစ်ကို မောင်နှမကဲ့သို့ နေသူများကြောင့် သိက္ခာကျတတ်သည်။ အမျိုး
သမီးများ ရွှေရောင်ပစ္စည်း၊ ရေလမ်းခရီးသွားခြင်းကို အထူးဂရုစိုက်ရန်
လိုပါသည်။

၁၂၉၆၊ ၁၃၂၀၊ ၁၃၂၈ ခုဖွားတို့သည် အိမ်၊ အလုပ်နှင့်ပတ်သက်၍
စိတ်ညစ်ရမည်။ အလုပ်ထဲ မပျော်ဘဲ ရှိမည်။ အစုရှယ်ယာအလုပ်များ
အကျိုးမပေးပါ။ အထက်လူကြီး အထင်အမြင် မတူညီဘဲ ရှိမည်။ အိမ်ပြင်
မဆောက်သင့်။ ဘုရားစင်အား သန့်ရှင်းသပ်ရပ်စွာထား၍ ဝိပဿနာ အား
ထုတ်ပါ။

## (၂) စီးပွားရေး

စက်ကိရိယာရောင်းဝယ်ရေး၊ စက္ကူ၊ ဆေးဆိုင်များ၊ စိန်ရောင်း
ဝယ်ရေးလုပ်ငန်းများ စသည့် အင်္ဂါနံသင့် လုပ်ငန်းရှင်များ အထူးကံကောင်း
မည့်နှစ် ဖြစ်သည်။ လုပ်ငန်းစတင်လုပ်ကိုင်ဆောင်ရွက်လိုသူများ အင်္ဂါနံ
သင့်အလုပ်များကို ရွေးချယ်လုပ်ကိုင်သင့်သည်။ လက်အောက်ငယ်သား
များ အထူးအကျိုးပေးမည်။ အစုစပ်လုပ်ငန်းများ အကျိုးမပေးပါ။ လက်ရှိ

အဝတ်အထည်ရောင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ ရှိသူများဖြစ်ပါက အခြေအနေ ပြန်ကောင်းလာနိုင်ပါသည်။ ရေနှင့်ပတ်သက်သောလုပ်ငန်းများ၊ အဆောက်အဦလုပ်ကိုင်သူများ၊ အိမ်ခြံမြေအကျိုးဆောင်များ၊ မွေးမြူရေးလုပ်ငန်းများ ညံ့သည်။ စနေ၊ အင်္ဂါ၊ တနင်္လာ နံ ပါသူများနှင့် တိုင်ပင် လုပ်ကိုင်သင့်သည်။ ဗုဒ္ဓဟူးနံသင့်ကုန်များကို သိုလှောင် ရောင်းချနိုင်သည်။

## (၃) ကျန်းမာရေး

ရင်၊ ဝမ်း ဥပဒ်ပေးခြင်း၊ လေရောဂါရှိသူများ အထူးသတိထားရမည်။ အအေးမိရေချိုးမှားတတ်သည်။ ရောဂါဖြစ်ပါက အင်္ဂါအမည်ပါ ဆေးဆရာ/ ဆရာဝန်များနှင့် ကုသမှုခံယူပါ။ ထမင်းစားပြီးတိုင်း သရဏဂုံ (၃၀)ရွတ်ပါ။ လိပ်၊ ရေမြင်းများကို အစာကျွေးပါ။ ခေါင်းကိုက်၊ အာရုံကြောအားနည်းတတ်သည်။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | အိမ်ထောင်ရေးတွင် အပြင်လူများနှောင့်ယှက်တတ်သည်။ ဇနီးသည် ဖြစ်ချင်သောကိစ္စများကို ကူညီပါ။ |
| အမျိုးသမီးများ | ခင်ပွန်းသည်၏ အလုပ်များတွင် ဝင်ရောက်ကူညီခြင်းဖြင့် စိတ်ချမ်းသာမှုရမည်။ ခင်ပွန်းသည် အောင်မြင်မည်။ အဆင်ပြေမည်။ သာယာသောအိမ်ထောင်ရေးကာလဖြစ်မည်။ |
| သားသမီးများ | လွတ်လွတ်လပ်လပ် လုပ်ကိုင်သွားလာချင်သော သားသမီးများကြောင့် စိတ်ညစ်ရမည်။ လိုချင်တာများနေသော သားသမီးများကို အရမ်း အလိုမလိုက်ပါနှင့်။ |

## (၅) ချစ်ရေး ချစ်ရာ

အိမ်ထောင်မရှိသေးသော အမျိုးသားများ နှစ်ဦးသဘောတူ အိမ်ထောင်ကျတတ်သည်။ အချစ်ရေးတွင် ချစ်သူမရှိသူများ ရွေးချယ်ရ များနေတတ်သည်။ ချစ်သူရှိသူများ အဆင်ပြေမည်။

(၆) ပညာရေး၊ ဝန်ထမ်းရေးရာ

အားသွန်ခွန်စိုက် ကြိုးစားရမည့် နှစ်ဖြစ်သည်။

**ဝန်ထမ်းရေးရာ** အလုပ်ထဲတွင် အတိုက်အခိုက်များ ကြုံရမည်။
အထက်လူကြီးအမြင်နှင့် မကိုက်ညီဘဲ ရှိမည်။
လုပ်ဖော်ကိုင်ဖက်များ၏ ကူညီမှုရမည်။

## (၇) နိုင်ငံခြားခရီး

ဝန်ထမ်းများ တာဝန်ဖြင့် ခရီးသွားရတတ်သည်။

နိုင်ငံခြားခရီးသွားရမည့်သူများ အခက်အခဲ အနည်းငယ်ရှိသည်။ အင်္ဂါနာမည်ပါသူများနှင့် လုပ်ကိုင်ဆောင်ရွက်ပါ။ လူ(၄)ယောက်ဆုံ၍ သွားရသောခရီးမျိုး မအောင်မြင်တတ်။ U.Y နှင့်စသော နိုင်ငံခြားသို့ သွားချင်ပါက အလွန်အခက်ကြုံမည်။

## (၈) နာမည်နှင့်ကြုံတွေ့ရမှုများ

သောကြာ၊ အင်္ဂါပူးသော နာမည်ရှင်များ (ဥပမာ၊ သိန်းစိုး၊ စိုးဟန်) တနင်္ဂနွေနာမည်ရှင်များ (ဥပမာ-အောင်အောင်)ကြောင့် စိတ်ညစ်ရတတ်သည်။

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

အနီရောင်ပစ္စည်း၊ အင်း၊ လက်ဖွဲ့ လုံးဝမဝင်စေရ။ ရှိပါက စွန့်ပါ။ အိမ်ပြင်ဆောက်ခြင်း၊ အိမ်သစ်ဆောက်ခြင်း မလုပ်သင့်။ မလိုလားအပ်သော ရွှေရောင်ပစ္စည်း မဝယ်သင့်။ လူများစုနှင့် ရေလမ်းခရီး အပျော်သွားခြင်း သတိထားရမည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

တင်လှူမည့် စိန်ဖူးတော် လှည့်လည်ပူဇော်ခံသော နိမိတ်တစ်ခုမြင်လျှင် ဘာမဆို အမှန်အောင်မြင်ပြီဟု မှတ်ပါ။

## (၁၁) ဆောင်ရန်

အင်္ဂါ၊ စနေ၊ တနင်္လာနံပါ နာမည်ရှင်များ၊ နေ့ရက်များ၊ သားသမီးများ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ၎င်းနံသင့်ပစ္စည်းများ သိုလှောင်

ရောင်းချခြင်းဖြင့် အမြတ်ရနိုင်သည်။ ၎င်းနေ့သားများထံမှ အကူအညီများစွာရမည်။ ၃၊ ၇၊ ၂၊ ၉ ဂဏန်းဆောင်ပါ။ အဝါနုရောင်ဖျော့ဖျော့အင်္ကျီများဝတ်၍ ကြံ့ခိုင်ပြုလုပ်ပါ။

## (၁၂) ရှောင်ရန်

ဗုဒ္ဓဟူး၊ တနင်္ဂနွေ၊ ကြာသပတေးနေ့ သားသမီးများ၊ ခနရက်များ၊ နာမည်ရှင်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ ၎င်းနံသင့်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းကို ရှောင်ပါ။ ၄၊ ၈၊ ၁၊ ၅ ဂဏန်းရှောင်ပါ။ အနီရောင်၊ ရွှေအိုရောင်၊ အပြာရောင်၊ အစိမ်းရောင် ဝတ်ဆင်ခြင်း ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

ကျိုက်ထီးရိုးဘုရားဖူး သွားပါ။ (သို့) ကျိုက်ထီးရိုးဘုရားကြီးကို ရည်မှန်း၍ သောက်တော်ရေ နေ့စဉ် ကပ်လှူပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားစင်တွင် ခေါင်းလောင်းတစ်လုံး ဆွဲထားပါ။ နေ့စဉ် မိုးလင်းတိုင်း ကျိုက်ထီးရိုးဘုရားကြီးကို ရည်မှန်း၍ သောက်တော်ရေ ကပ်လှူပြီး မဟာဝေဒဗ္ဗသုတ်မန္တန် (၉)ကြိမ်ရွတ်ပါ။ ပြီးရင် ခေါင်းလောင်း စတီးလှုပ်၍ ပူဇော်ပါ။ သရဏဂုဏ်(၃၀)ကို အမိဋ္ဌာန်ဖြင့် တစ်နှစ်လုံးစိပ်ပါ။ တန်ခိုးကြီးဘုရားများသို့ မကြာခဏသွား၍ ရာဟုထောင့်တွင် ရေသက်စေ့ သပ္ပာယ်ပြီး ကံ့ကော်ညွန့်ကို လက်နှင့်တစ်ဆုပ် လှူဒါန်းပါ။

❊ ❊ ❊ ❊ ❊

၁၂၉၆, ၁၃၀၄, ၁၃၁၂, ၁၃၂၀, ၁၃၂၈, ၁၃၃၆, ၁၃၄၄ ခုနှစ် မွေးသော ရာဟုသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်ထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၆ | ✱✱ | ✱ | ✳ | × | ✱✱ | × | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၀၄ | ✱✱ | ✱ | ✳ | × | ✱✱ | × | ✱ | ✱ | ● | ✳ | × | ✱ | ✱✱ |
| ၁၃၁၂ | ✱✱ | ✱ | ✳ | × | ✱✱ | × | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၂၀ | ✱✱ | ✱ | ✳ | × | ✱✱ | × | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၂၈ | ✱✱ | ✱ | ✳ | × | ✱✱ | × | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၃၆ | ✱✱ | ✱ | ✳ | × | ✱✱ | × | × | × | ● | ✱ | ✳ | × | ✱✱ |
| ၁၃၄၄ | ✱✱ | ✱ | ✳ | × | ✱✱ | × | ● | × | ✱✱ | × | ✱✱ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၂၉၇၊ ၁၃၀၅၊ ၁၃၁၃၊ ၁၃၂၁၊ ၁၃၂၉၊ ၁၃၃၇၊ ၁၃၄၅ ခုနှစ်တွင် မွေးဖွားကြသော ရာဟုသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ကောင်းသော အလုပ်ပြောင်း၊ အိမ်ပြောင်း ကြုံရမည့်နှစ် ဖြစ်သည်။ အစုရှယ်ယာ စပ်တူလုပ်ငန်းများ အကျိုးပေးမည်။ တနင်္ဂနွေသားသမီးများ အကျိုးပေးမည်။ စုပေါင်းဆောင်ရွက်ရသော ရပ်ကွက်ဘာသာရေးအလုပ်များတွင် ဦးဆောင်ရတတ်သည်။ မိမိပိုင် ရွှေဟောင်းများ ပြန်ဝင်တတ်သည်။ အမျိုးသားများ မိမိပိုင် ငွေကြေးကိစ္စများ၊ အမွေကိစ္စများအတွက် ပူရတတ်သည်။ ငွေကြေး ချေးငှားခြင်းကို ရှောင်သင့်သောနှစ် ဖြစ်သည်။ အိမ်သို့ ရောဂါသည်များ ရောက်လာတတ်သည်။ မလွှဲမရှောင်သာပါက ခြေရင်းဖက်တွင် နေရာချပါ။ ငါးသက်စေ့ လွှတ်ပါ။ ဂဏန်းအရှင် (၉) ကောင် ဝယ်လွှတ်ပါ။ မိခင်ဖြစ်သူ၏ ကျန်းမာရေးကို အထူးဂရုစိုက်ပါ။ လုပ်ငန်းရှင်များ အောက်လူ တော်လှန်မည်။ အချင်းချင်းပြဿနာများရှိသည်။ စက်ကိရိယာ၊ ဆေးဝါးအတုများ တွေ့ရတတ်သည်။ အမျိုးသမီးများ ဆရာတု တွေ့တတ်သည်။ ဘုရားရှင်အား မကြာခဏ ရောင်တော်ဖွင့်မီးပူဇော်ပါ။ အိမ်မှ ဘုရားခန်းကို သန့်ရှင်းစင်ကြယ်စွာ ထားပါ။ အမျိုးသားများ အမျိုးသမီးကိစ္စများကြောင့် ပြဿနာဖြစ်တတ်သည်။ အရှက်တကွဲ ကြုံရတတ်သည်။ သစ္စာမရှိသောသူများကြောင့် ဒုက္ခရောက်တတ်သည်။ သားသမီးအကြီးများအတွက် စိတ်သောက ကြုံရတတ်သည်။ အနုပညာ

နယ်မှ ကိုယ်တိုင်ပါဝင်လှုပ်ရှားရသူများ ညွှံ့သည်။ ခန္ဓာကိုယ်အောက်ပိုင်း ကျန်းမာရေး ဂရုစိုက်ပါ။ တည်တည်ငြိမ်ငြိမ် သေသပ်စွာဖြင့် ဝတ်ဆင်သင့် သည်။ ပြဿနာများကို ခေါင်းအေးအေးဖြင့် ရှင်းသင့်သည်။ ကံကောင်း၍ အရှိန်အဝါရှိမည်။ ဖခင် (သို့) ဖခင်ကဲ့သို့ နေသောသူများက ကြည့်ရှုစောင့် ရှောက်မည်။

၁၃၂၉ ခုဖွားတို့သည် အမျိုးသားများ ဖြစ်ပါက ပညာရပ်ပိုင်းတွင် ထက်သန်သော ကြိုးစားမှုကြောင့် အထူးအောင်မြင်မည်။ သင်တန်းများ တက်ရမည်။ အမွေကိစ္စရှိသူများ အကျိုးခံစားရမည်။ မိမိပိုင်ငွေကြေးများ အလွယ်တကူ ချေးငှားခြင်း မပြုလုပ်သင့်။ အမျိုးသမီးများ ဘုန်းတန်ခိုး ကြီးသော ဆရာတော်များကို ဖူးတွေ့ရမည်။ မိဘ၊ ဆရာသမား စောင့် ရှောက်မည်။

၁၂၉၇၊ ၁၃၀၅၊ ၁၃၂၉၊ ၁၃၂၁ ခုဖွားတို့သည် အိမ်ပြင်ဆောက် နိုင်သည်။ အလုပ်အကိုင်များကောင်းသော အခြေအနေသို့ ကူးပြောင်း မည်။ အကြီးအကဲတို့၏ ကူညီမစမှု ကြုံမည်။ အလုပ်မရှိသေးသောသူများ လုပ်ငန်းလုပ်ကိုင်ရန် အကောင်းဆုံးအချိန် ဖြစ်သည်။

၁၃၂၉၊ ၁၃၁၃ ခုဖွားတို့သည် အဝေးမှ ရွှေရောင်ပစ္စည်းများ ဝင် မည်။ ရေလမ်းခရီးများ သွားရမည်။ အဝေးမှ ဆင်းတုတော်များ အိမ်သို့ ပင့်ဆောင်ရမည်။

၁၃၃၇၊ ၁၃၂၁၊ ၁၃၂၉၊ ၁၂၉၇ ခုဖွားတို့သည် မင်္ဂလာကြီးကျယ်စွာ ပြုလုပ်ခြင်းကို ဆင်ခြင်ရမည်။ မိခင် ကျန်းမာရေးဂရုစိုက်ရမည်။ အချစ် ရေးကံ ညွှံ့သည်။ သူခိုး ခိုးခံရတတ်သည်။ မိခင်ကဲ့သို့သော နေသူများ အတွက် စိတ်ညစ်ရမည်။ ခြေ၊ ခန္ဓာကိုယ်အောက်ပိုင်း ထိခိုက်ဒဏ်ရာ ရတတ်သည်။

၁၃၄၅၊ ၁၃၀၅၊ ၁၃၂၉၊ ၁၂၉၇ ခုဖွားတို့သည် သမာဓိ သစ္စာမရှိသူ တို့ကြောင့် ငွေကြေးကုန်ကျတတ်သည်။ အသံထွက် အလှအပ ပစ္စည်းများ ပျက်မည်။ အနုပညာနယ်မှ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရသော အနုပညာ သည်များ ညွှံ့သည်။

၁၃၃၇၊ ၁၃၂၉ ခုဖွား အမျိုးသားတို့သည် စက်ကိရိယာ အဟောင်းများ မဝင်ရ။ အင်္ဂါနံပစ္စည်းများကြောင့် စိတ်ညစ်ရတတ်သည်။ စိတ်ကိစ္စကြောင့် အရက်တကွဲ ဖြစ်တတ်သည်။ အမျိုးသမီးများ အစွပ်စွဲ ခံရတတ်သည်။ အတိုက်အခံရှိသည်။ ဆီး၊ အစာအိမ် ရှိသူများ ဂရုစိုက်ပါ။ လင်ယောကျ်ားအတွက် ပူရတတ်သည်။

## (၂) စီးပွားရေး

အလုပ်အကိုင် ပြောင်းလုပ်ချင်သူများ၊ အလုပ်စတင် လုပ်ကိုင်ချင်သူများ အခွင့်အလမ်းသာသည့် နှစ်ဖြစ်သည်။ တနင်္ဂနွေ၊ ကြာသပတေးနံ ပါ ကုန်များ သိုလှောင်ရောင်းချ လုပ်ကိုင်နိုင်သည်။ အဆောက်အဦလုပ်ငန်းများ၊ မွေးမြူရေးအလုပ်များ၊ အုတ်လုပ်ငန်းများ အိမ်ဆောက်ပစ္စည်းရောင်းသူများ အကျိုးပေးမည်။ တနင်္ဂနွေ၊ ကြာသပတေးများနှင့် အစုရှယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။ လက်အောက်ငယ်သား အကျိုးမပေး။ လက်ရှိ ရွှေဆိုင်၊ ရေပိုက်ပစ္စည်းရောင်းဆိုင်ရှိသူများ အလုပ်ဖြန်ကောင်းလာနိုင်သည်။ ဖောက်သည်များ မြဲစေရန် ရောင်းအားမြှင့် အစီအစဉ်များလုပ်သင့်သည်။ ကားအရောင်းအဝယ်၊ စားသောက်ဆိုင်၊ ခရီးသွားလုပ်ငန်းများ အဝတ်အထည် ရောင်းဝယ် စက်ကိရိယာဆိုင်များ အလုပ်များ ညံ့သည်။

## (၃) ကျန်းမာရေး

ခန္ဓာကိုယ်အောက်ပိုင်း၊ အမျိုးသမီးနှင့်ဆိုင်သော ရောဂါဟောင်းများ ဆီး၊ အစာအိမ် ဖြစ်တတ်သည်။ ခြေထိခိုက်ဒဏ်ရာ ရတတ်သည်။ တနင်္ဂနွေ၊ ကြာသပတေး နာမည်ပါ ဆရာဝန်၊ ဆေးဆရာများနှင့် ကုသမှုခံယူပါ။ မိခင်ကျန်းမာရေး ဂရုစိုက်ပါ။ ထမင်းစားပြီးတိုင်း ခွေးလေးများကို အစာကျွေးပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | အိမ်ထောင်ရေးတွင် အဆင်မပြေမှုများဖြင့် မကြာခဏ စကားများရတတ်သည်။ ဖြစ်ရပ်ဟောင်းများကြောင့် စိတ်ဆင်းရဲစရာကြုံမည်။ သဘောကွဲလွဲမှုများ ရှိသည်။<br>ယတြာ - အင်္ဂါနေ့တိုင်း ခွေးကျွေးပါ။ |
| အမျိုးသမီးများ | အမျိုးသားကို အထူးဂရုစိုက်ပါ။ ယခင်ကထက် များစွာ ယုယကြင်နာပါ။ ခင်ပွန်းသည်၏အပူကို ဝိုင်းဝန်းဖြေရှင်းပေးရတတ်သည်။ စိတ်ရှည်သည်းခံ၍ ထာဝရလက်တွဲပါ။ |
| သားသမီးများ | အငယ်ရောက်သားသမီးများ၏ အောင်မြင်မှုကို ကြုံတွေ့ရမည်။ သားသမီးကြီးများ အတွက် ပူပင်ရတတ်သည်။ |

## (၅) ချစ်ရေး ချစ်ရာ

အချစ်ကံ အထူးညံ့သည်။ ချစ်သူရှိသူများ အသေးအမွှားကိစ္စများကြောင့် စကားများကြရတတ်သည်။ သူ့ဘက် ကိုယ့်ဘက် မိသားစု ညှိနိုင်း၍ မရသောကာလ ဖြစ်သည်။ မင်္ဂလာကြီးကျယ်စွာ မဆောင်သင့်သောနှစ်ဖြစ်သည်။ ယတြာ - သတိရတိုင်း ခွေး/ခိုလေးများကို အစာကျွေးပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

ခက်ခက်ခဲခဲကြိုးစားခြင်းဖြင့် အောင်မြင်မှု ပန်းတိုင်ကို ရောက်မည်။

**ဝန်ထမ်းရေးရာ** အထက်လူကြီးများ၏ ချီးမြှင့်မြှောက်စား ခြင်းခံရမည်။ ကောင်းသောဌာန အပြောင်းအလဲရှိသည်။ ရာထူးတက်မည်။ ယတြာ - နေ့စဉ်ပထဝီဇယမန္တန် ရွတ်ပါ။

## (၇) နိုင်ငံခြားခရီး

ခရီးဂြိုဟ် ကံခေသောနှစ် ဖြစ်သည်။ ခက်ခက်ခဲခဲကြိုးစားရမည်။ တနင်္ဂနွေ၊ ကြာသပတေး သားသမီးများနှင့် တိုင်ပင်၍ ဆောင်ရွက်သင့်သည်။ နှစ်ယောက်သွားသောခရီး မအောင်မြင်တတ်။ G.J.K နိုင်ငံများသို့ သွားချင်ပါက အခက်အခဲ ကြုံမည်။ ယတြာ - စနေနေ့တိုင်း ခွေး အစာကျွေးပါ။

## (၈) နာမည်နှင့်ကြုံတွေ့ရမှုများ

ကြာသပတေး၊ တနင်္လာပူးသောနာမည်ရှင်များ (မေကျော်၊ ကျော်ဖြူ) စနေအမည်ရှင်များ (ထွန်းထွန်း)ကြောင့် စိတ်ညစ်စရာ ကြုံမည်။

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

အိမ်မြင်ဆောက်နိုင်သည်။ ဘုရားပင့်နိုင်သည်။ အနီရောင်ဆောင်ပါ။

ညအိပ်ညှော်သည် သတိထားပါ။ ကားသစ်၊ ကျောက်၊ စက် မဝင်သင့်၊ အလှူကြီးစွာ လုပ်ခြင်း ရှောင်ရမည်။

အလှအပ ပစ္စည်း၊ အသံထွက်ပစ္စည်းများ ပျက်မည်၊ အခိုးခံရမည်။ အသစ်ဝယ်ခြင်း မပြုလုပ်ရ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အိမ်အနီးအနားတွင် အိမ်ရာပြောင်းရွှေ့ကြသော နိမိတ်၊ အိမ်သစ်ဆောက်ခြင်းနိမိတ်များ ကြုံတွေ့ရပါက ကိုယ်တိုင်ကြံစည်သမျှ အောင်ပြီဟု မှတ်ပါ။

## (၁၁) ဆောင်ရန်

တနင်္ဂနွေ၊ ကြာသပတေးနေ့ သားသမီးများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ရွာများ အကျိုးပြုမည်။ ၎င်းနေ့များတွင် ကောင်းသော မင်္ဂလာကိစ္စများ ဆောင်ရွက်သင့်သည်။ ၎င်းနံသင့် ကုန်ပစ္စည်းများ သို့လှောင်ရောင်းချခြင်းကို ပြုလုပ်ခြင်းဖြင့် အကျိုးကျေးဇူး ခံစားရမည်။ ၁၊ ၅ ဂဏန်းများ ဆောင်ရမည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူရမည်။ အနီရောင်၊ အပြာရောင် အကျိုးပေးသည်။

## (၁၂) ရှောင်ရန်

တနင်္လာ၊ သောကြာ၊ စနေ နေ့သားသမီးများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ရွာများ၊ အကျိုးမပြု။ ၎င်းနံသင့် ကုန်ပစ္စည်းများ သို့လှောင်ရောင်းဝယ်ခြင်းရှောင်ပါ။ ၂ ၉၊ ၆၊ ၇ ဂဏန်းရှောင်ပါ။ ၎င်းနံသင့် အစာများ သတိထား၍ စားပါ။ အဖြူရောင်၊ ပုလဲပေါက်အရောင်များ ဝတ်ဆင်ခြင်း ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

ဘုရားစင် အမြဲသန့်ရှင်းပြီး မွှေးကြိုင်နေရမည်။ သံဃာဂုဏ်(၁၀)ကို အဓိဋ္ဌာန်ဖြင့် နေ့/ည စိပ်ပါ။ ဆင်းရဲနွမ်းပါးသော ကိုယ်ဝန်ဆောင်များကို ထောက်ပံ့ကူညီပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

တစ်ပတ်လျှင် (၅)ရက် ခွေးလေးများကို ထမင်းကျွေးပါ။ မဟာဒေဒဋ္ဌမန္တန်ကို အဓိဋ္ဌာန်နှင့် အာရုံတက်တွင် ထရွတ်ပါ။

❊ ❊ ❊ ❊ ❊

၁၂၉၇, ၁၃၀၅, ၁၃၁၃, ၁၃၂၁, ၁၃၂၉, ၁၃၃၇, ၁၃၄၅ ခုနှစ် မွေးသော ရာဟုသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၇ | ● | ✻✻ | × | ✻✻ | × | ✻✻ | ● | × | ✻✻ | × | ※ | × | ✻✻ |
| ၁၃၀၅ | ● | ✻✻ | × | ✻✻ | × | ✻✻ | ✻✻ | ✻✻ | ✻✻ | × | ✻ | ※ | ✻ |
| ၁၃၁၃ | ● | ✻✻ | × | ✻✻ | × | ✻✻ | ✻✻ | ✻✻ | ● | ※ | × | ✻✻ | × |
| ၁၃၂၁ | ● | ✻✻ | × | ✻✻ | × | ✻✻ | × | × | ● | ✻ | ※ | × | ✻✻ |
| ၁၃၂၉ | ● | ✻✻ | × | ✻✻ | × | ✻✻ | ● | × | ✻✻ | × | ✻✻ | × | ✻✻ |
| ၁၃၃၇ | ● | ✻✻ | × | ✻✻ | × | ✻✻ | ✻✻ | ✻✻ | ✻ | ※ | × | ✻✻ | × |
| ၁၃၄၅ | ● | ✻✻ | × | ✻✻ | × | ✻✻ | ✻ | ✻ | ● | ※ | × | ✻ | ● |

● အလွန်ကောင်း
✻✻ ကောင်း
✻ ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၈၊ ၁၃၀၆၊ ၁၃၁၄၊ ၁၃၂၂၊ ၁၃၃၀၊ ၁၃၃၈၊ ၁၃၄၆ ခုနှစ်တွင် မွေးဖွားကြသော ရာဟုသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

ကိုယ်ပိုင်အလုပ်ရှိသူအမျိုးသားများ အထူးအောင်မြင်ကျော်ကြားမည့်နှစ်ဖြစ်သည်။ အိမ်ဝယ်ဖြစ်မည်။ ဝန်ထမ်းဖြစ်ပါက နေအိမ်တိုက်ခန်းများ ရလိမ့်မည်။ အမျိုးသမီးများ ဖခင်(သို့) ဖခင်ကဲ့သို့ နေသူများထံမှ အကူအညီရမည်။ အထက်လူကြီး အကြီးအကဲများ၏ ကူညီစောင့်ရှောက်မှုရမည်။ ကိုယ်ပိုင်အလုပ် လုပ်ကိုင်ချင်သူများ ယခုနှစ် စတင်လုပ်ကိုင်ရန် အကောင်းဆုံးအချိန် ဖြစ်သည်။ လူမျိုးကွဲများ၏ ကူညီမစမှုကိုရမည်။ သူတစ်ပါးကို ကူညီချင်သောစိတ်ကြောင့် အကျိုးကျေးဇူး ခံစားရမည်။ အမျိုးသမီးများ ရွှေရောင်ပစ္စည်းအဟောင်းများ ပြန်လည်ရရှိမည်။ ကားမောင်းကြမ်းသူများ အထူးသတိထားပါ။ ငွေကုန်ကြေးကျများမည့်နှစ် ဖြစ်သည်။ ရသမျှ ကုန်မည်။ အများပိုင် ပိုက်ဆံကြောင့် ပူပန်စရာကြုံရတတ်သည်။ လုပ်ငန်းရှင်များငွေကြေး ကစားခြင်းရှောင်ပါ။ လက်ဟောင်းအောက်လူဝန်ထမ်းများ စိတ်ဓာတ်ကျနေတတ်သည်။ အောက်လူအကျိုးမပေး။ အစုရှယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။ စက်ပစ္စည်းများ မကြာခဏ ပျက်မည်။ သားကြီး သမီးကြီးများ ပြဿနာတက်တတ်သည်။ အနုပညာလုပ်ငန်းရှင်များ အတိုက်အခံနှင့် ညှိသည်။ မိမိ၏ဘုရားခန်းကို သန့်ရှင်းစွာ ထားပါ။ အသံထွက်အလုပစ္စည်းများထွက်မည်။ ပျက်မည်။

အမျိုးသားများ စုတ်ကိစ္စ ရှုပ်ထွေးခြင်းကြောင့် အရှက်တကွဲဖြစ်တတ်သည်။ ခရီးသွားရင်း ပြဿနာကြုံ တတ်သည်။ အဝေးရောက်မိခင်အတွက် ပူပင်ရ တတ်သည်။ အမျိုးသားများ တန်းတူညီအစ်ကိုမောင်နှမများ၏ အောင်မြင် မှုကို ကြုံတွေ့ရမည်။ အမွေကိစ္စရှိသူများ ပြဿနာကြုံရတတ်သည်။ ဆေးဝါးအတု၊ ဆေးမှား၊ အစာမှား၊ ဖြစ်တတ်သည်။ ကားဝယ်ရန် စိတ်ကူး ရှိသူများ စဉ်းစားသင့်သည်။ မိတ်ဆွေအပေါင်းအသင်းများ ကူညီမည်။

၁၃၂၂၊ ၁၂၉၈ ခုဖွားတို့သည် အမျိုးသားများဖြစ်ပါက လုပ်ငန်းစ တင်ချင်သူများ စတင်လုပ်ဆောင်ရန် အကောင်းဆုံးအချိန်ဖြစ်သည်။ ရှိပြီး လုပ်ငန်းရှင်များ ပိုမိုတိုးတက်မည်။ အခွင့်အရေးကောင်းများရမည်။ အိမ်ပိုင် မရှိသူများ အိမ်ပိုင်ရမည်။ အမျိုးသမီးများ ဖခင်(သို့)အထက်လူကြီးများ၏ ကူညီထောက်ပံ့မှုကို များစွာရမည်။ အနီရောင်ပစ္စည်းများဝင်မည်။ အိမ်ဦး ခန်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

၁၃၄၆၊ ၁၃၁၄ ခုဖွားတို့သည် ညီအစ်ကိုမောင်နှမများထံမှ အကူ အညီရမည်။ လူမှုရေးကိစ္စများတွင် ဆောင်ရွက်ရတတ်သည်။ ဦးလေး၊ အဒေါ်ဝမ်းကွဲများကြောင့် အကျိုးရှိမည်။ အမျိုးသမီးများ ရွှေဝင်မည်။ ရွှေဟောင်းများ ပြန်ရမည်။

၁၃၁၄၊ ၁၃၃၈၊ ၁၃၄၆၊ ၁၃၀၆ ခုဖွားတို့သည် သူတစ်ပါးကိစ္စများကို ကူညီခြင်းကြောင့် မိမိ အကျိုးခံစားရမည်။ လူမျိုးကွဲများထံမှ ကူညီ ထောက်ပံ့မှုများကို ရရှိမည်။ စနေနံပစ္စည်းများ လက်ဆောင်ရမည်။

၁၃၄၆ ခုဖွားတို့သည် အလှအပပစ္စည်းများ ပျက်တတ်သည်။ အသံ ထွက်ကိရိယာများပျက်မည်။ အနုပညာလုပ်ငန်းလုပ်ကိုင်ရန် ညံ့သော နှစ်ဖြစ်သည်။

၁၃၃၈၊ ၁၃၁၄၊ ၁၃၂၂၊ ၁၃၄၆ ခုဖွားတို့သည် ကားအရောင်း အဝယ်၊ ကျောက်အရောင်းအဝယ် လုပ်ငန်းများရှိပါက ညံ့သည်။ ကျောက် မဝင်စေရ။ ကားရှိသူများ သတိထား မောင်းပါ။ အဝေးမှ မိခင်ကဲ့သို့နေသူ များ အိမ်ရောက်လာတတ်သည်။ အချစ်ရေး ကံညံ့သည်။ မင်္ဂလာ ကြီးကျယ်စွာ မဆောင်သင့်။

၁၃၃၀၊ ၁၃၁၄၊ ၁၃၃၈၊ ၁၃၄၆ ခုဖွားတို့သည် မိမိပိုင်ငွေဖြင့် စိတ်ဆင်းရဲရတတ်သည်။အမွေကိစ္စရှိပါက ပြဿနာဖြစ်မည်။ ပညာရေး အထူးညံ့သည်။ ရသင့်ရထိုက်သော ပစ္စည်းများဆုံးရှုံးတတ်သည်။ ဖျံ ကားပေးများကို အစာကျွေးသင့်သည်။

(၂) စီးပွားရေး

အစုရှယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်သည်။ အဆောက်အဦ လုပ်ငန်း၊ အုတ်၊ အထည်အလိပ်၊ ဖိနပ်လုပ်ငန်းများ ကောင်းသည်။ တနင်္ဂနွေ၊ စနေနေ့သားသမီးများနှင့် တိုင်ပင်လုပ်ကိုင်သင့်သည်။ ငှင်း နံ့သင့်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းဖြင့် အမြတ်ရနိုင်သည်။ လက် အောက်ငယ်သားများကြောင့် စိတ်ညစ်ရမည်။ အပြောင်းအလဲ ရှိသည်။ လူမျိုးကွဲ အကျိုးပြုမည်။ ဖခင်ထံမှ အထောက်အပံ့ရမည်။ လူကြီးလူ ကောင်းများနှင့် ဆက်ဆံရမည်။ ကားအရောင်းအဝယ်၊ ကျောက်ရောင်း ဝယ်၊ မွေးမြူရေး၊ စားသောက်ဆိုင်များ အကျိုးမပေး။

(၃) ကျန်းမာရေး

သွေးတိုး၊ ခန္ဓာကိုယ်အောက်ပိုင်း၊ ခြေပိုင်းဆိုင်ရာ၊ အမျိုးသမီးဆိုင် ရာရောဂါများ ဂရုစိုက်ပါ။ အမြင့်မှ ကျတတ်သည်။ ဆီး၊ မျက်စိ ဂရုစိုက်ပါ။ တနင်္ဂနွေ၊ စနေ နာမည်ပါ ဆရာဝန်၊ ဆေးဆရာတို့နှင့် ကုသမှုခံယူခြင်းဖြင့် ဆေးတိုးမည်။ ထမင်းစားပြီးတိုင်း ခါရဏပရိတ် ရွတ်ပါ။

(၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | အိမ်ထောင်ရေးတွင် ဆွေမျိုးများကြောင့် ကသိကအောက်ဖြစ်ရတတ်သည်။ ဇနီးသည်၏ အပူကို ပူးပေါင်းဖြေရှင်းခြင်းဖြင့် နားလည်ပေးပါ။ |
| အမျိုးသမီးများ | မိမိခင်ပွန်းသည် အာရုံမများအောင် ဂရုစိုက်ပါ။ ခြေလှမ်းမမှားအောင် ယုယကြင်နာပါ။ |
| သားသမီးများ | သားသမီးများ၏ အောင်မြင်မှုကို ဝမ်းသာစွာ တွေ့ရှိရမည်။ |

(၅) ချစ်ရေး/ ချစ်ရာ

ချစ်သူရှိသူများ အကြာကြီးခွဲမနေရ။ သွေးအေးသွားတတ်သည်။ ဘေးမှ မိတ်ဆွေတုများကြောင့် အထင်မြင်လွဲစရာများ ဖြစ်လာတတ်သည်။ မင်္ဂလာကြီးကျယ်စွာ မဆောင်သင့်။ ထမင်းစားပြီးတိုင်း ခွေးလေးများကို အစာကျွေးပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

မိမိ၏ကံ နည်းနေ၍ ဖွဲ့ လုံ့လဖြင့် အားသွန်ခွန်စိုက် ကြိုးစားရန် လိုပါသည်။

**ဝန်ထမ်းရေးရာ** အလုပ်ထဲတွင် စိတ်ချမ်းသာမည်။ ရာထူးတိုးမည်။ အထက်လူကြီးများ၏ ချီးမြင့်မြှောက်စားခြင်းခံရမည်။ အကြီးအကဲ ဖြစ်တတ်သည်။

## (၇) နိုင်ငံခြားခရီး

လုပ်ငန်းရှင်များ စီးပွားရေးခရီးများရှိသည်။ အမျိုးသားများ ကြိုးစားပါက နိုင်ငံခြားခရီး သွားဖြစ်နိုင်သည်။ တနင်္ဂနွေ၊ စနေနေ့သားများနှင့် တိုင်ပင်လုပ်ကိုင်ဆောင်ရွက်ပါ။ V.P.B.J.K နိုင်ငံများသို့ ရည်ရွယ်ထားသူများ ခက်ခက်ခဲခဲ ကြိုးစားရမည်။ ယတြာ - သောကြာနေ့တိုင်း လမ်းခွေးများကို အစာကျွေးပါ။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

အင်္ဂါ၊ စနေ ပူးနာမည်ရှင်များ (ဥပမာ - စိုးထွဋ်၊ ထွန်းညီ) ကြာသပတေး နာမည်ရှင်များ (မျိုးမျိုး) ကြောင့် စိတ်ညစ်ရတတ်မည်။

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

အနီရောင်များ ဝင်သင့်သည်။ ဘုရားများ အိမ်ကြွလာတတ်သည်။ အိမ်ပြင်ဆောက်နိုင်သည်။ အလှူမင်္ဂလာ ကြီးကျယ်စွာမလုပ်သင့်။ မျက်မှန်အဟောင်းများ မထားသင့်။ ဆေးပုလင်းဟောင်းများ မထားသင့်။ အိမ်ဘုရားခန်း၊ ဧည့်ခန်း အမြဲသန့်ရှင်းနေရမည်။ ကျိုး၊ ပဲ့ မရှိစေရ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အိမ်အနီးပတ်ဝန်းကျင်သို့ ရဟန္တာ ဓာတ်တော်၊ မွေတော်များကြွလာခြင်း၊ အိမ်သစ်ဆောက်သည်ကို တွေ့ရခြင်းများ ရှိပါက ကံကောင်းပြီဟုမှတ်ပါ။

## (၁၁) ဆောင်ရန်

တနင်္ဂနွေ၊ စနေ နေ့သားသမီးများ၊ နေ့ရက်များ၊ အရပ်ထောင့်၊

မြို့ရွာများ အကျိုးပေးသည်။ ၎င်းနံ့သင့် ပစ္စည်းကိရိယာများ သို့လှောင် ရောင်းချပါက အကျိုးအမြတ်ရမည်။ ၎င်းနေ့များတွင် ဆိုင်သစ်၊ လုပ်ငန်း သစ်များ ဖွင့်သင့်သည်။ ၎င်းနံ့သင့်ပန်းများ ဘုရားလှူပါ။ ၁၊ ၇ ဂဏန်း များ ဆောင်ရမည်။ အကျိုးပေးသည်။ အနီရောင်၊ အနက်ရောင်၊ ရှုပ်ထွေး ရောင် ဝတ်ပါ။

## (၁၂) ရှောင်ရန်

ကြာသပတေး၊ တနင်္လာ၊ အင်္ဂါနေ့သားသမီးများ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ဒေသများ၊ အကျိုးမပေးပါ။ ၎င်းနံ့သင့်ပစ္စည်းများ သို့လှောင်ရောင်းချခြင်းကို မပြုလုပ်သင့်။ ၎င်းနံ့သင့် အစာများ စားခြင်းကို ဂရုစိုက်ပါ။ ၅၊ ၂၊ ၉၊ ၃ ဂဏန်းများရှောင်ပါ။ အပြာရောင်၊ အဖြူရောင် ဝတ်ခြင်း ရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

ထိန်သားပုတီးနှင့် နမော(၅)ချက်ကို အဓိဋ္ဌာန်စိပ်ပါ။ တစ်နှစ်လုံး ခွေးစာကျွေးပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားရှင်ကို သတိရတိုင်း အကြော်ဖြင့် ဆွမ်းတော်ကပ်ပါ။ တန်ခိုး ကြီးဘုရားများ တနင်္ဂနွေထောင့်ရောက်တိုင်း သပြေလက်တစ်ဆုပ် အမြဲ လှူပါ။ တစ်နှစ်လုံး အင်္ဂါနေ့ရောက်တိုင်း ခွေးများကို အစာကျွေးပြီး မဟာဝေဒဗ္ဗမန္တန် အမြဲရွတ်ပါ။

* * * * *

၁၂၉၈, ၁၃၀၆, ၁၃၁၄, ၁၃၂၂, ၁၃၃၀, ၁၃၃၈, ၁၃၄၆ ခုနှစ် မွေးသော
ရာဟုသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၈ | ** | ● | ※ | × | ** | × | × | × | ● | * | ※ | × | ** |
| ၁၃၀၆ | ** | ● | ※ | × | ** | × | ● | × | ** | × | ** | × | ** |
| ၁၃၁၄ | ** | ● | ※ | × | ** | × | ** | ** | * | ※ | × | ** | × |
| ၁၃၂၂ | ** | ● | ※ | × | ** | × | * | ** | ● | ※ | × | * | ※ |
| ၁၃၃၀ | ** | ● | ※ | × | ** | × | ● | × | ** | × | ※ | × | ** |
| ၁၃၃၈ | ** | ● | ※ | × | ** | × | ** | ** | ** | × | | ※ | * |
| ၁၃၄၆ | ** | ● | ※ | × | ** | × | ** | ** | ● | ※ | × | ** | × |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၂၉၉၊ ၁၃၀၇၊ ၁၃၁၅၊ ၁၃၂၃၊ ၁၃၃၁၊ ၁၃၃၉၊ ၁၃၄၇ ခုနှစ် မွေးဖွားကြသော ရာဟုသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

လောကုတ္တရာ ဘာဝနာအလုပ်ဖြင့် အကျင့်သီလကောင်းမွန်စွာ ဆောက်တည်ခြင်းဖြင့် တရားထူး၊ တရားမြတ်များ ရရှိနိုင်သည့် ကာလဖြစ်သည်။ အလှအပ အသုံးအဆောင်ပစ္စည်းများ ဝင်မည်။ အမျိုးသမီးကြီးများမှ ကူညီမည်။ အနုပညာလုပ်ငန်းများ၊ အနုပညာရှင်များ အောင်မြင်မည်။ သတင်းကောင်း ကြားရမည်။ မလိုလားအပ်သော ရွှေရောင်ပစ္စည်း၊ အင်း၊ လက်ဖွဲ့ မဝင်သင့်။ ဝင်ပါက ပြဿနာတက်တတ်သည်။ အတိုက်အခံရှိမည်။ လုပ်ငန်းရှင်များ လုပ်ငန်းထဲတွင် ပြဿနာရှိသည်။ အလုပ်နှင့်ပတ်သက်၍ ပြဿနာဖြစ်တတ်သည်။ ဥပဒေနှင့်မကင်းသော အရာမှန်သမျှ မည်သည့်အရာမှ မပြုလုပ်ရ။ လူမျိုးကွဲများ၊ အောက်လူများကြောင့် စိတ်ဆင်းရဲရမည်။ အောက်လူ တော်လှန်တတ်သည်။ မိမိလုပ်ငန်းပျက်စီးရာ ပျက်စီးကြောင်း လုပ်တတ်သည်။ စက်ပစ္စည်းကိရိယာအဟောင်းများ စွန့်ပစ်ပါ။ ရောင်းပါ။ အစွပ်အစွဲ ခံရတတ်သည်။ အမြဲသတိရှိပါ။ အများပိုင်ငွေကြေးများကို ဂရုစိုက်ပါ။ ရွှေဆိုင်လုပ်ငန်းရှင်များ သတိထား၍ဝယ်ပါ။ သူများပစ္စည်း၊ အထုပ်အထည်များကို အားနာမှုဖြင့် မိတ်ဆွေများ၏ အပ်နှံခြင်း၊ ခဏထားခြင်းကို ရှောင်ပါ။ မိမိ ပြဿနာတက်တတ်သည်။ နိုင်ငံရပ်ခြား ခရီးထွက်လိုသူများ အောင်မြင်စွာ ထွက်ရမည့် နှစ်ဖြစ်သည်။

ကိုယ်ပိုင်ငွေကြေးများ စုဆောင်းမိမည်။ သင်တန်းအသစ်များ တက်ရောက်သင်ကြားရမည်။ တန်းတူ ညီအစ်ကိုမောင်နှမများကြောင့် စိတ်ညစ်ရတတ်သည်။

၁၃၁၅၊ ၁၂၉၉ ခုဖွားတို့သည် အနုပညာနယ်ပယ်မှ ပုဂ္ဂိုလ်များဖြစ်ပါက အထူးအောင်မြင်မည်။ ဘုရားဖူးများ ခရီးရှည်ထွက်ရတတ်သည်။ အသံထွက် အလှအပပစ္စည်း ကိရိယာ အကောင်းစားများ ဝင်မည်။ သားသမီးကြီးများ၏ အောင်မြင်မှု ကြုံရမည်။ အကျင့်သီလ အထူးကောင်းအောင် နေထိုင်ရမည်။

၁၃၀၇ ခုဖွား အမျိုးသားတို့သည် မိခင်(သို့) မိခင်ကဲ့သို့ နေသူများထံမှ ကူညီထောက်ပံ့မှုများရမည်။ အကြံအစည်များ အောင်မြင်မည်။ ဧည့်သည် ရောက်မည်။ ငွေဝင်မည်။ အမျိုးသမီးများတို့သည် ကျောက်၊ ပတ္တမြားဝင်တတ်သည်။ တနင်္လာလုပ်ငန်းများ အကျိုးပေးမည်။ ကားဝင်တတ်သည်။

၁၃၁၅၊ ၁၃၄၇၊ ၁၂၉၉ ခုဖွားတို့သည် ပညာရေးတွင် အထူးအောင်မြင်မည်။ အမွေရတတ်သည်။ မိဘများ၏ မြေတောင်မြှောက်ပေးခြင်းခံရမည်။ မိမိမျှော်လင့်ထားသော ဆန္ဒများ ပြည့်ဝမည်။

၁၃၂၃၊ ၁၂၉၉၊ ၁၃၃၁ ခုဖွားတို့သည် ရွှေရောင်ပစ္စည်းမဝင်၊ မဝယ်ရ။ တန်းတူ ညီအစ်ကိုမောင်နှမတို့ကြောင့် စိတ်ဆင်းရဲရတတ်သည်။ ပြဿနာဖြစ်တတ်သည်။ ရွှေထွက်မည်။ ခရီးသွားပါက ကျန်းမာရေး ညံ့မည်။ ရင်၊ ဝမ်း ဥပဒ်ပေးတတ်သည်။ လေရောဂါရှိသူများ ဂရုစိုက်ပါ။

၁၃၃၁၊ ၁၃၂၃ ခုဖွားသူတို့သည် လူမျိုးကွဲ အကျိုးမပေး။ သူများကိစ္စ ကိုယ့်ကိစ္စ ဖြစ်တတ်သောကြောင့် အမြဲသတိရှိပါ။ ဥပဒေနှင့် မကင်းသော အရာမှန်သမျှ ရှောင်ပါ။ အပေါင်းအသင်းများကြောင့် သိက္ခာကျမည်။

၁၃၂၃၊ ၁၃၁၅၊ ၁၃၄၇ ခုဖွားသူတို့သည် အစွပ်အစွဲ ခံရတတ်ခြင်း၊ ခိုက်ရန်ဖြစ်ရတတ်ခြင်းများ ဖြစ်တတ်သည်။

အောက်လူ လုံးဝအကျိုးမပေးပါ။ အပြိုင်အဆိုင်ဖြစ်မည်။ စက်ကိရိယာများပျက်မည်။ ပျောက်မည်။ ဆေးမှား၊ အစားမှားတတ်သည်။

## (၂) စီးပွားရေး

အလုပ်ထဲတွင် မကြာခဏပြဿနာများ ဖြစ်ပွားတတ်သည်။ အစုစပ်လုပ်ငန်းများ မကောင်းပါ။ လက်အောက်ငယ်သားနှင့် အခိုင်းအစေ

များမှ အကျိုးမပေး ပြဿနာရှာတတ်သည်။ စားသောက်ဆိုင် လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်း၊ အနုပညာပိုင်းဆိုင်ရာလုပ်ငန်း၊ မွေးမြူရေး၊ မျက်မှန် ရောင်းဝယ်ရေးလုပ်ငန်းများ ကောင်းမည်။ လူမျိုးကွဲများ အကျိုးမပေးပါ။ စက်ကိရိယာနှင့် လုပ်ရသော လုပ်ငန်းများ၊ အဝတ်အထည်၊ ရွှေထည် ပစ္စည်းရောင်းသူများ ညံ့သည်။ အလုပ်စတင်လုပ်လိုသူများ တနင်္ဂနွေ၊ စနေ အလုပ်များကို ရွေးချယ်၍ လုပ်ကိုင်သင့်သည်။ ရင်းနှီးသင့် ကုန်များကို သိုလှောင်ရောင်းချသင့်သည်။

## (၃) ကျန်းမာရေး

ဆီး၊ မျက်စိ၊ အစာအိမ်ရောဂါဟောင်းရှိသူများ အထူးဂရုစိုက်ရမည်။ အာရုံကြောများ အားနည်းမည်။ သွားကိုက်၊ သွားဒုက္ခပေးတတ်သည်။ ရင်၊ ဝမ်း ဥပဒ်ပေးတတ်သည်။ သောကြာ၊ ကြာသပတေး ဆရာဝန်၊ ဆေးဆရာများနှင့် ကုသမှုခံယူပါမှ ဆေးတိုးမည်။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | စကားအနည်းငယ် များရသည်မှလွဲ၍ ဇနီးသည်၏ အကူအညီရမည်။ အိမ်ထောင်ရေး အဆင်ပြေမည်။ |
| အမျိုးသမီးများ | မိတ်ဆွေသူငယ်ချင်း ဘေးပတ်ဝန်းကျင်ကြောင့် အိမ်ထောင်ရေး မသာမယာဖြစ်တတ်သည်။ ခင်ပွန်းသည် အိမ်မှ ထွက်တတ်သည်။ ခင်ပွန်းသည်အတွက် ပူပင်ရတတ်သည်။ ခင်ပွန်းသည် ကျန်းမာရေး ညံ့တတ်သည်။ |
| သားသမီးများ | သားသမီးများ၏ ပြဿနာကို မကြာခဏ ဖြေရှင်းပေးနေရတတ်သည်။ သားကြီး၊ သမီးကြီးများ အောင်မြင်မှု ကြုံမည်။ |

## (၅) ချစ်ရေး ချစ်ရာ

ချစ်သူမရှိသေးသူများ ချစ်သူတွေ့တတ်သည်။ မိမိ၌အခက်အခဲ ရှိနေတတ်သည်။ ချစ်သူရှိသူများ စကားအခြေအတင် စိတ်ကောက်သည်မှ လွဲ၍ အဆင်ပြေမည်။ မိတ်ဆွေ၊ သူငယ်ချင်းများ၏ သွေးထိုးစကားများကို

ဆင်ခြင်၍ သဘောထားမကွဲရန် နေထိုင်ရမည်။

**(၆) ပညာရေး၊ ဝန်ထမ်းရေးရာ**

ကောင်းသောကာလဖြစ်၍ ကြိုးစားမှုဖြင့် အောင်ပန်းကို လှမ်းယူသင့်သည်။

**ဝန်ထမ်းရေးရာ** အလုပ်ထဲတွင် တွေဝေခြင်းများရှိမည်။ အလုပ်ထဲ၌ ပြဿနာပေါ် တတ်သည်။ ရှေ့တိုး၊ နောက်ဆုတ်ခက်နေရတတ်သည်။ အထက်လူကြီးများနှင့် အဆင်မပြေ။

**(၇) နိုင်ငံခြားခရီး**

အဖော်အဖြစ် လိုက်ရသော ခရီးများသွားရတတ်သည်။ နိုင်ငံခြားခရီးသွားလိုသူများ ကြိုးစားမှု ရှိပါက သွားရတတ်သည်။ အောင်မြင်သောခရီးဖြစ်မည်။ သောကြာ၊ ကြာသပတေးနေ့သားများဖြင့် ကူညီတိုင်ပင်လုပ်ကိုင်ပါ။ D .C. T. Z နာမည်ပါနိုင်ငံများသို့ သွားလိုသူများ ခက်ခဲတတ်သည်။

**(၈) နာမည်နှင့်ကြုံတွေ့မှုများ**

တနင်္လာ၊ သောကြာ ပူးသောနာမည်ရှင်များ (ကိုသီ၊ သောကြာ) ဗုဒ္ဓဟူး နာမည်ရှင်များ(ဝင်းဝင်း)ကြောင့် စိတ်သောကရောက်ရတတ်သည်။

**(၉) ဝင့်သင့်၊ ထွက်သင့်သည်များ**

ရွှေရောင်ပစ္စည်းများ မဝင်ရ။ စက်ကိရိယာအပျက်များ မဝယ်ရ။ ဖိနပ်စုတ်၊ ထီးစုတ်များ မထားရ။ အထည်အစုတ်များ မဝတ်ရ။ အလှအပအသုံးထွက်ပစ္စည်းများ ဝင်မည်။ ဘုရားရှင်အား ပူဇော်သော အသုံးမစဲမဟာပဋ္ဌာန်းပွဲများတွင် ကျွေးမွေးဧည့်ခံခြင်းများ ဆွမ်းကပ်လှူခြင်းများ ပြုလုပ်ရမည်။

**(၁၀) ပတ်ဝန်းကျင်နိမိတ်**

အိမ်နီးနားမှ ပုဂ္ဂိုလ်တစ်ဦးဦး ဗုဒ္ဓဂါမဘုရားဖူးကဲ့သို့ ဘုရားဖူးခရီးသွားသော နိမိတ်မြင်လျှင် ကြားလျှင် ကိုယ့်အတွက် အောင်မြင်[illegible] မှတ်ပါ။

## (၁၁) ဆောင်ရန်

သောကြာ၊ ကြာသပတေးနာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပြုသည်။ ၎င်းနံသင့်ပန်းများကို ဘုရားရှင်အား ကပ်လှူပူဇော်ရမည်။ ၆၊ ၅ ဂဏန်းအကျိုးပေးသည်။ ၎င်းနံသင့် ကုန်ပစ္စည်းများ သို့လှောင် ရောင်းချခြင်းဖြင့် အကျိုးအမြတ် ရရှိနိုင်သည်။

## (၁၂) ရှောင်ရန်

အင်္ဂါ၊ စနေ၊ ဗုဒ္ဓဟူးနာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပြု။ ၃၊ ၇၊ ၄ ဂဏန်းများ အကျိုးမပေး။ ၎င်းနံသင့် အစာများ သတိထား စားပါ။ ၎င်းနံသင့်ကုန်ပစ္စည်းများ သို့လှောင်ရောင်းချခြင်းကြောင့် နစ်နာတတ်သည်။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

နေ့စဉ် ၂၄ ပစ္စည်း ၁၂ ခါက်ချက်၍ သောက်တော်ရေ ကပ်လှူပါ။ ပိတောက်သား ပုတီးနှင့် ပဌာန်းအမြဲစိပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

မိုးလင်းတိုင်း ပဌာန်းဥဒ္ဒေသ နိဒ္ဒေသနှင့် မေတ္တာကြာတွဲရွတ်ပါ။ စနေနေ့တိုင်း ခွေးလေးများကို ထမင်းဟင်း ကျွေးပါ။ လစဉ် ဓာကလေး ၃ ကောင်ကို ဘေးမဲ့ပေးပါ။ မွေးနေ့တိုင်း သားစားရှောင်ကြဉ်ပါ။

✻ ✻ ✻ ✻ ✻

၁၂၉၉, ၁၃၀၇, ၁၃၁၅, ၁၃၂၃, ၁၃၃၁, ၁၃၃၉, ၁၃၄၇ ခုနှစ် မွေးသော ရာဟုသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၂၉၉ | ** | ** | × | * | ※ | * | ** | ** | * | ※ | × | ** | × |
| ၁၃၀၇ | ** | ** | × | * | ※ | * | * | * | ● | ※ | × | * | ● |
| ၁၃၁၅ | ** | ** | × | * | ※ | * | ● | × | ** | × | ※ | × | ** |
| ၁၃၂၃ | ** | ** | × | * | ※ | * | ** | ** | ** | × | * | ※ | * |
| ၁၃၃၁ | ** | ** | × | * | ※ | * | ** | ** | ● | ※ | × | ** | × |
| ၁၃၃၉ | ** | ** | × | * | ※ | * | × | × | ● | * | ※ | × | ** |
| ၁၃၄၇ | ** | ** | × | * | ※ | * | ● | × | ** | × | ** | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ်တွင် မွေးဖွားကြသော ရာဟုသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မိမိဝါသနာပါသော အလုပ်များကို လုပ်ကိုင်ခြင်းဖြင့် ဝင်ငွေရနိုင်သည်။ လက်ရှိအလုပ်အကိုင်ရှိသူများ အလုပ်ထဲတွင် အပြိုင်အဆိုင် ရှိသည်။ ပြဿနာများလည်း ရှင်းနေရတတ်သည်။ ရပ်ဝေးနေ ဖခင်ဖြစ်သူအတွက် ပူရတတ်သည်။ လောကုတ္တရာတရားများ ပွားများ အားထုတ်ရမည့်အချိန် ကာလဖြစ်သည်။ သီလကောင်းခြင်းကြောင့် အကျိုးကျေးဇူးများ ရရှိ ခံစားရတတ်သည်။ ဘုရားဖူးခရီးများ ထွက်ရတတ်သည်။ အလုပ်ထဲတွင် လက် အောက်ငယ်သားများ အကျိုးမပေး။ လူကောင်းများ ထွက်မည်။ အောက်လူများကြောင့် အစွပ်အစွဲခံရတတ်သည်။ သူခိုး ခိုးခံရတတ်သည်။ စက်ကိရိယာများ ထွက်မည်။ နှလုံးသားရေးရာကိစ္စ ရှုပ်ထွေးသူများ ပြဿနာဖြစ်တတ်သည်။ ညီအစ်ကိုမောင်နှမချင်း ပြဿနာဖြစ်တတ်သည်။ မိခင်(သို့)အမျိုးသမီးကြီးများ (သို့) မုဆိုးမများက ကူညီတတ်သည်။ အမွေရတတ်သည်။ လုပ်ငန်းများ စတင်ရန် ရည်ရွယ်ပါက သောကြာ၊ ကြာသပတေး နာမည်ရှင်များထံမှသာ အကြံဉာဏ် ယူသင့်သည်။ အနုပညာပစ္စည်း၊ အလှအပ အသုံးအဆောင်ပစ္စည်းများ ဝင်မည်။ အနုပညာအလုပ်ဖြင့် အသက်မွေးဝမ်းကြောင်းပြုနေသူများ အောင်မြင်မည်။ စာရေးဆရာများ၊ စက္ကူရောင်းဝယ်၊ စာပေရှင်များ အထူးညှို့သည်။ မိတ်ဆွေသူငယ်ချင်း

များကြောင့် ခိုက်ရန် ဖြစ်ပွားရတတ်သည်။ သူများကိစ္စ ကိုယ့်ပြဿနာဖြစ်သွားတတ်သည်။ အကျင့်သီလကောင်းစွာဖြင့် နေထိုင်ပြုမူပါ။ သက်သတ်လွတ် စားသင့်သည်။

၁၃၀၈ ခုဖွားတို့သည် လောကုတ္တရာကိစ္စရပ်များကို ပွားများအားထုတ်ပါက တရားထူး၊ တရားမြတ် ရမည်။ မဖူးရသော ဘုရားများ ဖူးတွေ့ရမည်။ အသံကျက်ပစ္စည်းများ ဝင်မည်။ နိုင်ငံခြားခရီး သွားရတတ်သည်။ အနုပညာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ အောင်မြင်မည်။

အမျိုးသားတို့သည် မိခင်ဖြစ်သူထံမှ ကူညီထောက်ပံ့မှုများစွာ ရမည်။ အကြံဉာဏ်ကောင်းများ ရတတ်သည်။ အမျိုးသမီးများ ပိုက်ဆံ ချေးငှားထားခြင်းများရှိပါက ပြန်ရမည်။ ကျောက်ဝင်မည်။ ကားဝယ်ရန် အကြံရှိသူများ ဝင်မည်။ သောကြာသားသမီးများကို တိုင်ပင်၍ မပြုလုပ်ပါနှင့်။

၁၃၄၈၊ ၁၃၀၈၊ ၁၃၄၀ ခုဖွားတို့သည် အမွေရတတ်သည်။ မိမိဖြစ်ချင်သော ကိစ္စများဖြစ်လာတတ်သည်။ ပညာရေးပိုင်းတွင် အထူးအောင်မြင်မှုရမည်။ ဆရာတော်များ ဖူးရမည်။ ငွေကြေးစုဆောင်းထားသင့်သည်။ မုဆိုးမ၊ အမျိုးသမီးကြီးများက ကူညီထောက်ပံ့မည်။ သင်တန်းအသစ်များ သင်ယူရတတ်သည်။

၁၃၀၈၊ ၁၃၁၆ ခုဖွားသူတို့သည် လုပ်ငန်းရှင်များ ဖြစ်ပါက နောက်လိုက်တပည့် မရှိသော ဘဝသို့ ရောက်ရတတ်သည်။ သီလပျက်သောကိစ္စရှိပါက အစွပ်အစွဲ ခံရတတ်သည်။ တိုက်ခိုက်မှု ရှိသည်။ အပြိုင်အဆိုင်ဖြစ်ရတတ်သည်။ စက်ကိရိယာများ ထွက်မည်။ ပျက်မည်။ ဆီးရောဂါရှိသူများ အထူးဂရုစိုက်ပါ။ ဆေးသောက်များတတ်သည်။ စိတ်ကျရောဂါ ခံစားရတတ်သည်။

၁၃၂၄၊ ၁၃၁၆ ခုဖွားတို့သည် ဥပဒေနှင့် မကင်းသောကိစ္စများ ရှောင်သင့်သည်။ မိတ်ဆွေတို့ကြောင့် ဒုက္ခရောက်ရတတ်သည်။ သူများ ပြဿနာ အမှုအခင်းကြားထဲ ဝင်မပါရ။ လူမျိုးကွဲ အကျိုးမပေး။ အနက်ရောင် မဝတ်ရ။ မီးအပူလောင်တတ်သည်။ အိမ်မွေးတိရစ္ဆာန်များ သေကြေတတ်သည်။ အကြော၊ ဒူး ဂရုစိုက်ပါ။

၁၃၃၂၊ ၁၃၁၆၊ ၁၃၂၄၊ ၁၃၄၈ ခုဖွားသူတို့သည် ရွှေရောင် မဝင်စေရ။ တန်းတူ ညီအစ်ကိုတို့ကြောင့် ပြဿနာ ရှင်းရတတ်သည်။ ရွှေထွက်မည်။ ရွှေဆိုင်ရောင်းသူများ ဖြစ်ပါက စီးပွားရေးညံ့သည်။ အတုသတိထားပါ။

## (၂) စီးပွားရေး

လူမျိုးကွဲများ လုံးဝအကျိုးမပြု။ အစုရှယ်ယာလုပ်ငန်းများ မလုပ်ကိုင်သင့်။ စီးပွားရေး စတင်လုပ်ကိုင်လိုသူများ အခက်အခဲများနှင့်ကြုံတွေ့ရမည်။ လက်ရှိစီးပွားရေးသမားများ အလုပ်နှင့် မဆိုင်သော တခြားကိစ္စများဖြင့် အချိန်ကုန်နေရတတ်သည်။ လုပ်ငန်းတိုးချဲ့ရန်မသင့်။ အဝေးတွင် ဖွင့်လှစ်ထားသောလုပ်ငန်းများ အကျိုးအမြတ်မရှိ။ ကြာသပတေး၊ သောကြာနံများကို သိလျှောင်ရောင်းချသင့်သည်။ ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင် အကျိုးပေးမည်။ စက်ပစ္စည်းရောင်းဝယ်သူများ၊ လျှပ်စစ်ပစ္စည်းရောင်းသူများ၊ လေအေးစက်၊ ရေလုပ်ငန်းနှင့် ကား၊ တိုက်တာရောင်းဝယ်သူများ အထူးညံ့မည်။ ဈေးကွက်ပျက်မည်။

## (၃) ကျန်းမာရေး

လေရောဂါရှိသူများ၊ ဆီးကျောက်ရှိသူများ ဂရုစိုက်ပါ။ အကြောတက်၊ ညောင်းညာခြင်းများရှိသည်။ ဆေးစားမှားတတ်သည်။ ရင်၊ ဝမ်း ဂရုစိုက်ပါ။ ကြာသပတေး၊ သောကြာ နာမည်ရှင် ဆေးဆရာ၊ ဆရာဝန်များနှင့် ကုသမှု ခံယူခြင်းဖြင့် ဆေးတိုးမည်။ ယတြာ- ထမင်းစားခါနီးတိုင်း (၂၄) ပစ္စည်းရွတ်ပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည်၏ အားပေးကူညီမှု ရှိမည်။ ဇနီးသည် လုပ်ငန်းများ အောင်မြင်တတ်သည်။ အနည်းငယ် စကားများတတ်သည်မှအပ အိမ်ထောင်ရေး စိတ်ချမ်းသာမည်။ |
| အမျိုးသမီးများ | ခင်ပွန်းသည်ဖြစ်သူ မိတ်ဆွေသူငယ်ချင်းများမှုကြောင့် ဒုက္ခရောက်ရတတ်သည်။ ပူပင်ရတတ်သည်။ အထူးဂရုစိုက်ပါ။ |
| သားသမီးများ | သားသမီးများ သူငယ်ချင်း အပေါင်းမှားတတ်သည်။ ဂရုစိုက်ပါ။ |

(၅) ချစ်ရေး ချစ်ရာ

ချစ်သူမရှိသေးသူများ ယခင်ရင်းနှီးဖူးသူများမှ ချစ်ခွင့်ပန်ခြင်းခံရမည်။ လက်ဆောင်များ ရတတ်သည်။ ချစ်သူရှိသူများ မိတ်ဆွေ သူငယ်ချင်းများ၏ သွေးထိုးမှု ခံယူရတတ်သည်။

(၆) ပညာရေး၊ ဝန်ထမ်းရေးရာ

အထူးအောင်မြင်မည့်ကံရှိ၍ လုံ့လဝီရိယ အထူးစိုက်သင့်သည်။

**ဝန်ထမ်းရေးရာ** အလုပ်ထဲတွင် အခက်အခဲဖြစ်တတ်သည်။ အထက်လူကြီး၏ အထင်မြင်လွဲမှားမှု ခံစားရတတ်သည်။ နေတတ်အောင် နေပါ။ မိမိအလုပ်မဟုတ်ဘဲ တခြားသူအလုပ်များဖြင့် စိတ်ညစ်နေရတတ်သည်။ ယတြာ - မေတ္တာသုတ်ကို နေ့စဉ်ဂြိုဟ်သက်အလိုက် ရွတ်ပါ။

(၇) နိုင်ငံခြားခရီး

ကြံရွယ်ထားသူများ သွားရမည့် ကာလဖြစ်သည်။ ကြာသပတေး၊ သောကြာ နာမည်ရှင်များနှင့် ဆောင်ရွက်နိုင်သည်။ Z .C. D. S. T အမည်ပါ နိုင်ငံများသို့ သွားလိုသူများ အခက်အခဲကြုံရတတ်သည်။

(၈) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္လာ၊ သောကြာ ပူးသောနာမည်ရှင်များ (ကျော်သိန်း- သက်ကြိုင်) ဗုဒ္ဓဟူး နာမည်ရှင်များ (ဝင်းဝင်း)ကြောင့် စိတ်ဒုက္ခ ရောက်ရတတ်သည်။

(၉) ဝင့်သင့်၊ ထွက်သင့်သည်များ

အိမ်ပြင်ဆောက်ခြင်း၊ အိမ်သစ်ဆောက်ခြင်းများ မပြုလုပ်သင့်။ စက်ကိရိယာ အဟောင်းများ မဝင်သင့်။ ရွှေရောင်ပစ္စည်း မဝင်သင့်။ လက်ဖွဲ့ မဆောင်သင့်။ အင်း မဝင်သင့်။ နာရီ ပျက်မည်။ ထီးစုတ်မထားရ။ အကျင့်သီလ ကောင်းစွာဆောက်တည်၍ နေထိုင်သင့်သည်။

(၁၀) ပတ်ဝန်းကျင်နိမိတ်

ဗုဒ္ဓဂါယာသို့ ဘုရားဖူးခရီးသွားသော နိမိတ်မျိုး အိမ်အနီးတွင် တွေ့ရကြုံရပါက ထူးခြားသော အောင်မြင်မှုများ ကိုယ်တိုင်ကြုံရတော့မည်။

(၁၁) ဆောင်ရန်

ကြာသပတေး၊ သောကြာအလျှူရှင်များ၊ နေ့ရက်များ၊ နေ့သားများ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးသည်။ ၎င်းနံသင့်ပန်းများ ဘုရားလှူပါ။ ၎င်းနံသင့် ကုန်စည်များ ရောင်းဝယ်သိုလှောင်ခြင်းဖြင့် အကျိုးအမြတ် ရရှိနိုင်သည်။ ၅၊ ၆ ဂဏန်း အကျိုးပေးသည်။

(၁၂) ရှောင်ရန်

အင်္ဂါ၊ စနေ၊ ဗုဒ္ဓဟူးနာမည်ရှင်များ၊ နေ့သားများ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပေး။ ၎င်းနံသင့် အစားအစာများ သတိထား စားပါ။ ၎င်းနံသင့် ကုန်ပစ္စည်းများ ရောင်းဝယ်သိုလှောင်ပါက အကျိုးမရှိ။ ၃၊ ၇၊ ၄၊ ၈ ဂဏန်းများ ရှောင်ပါ။

(၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

ပဋ္ဌာန်းအကျယ်ရွတ်ခြင်း၊ ပိတောက်သား ပုတီးနှင့် ပဋ္ဌာန်းစိပ်ခြင်းတို့ ပြုလုပ်ရမည်။

(၁၄) ကံမြင့် ကံပွင့် အစီအရင်

နေ့စဉ် ပဋ္ဌာန်းဥဒ္ဒေသ နိဒ္ဒေသ(၁)ခေါက်နှင့် မေတ္တာသုတ် (၉) ကြိမ်ကို တစ်နှစ်လုံး ဝတ်မပျက်ရွတ်ပါ။ စနေနေ့ရောက်တိုင်း ခွေးများကို အစာ ကျွေးပါ။ တစ်နှစ်လုံး မိဘမဲ့ကလေးများကို မကြာခဏ ဒါနပြုပေးပါ။

❊ ❊ ❊ ❊ ❊

၁၃၀၀, ၁၃၀၈, ၁၃၁၆, ၁၃၂၄, ၁၃၃၂, ၁၃၄၀, ၁၃၄၈ ခုနှစ် မွေးသော
ရာဟုသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၀ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၀၈ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၁၆ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၂၄ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၃၂ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ | × | × | ● | ✱ | ✳ | × | ✱✱ |
| ၁၃၄၀ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၄၈ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

**၁၃၀၁၊ ၁၃၀၉၊ ၁၃၁၇၊ ၁၃၂၅၊ ၁၃၃၃၊ ၁၃၄၁၊ ၁၃၄၉ ခုနှစ်တွင် မွေးဖွားကြသော ရာဟုသား၊သမီးများအတွက်**

**(၁) ထူးခြားဖြစ်စဉ်**

မိမိဖြစ်ချင်သော ကိစ္စများအတွက် အဝေးမှ ကူညီထောက်ပံ့မှုများ ရရှိမည့် ကာလဖြစ်သည်။ အဝေးရောက် အငြိသားသမီးများထံမှ အကူအညီများ ရရှိမည်။ ကိုယ်ပိုင်လုပ်ငန်းရှိသူများ အလုပ်ထဲတွင် ပြဿနာများ ရှိတတ်သည်။ မိမိဖောက်သည်များနှင့် ပြဿနာရှိတတ်သည်။ လူမျိုးကွဲများကို အထူးဂရုစိုက်၍ ဆက်ဆံရမည့်ကာလဖြစ်သည်။ အစုစပ်လုပ်ငန်းများ လုပ်ကိုင်နေသူများ ညှိသည်။ ပြဿနာရှိတတ်သည်။ အလုပ်စတင် လုပ်ကိုင်လိုသူများ၊ ငွေကြေးရင်းနှီးမြှုပ်နှံမှု အခက်အခဲကြောင့် အနည်းငယ်ကြန့်ကြာမည်။ ဈေးကွက်ရရှိရန်လည်း အတိုက်အခိုက်ဖြင့် ထိုးဖောက်ရတတ်သည်။ အမျိုးသားများအနေဖြင့် အိမ်တွင်းရေး၊ အလုပ်ထဲတွင် စိတ်ညစ်ရတတ်သည်။ ဝန်ထမ်းပိုင်းတွင် အလုပ်မကောင်းဘဲ ရှိတတ်သည်။ ပညာရေးပိုင်းတွင် ထပ်ကာထပ်ကာ ကြိုးစားရတတ်သည်။ မိမိကြောက်သော ဘာသာများကို အခက်အခဲ မရှိစေရန် အထူးလုံ့လစိုက်၍ ကြိုးစားရမည်။ အမျိုးသမီးများ ဖခင်ဖြစ်သူအတွက် ပူပင်ရတတ်သည်။

ညီအစ်ကိုမောင်နှမများအတွက် ပူပင်ရတတ်သည်။ ငွေကုန်ကြေးကျ များတတ်သည်။ အောက်လူများနှင့် ပတ်သက်၍ ပြဿနာဖြစ်တတ်သည်။ မိတ်ဆွေသူငယ်ချင်းတို့ကြောင့် စိတ်ဆင်းရဲရတတ်သည်။ သူများ

အပ်နှံပစ္စည်းများကို အလွယ်တကူ လက်မခံသင့်ပါ။ မိမိနှင့် မဆိုင်သော ကိစ္စများတွင် ဝင်ရောက်ပါဝင်ခြင်း မပြုလုပ်သင့်သော နှစ်ဖြစ်သည်။ ဥပဒေနှင့် မလွတ်ကင်းသော ကိစ္စများရှောင်ပါ။ မိမိအိမ်တွင် သံဃာတော်များကို ပင့်ဖိတ်၍ အလှူအတန်း မကြာခဏ ပြုလုပ်ရမည်။ ကျောက်သံပတ္တမြား ဝင်တတ်သည်။ ရွှေရောင်ပစ္စည်းများ ထွက်တတ်သည်။ ကျိုး၊ ပဲ့၊ ပျက်စီးတတ်သည်။ ထီးစုတ်၊ ဖိနပ်စုတ်၊ အထည်ဟောင်းများ စွန့်ပစ်ပါ။ မြေယာကိစ္စ၊ အမွေကိစ္စ ရှိသူများ တုံ့ဆိုင်းနေတတ်သည်။ အနုပညာကိစ္စ ဆောင်ရွက်နေကြသည့် ပုဂ္ဂိုလ်များ ဟုတ်မလိုလိုနှင့် အဖျားရှူးသွားတတ်သည်။

၁၃၀၁ ခုဖွားတို့သည် အဝေးမှ သတင်းကောင်းများ ကြားရတတ်သည်။ ဆေးပစ္စည်း၊ စက်ကိရိယာစသော အင်္ဂါနံ ရောင်းဝယ်သူများ ဖြစ်ပါက အထူးအကျိုးပေးမည်။ အဝေးရောက် အင်္ဂါသားသမီးများ အောင်မြင်မည်။ စက်ကိရိယာများ ဝင်မည်။

၁၃၄၁ ခုဖွားတို့သည် အမျိုးသမီးဖြစ်ပါက ဘဝလက်တွဲဖော်များ တွေ့ရတတ်သည်။ အင်္ဂါသားသမီးများထံမှ ကူညီထောက်ပံ့မှုများ ရမည်။ စာပေနယ်မှ ဖြစ်ပါက အောင်မြင်မှု အလင်းရောင် ရရှိလာမည်။

၁၃၀၉၊ ၁၃၁၇၊ ၁၃၄၁ ခုဖွားတို့သည် အနုပညာနယ်ပယ်မှ အမျိုးသားများဖြစ်ပါက ဟုတ်မလိုလိုနှင့် မျှော်မှန်းသလောက် ဖြစ်မလာဘဲ ရှိတတ်သည်။ အိမ်ထောင်ရှိသူများ၏ ဇနီးသည်ကို အလိုလိုက်မှုကြောင့် အခက်အခဲ တွေ့တတ်သည်။ အမျိုးသမီးများ ဖြစ်ပါက အလှအပ အသုံးအဆောင် ထွက်ပစ္စည်းများ ဝင်တတ်သည်။ သို့သော် ပြန်ထွက်တတ်သည်။

၁၃၄၁၊ ၁၃၃၃ ခုဖွားတို့သည် ငွေဝင်တတ်သည်။ ၁၃၄၁၊ ၁၃၃၃ ဖွား အမျိုးသားတို့သည် နှစ်ဦးသဘောတူ အိမ်ထောင်ကျတတ်သည်။ စန်းပွင့်မည့်ကာလ ဖြစ်သည်။ မိခင်(သို့)အစ်မများထံမှ အကူအညီ အထောက်အပံ့များ ရတတ်သည်။ သံဃာတော်များကို မကြာခဏ ဆွမ်းကပ်၍ အလှူအတန်း ဒါနလုပ်ပါ။

၁၃၂၅၊ ၁၃၁၇၊ ၁၃၄၁ ခုဖွားတို့သည် အိမ်ပြင်ဆောက်ခြင်း အိမ်သစ်ဆောက်ခြင်း မပြုလုပ်ရ။ အိမ်ငှားနေထိုင်သူများ စိတ်ညစ်ရမည်။ အမျိုးသမီးဖြစ်ပါက ဖခင်ဖြစ်သူ ကျန်းမာရေးဂရုစိုက်ပါ။ လုပ်ငန်းများ၌ အစုစပ်လုပ်ငန်းများ မလုပ်ကိုင်သင့်။ အိမ်ထောင်ဦးစီးများ အိမ်တွင်းရေးစိတ်ညစ်ရတတ်သည်။

၁၃၁၇၊ ၁၃၀၉၊ ၁၃၄၁ ခုဖွားတို့သည် လေအောင့် ဇရာဂါရှိသူများ အထူးဂရုစိုက်ပါ။ ရင်၊ ဝမ်း ဒုက္ခပေးတတ်သည်။ ရွှေရောင်ပစ္စည်းများ

ထွက်တတ်သည်။ ညီအစ်ကိုမောင်နှမကြား အတိုက်အခံရှိသည်။ အပျော်သွားသော ရေလမ်းခရီးသတိထားပါ။ ၁၃၀၉၊ ၁၃၄၁ ခုဖွားတို့သည် ခန္ဓာကိုယ်အောက်ပိုင်း အမျိုးသမီးနှင့် ဆိုင်သော ရောဂါများ ဂရုစိုက်ပါ။ ကိုယ်ဝန်ရှိသူများ ကျန်းမာရေး အထူးဂရုစိုက်ပါ။ ဥပဒေနှင့် မလွတ်ကင်းသော ကိစ္စများ သတိထားပါ။ မိတ်ဆွေအပေါင်းအသင်း သတိထားပေါင်းပါ။ လူမျိုးကွဲ လုံးဝအကျိုးမပြုပါ။

## (၂) စီးပွားရေး

ကားအရောင်းအဝယ်၊ ကန်ထရိုက်တာများ၊ ကျောက်ရောင်းဝယ်သူများ၊ ငွေကြေးရောင်းဝယ်သူများ၊ အထူးစီးပွားရေးကောင်းမည်။ စားသောက်ဆိုင်၊ ခရီးသွားလုပ်ငန်း၊ အလှအပ ပစ္စည်းရောင်းသူများလုပ်ငန်းထဲတွင်မျှော်လင့်သလို ဖြစ်မလာသေး။ သို့သော် စီးပွားရေးကောင်းနေမည်။ အဝေးတစ်နေရာမှ စက်ကိရိယာ တင်သွင်းသူများ၊ ဆေးပစ္စည်းသွင်းသူများ စီးပွားရေးကောင်းမည်။ တနင်္လာ၊ အင်္ဂါ သားသမီးတို့နှင့် တိုင်ပင်၍ပြုလုပ်ပါ။ အစုရှယ်ယာလုပ်ငန်းများ လုံးဝအကျိုးမပေးပါ။ စီးပွားရေးစတင်လုပ်ကိုင်လိုသူများ တနင်္လာ၊ အင်္ဂါ လုပ်ငန်းများသာ ရွေးချယ်လုပ်ကိုင်သင့်သည်။ အောက်လူများ ဒုက္ခပေးတတ်သည်။ လက်အောက်ငယ်သားဝန်ထမ်းကောင်း ရရှိမည်။ အထည်အလိပ်လုပ်ငန်း၊ ထီး၊ ဖိနပ်ရောင်းဝယ်ခြင်း လုပ်ငန်း၊ ရေသန့်၊ ရေလုပ်ငန်းဆိုင်ရာ အလုပ်များ၊ အဆောက်အဦ လုပ်ငန်းများ အကျိုးမပေးသော နှစ်ဖြစ်သည်။ ယတြာ - တနင်္လာဘွဲ့အမည်ရှိသော ဘုရားသို့ မကြာမကြာသွား၍ အမိဋ္ဌာန်ပုတီးစိပ်ပါ။

## (၃) ကျန်းမာရေး

ရင်၊ ဝမ်းအအေးမိခြင်းများ အထူးဂရုစိုက်ပါ။ လေအောင့်ရောဂါရှိသူများ အထူးဂရုစိုက်ပါ။ ရေချိုးမှားတတ်သည်။ ကိုယ်ဝန်ဆောင်များကျန်းမာရေး အထူးဂရုစိုက်ပါ။ အရိုး၊ အကြော ဒုက္ခပေးတတ်သည်။ တနင်္လာ၊ အင်္ဂါ နာမည်ပါ ဆရာဝန်၊ ဆေးဆရာများဖြင့် ကုသမှု ခံယူပါ။ ဆေးတိုးပါမည်။ ယတြာ ထမင်းစားခါနီးတိုင်း ဗောဇ္ဈင်သုတ် အမြဲရွတ်ပါ။

**(၄) အိမ်ထောင်ရေး**

အမျိုးသားများ — အသွားအလာ၊ အလည်အပတ်များလွန်း၊ သွားလွန်းသော ဇနီးသည်ကြောင့် စိတ်ညစ်ရတတ်သည်။

အမျိုးသမီးများ — ခင်ပွန်းသည်ဖြစ်သူ ကျန်းမာရေး ချို့တဲ့တတ်သည်။ ရန်ပေါ်တတ်သည်။ အဝေးရောက် ခင်ပွန်းသည်၏ အောင်မြင်မှုကို ကြုံရ ကြားရမည်။

သားသမီးများ — သားငယ်သမီးငယ်များ ကျန်းမာရေး ညံ့တတ်သည်။ လိုချင်ပူဆာမှုများ များနေတတ်သည်။ လိုအပ်မှ အလိုလိုက်ပါ။ သားကြီး၊ သမီးကြီးများ၏ ထစ်ငေါ့သော အောင်မြင်မှုများကို ကြုံရမည်။

**(၅) ချစ်ရေး ချစ်ရာ**

ချစ်သူမရှိသေးသူများ စန်းပွင့်မည်။ ရည်မှန်းထားသူနှင့် နီးစပ်မည်။ အိမ်ထောင်မရှိသေးသူများ နှစ်ဦးသဘော အိမ်ထောင်ကျတတ်သည်။ အချစ်ရေးကောင်းသည်။

**(၆) ပညာရေး၊ ဝန်ထမ်းရေးရာ**

အကြိမ်ကြိမ် ခက်ခဲစွာ ကြိုးစားအားထုတ်မှု ပြုရမည်။ လုံ့လ ဝီရိယသည်သာ အားကိုးရာဖြစ်သည်။

**ဝန်ထမ်းရေးရာ** — အထက်လူကြီးများ ထင်မြင်လွဲမှားခြင်း ခံရတတ်သည်။ အားကိုးရာမဲ့ ဖြစ်တတ်သည်။ ယတြာ = နေ့စဉ်လိုလို ဓမ္မစကြာ ရွတ်ပါ။

**(၇) နိုင်ငံခြားခရီး**

သွားရမလိုလိုနှင့် မအောင်မြင်ဘဲ ရှိမည်။ တနင်္လာ၊ အင်္ဂါနေ့သားတို့နှင့် တိုင်ပင်လုပ်ကိုင်ပါ။ D.T.U.W.Y အက္ခရာပါနိုင်ငံများသို့ သွားလိုသူများ ခက်ခဲကြုံရမည်။

## (၈) နာမည်နှင့်ကြုံတွေ့မှုများ

စနေ၊ တနင်္လာ ပူးသောနာမည်ရှင်များ (ထွန်းကို၊ ကျော်ထွေး) သောကြာနာမည်ရှင်များ (ဟန်ဟန်)ကြောင့် စိတ်ညစ်ရတတ်သည်။

## (၉) ဝင့်သင့်၊ ထွက်သင့်သည်များ

ရွှေရောင်ရှိသော ပစ္စည်းများ လုံးဝမဝင်ရ။ ထီးစုတ်၊ ဖိနပ်စုတ်၊ အထည်စုတ်များ စွန့်ပါ။ နာရီပျက်များ ပြင်ပါ။ ဘုရားခန်းကို အထူး သန့်ရှင်းစွာ ထားပါ။ ရေလမ်းခရီးရှောင်ပါ။ သားကြီး၊ ငါးကြီးကို တတ်နိုင် သမျှ ရှောင်ပါ။ တန်ဆောင်းများသို့ သွား၍ မကြာခဏ သန့်ရှင်းရေး လုပ်ပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

ကြီးကျယ်သော အလှူ(သို့) မင်္ဂလာဆောင်တစ်ခုခု လုပ်သည်ကို မြင်လျှင် အောင်မြင်ပြီဟု မှတ်ပါ။

## (၁၁) ဆောင်ရန်

အင်္ဂါ၊ တနင်္လာ နေ့ နာမည်ရှင်များ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးပေးမည်။ ငှင်းနံသင့်ပန်းများ ဘုရားကပ်လှူပါ။ ငှင်းနံသင့် ပစ္စည်းများ သိုလှောင်ရောင်းချခြင်းဖြင့် အကျိုးအမြတ် ဖြစ်ထွန်း နိုင်သည်။ ၃၊ ၂ ဂဏန်းများ ဆောင်ပါ။

## (၁၂) ရှောင်ရန်

စနေ၊ ဗုဒ္ဓဟူး၊ တနင်္ဂနွေနာမည်ရှင်များ၊ နေ့ရက်များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ အကျိုးမပေးပါ။ ငှင်းနံသင့်အစာများ စားခြင်းရှောင်ပါ။ ငှင်းနံသင့်ပစ္စည်းများ သိုလှောင်ရောင်းချခြင်း မပြုလုပ်သင့်။ ၇၊ ၄၊ ၁ ဂဏန်းများ အကျိုးမပေး။ အနီရောင်၊ အစိမ်းရောင်၊ အနက်ရောင် ဝတ်ခြင်းရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ဘုရားများ၏ တနင်္လာထောင့်တွင် ကြုံလျှင် ကြုံသလိုသွား၍ ကနက္ကဒန် ထီးဖြူများ လှူပေးပါ။ မကြာခဏ ပြုလုပ်ပါ။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အသံမစဲပဌာန်းရွတ်ဖတ်ပူဇော်ပွဲများ၊ သီလသမာဓိအားကြီးသော ကန်တော့ခံ ဆရာတော်ကြီးများ ကြွလာသော နိမိတ်များကို မြင်ရ တွေ့ရ ပါက ယခုနှစ်အတွက် အောင်မြင်မည်။ သူခိုးခိုးခံရသော နိမိတ်တွေ့လျှင် ငွေကုန်ကြေးကျများမည်။

## (၁၁) ဆောင်ရန်

ကြာသာပတေး၊ တနင်္ဂနွေ နာမည်ရှင်များ၊ နေ့ရက်များ၊ ကုန်ပစ္စည်း များ၊ မြို့ဒေသများ၊ အရပ်ထောင့်များ၊ ၅၊ ၁ ဂဏန်းများ အကျိုးပေးမည်။ မြေဝယ်ခြင်း၊ အိမ်ဝယ်ခြင်း ကောင်း ၏။

## (၁၂) ရှောင်ရန်

စနေ၊ သောကြာ၊ ဗုဒ္ဓဟူး၊ အင်္ဂါနံများ၊ နာမည်ရှင်များ၊ မြို့ဒေသများ၊ ကုန်ပစ္စည်းများ၊ ၇၊ ၆၊ ၄၊ ၃ ဂဏန်းများ ညံ့သည်။ တရားမဝင် ခရီးသွား လုပ်ငန်း၊ ရွှေပေါင်ခံခြင်း၊ စက်အဟောင်းဝယ်ခြင်း၊ ရောင်းခြင်း ညံ့သည်။

## (၁၃) တစ်နှစ်အတွင်းပြုလုပ်သင့်သောအဆောင်

တစ်နှစ်ပတ်လုံး ပဌာန်းနိဒ္ဒေသ၊ ဥဒ္ဒေသ အကျယ်ရွတ်ပူဇော်ပါ။ ပိတောက်သားပုတီးဖြင့် ၂၄ပစ္စည်း ပဌာန်းအား ပုတီးစိပ်ပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

မနက်မိုးလင်းတိုင်း ဘုရားရှင်အား မျက်နှာသစ်တော်ရေကပ်၍ ပဌာန်းအကျယ်တစ်ခေါက်နှင့် မေတ္တာသုတ်ပြိုဟ်သက်အလိုက် ရွတ်ပါ။ ဘုန်းကြီးကုဋိများကို မကြာမကြာ ရေဆေးပါ။ အကျဉ်းကျသော သတ္တဝါများ ကယ်ခြင်း၊ ခွေးများ၊ ခိုများ၊ ကျီးများကို သတိရတိုင်း အစာကျွေးခြင်း၊ မွေးနေ့တိုင်း သားစားရှောင်ကြဉ်ခြင်းတို့ ပြုလုပ်ရပါမည်။

❋ ❋ ❋ ❋ ❋

၁၃၀၁, ၁၃၀၉, ၁၃၁၇, ၁၃၂၅, ၁၃၃၃, ၁၃၄၁, ၁၃၄၉ ခုနှစ် မွေးသော ရာဟုသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၁ | × | ● | * | ※ | × | ** | ** | ** | * | ※ | × | ** | × |
| ၁၃၀၉ | × | ● | * | ※ | × | ** | * | * | ● | ※ | × | * | ● |
| ၁၃၁၇ | × | ● | * | ※ | × | ** | ● | × | ** | × | ※ | × | ** |
| ၁၃၂၅ | × | ● | * | ※ | × | ** | ** | ** | ** | × | * | ※ | * |
| ၁၃၃၃ | × | ● | * | ※ | × | ** | ** | ** | ● | ※ | × | ** | × |
| ၁၃၄၁ | × | ● | * | ※ | × | ** | × | × | ● | * | ※ | × | ** |
| ၁၃၄၉ | × | ● | * | ※ | × | ** | ● | × | ** | × | ** | × | ** |

● အလွန်ကောင်း
** ကောင်း
* ပုံမှန်
× ညံ့
※ အလွန်ညံ့

## ၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ်တွင် မွေးဖွားကြသော ရာဟုသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

နိုင်ငံခြားခရီးသို့ သွားရန်ကြိုးစားနေသူများ အခွင့်အရေးကောင်း ကြုံမည့် နှစ်ဖြစ်သည်။ တန်းတူ ညီအစ်ကိုမောင်နှမ(သို့) ညီအစ်ကို မောင်နှမကဲ့သို့ နေသူများထံမှ ကူညီထောက်ပံ့မှု များစွာရမည်။ အဝေးမှ လူမျိုးကွဲများနှင့် စီးပွားရေးကိစ္စများ စကားပြောရတတ်သည်။ လူမျိုးကွဲအကျိုးပေးမည်။ ကံကောင်းမည့်နှစ် ဖြစ်သည်။ ရွှေရောင်ပစ္စည်း၊ ရွှေများ ဝင်မည်။ ညီအစ်ကိုမောင်နှမတို့၏ အောင်မြင်မှုများကို ကြုံတွေ့ရမည်။ အစုစပ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်သော အချိန်ကာလဖြစ်သည်။ လုပ်ငန်းတိုးချဲ့ရန် မကောင်းသော အချိန်ကာလဖြစ်သည်။ အောက်လူဝန်ထမ်းများ အဝင်အထွက် များတတ်သည်။ အိမ်သစ်ပြောင်းရွှေ့ရန် စိတ်ကူးထားသူများ ယခုနှစ်တွင် မဆောင်ရွက်သင့်။ လုပ်ငန်းများတွင် မိမိမျှော်မှန်းထားသလို ဖြစ်မလာဘဲ ရှိတတ်သည်။ သင်္ချာဗေဒ၊ နက္ခပညာ၊ လျှို့ဝှက်ပညာများ သင်ကြားရတတ်သည်။

မူဆိုးမများ နှောင့်ယှက်တတ်သည်။ အမွေကိစ္စရှိသူများ အတိုက်အခံများဖြင့် ရင်ဆိုင်ရတတ်သည်။ လူငယ်များ ပညာရေးပိုင်းတွင် စိတ်ဓာတ်မကျဘဲ ကြိုးစားရမည်။ ငွေကုန်ကြေးကျ များတတ်သောကာလဖြစ်သည်။ ငွေကိစ္စနှင့် ပြဿနာတက်တတ်၍ အများပိုင် ငွေကြေးကိုင်တွယ်

ရသူများ အထူးသတိထားကြရန် လိုသည်။ အမျိုးသားများ မိခင်ကျန်းမာရေး ဂရုစိုက်ရန် လိုပါသည်။ အိမ်ပြင်ဆောက်ခြင်း၊ အသစ်ဆောက်ခြင်း မပြုလုပ်သင့်သော အချိန်အခါဖြစ်သည်။ အမျိုးသားများ လျှို့ဝှက်အချစ်ကိစ္စ ရှုပ်ထွေးခြင်းကြောင့် အရှက်ရတတ်သည်။

၁၃၄၂၊ ၁၃၅၀ ခုဖွားတို့သည် ရွှေရောင်ပစ္စည်းများ၊ ရွှေများ ဝင်မည်။ ညီအစ်ကိုမောင်နှမများထံမှာ ကူညီမှုများစွာ ရမည်။ ရေသန့်၊ ရေလုပ်ငန်းရှင်များ၊ ရတနာ၊ ရွှေရောင်းဝယ်သူများ နာမည်ကျော်ကြားမည့်နှစ်ဖြစ်သည်။ အလုပ်ကောင်းသည်။ ခရီး မကြာခဏ ရှိသည်။

၁၃၄၂ ခုဖွားတို့သည် အဝေးမှ လူမျိုးကွဲများ အကျိုးပေးမည်။ လက်ဆောင်ပစ္စည်းများ ရတတ်သည်။ မိတ်ဆွေ သူငယ်ချင်းများထံမှ အကူအညီရမည်။ နိုင်ငံခြားခရီးအတွက် အကူအညီရတတ်သည်။

၁၃၃၄၊ ၁၃၄၂ ခုဖွားတို့သည် အင်္ဂါနံ ပစ္စည်းများ ဝင်မည်။ လုပ်ငန်းရှင်များ အောက်လူ အပြောင်းအလဲများမည်။ တိုက်ခိုက်မှုများ ကြုံမည်။ အင်္ဂါနံ ပစ္စည်းများ ဝင်ပါက ဖခင် ကျန်းမာရေးဂရုစိုက်ပါ။

၁၃၁၈၊ ၁၃၄၂၊ ၁၃၅၀ ခုဖွားတို့သည် အမျိုးသားများဖြစ်ပါက အချစ်ရေးတွင် အတိုက်အခံတို့ဖြင့် ရင်ဆိုင်ရတတ်သည်။ မိခင်အတွက် ပူရတတ်သည်။ ငွေကြေးကိုင်တွယ်ကစားသူများ ပြဿနာတက်တတ်သည်။ အမျိုးသမီးများ အများပိုင်ငွေများ အလွဲသုံးစားမလုပ်သင့်သော ကာလဖြစ်သည်။

၁၃၁၀၊ ၁၃၁၈၊ ၁၃၄၂ ခုဖွားတို့သည် အမွေကိစ္စကြုံပါက နစ်နာဆုံးရှုံးတတ်သည်။ ကိုယ်ဝန်ဆောင် အမျိုးသမီးများအတွက် ပူပင်ရတတ်သည်။ မုဆိုးမ တစ်ခုလပ်များက နှောင့်ယှက် ဒုက္ခပေးတတ်သည်။

၁၃၀၂၊ ၁၃၁၀၊ ၁၃၃၄၊ ၁၃၄၂ ခုဖွားတို့သည် အိမ်သစ်၊ အလုပ်သစ်သို့ ပြောင်းရွှေ့ခြင်း လုံးဝ မပြုလုပ်သင့်။ အိမ်ပြင် မဆောက်ရ။ အနီရောင်ပစ္စည်းများ မဝင်ရ။ အစုရှယ်ယာ လုပ်ငန်းများ အဆင်မပြေဖြစ်တတ်သည်။ အလုပ်ထဲတွင် ထင်သလို ဖြစ်မလာတတ်။ ဖခင် ကျန်းမာရေး ဂရုစိုက်ရမည်။

## (၂) စီးပွားရေး

ရေသန့်လုပ်ငန်း၊ ရေနှင့် ပတ်သက်သောလုပ်ငန်းများ၊ ရွှေဆိုင်များ စသည် ဗုဒ္ဓဟူးနံအလုပ်များ ပထမတန်း အကျိုးပေးသည်။ အစုရှယ်ယာ

လုပ်ငန်းများ မလုပ်ကိုင်သင့်။ အလုပ်သစ်များ ပြောင်းလဲ လုပ်ကိုင်ရန် မသင့်။ အောက်လူ ဝန်ထမ်းများ အဝင်အထွက်များမည်။ လုပ်ငန်းစတင် လုပ်ကိုင်လိုသူများ အခက်အခဲမျိုးစုံ တွေ့ရတတ်သည်။ စက်ကိရိယာ ရောင်းဝယ်သူများ၊ ဆီကုန်သည်များ စသည့် အင်္ဂါနံ ရောင်းဝယ်သူများ ဟုတ်မလိုလိုနှင့် ထင်သလောက် အကျိုးအမြတ်မရဘဲ ရှိမည်။ ရပ်ဝေး ဒေသ အထည်အလိပ်လုပ်ငန်းများ အောင်မြင်မည်။ ရပ်ဝေး လူမျိုးကွဲများ နှင့် လုပ်ငန်း လုပ်ကိုင်ရတတ်သည်။

အဆောက်အဦလုပ်ငန်း၊ ပညာရပ်ဆိုင်ရာလုပ်ငန်းများ၊ ငွေကြေး ရောင်းဝယ်သူများ အကျိုးမပေး။ မွေးမြူရေး၊ ကျောက်ရောင်းဝယ်၊ ကား ရောင်းဝယ်၊ အိုးလုပ်ငန်းများ ညံ့သည်။ ရုတ်တရက်ရပ်ဆိုင်းခြင်း၊ အပြောင်း အလဲ ဖြစ်ခြင်း ဖြစ်လိမ့်မည်။

## (၃) ကျန်းမာရေး

အရိုး၊ ဝမ်းဗိုက်၊ ဦးခေါင်းပိုင်း ဂရုစိုက်ရမည်။ ခြေထောက် ထိခိုက် ဒဏ်ရာရတတ်သည်။ ဗုဒ္ဓဟူး၊ စနေ နာမည်ပါ ဆရာဝန်၊ ဆေးဆရာတို့နှင့် ကုသမှု ခံယူပါမှ ဆေးတိုးမည်။ ယတြာ - ဘုရားရှင်အား ရွှက်လှများနှင့် ပူဇော်ထားပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | အိမ်ထောင်ဖက်အတွက် ပူပင်ရတတ်သည်။ ဇနီးသည် ပြဿနာပေါင်းများ ပေါ်တတ်သည်။ ဇနီးသည်ကို ဂရုစိုက်ပါ။ |
| အမျိုးသမီးများ | ခင်ပွန်းဖြစ်သူ အိမ်မမြဲ ဖြစ်တတ်သည်။ ခင်ပွန်းဖြစ်သူ၏ အလုပ်ကိစ္စ၊ အိမ်ကိစ္စ အတွက် ပူရတတ်သည်။ |
| သားသမီးများ | သားသမီးများ၏ အောင်မြင်မှုကို ကြုံတွေ့ရမည့် ကာလဖြစ်သည်။ အကျိုးပြုမည်။ |

## (၅) ချစ်ရေး ချစ်ရာ

ချစ်သူမရှိသေးသူများ စိတ်ကစားရန်မသင့်သော အချိန်ဖြစ်သည်။ ချစ်သူရှိပြီးသူများ ချစ်သူအတွက် ပူပင်ရတတ်သည်။ ကိုယ့်ဖက် မိသားစုနှင့် ပြဿနာ အနည်းငယ်ကြုံရတတ်သည်။ အိမ်ထောင်ပြုရန် မသင့်သော

အချိန်ကာလ ဖြစ်သည်။ ထမင်းစားပြီးတိုင်း ခွေးကလေးများကို အစာကျွေးပါ။

## (၆) ပညာရေး၊ ဝန်ထမ်းရေးရာ

အထူးကြိုးစားရမည့် နှစ်ဖြစ်သည်။ ဘုရားရှင်၏ ရင်ဘတ်တော်အား မကြာမကြာ ရွှေကပ်လှူပါ။

**ဝန်ထမ်းရေးရာ** လုပ်ငန်းဌာန ပြောင်းရွှေ့ရန် မသင့်သောကာလ ဖြစ်သည်။ အဆင်ပြေအောင် သည်းခံ၍ရင်ဆိုင်ပါ။ အထက်လူကြီးများနှင့် သဘောထား မတူညီမှုများ ကြုံတွေ့ရမည်။ ယတြာ-ဝစကြာဂါထာတော်ကို အဓိဋ္ဌာန်နှင့် ရွတ်ပါ။

## (၇) နိုင်ငံခြားခရီး

အမျိုးသားများထက် အမျိုးသမီးများက သွားရရန် အခွင့်အလမ်းပိုများမည်။ အကြိမ်ကြိမ်ကြိုးစားရမည်။ စိတ်မပျက်ရန် လိုသည်။ ဗုဒ္ဓဟူးစနေသားသမီးများနှင့် တိုင်ပင်၍ လုပ်ကိုင်ဆောင်ရွက်ပါ။ A.F.H.I M.S အက္ခရာစသောနိုင်ငံများသို့ သွားရန် ရည်ရွယ်ချက်ရှိသူများ အထူးကြိုးစားရမည်။

## (၈) ဝင့်သင့်၊ ထွက်သင့်သည်များ

မလိုလားအပ်သော အနီရောင် မဝတ်ရ။ မဝင်စေရ။ အင်း မဝင်စေရ။ မဆောင်ရ။ မျက်မှန်အကျိုးအပျက်များ မတပ်ဆင်ရ။ ကျောက်ပျက်၊ ကျောက်ပွဲများ မထားရ။ ရှင်သီဝလိပုံတော် ကိုးကွယ်၍ ရေအမြဲကပ်လှူပူဇော်ပါ။ ရွှေချပါ။

## (၉) နာမည်နှင့်ကြုံတွေ့မှုများ

တနင်္ဂနွေ၊ ကြာသပတေး ပူးသော နာမည်ရှင်များ (ဥပမာ အောင်မြင်၊ မျိုးဦး) အင်္ဂါနာမည်ရှင်များ (ဥပမာ စိမ်းစိမ်း)ကြောင့် စိတ်ဒုက္ခရောက်ရတတ်သည်။

## (၁၀) ပတ်ဝန်းကျင်နိမိတ်

အိမ်အနီးအနားမှ သားသမီးများ ထူးထူးခြားခြား အောင်မြင်သော (ဥပမာ - ဘွဲ့ယူသော) နိမိတ်ကို မြင်လျှင် တွေ့လျှင် ဘာမဆို အောင်ပြီဟု မှတ်ပါ။

## (၁၁) ဆောင်ရန်

ဗုဒ္ဓဟူး၊ စနေသားသမီးများ၊ နာမည်ရှင်များ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ရွာများ အကျိုးပေးသည်။ ၎င်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား တစ်နှစ်လုံး ပူဇော်ပါ။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းချခြင်းဖြင့် အကျိုး ခံစားရမည်။ ၄၊ ၇၊ ၈ ဂဏန်းများ ဆောင်ပါ။

## (၁၂) ရှောင်ရန်

တနင်္ဂနွေ၊ တနင်္လာ၊ ကြာသပတေး သားသမီးများ၊ နာမည်ရှင်များ၊ နေ့ရက်များ၊ အရပ်ထောင့်များ၊ မြို့ရွာများ အကျိုးမပြုပါ။ ၎င်းနံသင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းဝယ်ခြင်း မပြုလုပ်သင့်။ ၎င်းနံသင့် အစားအစာများ တတ်နိုင်သလောက် ရှောင်ပါ။ ဥပမာ အုန်း၊ ဥ။ ၁၊ ၂၊ ၅၊ ၉ ဂဏန်း အကျိုးမပေး။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့်အဆောင်

ဘုရားရှင်အား ရွှက်လှပန်းများဖြင့် ဝေနေအောင် ပူဇော်ထားပါ။ မကြာမကြာ ဗုဒ္ဓဟူးနံ ပန်း၊ အသီးအရွက်တို့နှင့် လှူဒါန်းပါ။

## (၁၄) ကံမြင့် ကံပွင့် အစီအရင်

ဘုရားများသို့ မကြာမကြာ သွားပါ။ သောကြာထောင့်ရောက်တိုင်း ရွှေ၊ ငွေ၊ ရွှက်လှ မကြာမကြာ လှူပေးပါ။ မြောက်ဖက်မုခ်မှ ဘုရားရုပ်ပွားတော်ရှေ့တွင် ကြာရှည်စွာ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ ရွတ်ခြင်း၊ ဖတ်ခြင်းကို မကြာခဏ ပြုပါ။

❊ ❊ ❊ ❊ ❊

၁၃၀၂, ၁၃၁၀, ၁၃၁၈, ၁၃၂၆, ၁၃၃၄, ၁၃၄၂, ၁၃၅၀ ခုနှစ် မွေးသော
ရာဟုသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်အထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့အထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၂ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၁၀ | ● | ✱✱ | × | ✳ | × | ✱✱ | × | × | ● | ✱ | ✳ | × | ✱✱ |
| ၁၃၁၈ | ● | ✱✱ | × | ✳ | × | ✱✱ | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၂၆ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၃၄ | ● | ✱✱ | × | ✳ | × | ✱✱ | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၄၂ | ● | ✱✱ | × | ✳ | × | ✱✱ | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၅၀ | ● | ✱✱ | × | ✳ | × | ✱✱ | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

## ၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ်တွင် မွေးဖွားကြသော ရာဟုသားသမီးများအတွက်

### (၁) ထူးခြားဖြစ်စဉ်

မမျှော်လင့်သော ကောင်းဆိုးကိစ္စများ ရုတ်တရက် ထဖြစ်တတ်သောနှစ် ဖြစ်သည်။ အမျိုးသားများ အထူးစန်းပွင့်သော ကာလ ဖြစ်သည်။ နှလုံးသားရေးရာကိစ္စများ ရှုပ်ထွေးမှုများရှိပါက အစွပ်အစွဲ အတိုက်အခိုက် ခံရတတ်သည်။ ကျန်းမာရေး ရုတ်တရက် ညံ့တတ်သည်။ ဆီးရောဂါ ရှိသူများ၊ ခန္ဓာကိုယ်အောက်ပိုင်း၊ အကြော၊ အမျိုးသမီးနှင့် ဆိုင်သော ရောဂါရှိသူများ အထူးဂရုစိုက်ရန် လိုသည်။ အနုပညာလုပ်ငန်းရှင်များ အထူးညံ့သော ကာလ ဖြစ်သည်။ ခရီးရှည်ထွက်သူများ အခက်အခဲ ဖြစ်တတ်သည်။ ပြဿနာဟောင်းများ ပြန်ပေါ်တတ်သည်။ လုပ်ငန်းရှင်များ အစုရှယ်ယာ အလုပ်ကောင်းသော်လည်း အောက်လူတို့ကြောင့် စိတ်ညစ်ရတတ်သည်။ ဖောက်သည် ပျက်တတ်သည်။ အိမ်အကူများ ဒုက္ခပေးတတ်သည်။ လူမျိုးကွဲများ အကျိုးမပြုပါ။

အမွေကိစ္စရှိသူများ အမွေရတတ်သည်။ မမျှော်လင့်ဘဲ အမွေရခြင်းမျိုးကဲ့သို့သော ငွေ ဝင်လာတတ်သည်။ ပညာရပ်ဆိုင်ရာ သင်တန်းများ တက်ရတတ်သည်။ မိဘများက အကူအညီ ပေးမည်။ အလျှုမင်္ဂလာ ကြီးကျယ် ခမ်းနားစွာ ပြုလုပ်ရတတ်သည်။ ကားဝင်တတ်သည်။ အလုပ်အကိုင် စတင်လုပ်ကိုင်လိုသူများ အထပ်ထပ်အခါခါ ကြိုးစားရတတ်သည်။

ငွေကြေးစုဆောင်း ရရှိမည့်ကာလ ဖြစ်သည်။ အခွင့်အခါပေးတုန်း စုဆောင်းထားသင့်သည်။

သားသမီးများကြောင့် စိတ်ဆင်းရဲရတတ်သည်။ ရွှေရောင်ပစ္စည်းများ ဝင်ပါက ပြဿနာပါ တက်တတ်သည်။ စိတ်အလိုလိုက်ခြင်းကြောင့် အရှက်ကွဲစရာ ကိစ္စများ ကြုံရတတ်၍ အထူးဂရုစိုက်ပါ။

၁၃၄၃၊ ၁၃၁၉၊ ၁၃၂၇ ခုဖွားတို့သည် မင်္ဂလာကြီးကျယ်စွာ ဆောင်ရခြင်း၊ အလှူကြီးစွာ လုပ်ရတတ်ခြင်း၊ အလှူကြီးများသို့ သွားရတတ်ခြင်း၊ ငွေဝင်၊ ကားဝင်ခြင်းများ ရှိတတ်သည်။ အမျိုးသားများ အထူး စန်းပွင့်သော ကာလ ဖြစ်သည်။ အကြံအစည် အောင်မြင်မည်။ မိခင်(သို့) မိခင်ကဲ့သို့ နေသူများထံမှ အကူအညီရတတ်သည်။ အမျိုးသမီးများ ကား ဝင်တတ်သည်။ ကျောက်သံပတ္တမြားများ ဝင်လာတတ်သည်။ တနင်္လာနံသင့် အလုပ်အကိုင်ရှိသူများ အထူးအကျိုးပေးမည့် ကာလ ဖြစ်သည်။ သို့သော် မမြဲသော သဘောတရားများကို မမေ့ပါနှင့်။

၁၃၃၅၊ ၁၃၁၉၊ ၁၃၄၃ ခုဖွားတို့သည် ငွေကြေးများ ရုတ်တရက် ဝင်တတ်သည်။ အမွေရတတ်သည်။ မဖူးရသေးသော ဆရာတော်များ ဖူးရတတ်သည်။ ပညာရေးတွင် အထူးအောင်မြင်မည်။ သင်တန်းအသစ်များ တက်ရောက်ရတတ်သည်။ အရာရာအဆင်ပြေမည့်နှစ် ဖြစ်သည်။ သေသပ်လှပစွာ နေထိုင်သင့်သည်။ လူမှုရေးအလုပ်များဖြင့် အောင်မြင်မှု ရတတ်သည်။

၁၃၂၇၊ ၁၃၁၉ ခုဖွားတို့သည် အမျိုးသားဖြစ်ပါက ရပ်ရေး၊ ရွာရေးတွင် ထင်ပေါ်တတ်သည်။ အလုပ်ထဲတွင် ထပ်ခါထပ်ခါ ကြိုးစားမှုကြောင့် နာမည်ရတတ်သည်။ အထက်လူကြီးများ ကြည့်ရှုတတ်သည်။

၁၃၁၁၊ ၁၃၁၉၊ ၁၃၂၇ ခုဖွားတို့သည် သူငယ်ချင်းမိတ်ဆွေတို့ကြောင့် စိတ်ညစ်စရာ ဖြစ်တတ်သည်။ သူတစ်ပါးကိစ္စ ဝင်မပါပါနှင့်။ သူငယ်ချင်းများကို အယုံလွယ်၍၊ အားနာ၍ ပစ္စည်းလက်ခံခြင်းမျိုး မပြုလုပ်သင့်။ လူမျိုးကွဲ အကျိုးမပေးပါ။ ဒုက္ခပေးတတ်သည်။ အမှုဟောင်းများ ပြန်ပေါ်တတ်သည်။ ရေလမ်းခရီး၊ လောင်းကစားပြုလုပ်ခြင်း ရှောင်ပါ။

၁၃၀၃၊ ၁၃၁၉ ခုဖွားတို့သည် ကျန်းမာရေး ဂရုစိုက်ပါ။ ဆီးရောဂါရှိသူများ၊ ခန္ဓာကိုယ်အောက်ပိုင်း အထူးဂရုစိုက်ပါ။ ဆေးဆရာ မှားတတ်သည်။ အစွပ်အစွဲ ခံရတတ်သည်။ အတိုက်အခံရှိသည်။ လုပ်ငန်းရှိသူများ လက်အောက်ငယ်သား ဒုက္ခပေးမည်။

၁၃၁၁၊ ၁၃၁၉၊ ၁၃၄၃၊ ၁၃၅၁ ခုဖွားတို့သည် ခရီးရှည်မထွက်ရ။

အသံထွက် အလှအပ ပစ္စည်းများ ပျက်မည်။ အမျိုးသားများ လျှို့ဝှက် ကိစ္စများကြောင့် ရောဂါရတတ်သည်။ အိမ်ထောင်ဖက်နှင့် အဆင်မပြေဖြစ်မည်။ သစ္စာမဲ့သူတို့ကြောင့် ဒုက္ခရောက်ရတတ်သည်။ သွေးတိုးရောဂါရှိသူများ ဂရုစိုက်ပါ။

## (၂) စီးပွားရေး

အလုပ်အကိုင်များ အကြိမ်ကြိမ် ကြိုးစားနေရတတ်သည်။ အလုပ်စတင် လုပ်ကိုင်ရန် ကိုယ်တိုင် ကြိုးစားလေ့လာသင်ယူရမည့်နှစ် ဖြစ်သည်။ ကြာသပတေး၊ တနင်္လာနံပါ အလုပ်များကို စတင် လုပ်ကိုင်သင့်သည်။ ကားအရောင်းအဝယ်၊ ကျောက်အရောင်းအဝယ်၊ မြေအရောင်းအဝယ် လုပ်ငန်းများ ကောင်းသည်။ လူမျိုးကွဲ အကျိုးမပေး။ အောက်လူများ စိတ်မချရ။ ရှယ်ယာလုပ်ငန်း လုပ်ကိုင်နိုင်သည်။ စားသောက်ဆိုင်၊ ခရီးသွားလုပ်ငန်းများ၊ အနုပညာဆိုင်ရာလုပ်ငန်းများ အထူးညွှန်းသည်။ စာအုပ်စက္ကူရောင်းဝယ်သူများ၊ စိန်ပစ္စည်းရောင်းဝယ်သူများ၊ ဆေးပစ္စည်းရောင်းသူများ၊ တိုက်တာရောင်းဝယ်သူများ အကျိုးမပေးသောနှစ် ဖြစ်သည်။

## (၃) ကျန်းမာရေး

ကျန်းမာရေး အထူးညွှန်းသော ကာလ ဖြစ်သည်။ လေထိုး လေအောင့် နှင့် ခန္ဓာကိုယ်အောက်ပိုင်း ကျန်းမာရေး မကောင်းခြင်း၊ ဆီးရောဂါရှိသူများ၊ အကြောနှင့်ဒူး ဂရုစိုက်ရမည်။ ရင် အမြဲတုန်နေလိမ့်မည်။ တနင်္လာ၊ ကြာသပတေးနာမည်ရှင် ဆရာဝန်များ၊ ဆေးဆရာများနှင့် ကုသမှု ခံယူခြင်းဖြင့် ဆေးတိုးမည်။ ယတြာ - မွေးနေ့တိုင်း ဘုရားရှင်အား ဆီမီးဖြင့် ပူဇော်ပါ။

## (၄) အိမ်ထောင်ရေး

| | |
|---|---|
| အမျိုးသားများ | ဇနီးသည် ကျန်းမာရေး ချို့တဲ့တတ်သည်။ ဇနီးသည်ကို အထီးကျန်အောင် မထားရ။ |
| အမျိုးသမီးများ | ခင်ပွန်းသည်နှင့် မကြာခဏ စကားများရတတ်သည်။ စိတ်ရှည်သည်းခံ၍ ပြဿနာ ဖြေရှင်းပါ။ |
| သားသမီးများ | - သားကြီး၊ သမီးကြီးအတွက် စိတ်ဆင်းရဲရ |

တတ်သည်။ သားငယ် သမီးငယ်များ အပေါင်းအသင်းမမှားစေရန် ဂရုစိုက်ပေးပါ။

**(၅) ချစ်ရေး ချစ်ရာ**

အထူးစန်းပွင့်သော ကာလဖြစ်၍ ရွေးချယ်ရခက်တတ်သည်။ နှစ်ဦးတည်း လျှို့ဝှက်စွာ တွေ့ဆုံရန် မသင့်သောကာလ ဖြစ်သည်။ နောက်ဆက်တွဲ ပြဿနာများ ဖြေရှင်းရတတ်သည်။ လက်ထပ်ရန် ကြံရွယ်သူများ မင်္ဂလာဆောင်ရန် ကြံ့လိမ့်မည်။ စောင့်နိုင်လျှင် စောင့်ပါ။

**(၆) ပညာရေး၊ ဝန်ထမ်းရေးရာ**

ပညာရေးတွင် ကြိုးစားသလောက် အောင်မြင်မှု ရနိုင်သောနှစ်ဖြစ်၍ အထူးကြိုးစားသင့်သည်။

**ဝန်ထမ်းရေးရာ** အကြီးအကဲများ၏ ကြည့်ရှုမှု ခံရတတ်သည်။ စာရင်းဇယားများ ထပ်ခါထပ်ခါ ပြုလုပ်ရတတ်သည်။

**(၇) နိုင်ငံခြားခရီး**

အထူးညံ့သော ကာလဖြစ်၍ မသွားသင့်ပါ။ တနင်္လာ၊ ကြာသပတေး သားသမီးများကသာ ကူညီဆောင်ရွက်မှု ပေးနိုင်သည်။

**(၈) ဝင့်သင့်၊ ထွက်သင့်သည်များ**

အလှအပ ပစ္စည်းကလေးများ မဝင်သင့်၊ ထီး၊ ဖိနပ် အဟောင်း၊ အပြတ်များ မရှိသင့်။ အဝတ်အထည်အစုတ်များ မဝတ်သင့်။ နာရီများ ပျက်မည်။ ခရီးရှည် မသွားသင့်။ မြေ ဝယ်သင့်သည်။ အိမ်ပြင်သင့်သည်။

**(၉) နာမည်နှင့်ကြုံတွေ့မှုများ**

စနေ၊ ဗုဒ္ဓဟူး ပူးသော နာမည်ရှင်များ (ထွန်းဝင်း၊ ဝင်းနိုင်) တနင်္လာ နာမည်ရှင်များ (ကျော်ကျော်)ကြောင့် စိတ်ဒုက္ခ ရောက်ရတတ်သည်။

**(၁၀) ပတ်ဝန်းကျင်နိမိတ်**

နှစ်ကျိတ်ရှစ်ဆူဘုရားများ ဒေသစာရီ ကြွချီသော နိမိတ်ကို တွေ့ပြီ

ဆိုပါက ငွေ အစုလိုက်၊ အပြုံလိုက် ဝင်ပြီ မှတ်ပါ။

## (၁၁) ဆောင်ရန်

တနင်္လာ၊ ကြာသပတေးနေ့သားများ၊ နေ့ရက်များ၊ နာမည်ရှင်များ၊ အရပ်ထောင့်များ၊ မြို့ရွာများ အကျိုးပြုသည်။ ၎င်းနံ့သင့်ပန်းများ ဘုရားလှူသင့်သည်။ (ဥပမာ- ကံ့ကော်၊ မေမြို့) ၎င်းနံ့သင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းချပါက အကျိုးအမြတ်ရနိုင်သည်။ ၂၊ ၅၊ ၉ ဂဏန်း အကျိုးပေးသည်။

## (၁၂) ရှောင်ရန်

သောကြာ၊ အင်္ဂါ၊ စနေနေ့ သားများ၊ နေ့ရက်များ၊ နာမည်ရှင်များ၊ အရပ်ထောင့်များ၊ မြို့ရွာများ အကျိုးမပေးပါ။ ၎င်းနံ့သင့် အစား အစာများကို သတိထားစားပါ။ ၎င်းနံ့သင့် ကုန်ပစ္စည်းများ သိုလှောင်ရောင်းချပါက အကျိုးမခံစားရတတ်ပါ။ ၆၊ ၃၊ ၇ ဂဏန်းရှောင်ပါ။

## (၁၃) တစ်နှစ်ပတ်လုံးပြုလုပ်ရမည့် အဆောင်

ဗြိုဟ် (၈) ခွင်လုံးရှိ ရုပ်ပွားတော်များ၏ ရင်ဘတ်တော်များတွင် တစ်နိုင် ရွှေကပ်လှူပူဇော်ပါ။

## (၁၄) တံမြင့် ကံပွင့် အစီအရင်

မိဘမဲ့ ကလေးများကို မကြာခဏ ဒါနပြုပါ။ မိဘမဲ့နေသော ကလေး တစ်ဦးကို သက်န်းစီး၍ ကိုရင်ဝတ်ပေးပါ။ နေ့စဉ် မေတ္တာသုတ်ကို ဗြိုဟ်သက်အလိုက် ရွတ်ပါ။

❋ ❋ ❋ ❋ ❋

၁၃၀၃, ၁၃၁၁, ၁၃၁၉, ၁၃၂၇, ၁၃၃၅, ၁၃၄၃, ၁၃၅၁ ခုနှစ် မွေးသော
ရာဟုသားသမီးများ၏ ၁၃၆၁ခု လအလိုက် အကောင်းအဆိုးဟောကိန်းဇယား

| မွေးသက္ကရာဇ် | မွေးနေ့မှ မွေးလအကုန်ထိ | မွေးလကျော် | | | | | | | | | | | မွေးလအစမှ မွေးနေ့ထိ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၁ လ | ၂လ | ၃လ | ၄လ | ၅လ | ၆လ | ၇လ | ၈လ | ၉လ | ၁၀လ | ၁၁လ | |
| ၁၃၀၃ | ✱ | ● | ✳ | × | ✱ | ● | ● | × | ✱✱ | × | ✱✱ | × | ✱✱ |
| ၁၃၁၁ | ✱ | ● | ✳ | × | ✱ | ● | ✱✱ | ✱✱ | ✱ | ✳ | × | ✱✱ | × |
| ၁၃၁၉ | ✱ | ● | ✳ | × | ✱ | ● | ✱ | ✱ | ● | ✳ | × | ✱ | ● |
| ၁၃၂၇ | ✱ | ● | ✳ | × | ✱ | ● | ● | × | ✱✱ | × | ✳ | × | ✱✱ |
| ၁၃၃၅ | ✱ | ● | ✳ | × | ✱ | ● | ✱✱ | ✱✱ | ✱✱ | × | ✱ | ✳ | ✱ |
| ၁၃၄၃ | ✱ | ● | ✳ | × | ✱ | ● | ✱✱ | ✱✱ | ● | ✳ | × | ✱✱ | × |
| ၁၃၅၁ | ✱ | ● | ✳ | × | ✱ | ● | × | × | ● | ✱ | ✳ | × | ✱✱ |

● အလွန်ကောင်း
✱✱ ကောင်း
✱ ပုံမှန်
× ညံ့
✳ အလွန်ညံ့

ခုနစ်ရက်သားသမီးများအတွက်

ဆိုင်ဖွင့်ရန်၊ အကြံအစည်ပြုရန်၊ အလုပ်စတင်လုပ်ကိုင်ရန် စသော ကိစ္စ အဝဝတို့အတွက်

ပြုလုပ်ဆောင်ရွက်သင့်သော အကောင်းဆုံးအချိန်အခါ

| | နေ့သား | အကောင်းဆုံးအချိန်အခါ | |
|---|---|---|---|
| ၁ | တနင်္ဂနွေ | အင်္ဂါနေ့မနက် ၁၀ နာရီခွဲမှ ၁၂ နာရီအထိ | တနင်္ဂနွေနေ့ မနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ |
| ၂ | တနင်္လာ | ဗုဒ္ဓဟူးနေ့မနက် ၁၀ နာရီခွဲမှ ၁၂ နာရီအထိ | တနင်္လာနေ့ မနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ |
| ၃ | အင်္ဂါ | ကြာသပတေးမနက် ၁၀ နာရီခွဲမှ ၁၂ နာရီအထိ | အင်္ဂါနေ့ မနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ |
| ၄ | ဗုဒ္ဓဟူး/ ရာဟု | သောကြာနေ့မနက် ၁၀ နာရီခွဲမှ ၁၂ နာရီအထိ | ဗုဒ္ဓဟူးနေ့ မနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ |
| ၅ | ကြာသပတေး | စနေနေ့ မနက် ၁၀ နာရီခွဲမှ ၁၂ နာရီအထိ | ကြာသပတေးနေ့ မနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ |
| ၆ | သောကြာ | တနင်္ဂနွေနေ့ မနက် ၁၀ နာရီခွဲမှ ၁၂ နာရီအထိ | သောကြာနေ့ မနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ |
| ၇ | စနေ | တနင်္လာနေ့ မနက် ၁၀ နာရီခွဲမှ ၁၂ နာရီအထိ | စနေနေ့ မနက် ၉ နာရီမှ ၁၀ နာရီခွဲအထိ |

နေ့နံတို့၏ ကိုယ်စားပြုအက္ခရာ၊ ဂဏန်း၊ အရပ်ထောင့်၊ ဂြိုဟ်သက်တို့ကို ပြဆိုခြင်း

| | နေ့သား | ကိုယ်စားပြုဂဏန်း | အက္ခရာ | အရပ်မျက်နှာ | ဂြိုဟ်သက် |
|---|---|---|---|---|---|
| ၁ | တနင်္ဂနွေ | ၁ | အ | အရှေ့မြောက် | ၆ |
| ၂ | တနင်္လာ | ၂ | က၊ခ၊ဂ၊ဃ၊င | အရှေ့ | ၁၅ |
| ၃ | အင်္ဂါ | ၃ | စ၊ဆ၊ဇ၊ဈ၊ည | အရှေ့တောင် | ၈ |
| ၄ | ဗုဒ္ဓဟူး | ၄ | ယ၊လ၊ဝ | တောင် | ၁၇ |
| ၅ | ကြာသပတေး | ၅ | ပ၊ဖ၊ဗ၊ဘ၊မ | အနောက် | ၁၉ |
| ၆ | သောကြာ | ၆ | သ၊ဟ | မြောက် | ၂၁ |
| ၇ | စနေ | ၇ | တ၊ထ၊ဒ၊ဓ၊န | အနောက်တောင် | ၁၀ |
| ၈ | ရာဟု | ၈ | ရ | အနောက်မြောက် | ၁၂ |

## ထပ်မံစကားဆိုခြင်း

ရင်ကိုအေးမြစေသား (၁၃၆၁)ကိုအထူးကြိုးစားပမ်းစား ပြုစု၍ အင်္ဂဝိဇ္ဇာနှင့် ဆန်းကျမ်းပညာရပ်တို့ကို ချစ်ကြ၊ မြတ်နိုးကြ၊ လေးစားကြသော မိဘပြည်သူများ၏ လက်ဝယ်သို့ အရောက်ပို့လိုက်ပါပြီ။

မိဘပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် အသုံးတည့်မည်ဟု မျှော်လင့်ပါသည်။ အဓိက ရည်ရွယ်ချက်သည် အသုံးတည့်ရန်သာ ဖြစ်၏။ ထို့ကြောင့် ဖတ်ကောင်းခြင်း၊ ဖတ်မကောင်းခြင်းထက် အသုံးတည့်ဖို့သာ အရေးကြီးပါသည်။

အစီအရင်ခန်းများတွင် ယကြာများမှာ လုပ်လျှင်လုပ်သလောက် လက်တွေ့အကျိုးပြုမည်ကို ကြိုတင်အသိပေးထားလိုပါသည်။ ရည်ရွယ်ရင်းသည်လည်း ဟောခြင်းထက် (၇)ရက်သားသမီးများတွင် ကြုံတွေ့နေရသော အခက်အခဲများကို ဖြေရှင်းနိုင်ရန် ဖြစ်ပါသည်။ ထို့ကြောင့် မည်သည့်အခက်အခဲကိုမဆို အထိရောက်ဆုံးဖြေရှင်းပေးနိုင်မည့် ကံမြင့်၊ ကံပွင့် အစီအရင်များကို ထည့်သွင်းပေးထားပါသည်။

စီးပွားရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ၊ ကျန်မာရေးဖြစ်စေ၊ ကြွေးငွေဆုံးကိစ္စဖြစ်စေ၊ မည်သည့်ကိစ္စမဆို ကြုံတွေ့နေရမှုများ အားလုံးအတွက် ကံမြင့်ကံပွင့် အစီအရင်များဖြစ်ပါမည်။

**ပညာရွှေတောင်စာပေ**

ဤရင်ကိုအေးမြစေသား (၁၃၆၁)သည် မေတ္တာနှင့် စေတနာကို သာ အဓိကထား၍ အားကြိုးမာန်တက် စီစဉ်ခဲ့ကြသော စာစောင်ငယ်ဖြစ်ရာ လိုအပ်ချက်များ၊ အမှားအယွင်းများ ရှိကောင်းရှိနေပါလိမ့်ဦးမည်။ ပြီးပြည့်စုံပါသည်ဟု မဆိုလိုပါ။ သို့သော်...

လျှောက်လှမ်းနေကြသော လူ့ဘဝခရီးရှည်ကြီးအတွက် အကောင်းဆုံးလမ်းပြ လုလင်လေးတစ်ဦးကဲ့သို့ ကျေနပ်နှစ်မြို့က် အသုံးဝင်ကြတော့မည်ဖြစ်ကြောင်း မေတ္တာစကားပြောကြားရင်း ရင်ကိုအေးမြစေသား (၁၃၆၂)ကို စောင့်မျှော်ကြပါဟူ၍...

**ဆရာဦးမောင်မောင်သန်း**
ရင်ကိုအေးမြစေသား

## ပညာရွှေတောင်စာအုပ်တိုက်မှထုတ်ဝေပြီးစာအုပ်များ

၁။ ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား) ၏ ၂၀ရာစု အင်္ဂလိပ်စာဆောင်းပါးများပေါင်းချုပ်(ပထမတွဲ)

၂။ ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား) ၏ ၂၁ရာစု အင်္ဂလိပ်စာဆောင်းပါးများပေါင်းချုပ်(ဒုတိယတွဲ)

၃။ ပြည်သိမ်းကျော်
(ဦးမောင်မောင်သန်းကလောင်ခွဲ) ထူးခြားထင်ရှားထက်မြက်သောဂါထာမန္တန်ပေါင်းချုပ်

၄။ ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား) ၏ တွေးခေါ်ပွဆန်းဖေဒင်မြင်ကွင်း

၅။ ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား) ၏ အင်္ဂလိပ်စာအဟောပညာသင်ခန်းစာ(၁၉၈၉–၁၉၉၂)

**ယခု**

၆။ ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား) ၏ ရင်ကိုအေးမြစေသား၁၃၆၁

**ဆက်လက်၍**

၇။ ချစ်နိုင်(စိတ်ပညာ) ၏ သွေးကြောထဲမှစွန့်အားများ

၈။ ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား) ၏ အင်္ဂလိပ်စာအဟောပညာသင်ခန်းစာ(၁၉၉၄–၁၉၉၈)

၉။ ဆရာရန်အောင်ဟိန်း ၏ တရုပ်ရိုးရာရာသီ ၁၂ပါးဗေဒင်ပညာ

၁၀။ ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား) ၏ ၂၁ရာစုအင်္ဂလိပ်စာဆောင်းပါးများပေါင်းချုပ်(တတိယတွဲ)

အင်္ဂလိပ်စာပညာကို
အလွယ်ကူဆုံး
အရှင်းလင်းဆုံး
အပြတ်သားဆုံး
ဖွင့်ဆိုပြသရှင်းလင်းထားတဲ့

# အင်္ဂလိပ်စာအဟောပညာသင်ခန်းစာ

(၁၉၉၄- ၁၉၉၈)

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)

**ဘဝ ရဲ့ အောင်မြင်မှုများအတွက် လက်ဖွဲ့ရမယ့် ပညာ နည်းနည်းလေးတော့ စိတ်ဝင်စားသင့်ပါတယ်။**

*ပညာရှေ့တောင်စာပေ မှ ဆက်တိုက်ထွက်လာမည်။*

- မြန်မာ့မြေပေါ်က အင်္ဂလိပ်စာ စီရင်ခန်းတွေဆိုတာ ဘာလဲ?
- တစ်ကွက်ထဲနဲ့ ထိရောက်အောင် ဘယ်လိုစီရင်မလဲ?
- အင်္ဂလိပ်စာအစီရင်တွေဘာလို့ နာမည်ကြီးရသလဲ?
- ဘယ်လိုတွေးခေါ်ပြီး ထိရောက်အောင်စီရင်ခဲ့ရသလဲ?
- လူမှုရေးစိတ်ဆင်းရဲမှုတွေ၊ ကျန်းမာရေးစိတ်ဆင်းရဲမှုတွေ စီးပွားရေးစိတ်ဆင်းရဲမှုတွေကို အတိုင်းအတာတစ်ခုအထိ လွတ်မြောက်သွားစေနိုင်မယ့် အင်္ဂလိပ်စာအစီရင်တွေဆိုတာ ဘယ်လိုအစီရင်တွေလဲ၊
- အင်္ဂလိပ်စာအစီအရင်ကြီးတွေနဲ့ ဘာဖြစ်လို့ချမ်းသာလာကြရသလဲ?
- ဂြိုလ်ခိုက်တယ် ဓာတ်ခိုက်တယ်ဆိုတာဘာလဲ?
- နည်းစံနစ်မမှန်တဲ့စီရင်မှုတွေကြောင့် ဘယ်လောက် ထိခိုက်သွားနိုင်သလဲ?
- လူတိုင်းလွယ်လွယ်ပြောနေကြတဲ့ ဓာတ်တူနံတူတို့ ကက်ကင်းတို့ဆိုတာ တစ်ချက်မှားသွားရင် ဘယ်လောက်ထိ အန္တရာယ်ကြီးမားလာနိုင်သလဲ ဆိုတာတွေကို မကွယ်မဝှက်ဖွင့်ထုတ်လိုက်ပါပြီ . . . စိတ်ဆင်းရဲနေစရာမလိုပါဘူး - ကိုယ်ကသာမှန်ပါစေ ယိုချင်တဲ့ကဏ္ဍကိုရှာဖတ်ပြီးတာနဲ့ တန်းပြီးစီရင်လိုက်ရုံပါဘဲ ဆရာဦးမောင်မောင်သန်းဆီမှာ လာမေးလို့ပြောပြနေသလို ပြောပြထားပါတယ်-
- ရှားရှားပါးပါး ထွက်လာတော့မယ့် အင်္ဂလိပ်စာ ယတြာကြီးများဖြစ်လို့ အောင်မြင်မှုများအတွက် လမ်းပြခေါ်ဆောင်သွားပါ လိမ့်မယ်၊ ဒါကြောင့် -

ဘဝတက်လမ်းအတွက် အကြံပေးပုဂ္ဂိုလ်အဖြစ် . . .

# "လက်တွေ့အင်္ဂလိပ်စာပညာခန်းများ"

# မျှော်ပါ